ချူး ၀၁၆၂

# ချူး

## နှင့်ငါ၏ အခြားတစ်ဘက်

ဒုတိယအကြိမ်
ပ-ဒု စဆုံး

**ပုံနှိပ်မှတ်တမ်း**

ပထမအကြိမ် ၁၉၉၃ခုနှစ် ဧပြီလ။
ဒုတိယအကြိမ် ၂၀၀၄ခုနှစ် ဩဂုတ်လ။
စာမူခွင့်ပြုချက်အမှတ် ၂၅၀။၂၀၀၄(၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၆၃၅။၂၀၀၄(၆)

တန်ဖိုး ၁၅၀၀
အုပ်ရေ ၅၀၀

**မျက်နှာဖုံးဒီဇိုင်း**
ပိုပို

**အတွင်းစာစီ**
ခွန်မျိုး

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင်၊ချိုတေးသံစာပေ၊ ရွှေနံ့သာကျေးရွာ
ပုလဲမြို့သစ်(၃)၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**
ဦးတိုးဝင်း၊ နေလရောင်အော့ဖ်ဆက်
အမှတ် ၉၆၊ ၁၁လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**
ဒေါ်ခင်ခင်ဝင်း၊ ကလျာပုံနှိပ်စက်
အမှတ်၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်**
ကိုမြင့်

**PDF မှတ်တမ်း**

ကွန်ပြူတာစာရိုက် . . . . . maypyo

*Myanmar cupid Community PDF Creator Group*

မှ

တင်ဆက်သည်။

ပထမအကြိမ်

ဇန်နဝါရီ ၊ ၂၀၀၉

Commercial Use of This Book will be at Your OWN RISK

ဆဓ

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

ညသည် ပင်လယ်ပြင်ပေါ်တွင် အလှပဆုံး ဖြစ်၏။

နောက်တစ်ကြိမ် ပြန်ကြည့်မိသောအခါတွင်လည်း မြင်ကွင်းက အနည်းငယ်မျှ မပြောင်းလဲပါ။ အနည်းငယ် ထူးဆန်းသယောင် ထင်ရသော်လည်း မြင်တွေ့နေကျ မြင်ကွင်းမျိုးသာ ဖြစ်သည်။

ဤတစ်ကြိမ်တွင်တော့ မိန်းကလေးသည် အကြာကြီး ငေးမောနေမိ၏။

အမျိုးသမီးသည် စောစောက ပုံစံအတိုင်း သူမကို နောက်ကျောပေး၍ ငြိမ်သက်စွာ ရပ်နေသည်။ ပတ်ဝန်းကျင် တစ်ခုလုံးသည် စက်ခုတ်မောင်းသံမှအပ ငြိမ်သက်လျက်ရှိသည်။ သင်္ဘောကြီး တစ်ခုလုံးတွင် အသက်ဝင်နေသူမှာ သူမတို့နှစ်ယောက်သာ ရှိနေသလို ထင်ရ၏။ ကုန်းပတ်ပေါ်မှာတော့ လေသည် ဝေ့ယမ်း တိုက်ခတ်နေလေသည်။ အမျိုးသမီး၏ လည်ပင်းမှာ ပတ်ထားသော ရှောစောင်သည် လေအဝေ့တွင် တဖျတ်ဖျတ် လွင့်ပါလျက် ရှိသည်။ အမျိုးသမီး၏ ရှေ့ဘက်ဆီမှာတော့ ပင်လယ်ပြင်သည် လရောင်မှုန်မှုန် အောက်တွင် အဆုံးမရှိ ကျယ်ပြန့်လှသည်။ ပင်လယ်ရေ၏ ငြိမ်သက် အေးစက်မှု၊ ပင်လယ်လေ၏ အေးမြလန်းဆန်းမှုသည် ဤအိပ်ခန်းကလေး ထဲသို့ ဘယ်တုန်းကမှ ရောက်မလာခဲ့ပါ။

မိန်းကလေးသည် အိပ်စင်ပေါ်မှာ ကိုယ်တစောင်း လဲလျောင်းငေးမောရာက ထထိုင်လေ၏။ ပြတင်းပေါက်မှန်ဝိုင်းကို ပို၍ကျယ်ကျယ်ဖွင့်ရန် သံထည်ပေါင်ကို လက်လှမ်းကိုင်လိုက်သည်။ ပြတင်းပေါက်ပေါင် အဝိုင်း၏ အေးစက်သော ထိတွေ့မှုကြောင့် အိပ်ချင်မူးတူး ရီဝေမှုများ ချက်ချင်းပျောက်ကွယ်သွားသည်။ ခဏအတွင်းမှာပင် မိန်းကလေးသည် အပေါ်ထပ်အိပ်စင်မှ တိတ်ဆိတ်စွာ ဆင်းလိုက်မိတော့သည်။ အောက်က အိပ်စင်နှင့် ဟိုဘက်ဘေးက အိပ်စင် နှစ်ထပ်လုံးတွင် သူမ၏သူငယ်ချင်းများ အိပ်မောကျနေသည်။ သူမသည် အိပ်ခန်းတံခါးကို အသံမမြည်အောင် ဆွဲဖွင့်ပြီး ဧည့်ခန်းကျယ်၊ ထိုမှတစ်ဆင့် စားသောက်ခန်းရှေ့မှ ဖြတ်ကာ သင်္ဘောကုန်းပတ်သို့ ထွက်ခဲ့သည်။

Commercial use of this book without OWN RISK!
www.myanmarcupid.net

သူမသည် ကုန်းပတ်တွင် အိပ်ပျော်နေသော ရိုးရိုးတန်း ခရီးသည်အုပ်စုများကို ရှောင်ရှားလျက် လရောင်ကို အလှပဆုံး မြင်နိုင်မည့် နေရာအထိ လျှောက်သွားနေသည်။

ထိုနေရာတွင် စောစောက အမျိုးသမီး ရှိနေသည်။ လရောင်သည် ငြိမ်သက်စွာ မတ်တတ်ရပ်နေသော ထိုအမျိုးသမီး၏ ကိုယ်ပေါ်သို့ ဖြာကျလျက်ရှိသည်။ ဇန်နဝါရီဆောင်းလေ၏ အေးမြလန်းဆန်းမှုကြောင့် မိန်းကလေးသည် နေရာတွင်ရပ်ကာ ပင်လယ်ပြင်ကို ငုံ့ကြည့်ပျော်ရွှင်သွား၏။

ကြည့်စမ်း... ဘယ်လောက်လှလိုက်တဲ့ မြင်ကွင်းလဲ။

လရောင်၏တောက်ပမှုသည် ငွေရောင်လှိုင်းများ ဖြစ်ပေါ်စေလျက် ရှိသည်။ ဖွားခနဲ လွင့်စဉ်လာသော ရေစက်ရေမှုန်များသည် လ၏အေးမြမှုကို ပို၍ အားဖြည့်ပေးသလို ရှိသည်။

ယခုအခါ မိန်းကလေးသည် အမျိုးသမီးကို ဘေးတိုက်အနေအထားဖြင့် မြင်ရ၏။ အနားရစ် သိပ်မထင်ရှားသော ပုံတူပန်းချီကားဟောင်း တစ်ချပ်ကို ကြည့်ရသလိုပဲ။ ခပ်မှိုင်းမှိုင်း ပိန်ပိန်သွယ်သွယ် ငြိမ်ငြိမ်သက်သက်။ လှပ်ရှားသောအရာဟူ၍ လည်ပင်းမှ ရှောစောင်အနားစ ကလေးများသာ ရှိသည်။ ပါးလှပ်သော စောင်ကလေးသည် လေအရှိန်ကြောင့် လွင့်ပါလုဆဲဆဲ ပြေလျော့နေသည်ကို ထိုမိန်းမ သိဟန် မတူပါ။ အင်း... ဘာတွေများ ဒီလောက် ငေးနေပါလိမ့်။ သူမ ကြည့်နေရာဆီသို့ လှမ်းကြည့်ပြန်တော့ လရောင် မှိန်ပျပျအောက်မှ မိုးကုပ်စက်ဝိုင်း တစ်ဝိုက်ကို မထင်မရှား မြင်ရသည်။ အမှောင်ထုအောက်မှ ကောင်းကင်နှင့် ရေပြင်ကြား ခြားနားသော မျဉ်းကြောင်းသည် လရောင်ကြောင့်တော့ မလင်းလက် မထင်ရှားနိုင်ပါ။

ထိုအချိန်မှာ ထူးဆန်းသော အဖြစ်အပျက်များ စတင်ခဲ့၏။

အမျိုးသမီး ပခုံးထက်မှ ရှောစောင်ကလေးသည် နောက်ဆုံးအကြိမ် လှုပ်ခါလွန့်လူးပြီးနောက် လေထဲတွင် လွင့်ပါလာသည်။

'ဟာ...' မိန်းကလေးသည် လွှတ်ခနဲ အသံထွက်ပြီး ရှောစောင်ကို လိုက်ဖမ်းပေးရန် ကြိုးစားသေး၏။ သို့သော် အဝတ်စကလေးမှာ သူမနှင့် အတော်ဝေးဝေးမှ ဖြတ်လျက် သဘော်အောက်ဘက် ပင်လယ်ပြင်ထဲသို့ ကျသွား၏။သူမ နှမြောတသစွာ ငုံ့ကြည့်လိုက်ပြီးနောက် အမျိုးသမီးဆီသို့ လှမ်းကြည့်လိုက်ပြန်သည်။

ပထမဆုံးအကြိမ် ထိုမိန်းမ လှုပ်ရှားလာသည်။ ရှောစောင်ကျသွားသော ရေပြင်ဆီ တစ်ချက်ငုံ့ကြည့်လိုက်ပြီးမှ မိန်းကလေးဘက်သို့ လှည့်ကြည့်၏။ ပန်းချီကားမျက်နှာပြင် မှုန်ဝါးဝါးသည် တဖြည်းဖြည်း ပီပြင်လာ၏။ အမျိုးသမီးသည် သူမရှိရာသို့ တဖြည်းဖြည်း လျှောက်လာသည်။ ထိုမိန်းမ၏ မျက်လုံးအစုံမှာ တဖျတ်ဖျတ် တောက်ပသော ရေလှိုင်းများ၏ အရောင်အတိုင်း ဖြစ်သည်။ ထိုမျက်လုံးများသည် မိန်းကလေး၏ တစ်ကိုယ်လုံးကို အမှောင်တွင်းမှာပင် ဖောက်ထွင်းကြည့်ရှုလျက် ရှိသည်။ သူမ ဖြုန်းခနဲ စိုးရိမ်စိတ်ဖြင့် နောက်သို့ တစ်လှမ်းဆုတ်ရန် ပြင်လိုက်၏။

"အိပ်မပျော်ဘူးလား...သမီး"

နူးညံ့တိုးတိတ်သော အသံကြောင့် ကြောက်ရွံ့စိုးထိတ်စိတ်များ ကွယ်ပျောက်ကာ သူမ ခေါင်းညိတ်ပြလိုက်သည်။ အမျိုးသမီး၏ ကျယ်ပြန့်သော နဖူးပြင်မှာ လရောင်ကြောင့် အရောင်လက်နေသည်။ အထူးခြားဆုံးမှာ နှာခေါင်းဖြစ်၏။ နှာခေါင်းသည် ရှည်လျားသေးသွယ် လွန်းသောကြောင့် နှုတ်ခမ်းဆီ ထိလုမတတ် ဖြစ်သည်။ သို့သော် အဖျားလုံးချွန်သောကြောင့် လှပနေ၏။ အမျိုးသမီး၏ အသက်ကို ခန့်မှန်းရခက်သော်လည်း ၂၁နှစ်အရွယ် မိန်းကလေးကို သမီးခေါ်ရလောက်အောင် ကြီးရင့်ဟန် မတူပါ။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

"အဖော်တွေ ပါရဲ့လား"

"ဟင့်အင်း၊ ဩော်... ဒီသဘော်ပေါ်မှာတော့ ပါတယ်လေ၊ သူတို့အခန်းထဲမှာ အိပ်နေကြတယ်"

အမျိုးသမီး စောစောက ရပ်နေသော နေရာတည့်တည့်မှာ ရှိသော အခန်းကို သူမညွှန်ပြလိုက်သည်။ အမျိုးသမီးက ခဏလှည့်ကြည့်ပြီးနောက် မိန်းကလေးဘက်သို့ ပြန်လှည့်သည်။ ညိုစိမ့်စိမ့် သွယ်လျသော မျက်နှာပြင်သည် အေးချမ်းလှသောကြောင့် သူမ ထိုအမျိုးသမီးကို ခင်မင်စိတ်ဖြင့် ပြုံးပြလိုက်မိ၏။ အမျိုးသမီးက ပြန်ပြုံးမပြဘဲ မိန်းကလေးကို စူးစိုက်ကြည့်နေလေသည်။

"ဒွဲကောင်းမယ့် မိန်းကလေးပဲ၊ သမီးက ခေါင်းမာတတ်သလား"

"ဟင့်အင်း"

သူမ အနည်းငယ် ရယ်မောစွာ ခေါင်းခါယမ်းပြလိုက်၏။ ထိုအခါ အမျိုးသမီးက ပြုံးသည်။

"စိတ် ကြံ့ခိုင်ရဲ့လား"

"ဟင့်အင်း"

"အင်း... ငယ်တော့ ငယ်သေးတယ်၊ ဒါပေမဲ့ ကြိုးစားကြည့်ပါ သမီး၊ သမီးဘဝမှာ အခက်အခဲတွေ၊ ဆုံးရှုံးမှုတွေ အများကြီးတွေ့ရလိမ့်မယ်၊ စိတ်ကြံ့ခိုင်မှ ဆုံးရှုံးမှုဒဏ်ကို ခံနိုင်မယ်၊ စိတ်ကို ငြိမ်းချမ်းအောင် လုပ်နိုင်တဲ့ အကောင်းဆုံး နည်းတစ်ခု ရှိတယ်၊ အဲဒါ ဝိပဿနာပဲ"

ဘုရားရေ... ဝိပဿနာ...။ သူမ အနည်းငယ် အသံထွက်အောင် ရယ်လိုက်မိ၏။ မေမေတောင် ဝိပဿနာဆိုတဲ့ စကားလုံးကို တစ်နှစ်နေလို့ တစ်ခါ မပြောဘူး။ ဒီအန်တီက မေမေ့လောက်လည်း အသက်ကြီးပုံ မရပါဘူး။

"ဝိပဿနာဆိုတာ အသက်အရွယ် မရွေး ကြိုးစားလို့ရတဲ့ အလုပ်တစ်ခုပဲ သမီးရဲ့၊ စိတ်တည်ငြိမ်အောင်၊ အာရုံစူးစိုက်မှုကောင်းအောင်..."

သွားပြီ၊ ငါ ဘာဖြစ်လို့များ ဆတ်ဆော့ပြီး ဒီဘက်ထွက်လာမိပါလိမ့်

သူမ စိတ်ပျက်လက်ပျက် ဖြစ်သွားမှုကို မျက်နှာမှာ မပေါ်အောင် ဘယ်လိုမှ မထိန်းချုပ်နိုင်ပါ။ အမျိုးသမီးက စကားဖြတ်လျက် သူမကို ငေးမောနေသည်။ စက္ကန့်ပေါင်းများစွာ ကြာသွား၏။ မိန်းကလေးသည် အိပ်ခန်းဆီသို့ ပြန်သွားရန် မကြာခဏ စိတ်ကူးမိလျက် နေရာမှ မရွေ့သေးဘဲ ရှိနေသည်။ အခုနေ စကားပြတ်တုန်း ထွက်မှဖြစ်မယ်၊ မဟုတ်ရင် ငါ့ကို တရားထိုင်နည်းတွေ ဘာတွေများ သင်ပေးနေဦးမှာလည်း မသိပါ။

သို့သော် သူမ လှည့်မထွက်မိပါ။

"သမီးအသက်က ဆယ့်ရှစ်နှစ်လား၊ နှစ်ဆယ့်တစ်နှစ်လား"

မိန်းကလေးသည် ရှေ့တည့်တည့်မှ ထူးဆန်းသော အမျိုးသမီးကို ပထမဦးဆုံးအကြိမ် တအံ့တသြ ငေးမောမိသွား၏။

"နှစ်ဆယ့်တစ်နှစ်ပါ အန်တီ"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

ထိုအမျိုးသမီးသည် သူမ၏လက်ကို ဆန့်ထုတ်လျက် သဘော်ာ လက်ရမ်းပေါ်မှ မိန်းကလေး၏ လက်ကို ဆုပ်ကိုင်လိုက်သည်။ နူးညံ့ပူနွေးသော လက်များ၏ ထိတွေ့မှုသည် မိန်းကလေး၏ ကိုယ်ခန္ဓာထဲအထိ စိမ့်ဝင်လာသည်။

"ကိုယ်မင်းကို ပြောစရာစကားတွေ ရှိနေတယ်"

မဖြစ်နိုင်ဘူး။ ကျွန်မတို့ သိမှမသိကြဘဲ။ မိန်းကလေးသည် အသံတိတ်စွာ ငြင်းပယ်လျက် စိတ်ညစ်ညူးစွာ တစ်ချက် ရယ်လိုက်၏။ အမျိုးသမီးသည် မိန်းကလေး၏ ရယ်သံကြောင့် အနှောင့်အယှက် ဖြစ်မသွားပါ။

"မင်း တနင်္လာသမီးလား၊ စနေသမီးလား... ကိုယ်အမှန်ကို သိရမှ ဖြစ်မယ်"

"ဘာအတွက်လဲဟင်" လွှတ်ခနဲမေးပြီးမှ တအံ့တသြ ခေါင်းညိတ်ကာ ဖြေလိုက်၏။

"စနေသမီးပါ"

ထို့နောက် အမျိုးသမီးက မိန်းကလေးကို စေ့စေ့ကြည့်ကာ အသံတိုးတိုးဖြင့် ခပ်ဖြည်းဖြည်း စကားပြောလေသည်။

"နားထောင်စမ်း၊ မင်း အခု ခရီးကပြန်လို့ အိမ်ရောက်တဲ့အခါ မိသားစုထဲက အသက်ငယ်ငယ် အမျိုးသားတစ်ယောက် မင်းတို့နဲ့ ခွဲခွာပြီး ဝေးလံတဲ့ဒေသတစ်ခု... တိုင်းတစ်ပါးကို ခရီးထွက်ဖို့ ရှိနေတယ်"

သူမ ဖျတ်ခနဲ အံ့သြတွေဝေသွား၏။ သူမ၏အစ်ကို နိုင်ငံရပ်ခြားသို့ သွားရန် အားလုံးစီစဉ်နေတာတော့ အမှန်ပဲ။ ဒါဖြင့် သိပ်မကြာခင် သွားရမှာက သေချာနေတာပေါ့။ ဘာလဲ... ဒီအမျိုးသမီးက ဗေဒင်ဆရာမလား။

သို့သော် သူမ၏အံ့သြစိတ်ကလေးကို အရာရာအပေါ် အဆိုးမြင်စိတ်က လွှမ်းမိုးသွား၏။ အင်း... အခုမြန်မာနိုင်ငံမှာ အိမ်တိုင်းက ငယ်ရွယ်တဲ့ အမျိုးသားတိုင်း နိုင်ငံရပ်ခြား ခရီးထွက်ပြီး အလုပ်လုပ်နေကြတာပဲ။ ဒါ ဘယ်သူ့အတွက်မဆို ယေဘုယျအမှန်ပဲလေ။ ဒီနည်းက သမားဂုဏ်ပြဖို့ အကောင်းဆုံးနည်းပဲ အန်တီရဲ့။ သူမ သရော်တော်တော် ကျိတ်ပြုံးလိုက်လေသည်။

"သူဟာ အဲဒီတိုင်းတစ်ပါးမှာပဲ အပြီးအပိုင် နေသွားလိမ့်မယ်၊ ဒီကို ပြန်မလာဘူး"

မဖြစ်နိုင်တာ...။

သူမ၏အစ်ကိုသည် မိဘနှင့် တစ်ဦးတည်းသော ညီမကို အလွန်ချစ်ခင်တွယ်တာသူ ဖြစ်ပါသည်။ သူမ မျက်မှောင်နည်းနည်း တွန့်လာ၏။

"မင်းအသက် နှစ်ဆယ့်နှစ်နှစ်မှာ... နောက်တစ်နှစ်အကြာမှာ ကိုယ်မြင်ရသလောက်တော့ မိုးတွေရွာနေတဲ့အချိန် မိုးသည်းသည်းမှာ သင်္ချိုင်းကုန်းတစ်ခုရဲ့ ဂူတစ်ခုဘေးမှာ မင်းကို မြင်နေရတယ်၊ မင်းရဲ့မိသားစုထဲက အသက်ကြီးကြီး အမျိုးသားကြီးတစ်ယောက် မင်းအသက် နှစ်ဆယ့်နှစ်နှစ်မှာ သေဆုံးလိမ့်မယ်"

ဖေဖေ...။

သူမတစ်ကိုယ်လုံး ကြက်သီးဖြန်းခနဲ ထသွားလေသည်။ အမျိုးသမီး ကိုင်ထားသော လက်များကို ယောင်ယမ်း၍ ရုပ်သိမ်းလိုက်မိ၏။ ဟင့်အင်း မယုံနဲ့။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"သမီး အသက်နှစ်ဆယ့်သုံးနှစ်မှာ အိမ်ထောင်ကျလိမ့်မယ်၊ မင်းဘေးမှာ အမျိုးသားတစ်ယောက်ကို မြင်တယ်"

စောစောက ကြောက်ရွံ့စိတ်များ ချက်ချင်းလွင့်စဉ်သွားအောင် ရယ်စရာကောင်းသော ဟာသစကားတစ်ခု ဖြစ်၏။ သူမသည် အစ်ကို ရောက်ပြီးသောအခါ နိုင်ငံရပ်ခြားသို့ သူမပါ လိုက်ပါသွားရန် စိတ်ကူးလျက် ရှိသည်။ သူမ၏ အနာဂတ်ကို နှောင့်ယှက်မည့် မည်သည့်ကိစ္စကိုမျှ သူမ စိတ်မဝင်စားပါ။ ယောကျ်ားကလေးများနှင့်လည်း ရင်းနှီးခဲ့ခြင်း မရှိပါ။

"အဲဒီအိမ်ထောင်ဖက်ဟာ မင်းထက် အသက်တော်တော် ကြီးလိမ့်မယ်"

ဟွန်း…မိန်းကလေးသည် စိတ်မှတ်မဲ့စွာ နှာခေါင်းရှုံ့လိုက်မိ၏။ ဖြစ်မှ ဖြစ်ရလေ။

"နောက်ပြီး မင်းအိမ်ထောင်ဖက်က လူပျို မဟုတ်ဘူး၊ မုဆိုးဖို၊ ဟုတ်တယ်… မုဆိုးဖိုတစ်ယောက်ပဲ"

အလိုလေး… သူမပခုံး မသိမသာ ကျုံ့ဝင်သွား၏။ ဘယ်လိုကြီးပါလိမ့်။

"သူ့ကြောင့် မင်းပျော်ရွှင်ရလိမ့်မယ်"

ဘုရားရေ…။ အသက်ကြီးကြီး မုဆိုးဖိုကြီးနဲ့ အိမ်ထောင်ကျမယ့် သူမက ဘဝတွင် ပျော်ရွှင်ရလိမ့်ဦးမည်တဲ့။ သူမ ရယ်ချင်သွားပါသည်။

"ဒါပေမဲ့ သူ့ကြောင့်ပဲ မင်း စိတ်ဆင်းရဲရလိမ့်မယ်"

အမျိုးသမီး၏ အရောင်လက်သော မျက်လုံးများသည် မိန်းကလေး၏ ကိုယ်ခန္ဓာကို ဖောက်ထွင်းပြီး နောက်ဘက်ကို လှမ်းကြည့်နေသလို ခံစားရသည်။

"သတိထားပါ သမီး၊ သမီးအသက် နှစ်ဆယ့်လေးနှစ်မှာ သမီးဆိုးဆိုးရွားရွား ဝေဒနာတစ်ခု ခံစားရလိမ့်မယ်၊ သမီး သရဏဂုံသုံးပါးကို မမေ့ပါနဲ့၊ ကျန်းမာရေး ဂရုစိုက်ပါ၊ နှစ်ဆယ့်လေးနှစ်ဟာ မင်းအတွက် ကံအဆိုးဆုံးနှစ်ပဲ"

သူမ သိသိသာသာ ပခုံးတွန့်လိုက်မိသည်။

"သမီးနောက်မှာ အမှောင်ရိပ်ကြီး မြင်ရတယ်၊ အဲဒါ ကံမကောင်းတဲ့ နိမိတ်ပဲ၊ မင်း ဝိပဿနာကို အားထုတ်ပါ"

လာပြန်ပြီ ဝိပဿနာ…။

"နောက်သုံးနှစ်အကြာမှာ မင်းတို့မိသားစုထဲက အသက်ကြီးကြီး အမျိုးသမီး… အင်း… မင်းရဲ့မိခင်ဟာ ပင်လယ်ခြားပြီး ဝေးလံတဲ့ တိုင်းတစ်ပါးကို တစ်ယောက်တည်း ခရီးသွားရလိမ့်မယ်"

"ဟင်… ကျွန်မ မပါဘဲနဲ့၊ ဟုတ်လား"

သူမ လွှတ်ခနဲ မေးလိုက်သောအခါ အမျိုးသမီးက မျက်နှာလွှဲလျက် ရေပြင်ကို ငုံ့ကြည့်နေ၏။

"အဲဒီခရီးမှာ မင်းမပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့…"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

ဒါလည်း မဖြစ်နိုင်ပါ။ မိမိကသာ မိခင်ဖခင်ကို ချန်ရစ်လျက် ခရီးဝေးထွက်ရန် စိတ်ကူးနေခဲ့သော်လည်း မေမေကတော့ သမီးမပါဘဲ မည်သည့်ခရီးကိုမျှ သွားရောက်လိမ့်မည် မဟုတ်ပါ။

"မင်းကိုယ်ခန္ဓာပေါ်က အမှောင်ရိပ်ကို ဖယ်ဖို့ ကြိုးစားပါ"

"ဘာလဲ အမှောင်ရိပ်ဆိုတာ..."

အမျိုးသမီးက ဖျတ်ခနဲ လှည့်ကြည့်၏။

"အမှောင်ရိပ်ဆိုတာ ကံဆိုးမိုးမှောင်ပေါ့၊ သေခြင်းတရား၊ ဒါမှမဟုတ် ဘေးအန္တရာယ်"

သွားသေလိုက်၊ အဓိပ္ပာယ်မရှိတာတွေ လာပြောမနေနဲ့။

မိန်းကလေးသည် သတိကင်းလွတ်သူပမာ ရှေ့တည့်တည့်က အမျိုးသမီးကို ဒေါသတကြီး စိုက်ကြည့်နေတော့သည်။ စောစောက ချစ်ခင်နှစ်သက်ဖွယ် မျက်နှာပြင်သည် ယခုအခါ မုန်းတီးခါးသီးဖွယ်ရာ မျက်နှာပြင် ဖြစ်သွား၏။

သူမ ချာခနဲ လှည့်ထွက်လာခဲ့၏။

ဖဖဖဖ

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

နှောင်းခင်ဇော်

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

## အခန်း(၁)

ကြာမြင့်စွာ စောင့်ကြည့်နေခဲ့ပုံရသော ရယ်မြူးရိပ်သန်းသည့် မျက်လုံးတောက်တောက်များကို ခဏသာ စိုက်ကြည့်လိုက်ပြီးနောက် ချက်ချင်း မျက်နှာလွှဲပစ်လိုက်၏။

"နှောင်းခင်ဖော်..."

ကောင်တာစာရေး၏ ခပ်ကျယ်ကျယ် အော်ခေါ်သံကြောင့် နှောင်း ဖျတ်လတ်စွာ ထရပ်လိုက်လေသည်။ လက်တစ်ဖက် မြှောက်ပြကာ မိမိရှိနေကြောင်း အသိပေးလျက် ကောင်တာ နံပါတ် (၂)ဆီသို့ ခပ်သွက်သွက် လျှောက်သွားသည့် နှောင်းကို အခန်းထဲရှိ လူအားလုံး လှမ်းကြည့်နေကြမည်ဖြစ်ကြောင်း လောင်းရဲပါသည်။ ခါးဆီတွင် နားပတ်ပြား အကြီးကြီးဖြင့် ထိန်းပြီး အချိုးကျကျ တစ်ဖက်သတ် တွန့်ခေါက်၍ ချုပ်ထားသောကြောင့် ခါးအောက်သို့ လှပစွာ ဝဲသွားသည့် နက်ပြာရောင် စကတ်သည် ဒူးဆစ်အောက်ဘက်နားအထိ ရှည်လျားနေသည်။ စကတ်အောက်မှ မွေးညင်းနုနုကလေးများဖြင့် ဖြူဝင်းပြေလျောသော ခြေသလုံးကလေးတွေကို သူလည်း စိုက်ကြည့်နေမှာပဲဟု နှောင်းသိသည်။

အဖြူဆွတ်ဆွတ် ရှပ်အင်္ကျီလက်ရှည်ကို စကတ်ထဲထည့်ပြီး ခါးဆီတွင် မသိမသာ ပြန်ဖွထားသောကြောင့် အဖြူနှင့်နက်ပြာရောင်၏ လှပထင်ရှားစွာ တွဲဖက်မှုဖြင့် သပ်ရပ်နေလေသည်။ လည်ပင်းအထိ စေ့ပိတ်ထားသော ကော်လာ၏အောက်တွင် နက်ပြာရောင် ဖဲပွင့်ကလေးကို တပ်ထားသော နှောင်းသည် အရွယ်မရောက်သေးသော ကလေးမလေးတစ်ယောက်၏ နုနယ်ငယ်ရွယ်မှုမျိုးဖြင့် ဝင့်ကြွားစွာ မျက်နှာမော့လျက် ရှိသည်။

ကောင်တာပေါ်တွင် ချထားသော ကတ်စက္ကူဘူးကို သူမ၏ ရှေ့မှောက်တွင်ပင် ဓားဖြင့်ခွဲ၍ ဖွင့်လိုက်သည်။ ထိုအချိန်မှာပင် နှောင်း၏နောက်ဘက်ကျကျ ဘေးနေရာလွတ်သို့ တစ်စုံတစ်ယောက် ကပ်၍ ရပ်လာသည်။ နှောင်းထက် အနည်းငယ် မြင့်မားသည်။ နှောင်း လှည့်မကြည့်ပေမယ့် စောစောက ကောင်ကလေးပဲ ဖြစ်ရမည်ဟု သိပြီးသား။ ကောင်ကလေး၏ တီရှပ်အဝါရောင်ကိုလည်း မျက်စိထောင့်မှာ ရိပ်ခနဲ မြင်လိုက်ရသည်။ နှောင်းစိတ်အထင်တော့ နှောင်း၏အင်္ကျီနှင့် သူ၏အင်္ကျီမှာ ထိကပ်နေသလိုပဲ။

"ကီမိုနိုက ငါးထည်နော်၊ ဒီမှာ ... ဟုတ်လား"

Commercial use of this book will be at your OWN RISK!

ကောင်တာစာရေး၏ အသံကြောင့် နှောင်း ခေါင်းညိတ်ပြလိုက်သည်။ အကောက်ခွန်အရာရှိက ပါဆယ်ဘူးထဲက ပစ္စည်းများကို တစ်ခုချင်း ဆွဲထုတ် စာရင်းပြုစုနေလေသည်။ ပလတ်စတစ် အကြည်စအောက်မှာ ဖောက်ထွင်းမြင်နေရသည့် ဂျပန်ရိုးရာ ကီမိုနိုဝတ်စုံဖြင့် ဂျပန်မရုပ်ကလေးက ပြုံးစေ့စေ့ ချစ်စရာကလေး။ နှောင်းလွတ်ခနဲ ပျော်ရွှင်စိတ်ဖြင့် ပြုံးရယ်လိုက်မိတော့ အကောက်ခွန်အရာရှိက အရုပ်ထည့်သည့်ဘူးကို ဟိုဘက်သည်ဘက် လှန်လှောကြည့်နေရာမှ ပါးစပ်ပိတ် ပြုံးနေ၏။

"ပိုက်ဆံထည့်တဲ့ သားရေအိတ်က အကြီးတစ်ခု၊ အသေးတစ်ခုနော်"

သူမ ခေါင်းကို နှစ်ချက်ညိတ်လိုက်၏။ နှောင်းထံရေးသော စာထဲမှာ ကိုကိုက ပစ္စည်းစာရင်း ရေးပေးပြီးသား။ ထိုစာရင်းကို နှောင်းအလွတ် ကျက်ထားခဲ့ပါသည်။

"စာအုပ်တွေကို ဟိုဘက် စာတိုက်ကြီးအောက်က စီစစ်ရေးရုံးမှာ သွားပြပြီး လက်မှတ်ထိုးရမယ်နော်...ကြားလား"

အကောက်ခွန်အရာရှိက နှောင်းကို ကလေးတစ်ယောက်အား ရှင်းပြသလို ချိုသာစွာ ပြောလေသည်။

"ဟုတ်ကဲ့"

ကိုကို ပေးပို့လိုက်သော စာအုပ်များမှာ ထူထဲလေးလံသော ဂျပန်–အင်္ဂလိပ် အဘိဓာန်နှင့် ခန်းဂျီးအဘိဓာန်စာအုပ်များ ဖြစ်၏။ နှောင်း ထိုစာအုပ်များအားလုံး မနိုင်မနင်း မ,ယူလိုက်စဉ် တစ်အုပ်က စားပွဲပေါ် လွတ်ကျလုဆဲဆဲ ဖြစ်သွားသည်။

"ပေး၊ ကိုယ်သယ်ပေးမယ်"

ခပ်သွက်သွက် ပြောလိုက်သော စကားသံနှင့်အတူ နှောင်းလက်ထဲမှ စာအုပ်များကို တစ်စုံတစ်ယောက်က ဖျတ်လတ်စွာ ဆွဲယူ၏။

"ဩ..."

နှောင်းလှည့်ကြည့်တော့ ထင်သည့်အတိုင်း စောစောက ကောင်ကလေး။ ဖြူဖြူရှည်ရှည် ပြုံးရွှင်သော မျက်နှာချိုချိုနှင့် ကောင်လေးကို နှောင်း ဇဝေဇဝါကြည့်လျက် လက်ခံရမလို၊ ငြင်းပယ်ရမလို ဖြစ်နေသည်။

"ပေးလေ... ကိုယ့်အလှည့် မကျသေးပါဘူး။ နှောင်းခင်ဗျားက လက်မှတ်ထိုးရမယ့် စာရွက်ကို ကိုင်ခဲ့၊ သိလား"

ပြောပြောဆိုဆို သူ့လက်ထဲ စာအုပ်တွေ ပါသွားတော့ နှောင်း ကမန်းကတန်း စာရွက်ထပ်ကို ဆွဲယူလျက် လိုက်လာခဲ့ရသည်။ ကြည့်စမ်း၊ သွက်လှချည်လား။ နှောင်း၏နာမည်ကိုလည်း သူက သတိထားမိပြန်သေးသည်။ အနက်ရောင် မှိုတက်ဂျင်းဘောင်းဘီဖျော့ဖျော့သည် ပေါင်လယ်နှင့် ဒူးဆစ်ဆီတွင် ပွရောင်းလျက် ခြေချင်းဝတ်ကျတော့ သိမ်၍သွားသည်။ အဖြူခံပေါ်တွင် အနက်စင်းများပါသော ဝေါ့လ်ကင်းရှူးနှင့် နောက်ကျောတွင် စာတန်းရောင်စုံ သေးသေးကလေးများ ရှုပ်ယှက်ခတ်နေသော တီရှပ်မှာ သူနှင့် တော်တော်လိုက်ဖက်ပါသည်။ ဘယ်ကကောင်လေးမှန်းလည်း မသိ၊ ဘယ်လိုအစားထဲကမှန်းလည်း မသိ။ နှောင်းစိတ်လည်းရှုပ်၊ ရယ်လည်း ရယ်ချင်စွာ စာတိုက်ရှိရာသို့ သူ့နောက်မှ ခပ်သွက်သွက် လိုက်သွားလေသည်။

"စာရွက်ပါတယ်နော်"

စာတိုက်အဝင် လှေကားထစ်များဆီရောက်မှ သူက လှည့်ကြည့်မေးသည်။ နှောင်း ခေါင်းညိတ်ပြလိုက်သည်။ သူက ဆံပင်ကို တစ်ချက်ခါလျက် ရှေ့သို့ ဆက်တက်သွားသည်။ သူ့ဆံပင်ပုံက တစ်မျိုး။ ရှေ့မှာ ခွဲကြောင်းဖြင့် ဖြီးချထားသော ဆံပင်နှင့် နောက်ကဆံပင် တစ်ညီတည်းလို ဖြစ်နေ၏။ ရှေ့က ဆံပင်များက ရှည်လျားစွာ ညာဘက်နားရွက်ဆီသို့ ပြန်ဖုံးနေသည်။ နောက်က လည်ကုပ်ဆီမှာတော့ ပါးလျားစွာ ရိတ်ထားပြီး

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

လည်ကုပ်အထက်ကျမှ ဆံပင်တဖြည်းဖြည်း ထူထပ်သွား၏။ အင်း... ပုံစံနဲ့ ဟန်ပန်ကတော့ ခပ်မိုက်မိုက်ပဲ၊ မိဘလုပ်စာကို ထိုင်ဖြုန်းနေတဲ့ ကောင်လေးများလား မသိ။

အခန်းသေးသေးလေးတစ်ခုထဲမှာ လက်မှတ်ထိုးပြီး ပြန်ထွက်လာရသော အချိန်မှာတော့ ကောင်ကလေးက သူ့ကိုယ်သူ မိတ်ဆက်လာသည်။

"ကိုယ့်နာမည်က ညီညီလွင်တဲ့၊ မှတ်ထားပါနော်၊ နှောင်းခင်ဇော်ဆိုတဲ့ နာမည်ကိုတော့ ကိုယ်ဘယ်တော့မှ မေ့မှာမဟုတ်ဘူး၊ သိပ်လှတာပဲ"

နှောင်း ကျိတ်၍ပြုံးနေလိုက်သည်။ သိပ်လှတာပဲဆိုတာ လူကိုပြောတာလား၊ နာမည်ကို ပြောတာလား၊ နှစ်ခုစလုံး ဖြစ်နိုင်ပါသည်။ လှေကားထစ်များကို ခပ်သွက်သွက် ဆင်းလာခိုက် သူက နောက်မှ ကပ်လျက် ပါလာသည်။

"ဘယ်မှာနေသလဲ ဟင်"

လာပြီ... ယောကျ်ားကလေးတွေဟာ နည်းနည်းကလေး ပေးပြီး များများ ပြန်လိုချင်တတ်ကြတယ်လို့ မေမေပြောတဲ့စကား သိပ်မှန်တာပဲ။

"တို့က တွေ့ကရာ ကောင်ကလေးတွေကို လိပ်စာမပေးဘူး"

ကူညီထားသည့် ကျေးဇူးကိုမှ အားမနာဘဲ ခပ်ရိုင်းရိုင်း ပြောပစ်လိုက်ပေမယ့် ကောင်ကလေးက ဟက်ခနဲ တစ်ချက်ရယ်၏။ စိတ်ဆိုးသွားပုံလည်း မရပါ။

"ကိုယ်က တွေ့ကရာ ကောင်ကလေးပေါ့လေ... ဟုတ်လား၊ အေးလေ... ကိုယ် ဘာကောင်လဲဆိုတာ နှောင်း သိလာပါလိမ့်မယ်"

စကားပြောပုံက ခပ်ရင့်ရင့်မို့ သူမ ဖျတ်ခနဲ မော့ကြည့်လိုက်တော့ သူမကို စူးစိုက်ကြည့်နေသော မျက်ဝန်းများ စူးရှတောက်ပလှသည်။ နှောင်းကလည်း အဲလိုစူးစူးရှရှ တောက်လွန်းသော မျက်လုံးအကြည့်များကို ဘယ်တုန်းကမျှ ရင်မခုန်ခဲ့၊ ဘယ်တုန်းကမျှလည်း မကြောက်ခဲ့၊ ဘယ်လိုမျှလည်း မနှစ်သက်နိုင်ပါ။

"သိစရာ မလိုပါဘူး၊ နောက်တွေ့မယ့် လူတွေမှ မဟုတ်တာ၊ ပေးပါ စာအုပ်တွေကို နှောင်း သယ်နိုင်ပါတယ်"

သူက စာအုပ်များကို နှောင်းအား မပေးသည့်အပြင် အပြုံးမပျက်ပင် ကောင်တာဆီသို့ ဆက်လျှောက်သွားလေသည်။

ထို့နောက် ငွေသွင်းရန် အလှည့်ကျဖို့ စောင့်ရပြန်သည်။ သည်တစ်ခါတော့ သူနှင့် ခပ်ဝေးဝေးခုံတန်းရှိ နေရာလွတ် ကျဉ်းကျဉ်းကလေးမှာ ကတ်ကတ် သတ်သတ် ထိုင်နေလိုက်သည်။ သူကတော့ ကောင်တာ (၃)၏ ရှေ့နားတွင် မတ်မတ်ရပ်လိုက်၊ လမ်းနည်းနည်း လျှောက်လိုက်၊ နှောင်းဆီ လှမ်းကြည့်လိုက်နှင့် ရှုပ်ယှက်ခတ်နေပြန်၏။ နှောင်းက သည်ဘက်သို့ လှည့်ထိုင်နေလိုက်ပြီး ငွေသွင်းကောင်တာဆီသို့သာ အာရုံစူးစိုက်ထားလိုက်လေသည်။

အချိန်များစွာ ကြာသွား၏။ နှောင်း နည်းနည်းဆာလာသဖြင့် လွယ်ထားသော သားရေအိတ်ဝိုင်းဝိုင်းလေးထဲမှ ချောကလက်နှစ်တောင့် ထုတ်ယူ စားလိုက်ရလေသည်။ အမှတ်တမဲ့ သူရှိရာ လှမ်းကြည့်လိုက်တော့ သူ့ပါဆယ်ဘူး ဖောက်နေပြီကို မြင်ရသည်။ ခပ်လှမ်းလှမ်းမှ မြင်ရသမျှတော့ စပို့ရှပ်တွေ၊ ဘောင်းဘီတွေပဲ၊ နှောင်းလို စာအုပ်ပါပုံ မရပါ။ စာအုပ်တစ်အုပ်ရဲ့ တန်ဖိုးအမှန်ကို သိနိုင်မည့် ကောင်လေးလည်း မဟုတ်ပါဘူးဟု အသားလွတ် အထင်သေးမိပြန်၏။

ငွေသွင်းကောင်တာမှ 'နှောင်းခင်ဇော်' ဟု လှမ်းခေါ်ချိန်တွင် ကောင်လေး မျက်လုံးက သည်ဘက် ရောက်လာပြန်၏။ နားကလည်း ပါးပဲ ပါးနိုင်လွန်းတယ်၊ ဒီလောက် လူများပြီး ဆူညံနေတဲ့ ဥစ္စာ။ သူမ ဖျတ်ခနဲ

commercial use of this book will be at your OWN RISK! www.myanmarcupid.net

ထထွက်၍ ငွေသွားသွင်းခိုက် သူအနားသို့ ရောက်လာပြန်၏။ ငွေ တစ်ထောင့်နှစ်ရာကို နှောင်းရေတွက်နေစဉ် သူက နှောင်းအနီးမှာ ကပ်ရပ်နေ၏။ နှောင်း လှည့်မကြည့်ပါ။ ငွေသွင်းပြီး ထိုစာရင်းစာရွက်များ နှောင်း၏ ကောင်တာနံပါတ်(၂)သို့ ပြန်ရောက်ရန် နောက်ထပ် နာရီဝက် စောင့်နေစဉ်အတွင်း နှောင်းတစ်နေရာမှာ ငြိမ်သက်စွာ ထိုင်လျက် အောက်စ်ဖို့ဒ် အိတ်ဆောင် အဘိဓာန်သေးသေးကလေးကို ငုံ့ဖတ်နေလိုက်သည်။ ကဲ... ဒါဆို ရှင်းရော မဟုတ်လား။

သို့သော် ပါဆယ်ကို ထုတ်ယူခွင့်ရချိန်တွင် သူနှင့်ပတ်သက်ရပြန်၏။

နှောင်း၏ စက္ကူဘူးကြီးမှာ အကြီးကြီး ဖြစ်သည်။ နှောင်းလက်နှစ်ဖက်နှင့် မနိုင်မနင်း မ,ရသည်။ စာအုပ်များကြောင့် လေးလိုက်သည်ကလည်း အလွန်ပဲ။

"ပေး...ပေး...ကိုယ်ကူသယ်ပါ့မယ်"

သည်တစ်ခါ သူရောက်လာသည်ကိုတော့ နှောင်းတကယ်ပဲ ကျေးဇူးတင်ပါသည်။ သို့သော်...

"ဟင့်အင်း... ရတယ်၊ နှောင်း နိုင်မှာပါ"

"ပေးစမ်းပါကွာ၊ ကိုယ် အလကားသယ်တာ မဟုတ်ပါဘူး၊ ကားပေါ်အရောက် ပေါ်တာခြေး ငါးကျပ်ကျတယ်"

ခပ်တည်တည် ပြောလိုက်သော စကားကြောင့် သူမ ပြုံးရယ်မိလိုက်တော့မလို ဖြစ်သွားသည်။ ဟင်... ဗွတ်ကြီးပါပဲလား။ သူ့လက်ထဲသို့ ပါဆယ်ဘူးကြီး ရောက်သွား၏။

"တက္ကစီပါ ငှားပေးရဦးမှာဆိုရင် ပေါ်တာခြေး တစ်ဆယ်ကျမယ်"

သူ့လက်ဖျံမှာ ဝတ်ထားသော အသည်းပုံသေးသေးကလေးများ ထပ်၍ ဆက်ထားသည့် **hand chain** ကလေးနှင့် ရွှေရောင်လက်ပတ်နာရီကို တစ်ချက်ကြည့်လျက် သူမ ပြုံးလိုက်လေသည်။

"ယူ ကံဆိုးချင်တော့ တို့မှာ ကားပါလာတယ်"

ကောင်လေးက မျက်နှာမဲ့လျက် ရယ်လေသည်။ ထို့နောက် နှောင်းကို ခပ်စိုက်စိုက် ငုံ့ကြည့်၏။

"ဒါဖြင့် ကားထဲအရောက် ငါးကျပ်"

နှောင်း ခေါင်းညိတ်ပြလိုက်သည်။

သူက နှောင်း၏ ကတ်ဘူးပေါ်မှ နှောင်း၏ လိပ်စာကို ခပ်ကြာကြာ ကြည့်နေခဲ့တာ နှောင်းရိပ်မိသည်။ ကိစ္စမရှိပါ။ အိမ်လာလည်လျှင် တစ်နေကုန် သင်တန်းပေါင်းစုံဖြင့် အလုပ်ရှုပ်နေသော နှောင်းနှင့် မတွေ့ရဘဲ မေမေနှင့် တွေ့ရမှာ သေချာသည်။ မေမေ၏ အင်တာဗျူးကို ကောင်ကလေးတွေ ဘယ်တော့မှ မအောင်မြင်နိုင်ပါ။

"မျိုးခင်ဇော်ဆိုတာ နှောင်းခင်ဇော်ရဲ့ အစ်မလားဟင်"

နှောင်း ကားတံခါးကို သော့ဖွင့်ရင်း ခစ်ခနဲ ရယ်လိုက်မိလေသည်။ ဒီတစ်ခါတော့ စုံထောက်ကြီး ညံ့သွားပြီ။

"မဟုတ်ဘူး၊ အစ်ကို"

"မှားတဲ့အခါလည်း မှားပေမပေါ့"

သူက စုံထောက် ဦးစံရှား၏ လေသံဖြင့် ပြုံးဖြဲဖြဲ ပြော၏။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

နှောင်းဖွင့်သော ကားရှေ့ခန်းထဲသို့ သူက အထုပ်ကို ခက်ခက်ခဲခဲ သယ်ချပေးသည့်အခါ နှောင်းက 'သဲင့်ခ်ယူး'ဟု ကျေးဇူးတင်လိုက်မိသည်။ သူက နှောင်း၏ ဒက်ရှ်ဘုတ်ပေါ်မှ တဋ္ဌ ၁ညေ ကက်ဆက်ကလေးနှင့် နားကြပ်ဘူးလေးကို ခပ်စိုက်စိုက် ကြည့်ပြီးမှ ခေါင်းတစ်ချက် ဆတ်ကာ နောက်ဆုတ်သည်။ နောက်ပြီး ကားတံခါး ပြန်ပိတ်မပေးမီ လက်ဖြန့်လျက် 'ငါးကျပ်...' ဟု ခပ်တည်တည် တောင်းလေသည်။

နှောင်း တအံ့တသြဖြစ်သွားသော်လည်း အိတ်ကလေးထဲမှ ငါးကျပ်တန်တစ်ရွက် ထုတ်၍ ကမ်းပေးလိုက်သည်။ သူက ပိုက်ဆံကို ဖျတ်ခနဲ ဆွဲယူလျက် သူ့နှုတ်ခမ်းနှင့် ထိကပ်ကာ အသံမြည်အောင် နမ်းစုပ်ပြတော့ နှောင်းမျက်နှာ နွေးခနဲ ဖြစ်သွား၏။ သို့သော် နှောင်း မရှက်လေဟန် မျက်နှာထားဖြင့် သူ့ကို ခပ်စိုက်စိုက် ကြည့်နေလိုက်သည်။ သူက ကားတံခါးကို ခပ်ကြမ်းကြမ်း ပိတ်ပေးလိုက်သော်လည်း မျက်လုံးများက သူမဆီ ကြည့်နေဆဲ။ တော်တော်ကဲမယ့် ကောင်ကလေး။

သို့သော် ကားသော့ဖွင့်၍ စက်နှိုးလိုက်ချိန်မှာပင် နှောင်း၏အာရုံထဲမှ ထိုကောင်ကလေး ထွက်သွားပြီ ဖြစ်သည်။

"မျိုးဆီက စာလာတယ် သမီး၊ သမီး စားပွဲပေါ်မှာ"

"ဟုတ်ကဲ့ မေမေ"

မေမေ့ကို ပါဆယ်ထုပ် ပေးထားခဲ့ပြီး နှောင်းအခန်းထဲသို့ အပြေးအလွှား ဝင်လာခဲ့၏။ နှောင်း၏ စားပွဲပေါ်မှာ စာအုပ်များဖြင့် ရှုပ်ပွနေသည်။ **Japanese For Today** စာအုပ်ထူပေါ်မှာ ကိုကို့စာကို တင်ထား၏။ ပြတင်းမှန်တံခါးကို တွန်းဖွင့်လိုက်ပြီးနောက် အပြင်ဘက်မှာ ဖွံ့ဖွံ့ကလေးကျနေသော မိုးစက်ကလေးများကို လက်ဖြင့် ချစ်စနိုး ခံယူလိုက်သည်။ နှောင်းသည် မိုးရာသီကို အလွန်သဘောကျပါသည်။ မိုးဖွဲဖွဲထဲမှာ မျက်နှာကို ကောင်းကင်သို့မော့၍ အေးအေးဆေးဆေး လမ်းလျှောက်ချင်လှသည်။ ကိုကို ရှိတုန်းကတော့ မိုးရွာလျှင် စမ်းချောင်းတစ်ဝိုက် စက်ဘီးတစ်စီးဖြင့် မောင်နှမ နှစ်ယောက် တစ်ယောက် တစ်လှည့်စီနင်းကာ မိုးရေစိုခံခဲ့ကြဖူးသည်။ အမြဲ ချစ်ခင်ရင်းနှီးသော ကိုကိုတစ်ယောက် နိုင်ငံခြားထွက်သွားစဉ်က လေယာဉ်ကွင်းမှာ နှောင်း ရှိုက်မငိုမိအောင် မနည်း ထိန်းချုပ်ထားခဲ့ရသည်။

"နှောင်း...မငိုရဘူးနော်၊ နှစ်နှစ်ကြာရင် နှောင်းလိုက်ခဲ့လို့ ရပြီ၊ ဒီကြားထဲမှာ နင်အင်္ဂလိပ်စာကို အပိုင်လုပ်ထားရမယ်၊ ကြားလား"

ကိုကိုဟာ မိသားစုအပေါ် တာဝန်ကျေပါသည်။ မြန်မာနိုင်ငံမှာ ရှိစဉ်ကလည်း ကိုကို့ဝင်ငွေက မိသားစုစရိတ်ထဲမှာ တစ်ဝက်ပါဝင်သည်။ ဂျပန်နိုင်ငံသို့ ရောက်ပြီး တစ်နှစ်မကြာသေးမီ နှောင်းတို့အတွက် ကားတစ်စီး ပို့ပေးပြီးပြီ။

ဟိုတစ်ခါ ကိုကိုနှင့် တယ်လီဖုန်း ပြောစဉ် 'ကိုကို တစ်နေ့ကို ဘယ်နှစ်နာရီ အိပ်သလဲ' ဟု မေးကြည့်တော့ ကိုကိုက တော်တော်နှင့် မဖြေဘဲ ရယ်နေသေး၏။ ပြီးမှ 'မသိချင်ပါနဲ့ နှောင်းရာ' ဟု ဖြေလေသည်။

*"နှောင်း...*

*ဖေဖေနဲ့မေမေ နေကောင်းတယ် မဟုတ်လား၊ ပါဆယ် သွားရွေးပြီးပြီလား၊ ရပြီးပြီဆိုရင် ငါ့ဆီအကြောင်း ပြန်ဦး၊ နင့်အတွက် ပေးလိုက်တဲ့ စာအုပ်တွေ နင်သဘောကျရဲ့လား၊ ကီမိုနိုတွေတော့ နင်ကြိုက်မှာ မဟုတ်ပါဘူး၊ မေမေ့ပဲ ပေးလိုက်ပေ့ါ၊ အရောင်တွေ အဆင်တွေ ထပ်သွားပြီလား၊ ငါလဲ မမှတ်မိတော့ဘူးဟာ...။*

*နင် အတန်းတွေ မှန်မှန် တက်ရဲ့လား၊ အင်္ဂလိပ်စာနဲ့ ဂျပန်စာရော တော်တော် တိုးတက်နေပြီလား၊ ကိုယ့်ကိုယ်ကို မညှာနဲ့နော် နှောင်း၊ နင်က ကိုယ့်ကိုယ်ကို အရမ်းသနားတတ်တယ်၊ အချိန်ဆိုတာ ရတုန်း ယူထားရတယ်။ မြန်မာနိုင်ငံမှာက အချိန်တွေ ပေါပါတယ်။ နင် အလကား ဖြုန်းတီးမပစ်နဲ့နော်။ ဒီရောက်ရင်*

Commercial use of this book will be at your Own RISK!
www.myanmarcupid.net

*အဲဒီအချိန်တွေကို နင် ပြန်နှမြောမိလိမ့်မယ်။ ငါ ဒီမှာ စာကျက်ချိန် သိပ်မရှိဘူး၊ အလုပ်က နှစ်မျိုး ဖြစ်နေတယ်။ ဒီကြားထဲက တိုးတက်ချင်လို့သာ ကျောင်းတက်နေရတယ်... အချိန် ဘယ်လိုမှ မရဘူး။*

*ဒါနဲ့ ခန်းဂျီး ဒစ်က်ရှင်နရီကို နင်ကြည့်တတ်ပါတယ်နော်၊ ရေးချက်တွေနဲ့ ခွဲရုံတင် မကဘူး၊ ပက်တန်တွေပါ ထပ်ခွဲထားတယ်။ ပက်တန်လေးမျိုး ခွဲပေးထားတယ်။ ဥပမာ ဘယ်ဘက်ကနေ ညာဘက်ကို တွဲတဲ့ပုံစံ၊ အပေါ်ကနေ အောက်ကို တွဲတဲ့ပုံစံ၊ နင်ဖတ်ရင်း နားလည်သွားမှာပါ၊ နားမလည်ရင်လဲ နင်တို့ဆရာမကို မေးပါ၊ ငါ့မှာ ရှင်းပြနေချိန် မရှိဘူး နှောင်း။ ”*

ပြတ်တောင်းတောင်း ကိုကို့စာကို နှောင်း နှာခေါင်း မရှုံ့မိပါ။ ကိုကို့မှာ ရသမျှ အချိန်ကို စာကျက်ပြီး စာကျက်တဲ့အချိန်ထဲကနေ အချိန်လု၍ နှောင်းထံ စာရေးရခြင်းဖြစ်ကြောင်း နှောင်းသိပါတယ်။ ဤစာကို ရေးနေချိန်သည် ဒေသစံတော်ချိန် ည ၁၂နာရီခွဲထက် ဘယ်တော့မှ စောမှာမဟုတ်၊ နှောင်းသိသည်။

*“ငါ နင့်ကို ဖွင့်ပြောစရာတစ်ခု ရှိနေတယ်၊ နင်ဘယ်လိုမှ သဘောကျနိုင်မှာ မဟုတ်ဘူးဆိုတာလဲ ငါသိပါတယ်။ ဒါပေမဲ့ တစ်ချိန်ချိန် အချစ်ဆိုတာကို နင်နားလည်လာတဲ့အခါ ငါ့ကိုလဲ နင် နားလည်လာနိုင်ပါလိမ့်မယ်။ ”*

ဘုရားရေ... ဘာတွေများပါလိမ့်။

*“ငါ ဒီမှာ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ဖို့ စီစဉ်ထားတယ်။ သူက မြန်မာတော့ မဟုတ်ဘူး၊ မြန်မာနဲ့ အင်္ဂလိပ် ကပြား ”*

ဘုရား...ဘုရား၊ နှောင်း မျက်စိတွေ ပြာဝေသွား၏။

*“ဒါပေမဲ့ ဗုဒ္ဓဘာသာ ကိုးကွယ်တယ်၊ ငါနဲ့ တစ်ရုံးတည်း စားပွဲချင်း ကပ်လျက်ပဲ၊ သဘောကောင်းတယ်၊ ပွင့်လင်းတယ်၊ အသက်က နင်နဲ့ ရွယ်တူပဲ၊ ငါတို့က ချစ်သူတွေ ဖြစ်ပေမယ့် ချစ်သူတွေလို မနေရပါဘူး။ ရုံးမှာ မနက်ဇနာရီကနေ ၁၂နာရီအထိပဲ အတူတွေ့ရတယ်၊ တွေ့ရတယ်ဆိုတာလဲ သူရှိမှန်း ကိုယ်သိ၊ ကိုယ်ရှိမှန်း သူသိနေရုံပါပဲ။ အလုပ်နဲ့ လက်နဲ့မှ မပြတ်ရတာ။ နေ့လယ်စာစားချိန်မှာတော့ မျက်နှာချင်းဆိုင် စားခွင့်ရတယ်၊ ဒါပဲ။ ပြီးတဲ့အခါ သူကလဲ သူ့ကျောင်းသူသွား၊ ငါကလဲ ငါ့ကျောင်းငါသွားပဲ၊ ညနေမှာ သူလဲ နောက်တစ်နေရာမှာ အလုပ်လုပ်ပြီး ငါလဲ နောက်တစ်နေရာမှာ အလုပ်လုပ်ရတယ်လေ၊ သူနေတဲ့နေရာနဲ့ ငါနေတဲ့နေရာလဲ အဝေးကြီး။ ဒါပေမဲ့ တို့နှစ်ယောက် ရည်ရွယ်ချက်ချင်း တူကြတယ်၊ ဘဝအမြင်ချင်း တူကြတယ်... ”*

ဒါပေမဲ့ လူမျိုးချင်းမှ မတူတာ ကိုကိုရယ်...။

နှောင်း မသိလိုက်မီမှာပင် မျက်ရည်ဝေ့လည်ကာ ဝမ်းနည်းလာ၏။

*“နင်လာမှ ငါလက်ထပ်မယ်၊ ဒီတစ်နှစ်အတွင်း နင်ရောက်နိုင်အောင် ငါကြိုးစားမယ်၊ နင် ပတ်စ်ပို့လျှောက်တဲ့အခါ ချလန်ကို မိတ္တူကူးပြီး ငါ့ဆီ ပို့ပေးပါ၊ နင့်ကို ကျောင်းအပ်တဲ့အခါ ပတ်စ်ပို့ချလန်မိတ္တူကို အောင်လက်မှတ်တွေနဲ့ ရောပြီး တင်ရတယ်၊ ဖေဖေနဲ့မေမေဆီ သတ်သတ်စာမရေးနိုင်တော့ဘူး၊ ဒီစာကို ပြလိုက်ပါ...နော်၊ ဂျပန်မှာ နင် နေသားကျပြီးတဲ့အခါ ငါနဲ့သူနဲ့* ***Europe*** *ကို သွားဖို့ အစီအစဉ် ရှိတယ်၊ ငါတို့ ဟိုမှာ နေသားကျရင် နင့်ကိုပါ လှမ်းခေါ်မယ်၊* ***Europe*** *ကို နင် သဘောကျတယ် မဟုတ်လား ”*

နှောင်း မျက်စိကို မှိတ်ပစ်လိုက်သောအခါ စိမ့်အိုင်နေသော မျက်ရည်များဖြင့် မျက်တောင်ဖျားတွေ စိုစွတ်ကုန်သည်။ ကိုကို၏ အာရုံထဲမှာ နှောင်းခင်ဇော် အမြဲရှိနေသည့်အတွက် နှောင်း ကျေးဇူးတင်လှပါသည်။ သို့သော် ယခု ကိုကို့အစီအစဉ်က နှောင်းတို့မောင်နှမကို ဖေဖေနဲ့မေမေ အကြာကြီး လက်လွှတ် ဆုံးရှုံးရမယ့် အစီအစဉ်ပဲ။ မေမေ့ကို ပြောပြလျှင်တော့ မေမေက ထုံးစံအတိုင်း ဝမ်းနည်းပြုံးကလေးဖြင့် သမီးကို နှစ်သိမ့်စေရန် သဘောထားကြီး ပြလိမ့်ဦးမည်။

Commercial use of this book will be at your OWN RISK!

"တစ်ခုကို လိုချင်ရင် တခြားတစ်ခုကိုတော့ စွန့်လွှတ်ရမှာပေါ့ သမီးရယ်၊ မေမေ သိပ်လောဘမကြီးပါဘူး"

ဒါပေမဲ့ ကိုကိုရဲ့ တိုးတက်မှု၊ ကိုကို့သားသမီးတွေရဲ့ တိုးတက်မြင့်မားမှုအတွက် တစ်ဘဝလုံးစာ မေမေ စွန့်လွှတ်ရရင်တော့... မေမေ့စွန့်လွှတ်မှု တန်ဖိုးက ထိုက်တန်ပါရဲ့လား။

ဤစာကို မေမေတို့ ဖတ်ပြီးသည့်အခါ မေမေ ဘာပြောမလဲဆိုတာ နှောင်း သိချင်လှပါသည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

## အခန်း(၂)

တိုက်ခန်းတံခါးသော့ကို ဖွင့်ဝင်လိုက်စဉ် ထူးခြားစွာ တိတ်ဆိတ်နေသော အိမ်အခြေအနေကို နှောင်း အကဲခတ်မိသွားသည်။ ညနေ ၅နာရီသည် ဖေဖေ ပြန်လာဖို့ စောသေးသည်။ ထို့အတူ သမီး ပြန်လာချိန်တိုင်း ဧည့်ခန်းမှာ သီချင်းတစ်ခွေ ဖွင့်လျက် နားထောင်ရင်းသော်လည်းကောင်း၊ စာအုပ်တစ်အုပ် ဖတ်လျက်သော်လည်းကောင်း စောင့်နေကျ ဖြစ်သည့် မေမေ့အတွက် အခန်းထဲ ဝင်နေဖို့လည်း စောပါသေးသည်။

သူမ ခြေဖွနင်းလျက် သူမအခန်းထဲ ဝင်ကာ လက်ထဲမှ စာအုပ်များကို စားပွဲပေါ် အသာချသည်။ ထို့နောက် နောက်ဖေးမီးဖိုချောင်သို့ ဝင်ကာ စားစရာ တစ်ခုခုကို ရှာဖွေသည်။ ကြောင်အိမ်ထဲမှ သရက်သီးတစ်လုံးကို ကောက်ကိုင်လိုက်ပြီးမှ ပြန်ချလိုက်၏။ ညနေစာ စားတော့မှာပဲလေ။ သူမ ရေခဲသေတ္တာဆီသို့သာ လျှောက်သွားပြီး ရေတစ်ခွက် ငှဲ့သောက်လိုက်သည်။ အခန်းဆီသို့ ပြန်ဝင်မည် ပြုပြီးခါမှ မေမေနှင့် မတွေ့ရသေးကြောင်း သတိထားမိသည်။ သူမ အထပ်ခိုးပေါ်သို့ တက်သွားသည်။ မေမေတို့ အခန်းတံခါး အနည်းငယ် ပွင့်နေသည်။ နှောင်း ခြေဖျားထောက်လျက် ဝင်သွား၏။

မေမေ...။

မေမေသည် ထုံးစံမဟုတ်ဘဲ ခုတင်ပေါ်မှာ လဲလျောင်းလျက်ရှိသည်။ သူမ ထိတ်ခနဲ ရင်ခုန်သွား၏။ မေမေ ဘာများ ဖြစ်ပါလိမ့်၊ နေမှ ကောင်းရဲ့လား။

"မေမေ..."

မေမေ့ခေါင်းအုံးနံဘေးတွင် ဓာတ်ပုံတစ်ခု မှောက်လျက် ချထားသည်။ မေမေက တိတ်ဆိတ်စွာပင် လှည့်ကြည့်၏။ နှောင်းသည် အမှောင်လွှမ်းသော အခန်းထဲ ဖြစ်၍ မေမေ့မျက်နှာ အရိပ်အကဲကို အသေအချာ

Commercial use of this book will beat your OWN RISK!
www.myanmarcupid.net

မမြင်ရသော်လည်း မေမေ့မျက်လုံးတွင် မျက်ရည်စများ စွန်းထင်းနေလိမ့်မည်ဟု သိပါသည်။ ပင့်သက်တစ်ချက် ရှိုက်ကာ မေမေ့အနီးတွင် ဝင်ထိုင်လိုက်သည်။

မေမေက အိပ်နေရာမှ ထထိုင်ပြီး ခေါင်းရင်းမှာ ဆွဲထားသည့် မီးခလုတ်ကို ဖွင့်လိုက်သည်။ တစ်ခန်းလုံး လင်းသွားသော်လည်း မေမေ့မျက်နှာ နည်းနည်း ညှိုးနေသည်။ သို့သော် မေမေ ပြုံးလိုက်၏။

"သမီး ပြန်လာတာတောင် မေမေ မသိလိုက်ဘူး"

နှောင်း ဘာမှ ပြန်မပြောဘဲ မှောက်ထားသော ဓာတ်ပုံကို ဆွဲယူကြည့်လိုက်သည်။ ထင်သည့်အတိုင်း ကိုကိုနှင့် အော်လီဗီယာ...။

အော်လီဗီယာသည် ရွှေဝါရောင် ဆံပင်ရှည်များဖြင့် အပြစ်ကင်းစင်စွာ ရယ်မောလျက် ရှိသည်။ လောင်းကုတ် အရှည်ကြီးအောက်မှ ရှည်သွယ် မြင့်မားသော ခန္ဓာကိုယ်ကို သတိထားမိသည်။ သူတို့နှစ်ယောက်၏ နောက်တွင် အိမ်ခေါင်မိုးပေါ်၌ နှင်းများ အဆုပ်လိုက် အဆုပ်လိုက် တင်နေ၏။ သစ်ပင်ထိပ်ဖျားမှာလည်း နှင်း။။ လမ်းပေါ်မှာလည်း နှင်း၊ လှေကားထစ်များဖြင့် ရေးထားသော စာတန်းကြီးတစ်ခု ရှိသည်။ ချူး–ရှ–ဂျိုး... မော်တော်ကား ရပ်နားရန်နေရာဟု အဓိပ္ပာယ်ရသော စာလုံးများ ဖြစ်သည်။ နှောင်းအတွက် ဤဓာတ်ပုံသည် နှောင်း၏ဂျပန်စာလုံး လက်တွေ့လေ့ကျင့် ဖတ်ရှုခြင်းအပေါ် စမ်းသပ်သည့် အဓိပ္ပာယ်အဖြစ် ပေါ့ပါးစွာ ကောက်ချက် ချထားနိုင်သော်လည်း မေမေ့အတွက်ကတော့ သည်မျှမက အဓိပ္ပာယ် များပြားလှပါသည်။

"မေမေ့ချွေးမတစ်ယောက် ဒီလောက် အရပ်ရှည်လိမ့်မယ်လို့ မေမေ တစ်ခါမှ တွေးမကြည့်ဖူးဘူး မဟုတ်လားဟင်"

မေမေ မရယ်မောပါ။

နှောင်း ပင့်သက်တစ်ချက် ချလိုက်ပြီး မေမေ့လက်အစုံကို ဆွဲယူ ဆုပ်ကိုင်လိုက်၏။ မေမေက တစ်ယောက်တည်း စကားပြောနေသလို တိုးတိတ်စွာ ရေရွတ်လေသည်။

"မျိုးဟာ ငယ်ငယ်ကတည်းက ထမင်းဟင်းထက် ကော်ဖီနှင့် ကိတ်မုန့်ကို ပိုမက်မောတယ်၊ ဘာမဆို စနစ်တကျ လုပ်ကိုင်တတ်တယ်၊ ကျောင်းဝတ်စုံ၊ အပြင်ဝတ်စုံ၊ အိမ်နေရင်းဝတ်စုံ၊ ညအိပ်တဲ့ ဝတ်စုံ သီးသီးသန့်သန့် ဝတ်တတ်တယ်၊ ဘာမဆို သွေးအေးအေးနဲ့ စီစဉ်တတ်တယ်၊ အသန့်အရှင်းကို အရမ်းကြိုက်တယ်၊ စကားပြောတဲ့အခါ စည်းစနစ်ကျကျ သိမ်သိမ်မွေ့မွေ့ ပိုင်ပိုင်နိုင်နိုင် ပြောတတ်တယ်၊ မျိုးအတွက် မေမေ အမြဲတမ်း ဂုဏ်ယူခဲ့ရတယ်၊ ဒါပေမဲ့..."

မေမေ့စကားသံ ခဏရပ်သွားခိုက် မေမေကြိုးစားပြီး ပြုံးလိုက်သည်။ ထို အပြုံးကြောင့်ပင် နှောင်း မေမေ့ကို သနားသွား၏။

"ဒါပေမဲ့ အခုလို အင်္ဂလိပ်မတစ်ယောက်ကို သူ ရွေးလိမ့်မယ်လို့ တစ်ခါမှတောင် မတွေးဖူးဘူး"

"ဒါပေမဲ့ အော်လီဗီယာဟာ မြန်မာသွေးတစ်ဝက်ပါတယ်ဆိုတာ မေမေ မေ့မထားနဲ့လေ၊ နောက်ပြီး သူဟာ ဗုဒ္ဓဘာသာဝင်၊ နောက်ပြီး မျက်နှာကျပုံက မြန်မာနဲ့ မဆင်ဘူးလား မေမေ၊ နှောင်းတော့ သူ့ကို ချစ်တယ်၊ မေမေ့သား မိန်းမရွေးတဲ့နေရာမှာ မေမေထင်တာထက် ဦးနှောက်သုံးခဲ့ပါလိမ့်မယ် မေမေရဲ့၊ ကိုကိုက သူဘာလိုချင်တယ်ဆိုတာ အမြဲ သိတဲ့လူပဲ၊ သူလိုချင်တာကိုလဲ ရအောင်ယူမယ့်လူပဲ၊ မိသားစုတစ်ခုလုံးအတွက် မသင့်တော်ရင် သူ အော်လီဗီယာကို ဘယ်လောက်ချစ်ချစ် ယူမှာမဟုတ်ပါဘူး"

နှောင်းစကားကြောင့် မေမေက ပြုံးလျက် မျက်စောင်းထိုး၏။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"သွား... အခုတည်းက ယောင်းမဘက် ပါနေပြီ"

"သြော်... မေမေကလဲ သမီးအမှန်အတိုင်း မြင်တဲ့အတိုင်း ပြောရတာပါ၊ အခုကြည့်လေ... အော်လီဗီယာနဲ့ ကိုကိုနဲ့ ဘယ်သူက ဘယ်သူ့အပေါ် လွှမ်းမိုးနေမယ်လို့ ထင်လဲ၊ မေမေ အကဲခတ်ကြည့်စမ်းပါ"

မေမေက ခါတ်ပုံကို မဝံ့မရဲယူလျက် အကြာကြီး စိုက်ကြည့်နေ၏။

"မျိုးက ငယ်ငယ်ကတည်းက အားလုံးအပေါ် ဩဇာလွှမ်းမိုးနိုင်ခဲ့တာတော့ မေမေ သတိထားမိပါရဲ့၊ ဒါပေမဲ့..."

နှောင်း မေမေ့ မေးစေ့ကို ချစ်စနိုး ဆွဲဖျစ်ပြုံးရယ်လိုက်သည်။

"ကိုကိုဟာ ဘယ်တုန်းကမှ မပျော့ညံ့ခဲ့ဘူး မေမေ၊ မေမေ့သားဟာ အမြဲ ထက်မြက်နေခဲ့တယ်၊ အမြဲ ထူးချွန်ခဲ့တယ်၊ မြန်မာနိုင်ငံမှာ ရှိတုန်းက ဘယ်မိန်းမနဲ့မျှား ဘာသတင်းသန့်သန့် ကြားခဲ့ဖူးလို့လဲ"

"နှောင်းရယ်... ဖြစ်မယ့်ဖြစ်တော့ ဒီဟာမနဲ့လား"

"အဲဒါပြောတာပေါ့ မေမေရဲ့၊ အော်လီဗီယာကို လက်တွဲဖို့ သူ့မှာ အကြောင်းပြချက် အများကြီး ရှိမှာပါ မေမေရယ်၊ နှောင်းတို့ စောင့်ကြည့်သေးတာပေါ့၊ မဟုတ်ဘူးလား၊ တစ်ခုတော့ သေချာတယ်၊ မေမေ့သားကို မေမေ ဘယ်တော့မှ လက်လွှတ်ဆုံးရှုံးရမှာ မဟုတ်ဘူး၊ အဲဒါ နှောင်းသိတယ်"

မေမေ အနည်းငယ် ပြုံးလေသည်။

"သားတစ်ယောက်ကို မွေးပြီး ကြီးပြင်းသည်အထိ ပြုစုစောင့်ရှောက် မွမ်းမံယူခဲ့တာဟာ ဒီသားကို မေမေတစ်သက်လုံး အပိုင်စီးထားဖို့ မဟုတ်ပါဘူး သမီးရယ်"

သို့သော် မေမေ့အနားမှာတော့ တစ်သက်လုံး ရှိနေစေချင်တယ် မဟုတ်လား မေမေ။

ထိုမေးခွန်းကို နှောင်း မမေးပါ။

"သမီး ဆာပြီလား၊ ဆာရင် စားနှင့်လေ"

"ဟင့်အင်း မဆာသေးပါဘူး မေမေ၊ ဖေဖေ့ကို စောင့်ကြသေးတာပေါ့"

ဝရန်တာမှာ ပန်းအိုးတစ်ခုမျှ မရှိပါ။ မေမေရော နှောင်းရော ပန်းပင် စိုက်ပျိုးဖို့ထက် စာဖတ်ဖို့ ပို၍ ဝါသနာပါသည်။ ဝရန်တာမှာ ပက်လက် ကုလားထိုင်ဖြင့် နှောင်း ငြိမ်သက်စွာ သင်ခန်းစာကို နားထောင်နေသည်။

ပတ်ဝန်းကျင်သည် မိုးသက်လေဖြင့် အေးစိမ့်လာ၏။ တဖြည်းဖြည်း အလင်းရောင် နည်းလာသော ညနေခင်းတွင် စာမျက်နှာပေါ်မှ စာလုံးများကို သိပ်ထင်ထင်ရှားရှား မမြင်ရသောအခါ နားကြပ်ထဲက အသံကိုသာ အာရုံစူးစိုက် ထားလိုက်သည်။ မြန်မာဝါကျဖွဲ့ပုံနှင့် ဆင်တူသော ဂျပန်ဝါကျဖွဲ့ပုံမှာ သဘောကျစရာ ကောင်းသော်လည်း ဂျပန်စကားသံကို နှောင်း ဘယ်လိုမှ ကြိုက်နှစ်သက်ခြင်း မရှိပါ။ သို့သော် နှောင်း ကြိုက်နှစ်သက်ဖို့ထက် နှောင်းနားထောင်တတ်ဖို့ ပိုအရေးကြီးပါသည်။

"တိုးကျိုးနဲ့ အိုးဆာ့ကာ့အကြားမှာ လေယာဉ်လဲ ပျံသန်းလျက် ရှိပါတယ်၊ လေယာဉ်ဟာ မိနစ်ငါးဆယ်လောက်သာ ပျံသန်းချိန် ကြာမြင့်ပါတယ်၊ လေယာဉ်က ဟိကာရိရထားထက် သုံးဆကျော်ကျော် ပိုမြန်ပါတယ်၊ ဒါပေမဲ့..."

Commercial use of this book without your OWN RISK!
www.myanmarclassic.net

နှောင်းအနီးသို့ မေမေရောက်လာသောကြောင့် နှောင်း မော့ကြည့်လိုက်သည်။

မေမေ့မျက်နှာတွင် နှောင်း မျှော်လင့်မထားသော ပူပန်မှု အရိပ်အယောင်ကို မြင်လိုက်ရသောအခါ နှောင်း ကက်ဆက်ခလုတ်ကို ပိတ်၍ နားကြပ်များကို ဆွဲဖြုတ်လိုက်၏။

"ဘာဖြစ်လို့လဲ မေမေ"

နှောင်း ထိုင်ရာမှ ဖျတ်ခနဲ ထလျက် ကက်ဆက်သေးကလေးနှင့် ပြဋ္ဌာန်းစာအုပ်ကို ကုလားထိုင်ပေါ် အသာချထားလိုက်ပြီး မေမေ့အနားမှာ ကပ်၍ ရပ်လိုက်သည်။ ငါးပေလေးလက်မရှိသော နှောင်းထက်စာလျှင် မေမေက သေးညှက်ပြီး သွယ်လျနေသည်။ နှောင်း၏ ဂျင်းဘောင်းဘီ အနည်းငယ် ကျပ်နေသည်ကို မေမေက တစ်ချက်သာ အကဲခတ်ကြည့်လျက် ဝရန်တာမှာ လက်ထောက်ရပ်ကာ လမ်းမဘက်သို့ မျှော်ကြည့်နေလေသည်။

"သမီး ဖေဖေ ပြန်လာဖို့ ကောင်းပြီ"

နှောင်း ခစ်ခနဲ တစ်ချက်ရယ်လိုက်ပြီး စိုးရိမ်စိတ်များ လျော့ပါးသွား၏။ ဘာများလဲလို့ မေမေရာ..။

"မေမေက စည်းကမ်းကြီးနဲ့ နေရာတကာ အချိန်ကန့်သတ်ချင်လို့ ဖြစ်မလား မေမေရဲ့၊ တစ်ခါတလေလဲ ဖေဖေ့အပေါင်းအသင်းတွေနဲ့ ဖေဖေ အချိန်ကုန်ပါစေဦးလား"

လက်ပတ်နာရီကို ကြည့်လိုက်တော့ ညနေ ၆နာရီခွဲ။ တခြားခင်ပွန်းသည်တွေ အဖေတွေ ဘယ်အချိန်မှ အိမ်ပြန်ရောက်တယ်ဆိုတာ မေမေသိလျှင် တအံ့တသြ ဖြစ်မှာ သေချာ၏။

"ဒါပေမဲ့ သူ အိမ်ပြန်နောက်ကျမယ်ဆိုရင် မေမေ့ကို ပြောသွားနေကျပဲ"

သူမ စုတ်တစ်ချက် သပ်ကာ ပြုံးရယ်ရင်း မေမေ့ပခုံးကို ဖက်လိုက်သည်။

"အခုဟာက အစီအစဉ် မရှိဘဲ ဖြစ်သွားလို့ နေမှာပေါ့ မေမေရဲ၊ မေမေ စိုးရိမ်တတ်မှန်း ဖေဖေ မေ့သွားလို့ ဖြစ်မှာပေါ့"

ထို့နောက် မေမေ့မျက်နှာမှ ပူပင်သောကကို သူမ သတိထားလိုက်မိသောအခါ နှောင်းမျက်နှာလေး တည်ကြည်သွား၏။

"ကြည့်နေ... ဖေဖေ မေမေ့ကို ဖုန်းဆက်ပြီး ခွင့်တောင်းလိမ့်မယ်၊ သူ ဘယ်ရောက်နေတယ်ဆိုတာ မေမေ့ကို ပြောပြမှာပါ"

ထိုခဏမှာပင် အိမ်ထဲမှ တယ်လီဖုန်းသံ ပျော့ပျော့ကလေး မြည်လာသည်။ နှောင်း မျက်နှာ ချက်ချင်း ဝင်းပသွား၏။

"ဟော... ဖေဖေထင်တယ်၊ လာ လာ... မေမေ"

တယ်လီဖုန်းရှိရာသို့ နှောင်းက အရင်ရောက်သွားပြီး ကောက်ယူလိုက်သည်။

"ဟယ်လို... ဖေဖေလား၊ ဒီမှာ မေမေကတော့ သိပ်စိတ်ပူနေပြီ ဖေဖေရေ"

သို့သော် တစ်ဖက်က အသံမှာ ဖေဖေ့အသံ မဟုတ်ပါ။ မကြားဖူးသော အသံစိမ်း တစ်ခု ဖြစ်သည်။

"ဦးထွန်းဇော်ရဲ့ အိမ်ကလား..."

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

အသံမှာ ယောကျ်ားသံ၊ အလောတကြီးအသံ..။ သူမ ထင့်ခနဲ စိတ်ပူ သွား၏။

"ဟုတ်ပါတယ်ရှင်"

"ဦးထွန်းဇော်ရဲ့ ဇနီးနဲ့ ပြောပါရစေ...၊ ကျွန်တော် ဆေးရုံကြီး အရေးပေါ်ဌာနကပါ"

အို... သူမ မေမေ့ကို ကမန်းကတန်း လှည့်ကြည့်လိုက်၏။ မေမေက အနားမှာ ရပ်လျက်။ နှောင်းမျက်နှာမှ ပူပန်မှုက မေမေ့ဆီ လိုအပ်သည်ထက် ပို၍ ကူးစက်သွား၏။

"သမီး... ဘာတဲ့လဲဟင်"

ဘာမှန်း မသိရသော်လည်း မေမေ၏ရှေ့မှာ မားမားမတ်မတ် ကာကွယ်လိုစိတ်ဖြင့် မေမေ့ကို ပြုံးပြလိုက်သည်။

"ကျွန်မ ဦးထွန်းဇော်ရဲ့ သမီးပါပဲရှင်၊ ကိစ္စကို ကျွန်မနဲ့ပြောလို့လဲ ရပါတယ်၊ မေမေလဲ အနားမှာ ရှိပါတယ်"

တစ်ဖက်က ခဏ တိတ်ဆိတ်သွားသည်။

"ပြောရမှာ စိတ်မကောင်းပါဘူး ခင်ဗျာ၊ ဦးထွန်းဇော် မူးပြီးလဲကျသွားရာက အခု ဆေးရုံမှာ ရောက်နေပါတယ်၊ အဲဒါ..."

သူမ တစ်ကိုယ်လုံး ပူထူသွားကာ လက်ဖျားတွေ အေးစက်သွား၏။

"ဟင့်အင်း... မဖြစ်နိုင်ပါဘူး"

"သမီး ... ဘာတဲ့လဲ"

"အရက်မူးတာ ပြောတာ မဟုတ်ပါဘူး။ သွေးတိုးကြောင့် မူးလဲကျသွားတာပါ၊ အခု သူ့အိတ်ထဲက ပစ္စည်းတွေကို ကြည့်ပြီး ဖုန်းဆက်လိုက်တာပါ၊ သူ..."

"သူ... ဖေဖေ ဘာဖြစ်သွားသေးလဲဟင်၊ နေကောင်းရဲ့လား"

နှောင်း၏ လက်မောင်းတစ်ဖက်ကို မေမေက တင်းကျပ်စွာ ဆုပ်ကိုင်လိုက်၏။

"ဦးထွန်းဇော် အခုထိ သတိမရသေးပါဘူး၊ ရန်ကုန်ဆေးရုံကြီး ၊ ဖျားနာဆောင်ကို ပို့ထားပါတယ်၊ လိုအပ်တဲ့ ပစ္စည်းတွေယူပြီး ဆေးရုံကြီးကို လိုက်သွားဖို့ ကျွန်တော် အကြောင်းကြားတာပါ"

သူမ၏မျက်လုံးမှာ မျက်ရည်များဖြင့် ချက်ချင်း ပြည့်လျှံလာ၏။

"ဟုတ်ကဲ့... အခြေအနေ မစိုးရိမ်ရပါဘူးနော်"

သူမ၏အသံမှာ တိမ်ဝင်ကာ တိုးတိုးကလေး ရှိုက်ငင်လိုက်မိလေသည်။ တစ်ဖက်က ပြောပြသော အဆောင်နံပါတ်ကို သူမ အသံမထွက်ဘဲ ရေရွတ်ရင်း မေမေ့ဘက်သို့ လှည့်ကြည့်လိုက်သည်။ ထို့နောက် မေမေ့ကို တအားတင်းကျပ်နေအောင် ဖက်ပွေ့ထားလိုက်လေသည်။ မေမေ၏ သေးကွေးသော ကိုယ်ခန္ဓာကလေးမှာ တုန်ယင်နေ၏။

"သမီး...သမီး၊ ဖေဖေ...သူ..."

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

"ဖေဖေ ဘာမှမဖြစ်ပါဘူး မေမေ၊ဖေဖေ ဆေးရုံတက်နေရတယ်တဲ့၊ မူးလဲသွားလို့တဲ့၊ အခု… သတိမရသေးပေမယ့် မကြာခင် သတိပြန်ရလာမှာပါတဲ့"

နောက်ဆုံးစကားမှာ သူမဘာသာ ဖြည့်စွက်လိုက်ခြင်း ဖြစ်သော်လည်း သူမကိုယ်တိုင်ပင် ထိုစကားကို ယုံကြည်စိတ်ချလျက်ရှိသည်။ မေမေ့ကို နှစ်သိမ့်မှု ပေးလိုသော နှောင်းသည် သူမ၏ ပူပင်သောကများ၊ အားငယ်ကြောက်ရွံ့စိတ်များကို ဇွတ်အားတင်းဖယ်ကာ မတ်မတ်ရပ်သည်။

"ဟင့်အင်း… မငိုနဲ့ မေမေ၊ ဒါလောက် မစိုးရိမ်ရပါဘူး မေမေရဲ့၊ သွေးတိုး ရှိမှန်းမသိတဲ့ လူတွေဟာ ဒီလိုပဲ မူးလဲတတ်ကြပါတယ်၊ သမီးတို့ အခု လိုက်သွားကြရအောင် မေမေ"

ထို့နောက် ဆောက်တည်ရာမရ တုန်လှုပ်ရှိုက်ငယ်နေသော မေမေ့ကို ကုလားထိုင်ပေါ်မှာ သက်သာစွာ ထိုင်ခိုင်းထားပြီး ဆေးရုံတက်သည့် လူမမာတစ်ယောက် ဘာတွေလိုနိုင်သလဲဟု အပြေးအလွှား စဉ်းစားတွက်ချက်သည်။ ဆေးဝယ်ဖို့ လုံလောက်သောငွေ၊ မွေ့ရာခင်းစ၊ စောင်၊ ခေါင်းအုံး၊ ဓာတ်ဘူး၊ ကော်ဖီပန်းကန်၊ ဟင့်အင်း… ဒါတွေက အရေးမကြီးသေးဘူး။ နောက် ဘယ်နှစ်ခေါက်ပဲ သယ်ရသယ်ရ၊ အရေးကြီးတာက အချိန်မီဖို့…။ ဘာအချိန်မီဖို့လဲ… အသက်၊ ဟင့်အင်း… မဟုတ်ဘူး၊ လိုအပ်တဲ့ ဆေးဝါးတွေ ဝယ်ရဦးမယ် မဟုတ်လား။ သူမသည် ဂျင်းဘောင်းဘီပေါ်မှာ တွေ့ရာထဘီတစ်ထည်ကို ကောက်စွပ် ဝတ်လိုက်၏။

ဖေဖေ…။ ဘုရားသိကြား မ လို့ ဖေဖေ နေကောင်းပါစေ။

အချိန်သည် နှောင်းတို့သားအမိအတွက် ကုန်နိုင်ခဲလှသည်။

လေးနာရီခြားတစ်ခါ သွေးပြန်ကြောမှ ဆေးများ သွင်းပေးနေရသော်လည်း ဖေဖေ လုံးဝသတိမရသေးပါ။ တစ်ခါမှ မရောက်ဖူးသော ဆေးရုံကြီး၏ အနံ့အသက်မှာ ဆေးနံ့ အရက်ပြန်နံ့ စုပေါင်းလျက် နှောင်းအား မူးမိုက်စေမတတ်ပင် ဖြစ်သည်။ မှန်တံခါး၏ အပြင်ဘက်မှ လှမ်းမြင်နေရသော ဖေဖေ့အခန်းထဲတွင် ပစ္စည်းကိရိယာများ၊ သူနာပြုများ ရှုပ်ယှက်ခတ်နေ၏။

ဖေဖေ အသက်ရှူနေသည်။ ဖေဖေ နှလုံးခုန်နေသည်။ ဖေဖေ မသေပါ။ ဖေဖေဟာ နှောင်းတို့အတွက် ဆက်ပြီး အသက်ရှင်နေရဦးမှာ၊ မေမေ့အတွက် … ပြီးတော့ နှောင်းအတွက်…။ အသက် ငါးဆယ်အရွယ်သည် သွေးတိုးအတွက် မငယ်လှတော့ပါ။ သို့သော် ဖေဖေသွေးတိုးသည်ဟု တစ်ခါမျှ မကြားဖူးပါ။

မေမေက အနားမှာ ဖြတ်သွားသော ဆရာမများ၊ ဆရာဝန်များကို အားကိုးတကြီး မော့ကြည့်ကာ ဖေဖေ့အခြေအနေကို မေးသည်။ အစွမ်းကုန် ကြိုးစားနေပါတယ် ဟူသော တစ်သမတ်တည်းသော အဖြေကိုသာ ရ၏။ နှောင်းတို့ မိန်းမသားနှစ်ယောက်သည် တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်လျက် တစ်ယောက်မျက်နှာကို တစ်ယောက် မကြည့်ရက်ဘဲ ဖေဖေ့ခုတင်ခေါင်းရင်းတိုင်ရှိ ပုလင်းမှ တစ်စက်ချင်းကျနေသော ဆေးရည်စက်များကို ငေးမောနေကြသည်။

နံနက် ၄နာရီတွင် မေမေ့ကို အိမ်ပြန်ပို့ပြီး မေမေအိပ်ရာဝင်အောင် ဖျောင်းဖျနှစ်သိမ့်ရ၏။

"ဖေဖေဟာ တတ်ကျွမ်းတဲ့ ဆရာဝန် ဆရာမတွေ လက်ထဲမှာ ရှိနေတယ်လေ၊ မေမေ စိတ်သိပ်မပူနဲ့နော်၊ ခဏလောက် အိပ်လိုက်ပါဦး၊ မေမေ နိုးရင် သောက်ရအောင် ဟောလစ်ဖျော်ထားပေးခဲ့မယ်၊ မေမေ့ဆီမှာ သော့တစ်တွဲ ထားခဲ့တယ်နော်၊ မေမေ အိပ်ရာက နိုးတဲ့အခါ ဘုရားရှိခိုး ပုတီးစိပ်ပါ"

ဦးနှောက်သွေးကြော ပြတ်သွားသည်ဟူသော အကြောင်းအရာသည် နှောင်းတို့သားအမိ ရင်ဆိုင်ရန် ဘယ်လိုမှ မစွမ်းသာအောင် ကြောက်မက်ဖွယ် ခြောက်လှန့်လျက် ရှိသည်

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

နောက်တစ်နေ့ ညနေ ၄ နာရီတွင် ဖေဖေ၏ ဆိုးရွားသော ကံကြမ္မာကို နှောင်း အတိအကျ သိခွင့်ရသွားသည်။

"လူနာရဲ့ ဦးနှောက်က အလုပ်မလုပ်တော့ဘူး၊ သူ အသက်ရှူနေတယ်၊ ဒါပေမဲ့ ဦးနှောက်က သေသွားပြီ ဖြစ်တဲ့အတွက် ကျန်တဲ့ အစိတ်အပိုင်းတွေလဲ သွားတော့မှာပဲ"

ဖေဖေ...။ ဟင့်အင်း...အဲဒီလို မဖြစ်စေရဘူး။

"နှောင်းတို့ ဘာဆေးတွေ ထပ်ဝယ်ရဦးမလဲ ဆရာ၊ ဖေဖေ့အသက်ကို ကယ်နိုင်ဖို့ ဘာတွေ လိုသေးသလဲ၊ နှောင်း... ဖေဖေ့ကို အသေ မခံနိုင်ဘူးဆရာ၊ နှောင်း..."

ဆရာဝန်က မျက်နှာမကောင်းဘဲ ခေါင်းယမ်းခါတော့ နှောင်း ကျိတ်ရှိုက်ရာမှ လွှတ်ခနဲ အသံထွက်သွား၏။

"ဆေးတွေအားလုံးလဲ ဘာမှမတတ်နိုင်တော့ဘူး သမီး၊ ဒီဆေးတွေ ပေးနေတာဟာ သူ့နှလုံးခုန်မှုကို နာရီပိုင်း ဆွဲဆန့်ထားရုံသက်သက်ပဲ၊ ဒီတော့ ဆေးတွေကို ရပ်လိုက်ရင်..."

"ဟင့်အင်း... မရပ်ဘူး"

နှောင်း သတိလက်လွတ် အော်ဟစ်ပစ်လိုက်ပြီးမှ ခုံတန်းပေါ် ပျော့ခွေကျသွားသည်။ မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ တစ်ချက်နှစ်ချက် ရှိုက်ငိုပြီးနောက် ပြန်ထိန်းချုပ်နိုင်သွား၏။

"ဆရာ... ဆေးတွေကို မရပ်ပါနဲ့ဆရာ၊ လိုသမျှ နှောင်းတို့ ဝယ်ပါ့မယ်၊ ဖေဖေ့ကို ကယ်ပါဦး"

"မဟုတ်သေးဘူး ကလေး၊ အမှန်အတိုင်း ပြောရရင်... ဒီဆေးတွေ အားလုံး အလကားဖြစ်သွားပြီ၊ ဘာဖြစ်လို့လဲဆိုတော့ လူနာဟာ သေသွားပြီ"

"မဟုတ်ဘူး..."

နှောင်းအသံ တိမ်ဝင်ကာ ဆရာဝန်ကို မော့ကြည့်လိုက်၏။ ဆရာဝန်၏ မျက်နှာမှာ အမှန်တရားကို တွေ့ရသည်။ ဖေဖေရှိရာကို နှောင်း လှမ်းကြည့်လိုက်တော့ ဖေဖေ အသက်ရှူနေဆဲ။

ဖေဖေရယ်...၊ ဖေဖေ့ကို နှောင်း သိပ်ချစ်ပါတယ် ဖေဖေ၊ ဖေဖေ့ကို နှောင်း ဘယ်လိုမှ အဆုံးရှုံးမခံနိုင်ပါဘူး၊ ဖေဖေဟာ နှောင်းတို့ သားအမိအတွက် လုံခြုံအေးချမ်းစေတဲ့ မိုးကုပ်စက်ဝိုင်းကြီးပါ... ဖေဖေ မရှိတဲ့ နှောင်းတို့ဘဝကို နှောင်း ဘယ်လိုမှ ဆက်လက် ရပ်တည်နိုင်မှာ မဟုတ်ဘူး၊ နှောင်း သိပ်ချစ်ရတဲ့ ဖေဖေ့ကို နှောင်းက ဘယ်လိုလုပ်ပြီး ဆေးတွေ ရပ်ပစ်လိုက်ပြီး သတ်ရက်ပါ့မလဲ...။

"မိသားစုထဲက အဝေးရောက်နေတဲ့လူတွေ ရှိသေးလား"

သူမ ဖြည်းညင်းစွာ ခေါင်းခါယမ်းလိုက်၏။ လာနိုင်တဲ့ အခြေအနေမှာ မရှိပါ။

ကိုကို...။ ကိုကို ရှိနေရင် ဘယ်လောက်ကောင်းမလဲ ကိုကိုရယ်...။ ကိုကို့ကို မြင်ယောင်လာသောအခါ သူမ အံတင်းတင်း ကြိတ်ထားလိုက်မိသည်။

"သမီး..."

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

လှေကားမှ တက်လာသော မေမေက နှောင်းမျက်ရည်များကို မြင်ကာ အလန့်တကြား အော်လျက် ပြေးလာ၏။ နှောင်း မေမေ့ကို ဆီး၍ထိန်းကာ ဖက်ပွေ့ထားလိုက်သည်။ နှောင်း၏ မျက်ရည်စက်များ မေမေ့ကျောပြင်ပေါ်သို့ တစ်လိမ့်ချင်း ကျဆင်းသွား၏။

"သမီး ဖေဖေရော..."

ထိတ်လန့် တုန်လှုပ်မှုကြောင့် တွန့်ဆုတ်သော မေမေ့အသံမှာ အဖျားဆွတ်၍ တိမ်ဝင်သွား၏။

"ဖေဖေ ဟိုအခန်းထဲမှာ ရှိတယ်လေ မေမေ၊ ဖေဖေ အသက်ရှူနေတုန်းပါ၊ ဒါပေမဲ့ မေမေ..."

မေမေက သူမကိုယ်နှင့်ခွာကာ နှောင်းကို စေ့စေ့ကြည့်သည်။ မေမေ၏ အားတင်းထားသော မျက်နှာတွင် ဆုံးရှုံးမှုကို ကြေကွဲစွာ လက်ခံလိုက်သော အရိပ်များ ပေါ်နေ၏။

"ဖေဖေဟာ အသက်ရှူနေတာနဲ့ နှလုံးခုန်တာက လွဲလို့ သေသွားပြီ မေမေ"

မေမေက နှောင်းကို ကြောင်ကြည့်နေ၏။ နှောင်းအသံကို တည်ငြိမ်ရင့်ကျက်အောင် ထိန်းချုပ်ယူလိုက်သည်။

"ဆေးတွေအားလုံးဟာ နှလုံးခုန်မှုကို ခဏကလေး ဆွဲဆန့်ထားရုံပဲ တတ်နိုင်တယ်တဲ့၊ သေသွားတဲ့ ဦးနှောက်ကို ပြန်ရှင်လာအောင် မတတ်နိုင်တော့ဘူး မေမေ၊ ဒီတော့..."

"ဒီတော့ ဘာဖြစ်လဲ နှောင်းခင်ဗျော်"

မေမေ၏ မျက်လုံးအရိပ်တွင် နာကျင်မှုများဖြင့် တဖြည်းဖြည်း ဖုံးလွှမ်းလာသည်။ တင်းတင်းစေ့ထားသော နှုတ်ခမ်းပါးမှာ အစွန်းနှစ်ဖက် မသိမသာ တုန်ယင်နေ၏။ နှောင်း မျက်လွှာချလိုက်သည်။

"နှောင်းတို့ ... ဖေဖေ့အတွက် အကောင်းဆုံး လုပ်ပေးခဲ့ပြီးပါပြီ မေမေ၊ မေမေ့စိတ်ကို ဖြေပါ"

"အကောင်းဆုံး...ဟုတ်လား"

မေမေ နှောင်းအနီးမှ ဖြုန်းခနဲခွာလျက် ဖေဖေ့အခန်းထဲသို့ အလျင်အမြန် ဝင်သွား၏။ နှောင်း မေမေ့နောက်မှ ကမန်းကတန်း ကပ်လိုက်သွားသည်။

မေမေက ဖေဖေ့ညာဘက်တွင် ရပ်လျက် တစ်ခဏမျှ ငေးမောနေရာမှ မလှုပ်မယှက် ဖြစ်နေသော ဖေဖေ့လက်တစ်ဖက်ကို ဖြည်းဖြည်းကလေး ဆုပ်ညှစ်လိုက်လေသည်။

"ဖေဖေ့အတွက် အကောင်းဆုံး လုပ်ပေးခဲ့ပြီးပြီလို့ မပြောပါနဲ့ သမီးရယ်... မေမေတို့အားလုံးအတွက်သာ သူက အကောင်းဆုံး လုပ်ပေးခဲ့တာပါ၊ မေမေ့ဘဝကို သူကယ်တင်ခဲ့တယ်၊ မေမေ့ကို သူချစ်ခင်ခဲ့တယ်၊ မေမေ့အပေါ်မှာ သူအင်မတန် မြတ်နိုးတွယ်တာခဲ့တယ်၊ သမီးတို့ မောင်နှမအတွက် ရုပ်ဝတ္ထုအင်အား စိတ်ဓာတ်အင်အား ဘာမဆို သူဖြည့်ပေးခဲ့တယ်၊ မိသားစုကို အလွန်တန်ဖိုးထားခဲ့တယ်၊ မိသားစုအတွက် သူ့မှာ ရှိသမျှ အချိန်တွေကို ပုံပေးခဲ့တယ်၊ ဒီလောက် လေးစားကြည်ညိုဖို့ကောင်းတဲ့ ကျေးဇူးရှင်တစ်ယောက်ကို မေမေတို့က ဘာတွေများ ကောင်းအောင် လုပ်ပေးနိုင်ခဲ့လို့လဲ..."

မေမေသည် တိုးတိတ်စွာ ရေရွတ်ရင်း ဖေဖေ့ခုတင်ဘေးတွင် ဒူးထောက်ကာ ခေါင်းငိုက်စိုက်ချလိုက် အကြာကြီး ငြိမ်သက်သွား၏။ တသိမ့်သိမ့် တုန်ခါလျက်ရှိသော မေမေ့နောက်ကျောကို ခဏသာ စိုက်ကြည့်ပြီး နှောင်း မျက်နှာလွှဲလိုက်ရ၏။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

တစ်ခန်းလုံး ဖေဖေ၏ ချွဲအပြည့်ဖြင့် အသက်ရှူသံသည်သာ ဖြည်းညင်းစွာ ပြတ်တောင်းပြတ်တောင်း မြည်နေလျက် တိတ်ဆိတ်ငြိမ်သက်နေသည်။ ဖေဖေ့ရင်အုပ်သည် တစ်ချက်ချင်း မောက်လာလိုက်၊ ပြန်ကျသွားလိုက် ရှိသည်။ ဖေဖေ့ပါးစပ်သည် အနည်းငယ် ဟ ကာ ပါးစောင်မှ အမြှုပ်ရည်များ စီးကျလုနီးပါး ပြည့်လျက်ရှိသည်။ နှောင်း လက်ကိုင်ပဝါကလေးဖြင့် မဝံ့မရဲတို့ကာ သုတ်ပေးလိုက်သည်။

မျက်စိမှိတ်ကာ အိပ်ပျော်နေဟန်ရှိသော ဖေဖေသည် ငြိမ်းချမ်းလျက် ရှိပါသည်။ ဖေဖေ့မျက်နှာတွင် နာကျင်မှုကြောင့် တွန့်ကွေးမဲ့ရွဲ့ခြင်း မရှိ။ ကြောက်ရွံ့မှုကြောင့် တုန်လှုပ်ခြင်းမရှိ။ ပကတိ ငြိမ်သက်စွာ အိပ်မောကျနေသော ဖေဖေ့ကို စူးစိုက်ကြည့်ရင်း မနေ့တစ်နေ့ကအထိ ရယ်မောခဲ့သော ဤမျက်နှာကို မယုံနိုင်ဘဲ ဖြစ်နေသည်။ နောက်ဆုံးတော့ အခြေအနေအားလုံးကို နှောင်းခက်ခဲစွာပင် လက်ခံနားလည်လိုက်ရပါသည်။

"မေမေ..."

မေမေ့ကို ညင်သာစွာ ဆွဲယူတော့ မေမေခေါင်းယမ်းခါ၏။ ဖေဖေ့လက်တစ်ဖက်ကို ကိုင်လျက် ထိုလက်ပေါ် မျက်နှာမှောက်ချကာ ငြိမ်သက်နေသော မေမေသည် တိတ်ဆိတ်စွာ ငိုကြွေးဆဲဖြစ်ကြောင်း နှောင်း သိသည်။

နှစ်သုံးဆယ်နီးပါး ဘဝကို လက်တွဲရင်ဆိုင်ခဲ့ကြသော ဇနီးမောင်နှံ နှစ်ဦး၊ တစ်ယောက်၏ အောင်မြင်မှု ပျော်ရွှင်မှုကို တစ်ယောက်က ကူးယူခံစားခဲ့ပြီး တစ်ယောက်၏ ဆုံးရှုံးမှု ဝမ်းနည်းမှုကို တစ်ယောက်က မျှဝေခံစားခဲ့ကြသည်။ သူတို့နှစ်ယောက်၏ နောက်ဆုံးအချိန် ဤမျှနီးကပ်နေပြီဖြစ်ကြောင်း မည်သူမျှ မတွေးမိခဲ့ကြပါ။

"အစ်ကို့အပေါ်မှာ ခင်ပြစ်မှားမိတာ ရှိခဲ့ရင်... ခွင့်လွှတ်ပါ အစ်ကို"

တိုးတိတ်သော မေမေ့ရေရွတ်သံ သဲ့သဲ့ကလေးသည် နှောင်း၏နှလုံးကို ပြင်းထန်စွာ ထုနက်လိုက်လေသည်။

ည၁၀နာရီတွင် ဖေဖေ နှလုံးခုန် ရပ်သွားသည်။

ဖေဖေနောက်ဆုံး အသက်ရှူထုတ်လိုက်သော ထွက်သက်ကို မေမေက ကြေကွဲစွာ စောင့်ကြည့်လျက် ဖေဖေ့နဖူးကို ညင်သာစွာ ငုံ့နမ်းလိုက်သော အချိန်မှာတော့ နှောင်း ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိလေသည်။

ဖေဖေ

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

## အခန်း(၃)

မိုးသည် သည်းထန်စွာ ရွာချလျက် ရှိသည်။ သစ်ပင်များ ယိမ်းယိုင်လှုပ်ယမ်းလျက် ပတ်ဝန်းကျင်တစ်ခုလုံးသည် ကြေကွဲဖွယ်ရာ စိုစွတ်ထိုင်းမှိုင်းနေ၏။

မီးခိုးခေါင်းတိုင် ထိပ်ဖျားမှ မီးခိုးငွေ့များကို နှောင်း အံကြိတ်ကာ ငေးမောရင်း သတိလစ်လုမတတ် ပျော့ခွေနေသော မေမေ့ကို ထိန်းချုပ်ဖက်ပွေ့ ထားလိုက်သည်။

သွားပေတော့ ဖေဖေ…။

မီးခိုးငွေ့လေးတွေနဲ့အတူ ဖေဖေ ဘဝကူးပြောင်းပေတော့…။ အခု ဘဝထက် ပိုပြီး အောင်မြင်တဲ့နေရာ၊ ငြိမ်းချမ်းတဲ့နေရာ…။ နှောင်းတို့ ပြုမယ့် ကုသိုလ်မှန်သမျှ ဖေဖေ့ကို အမျှပေးဝေပါမယ်၊ ရောက်ရာဘဝကနေ ဖေဖေ သာဓုခေါ်နိုင်ပါစေ…။ သို့သော် ခဏချင်းပင် တမလွန်ဘဝကို နှောင်း မယုံကြည်နိုင်ဘဲ ဖြစ်သွားပြန်၏။

ငယ်ရွယ်လှသော သမီးနှင့် အရွယ်တင်ဆဲဖြစ်သော ဇနီးကို စိတ်ချလက်ချ ထားရစ်ခဲ့သော ဖေဖေ၏ နောက်ဆုံးခရီးသို့ လိုက်ပါပို့ဆောင်သူများ မိုးထဲလေထဲမှာပင် များပြားလှပါသည်။ သုသာန်မြေပြင်ပေါ်တွင် ထီးများ ပြည့်လျက် ရှိသည်။ နှောင်းတို့ကို ကူကယ်ရာမဲ့သူများ အဖြစ် ဖေးမ တွဲငင်နှစ်သိမ့်သော လူကြီးသူမများ၊ သူငယ်ချင်းများ၊ ဆွေမျိုးများကို နှောင်း မာန်တင်း၍ ရင်ဆိုင်နေရသည်။

ဖေဖေ သေသလို နှောင်းတို့လည်း တစ်နေ့သေရမှာပဲ… ရှင်တို့လည်း သေရမှာပဲ၊ ဘာမှ နှောင်းတို့ကို အားပေးမနေနဲ့…။ နှောင်းတို့ကို မသနားပါနဲ့၊ သနားစရာ မလိုပါဘူး။ ရှင်တို့ ဘယ်အချိန် သေမယ်ဆိုတာရော ရှင်တို့ သိနိုင်လို့လား။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

နှောင်းသည် ခေါင်းထဲ ရောက်လာသော အတွေးယုတ်များကို ဇွတ်ဖယ်ထုတ်ပစ် နေရသည်။ နှောင်းကို ထီးမိုးပေးနေတာ ဘယ်သူလဲ နှောင်း မသိတော့၊ မေမေ့ကို တွဲခေါ်သူမှာ ဘယ်သူလဲ နှောင်းမသိတော့။ မည်သည့်ကားဆီသို့ ခြေလှမ်းများ ဦးတည်နေကြသည်လဲ... နှောင်း ဘာမှမသိတော့ပါ။

နှောင်းသိသည်က နှောင်း၏ကိုယ်ပေါ်သို့ ဖျန်းပက်စိုစွတ်သော မိုးရေစက်များ...။ ပူလောင်လှိုက်ဟာသော ရင်တွင်းဒုက္ခနှင့် ဆန့်ကျင်စွာ အေးစိမ့် စိုစွတ်သော မိုးသက်လေများ...။

နှောင်း ကြက်သီးဖြန်းခနဲ ထသွားသည်။

ဟိုးအဝေးဆီမှ ရေလှိုင်းသံနှင့်အတူ အသံတစ်ခုသည် နှောင်းဆီသို့ သဲ့သဲ့ကလေး နီးကပ်လာ၏။

"မိုးသည်းသည်းမှာ... မိုးတွေရွာနေတဲ့အချိန်မှာ... သင်္ချိုင်းကုန်းတစ်ခုမှာ... မင်းအသက်နှစ်ဆယ့်နှစ်နှစ်မှာ..."

ဘုရား...ဘုရား။

ဒါတွေဟာ တကယ် ဖြစ်ခဲ့တာပါပဲလား။

"မိသားစုထဲက အသက်ကြီးကြီး လူတစ်ယောက် သေဆုံးလိမ့်မယ်"

ဖေဖေ...။

သမီးကို ခွင့်လွှတ်ပါ ဖေဖေ။

တကယ်တော့ ဒီကိစ္စကို နှောင်း ကြိုတင်ကာကွယ်မိခဲ့ဖို့ ကောင်းပါတယ်။ ဖေဖေ့ရဲ့ ကျန်းမာရေးကို နှောင်း သတိထားခဲ့ဖို့ ကောင်းပါတယ်။ ဘာပဲဖြစ်ဖြစ် ဒါကို နှောင်း သတိရနေခဲ့ဖို့ ကောင်းပါတယ်...။

သို့သော် ယခုမှတော့ အားလုံး လွန်ခဲ့ပြီ။ သေခြင်းတရားဆိုတာ တားဆီး၍ ရပါသလား၊ နှောင်း မသိပါ။

သို့သော် နှောင်း သတိပေးနိုင်ပါလျက် မေ့မေ့လျော့လျော့ ထားခဲ့မိလေခြင်းဟု နှောင်တကြီးစွာဖြင့် တုန်လှုပ်သွား၏။ ဖေဖေ သေဆုံးမှုမှာ နှောင်း၌ တာဝန်မကင်းပါ။ နှောင်း ကြိုတင်သတိပေးခဲ့ဖို့ ကောင်းသည်။

နှောင်းသည် မိုးစက်များနှင့်အတူ သည်းထန်စွာ ငိုကြွေးနေမိပြန်လေသည်။

သုသာန်မှအပြန်တွင် နှောင်း၏ တင်းဆည်ထားသော မာန်များ ကျဆုံးကာ နွမ်းခွေသွားတော့၏။

ခြေတစ်လှမ်း လှမ်းတိုင်း၊ မျက်တောင်တစ်ချက် ခတ်တိုင်း၊ နေရာတိုင်းမှာ အချိန်တိုင်းမှာ ... ဖေဖေရှိသည်။ ဖေဖေသည် သူ၏ သေဆုံးမှုအတွက် နှောင်းကို နာကြည်းနေလေမလား။

အို...။

"နှောင်း မသိဘူး... နှောင်း မသိခဲ့ပါဘူး၊ ဖေဖေရယ်"

ဒါဟာ တကယ်ဖြစ်သွားလိမ့်မယ်လို့ နှောင်း မသိခဲ့ပါဘူး။

"သမီးလေး... နှောင်း"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

ရုတ်တရက် အသံထွက်၍ ရှိုက်ငင်ရေရွတ်လိုက်သော နှောင်း အနီးသို့ မေမေက ပူပန်သောကဖြင့် လျှင်မြန်စွာ ရောက်လာ၏။

"သမီး..."

မေမေ့မျက်နှာမှာ နှောင်းအတွက် စိုးရိမ်သောကများဖြင့် အိုမင်းရင့်ရော် နေ၏။ နှောင်း၏ ဆံပင်များကို မေမေက ကြင်နာစွာ သပ်ပေးသည်။ ကုပ်ဝဲ ဆံပင်ပျော့များသည် ခေါင်းအုံးပေါ်တွင် ပြန့်ကြဲလျက်ရှိလေသည်။ နှောင်း မေမေ့ကို ပထမဦးဆုံးအကြိမ် အားကိုးတကြီး ဖက်တွယ်လိုက်မိ၏။

"မေမေ... နှောင်းကို စိတ်မဆိုးပါနဲ့နော်.. မေမေ"

"အို... သမီးရယ်၊ ဘာတွေများ စိတ်ဆိုးစရာ ရှိလို့လဲ၊ သမီးဟာ အမြဲတမ်း လိမ္မာခဲ့တယ်၊ သမီးကို မေမေ အမြဲချစ်နေခဲ့တယ်၊ ဘာတွေ တွေးနေပြန်သလဲ၊ မေမေ ရှိတယ်လေ သမီး၊ သမီး ဘေးနားမှာ မေမေ ရှိပါသေးတယ် သမီးရယ်"

ဟင့်အင်း... ဒါပေမဲ့ ဖေဖေတော့ မရှိတော့ပါဘူး မေမေ။ နောက်ပြီး ဖေဖေ မရှိတော့မှာကို သမီး ကြိုသိခဲ့ပါတယ်။

"ဒါကို နှောင်း ကြိုသိခဲ့တယ် မေမေ"

"သမီး..."

မေမေ့အသံမှာ သတိထားသလို လေးနက်လာပြီး နှောင်းကို စိတ်မချစွာ တွန့်ဆုတ်စွာ ကြည့်သည်။ သမီး၏ စိတ်များ ပုံမှန်မှ ဟုတ်ပါရဲ့လား။ သမီးလေး ဘာတွေပြောနေပါလိမ့်။ မေမေသည် နှောင်း၏ ဘေးနားတွင် လဲလျောင်းလျက် နှောင်း၏ ကိုယ်လုံးကလေးကို ထွေးပွေ့ထားသည်။

"နှောင်း အသက်နှစ်ဆယ့်နှစ်နှစ်မှာ ဖေဖေ သေလိမ့်မယ်ဆိုတာကိုလေ"

မေမေ့တစ်ကိုယ်လုံး တောင့်တင်းသွား၏။ နှောင်းကို ထွေးပွေ့ထားသော လက်များ ပိုမိုတင်းကျပ်သွားသည်။

"နှောင်းကလေး..."

"ဟုတ်တယ် မေမေ၊ နှောင်းကို ဟိုတုန်းကတည်းက ဟောထားတာ၊ နှောင်း အသက်နှစ်ဆယ့်နှစ်နှစ်မှာ ဖေဖေသေလိမ့်မယ်တဲ့၊ အဲဒီအချိန်မှာ မိုးတွေ ရွာနေတယ်တဲ့၊ မေမေ... နှောင်းလေ"

မေမေက နှောင်းကျောပြင်ကို အသာအယာ ပွတ်သပ်ကာ ကလေးတစ်ယောက်လို ချော့မြူ၏။

"အလကား အဓိပ္ပာယ် မရှိတာ သမီးရယ်... ဗေဒင်ဆိုတာ လျှောက်ဟောတာ"

"မဟုတ်ဘူး မေမေ၊ အဲဒါ ဗေဒင်မဟုတ်ဘူး... အကြားအမြင်"

မေမေ အနည်းငယ် အားတင်း၍ ပြုံး၏။

"တောက်တီးတောက်တဲ့တွေ"

"အဲဒီမိန်းမ ပြောတာတွေ အားလုံးမှန်သွားပြီ မေမေ၊ ပထမဆုံး... နေဦး"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

နှောင်းမျက်စိလေးမှိတ်၍ စဉ်းစားသည်။ မေ့ထားသော စကားများကို ရင်နာကျင်စွာ နှောင်းပြန်လည်မှတ်မိသွား၏။

"ကိုကို နိုင်ငံခြား ထွက်တော့မှာကို သူကြိုတင်ဟောခဲ့တယ် မေမေ၊ နောက်ပြီး ကိုကိုဟာ ဒီကို ပြန်မလာဘူးတဲ့၊ အပြီးအပိုင် နေမှာတဲ့"

"ဒါပေမဲ့ မျိုးက ပြန်လာမှာလေ သမီးရဲ့"

"အော်လီဗီယာကို မြန်မာနိုင်ငံမှာ တစ်သက်လုံး ထားဖို့လား မေမေ"

မဖြစ်နိုင်ဘူးဆိုတာ နှောင်းသိသလို မေမေလည်း သိပါလိမ့်မည်။

"နောက်ပြီး နှောင်း အသက်နှစ်ဆယ့်နှစ်နှစ်မှာ မိသားစုထဲက အသက်ကြီးကြီး အမျိုးသားတစ်ယောက် သေဆုံးလိမ့်မယ်တဲ့၊ မိုးရေတွေထဲမှာ နှောင်း သချိုင်းထဲမှာ ရပ်နေတာကို သူ မြင်သတဲ့ မေမေ"

"ဘုရား…"

လွှတ်ခနဲ ဘုရား တ သံဖြင့် မေမေ တုန်လှုပ်စ ပြုလာသည်။

"နှောင်း ကြိုတင် သတိပေးခဲ့ဖို့ ကောင်းတယ်၊ နှောင်းကို ခွင့်လွှတ်ပါ့မလား မသိဘူးလားဟင်"

"ဘယ်သူကလဲ သမီး"

"ဖေဖေကလေ"

မေမေ ပင့်သက်တစ်ချက်ကို လေးပင်စွာ ရှိုက်၏။

"သမီး… လောကမှာ တိုက်ဆိုင်မှု ဆိုတာတော့ ရှိကြတာပါပဲ သမီးရယ်၊ တားဆီးလို့ မရတဲ့ အရာဆိုတာလဲ ရှိပါတယ်၊ သေခြင်းတရား မရဏ ဆိုတာ ဘယ်သူမှ တားဆီးလို့ မရပါဘူး၊ သူ့အချိန်ရောက်ရင် ဘယ်သူမှ ငြင်းပယ် တွန်းလှန်လို့ မရဘဲ သေကြရတယ် သမီး၊ ဘာပဲဖြစ်ဖြစ် သမီးကို ဘယ်တော့မှ ဘာအကြောင်းနဲ့မှ စိတ်မဆိုးတဲ့ လူသားနှစ်ယောက် ရှိတယ်၊ အဲဒါကတော့ မေမေနဲ့ဖေဖေပဲ၊ ဖေဖေဟာ ငါးဆယ့်တစ်နှစ် အရွယ်မှာ သေဆုံးတယ်၊ ဒါဟာ ဘာမှမထူးဆန်းပါဘူး သမီး"

အေးဆေးညင်သာသော စကားသံတိုးတိုးကလေးသည် ခင်ပွန်းဖြစ်သူ၏ အလောင်းကို မီးသင်္ဂြိုဟ် ပြီးခါစ ဇနီးတစ်ယောက်၏ ပူဆွေးသောကနှင့် လုံးဝမဆိုင်ဘဲ တည်ငြိမ်စွာ ထွက်ပေါ်နေ၏။

နှောင်း မေမေ့ကို ချစ်မြတ်နိုးစွာ အားကိုးစွာ မော့ကြည့်နေမိသည်။

"တကယ်တော့ မေမေတို့ လူသားတွေဟာ မွေးလာပြီဆိုကတည်းက သေဒဏ်ပေးခံလိုက်ရပြီးသားပါ၊ ကိုယ့်သေဒဏ်ဟာ ဘယ်တော့ကျရောက်မယ် ဆိုတာသာ မသိတယ်၊ သေမှာကတော့ သေချာပြီးသားပဲ၊ ကိုယ့်သေနေ့ ကိုယ် လက်ချိုးရေတွက်ဖို့ မဝံ့ရဲကြလို့ မေ့ပျောက်ထားကြရတာပါ၊ ဘဝမှာ မသေခင် ရသမျှ အခွင့်အရေးယူပြီး တတ်စွမ်းသမျှ အလုပ်နဲ့ နောက်ထပ်မွေးဖွားလာမယ့် ကိုယ့်ကိုယ်ပွား သားသမီးတွေကို အကျိုးပြုနေကြတဲ့လူတွေချည်းပဲ၊ သေမိန့် ဘယ်နေ့လဲဆိုတာ ဘယ်သူမှ မသိကြတာကိုက လူ့ဘဝရဲ့ မျှော်လင့်ချက်တစ်ခုပဲ သမီး၊ မနက်ဖြန် သေမယ့်လူကလဲ နှစ်ပေါင်းများစွာ အသက်ရှင်ရဦးမလို မျှော်လင့်ချက်နဲ့ နောက်ဆုံးအချိန် အထိ အားတင်းနေကြတာပါပဲ၊ ကိုယ် ဘယ်တော့သေမယ်ဆိုတာ မသိအောင် သဘာဝတရားက ဖန်တီးထားတယ်လေ"

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

နှောင်းသည် မျက်ရည်ကြားမှပင် နားကြည်းစွာ ပြုံးလိုက်၏။

“ဒါပေမဲ့... နှောင်း ဘယ်တော့သေမယ်ဆိုတာတော့ နှောင်း သိလိုက်ပြီးပြီ မေမေ”

“သမီး...”

မေမေ့အသံမှာ ထိတ်လန့်တကြား နိုင်လှ၏။

“ဟုတ်တယ် မေမေ၊ နှောင်း... နှောင်း အသက်နှစ်ဆယ့်လေးနှစ်မှာ နှောင်း အန္တရာယ်ဆိုးတစ်ခု တွေ့ရလိမ့်မယ်တဲ့၊ အဲဒါ သေခြင်းတရားတဲ့”

“အို... နှောင်းလေ”

မေမေ့လက်များက နှောင်း ပါးစပ်ကို ကမန်းကတန်း အုပ်ပိတ်ပေးလိုက်၏။

“အဲလို မပြောရဘူး သမီး၊ မပြောကောင်းဘူး”

“ဒါပေမဲ့ အဲဒါဟာ အမှန်ပဲ မေမေ”

“မဟုတ်ဘူး၊ အလကား အဓိပ္ပာယ် မရှိတာတွေ... သမီး စိတ်ကို ငြိမ်ငြိမ်လေး ထားစမ်း သမီး”

နှောင်း နာကျင်စွာ မဲ့ပြုံးလျက် မေမေ့ခါးကို တင်းကျပ်စွာ ဖက်လိုက်၏။

“သမီး စိတ်တွေ ငြိမ်နေပါတယ် မေမေ... ငြိမ်လွန်းလို့ သမီး အားလုံးကို မှတ်မိနေတာပေါ့”

မေမေ ပင့်သက်တစ်ချက် ကျယ်လောင်စွာ ချလျက် အိပ်ရာပေါ်မှ လက်ထောက်ကာ တစ်ဝက်ထထိုင်သည်။ ထို့နောက် ခေါင်းအုံးပေါ်မှာ ဆံပင် ကပိုကရို ဝဲပြန့်လျက်ရှိသော သမီး၏မျက်နှာကို စေ့စေ့စပ်စပ် ကြည့်လေသည်။

ဖေဖေ သေဆုံးသွားသည့် အချိန်မှစ၍ ပထမဆုံးအကြိမ်ဖြစ် နှောင်း၏ သွင်ပြင်မူရာမှာ အားမရနိုင်စွာ ပျော့ခွေကျလျက် ရှိသည်။ ဖအေ၏ သတင်းဆိုးကို မအေ၏ရှေ့မှာ မားမားရပ်၍ ရင်ဆိုင်နားထောင်ခဲ့သော သမီး၊ ဖအေ သေဆုံးသည့်အချိန်တွင် မအေကို ယုယစွာ တွဲပွေ့နှစ်သိမ့် ဖျောင်းဖျခဲ့သော သမီး၊ ဖအေ့အသုဘရှု ပရိသတ်များအား မအေထက်ပင် ထိန်းချုပ်စွာ လက်ခံစကားပြောခဲ့သော သမီး... ထိုသမီးသည် ယခုအခါ ရှိသမျှ အင်အားများ ကုန်ဆုံးသွားခဲ့လေပြီ။

“ဗုဒ္ဓမြတ်စွာဘုရားမှ တစ်ပါး တခြားဘယ်လူသားကမှ လူတစ်ယောက်ရဲ့ သေနေ့ကို ကြိုမသိဘူး သမီး၊ အဲဒီ ဒိဗ္ဗစက္ခုဉာဏ်ကို ဘယ်ပုထုဇဉ်လူသားမှ မရဘူး၊ အကြားအမြင် ဆိုတာတွေ၊ ဗေဒင်ဆိုတာတွေဟာ ကိုယ့်ကိုယ်ကို ယုံကြည်မှုမရှိတဲ့ လူညံ့တွေအတွက် အကောင်းဆုံး လိမ်ညာပေးနေတဲ့သူတွေပဲ၊ သူတို့ဟာ လူတစ်ယောက် ဘယ်တော့သေမယ်လို့ သိကိုမသိနိုင်ဘူး၊ ပြောခွင့်လဲ မရှိဘူး၊ ပြောတယ်ဆိုရင် အဲဒါညာနေတာပဲ...”

“ဒါပေမဲ့...”

“ဒါပေမဲ့ တစ်ခါတစ်ရံမှာ တိုက်ဆိုင်မှုဆိုတာတွေ ရှိတယ်၊ အဲဒီ တိုက်ဆိုင်မှုတွေကြောင့် တစ်ခုခုကို ဇွတ်နှစ်ပြီး ယုံရတော့မှာလား၊ သမီးလဲ ဘွဲ့ရခါနီး ပညာတတ်တစ်ယောက်ပဲ၊ သမီး အဲလောက် မညံ့ပါဘူး... မဟုတ်ဘူးလား သမီး”

Commercial use of this book will be at your OWN RISK! www.myanmargroup.net

နှောင်းသည် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလျက် ရှိသည်။ နှောင်း၏ မျက်လုံးများ မျက်နှာကြက်ရှိရာသို့ အဓိပ္ပာယ်မဲ့စွာ ငေးနေ၏။

တိုက်ဆိုင်မှုဆိုသည်မှာ တစ်ခါ နှစ်ခါသာ ဖြစ်ဖို့ကောင်း၏။ သုံးကြိမ်တိုင်တိုင် တိုက်ဆိုင်ပြီးမှတော့ ဤအကြောင်းအရာသည် နှောင်း ဘယ်လိုမှ မေ့ထား၍မရနိုင်သော အကြောင်းအရာသာ ဖြစ်သည်။

“ဗေဒင်ကြောင့်သာ သေရစတမ်းဆိုရင် နှောင်းရယ်… မေမေသေတာ ကြာလှပေါ့။ မေမေ့ကို ဗေဒင်က နှစ်အတိအကျနဲ့ ဟောတာ၊ လေးဆယ့်ခြောက်နှစ်မှာ သေမယ်တဲ့၊ ကဲ… ဘယ်မလဲ၊ အခု မေမေ ငါးဆယ့်တစ်နှစ် ရှိပြီ”

နှောင်း မေမေ့ကို မြတ်နိုးစွာ ကြည့်လိုက်၏။

“သူ့ကို နာမည်ဖျက်သလို ဖြစ်မှာစိုးလို့ လက္ခဏာဆရာနာမည်တော့ မေမေ မပြောတော့ပါဘူး၊ ဒါပေမဲ့ မျိုးတောင် သိတယ်၊ မြန်မာနိုင်ငံမှာ အလွန် နာမည်ကြီးတဲ့ လက္ခဏာဆရာလေ”

နှောင်းလည်း ဤအကြောင်းကို တစ်စွန်းတစ်စ ကြားခဲ့ဖူးပါသည်။

“အမယ်… သူက မေမေမယုံတာ မြင်တော့ ခင်ဗျားနဲ့ကျွန်တော် လောင်းမလားတဲ့၊ ခင်ဗျား လေးဆယ့်ခြောက်နှစ်မှာ သေကိုသေရမယ်တဲ့၊ မဟောကောင်းတာကို ဟောတယ်ကွယ်၊ မေမေသာ စိတ်ပျော့ညံ့တုန်လှုပ်ခဲ့ရင် အဲဒီမတိုင်ခင်ကကို စိတ္တဇနဲ့ သေမှာပဲ၊ အဲဒီတုန်းက မေမေ့အသက် လေးဆယ့်တစ်နှစ်ပဲ ရှိသေးတာ၊ ဘယ်မှာသေလို့လဲ သမီး… မေမေသိတာပေါ့၊ မေမေ က အသက်အရှည်ကြီး နေရဦးမှာ၊ မြေးတွေ ကြီးပြင်းလူလား မြောက်တဲ့အထိ နေရဦးမှာ”

မေမေ့လို စိတ်ဓာတ်မျိုး နှောင်း လိုချင်လိုက်တာ။

“နှောင်းလဲ မိန်းမကြီးတစ်ယောက် ဖြစ်တဲ့အထိ နေရဦးမှာလေ၊ လင်သားဒုက္ခ၊ သားသမီးဒုက္ခတွေ နှောင်းခံစားရဦးမှာ သမီးရဲ့၊ ဘယ့်နယ် ငယ်ငယ်ကလေးနဲ့ သေရမယ်လို့၊ ဒီလောက် ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ချက်တွေ ချတတ်တဲ့ သမီးက ဘာမဟုတ်တဲ့ ဗေဒင်အစုတ်ပလုတ်ကြောင့် တွေဝေနေရတော့မှာလား”

ဖေဖေသေဆုံးသည့်ကိစ္စကို မျိုးထံ ချက်ချင်းအကြောင်း မကြားရန် ဆုံးဖြတ်ချက် ချပေးခဲ့သော သမီးဖြစ်သူကို မေမေ နောက်ထပ်အားကိုးရလိမ့်ဦးမည်။ အမြဲ သွက်လက်ဖျတ်လတ်သော၊ နေရတကာ နှိုက်နှိုက်ချွတ်ချွတ် တတ်သိနားလည်သော သမီးဖြစ်သူသည် မေမေသေသည်အထိ မေမေ့နံဘေးမှာ မားမားရပ်ပေးနေရလိမ့်ဦးမည်။

နှောင်း၏နုနယ်သော ပါးကလေးတစ်ဖက်ကို မေမေက အသာအယာ ဆွဲဖျစ်လိုက်၏။

“အဓိပ္ပာယ်မရှိတဲ့ဟာတွေကို မေ့ထား၊ သမီးရှေ့မှာ လမ်းကြီးတစ်ခုက ဖြောင့်ဖြူးနေတာပဲ၊ အဲဒီလမ်းကိုပဲ ရဲရဲရင့်ရင့် ဆက်လျှောက်ပါ သမီး၊ အဲဒီမှာ သမီးကိုကိုလဲ ရှိနေတယ်လေ၊ နောက်ကို ပြန်လှည့်မကြည့်နဲ့၊ သမီး ခြေလှမ်းတစ်ချက် လှမ်းတဲ့အခါ အဲဒီခြေလှမ်းဟာ သမီးတစ်ယောက်တည်းစာ မဟုတ်ဘူး၊ မေမေ့အတွက်ရော ပါတယ်လေ၊ သမီး ခြေတစ်လှမ်း လှမ်းတိုင်း သမီးနောက်မှာ မေမေ အမြဲတစ်လှမ်း ပါနေတယ်၊ သမီးရပ်လိုက်ရင် မေမေပါ ရပ်သွားရလိမ့်မယ်၊ ဒီတော့ သမီး… မေမေ့အတွက်ပါ လျှောက်ပေးပါ၊ ဟောဒီကမ္ဘာကြီးတစ်ခုလုံး သမီးနဲ့ မေမေနှစ်ယောက်တည်းပဲ ရှိတော့တာ၊ သမီးကိုမှ မေမေ အားမကိုးရင် ဘယ်သူ့ကို သွားအားကိုးရမှာလဲ”

ထို့နောက် အနည်းငယ် ပြုံးလာသော နှောင်းကို ဖွဖွကလေး ငုံ့နမ်းလိုက်သည်။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

အသက်ကြီးပြင်းလာခါမှ တစ်ခါမှ မေမေ့အနမ်းကို မခံရဖူးသော နှောင်းသည် မေမေ့ကိုယ်မှ နွေးထွေးသည့် အင်အားများကို လက်ခံရယူလိုက်ပြီး ကျေနပ် နှစ်သိမ့်စွာ ပြုံးလေသည်။

သို့သော် အချိန်ကာလများသည် နှောင်းအတွက် တစ်နေ့ထက်တစ်နေ့ တစ်ချိန်ထက် တစ်ချိန် ပိုမိုခက်ခဲလာ၏။

နှောင်း ထမင်းတစ်လုတ် စားလိုက်သည့်အခါတိုင်း အေးမြလတ်ဆတ်သော လေကို ရှူလိုက်သည့်အခါတိုင်း ၂၄နှစ်...ဟူသော ကန့်သတ်မှုကြီးက အမြဲ တွဲပါနေတော့သည်။ အားလုံးကို မေ့ထား၍ လက်ရှိပစ္စုပ္ပန်ကာလကို အာရုံစူးစိုက်ကာ ဘာသာစကားတွေ လေ့လာသင်ကြားဖို့ ကြိုးစားသော်လည်း အချိန်ကာလ ကန့်သတ်ချက်ကြီးကို ဘယ်လိုမှ မေ့ဖျောက်မရနိုင်။

ကွန်ပျူတာ လက်နှိပ်ခလုတ်ကလေးများအပေါ် လက်တင်၍ **diskette** တစ်ခုထဲသို့ ပရိုဂရမ် သွင်းယူလေ့ကျင့်နေခိုက်မှာပင် နှောင်း နာနာကြည်းကြည်း ပြုံးရယ်မိပြန်သည်။ ကြည့်စမ်း... နောက်နှစ်မှာ သေတော့မယ့် လူတစ်ယောက်ဟာ ဒီအတတ်ပညာတွေကို ဘာအတွက် လိုအပ်နေဦးမှာလဲ။ မီးသင်္ဂြိုဟ်စက်ထဲ ယူသွားဖို့လား။ အခုအချိန်မှာ ငါ ဒီ သောက်ကွန်ပျူတာ ပရိုဂရမ်မင်တွေနဲ့ အချိန်ဖြုန်း မနေသင့်ဘူး။

ဒါဖြင့် နှောင်း ဘာလုပ်ရမလဲ...။

နှောင်း ဘာလုပ်ရမှန်း မသိပါ။ ယခုအခါ ခန်းဂျီးစာလုံးများကို စနစ်တကျ သင်ကြားပေးနေပြီဖြစ်သော နှောင်း၏ ဂျပန်ဘာသာ သင်တန်းသို့ နှောင်း တက်တစ်လှည့် ပျက်တစ်လှည့်။ ဘယ်တုန်းကမှ ဘာအကြောင်းကြောင့်မှ ကျောင်းကို နှစ်ရက်ဆက်တိုက် မပျက်ခဲ့ဖူးသည့် နှောင်းအား ဖခင် သေဆုံးပြီးခါစ စိတ်လေလွင့်အားငယ်လို့ဟု ဆရာမက ကရုဏာသက်စွာ နားလည်ထားခဲ့သည်။ သို့သော် နှောင်း၏ စိတ်ဒုက္ခမှာ ဆရာမထင်ထားသည်ထက် ပို၍ကြီးမားလေးလံကြောင်း နှောင်းဘယ်သူ့ကိုမျှ မပြောခဲ့ပါ။

မေ့မေ့လျော့လျော့ဖြင့် တရုတ်စာလုံးအရေး၊ ဂျပန်စာများကို ကြိုးစားပမ်းစား လေ့လာနေမိရာမှ ဖြုန်းခနဲ ကိုယ့်ကိုယ်ကို သတိရသွားသည့်အခါ နှောင်းသည် ရေးလက်စ စာအုပ်များကို နာနာကြည်းကြည်း ဆွဲယူလွှင့်ပစ် လိုက်မိ၏။

ယခင်က မမြင်ခဲ့ဖူးသည့် အမြင်မျိုးဖြင့် နှောင်း လူတွေကို မြင်စပြုလာသည်။

ကြည့်စမ်း... လူတွေဟာ တစ်နေ့တစ်နေ့ စီးပွားဥစ္စာတွေရှာရ၊ ပညာရှာရ၊ လောဘတွေနဲ့ ပြိုင်ဆိုင်မှုတွေနဲ့ သူတို့ကိုယ်သူတို့ ဘယ်တော့မှ သေမှာမဟုတ်သလို အလုအယက် ဝန်တိုမစ္ဆရိယတွေနဲ့ ရန်စောင်နေကြတယ်။ တကယ်တမ်းတော့ မနက်ဖြန် သေသွားမယ့်လူလည်း သူ့ကိုယ်သူ သေမယ်ဆိုတာ မသိရှာဘူး။ နောက်လ သေမယ့်လူလည်း ငွေကို ဖွတ်ရှာနေတော့တာပဲ။ သူတို့ ဘာကြောင့် ဒီလောက် လောဘကြီးနေကြသလဲ။

ဘာကြောင့် လောဘကြီးနေကြသလဲဆိုတော့ သေတော့မှာကို မသိလို့ပေါ့။

ဒါဖြင့် နှောင်းကရော...။

နှောင်းအတွက် လောကမှာ ဘယ်အရာမှ မက်မောစရာ မကောင်းတော့ပါ။ တစ်ချိန်က တန်ဖိုးထားခဲ့သော ဘာသာစကားများ၊ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ၊ ယဉ်ကျေးမှုဆိုင်ရာ စာတမ်းများ၊ နိုင်ငံရေးနှင့် စီးပွားရေး ဆောင်းပါးများ ... အားလုံးသည် သက်တမ်းနှစ်နှစ်သာ ကျန်တော့သည့် နှောင်းအတွက် လက်လှမ်းမမီအောင်လည်း ဝေးခဲ့ပြီ။ လိုချင်မက်မောမှု မရှိအောင်လည်း မှန်းတီးနာကြည်းခဲ့ပြီ။

ကိုယ့်သေမိန့် ဘယ်တော့လဲဆိုတာ မသိတာကိုက လူ့ဘဝရဲ့ အနှစ်သာရပဲ...။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

တကယ်တော့ လူတစ်ယောက်က လူတစ်ယောက်ကို သေမယ့်နေ့ မပြောသင့်ပါ။ ပြောရန် သူ့မှာ အခွင့်အရေး မရှိပါ။ နှောင်းသည် လွန်ခဲ့သည့် တစ်နှစ်ကျော်ကျော်က မြိတ်မြို့မှအပြန် မြစ်ကြီးနား သင်္ဘောပေါ်မှာ ကြုံတွေ့ခဲ့ရသော အမျိုးသမီး၏ စကားများကို ပြန်စဉ်းစားတိုင်း ဒေါသဖြင့် မျက်ရည်ကျမိသည်။ ဒီမိန်းမက ဘာမို့လို့ ငါ့ကို သေမိန့်ပေးရတာလဲ...။ ဒါ သေမိန့်ရော ဟုတ်ရဲ့လား။ ကံဆိုးမိုးမှောင်၊ ဘေးအန္တရာယ်၊ သေခြင်းတရား။ ဒီသေမိန့်ကို ငါ ဖယ်ရှားမပစ်နိုင်ဘူးလား။ လောကမှာ ဘာမဆို တားဆီးဆွဲဆန့်လို့ ရတာပဲ။

နှောင်းသည် တစ်ခါတစ်ရံ မာန်တင်းလျက်၊ တစ်ခါတစ်ရံ ပျော့နွဲ့ခွေကျလျက် ဘဝတဏှာသာ တဖြည်းဖြည်း ကြီးရင့်လာကာ စိတ်၏ ငြိမ်းချမ်းမှုနှင့် တဖြည်းဖြည်း ကင်းဝေးလာသည်။

နှောင်းအခြေအနေကို အရိပ်တကြည့်ကြည့် အကဲခတ် ပူပန်လျက် နှစ်သိမ့် အားပေးနေရပြီး ထိုနှစ်သိမ့်အားပေးမှုများက သမီးကို ဘယ်လိုမှ မကုစားနိုင်တော့ကြောင်း သဘောပေါက်သောအခါ မေမေသည် သားဖြစ်သူကို ဖြစ်ပျက်သမျှ အစအဆုံး ပြောပြရင်ဖွင့်ရလေတော့သည်။

*"မြန်မာနိုင်ငံကို သားပြန်လာဖို့အထိတော့ မဖြစ်စေချင်ဘူး သား၊ ဖြစ်ပြီးတာတွေ ပြီးကုန်ပြီ၊ နှောင်းရဲ့အနာဂတ်ကို မတုံ့နှေးစေချင်ဘူး၊ သားရဲ့ ရခဲလှတဲ့ ဗီဇာသက်တမ်း မကုန်မချင်း အဲဒီမှာပဲ နေပါ၊ မေမေ ဘာလုပ်သင့်တယ်ဆိုတာတော့ သားအကြံပေးပါ..."*

သားဆီက ပြန်စာအရှည်ကြီးကို ဖတ်ပြီးသည့်အခါမှာတော့ မေမေသည် သူတစ်ခါမျှ မစဉ်းစားဖူးခဲ့သည့် အလုပ်ကို လုပ်ဖို့ စတင်စီစဉ် ရတော့သည်။

"ဟင့်အင်း... နှောင်း မလိုက်ဘူး မေမေ"

နှောင်း မျက်နှာမှ နားကြည်း မုန်းတီးရိပ်များသည် မေမေ့အတွက် သီးသန့် ဖြစ်လေသလားဟု မေမေစိုးရိမ်သွား၏။ ကိုယ်အလေးချိန် သိသာစွာ ကျဆင်းလျက် ယခင်တုန်းက သပ်ရပ်မှုများ၊ တက်ကြွမှုများမှ ကင်းကွာခဲ့ပြီ ဖြစ်သော နှောင်းကို မေမေက ရင်ထုမနာ ငေးမောနေသည်။

"မဟုတ်ဘူး သမီး... သမီးမှာ ဖြစ်ပေါ်နေတဲ့ စိတ်ဆင်းရဲမှုတွေကို..."

"အို... သမီး စိတ်ဆင်းရဲတာကို ဘယ်သူက ဘာလုပ်ပေးနိုင်မှာလဲ၊ စိတ်ရောဂါကုဆရာဝန်ဆိုတာ အရူးတွေကို ကုတာမေမေ၊ သမီးကို သူ ကုပေးလို့ မရဘူး၊ သမီး မသေအောင် သူ တားမပေးနိုင်ဘူး မေမေ၊ ဒီကိစ္စက ရှင်းရှင်းကလေးပါ"

ဒေါသတကြီး ဖြစ်သွားသော သမီးကို မေမေစဉ်းစဉ်းစားစား ကြည့်၏။ သမီး မသေအောင်တော့ သူတားမပေးနိုင်တာ အမှန်ပဲ သမီး၊ ဒါပေမဲ့ သမီး သေတော့မယ်ဆိုတဲ့ အထင်ကို သမီးဆီကနေ ခွာချပစ်ဖို့တော့ သူတတ်နိုင်ပါလိမ့်မယ်။

ဖြေချွဲလေး

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

## အခန်း(၄)

နောက်ဆုံးတော့ စမ်းသပ်မှုတစ်ခုကို လုပ်ကိုင်ခွင့် ပေးလိုက်သည့် သဘောမျိုးဖြင့် မေမေ့အလိုဆန္ဒကို နှောင်း လိုက်လျောရလေသည်။

၄ဖလမ်းရှိ ဆရာဝန်၏ ဆေးခန်းထဲသို့ ရည်ရွယ်ချက် ကင်းမဲ့သော ခြေလှမ်းများဖြင့် တစ်လှမ်းချင်း ဝင်လိုက်ပါသွားသော နှောင်းသည် ငယ်ရွယ်မှု၏ ပျိုမြစ်ခြင်းနှင့် ကင်းဝေးလျက် ရှိသည်။

အခန်းသည် နှောင်းထင်ထားသည်ထက် သန့်ရှင်း၏။ အံ့သြစရာ ကောင်းသည်မှာ နှောင်း ရောက်နေသော နေရာသည် အခန်းတစ်ခုအတွင်း ဖြစ်သော်လည်း ဟိုဘက်မှာ နောက်ထပ် မှန်တံခါးတစ်ချပ် ရှိသေးသည်။ နှောင်း ရပ်နေသော နေရာသည် စင်္ကြံသာသာ နေရာလွတ်ကလေး ဖြစ်ပြီး ထိုနေရာတွင် ရုံးစားပွဲ အသေးတစ်လုံးနှင့် မတ်တတ်ကုလားထိုင် တစ်လုံးသာ ရှိပြီး အနီရောင် လုံချည်ဝတ် သူနာပြုဆရာမကြီးတစ်ယောက် ထိုင်လျက်ရှိသည်။

“အထဲဝင်သွားပါ အစ်မကြီး”

အထဲမဝင်မီကပင် အခန်းထဲက အပြင်အဆင်ကို မှန်တံခါးမှ ဖောက်ထွင်း မြင်ရလျက် နှောင်း သဘောကျသွားသည်။

အထဲဝင်လိုက်သောအခါ ဆေးခန်းတစ်ခု၏ အနံ့အသက်မျိုး လုံးဝမရဘဲ လတ်ဆတ်သော ပရိဘောဂရနံ့တစ်ခုသာ ရှိနေသည်။

ထူးဆန်းသည်မှာ လူနာခုတင် လုံးဝမရှိပါ။ ထိုအချက်ဖြင့်ပင် နှောင်း ဤဆေးခန်းကို သဘောကျသွားသည်။ ဧည့်ခန်းတစ်ခုသာ ဖြစ်သည်။ သက်သောင့်သက်သာ ထိုင်နိုင်သော

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

ကျွန်းသားဆက်တီထိုင်ခုံများသာ ရှိသည်။ ဧည့်ခန်းစားပွဲပေါ်မှာတော့ ဆေးခန်းတစ်ခုနှင့် ဘာမျှမဆိုင်သော နှင်းဆီပန်းစိုက်အိုး တစ်ခု ရှိလေသည်။

“ထိုင်ကြပါ…”

စားပွဲတစ်ဖက်မှာ ထိုင်နေသူသည် ဆရာဝန်ဆိုလျှင်တော့ ထိုဆရာဝန်သည် နှောင်း တွေးထားသလို ကြောက်စရာ မကောင်းပါ။

သူသည် နူးညံ့သော မျက်နှာထားဖြင့် သာမန်လူလတ်ပိုင်းအရွယ် ယောကျ်ားတစ်ယောက်မျှသာ ဖြစ်သည်။ အသားခပ်လတ်လတ်၊ အရပ် မနိမ့်မမြင့်၊ သိမ်မွေ့သော အမူအရာ ရှိသည်။ အဖြူရောင် ရှပ်အင်္ကျီ လည်ကတုံးကို လည်ပင်းကြယ်သီး အစေ့ပိတ်၍ သေသပ်စွာ ဝတ်ဆင်ထား၏။ သူ၏ မျက်လုံးများမှာ အညိုရောင်လဲ့လဲ့ အေးချမ်းသော အသွင်အပြင် ရှိ၏။

“နှောင်းခင်ဇော် …ဟုတ်လား”

သူ၏အသံမှာ နှုတ်ခမ်းဖျားက မလာဘဲ လည်ချောင်းထဲ အာခေါင်ထဲက လာသောအသံ ဖြစ်သော်လည်း တိုးညင်းသည်။ ဆရာဝန်၏ ဣန္ဒြေရသော အမေးကို နှောင်းက မဖြေမီ မေမေက ခေါင်းညိတ်ဖြေ၏။

“ဟုတ်ပါတယ် ဆရာ”

ဆရာဝန်၏ မျက်နှာမှာ ဘဲဥပုံမျက်နှာ။ ဘဲဥပုံမှာမှ တစောင်းကြည့်လျှင်လည်း ပြားချပ်ချပ် ပြင်ညီမဟုတ်ဘဲ ဘဲဥလို လုံးဝန်း၍ အနားသတ် ပြေလျော့သော မျက်နှာဖြစ်သည်။ အထက်အောက် ကျယ်ပြန့်လွန်းသော နဖူးသည် အပေါ်မှ အောက်သို့ တဖြည်းဖြည်း ပြေလျော့စွာ ခုံးလာ၏။ မျက်ခုံးနှစ်ဖက်ကတော့ သာမန်ခပ်ပါးပါးသာ ဖြစ်သည်။ မျက်ခုံးများ နှာရောင်၏အထက်မှာ နည်းနည်းစိုက်ကျလာသဖြင့် အမြဲတမ်း တစ်စုံတစ်ခုကို စဉ်းစားတွေးတောနေဟန် မျက်နှာထားဖြစ်သည်။ မျက်ခွံက အနည်းငယ်သာ မို့သည်။ မျက်တောင်များ ရှည်လျားသော်လည်း မည်းနက်မှုမရှိ၊ ခပ်ညိုညို ရွှေရောင်ဖျော့ဖျော့ မျက်တောင်များ ဖြစ်သည်။ သို့သော် ထိုရွှေရောင်ဖျော့ဖျော့ မျက်တောင်မျှင်မျှင်များကြောင့်ပင် သူ့မျက်လုံးက ပို၍ညိုလဲ့နေပုံရသည်။ နှာခေါင်းက ချွန်လုံးသော်လည်း အနည်းငယ်သေးသည်။ နှာခေါင်းနှင့် နှုတ်ခမ်းအကြားက အချိုင့်ရာ မြောင်းကလေး ထင်ရှား၏။ နှုတ်ခမ်းအရောင်မှာ မျက်နှာအသားရောင်နှင့် အတူတူပဲ ဖြစ်သော်လည်း အနားရစ် ထင်ရှားဖောင်းမို့သောကြောင့် သေသပ်နေသည်။

ဤဆရာဝန်သည် ဆရာဝန်တစ်ယောက်ထက် အကဲဖြတ်လူကြီး တစ်ယောက်နှင့် တူ၏။

ဤဆရာဝန်သည် ရှေ့မှာ မလှုပ်မယှက် ထိုင်နေသော နှောင်းကို ပစ္စည်းတစ်ခုလို စေ့စေ့စပ်စပ် ကြည့်ရှုလျက် ရှိသည်။

သူက နှောင်းကို ဘာတွေများ ကုသပေးနိုင်မှာပါလိမ့်။ ကြည့်ကြသေးတာပေါ့။

“နှောင်းခင်ဇော်က ကျောင်းသူနော်…”

သေချာတာပေါ့။ ဒါပေမဲ့ နှောင်း ကျောင်းသူ ဟုတ်မဟုတ်က လူနာကုထုံးနဲ့ ဘယ်လိုများ သက်ဆိုင်နေလို့လဲ။ သို့သော် နှောင်း လုံးဝမဖြေဘဲ သူ့ကို ခပ်တည်တည် ကြည့်နေလိုက်သည်။

“ဟုတ်ပါတယ်ဆရာ၊ နောက်ဆုံးနှစ် ပထဝီအဓိက ကျောင်းသူပါ”

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

နှောင်းကိုယ်စား မေမေဖြေသည့်အတွက် ဆရာဝန် အနှောင့်အယှက် ဖြစ်သွားပုံ မရပါ။

"သိပ်ကောင်းတဲ့မေဂျာပဲ"

ဤလူသည် ရေလိုက်ငါးလိုက် အလိုက်သင့်နေတတ်သူမျိုး ဖြစ်ဟန်တူသည်။ စိတ်ရောဂါကု ဆရာဝန်တစ်ယောက်၏ နံပါတ်(၁) ချဉ်းကပ်နည်း ထင်ပါရဲ့။

သူမ စူးစူးဝါးဝါး ကြည့်ပစ်လိုက်၏။

"ကမ္ဘာကြီးတစ်ခုလုံးကို ကိုယ်က အထက်စီးကနေလဲ ကြည့်လို့ရတယ်၊ ဖောက်ထွင်းပြီးလဲ ကြည့်လို့ရတယ်၊ ပင်လယ်သမုဒ္ဒရာတွေကို ချဉ်းကပ်လို့ရတယ်၊ တောင်တန်းတွေ ချိုင့်ဝှမ်းတွေကို အနီးကပ် လေ့လာရတယ်၊ ပထဝီဟာ သိပ္ပံဘွဲ့ ဖြစ်သင့်တယ် မထင်ဘူးလား"

ညင်သာသိမ်မွေ့သော စကားကြောင့် သူမ နည်းနည်းတင်းကျပ်မှု လျော့သွားသည်။ မသိမသာ ဆုပ်ထားမိသော လက်များကို ဖြေလျှော့လိုက်၏။

"နှောင်းခင်ဗျာ…ဆရာ ဘာအကူအညီ ပေးရမလဲ"

သေချာသည်၊ နှောင်းကို အရူးတစ်ယောက်လို သူသဘောထားနေတာပဲ။ ဒါကြောင့် စကားကို ခပ်ဆဆ တွန့်ဆုတ်ဆုတ် ပြောနေတာပေါ့။

"နှောင်းကို ဘယ်သူမှ မကူညီနိုင်ပါဘူး ဆရာ"

ခပ်ပြတ်ပြတ်လေသံဖြင့် မာကျောစွာ ပြောလိုက်သော စကားသံသည် နှောင်းထံမှ ပထမဦးဆုံးစကား ဖြစ်သည်။

မေမေက ဆရာဝန်ကို အားနာသွားဟန်ဖြင့် 'အို…' ဟု ရေရွတ်ကာ နှောင်း၏ လက်ဖျားကို သတိပေးသလို ဆုပ်ညှစ်လိုက်၏။

ဆရာဝန်က နှောင်းကို အေးဆေးသိမ်မွေ့စွာ ကြည့်လျက် အတန်ကြာအောင် ငြိမ်သက်နေ၏။

ပြီးမှ…

"ဒါဖြင့် နှောင်းခင်ဗျာမှာ ပြဿနာတစ်ခုတော့ ရှိနေတယ်ပေါ့"

"ဟုတ်…"

"အဲဒီပြဿနာကို ဆရာ့ကို ပြောပြချင်စိတ် ရှိရဲ့လား"

သူမ ဆရာဝန်ကို အံကြိတ်၍ ကြည့်လိုက်သည်။

"ပြောပြချင်စိတ်တော့ မရှိဘူး၊ ဒါဟာ ဆရာတို့လုပ်ငန်းနဲ့ ဘာမှ မဆိုင်ဘူးလို့ ထင်တယ်ဆရာ၊ ဆရာ့လုပ်ငန်းက စိတ်ရောဂါသည်တွေကို ကုပေးတဲ့လုပ်ငန်းပဲ၊ နှောင်းက အရူးမှမဟုတ်တာ၊ ဒါပေမဲ့…"

ဆရာဝန်က စကားထောက်မပေးပါ။ ကုလားထိုင် နောက်ကျောကို သက်သောင့်သက်သာ မှီလျက်၊ လက်တန်းနှစ်ခုပေါ်မှာ တံတောင်နှစ်ဖက် တင်လျက် လက်ဖမိုးတစ်ခုပေါ်သို့ လက်ဖဝါးဖြင့် အုပ်ကိုင်လျက် ငြိမ်သက်စွာ လှမ်းကြည့်နေသည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"ဒါပေမဲ့ နှောင်းမှာ ဖြစ်နေတဲ့ ပြဿနာကို ဆရာ့ကို ပြောပြလိုက်လို့ ထူးပြီး စိတ်ထိခိုက်ရမှာ မဟုတ်ပါဘူး"

ဆရာဝန်က ထောက်ခံသလို ခေါင်းညိတ်၏။

"ဒါပေမဲ့ ထူးခြားပြီး သက်သာရာ ရသွားမှာလဲ မဟုတ်ဘူးဆရာ"

ဆရာဝန်က ခေါင်းညိတ်ပြန်၏။ နှောင်း သူ့ကို မကျေမချမ်း ငေးမောမိသွားသည်။

အဲဒီလို အလိုလိုက်တဲ့ အကြည့်မျိုးနဲ့ မကြည့်ပါနဲ့။ နှောင်းဟာ အရူး တစ်ယောက် မဟုတ်ဘူး။

"နှောင်းမှာ ဘာစိတ်ရောဂါမှ မရှိဘူး ဆရာ"

"ဆရာ သိပါတယ်"

နှောင်း သူ့ကို ဒေါသဖြင့် စိုက်ကြည့်လိုက်သည်။

"ဆရာ မသိပါဘူး"

"ဟောဗျာ..."

သူ နူးညံ့သိမ်မွေ့စွာ ပြုံးရယ်လိုက်လေသည်။ အပြုံးကြောင့် ဆွဲဆောင်မှုများစွာဖြင့် တောက်ပကြည်လင်သွားသော သူ့မျက်နှာကို ကြည့်ကာ နှောင်း အနည်းငယ် စိတ်လျှော့ပစ်လိုက်ရသည်။

"နှောင်း ပြဿနာကို မပြောခင် နှောင်း ဆရာ့ကို မေးခွန်းတစ်ခု မေးလို့ ရမလားဟင်"

"သိပ်ရတာပေါ့၊ ကြိုက်တဲ့မေးခွန်း မေးပါ သမီး"

"နောက်နှစ်နှစ်အကြာမှာ ဆရာ သေရတော့မယ်ဆိုတာ အတိအကျ သိရင် ဆရာ ဘာလုပ်မလဲ"

ဆရာဝန်သည် ပြေလျော့စွာ ထိုင်နေသော ကိုယ်ကို မတ်လိုက်၏။ ဆရာဝန်၏ အလေးအနက် ဖြစ်သွားသော မျက်နှာကို အလွတ်မပေးဘဲ စိုက်ကြည့်နေရင်း နှောင်း သရော်တော်တော် ပြုံးမိမလို ဖြစ်သွားသည်။ ကဲ... ဖြေစမ်းပါ ဆရာ၊ ကျေးဇူးပြုပြီး အဲဒီမေးခွန်းကို မှန်မှန် ဖြေစမ်းပါ။

ဆရာဝန်က နည်းနည်းမျှ မပြုံးဘဲ ဖြေပါသည်။

"နှစ်နှစ်ဆိုတဲ့ အချိန်ဟာ ပျော်ရွှင်မှုကို ခံစားဖို့ သိပ်မနည်းလှပါဘူး၊ ဆရာ အဲဒီအခြေအနေကို ရောက်နေတယ်ဆိုရင် ဆရာ ပထမဆုံးဦး လုပ်ရမှာက မြန်မာနိုင်ငံရဲ့ မရောက်ဖူးသေးတဲ့ ဒေသတွေကို လှည့်ပတ်သွားမယ်၊ ဆရာ့မှာရှိတဲ့ ငွေနဲ့ နှစ်နှစ်အချိန်ကို အချိုးချ တွက်ချက်ပြီး တစ်နေ့ကို ဘယ်လောက် သုံးဖြုန်းနိုင်သလဲ ကြည့်မယ်၊ ဆရာသေရင် ထားခဲ့ရမယ့် အမွေဆက်ခံသူမှ မရှိတာ၊ အားလုံး ဆရာမသေခင် အကုန်ဖြုန်းသွားမယ်၊ မလုပ်ဖူးတဲ့အရာ မှန်သမျှ တစ်စုံတစ်ယောက်ကိုလဲ မထိခိုက်ဘူးထင်ရင် အစုံလုပ်သွားမယ်၊ ပျော်ရွှင်မှုနဲ့ ငြိမ်းချမ်းမှုကို ရသမျှ အကုန်အသုံးချပစ်မယ်"

နှောင်း ဆရာဝန်ကို မယုံသင်္ကာဖြင့် စိုက်ကြည့်နေ၏။

"ဆရာ့ရဲ့လူနာတွေ အတွက်ရော..."

ဆရာဝန်က မသိမသာ ပခုံးတွန့်သည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"ဆရာ့ရဲ့သေနေ့ကို မသိရခင်မှာ ဆရာ သူတို့အတွက် တတ်နိုင်သမျှ လုပ်ပေးခဲ့ပြီးပြီပဲ၊ လူနာတွေဆိုတာက ကိုယ်မရှိရင် မဖြစ်တဲ့ လူတွေမှ မဟုတ်တာ၊ မြန်မာနိုင်ငံမှာ ကိုယ့်ထက်တော်တဲ့ ဆိုက်ခီယားထရစ်စ်တွေ အများကြီး၊ ကိုယ်မရှိရင်လဲ သူတို့အဖို့ ပြဿနာ မဟုတ်ပါဘူး၊ ဒီကိစ္စက ကိုယ်တစ်ယောက်တည်းရဲ့ ပြဿနာပဲ၊ ကိုယ်သေတဲ့အခါမှာ သူတို့လိုအပ်ရင် လွမ်းဆွေးရင် တစ်ပတ်ပေါ့၊ နောက်တော့ ကိုယ်ဒီလောကကြီးထဲမှာ ရှိခဲ့ဖူးမှန်းတောင် သူတို့ သိတော့မှာ မဟုတ်ပါဘူး"

သိပ်မှန်တာပေါ့ ဆရာ။ နှောင်း နာနာကြည်းကြည်းပင် စိတ်ထဲက ကြိတ်၍ ထောက်ခံလိုက်၏။

"လူ့ဘဝရဲ့ အနှစ်သာရကို အမျိုးမျိုး အဓိပ္ပာယ် ဖော်ကြတယ်၊ ဆရာ့အတွက်တော့ လူ့ဘဝရဲ့အဓိပ္ပာယ်က ရုန်းကန်လှုပ်ရှားခြင်း၊ အကျိုးပြုခြင်း၊ ပျော်ရွှင်မှု ရှာဖွေခြင်း... အဲဒီသုံးမျိုးကို အချိုးကျကျ ပေါင်းစပ်ခြင်းပဲ၊ ဒါပေမဲ့ ခက်တာက လူတွေဟာ ကိုယ်ဘယ်အချိန် သေမယ်ဆိုတာ အတိအကျ မတွက်တတ်ဘူး၊ အဲဒီမှာ ရှေ့နောက်အစီအစဉ်တွေ လွဲချော်ကုန်တာပဲ၊ အဲဒါ ကံဆိုးတာပေါ့"

"ဒါဖြင့် နှောင်း ကံကောင်းတယ်လို့ ပြောရမှာပေါ့လေ"

ဆရာဝန်၏ မျက်နှာမှာ အကြီးအကျယ် သတိထားဟန်ဖြင့် အနည်းငယ် ပြောင်းလဲသွား၏။

"နှောင်းခင်ဗျာ်က..."

"နှောင်းက နောက်နှစ်နှစ်ကြာရင် သေတော့မယ်ဆိုတာ နှောင်း သိနေတယ်"

ထိုစကားကို ဇွတ်ကြိတ်မှိတ်၍ ပြောချလိုက်ပြီးသောအခါ အမြဲတမ်း လေးလံကျပ်တည်းနေသော ဝန်ထုပ်ကြီးတစ်ခု အနည်းငယ်ပေါ့ပါး သက်သာသွားသလို ရှိသည်။

"အဲဒါကို နှောင်းခင်ဗျာ်က ဘယ်လိုလုပ် သိသလဲ၊ ဆရာဝန် တစ်ယောက်ယောက်က ပြောတာလား"

"မဟုတ်ဘူး၊ နှောင်းကို..."

ဆရာဝန်၏ မျက်နှာကို မဝံ့မရဲ အကဲခတ်လျက် နှောင်းပြောချလိုက်၏။

"နှောင်းကို အကြားအမြင် ဆရာမတစ်ယောက်က ဟောထားတယ်ဆရာ၊ နှစ်ဆယ့်လေးနှစ်မှာ နှောင်း သေရလိမ့်မယ်တဲ့"

နှောင်း စိုးရိမ်သလို ဆရာဝန် ရယ်မောခြင်း မရှိပါ။ ပြုံးပင် မပြုံးပါ။ စဉ်းစားသော မျက်နှာထားဖြင့် နှောင်းကို တစ်ချက်ကြည့်လျက် ခေါင်းကို အသာညိတ်၏။

"အဲဒီလို စကားမျိုးကို ပထဝီအဓိက နောက်ဆုံးနှစ် ကျောင်းသူတစ်ယောက် ယုံကြည်ဖို့ လက်ခံဖို့ဆိုရင် လုံလောက်တဲ့ အကြောင်းတွေ အများကြီး ရှိနေရမယ်"

နှောင်းသည် ဆရာဝန်ကို ပထမဆုံးအကြိမ် အထင်ကြီးသွား၏။ သူသည် နှောင်းထင်ထားသလို လူတစ်ယောက်ကို နားလည်ဖို့ ခက်ခဲသူ မဟုတ်ပါ။ အရာရာကို မျှတစွာ တွေးမြင်ဖို့ ကြိုးစားသူ ဖြစ်ပါသည်။

"ဟုတ်ကဲ့၊ ရှိနေတယ် ဆရာ"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

ထို့နောက် နှောင်း ရင်ထဲမှာ အမြဲတမ်း လေးလံတင်းကျပ်နေသော သောက ဝန်ထုပ်ဝန်ပိုးကြီးကို မမျှော်လင့်ဘဲ အစအဆုံး ပြောပြမိလျက်သား ဖြစ်သွားသည်။ ဆရာဝန်သည် စကားတစ်လုံးမျှ မထောက်ဘဲ နှောင်းကို ငေးမောနေ၏။

စကားဆုံးသောအခါ နှောင်းမျက်လုံးအစုံမှ မျက်ရည်များ လိမ့်ဆင်းကျလျက် ရှိသည်ကို နှောင်း သတိထားမိသွားသည်။ နှောင်း အနည်းငယ်ရှက်ကာ လက်ခုံဖြင့် ပွတ်တိုက်သုတ်ပစ်၏။ မေမေက လက်ကိုင်ပဝါဖြင့် နှောင်းကို အသာအယာ ပွတ်သုတ်ပေးသည်။

ဆရာဝန်က ပင့်သက်တစ်ချက် ရှိုက်၏။

"ပြဿနာက မင်းလို ကလေးမလေး တစ်ယောက်တည်းအတွက် ရင်ဆိုင်ဖို့ ခက်ခဲတယ်ဆိုတာ ဆရာသိပါတယ်၊ ဒီပြဿနာကို ဆရာလဲ ဘေးကနေ ကူညီစဉ်းစားပေးချင်တယ်၊ အနည်းဆုံး ဘာတွေလုပ်ရင် ကောင်းမလဲဆိုတာ တိုင်ပင်ကြတာပေါ့၊ နှောင်းခင်ဗျာ လက်ခံရဲ့လား"

"ဟုတ်ကဲ့..."

ဤဆရာဝန်ဆီသို့ သွားရောက်အကူအညီ တောင်းရန် ဖွတ်တိုက်တွန်းခဲ့သော မေမေ့ကို နှောင်း ကျေးဇူးတင်သွား၏။ တကယ်တော့ စိတ်ရောဂါ အထူးကုဆရာဝန်တွေဟာ ခပ်ကြောင်ကြောင် လူတွေ မဟုတ်ပါဘဲလား။

"ပထမဦးဆုံး ဆရာတို့ သိထားရမှာက အချိန်ကာလကို တွက်ချက်တဲ့နေရာမှာ ဘယ်သူမှ အတိအကျ ပြောလို့မရဘူး၊ ဥပမာ သေလောက်တဲ့ ရောဂါတစ်ခုကို ရနေတဲ့လူနာတစ်ယောက်၊ ဆိုပါတော့... အသည်းကြွပ်တဲ့ ရောဂါ... ရောဂါအခြေအနေကို လိုက်ပြီး ခြောက်လကနေ ငါးနှစ်အထိ ဆရာတို့ ခန့်မှန်းကြတယ်၊ ဒါ အတိအကျ ဘယ်လိုမှ မမှန်းနိုင်ဘူး၊ ဥပမာ အဆုတ်ကင်ဆာ... အဆင့်ပေါ်မှာ မူတည်ပြီး သုံးလကနေ နှစ်နှစ်အထိ ဆရာတို့ ခန့်မှန်းကြတယ်၊ အဆုတ်နှစ်ဖက်လုံး ကူးနေတဲ့ ကင်ဆာရောဂါသည် တစ်ယောက်ကို ဆရာက သုံးလလို့ ခန့်မှန်းလိုက်တယ်၊ ဒါပေမဲ့ လူနာက တစ်နှစ်ကြာအောင် အသက်ရှင်သွားတယ်၊ သွေးကင်ဆာရောဂါသည် တစ်ယောက်ကို ဆရာက တစ်နှစ်လို့ ခန့်မှန်းလိုက်တယ်၊ ကံဆိုးချင်တော့ တစ်လအတွင်းမှာပဲ သွေးတွေအန်ပြီး သေသွားတယ်၊ အဲဒီနေရာမှာ ဆရာတို့ မြန်မာဆေးကျမ်းအရ လက်ခံရမှာက ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ အာဟာရရယ်... အသက်ရှင်မှုကို ထိန်းချုပ်ထားတယ်၊ ဒီတော့ အချိန်ကာလ ကန့်သတ်တဲ့ နေရာမှာ ဒီလေးမျိုးလုံး တစ်ခုကိုတစ်ခု အကျိုးပြုနေမှ မှန်ကန်နိုင်မှာပေါ့"

ဆရာဝန်၏ စကားလုံးများသည် နှောင်း၏ ရင်ထဲသို့ တုန်ခါမှု ကင်းစွာ ဝင်ရောက်သွားသည်။ သိပ်မဆိုးလှပါ။

"သေလောက်တဲ့ ရောဂါသည်တစ်ယောက်ကို ရောဂါဇာစ်မြစ် အတိအကျသိတဲ့ ဆရာဝန်က ခန့်မှန်းတာတောင် လွဲချော်နိုင်သေးရင်... သာမန် အကောင်းပကတိ ကျန်းမာနေတဲ့ လူတစ်ယောက်ကို ဘယ်နှနှစ်မှာ အတိအကျ သေမယ်လို့ ဟောလိုက်တာဟာ တော်တော်မိုက်မဲတာပဲ၊ အဲဒီ အဟောကို မဖြစ်သေးခင်မှာ ကြိုတင်စိတ်ပူပြီး ဆောက်တည်ရာမရ ဖြစ်နေတဲ့လူက ပိုပြီး မိုက်မဲတယ်"

နှောင်း မျက်လုံးမှ ဒေါသရိပ်များကို ဆရာဝန်က မမြင်ချင်ယောင် ဆောင်နေသည်။

"ဒါပေမဲ့ လူဟာ လိုချင်တာတွေ သိပ်များပြီး အကုန်မရနိုင်တော့ဘူးလို့ ထင်လာတဲ့အခါ အဲလိုပဲ မိုက်မဲတတ်တယ်၊ ဒါဟာ လူပီသတာပဲ၊ ဆရာတို့ အခု ဖြေရှင်းရမယ့် ပြဿနာက ဒီကိစ္စဟာ တကယ်ဖြစ်နိုင် မဖြစ်နိုင်ဆိုတာပဲ၊ ဒါကို လက်တွေ့ကျကျ ချဉ်းကပ်ကြရအောင်..."

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

နှောင်း မျက်လွှာချကာ ငြိမ်သက်သွား၏။

ဆရာဝန်သည် ထိုင်ရာမှ ဖြည်းညင်းစွာ ထရပ်လိုက်သည်။ ဆရာဝန်၏ အရပ်မှာ နှောင်းထင်ထားသည်အထိ ပို၍ မြင့်မား၏။ အနက်ရောင် အောက်ခံတွင် စကြာပုံ အဖြူပြောက်များ မှုန်းခြယ်ထားသည့် ယောပုဆိုးသည် အဖြူရောင်ရှပ်အင်္ကျီကြောင့် ငြိမ်သက်သော တွဲဖက်မှု ဖြစ်သွားသည်။ ဆရာဝန်ကို ကြည့်နေရင်းမှာပင် ဤသူသည် နှောင်း၏ဒုက္ခကို ကယ်တင်ပေးနိုင်မည့် ပုဂ္ဂိုလ်ဖြစ်ကြောင်း သေချာစွာ လက်ခံလိုက်၏။

ဆရာဝန်သည် သူ့ထိုင်ခုံ၏ နောက်ဘက်တွင် နှောင်းနှင့် မျက်နှာချင်းဆိုင် ရပ်၍ကိုယ်ကို အနည်းငယ်ကိုင်းကာ ကုလားထိုင် နောက်မှီပေါ် လက်ဖဝါးနှစ်ဖက် ထောက်ထား၏။ စကားပြောသောအခါ လည်ချောင်းထဲက၊ သို့မဟုတ် အာခေါင်ထဲက လာသောအသံဖြင့် လေးနက်စွာ၊ တိုးတိတ်စွာ ပြောလေသည်။

"အသက်နှစ်ဆယ့်လေးနှစ်မှာ လူတစ်ယောက် သေဆုံးဖို့ဆိုတာ မဖြစ်နိုင်သလို ထင်ရပေမယ့် တကယ်တော့ သိပ်ဖြစ်နိုင်ပါတယ်၊ နှစ်ဆယ့်လေးနှစ် အရွယ် မိန်းကလေးတစ်ဦး သေဆုံးဖို့အတွက် နည်းလမ်းတွေ ရောဂါတွေ အများကြီးရှိတယ်၊ တကယ်လို့ အဲဒီရောဂါတွေကို မရှောင်ရှားနိုင်ခဲ့ဘူး ဆိုရင်ပေါ့လေ၊ ပထမဦးဆုံး… သေနိုင်တဲ့ရောဂါတွေကို စဉ်းစားရမယ်၊ အများစု ကြောက်ရွံ့တဲ့ရောဂါက ကင်ဆာပဲ၊ အသက်ငယ်ရွယ်သူတွေမှာ ကင်ဆာမဖြစ်နိုင်ဘူးလို့ တချို့က ထင်တယ်၊ ဒါပေမဲ့ ငယ်ရွယ်သူတွေမှာ ကင်ဆာဟာ အဖြစ်နည်းတာပဲ ရှိတယ်၊ မဖြစ်တာ မဟုတ်ဘူး၊ ဒီတော့ နှစ်ဆယ့်လေးနှစ်အရွယ်မှာ ဖြစ်နိုင်တဲ့ ကင်ဆာတွေ တွက်ကြည့်၊ အကြမ်းဖျင်းပေါ့၊ အသည်းကင်ဆာ၊ အရိုးကင်ဆာ၊ သွေးကင်ဆာ၊ ရင်သားကင်ဆာ၊ သားဥပြွန်ကင်ဆာ၊ ဒီထဲကနေ လူသိများတဲ့ ရောဂါက သွေးကင်ဆာ၊ ဒီတော့ နှောင်းခင်ဇော်မှာ သွေးကင်ဆာ ဖြစ်နိုင်ခြေ ရှိသလား…"

ဆရာဝန်က နှောင်းကို တစ်အောင့်လောက် စိုက်ကြည့်၏။ နှောင်း ဖြေရန် မေးသော မေးခွန်းမဟုတ်မှန်း သိပါသည်။

"လက်သည်း ဆိုးမထားတဲ့ လက်သည်းတွေ လက်ဖျားတွေ နီမြန်းနေတယ်၊ ပါးတွေက ပန်းသွေးရောင် ဖြစ်နေတယ်၊ နှုတ်ခမ်းက ပန်းသွေးရောင် နီနေတယ်… ဒီတော့ နှောင်းခင်ဇော်မှာ သွေးကင်ဆာဖြစ်ဖို့ အရိပ်အယောင် မပြောနဲ့၊ သွေးအားနည်းရောဂါတောင် မရှိနိုင်ဘူး"

ဆရာဝန်က မသိမသာ တစ်ချက်ပြုံး၍ ဆက်ပြော၏။

"အသည်းကင်ဆာအကြောင်း ပြောရအောင်… နှောင်းခင်ဇော်ရဲ့ ပုံပန်းသဏ္ဌာန်ဟာ အသည်းရောဂါသည်တစ်ယောက်ရဲ့ ပုံပန်းသဏ္ဌာန်နဲ့ လုံးဝမတူဘူး၊ ဒါပေမဲ့ နှောင်းမှာ ဖြစ်လာနိုင်ခြေကို တွက်ကြည့်ရအောင်၊ နှောင်းခင်ဇော်… အသည်းရောင်ဖူးသလား၊ အသားဝါဖူးသလား"

"ဟင့်အင်း…"

"ကောင်းတယ်၊ ဝမ်းကိုက်ရောဂါ မကြာခဏ ဖြစ်ဖူးသလား၊ အပြင်က အစားအစာတွေ၊ မသန့်တဲ့ ရေတွေ သောက်ဖူးစားဖူးသလား"

"ဟင့်အင်း… နှောင်း ဝမ်းကိုက်ရောဂါလဲ မဖြစ်ဖူးဘူး၊ အပြင်က အသုပ်တွေ ဘာတွေလဲ မစားဖူးဘူး ဆရာ၊ ရေကိုလဲ အိမ်မှာ ရေကျက်အေးပဲ သောက်တယ်"

"သိပ်ကောင်းတာပေါ့၊ နှောင်းခင်ဇော်မှာ အသည်းရောဂါဖြစ်ဖို့ အခွင့်အရေး မရှိတော့ဘူး"

ဆရာဝန်သည် ဆရာဝန်နှင့် မတူဘဲ ဆရာတစ်ယောက် သင်ခန်းစာ ရှင်းပြနေသလို ပုံစံမျိုး ဖြစ်နေ၏။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"မလိုအပ်ဘဲ ဆေးမထိုးနဲ့၊ ဆေးစားတဲ့အကျင့်ကိုပဲလုပ်... ဒါဆိုရင် အေအိုင်ဒီအက်စ်လဲ ဆေးထိုးအပ်ကနေ မဝင်တော့ဘူး၊ အသည်းရောင် ရောဂါပိုးလဲ ဆေးထိုးအပ်ကနေ မဝင်တော့ဘူး၊ အရိုးကင်ဆာနဲ့ ရင်သားကင်ဆာကတော့ ကာယကံရှင်ကိုယ်တိုင် သိနိုင်တဲ့ ရောဂါပဲ၊ အဲဒီရောဂါတွေ မဖြစ်နိုင်ဘူးဆိုတာ နှောင်းခင်ဇော် သိနေမှာပဲ၊ သားဥပြွန်ကင်ဆာကတော့ ကိုယ့်ဟာကိုယ် မသိနိုင်ဘူး၊ ဆရာဝန် စမ်းသပ်ရင်တောင် ဖြစ်ခါစမှာ မသိနိုင်ဘူး၊ ဒါပေမဲ့ မစိုးရိမ်ပါနဲ့၊ အခု ဆရာတို့နိုင်ငံဟာ အနည်းငယ် တိုးတက်နေပြီဆိုတော့ အာလ်ထရာဆောင်းလို့ ခေါ်နေကြတဲ့ ရောဂါရှာဖွေရေး ကိရိယာအကြောင်း နှောင်းခင်ဇော် ကြားဖူးမှာပေါ့"

"ဟုတ်ကဲ့"

"အဲဒီလိုပဲ စကင်န်လို့ ခေါ်တဲ့ ရောဂါရှာဖွေနည်းနဲ့ စမ်းသပ်ကြည့်လို့ရတယ်၊ ကိုယ်တို့သတ္တိရှိရှိ ရင်ဆိုင်ကြမှ ဖြစ်မယ်"

နှောင်း ဆရာဝန်၏ စကားကို အနည်းငယ် လက်မခံနိုင်သလို ဖြစ်သွား၏။

"သတ္တိအကြောင်း မပြောပါနဲ့ဆရာ၊ နှောင်း သတ္တိရှိပါတယ်၊ နှောင်း သေဆုံးခြင်းဆိုတာကို ရင်မဆိုင်ရဲလို့ ကြောက်နေတာ မဟုတ်ပါဘူး"

ဆရာဝန်က ဘာမျှဆက်မပြောဘဲ နှောင်းကို ခေါင်းညိတ်ပြသည်။

"နှောင်းက သေရမှာကို မကြောက်ပါဘူးဆရာ၊ ဒါပေမဲ့ နှောင်းရဲ့ မရှိတော့တဲ့ အဖြစ်ကို လုံးဝလက်မခံနိုင်အောင် မနာလို ဖြစ်နေတာ"

"ဘယ်သူ့ကို မနာလိုတာလဲ"

ဆရာဝန်က တိုးတိတ်စွာ မေး၏။

"အသက်ရှင်ကျန်ရစ်မယ့် အားလုံးကိုပေါ့ ဆရာ"

ဆရာဝန်က ဖြည်းလေးစွာ ခေါင်းညိတ်ပါသည်။

"နှောင်းမှာ လုပ်စရာတွေ အများကြီးရှိသေးတယ်၊ နှောင်း သင်ချင်တဲ့ ပညာတွေ အများကြီး ရှိသေးတယ်၊ လူ့ဘဝဆိုတာ ဘယ်လိုလဲလို့ နှောင်း ခံစားကြည့်ချင်သေးတယ်၊ နှောင်း ကမ္ဘာအနှံ့ ခရီးသွားချင်သေးတယ်၊ လူ့ဘဝရဲ့ ဖြစ်တည်မှု အနှစ်အရသာကို နှောင်း အပြည့်အဝ သိချင်သေးတယ်၊ နှောင်းဟာ အမြဲကြိုးစားနေခဲ့တဲ့သူပါ၊ နောက်ပြီး နှောင်းဟာ ကိုယ်ကျင့်သိက္ခာကိုလည်း အမြဲထိန်းခဲ့တယ် ဆရာ၊ နောက်ပြီး... ဗုဒ္ဓဘာသာ အလိုအရလဲ နှောင်း ဘယ်အသက်ကိုမှတောင် မသတ်ခဲ့ဖူးဘူး၊ ပိုးမွှားတစ်ကောင်ရဲ့ အသက်ကိုတောင် နှောင်း မသတ်ခဲ့ဘူး၊ နှောင်း ဘယ်သတ္တဝါအပေါ်မဆို အမြဲကြင်နာတတ်ခဲ့တယ်၊ နှောင်း ပတ်ဝန်းကျင်မှာ သူငယ်ချင်းတွေ မိတ်ဆွေတွေ မကောင်းမှုလုပ်နေတဲ့သူတွေ ရှိတယ်၊ သူတို့က အသက်ရှင် ကျန်ရစ်ခဲ့ပြီး နှောင်းက သေသွားရမယ့်အဖြစ်ဟာ လုံးဝမတရားဘူး၊ နှောင်းသူငယ်ချင်းတွေ နှောင်းက သူတို့ထက် တစ်နေ့ရာရာမှာ သာတယ်ထင်ရင် မနာလိုတဲ့သူတွေ နှောင်းမှာ အများကြီးရှိတယ်၊ သူတို့က အခု နှောင်း သိပ်နေမကောင်းတာကို မြင်တော့ စိုးရိမ်ပူပန်သလို စကားတွေနဲ့ နှစ်သိမ့်နေပေမယ့် သူတို့ နှောင်း ဒီလိုဖြစ်တာကို မြင်လို့ ပျော်ရွှင်နေကြတယ်၊ ဟင့်အင်း နှောင်းသိတယ် ဆရာ၊ နှောင်း မမှားပါဘူး၊ သူတို့မျက်လုံးထဲမှာ နှောင်း မြင်နေရပါတယ်၊ သူတို့က နှောင်း သေသွားရင် ပျော်ကြလိမ့်မယ်ဆရာ၊ နှောင်း အဲဒါကို ဒေါသဖြစ်တယ်"

ဆရာဝန်က နှောင်းကို ငေးမောနေ၏။ နှောင်းသည် အနည်းငယ်မျှ ထိန်းချုပ်မှု မရှိဘဲ ဆက်တိုက်ပြောနေမိတော့သည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"သေတယ်ဆိုတာ ရှုံးသွားတာပဲ၊ နှောင်းက ရှုံးမှာကို ကြောက်တယ်၊ အသက်အရွယ် ကြီးလို့၊ လူ့ဘဝသက်တမ်းအရ အိုမင်းလို့၊ သေသင့်လို့ သေတာမျိုးကို နှောင်းလက်ခံပါတယ်၊ အခုတော့ နှောင်း အသက်ငယ်ငယ်လေးမှာ သေရမယ်တဲ့၊ ဒါဟာ လုံးဝမတရားဘူး၊ မကောင်းမှု မှန်သမျှ ဘယ်တော့မှ မလုပ်ဘဲ အမြဲစောင့်ထိန်းခဲ့တဲ့ နှောင်းအတွက် စီရင်ချက်ကြီးက လုံးဝကို မတရားဘူး ဆရာ၊ နှောင်း အဲဒါကို လက်မခံချင်ဘူး၊ နှောင်း အရှုံးမပေးချင်ဘူး... သေမှာ ကြောက်တာထက် လူ့လောကထဲက ထွက်သွားရတဲ့ အရှုံးကို လက်မခံချင်ဘူး၊ နှောင်း သေသွားတဲ့အခါ သူတို့က နှောင်းကို သနားကရုဏာသက်သလိုလို စုတ်တသပ်သပ်နဲ့ မျက်ရည်လည်ပြကြလိမ့်မယ်ဆရာ၊ မေမေ့ကို သူတို့ နှစ်သိမ့်ပေးလိမ့်မယ်၊ သူတို့ကိုယ်တိုင်ကတော့ ဘယ်တော့မှ မသေတော့မယ့်ပုံစံမျိုး အောင်နိုင်သူရဲ့ မျက်နှာထားမျိုးတွေနဲ့ နှောင်းရဲ့အလောင်းကို ငုံ့ကြည့်နေကြလိမ့်မယ်... အဲဒါတွေကို နှောင်း ဘယ်လိုလုပ်ပြီး ရင်ဆိုင်နိုင်ပါ့မလဲ၊ နှောင်းကတော့ နည်းနည်းမှ အလျှော့မပေးချင်ဘူး၊ အတတ်နိုင်ဆုံး ခံတိုက်မှာပဲ... နှောင်း သူတို့ကို မုန်းတယ်ဆရာ..."

ထို့နောက် နှောင်း ရှိုက်ကြီးတငင် ငိုချလိုက်လေသည်။

ပတ်ဝန်းကျင်သည် နှောင်း၏ရှိုက်သံမှတစ်ပါး တိတ်ဆိတ် ငြိမ်သက်နေ၏။ မေမေက နှောင်းအနီးတွင် တောင့်တောင့်ကြီးထိုင်ကာ မျက်ရည်တွေတွေ ကျကာ ခေါင်းခါယမ်းနေမိသော်လည်း သမီးကို လက်ဖျားကလေးဖြင့် ထိကိုင်ဖက်ပွေ့ဖို့ပင် ခွန်အားမရှိတော့ပေ။ ဆရာဝန်ကတော့ မျက်နှာချင်းဆိုင်မှာ မတ်တတ်ရပ်ရင်း ငိုရှိုက်နေသော ကလေးမကို ငေးမောကြည့်နေသည်။

ရှိုက်သံတဖြည်းဖြည်း တိတ်သွားမှ သူ စကားစတင်ပြောသည်။

"နှောင်းခင်ဇော်...၊ မင်း စိတ်ထဲမှာ ဖြစ်ပေါ်နေသမျှ အချက်တွေအားလုံးကို ဆရာ ခံစားလို့ရပါတယ်၊ နှောင်းခင်ဇော်ကို စိတ်မညစ်ပါနဲ့လို့ ဆရာပြောရင် ဆရာဟာ အရူးပဲဖြစ်မယ်၊ ကိုယ်ချင်းစာတရား ခေါင်းပါးတဲ့ လူမိုက်ပဲ ဖြစ်မယ်၊ မင်းကို ဆရာ ဘာသာတရားအကြောင်းဟောပြော ပေးနိုင်သားပဲ၊ အနိစ္စဆိုတဲ့ စကားလုံးကို ဆရာလွယ်လွယ်ကလေး ရွတ်ပြနိုင်ပါတယ်၊ ဒါပေမဲ့ နှောင်းခင်ဇော် အခုလိုအပ်နေတာက ဘာသာတရား မဟုတ်သေးဘူး၊ နောက်ပြီး အနိစ္စကို ဆရာတောင် ရှင်းရှင်းလင်းလင်း လက်မခံနိုင်သေးတာ၊ ဆရာ့ထက် အသက်ထက်ဝက်လောက် ငယ်တဲ့မင်းကို ဆရာ ဘယ်လိုလုပ်ပြီး ပြောပြရမလဲ..."

နှောင်းသည် ဆရာ့ကို အဓိပ္ပာယ် ကင်းမဲ့သော မျက်လုံးများဖြင့် တွေတွေကလေး ငေးနေ၏။

"နှောင်းခင်ဇော် အခုလိုအပ်နေတာက အဲဒီသေခြင်းဆိုတာကို တွန်းလှန်ဖို့ ကျော်ဖြတ်ဖို့ အားမာန်ပဲ၊ လူ့ဘဝဆိုတာ အပြည့်အစုံ ရေးထားပြီးသား စာအုပ်တစ်အုပ် ဆိုတဲ့စကား ကြားဖူးသလား..."

နှောင်း ဖြည်းလေးစွာ ခေါင်းညိတ်သည်။

"အဲဒီစကားကို လက်ခံသလား..."

နှောင်း နှုတ်ခမ်းတင်းတင်းစေ့ကာ ဆတ်ခနဲ ခေါင်းခါယမ်းပစ်လိုက်၏။

"ဟင့်အင်း၊ မယုံဘူး"

"သိပ်ကောင်းတာပေါ့၊ အဲဒီစကားကို ဆရာလဲ မယုံဘူး၊ ဒါဖြင့် ဆရာနဲ့ နှောင်းခင်ဇော်နဲ့ ယုံကြည်ချက်ချင်း တူသွားပြီ၊ နှောင်းခင်ဇော်ကို ဆရာ အများကြီး အကူအညီပေးလို့ရပြီ၊ ပထမဆုံး ဆရာတို့ လုပ်ရမှာက အမှန်ကို ရင်ဆိုင်ဖို့ပဲ၊ နောက်နှစ်နှစ်မှာ သေမယ်ဆိုတဲ့ အကြောင်းအရာဟာ အမှန်လား၊ အဲဒါကို သိဖို့

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

တို့လုပ်စရာ အများကြီးရှိတယ်၊ သေချာမှ ငိုကြတာပေါ့၊ မသေချာခင်မှာ နည်းနည်းမှ စိတ်ဓာတ်မကျဘူး၊ ဟုတ်ပြီနော်”

“ဟုတ်ကဲ့”

“မနက်ဖြန်မှာ နှောင်းခင်ဇော် သမားတော်ကြီးတစ်ယောက်ရဲ့ ဆေးခန်းကို သွားရမယ်၊ အဲဒီဆရာကြီးဆီမှာ နှောင်းခင်ဇော်ရဲ့ ကျန်းမာရေးအခြေအနေကို စစ်ဆေးဖို့ ကိရိယာတွေ ရှိတယ်၊ လိုအပ်ရင် သူက တခြားဆေးခန်းတစ်ခုကို ညွှန်ပြီး စစ်ဆေးပေးပါလိမ့်မယ်၊ ဆရာ ဒီကနေ စာရွက်နဲ့ လိုအပ်တာတွေ ရေးပေးလိုက်မယ်၊ အဲဒီမှာ တစ်ကိုယ်လုံး ရောဂါ စစ်ဆေးကြည့်ရမယ်၊ အဲဒီကနေ အဖြေသိရရင် ဆရာ့ဆီကို ပြန်လာခဲ့ပါ၊ ကံဆိုးရှားလို့ နှောင်းခင်ဇော်မှာ ရောဂါတစ်ခုခု ရှိနေရင် ဆရာတို့ ချက်ချင်း ကုသလို့ ရတာပေါ့၊ ကိုယ့်ကျန်းမာရေးကိုယ် အမြဲဂရုစိုက် ထိန်းသိမ်းနေတဲ့သူဟာ ပစ်စလတ်ခတ်ထားတဲ့လူထက် အသက်ရှည်လေ့ရှိတယ်၊ နှောင်းခင်ဇော် လက်ခံရဲ့လား…”

“ဟုတ်ကဲ့၊ လက်ခံပါတယ်”

“ဒါပေမဲ့ ကိုယ့်မှာ ရှိသမျှ စည်းစိမ်တွေ ပုံပေးပြီး လောင်းရဲတယ်၊ နှောင်းခင်ဇော်မှာ ဘာရောဂါမှ မရှိဘူး”

ဆရာဝန်၏အသံမှာ လုံးဝသေချာသူတစ်ယောက်၏ အသံမျိုး ဖြစ်၍ နှောင်းခင်ဇော် အားတက်သွား၏။

“ဒါပေမဲ့ အသက်နှစ်ဆယ့်လေးနှစ်အရွယ် မိန်းကလေးတစ်ယောက်ဟာ ရောဂါဝေဒနာ ဖြစ်မှ သေနိုင်တာတော့ မဟုတ်ဘူး၊ သူသေနိုင်ဖို့ မတော်တဆ ထိခိုက်မှုတွေ အများကြီးရှိတယ်”

စိတ်သက်သာရာ ရသွားပြီဖြစ်သော နှောင်းကို အမှန်အတိုင်း သတိပေးလိုက်သော ဆရာဝန်၏ စကားသည် နှောင်း၏ရင်ထဲသို့ စူးစူးနစ်နစ်ကြီး ဝင်ရောက်သွား၏။

“ကားတိုက်ပြီး သေနိုင်တယ်၊ မြွေကိုက်ခံရလို့ သေနိုင်တယ်၊ တိုက်ပေါ်က လိမ့်ကျလို့ သေနိုင်တယ်၊ ဆေးထိုးမှားပြီး ဆေးမတည့်လို့ သေနိုင်တယ်၊ ခွေးရူးကိုက်ခံရပြီး ခွေးရူးပြန်ရောဂါနဲ့ သေနိုင်တယ်၊ သံစူးရုံကလေးနဲ့ မေးခိုင်ရောဂါနဲ့ သေနိုင်သေးတယ်… သေစရာ နည်းလမ်းတွေကတော့ အများကြီးပဲ”

ဆရာဝန်၏မျက်နှာမှာ နည်းနည်းမျှ မပြုံးပါ။ သူ အတည်ပေါက် ပြောနေခြင်း ဖြစ်သည်။

နှောင်း အနည်းငယ် နာကြည်းစွာ သူ့ကို အံကြိတ်၍ ကြည့်မိ၏။

“ဒါပေမဲ့ အရာရာမှာ သတိရှိနေတဲ့လူအဖို့ ဒီကောင်တွေ ဝင်မလာနိုင်ပါဘူး၊ အရေးကြီးတာက မင်းမှာ အမြဲတမ်း သတိရှိနေဖို့ပဲ၊ တိုက်ဝရန်တာ အဖျားတွေကို မတက်နဲ့၊ လေ့ကားအတက်အဆင်း အလျင်မလိုနဲ့၊ ကားလမ်းဖြတ်ကူးတဲ့အခါ အလျင်မလိုနဲ့၊ မြွေရှိနိုင်တဲ့ နေရာဒေသတွေကို မသွားနဲ့၊ ခွေးတွေ တိရစ္ဆာန်တွေကို တတ်နိုင်သမျှ ရှောင်၊ မလိုအပ်ဘဲ ဆေးမထိုးနဲ့၊ မင်းလုပ်စရာအလုပ်တွေ အများကြီး ရှိနေတယ်၊ အဲဒါကို သူများလုပ်ပေးလို့ မရဘူး နှောင်းခင်ဇော်၊ ကိုယ်တိုင်လုပ်မှ ရမယ်”

“ဟုတ်ကဲ့ဆရာ”

နှောင်း၏စိတ်မှာ ပုံမှန်နီးပါး ပြန်လည်ငြိမ်သက်သွား၏။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

## အပိုင်း(၅)

ဆရာဝန်သည် စာရွက်များကို စူးစိုက်စွာ အချိန်ယူ၍ ဖတ်နေ၏။ မျက်လွှာချထားသော ဆရာဝန်၏ မျက်တောင်များမှာ ရွှေရောင်ဖျော့ဖျော့ အညိုရောင် ဖြစ်သည်။

နှောင်းသည် စာရွက်ထဲမှ အဖြေများကို အတိအကျ မသိသော်လည်း အထူးကု သမားတော် ဆရာဝန်ကြီး ပြုံးရွှင်စွာ အသိပေးလိုက်သော 'ဘာရောဂါမှ မရှိဘူး' ဟူသော စကားဖြင့် စိုးရိမ်စိတ်ပူပူများ လုံးဝကင်းဝေးလျက် ရှိ၏။ ထို့ကြောင့် ရှေ့တည့်တည့်မှ ဆရာဝန်ကို ရန်လိုမှုကင်းမဲ့စွာ စူးစမ်းချိန် ရနေ၏။

သိပ်မနက်လှသော အညိုရင့်ရောင် ဆံပင်ပျော့များသည် နောက်ပြန်လှန် ဖြီးထားသောအခါ ပိရိသေသပ်နေသည်။ ပျော့ပျောင်းသောကြောင့်သာ နဖူးအထက်မှ အလိုက်သင့် နောက်ပြန်အုပ်ဆိုင်းလျက် ရှိသော်လည်း ဆံပင်များသည် ခပ်တိုတိုသာ ဖြစ်သည်။ နားသယ်အစပ်ဆီမှာတော့ အညိုရင့်ရောင်ထဲမှာ အဖြူရောင်ဆံမျှင် တစ်စတလေ ရောယှက်နေတာကို သတိထားမိသည်။

သူ့အသက်က ဘယ်နနှစ်ပါလိမ့်။ နှောင်းသည် ဆရာဝန်၏အသက်ကို ၃၅နှစ်နှင့် ၄၅နှစ် အကြား ဖြစ်နိုင်သည်ဟုသာ ခန့်မှန်းတတ်၏။ နှောင်းသည် အသက်ခန့်မှန်းရာတွင် မကျွမ်းကျင်လှပါ။

"ဒီတော့ ဆရာခန့်မှန်းတဲ့အတိုင်း မှန်နေပြီပေါ့"

ဆရာဝန်၏ အသံမှာ အေးဆေးညင်သာသည်။ နှောင်း ဆရာဝန်ကို ခပ်ငေးငေးကြည့်ကာ ခေါင်းတစ်ချက် ညိတ်လိုက်၏။ ဆရာဝန်က မသိမသာ ပြုံးသည်။ သူ့အပြုံးမှာ နှောင်းအတွက် ခွန်အားများစွာ ပါဝင်နေသည်။

"နှောင်းခင်ဗျာ်မှာ ဘာရောဂါမှ ရှိမနေဘူး၊ လုံးဝကျန်းမာရေး ကောင်းနေတယ်၊ ဒီတော့..."

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

သူက နှောင်း၏စာရွက်များကို မေမေ့လက်သို့ ပြန်ပေးလိုက်၏။

"ဆရာတို့ပြဿနာကို အေးအေးဆေးဆေး ရင်ဆိုင်လို့ ရသွားပြီ၊ ဟုတ်လား၊ အခု နှောင်းခင်ဇော် ဘာလုပ်နေသလဲ… နှောင်းခင်ဇော်ရဲ့ နေ့စဉ်ဘဝ ဖြတ်သန်းမှုကို ပြောတာ"

"နှောင်း ဘာမှမလုပ်ဘူးဆရာ… ဘာကိုမှ အာရုံစူးစိုက်လို့ မရဘူး"

ဆရာဝန်က ခေါင်းတစ်ချက် ညိတ်သည်။

"မင်းမှာရှိတဲ့ စိတ်ပူပန်မှုကြီးကြောင့် အာရုံစူးစိုက်လို့မရဘူးပေါ့။ အခု အဲဒီစိတ်ပူပန်မှုကြီး တစ်ဝက်လောက် လျော့သွားပြီလေ၊ အနည်းဆုံး ခြောက်လလောက် စိတ်ချလက်ချ နေလို့ရပြီ၊ နောက်ခြောက်လကြာရင် တစ်ခါပြန်စစ်ရမယ်၊ ဒီကြားထဲမှာ ဘာမှစိုးရိမ်စရာ မရှိတော့ဘူး၊ ဒီတော့ ရှေ့ဆက်ပြီး ကြိုးစားကြည့်ရအောင်… ညညမှာ အိပ်ပျော်ရဲ့လား"

"ဟုတ်ကဲ့၊ ဒါပေမဲ့ တော်တော်နဲ့တော့ အိပ်မပျော်ဘူး"

"ဆရာပေးလိုက်တဲ့ ဆေးလုံးလေးတွေ သောက်လိုက်ရသေးသလား"

"နှစ်ခါ သောက်ရတယ် ဆရာ၊ ဆေးခန်းမသွားခင် ညရယ်၊ အာလ်ထရာဆောင်းနဲ့ ဓါတ်မှန်ရိုက်ခါနီး ညရယ်"

အနည်းငယ် ရှက်ရွံ့စွာ ပြောမိတော့ ဆရာဝန်က သိသိသာသာ ပြုံးလေသည်။

"ကောင်းပြီ၊ ကျန်တဲ့ညတွေတော့ မလိုဘူးပေါ့နော်၊ အိပ်မက်ဆိုးတွေ ဘာတွေရော မက်တတ်သလား"

နှောင်း အနည်းငယ် တွေဝေတွန့်ဆုတ်စွာ မေမေ့ရှိရာဘက်သို့ လှည့်ကြည့်လိုက်မိ၏။ ဖေဖေ ဆုံးသွားကတည်းက မေမေက နှောင်းနှင့်အတူ လာအိပ်ပေးဖို့ အလိုက်သိစွာ လိုက်လျောခဲ့သော်လည်း နှောင်း လက်မခံခဲ့ပါ။ လူသည် သေပြီးသည့် နောက်တွင် ဘာအစအနမှ မကျန်ခဲ့တော့ဘူးဟု နှောင်း ယုံကြည်သည်။ ဝိညာဉ်လောက၊ တမလွန်ဘဝ၊ အိပ်မက်ပေးခြင်း စသည်တို့ကို နှောင်း လုံးဝမယုံပါ။ သို့သော်…

"ဟုတ်ကဲ့၊ အိပ်မက်တွေတော့ မက်တယ် ဆရာ"

"ဘယ်လိုအိပ်မက်မျိုးလဲ"

"ဖေဖေ့အကြောင်း…"

"ပြောပြမယ် မဟုတ်လား"

ဆရာဝန်က နှောင်း၏ မျက်လုံးထဲသို့ စူးစိုက်စွာ ကြည့်နေ၏။ နှောင်းသည် မေမေ့ကိုပင် ပြောမပြခဲ့သော အိပ်မက်အကြောင်းကို ဆရာဝန်အား အသိပေးလိုက်လေသည်။

"အိပ်မက်ထဲမှာ နှောင်း အိပ်ပျော်နေတယ် ဆရာ၊ နှောင်း အိပ်ပျော်နေတုန်းကို နှောင်းရဲ့တံခါးကို အပြင်ကနေ ခေါက်တယ်၊ တံခါးခေါက်သံတွေကို နှောင်း ခွဲခြားတတ်တယ်၊ မေမေ တံခါးခေါက်ရင် လက်ညှိုး ဒါမှမဟုတ် လက်ခလယ်ကို ကွေးပြီး အဲဒီလက်ချောင်းရဲ့ အဆစ်ကလေးနဲ့ ခေါက်တတ်တယ်၊ ခေါက်ရင်လဲ နှစ်ချက်ပဲ၊ ဖေဖေကတော့ အဲလိုမဟုတ်ဘူး၊ လက်ထိပ်ကလေးတွေနဲ့ ခေါက်တတ်တယ်၊ တစ်ခါတစ်ခါကျတော့

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

မြင်းခွာတွေ ပြေးသွားတဲ့အသံမျိုး ဖြစ်အောင် လက်သည်းထိပ်ဖျားတွေနဲ့ တစ်ချောင်းပြီးတစ်ချောင်း ဆက်တိုက်ခေါက်တယ်၊ အဲဒီညက နှောင်းရဲ့တံခါးကို လာခေါက်တာ ဖေဖေပဲ”

ဆရာဝန်က နှောင်းကို မျက်ခုံးပင့်ကြည့်လိုက်သဖြင့် နှောင်း စကားမှားသွားသည်ကို သတိရသွား၏။

“အိပ်မက်ထဲမှာ ပြောတာပါ ဆရာ”

ဆရာဝန်က ခေါင်းညိတ်ပြသည်။

“နှောင်းလဲ ဖေဖေဖြစ်ရမယ်လို့ တွက်ပြီး အိပ်ချင်မူးတူးနဲ့ တံခါးသွား ဖွင့်ပေးလိုက်တယ် ဆရာ၊ တကယ်လဲ အပြင်မှာ ဖေဖေ မတ်တတ်ရပ်နေတယ်၊ ဖေဖေ့တစ်ကိုယ်လုံး မိုးတွေ စိုရွှဲနေတယ်၊ နှောင်းတံခါး အကျယ်ကြီးဆွဲဖွင့်လိုက်တော့ ဖေဖေက နှောင်းအခန်းထဲကို ဝင်ဖို့ပြင်တယ်၊ နှောင်း အဲဒီအချိန်ကျမှ ဖေဖေသေပြီးသားဆိုတာ သတိရတယ်... နှောင်းလေ”

နှောင်း မေမေ့ကို အားနာစွာ အကဲခတ်လိုက်ပြီးမှ ခပ်တိုးတိုး ဆက်ပြောလိုက်၏။

“နှောင်း ဖေဖေဝင်လာမှာကို အရမ်းကြောက်သွားတယ် ဆရာ၊ တစ်ခါမှ ဖေဖေ့ကို အဲလောက် မကြောက်ဖူးဘူး၊ နှောင်း တံခါးကို အတင်းပြန်ပိတ်ပြီး အော်လိုက်တယ်၊ ဒါပေမဲ့ ဖေဖေက တံခါးကို အပြင်ကနေ ဖွတ်တွန်းဖွင့်နေတယ်၊ နှောင်းက အထဲကနေ ဖွတ်ပြန်တွန်းစေ့နေရတယ်၊ နှောင်း တစ်ကိုယ်လုံး တုန်ယင်နေအောင် မောဟိုက်နေတယ်၊ နှောင်း ကြောက်လဲကြောက်၊ ငိုလဲငိုပြီး အားရှိသမျှ တွန်းပိတ်ထားတယ် ဆရာ၊ ဒါပေမဲ့... နောက်ဆုံးတော့ တံခါးက ဝုန်းဆို ပွင့်သွားတယ်”

နှောင်း စိတ်အာရုံထဲတွင် ယခုပင်လျှင် ဖေဖေ့မျက်နှာကို မှတ်မိနေသေးသည်။ ဖေဖေ့မျက်နှာမှာ ဒေါသတကြီး ဖြစ်နေသည်။

“နှောင်းရဲ့ဖေဖေက အခန်းထဲကို ဝင်လာသလား”

“ဟင့်အင်း... နှောင်း မသိတော့ဘူး၊ နှောင်း အိပ်ရာက လန့်နိုးသွားတယ် ဆရာ”

“နှောင်းရဲ့ ဖေဖေမျက်နှာကို သဲသဲကွဲကွဲ မြင်ရလား”

“ဟုတ်ကဲ့”

“သူ ပြုံးနေသလား”

နှောင်း တအံ့တသြ ခေါင်းယမ်းပြလိုက်၏။

“ဟင့်အင်း၊ သူ နှောင်းကို စိတ်ဆိုးနေတယ် ဆရာ”

ဆရာဝန်က ပင့်သက်ကို တိုးတိတ်စွာ ရှိုက်လေသည်

“ဆရာတို့ ပတ်ဝန်းကျင်မှာ သေခြင်းတရားဟာ အမြဲတမ်း ရှိနေပါတယ်၊ မင်းတို့အနေနဲ့ သေခြင်းတရားကို မေ့ထားလို့ ရပေမယ့် မသိချင်ယောင် ဆောင်ထားလို့ ရပေမယ့် ဆရာတို့အနေနဲ့တော့ အမြဲတွေ့နေရတယ်၊ ဆေးရုံတွေမှာ သုသာန်တွေမှာ တစ်နေ့တစ်နေ့ သေတဲ့လူတွေ အများကြီး၊ တကယ်တော့ လူတစ်ယောက် သေတဲ့အတွက် အခြားလူတစ်ယောက်မှာ တာဝန် မရှိပါဘူး၊ မေ့မေ့လျော့လျော့နေတဲ့ လူတွေဆီ သေခြင်းက အချိန်မရွေး ရောက်လာတာပဲ၊ ဆရာ့အမြင် ပြောရရင်တော့ သေခြင်းဆိုတာကို ခုခံတွန်းလှန်နေတာဟာ

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

ဘဝအစိပ္ပာယ်ပဲ၊ သေခြင်းဟာ လူ့ပတ်ဝန်းကျင်မှာ အမြဲရှိနေတယ်၊ လမ်းတွေပေါ်မှာ… ကားတွေပေါ်မှာ… ကားဘီးအောက်မှာ… သစ်ပင်အောက်မှာ… အိမ်တံခါးဝမှာ… သေခြင်းက အမြဲရှိနေတယ်၊ ဆရာတို့ မသိလို့သာကိုး၊ တကယ်တော့ သူက ဆရာတို့ကို စောင့်ကြည့်နေတာပါ၊ နည်းနည်း သတိလစ်တာနဲ့ တစ်ပြိုင်နက်တည်း သူက နိုင်သွားမှာပဲ၊ ဒီတော့ သူ့ကို ခုခံတိုက်ခိုက်ဖို့နည်းတွေ မျိုးစုံသုံးလာရတော့တယ်၊ တစ်ခါတစ်ရံမှာ ကိုယ်တို့က နိုင်လိုက်တယ်၊ လူတစ်ဦးချင်း တစ်ယောက်ချင်းအနေနဲ့ သေခြင်းကို နိုင်ဖို့ ကိုယ်ခန္ဓာခွန်အားတင် မကဘူး၊ စိတ်ဓာတ်ခွန်အားပါ လိုတယ်၊ နောက်ပြီး ငွေကြေးလဲ လိုတယ်"

နှောင်း သဘောတူပါသည်။ အနည်းဆုံး ဆရာဝန်ပြောသလို ခြောက်လတစ်ကြိမ် တစ်ကိုယ်လုံးစစ်ဆေးရန် ငွေကြေးလိုအပ်ပါသည်။

"ဒီတော့ လိုအပ်တာတွေကို ရှိလာအောင် ဖြည့်ဖို့က မင်းတို့ကိုယ်တို့ တာဝန်ပဲ၊ လောလောဆယ် မင်းမှာ လိုအပ်နေတာက တစ်ခုတည်းပဲ ရှိတယ်၊ အဲဒါက စိတ်ဓာတ်ခွန်အားပဲ၊ အရှုံးကို လက်မခံချင်သူရဲ့ လက်ထဲကို ဘယ်တော့မှ အရှုံးက ရောက်မလာဘူး နှောင်းခင်ဗျာ၊ မင်းမရှုံးချင်ဘူးဆိုရင် နိုင်အောင် ဘယ်လိုတိုက်ရမယ်၊ ဘယ်လိုတိုက်ရမလဲ… ဘာမှခက်ခဲတာ မရှိဘူး၊ ဘဝမှာ ကိုယ်ဘာလိုချင်လဲ သတိရလိုက်… လိုချင်တာကို ရအောင်ယူ"

ဆရာဝန်က နှောင်း၏ မျက်စိထဲသို့ စူးစိုက်စွာ ကြည့်နေသည်။

"မင်း လုပ်စရာအလုပ်တွေဟာ အများကြီးလို့ မင်းပဲ ပြောခဲ့တယ်၊ အခု မင်းက အဲဒီအလုပ်တွေဆီကနေ ထွက်ပြေးနေတယ်၊ ဒီတော့ မင်းလုပ်စရာ ရှိတဲ့အလုပ်တွေကို ဆက်လုပ်ပါ၊ ဘယ်သူ့ကြောင့်မှ အပျက်မခံပါနဲ့၊ ဒီမတိုင်ခင်က မင်းဘာတွေလုပ်ခဲ့သလဲ… ဘာတွေဆက်လုပ်ဖို့ စိတ်ကူးခဲ့သလဲ"

"နှောင်း စာဖတ်တယ်၊ သင်တန်းတွေတက်တယ်၊ စာမေးပွဲတွေ ဖြေတယ်၊ ကိုကိုရောက်တဲ့ နိုင်ငံတွေမှန်သမျှ နှောင်း လိုက်သွားမယ်"

"ဒါပဲပေါ့… အခုလဲ မင်းစာဖတ်ရမယ်၊ စိတ်ကို တည်ဆောက်နိုင်ဖို့ ခွန်အားက တခြားကနေ ရှာလို့မရဘူး၊ မင်းကိုယ်ထဲကပဲ ရှာရမယ်၊ ဆရာတို့က မင်းကို နည်းနည်းပါးပါး ကူဖို့ပဲ တတ်နိုင်တယ်၊ ကိုယ်တိုင်ရှာမှ ရမယ် နှောင်း"

"ဟုတ်ကဲ့… နှောင်း ကြိုးစားကြည့်ပါ့မယ်ဆရာ"

"အလုပ်မှာ အဆင်မပြေတဲ့အခါ.. ကိုယ့်စိတ်ကို ထိန်းချုပ်ဖို့ ခက်ခဲတဲ့အခါ ဆရာ့ဆီလာပါ၊ တစ်လကို နာရီဝက်လောက်တော့ ဆရာတို့ စကားပြောကြရအောင်၊ အဲဒါ တကယ်လိုအပ်တယ်၊ နောက်ပြီး ပတ်ဝန်းကျင်မှာ နည်းနည်းမှ သတိမလစ်ပါစေနဲ့နော်၊ မင်းကိုယ်မင်း ကြိုးဝိုင်းထဲမှာ ရောက်နေတယ်လို့ သဘောထားလိုက်၊ ဒါနဲ့ နှောင်းခင်ဗျာ… လက်ဝှေ့ထိုးတာတော့ ကြည့်ဖူးတယ် မဟုတ်လား"

နှောင်း စိတ်ပေါ့ပါးစွာ ပြုံးလိုက်၏။

"ကြည့်ဖူးပါတယ်"

"အေးလေ၊ တစ်ဖက်လူက သေခြင်းတရားပေါ့၊ ဟုတ်လား… ဒီတော့ နေ့စဉ် အချိန်မှန်စား၊ အချိန်မှန် အိပ်၊ ဘဝတိုးတက်မြင့်မားဖို့ ကြိုးစား၊ မိန်းကလေးတစ်ယောက် ပြုလုပ်ရမယ့် ဝတ္တရားတွေကိုလဲ မှန်မှန်လုပ်"

နှောင်း အံ့သြစွာ မော့ကြည့်လိုက်တော့ ဆရာဝန်၏ မျက်လုံးများ ပြုံးနေကြသည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"ဘာတွေလဲ ဆရာ"

"အလှအပ ပြင်ဆင်တာ၊ အဝတ်အစား ဂရုတစိုက် ဝတ်တာမျိုးပေါ့"

မေမေက ပြုံးနေသည်။ နှောင်း၏ စိတ်ဓာတ်ကို မေမေအသိဆုံး ဖြစ်ပါသည်။

"ဘာသာအားလုံးထဲမှာ စိတ်ဝင်စားစရာ အကောင်းဆုံး ဘာသာတစ်ခု ရှိတယ်၊ အဲဒါကတော့ လူတွေရဲ့စိတ်ကို ဖတ်တဲ့အတတ်ပညာပဲ၊ လက်ခံရဲ့လား..."

"ဟင့်အင်း... သိပ်လက်မခံနိုင်ဘူး ဆရာ"

ဆရာဝန်က ခေါင်းညိတ်၏။

"နောက်တော့ လက်ခံသွားပါလိမ့်မယ်၊ ဆရာလဲ ပထမတော့ လက်မခံခဲ့ဘူး၊ နောက်တော့ လက်ခံသွားတယ်၊ ဆရာ့ အလုပ်တစ်ခုတည်း အတွက်တင် အရေးကြီးတာ မဟုတ်ဘူး၊ အဲဒီအတတ်က နေရာတကာမှာ အရေးကြီးတယ်၊ စာမေးပွဲတစ်ခု ဖြေတဲ့အခါ၊ အလုပ်အင်တာဗျူး ဖြေတဲ့အခါ၊ လူမှုဆက်ဆံရေးနယ်ပယ်ထဲကို ဝင်တဲ့အခါ... အဲဒါမျိုးတွေပေါ့၊ ဒီတော့ အားလပ်ချိန်မှာ ရုပ်ရှင်ကြည့်သလို၊ ဂီတ နားထောင်သလို လူတွေရဲ့ စိတ်ကို အကဲခတ်ဖို့ ကြိုးစားကြည့်ပါ၊ လူတွေရဲ့စိတ်ကို အကဲခတ်လို့ အောင်မြင်တဲ့အခါ လူတွေကို ကိုယ့်ဘက်ပါအောင် ဆွဲဆောင်နိုင်နည်းတွေ မင်းသိလာလိမ့်မယ်၊ အလေ့အကျင့်များများ လုပ်ပေး၊ မင်းဟာ ဘဝမှာ အောင်မြင်တဲ့လူ ဖြစ်လာမယ်၊ လူတွေကို အောင်မြင်တဲ့လူဟာ သေခြင်းတရားကိုလဲ အချိန်ကြာကြာ အောင်မြင်နိုင်လိမ့်မယ်"

နှောင်း ဇဝေဇဝါ ငေးကြည့်နေမိသည်။

"ကျေးဇူးတင်ပါတယ် ဆရာ"

ဆရာဝန်၏စကားကို လိုက်နာရန် အကြောင်းတိုက်ဆိုင်မှုတစ်ခု ဖြစ်ပေါ်လာခဲ့သည်။

ဆရာဝန်အကြံပေးသလို နှောင်း၏စိတ်ကို ယခင်ပုံမှန်အတိုင်း ဖြစ်ရန် ယခင်ကလိုပင် သင်တန်းများ ပြန်လည်တက်ရောက်ဖို့ ကြိုးစားခဲ့လေသည်။

ဂျပန်ဘာသာသင်တန်းကို ခဏရပ်ထားခဲ့ရာမှ နောက်တစ်ကြိမ် ပြန်တက်ချိန်တွင် နှောင်းအတွက် ဘာမှသိပ်မထူးခြားသော်လည်း ဗြိတိသျှသံရုံးတွင် တက်ရောက်ခဲ့သော အင်္ဂလိပ်ဘာသာ သင်တန်း၏ ပထမဆုံးနေ့မှာပင် ထူးခြားမှုတစ်ခု ရရှိခဲ့၏။

သင်တန်း၏ ထုံးစံအတိုင်း ပထမဆုံးနေ့တွင် သင်တန်းသားများကို တစ်ဦးနှင့်တစ်ဦး သိကျွမ်းစေရန် အင်္ဂလိပ်ဘာသာစကားဖြင့် တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်ရသည်။

သင်တန်းသားစုစုပေါင်း ၂၀ယောက်ရှိရာ မိန်းကလေးငါးယောက်၊ ယောကျ်ားလေး ၁၅ယောက် ဖြစ်သည်။ တစ်ခါမှ မတွေ့ဖူးသူ အချင်းချင်း ဖြစ်သောကြောင့် မိမိမိတ်ဆက်လိုသူထံ သွားရောက်မိတ်ဆက်ပြီး ထိုသူငယ်ချင်းအကြောင်းကို အတန်းသားအားလုံးအား ပြန်လည်ပြောပြ မိတ်ဆက်ပေးရလေသည်။

မိန်းကလေးများက မိန်းကလေးအချင်းချင်း မိတ်ဆက်ဖို့ ကြိုးစားသည်။ သို့သော် နှောင်းခင်ဇော်မှာ မိတ်ဆက်စကားပြောရမည့် မိန်းကလေး မရှိတော့ချေ။ ကျန်သည့်အမျိုးသမီးများ တစ်တွဲစီ တီးတိုးတီးတိုး

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

တစ်ယောက်အကြောင်း တစ်ယောက် ပြောပြနေခိုက် ယောကျ်ားကလေးများထံသို့ မျက်လုံးဝေ့ကြည့်ကာ မိမိလိုပင် ဘက်ပဲ့နေမည့် တစ်ယောက်ကို ရှာဖွေဖို့ ဆုံးဖြတ်လိုက်သည်။

ထိုအချိန်မှာပင် နှောင်းအနီးသို့ လူငယ်ကလေးတစ်ယောက် ဖျတ်ခနဲ ရောက်လာ၏။ သူ့ကို အားကိုးတကြီး မော့ကြည့်လိုက်သည့်အခါ သူကပြုံးပြသည်။ သူ့အပြုံးကို မြင်ရသည့်အခါ နှောင်းစိတ်ထဲမှာ ထိုအပြုံးမျိုးနှင့် ရင်းနှီးကျွမ်းဝင်ဖူးသလိုလို ထင်ရသည်။ သူ့မျက်လုံးတွေကို ငါသိပါတယ်ဟုသာ တွေးမိလျက် ထိုလူငယ်ကို နှောင်း မသိပါ။

"မင်းကို ကိုယ်ကောင်းကောင်းသိတယ်၊ မင်းနာမည်က နှောင်းခင်ဇော်ပဲ မဟုတ်ဘူးလား"

နည်းနည်းမျှ ထစ်အတွန့်ဆုတ်မှု မရှိဘဲ အသံထွက် မှန်ကန်စွာ ခပ်သွက်သွက် ပြောလိုက်သော အင်္ဂလိပ်စကားသံက နားထောင်ကောင်းလိုက်တာဟု နှောင်းချီးကျူးမိသွား၏။ သို့သော် ထိုကောင်ကလေးကို နှောင်း မသိပါ။ ဘယ်ဘက်မှ ညာဘက်သို့ ခွဲကြောင်းဖြင့် ဖြီးချထားသော ခပ်ရှည်ရှည်ဆံပင်များသည် နဖူးပေါ်မှာ အနည်းငယ်ထောင်ပြီးမှ ပြေလျော့စွာ ညာဘက်နားရွက်ဆီအထိ ဖုံးကျနေသည်။ မည်းနက်တောက်ပသော မျက်လုံးများ...။

"ဒါပေမဲ့... ဒါပေမဲ့... ငါမင်းကို မသိဘူးလို့ ငါထင်တယ်"

သူမ တွန့်ဆုတ်စွာ ပြန်ပြောတော့ ထိုလူငယ်ကလေးက မျက်နှာမော့လှန်ကာ ရယ်မောလေသည်။

"မင်း ကိုယ့်ကို မမှတ်မိဘူးပေါ့လေ၊ ကိုယ်တို့ အရင်က တွေ့ဖူးကြပါတယ်"

နှောင်း သူ့မျက်နှာကို ကြိုးစားပမ်းစား စူးစိုက်၍ ပုံဖော်ကြည့်နေ၏။

"ဒါပေမဲ့..."

"ကိုယ့်နာမည်က ညီညီလွင်ပါ"

နှောင်း ဇဝေဇဝါ ပြုံးလျက် ခေါင်းညိတ်လိုက်သည်။

"ဖိုင်နယ်လ်ယီးယား အင်းဂလစ်ရှ်မေဂျာ ကျောင်းသားပါ၊ ကိုယ် ခုနစ်မိုင်ခွဲမှာ နေတယ်၊ ညီအစ်ကိုသုံးယောက်မှာ ကိုယ်က အငယ်ဆုံး"

ထို့နောက် သူက ဘသမေ ပေါ်မှာ ဆရာမ ရေးပြထားသော အဓိက ပြောပြရမည့် အချက်များဆီ မျက်လုံးဝေ့ကြည့်လိုက်သေး၏။

ပြီးမှ နှောင်းဘက် လှည့်ကာ ဆက်ပြောပြသည်။

"ကိုယ့်အသက်က နှစ်ဆယ့်နှစ်နှစ်ရှိပြီ၊ ကိုယ့်ဝါသနာက ဂစ်တာတီးခြင်း၊ သီချင်းနားထောင်ခြင်း၊ သီချင်းအမျိုးအစားက ရော့ခ်သီချင်း၊ အိုကေနော်"

သူမပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ကိုယ့်ရဲ့ရည်မှန်းချက်က ... ကမ္ဘာအနှံ့ ခရီးသွားဖို့"

"အိုး... ငါလဲ မင်းလိုပဲ"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

သူမ လွှတ်ခနဲ ပြောလိုက်သော အင်္ဂလိပ်စကားသံ တိုးတိုးကလေးမှာ အနည်းငယ် တုန်ယင်နေကြောင်း နှောင်း သတိထားမိသည်။

သို့သော် ဒါ ရှက်စရာ မဟုတ်ပါ။

"ကဲ...အခု မင်းအလှည့်ပဲ"

သူ့တိုက်တွန်းချက်ဖြင့် နှောင်းအကြောင်း ပြောပြဖို့ အားယူလိုက်သည်။

"ငါ့နာမည်က နှောင်းခင်ဇော်" ဟူသော စကားသာ ထွက်လာပြီး နောက်ထပ် ဘာဆက်ပြောရပါ့မလဲဟု စဉ်းစားနေရ၏။

"မင်းစမ်းချောင်းမှာနေတယ်၊ ကိုယ်သိတယ်"

သူ့စကားကြောင့် နှောင်း တအံ့တဩ ဖြစ်သွားကာ သူ့ကိုမော့ကြည့် လိုက်မိပြန်သည်။

သူက နှုတ်ခမ်းပါးကလေး ကွေးညွတ်သွားအောင် ပြုံးလျက် ဆက်ပြောသည်။

"မျိုးခင်ဇော်က မင်းရဲ့အစ်မ မဟုတ်ဘူး... အစ်ကို၊ သူ ဂျပန်မှာ နေတယ်၊ မဟုတ်ဘူးလား"

"အိုး..."

နှောင်း ဤအပြုံးကို မှတ်မိသွားပါပြီ။ အရင်တစ်ခါ ကိုကို့ထံမှ ပါဆယ်လ် ရွေးစဉ်က ပေါ်တာခ ငါးကျပ်ယူလိုက်သော ကောင်ကလေးပဲ။

သို့သော် ယခုပုံစံက အရင်ထက်စာလျှင် နည်းနည်းသိမ်မွေ့နေ၏။ အရင်ကလို တီရှပ်၊ ဂျင်းဘောင်းဘီနှင့် မဟုတ်ဘဲ ရှပ်အင်္ကျီလက်ရှည် အဖြူနှင့် ဂန့်ဂေါလုံချည် မရန်းစေ့ရောင်နှင့်ဆိုတော့ နှောင်း မမှတ်မိတာ အံ့ဩစရာ မဟုတ်ပါ။

"ငါ မင်းကို မှတ်မိပြီ" ဟု သူမ ပျော်ရွှင်စွာ အသိပေးတော့ သူက စိတ်သက်သာရာရဟန်ဖြင့် ခေါင်းညိတ်လေသည်။

"ပြော ပြော... အချိန်မရှိဘူး" သူက အခြားသူများကို တစ်ချက်လှမ်းကြည့်ပြီး မြန်မာလို ခပ်တိုးတိုး လောဆော်သည်။

ထို့နောက် နှောင်းပြောရမည့်စကားများကို အင်္ဂလိပ်ဘာသာဖြင့် ထောက်မေး၏။

"အသက် ဘယ်လောက်ရှိပြီလဲ"

"အာ... နှစ်ဆယ့်နှစ်"

"ဘွဲ့ရပြီးသားလား"

"ဟင့်အင်း၊ ဖိုင်နယ်လ်ယီးယား"

"အိုကေ၊ ဝါသနာ..."

"အဲ..."

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

နှောင်း ဘာဝါသနာပါမှန်း ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက် မချနိုင်ဘဲ ဖြစ်နေ၏။

"မင်း ရုပ်ရှင်ကြိုက်သလား..."ဟု သူသွက်လက်စွာ ထောက်ပေး၏။

"အိုး... ဟုတ်တယ်၊ ရုပ်ရှင်သိပ်ကြိုက်တယ်"

"ဘယ်လိုအမျိုးအစား ရုပ်ရှင်ကို မင်းကြိုက်သလဲ"

"အဲ..."

သူက စိတ်ရှည်လက်ရှည်ပြုံး၍ အမျိုးအစားတစ်ခုချင်း ထောက်ပေးပြန်သည်။

"ကော်မယ်ဒီ၊ ရိုမန်တစ်၊ ထရယ်ဂျတီ၊ ဆပ်စ်ပင့်စ်၊ သရေလား..."

"အိုး... ငါ ဒရာမာတွေ ကြိုက်တယ်"

ငါးမိနစ် အချိန်စေ့သောအခါ ဆွေးနွေးတိုင်ပင်မှုများ ရုပ်လိုက်ရပြီး မိမိ၏ သူငယ်ချင်းများနှင့် မိတ်ဆက်ပေးသည့် အစီအစဉ် စ ရသည်။

နှောင်း လူတွေကို မကြောက်ပါ။ လူခပ်များများ၏ ရှေ့တွင် စကားပြောဖို့၊ လမ်းလျှောက်ဖို့ လုံးဝမတွန့်ဆုတ်ခဲ့ပါ။ သို့သော် အင်္ဂလိပ်ဘာသာစကားဖြင့် လူအများရှေ့တွင် တစ်ခါမှ စကားမပြောဖူးသောကြောင့် ဤတစ်ကြိမ်တွင် ရင်ခုန်နေမိသည်။ သို့သော် သူက နှောင်း မေ့နေသော အကြောင်းများကို ခပ်တိုးတိုးကလေး ထောက်ပြပေးခဲ့၏။

ဤလူငယ်ကလေးမှာ ခင်မင်ချင်စရာ ကောင်းလှသည်ဟု နှောင်း ကောက်ချက်ချလိုက်သည်။ သူ၏ တောက်ပသော မျက်ဝန်းနက်ကလေး များမှာလည်း စိတ်ဝင်စားဖို့ ကောင်းလှသည်။

နှောင်းသည် စိတ်ရောဂါကုဆရာဝန် ပြောသလို လူတွေအပေါ် အကဲခတ် ဆုံးဖြတ်ချက်ချရာ၌ ဤလူငယ်ကလေးကို အသုံးပြုရန် စိတ်ပါဝင်စားမှု အပြည့်ရှိနေကြောင်း သူမကိုယ်သူမ တအံ့တသြ သတိထားလိုက်မိလေသည်။

ဖဖဖဖဖ

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

## အခန်း(၆)

သူသည် အလွန် အံ့သြစရာကောင်းသော လူငယ်တစ်ယောက်ဖြစ်၏။

တစ်ခါတစ်ခါ သူ့မျက်နှာထားသည် လူကြီးတစ်ယောက်၏ ဣန္ဒြေမျိုးဖြစ်ပြီး တစ်ခါတစ်ခါကျ ပြန်တော့လည်း လူငယ်တစ်ယောက်၏ အပြစ်ကင်းစင် ရွှင်ပျခြင်းမျိုး ရှိနေပြန်သည်။ ဘာပဲဖြစ်ဖြစ် သူ နှောင်းကို ခင်မင်တွယ်တာနေမှန်း နှောင်းသိသည်။

တစ်ပတ်တွင် နှစ်ကြိမ်သာ တက်ရသော အင်္ဂလိပ်ဘာသာသင်တန်းတွင် သူနှင့် နှောင်း၏ ထိုင်ခုံများမှာ တော်တော်ဝေးပါသည်။ သို့သော် ကုလားထိုင်များကို အတန်းမျက်နှာစာ ဗီဒီယိုပြစက်ဘက်သို့ မျက်နှာချင်းဆိုင် ရွှေ့ယူ၍ သင်ကြားရချိန်မှာတော့ သူ့ထိုင်ခုံနှင့် နှောင်း၏ထိုင်ခုံမှာ မျက်နှာချင်းဆိုင်လုနီးနီး တည်ရှိသည်။ သူ နှောင်းကို အလွန်ဂရုစိုက်နေလေ့ရှိသည်။ သူက အင်္ဂလိပ်စကားများအပေါ် နားထောင်ခြင်းစွမ်းရည်၌ နှောင်းထက်သာ၏။ သို့သော် သဒ္ဒါနည်းစနစ်တွင်တော့ နှောင်းလောက် အဆင့်အတန်းမမြင့်ဘူးဟု နှောင်းထင်သည်။ သူက သွက်လက်သည်။ မေးခွန်းများကို လျှပ်တစ်ပြက် ဖြေရာတွင် အလွန်မှန်ကန်တတ်သည်။ သို့သော် အတန်းထဲတွင် စာမေးပွဲစစ်လျှင်တော့ နှောင်းလောက် အမှတ်မများပြန်ပါ။

ညီညီလွင်ဟူသော လူငယ်ကလေးသည် အံ့သြဖို့ကောင်းလောက်အောင် နှောင်းနှင့် လျင်မြန်စွာ ရင်းနှီးခင်မင်လာခဲ့လေသည်။

သင်တန်းမှအပြန် ညနေ ၄နာရီအချိန်မှာ ကားအလွန်ကျပ်လေ့ရှိသော ရုံးဆင်းချိန်ဖြစ်ရာ သူကအမြဲတမ်း နှောင်းနှင့်အတူ ကားစီးရန် ကြိုးစား၏။ အမှတ်(၈)ဖြစ်စေ၊ အမှတ်(၉)ဖြစ်စေ နှောင်းအတွက် အဆင်ပြေသောကားများချည်း ဖြစ်သော်လည်း သူ့အတွက်တော့ အမှတ်(၉)ကားသည်သာ အဆင်ပြေ၏။ ထို့အပြင် အမှတ်(၈)ကားသည် အလွန်ကျပ်သည်။

"အမှတ်ရှစ်ကားကို မစီးနဲ့၊ အမှတ်ကိုးကားဖြစ်ဖြစ်၊ မင်္ဂလာဒုံ–ဆူးလေဖြစ်ဖြစ် စီး" ဟု သူက အင်္ဂလိပ်ဘာသာဖြင့် အကြံဉာဏ်ပေးတတ်၏။

နှောင်းကတော့ သင်တန်းချိန်တွင်သာ အင်္ဂလိပ်စကားပြောကျင့်ရှိပြီး အခန်းထဲမှထွက်လျှင် မြန်မာစကားကိုသာ အားရပါးရ ပြောချင်သူဖြစ်သည်။ သို့သော် သူက လုံးဝလက်မခံပါ။

"ကိုးကားစီးရင်… ဒါမှမဟုတ် မင်္ဂလာဒုံ–ဆူးလေကားစီးရင် ကိုယ့်အတွက်လဲ အဆင်ပြေလိမ့်မယ်၊ မင်းကိုလဲ ကာကွယ်ပေးနိုင်တယ်"

နှောင်းနည်းနည်း ရယ်ချင်သွား၏။

"ဘာကနေ ကာကွယ်ပေးမှာလဲ" ဟုမေးတော့ သူပြုံး၍သာ နေပါသည်။ နှောင်း မြန်မာလိုပြောလျှင် သူအမြဲပြုံးတတ်ပါသည်။

"မြန်မာလိုဝါကျတစ်ကြောင်းပြောရင် အဲဒီအတွက် တစ်ကျပ် မင်းပေးရလိမ့်မယ်"

"လဲသေလိုက်"

နှောင်း သူ့ကို မျက်စောင်းထိုးပြီး ရယ်မောတော့လည်း သူလိုက်မရယ်ပါ။ မျက်နှာရှုတည်တည်ဖြင့် 'ကိုယ့်ကို ပိုက်ဆံတစ်ကျပ်ပေး' ဟု တောင်းသည်။

ထိုအခါ ပါဆယ်ဌာနရှေ့ ဗိုလ်အောင်ကျော်လမ်းပေါ်တွင် နှောင်းထံမှ ပိုက်ဆံငါးကျပ် တောင်းခဲ့ဖူးတာ ချက်ချင်းသတိရသွား၏။ သူ ထိုပိုက်ဆံကို သုံးပစ်လေသလား သိမ်းထားလေသလား နှောင်း သိချင်လာသည်။ သို့သော် နှောင်း မမေးပါ။

နောက်ပိုင်း နှောင်းသည် သူနှင့်အတူ မင်္ဂလာဒုံ–ဆူးလေကား သို့မဟုတ် (၅၁) ကားသေး၊ သို့မဟုတ် (၉) ကားကိုသာ စီးသည့်အကျင့် ရလာခဲ့သည်။ မဟာမြိုင်မှတ်တိုင်တွင် နှောင်းဆင်းသည့်အခါ သူကားပေါ်မှာ ကျန်ခဲ့သည်။ သူခုနစ်မိုင်ခွဲမှာနေကြောင်း ပထမဆုံးသင်တန်းနေ့ကပင် နှောင်းသိခဲ့သည်။ သူက နှောင်း၏အိမ်သို့ တစ်ခါမှလိုက်မပို့ဖူးသလို နှောင်းကိုလည်း သူ့အိမ်သို့ တစ်ခါမှ မခေါ်ဖူးပါ။

တစ်ခါတစ်ရံ သံရုံးအနီးက လက်ဖက်ရည်ဆိုင်တွင် နှောင်းတို့အတူ လက်ဖက်ရည်သောက်ရင်း စကားပြောဖြစ်ကြသည်။ ကြည့်ဖူးသော ရုပ်ရှင် များ အကြောင်း၊ သီချင်းတိပ်ခွေများအကြောင်းကို သူပြောလေ့ရှိသည်။ နှောင်း ပြောပြသော အကြောင်းများမှာ မြန်မာနိုင်ငံ၏ ရှေးဟောင်းသုတေသန လုပ်ငန်းများအကြောင်း၊ မြန်မာနိုင်ငံသို့ ပြောင်းရွှေ့လာကြသော လူမျိုးစုများ အကြောင်း၊ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းများအကြောင်း၊ ငွေကြေးလည်ပတ်မှု အကြောင်း…။ သူက နှောင်းကို တအံ့တသြကြည့်ကာ မြန်မာလို ပြောသော ဝါကျများအတွက် အကြွေးတန်ဖိုး သတ်မှတ်ဖို့ မေ့လျော့နေတတ်သည်။

"မင်း မနုဿဗေဒကို စိတ်ဝင်စားတယ် မဟုတ်ဘူးလား" ဟု သူမေးသည့်အခါ နှောင်းပြုံးပြ၍ ခေါင်းညိတ်လိုက်၏။

"ပထဝီဘာသာမှာ မနုဿဗေဒလဲ အကျုံးဝင်နေတယ်လေ၊ ဒါပေမဲ့ နှောင်းက ကျောင်းမှာသင်ရတာထက် ပိုပြီး သိချင်တော့ စာအုပ်တွေ ရှာဖတ်ရတာပေါ့"

"ဂီတကို စိတ်ဝင်စားသလား"

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

သူ မေးသည့်အခါ နှောင်း မျက်တောင်စင်းလျက် စဉ်းစားလိုက်သေး၏။ ထို့နောက် ခေါင်းကို ဆတ်ခနဲညိတ်သည်။ သူက နှောင်း၏ ကုပ်ဝဲဆံပင်ပျော့ကလေးများ ဝဲခနဲအိကျသွားသည်ကို ငေးမောနေခဲ့သည်။

"နှောင်းက ကျေးလက်ဂီတကို ကြိုက်တယ်၊ နောက်ပြီး ကာပင်းတားစ် သိပ်ကြိုက်တယ်"

သူကတော့ ရော့ခ်သီချင်းများကို ကြိုက်သည်တဲ့။ သူက နှောင်း နားထောင်ရန် သူ့အိမ်မှ သီချင်းတိပ်ခွေများ ယူယူလာတတ်သည်။ သူ အများဆုံး ယူလာသော တိပ်ခွေများမှာ ပင့်ခ်ဖလွိုက်၏ တိပ်ခွေများ ဖြစ်သည်။ နှောင်းက ပင့်ခ်ဖလွိုက်ကို သိပ်မကြိုက်ဘူးဟု ပြောတော့ သူ ပြုံးရုံသာ ပြုံးလျက် ဇွဲမလျှော့ခဲ့ချေ။

နောက်ဆုံးတော့ သူဗီဒီယိုတိပ်ခွေတစ်ခု ယူလာသည်။

"ပင့်ခ်ဖလွိုက်ကို မကြိုက်တဲ့မိန်းကလေး ကြည့်ဖို့'... တဲ့။

"ကြည့်ပြီးတဲ့အခါ ကိုယ်တို့အဲဒီအကြောင်း ဆွေးနွေးရအောင်" ဟု ဆိုသေး၏။

နှောင်းက သူ့ကို မျက်စောင်းထိုးလျက် 'ကြီးကြီးကျယ်ကျယ်'... ဟု ရေရွတ်လိုက်မိသေးသည်။ သို့သော် သူပေးသော 'နံ့ရုံ'အခွေကို ကြည့်ပြီးသည့်အခါ နှောင်းရင်ထဲသို့ နဂိုက ရှိမနေသော တစ်စုံတစ်ခုက ဝင်ရောက်နေပြီ ဖြစ်ကြောင်း သတိထားလိုက်မိလေသည်။ လူတစ်ယောက်၏ နိမ့်ကျစိတ်၊ ခိုကိုးရာမဲ့စိတ်၊ ဖိနှိပ်မှုအပေါ် နာကြည်းစိတ်၊ တွန်းလှန် ရုန်းထွက်လိုစိတ်၊ ရည်ရွယ်ချက်များ ပျောက်ဆုံး၍ ဆောက်တည်ရာ မရသောစိတ်... အားလုံးကို ဆက်တိုက် နှောင်း မြင်နေရသည်။ နှောင်း ခံစား၍ရနေသည်။

**The Wall** သည် သာမန်သီချင်းခွေတစ်ခု မဟုတ်ပါ။ ရုပ်ရှင်တစ်ခု ဖြစ်သည်။ နှောင်းကို ဂီတနှင့်ရော၊ အသံနှင့်ရော၊ ပြကွက်များနှင့်ရော နည်းမျိုးစုံ ဆွဲခေါ်သွားသည်။

**The Wall** တွင် သေခြင်းတရားကိုလည်း နှောင်း မြင်ရသည်။

နောက်တစ်နေ့ ကျောင်းဆင်းသည့်အချိန်တွင်တော့ နှောင်းနှင့်သူ ပင့်ခ်ဖလွိုက်အကြောင်း တကယ်ပင် ဆွေးနွေးမိကြလေသည်။

"နှောင်းကြည့်ဖူးသမျှ အမ်တီဗွီတွေထက် ဒါကို ပိုကြိုက်တယ်"ဟု နှောင်းပြောတော့ သူက ပြုံးပြုံးကလေးပင် ခေါင်းညိတ်၏။

"ကြိုက်ရမှာပေါ့ နှောင်းရဲ့"ဟု မြန်မာလို တိုးတိတ်စွာ ထောက်ခံလေသည်။

သရုပ်ဆောင်ဘော့ဘ်ဂဲလ်ဒေါ့၏ မျက်လုံးများ၊ အထူးပြုလုပ်ချက်များ၊ ပင့်ခ်ဖလွိုက်၏ သီချင်းစာသားများ၊ ဂီတနှင့် လိုက်လျောညီထွေဖြစ်အောင် တစ်ခန်းပြီးတစ်ခန်း ပြတ်တောက်သွားသော ပြကွက်များ အားလုံးကို နှောင်းနှင့်သူ အားပါးတရ ဆွေးနွေးကြသည်။

ထို့နောက်ပိုင်းရက်များတွင် သူနှင့်နှောင်း၏ ခင်တွယ်မှုမှာ သိသာထင်ရှားစွာ ခိုင်မြဲလာခဲ့သည်။

သူနှင့် ပတ်သက်၍ နှောင်း သတိထားမိသော အချက်တစ်ခု ရှိသည်။ သူသည် နှောင်းကို သူ၏ကြိုက်နှစ်သက်မှုများဆီသို့ ကျွမ်းကျင် လိမ္မာစွာ တွဲခေါ်နိုင်ခြင်းပင် ဖြစ်လေသည်။

အတန်းပြင်ပတွင် အင်္ဂလိပ်ဘာသာ အပြောလေ့ကျင့်ခြင်း၊ အမှတ်(၉)ကားကို သူနှင့်အတူ လိုက်ပါစီးနင်းစေခြင်း၊ သူကြိုက်နှစ်သက်သော ပင့်ခ်ဖလွိုက်ကို ကျေကျေနပ်နပ် အံ့သြတကြီး

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

ကြိုက်နှစ်သက်စေခြင်း တို့အပြင် သူကြိုက်နှစ်သက်သော နှောင်း၏ဝတ်စားဆင်ယင်မှု အမျိုးအစားကို ချီးကျူးဂုဏ်ယူခြင်းဖြင့် နှောင်းအား ထိုဝတ်စားဆင်ယင်မှုမျိုး အလေးအနက် ပြင်ဆင်စေခြင်းတို့လည်း ပါဝင်သည်။

"ညီညီလွင်... မင်းဆံပင်ပုံစံကို ငါမကြိုက်ဘူး၊ ရှေ့ဆံပင်တွေက ရှည်လွန်းတယ်၊ လူလိမ္မာလေးတစ်ယောက်နဲ့ မတူဘူး" ဟု နှောင်းက သူ့ကို ဆွေးနွေးအကြံပေးသည့်အခါများတွင်တော့ သူ ခေါင်းမာစွာ ပြုံးနေတတ်၏။

"ကိုယ် ဂစ်တာတီးနေတဲ့အခါ ဆံပင်ကို လှုပ်ရှားအောင် ခေါင်းယမ်းပစ်ရတာ သိပ်ကျေနပ်ဖို့ကောင်းတယ်၊ ကိုယ့်အတွက် ဒီဆံပင်က အဆင်ပြေတယ်"တဲ့။ နောက်ပြီး အမြင်ကတ်စရာ ကောင်းလောက်အောင်ပင် သူက ယဉ်ကျေးသိမ်မွေ့ပြ ပြန်သေး၏။

"မင်း စိတ်မရှိဘူးဆိုရင်တော့ ကိုယ်ဒီဆံပင်ကို ဒီအတိုင်း ထားချင်ပါတယ် နှောင်း"

ကဲ... နှောင်း ဘယ်လိုလုပ်ပြီး ဖြတ်ခိုင်းရက်ပါ့မလဲ။

နှောင်း စိတ်ဝင်စားသော ဘာသာရပ်များကို သူစိတ်ဝင်စားအောင် တွန်းအားပေးမိသေးသည်။

"လူရဲ့ မူလအစဇာစ်မြစ်အကြောင်း ကိုယ်သိဖို့ မလိုပါဘူး၊ ဂီတအကြောင်း သိရင် လုံလောက်ပါတယ်၊ ဒါနဲ့ စကားမစပ်... ဒါဝင်က ဘယ်နိုင်ငံသားလဲဟင်"တဲ့။

နှောင်း သူ့ကို ရယ်ချင်စွာပင် ငေးမောနေဖြစ်တော့သည်။ ဒါလည်း ပြဿနာ မဟုတ်ပါ။

"ညီညီလွင် ဗုဒ္ဓဘာသာဝင်လား" ဟု နှောင်း စိတ်ဝင်တစား မေးမိသေးသည်။ သူက သိပ်မစဉ်းစားဘဲ ခေါင်းကို ခပ်သွက်သွက် ညိတ်၏။

"နှောင်းဘဝဆိုတာကို ယုံသလား"ဟု တစ်ဆင့်တက်၍ မေးတော့ သူ မျက်နှာရှုံ့မဲ့၍ ရယ်ပါသည်။

"ဘာဖြစ်လို့ နှောင်းဘဝအထိ တွေးနေတာလဲ၊ နှောင်းဘဝ ရှိချင်ရှိမယ်၊ မရှိချင် မရှိဘူး၊ ကိုယ့်အတွက် ဘာမှမထူးခြားဘူး၊ နှောင်းဘဝ ရှိမှာလဲ မကြောက်ဘူး၊ မရှိမှာလဲ မကြောက်ဘူး၊ ကိုယ်က လောလောဆယ် ပစ္စုပ္ပန်ကာလကိုပဲ တွေးတယ်"...တဲ့။

ဘယ်လောက်ပေါ့ပါးလိုက်သည့် အတွေးလဲ...နော်။ သူမှ ဤကမ္ဘာ၌ မပျော်ဘူးဆိုလျှင် တခြားဘယ်သူ ပျော်နိုင်ပါဦးမည်နည်း။

"နှောင်းကတော့ နှောင်းဘဝဆိုတာကို မယုံဘူး"ဟု အံကြိတ်၍ ပြောမိတော့ သူက နှောင်းကို သနားသလို ကြည့်၍ ပခုံးတွန့်လေသည်။

"နှောင်းဘဝအကြောင်း စဉ်းစားသုံးသပ်နေတာ ဘယ်လောက်ကြာပြီလဲ"ဟု သူ မချိုမချဉ်မေး၏။

နှောင်း အနည်းငယ်တွေဝေကာ ဖေဖေသေဆုံးသည့်ရက်ကို စိတ်ဖြင့် ပြန်တွက်ကြည့်သည်။

"ငါးလ..."

"အဲဒီငါးလမှာ မင်းရေကူးသင်ရင် ရေကူးသမားကောင်းတစ်ယောက် ဖြစ်နေပြီ"ဟု သူတိုးတိတ်စွာ ဝေဖန်လေသည်။

နှောင်း မခံချိမခံသာ ဖြစ်သွားသော်လည်း သူ့ကို ချေပရန် စကားရှာ မတွေ့ပါ။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

"ကိုယ်ကတော့ ဘဝမှာ ကိုယ့်အတွက် အသုံးဝင်တာတွေကိုပဲ စဉ်းစားတယ်၊ ကိုယ် အသုံးချလို့ မရတာတွေကို မစဉ်းစားဘူး၊ ဖေဖေက ပြောတယ် ကိုယ်ဟာ ဘယ်တော့မှ တွေးခေါ်သမားတစ်ယောက် မဖြစ်ဘူးတဲ့"

ထို့နောက် နှုတ်ခမ်းပါးကလေးကို မဲ့ကွေးစွာ လက်ဖျောက်တစ်ချက် တီး၏။

"ဒီမယ် ကြည့်စမ်း... ကိုယ်က လက်တွေ့ကမ္ဘာကိုပဲ လေ့လာတယ်၊ ဓာတ်ခွဲခန်းသပ်လို့ရတဲ့ အဖြစ်အပျက်တွေကိုပဲ စဉ်းစားတယ်၊ လူ့ဘဝဆိုတာ တိုတိုလေးပဲ၊ သေပြီးဘဝကို လူတွေယုံကြည်ဖို့ အကြောင်းပြချက်က တစ်ခုပဲရှိတယ်၊ ဒါ ဘာလဲဆိုတော့ ကောင်းမှုအလုပ်ကို လုပ်ဖြစ်အောင် တွန်းအားပေးဖို့ပဲ"

သူ့စကားကို နှောင်း နားလည်မလည် စူးစမ်းဟန်ဖြင့် နှောင်းကို အကဲခတ်နေသေး၏။ ပြီးမှ...

"နောက်ဘဝကို ယုံကြည်ခြင်းအားဖြင့် အများစုသော လူသားတွေမှာ ဆောက်တည်ရာ ရတယ်၊ မကောင်းမှု ပြုလုပ်ဖို့ ကြောက်ရွံ့တယ်၊ ကိုယ်ကျင့်သိက္ခာ စောင့်စည်းဖို့ သတိထားတယ်... ဒါပဲ မဟုတ်လား၊ ဒါတွေဟာ ကိုယ့်အတွက်တော့ မလိုဘူး၊ ကိုယ်က ဒီဘဝမှာ ယုံတယ်၊ ဒီဘဝမှာ ကိုယ်ဖြစ်ချင်တာကို ဖြစ်အောင်လုပ်မယ်၊ ဒီဘဝမှာ ကိုယ်စံထားတဲ့ ကိုယ်ကျင့်သိက္ခာနဲ့ ကိုက်ညီအောင် နေတယ်၊ ဒါပဲ... ဒါ ကိုယ့်ယုံကြည်ချက်ပဲ"

ဒီလိုဆိုပြန်တော့ သူ့အဘိဓမ္မာနဲ့သူ ဟုတ်နေပြန်သည်။

"မင်းရော ဘယ်လိုထင်သလဲ... နှောင်းခင်ဗျာ"

နှောင်း မသိမသာ အံကြိတ်၍ ပြုံးနေ၏။ သူကတော့ ထုံးစံအတိုင်း သူ့ဘက်ပါအောင် ဆွဲဆောင်ဖို့ ကြိုးစားနေပြီ။ စိတ်ရောဂါကုဆရာဝန် ပြောသလို လူတွေကို ကိုယ့်ဘက်ဆွဲခေါ်ဖို့ ကြိုးစားခါမှ သူ့ဘက်ပါအောင် ဆွဲခေါ်တတ်သူနဲ့ ကြုံရပြန်လေသည်။ သူတစ်ပါး၏ လွှမ်းမိုးမှုကို မခံရသော နည်းအများကြီး ရှိပါလိမ့်မည်။ ထိုနည်းတွေထဲမှ နှောင်း တစ်ခုခုကို သုံးဖို့သင့်နေပြီ။ သူပြောသည့် နောင်ဘဝ မရှိမှု ရှိမှုက နှောင်းတို့အတွက် ပြဿနာမဖြစ်နိုင်ပါဘူးဟု ဝန်ခံလိုက်လျှင် နှောင်းသည် အလိုလို သူ့လွှမ်းမိုးမှုအောက်သို့ ရောက်ရှိသွားပေလိမ့်မည်။ ဟင့်အင်း... သည်လိုတော့ အဖြစ် မခံနိုင်ပါဘူး။

ဒါဖြင့် သူ့တင်ပြချက်က ကျိုးကြောင်း မဆီလျော်လို့လား။

သိပ်ဆီလျော်ပါသည်။ တကယ်ကို လက်ခံထိုက်သော အယူအဆ ဖြစ်ပါသည်။ သို့သော် ယခုဖြစ်နေသော ပြဿနာမှာ ထိုအယူအဆကို အကဲဖြတ်ဖို့ မဟုတ်ပါ။ ဘယ်လိုနည်းဖြင့် သူ့လွှမ်းမိုးမှုကို ငြင်းပယ်မလဲဆိုသော ပြဿနာဖြစ်ပါသည်။

ကြည့်စမ်း၊ မေ့နေလိုက်တာ။ လွှမ်းမိုးမှုတစ်ခုကို ငြင်းပယ်ခြင်းနည်းဖြင့် အကောင်းဆုံး တော်လှန်နိုင်သည် မဟုတ်လား။ ဘယ်လိုငြင်းပယ်လျှင် လှပမလဲ။

"နှောင်း ပြောပြီးပြီပဲ၊ သေပြီးနောက် ကိုယ်ကိုယ်တိုင်ရဲ့ ဘဝဆိုတာကို လုံးဝလက်မခံဘူး၊ လူတစ်ယောက် သေသွားတဲ့အခါ မြေသြဇာဖြစ်သွားမယ်၊ အနည်းဆုံး ပြာဖြစ်သွားမယ်၊ ပြီးပြီပဲ၊ လူ့လောကမှာ နောက်လူသားတစ်ယောက် အသစ်ပေါ်လာတယ်၊ ဒီလူဟာ အရင်လူ မဟုတ်ဘူး၊ နှောင်းက လူတွေကို အသိဉာဏ်ရှိတဲ့လူ၊ လှုပ်ရှားနိုင်တဲ့ သစ်ပင်တွေအဖြစ် တစ်ခါတစ်ခါ မြင်တယ်၊ သစ်ပင်တစ်ပင် သေသွားတဲ့အခါ ထင်းဖြစ်သွားမယ်၊ ဆွေးမြည့်ပြီး မြေသြဇာဖြစ်သွားမယ်၊ ဒါပေမဲ့ သစ်ပင်ရဲ့နောက်ဘဝဆိုတာ မရှိဘူး၊ မျိုးစေ့ကျန်လို့ နောက်သစ်ပင်တစ်ခု ပေါက်ရင်ပေါက်မယ်၊ ဒါပေမဲ့ အရင်သစ်ပင်တော့ မဟုတ်ဘူး၊ အဲဒီလိုပဲ လူတွေမှာလဲ နောက်ဘဝဆိုတာ မရှိဘူး"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

သူ ပါးစပ်ဟ၍ ငေးမောနေသောအခါ နှောင်းကျိတ်၍ပြုံးလိုက်မိသည်။ သူ့မျက်လုံးများတွင် စိတ်မကောင်းခြင်း အရိပ်အယောင် တွေ့ရသည်။ နှောင်း ပခုံးလေး မသိမသာတွန့်၍ မျက်နှာလွှဲလိုက်၏။

လောလောဆယ်တော့ သူ့လွမ်းမိုးမှုကို ပစ်ပယ်လိုက်ပြီ။

သူ့ကို လွှမ်းမိုးအောင် ဘယ်လိုကြိုးစားရပါ့မလဲ။ သူ့ကျိုးကြောင်းဆီလျော်မှုထက် ပို၍သာလွန်အောင် နှောင်းက ဘယ်လိုတင်ပြနိုင်ပါ့မလဲ။

“မနုဿဗေဒအရ ပြောရရင် လူတွေရဲ့ မျိုးပွားနှုန်းက လွန်ခဲ့တဲ့ နှစ်တစ်ထောင်လောက်နဲ့ နှိုင်းယှဉ်ရင် အဆပေါင်းများစွာ တက်နေတယ်၊ များနေတယ်၊ လူဦးရေတွေ ကန့်သတ်နေရတယ်၊ တစ်နေ့တစ်နေ့ တစ်နှစ်တစ်နှစ် သေတဲ့လူနဲ့ မွေးဖွားတဲ့လူနဲ့ အရေအတွက်ချင်း အချိုးမကျဘူး၊ သေတဲ့နှုန်းက နှေးပြီး မွေးတဲ့နှုန်းက များနေတယ်၊ ခြောက်ဆယ်ခုနှစ်တွေတုန်းက လေးပေါင်းသုံးတောင်၊ အခုနှစ်မှာ လူပေါင်းလေးထောင်ကျော်ရှိတယ်၊ သေပြီးတဲ့လူတိုင်းဟာ နောက်ဘဝနဲ့ ပြန်ရှင်တယ်ဆိုရင် ဒီလောက်လူတွေ တိုးတက်များပြားလာစရာ အကြောင်းမရှိဘူး၊ တစ်ယောက်သေ… နောက်တစ်ယောက်ဖြစ်၊ အခုတော့ အများကြီးပွားနေတယ်၊ အဲဒီလူသစ်တွေက လူဟောင်းတွေ မဟုတ်ဘူး၊ ဒါဖြင့် သူတို့ဘယ်ကလာတယ်လို့ ပြောမလဲ၊ သစ်ပင်တွေဆီက လာသလား၊ တစ်ယောက်သေပြီး သုံးယောက် ပြန်ဖြစ်နေသလား၊ ကဲ…ပြောစမ်းပါဦး”

သူက မျက်မှောင်ကြုတ်စဉ်းစားသည်။ သို့သော် မဖြေပါ။ သူ့အဖြေကို နှောင်း တထိတ်ထိတ်နှင့် စောင့်မျှော်နေရသည်။ ချားလ်စ်ဒါဝင်၏ အယူအဆ တစ်ခုခုကို တင်ပြလာလျှင် ပြဿနာ။ နှောင်း ဖြေရှင်းရန် တော်တော်ခက်ခဲပါလိမ့်မည်။ တော်ပါသေးရဲ့၊ ကံကောင်းထောက်မစွာ သူသည် မနုဿဗေဒကို စိတ်မဝင်စားသူ ဖြစ်နေ၏။

“ဒါပေမဲ့ လူဟာ သေပြီး နောက်ဘဝမဖြစ်တော့ဘူးဆိုရင် လူဦးရေတဖြည်းဖြည်း နည်းကုန်မှာပေါ့ နှောင်းရဲ့၊ အချိုးမညီတာ ပြဿနာတစ်ခုဆိုရင် နည်းသွားရမှာ များနေတာလဲ ပြဿနာပဲ”

သူက ခေါင်းတယမ်းယမ်း ဆင်ခြေတက်နေသေး၏။

နှောင်း သူ့ကို ညစ်ကျယ်ကျယ် ပြုံးပြလိုက်ပါသည်။

“လွန်ခဲ့တဲ့ နှစ်သန်းပေါင်းများစွာကတည်းက သက်ရှိသတ္တဝါမျိုးစုတွေ အများကြီး ရှိခဲ့တယ်၊ တချို့မျိုးပေါင်းစုတွေက တဖြည်းဖြည်းနည်းပြီး ပျောက်ကွယ်သွားတဲ့တစ်ချိန်မှာ ကျန်တဲ့တချို့မျိုးပေါင်းစုတွေက ပိုပြီးမျိုးပွားရှင်သန်နေကြတယ်၊ အဲဒါဟာ သဘာဝရဲ့ အခွင့်အရေးပေးမှုပေါ်မှာ မူတည်တယ် ညီညီလွင်ရဲ့၊ မျိုးပေါင်းစုတစ်ခု ဆက်လက်တည်ရှိဖို့ဆိုရင် ရာသီဥတု၊ ဘူမိဗေဒ၊ စားနပ်ရိက္ခာ၊ ပတ်ဝန်းကျင်အနေအထား အားလုံးလိုတယ်။ အားနည်းတဲ့အုပ်စုဟာ တဖြည်းဖြည်း နေရာချဲ့ခံရပြီး အမျိုးပျက်သွားတဲ့အချိန်မှာ အားများတဲ့အုပ်စုက အထိန်းအချုပ်မရှိ မျိုးပွားနိုင်တာပဲ၊ ဒါ ဘာဆန်းသလဲ၊ ဘာနောက်ဘဝတွေ ရှေ့ဘဝတွေမှ မလိုဘူး၊ ရှင်းရှင်းကလေးပဲ”

“နှောင်း… မင်းဥစ္စာက ကိုယ်လိုရာကို ဆွဲယူနေတာပဲ”

“ဘာဖြစ်သေးလဲ…”

“ကိုယ်က ဘာမှမဖြစ်ပါဘူး၊ မင်းသာ ဖြစ်နေတာပါ၊ ကိုယ့်အာရုံထဲမှာ ဘယ်တုန်းကမှ နောက်ဘဝဆိုတာ အမြဲရှိမနေဘူး၊ ဒါပေမဲ့ မင်းမှာ ရှိနေတယ်”

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

နှောင်းတို့၏ ဆွေးနွေးမှုမှာ တစ်ယောက်ကိုတစ်ယောက် မလိုတမာ အကြည့်များဖြင့် ကြည့်ရင်း ပြီးဆုံးသွား၏။

သို့သော်ဆယ်မိနစ်အကြာတွင် မင်္ဂလာဒုံ–ဆူးလေ ကားပေါ်၌ ရယ်မောပျော်ရွှင်စွာ လူအုပ်ထဲ တိုးဝှေ့နေတော့သည်

နောက်တစ်ပတ် အင်္ဂါနေ့တွင် သူအတန်းထဲသို့ နာရီဝက်တိတိ နောက်ကျပြီးမှ ဝင်လာသည်။ နှောင်းတို့ အတန်းသားအားလုံး သီချင်းအစီအစဉ်ဖြင့် အုပ်စုခွဲကာ ဆွေးနွေးနေကြချိန် ရောက်မှ တံခါးကို တွန်းဖွင့်၍ သူဝင်လာ၏။

"ကျွန်တော့်ကို ခွင့်ပြုပါ"ဟု ခွင့်တောင်းကာ သူဝင်လာချိန်တွင် သူ့မျက်နှာမှ ထူးခြားမှုကို အကဲခတ်မိသွား၏။

သူ့မျက်နှာမှာ ခါတိုင်းလို သက်သာပြေလျော့မှုမရှိဘဲ တင်းကျပ်မှုများ ရှိနေသည်။ မျက်နှာနည်းနည်း မှုန်ကုပ်နေသည်။ နည်းနည်းလည်း အရောင် ရင့်နေသည်ဟု ထင်သည်။ နှောင်းရှိရာသို့ ဝတ္တရားမပျက် လှမ်းကြည့်လိုက်သော သူ့မျက်လုံးများ ရီဝေနေကြသည်။ သူ့မျက်လုံးများတွင် နှောင်း တစ်ခါမျှ မမြင်ဖူးသော ဝမ်းနည်းရိပ်ကို မြင်လိုက်ရလေသည်။

အတန်းပြီးသောအခါ သူမ မျိုသိပ်မထားနိုင်တော့ပါ။

သူ အပြင်အထွက်ကို အခန်းရှေ့မှ စောင့်နေဖို့ စိတ်မရှည်တော့ဘဲ သူ့နေရာသို့ လျှောက်သွားမိသည်။

"ညီညီလွင်… မင်း ဘာကြောင့် ဒီလောက် နောက်ကျတာလဲ"

သူ ကက်ဆက်ခလုတ်ကို ပိတ်ပြီး နားကြပ်ကို ဆွဲဖြုတ်ကာ မော့ကြည့်၏။ ထို့နောက် ကက်ဆက်သေတ္တာ မီးခလုတ်ကို ပိတ်လိုက်သည်။

"ကိုယ့်သူငယ်ချင်းတစ်ယောက်ရဲ့ အသုဘကို လိုက်ပို့နေလို့"

"အို…"

သူ စိတ်မကောင်း ဖြစ်သွားသည်။

"မင်းသိရဲ့လား နှောင်းခင်ဗျာ… သူ့အသက်က နှစ်ဆယ့်သုံးနှစ်ပဲ ရှိသေးတယ်"

သူ့အသံမှာ နာကျင်မှု အနည်းငယ် ပါဝင်နေသည်။

"ဘာဖြစ်လို့ ဆုံးတာလဲ…ညီညီလွင်"

"အက်ကျူ ပန်ခရီယာတိုက်တစ်စ်တဲ့… ပန်ခရိယ ရောင်ရမ်းတဲ့ရောဂါ…"

သူက အင်္ဂလိပ်ဘာသာဖြင့် ပြန်ရှင်းပြပေး၏။

"သူ ဝေဒနာ ခံစားရသလား…ဟင်"

နှောင်း ကို သူမျက်လုံးပြူးကြည့်သည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"ဘုရားရေ… မင်းက ဘယ်လိုထင်နေလို့၊ အေးအေးဆေးဆေး ပြုံးပြီး သေသွားမယ် ထင်လို့လား၊ သူ သတိလစ်တစ်ချက် ရတစ်ချက်နဲ့ ဗိုက်ထဲက အောင့်တဲ့ဝေဒနာကြောင့် ချွေးသီးချွေးပေါက်တွေနဲ့ အံကြိတ်ပြီး အော်နေရတယ်"

သူ မြန်မာစကားဖြင့် နာနာကြည်းကြည်း ပြောပြခိုက် နှောင်းပါးစပ်ဟ ကာ ငေးမောနေမိ၏။

"ဆရာဝန်က ရောဂါနာမည် အတိအကျ မပေးနိုင်ဘူး၊ သူ အလူးအလဲ နှစ်ရက်ခံရပြီး ဆေးရုံရောက်တယ်၊ အစာအိမ်ပေါက်တယ် ထင်သလား၊ အူခေါက်တယ် ထင်သလားမသိဘူး၊ သူ့ကို ခွဲဖို့ ဗိုက်ဖွင့်တယ်၊ အဲဒီကျမှ ပန်ခရိယာတိုက်တစ်စိတ်မှန်း သိတယ်"

သူမ ကြက်သီးထသလို ပခုံးတွန့်လိုက်သောအခါ သူသက်ပြင်းချသည်။

"အဲဒီရောဂါက ဗိုက်နာရောဂါနဲ့ သိပ်ဆင်တယ်လို့ ပြောတာပဲ၊ အပြင်ဆေးကုခန်း ဆရာဝန်တစ်ယောက်အတွက် ဘာမှစမ်းသပ်စစ်ဆေးလို့ မလွယ်ဘူးတဲ့၊ ဆိုလိုတာက နားကြပ်နဲ့ လက်နဲ့ချည်း စမ်းလို့မရတဲ့ရောဂါပေါ့လေ၊ အဲဒီရောဂါမှန်း အတိအကျသိရင် ဗိုက်မခွဲရဘူးလို့ ပြောတယ်"

"ဒါဖြင့် သူက ဗိုက်ခွဲလို့ သေတာလား"

"မဟုတ်ဘူး"

"ဒါဖြင့် အချိန်နှောက်ကျလို့ သေတာလား"

သူ နှောင်းကို ငေးနေသော်လည်း နှောင်းကို မမြင်ပါ။

"သုံးရက်ဆိုတဲ့ အချိန်ဟာ ရောဂါတစ်ခုအတွက် နောက်ကျပြီလို့ ပြောနိုင်လို့လား နှောင်းခင်ဗျာ"

သူ့စကားကို နှောင်း ဘာမှ မဝေဖန်တတ်ပါ။

နှစ်ယောက်သား တိတ်ဆိတ်စွာ လျှောက်လာခိုက်မှာ သူက ဗြုန်းခနဲ နှောင်းဘက် လှည့်ကြည့်၏။

"သိပ် ရယ်စရာ ကောင်းတာတစ်ခုက သူ လွန်ခဲ့တဲ့ လေးလကပဲ အာလ်ထရာဆောင်း ရိုက်ကြည့်ထားသေးတယ်၊ ဒီကောင်က ရောဂါဖြစ်မှာ သိပ်ကြောက်တဲ့ကောင်"

နှောင်း သူ့ကို ဒေါသတကြီး မော့ကြည့်မိသည်။

"လူတစ်ယောက်လုံး သေရတဲ့ကိစ္စမှာ ဘာကမှ ရယ်စရာ မကောင်းဘူး ညီညီလွင်၊ ကျေးဇူးပြုပြီး အဲလို မသရော်ပါနဲ့"

သူ့မျက်လုံးတွင် မျက်ရည်များ စိုစွတ်ရီဝေလျက်က သူမဲ့ပြုံးပြုံးကာ တစ်ဖက်သို့ မျက်နှာလွှဲပစ်လေသည်။

နှောင်း ခေါင်းငိုက်စိုက်ချလျက် လျှောက်လာမိသည်။ သူလည်း ဘေးမှာ တိတ်ဆိတ်စွာ ပါလာ၏။

မင်္ဂလာဒုံကားပေါ်တွင် လူတိုးဝေ့၍ စိတ်ကျဉ်းကျပ်နေသည့် အချိန်မှာ နှောင်းက ဗြုန်းခနဲ မေးခွန်းတစ်ခု မေးလိုက်သည်။

"အဲဒါ ဘာကြောင့် ဖြစ်တာလဲဟင်"

သူ ခဏကြောင်သွားပြီးမှ သက်ပြင်းတစ်ချက် ချ၏။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"မသိဘူး နောင်း... အရက်သောက်ပြီးတဲ့ အချိန်မှာ ဖြစ်တတ်တယ်လို့လဲ ပြောတယ်၊ ဆရာဝန်က မေးသေးတယ်၊ အရက်သောက်ထားခဲ့သလားတဲ့၊ ဒါပေမဲ့ ရယ်ရတယ်၊ ဒီကောင်က အရက်နဲ့ မတည့်လို့ ဘယ်တော့မှ အရက်မသောက်ဘူး"

ရယ်ရတယ်...ဟု ပြောနေသော သူ့နှုတ်ခမ်းများ မဲ့ကွေးလျက်ရှိသည်။

နောင်း ငြိမ်သက်စွာ တွေဝေနေ၏။

အာလ်ထရာဆောင်း ရိုက်ထားပြီး လေးလမှာ လူငယ်တစ်ယောက် ဖြုန်းခနဲ သေနိုင်တာပဲနော်။

ထိုအတွေးသည် နောင်းကို တစ်လျှောက်လုံး ဖိစီးလျက်ရှိသည်။ ညတွင် နောင်းအိပ်ရာမှ ဖြုန်းခနဲ လန့်နိုးလာသည်။ နောင်းတစ်ကိုယ်လုံး ချွေးစေးများဖြင့် အေးစက်စိုထိုင်းနေ၏။ စားပွဲတင်နာရီက တချက်ချက် မြည်သံသည် နောင်းကို စိတ်အနှောင့်အယှက်ဖြစ်အောင် ဖန်တီးနေ၏။ နောင်း နာရီကို ငေးကြည့်နေမိသည်။

ည ၁ နာရီ ၁၅ မိနစ်...။

နိုးလာဖို့ အလွန်စောသေးသော အချိန်ဖြစ်သည်။ နောက်ပြီး နောင်း ရင်တဒိတ်ဒိတ်ခုန်လျက် ရှိသည်။ နောင်း ကိုယ့်ကိုယ်ကို အားတင်းကား စိတ်ငြိမ်သက်အောင် ဖန်တီးဖို့ ကြိုးစား၏။

စားပွဲပေါ်မှ စာအုပ်တစ်အုပ် လှမ်းဆွဲသည်။ စာမျက်နှာတစ်ခုကို လှန်ကာ ဖတ်ဖို့ ကြိုးစားသည်။

အသုံးချရာသီဥတုပညာ...။ တိုက်လေသည် အပင်လောကကို ခြယ်လှယ်၏၊ လေတိုက်ခြင်းအားဖြင့် အပင်ကို လှုပ်ရှားစေသည့်အပြင် သွယ်ဝိုက်သောအားဖြင့် အပင်ငွေ့ပြန်ခြင်းကို ပြုပြင်၏။

ဘာလဲ...ဘာလဲ၊ ငါ ဘာလုပ်နေတာလဲ။

ဒီစာတွေကို ငါဖတ်နေရအောင် ငါက ဘယ်လောက်ကြာကြာ အသက်ရှင်နိုင်ဦးမှာမို့လဲ။ တစ်ကိုယ်လုံး ဓာတ်မှန်စစ်ဆေးပြီးရုံနဲ့ ငါ သေမင်းလက်က လွတ်ပြီလို့ ထင်သလား။

နောင်းသည် ဝမ်းနည်းကြေကွဲစွာပင် စာအုပ်ကို ဖြုန်းခနဲ ပိတ်ပစ်လိုက်၏။ မျက်စိကို ဖွတ်မှိတ်ပစ်လိုက်သည်။ သည်းထန်သော မိုးစက်များ...ယိမ်းထိုးလှုပ်ရှားနေသော သစ်ရွက် သစ်ကိုင်းများ...။

ဖေဖေ...။

သေပြီး နောက်ဘဝ...။

ဟင့်အင်း...ဖေဖေဟာ သေပြီ။ ပြာဖြစ်သွားပြီ။ ကမ္ဘာမြေကြီးပေါ်ကနေ ပျောက်ဆုံးသွားပြီ။ အပြီးတိုင် ပျောက်ဆုံးသွားပြီ။ အပြီးတိုင် ပျောက်ဆုံးသွားပြီ။

တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေချိန်တွင် နောင်း၏ပင့်သက်ရှိုက်သံမှာ ကျယ်လောင်လွန်းလှသည်ဟု ထင်သည်။

ထို့နောက် သူမ ဖြုန်းခနဲ ထထိုင်လိုက်၏။

စိတ်ရောဂါကုဆရာဝန် ပေးထားသော ဆေးလုံးကလေးတွေ ကျန်သေးသည်။ ထိုဆေးလုံးကလေးများသည် နောင်း၏ပူပန်သောကကို ထုတ်ယူဖယ်ရှား ပေးလိမ့်မည်။ စားပွဲတွင် နောင်း လိုက်လံရှာဖွေသည်။ တော်တော်နှင့် မတွေ့သောအခါ လွတ်ခနဲ ညည်းညူမိလိုက်သေး၏။

Commercial use of this book will be at your own RISK!
www.myanmarcupid.net

စိတ်အေးအေးထားစမ်း နှောင်းခင်ဇော်… နင်ဘာကို ကြောက်နေတာလဲ။

အက်ကျူပန်ခရီယာတိုက်တစ်စိတ်ဆိုတာ နှောင်း သိပ်မရင်းနှီးသော ရောဂါနာမည်တစ်ခု ဖြစ်သည်။ ထိုရောဂါသည် သေတတ်သည်။ အနည်းဆုံး… ထိုရောဂါဖြင့် လူငယ်တစ်ယောက် သေသွားပြီ။

ဒါ… နှောင်းနဲ့ ဘာဆိုင်သလဲ။

ဆရာဝန်က အရက်သောက်ထားသလားလို့ မေးတယ်ဆိုမှတော့ အရက်နဲ့ ဆိုင်တဲ့ရောဂါ ဖြစ်မှာပေါ့။ နှောင်းနဲ့ မဆိုင်တဲ့ ရောဂါလေ။

ဒါပေမဲ့ ညီညီလွင့်သူငယ်ချင်းက အရက်မှ မသောက်ဘဲ။

ကံကောင်းထောက်မစွာ နံ့ရုံကြွက်လျှောက်တန်းပေါ်၌ စိတ်ငြိမ်ဆေးပုလင်းကလေးကို ရှာတွေ့သွား၏။

ဖဖဖဖဖ

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

ဒေါက်တာအောင်စည်

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

## အခန်း(၇)

ဒုတိယမြောက်ကြက်ဥကို ဖောက်ခွဲ၍ ဒယ်အိုးထဲ ထည့်လိုက်စဉ်မှာပင် ဧည့်ခန်းရှိ တယ်လီဖုန်းသံကို သူကြားလိုက်ရသည်။ သူ မီးခလုတ်ကို ပိတ်လိုက်၏။ ဧည့်ခန်းဆီ လှည့်ထွက်မည်ဟန်ပြင်ပြီးမှ ဘေးက လက်သုတ်ပဝါ တစ်ထည်ကိုဆွဲယူ၍ လက်သုတ်လိုက်သည်။ ထို့နောက် မီးဖိုခန်းထဲမှ ထွက်လိုက်သည်။

တယ်လီဖုန်းသံမှာ အဆက်မပြတ် မြည်နေဆဲ…။

တယ်လီဖုန်းစင်ရှိရာ လျှောက်သွားချိန်တွင် မီးဖိုထဲက ထမင်းစားပွဲပေါ်မှာ ကျန်ခဲ့သော ကော်ဖီမတ်ခွက်မှာ အဖုံးမပိတ်ရသေးကြောင်း သတိရသွား၏။ မွှေလည်း မမွှေရသေးဘူး ထင်ပါရဲ့။ သူသည် ဘယ်တော့မျှ နေသားတကျ မဖြစ်သော မီးဖိုချောင်ပြဿနာကို စိတ်ရှုပ်ထွေးစွာ ဒေါသထွက်လျက်ကပင် ဖုန်းကို ကောက်ယူနားထောင်လိုက်၏။

"အမိန့်ရှိပါခင်ဗျာ… ကျွန်တော်အောင်စည်ပါ"

"ဆရာ…"

တစ်ဖက်မှ အသံမှာ အမျိုးသမီးသံ တိုးတိုးကလေး သူ မျက်ခုံးပင့်မိသွား၏။

"ဆရာ့ကို အနှောင့်အယှက် ပေးရတာတော့ အားနာပါတယ်ဆရာ၊ ဒါပေမဲ့ ဆရာက ပြောထားတယ်မဟုတ်လား၊ ဆရာ့ဆီကို အချိန်မရွေး ဖုန်းဆက်နိုင်တယ် ဆိုတာလေ"

သူ နားထောင်နေရင်းအသံကို စဉ်းစားခွဲခြားကြည့်နေမိသည်။ သူ့လူနာ တစ်ယောက်ယောက် ဖြစ်မှာတော့ သေချာသည်။ ယဲ့ရွယ်နုပျိုသော အမျိုးသမီးသံ တိုးတိုးကလေးသည် အနည်းငယ် လှုပ်ခတ်နေသည်ဟု ထင်၏။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"ဒါပေမဲ့...ညသန်းခေါင်မှာ ဆရာ့ဆီဖုန်းဆက်ရင် ဆရာ အိပ်ပျက်မှာ စိုးလို့ အခုလို မနက်စောစော ဆက်ရတာပါ ဆရာ"

ကျေးဇူးကြီးမားလှပါသည်။

"ဟုတ်ကဲ့၊ ကိစ္စမရှိပါဘူးခင်ဗျာ.. ကျွန်တော်နားလည်ပါတယ်"

"ဆရာ... နှောင်းက ဆရာ့လူနာ ဖြစ်ခဲ့ဖူးပါတယ် ဆရာ"

နှောင်း...။ သူ မျက်မှောင်တွန့်ကာ စဉ်းစား၏။ ကျောင်းသူကလေး တစ်ယောက်... မျက်လုံးဝိုင်းဝိုင်း တောက်တောက်ကလေး။ မျက်နှာက ဝိုင်းမလိုလို သွယ်မလိုလို... မေးစေ့ကျတော့ ချွန်ချွန်ကလေး၊ ဆံပင်ကုတ်ဝဲ မည်းမည်းနက်နက်... ဘယ်သူပါလိမ့်၊ သူမနာမည် အပြည့်အစုံကို သူ စဉ်းစားနေ၏။ အသက်၂၄နှစ်မှာ သေမယ်ဆိုသည့် မိန်းကလေး။

"ကိုယ်မှတ်မိပါတယ်၊ အခု နှောင်း နေကောင်းရဲ့လား၊ ကလပ်စ်တွေ မှန်မှန် တက်ရဲ့လား"

သူ့နာမည်က ခပ်ဆန်းဆန်း...ချူရိုးဆစ်နာမည်မျိုးပါ။

"ဟုတ်ကဲ့၊ မနေ့က ညနေအထိ နှောင်း ကလပ်စ်တွေ မှန်မှန်တက်ပါတယ် ဆရာ"

ဘုရားရေ...။ ဘာကို ဆိုလိုသလဲ။ မနေ့က ညနေအထိ မှန်မှန်တက်တယ်... ဒီနေ့က အခုမှ မနက်ဖြနာရီခွဲပဲ ရှိသေးတယ်၊ ဒီနေ့ကစပြီး မှန်မှန် မတက်တော့ဘူးလို့ ဆုံးဖြတ်ချက် ချပြီးသွားပြီလား။

"အခု ဘာအနှောင့်အယှက် တွေ့နေသလဲ"

ကံကောင်းထောက်မစွာ သူ့နာမည်ကို မှတ်မိသွား၏။

"နှောင်းခင်ဇော်..."

"နှောင်း သိချင်တာတစ်ခု ဆရာ့ကို မေးလို့ရမလားဟင်"

သူ တစ်ဖက်က မကြားအောင် သက်ပြင်းတစ်ချက် ခိုးရှိုက်မိသည်။

"ရပါတယ် နှောင်း... မေးလို့ရပါတယ်"

တစ်ဖက်က အနည်းငယ် အားယူဟန်ဖြင့် တိတ်ဆိတ်သွား၏။ ထို့နောက် မိန်းကလေး၏ အသံတိုးတိုးကလေးကို သူ ကြားရသည်။

"အက်ကျူပန်ခရီယာတိုက်တစ်စ်တ် ဆိုတဲ့ရောဂါဟာ ဘယ်လိုလူတွေမှာ ဖြစ်တတ်သလဲ ဆရာ..."

သူ ဘုရား တ လိုက်မိသည်။ ဤမိန်းကလေး၏ အတွေးကို ဘယ်အရာတွေက ကြီးစိုးနေပါသနည်း။ သူ မီးဖိုခန်းဆီသို့ လှမ်းကြည့်လိုက်မိပြီးမှ သတိထား၍ ဖြေလိုက်သည်။

"အဲဒီရောဂါဟာ အသက်လေးဆယ်နဲ့ ခုနစ်ဆယ်ကြားမှာ အဖြစ်များတယ်၊ လူငယ်တွေမှာ ဖြစ်လေ့မရှိပါဘူး နှောင်း"

"ဒါပေမဲ့ မနေ့ကပဲ အသက်နှစ်ဆယ့်သုံးနှစ်ရှိတဲ့ လူငယ်လေးတစ်ယောက် အဲဒီရောဂါနဲ့ သေလို့ သင်္ဂြိုဟ်လိုက်ရပြီ ဆရာ"

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

မိန်းကလေး၏အသံတွင် နာကျင်မှုနှင့်ဒေါသကို သူသတိထားလိုက်မိသည်။ သူ ရုတ်တရက် စိုးရိမ်သွား၏။

"ခဏကလေး နှောင်း... ဆရာတစ်ခု သိချင်ပါတယ်၊ အဲဒီလူငယ်ကလေးက နှောင်းနဲ့..."

စကားမဆုံးမီ တစ်ဖက်က ဖြတ်ပြောလာသည်။

"ဟင့်အင်း၊ နှောင်းနဲ့သူနဲ့ ဘာမှမဆိုင်ပါဘူး ဆရာ၊ သူ့ကို နှောင်း တစ်ခါမှတောင် မမြင်ဖူးပါဘူး၊ နှောင်း သူငယ်ချင်းတစ်ယောက်ရဲ့ သူငယ်ချင်းပါ"

တော်ပါသေးရဲ့။

သို့သော် ဤအတိုင်းဆိုလျှင် နှောင်း၏စိုးရိမ်ပူပန်မှုသည် သိသာထင်ရှားလောက်အောင်ပင် သူမကိုယ်သူမအတွက် စိုးရိမ်ပူပန်ခြင်း ဖြစ်သွားပေပြီ။ အသက်ငယ်ရွယ်သူတစ်ဦး မမျှော်လင့်စွာ သေဆုံးတိုင်း ထိုရောဂါမျိုး သူမတွင် ဖြစ်လာနိုင်သလားဟု သိချင်နေပြီ။ ဤစိုးရိမ်ပူပန်မှုမှာ သိပ်အခြေအနေ မကောင်းလှပါ။

သူ နောက်တစ်ကြိမ် ပင့်သက်ခိုးရှိုက်လိုက်ပြန်၏။

"အဲဒီရောဂါ ဘယ်လိုလူတွေမှာ ဖြစ်သလဲဆိုတာ ဆရာ ပြောပြနိုင်ပါတယ်၊ သည်းခြေပြွန်နဲ့ ပန်ခရိယပြွန်ဟာ သီးခြားမဟုတ်ဘဲ မတော်တဆ တစ်ခုတည်း ဖြစ်နေတဲ့လူတွေ...အကြောင်းကြောင်းကြောင့် သည်းခြေပြွန်တွေမှာ ကျောက်တည်တဲ့လူတွေ၊ သည်းခြေပြွန် ရောင်ရမ်းတဲ့လူတွေ...ကျုံ့ဝင်နေတဲ့လူတွေ၊ အဲဒီလူတွေမှာ ဖြစ်တတ်ပါတယ်၊ သည်းခြေရည်တွေဟာ ပန်ခရိယပြွန်အတိုင်း ရောက်သွားရာကနေ ဖြစ်ပေါ်တယ်လို့ ယူဆရတယ်။ အဲဒီအခြေအနေမှာ ပန်ခရိယကထုတ်တဲ့ အင်ဇိုင်းတွေက ပန်ခရိယကိုပဲ ပြန်စားပြီး ချေဖျက်ပစ်တဲ့သဘောပဲ၊ သည်းခြေပြွန်ရောဂါ ရှိတဲ့လူတွေမှာ ပိုပြီးအဖြစ်များပါတယ်၊ နှောင်းခင်ဗျာက မကြာခင်က တစ်ကိုယ်လုံး စစ်ဆေးကြည့်ထားတာပဲ၊ အဖြေကိုလဲ ဆရာကိုယ်တိုင် ကြည့်လိုက်သေးတာပဲ၊ အဖြေကိုလဲ ဆရာကိုယ်တိုင် ကြည့်လိုက်သေးတာပဲ၊ နှောင်းခင်ဗျာမှာ သည်းခြေပြွန်နဲ့ ပတ်သက်တဲ့ အက်ဘ်နော်မယ်လီတီ(ပုံမှန်မဟုတ်ခြင်း) မရှိပါဘူး၊ ဒီတော့ ဒီရောဂါဟာ နှောင်းနဲ့ ဘာမှမဆိုင်ဘူးလေ"

သူ၏ဖြေသိမ့်မှုသည် သိသိသာသာကြီး နှစ်သိမ့်မှုဖြစ်သွားလေသလားဟု သူပြန်စိုးရိမ်သွား၏။

"ဒါပေမဲ့ အဲဒီလူငယ်ကလေးကလဲ လွန်ခဲ့တဲ့ လေးလကမှ ဝမ်းဗိုက်ပိုင်း အာလ်ထရာဆောင်း လုပ်ကြည့်ထားတာတဲ့ ဆရာ"

အင်း...ဖြစ်ရမယ်။ ပြဿနာတွေက ဒီလိုပဲ... ဘယ်တော့မှ လွယ်လွယ်ကူကူလေး မလာဘူး။

"ဒါဖြင့် ဘာတွေ့ထားသလဲ၊ သည်းခြေပြွန်နဲ့ ပတ်သက်တဲ့ တစ်ခုခု မသိမသာ မတွေ့ရဘူးလား"

သူ့ဇွတ်နှစ်၍ မေးလိုက်သောအခါ တစ်ဖက်က ငြိမ်သက်သွား၏။ မိန်းကလေး၏ သေချာမှုများ နည်းနည်းယိုင်သွားပြီဟု ထင်သည်။

သူမ ထိုစာတ်မှန်အဖြေကို ရှာတွေ့နိုင်ရန် အခြေအနေ မရှိပါ။

"ဟင့်အင်း၊ နှောင်း အဲဒါကို အတိအကျ မသိပါဘူး၊ ဒါပေမဲ့ သူတို့ဘာမှ ဆက်မလုပ်ဘဲ ထားတော့ပုံမှန်ပဲလို့ နှောင်းထင်တယ်၊ ပုံမှန်လို့ ဆရာရော မထင်ဘူးလား ဟင်"

ဘာပဲဖြစ်ဖြစ် မိန်းကလေး၏ ဇဝေဇဝါ ဖြစ်သွားမှုကို သူ သဘောကျပါသည်။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

"ကောင်းပြီ… ပုံမှန်လို့ပဲ ဆရာတို့ ယူဆကြရအောင်၊ ဒါပေမဲ့ ပုံမှန်ဟုတ်ချင်မှ ဟုတ်မှာနော်"

ဝမ်းဗိုက်ပိုင်း အာလ်ထရာဆောင်းတချို့မှာ ကင်ဆာစဖြစ်ခါစ အင်္ဂါတွေကိုတောင် ပုံမှန်အဖြစ် တွေ့ရသော သာဓကတွေ ရှိသည်။ သို့သော် ဤအချက်သည် သူ့အနေဖြင့် ရင်နာစွာ လက်ခံထားရုံသာ ဖြစ်၍ နှောင်းလို ကလေးမလေးတစ်ဦးအား ပြောမပြသင့်ပါ။ ယခု အရေးကြီးနေသည်မှာ နှောင်းခင်ဇော်အား ပန်ခရိယရောင်ရမ်းရောဂါမှ ဆွဲထုတ်ပေးရန်သာ ဖြစ်သည်။

သို့သော် အာလ်ထရာဆောင်း ကြည့်ပေးသည့် ဆရာဝန်ကို ထိခိုက်စေမည့် နှစ်သိမ့်စကားမျိုးကိုလည်း မပြောနိုင်ပြန်ပါ။

"အာလ်ထရာဆောင်းမှာ ဘာမှမတွေ့ရရင် ဒီကလေးမှာ ဘာရောဂါမှ မရှိခဲ့လို့လို့ ဆရာတို့ ကောက်ချက်ချရမယ် နှောင်း၊ ရုတ်တရက် ချက်ချင်း သည်းခြေပြွန်ရောင်လာလို့ သူ ပန်ခရီယာတိုက်တစ်စ်တ် ဖြစ်သွားတယ်လို့ ယူဆရမယ်၊ သူ အရက်သောက်သလား"

တစ်ဖက်မှ တိုးတိုးကလေး ရယ်မောလိုက်သည်။ ရယ်သံက နှစ်လိုဖွယ် ရယ်သံမျိုးမဟုတ်၊ တစ်ခုခုကို လှောင်ပြောင်သရော်သည့် ရယ်သံမျိုး ဖြစ်သည်။ ထိုရယ်သံကြောင့် သူ စိတ်နည်းနည်း လေးသွားပါသည်။

"သူ အရက်နဲ့ မတည့်လို့ အရက်လုံးဝမသောက်ဘူး ဆရာ"

သူ မသိမသာ ပြုံးလိုက်မိ၏။ ကိစ္စမရှိပါ။ ဖြစ်နိုင်ချေ နည်းလမ်းတွေ ရှိပါသေးသည်။

"အစာချေဖို့ ခက်ခဲတဲ့ အစားအစာမျိုးတွေကို တော်တော်များများ စားပြီးတဲ့အခါမှာလဲ အက်ကျူပန်ခရီယာတိုက်တစ်စ်တ် ဖြစ်တတ်တယ် နှောင်း၊ ဒါပေမဲ့ အဲဒီအချက်ကြောင့်ဖြစ်တဲ့ ရောဂါမျိုးက သိပ်မပြင်းထန်ဘူး၊ သေလောက်အောင် ပြင်းထန်တဲ့ ရောဂါမျိုးကို ပြွန်နှစ်ခုဟာ တစ်ခုတည်းအဖြစ် ပေါင်းစပ်နေတဲ့ လူနာတွေမှာပဲ တွေ့ရတတ်တယ်"

"ဒါပေမဲ့… သူသေသွားပြီ ဆရာ"

ကလေးမ၏အသံက အနည်းငယ် စူးရှနေ၏။

မိန်းကလေး စိတ်အနှောင့်အယှက် ဖြစ်နေမှုကို သူနားလည်ပါသည်။

"ပန်ခရီယာတိုက်တစ်စ်တ်ရောဂါသည်တစ်ဦး သေဆုံးဖို့ဆိုရင် တစ်အချက်ကတော့ သူ့ကိုပထမဆုံးကုသတဲ့ ဆရာဝန် တော်တော်အတွေ့အကြုံ နည်းမှဖြစ်မယ်"

ထိုဆရာဝန်ကို သူ စိတ်ထဲက အနူးအညွတ် တောင်းပန်လိုက်ပါသည်။ သို့သော် သူ့မှာ ရွေးချယ်စရာ လမ်း မရှိပါ။

"ဆေးခန်းကို ပြင်းထန်တဲ့ ဗိုက်အောင့်တဲ့ဝေဒနာနဲ့ ရောက်လာတဲ့ လူနာတစ်ယောက်ကို စမ်းသပ်စစ်ဆေးတဲ့အခါတိုင်း ဆရာတို့ ပန်ခရီယာတိုက်တစ်စ်တ်ကို အမြဲထည့်တွက်ရပါတယ်၊ အဲဒီရောဂါ ဖြစ်နိုင်ခြေတွေ တွေ့လာရင် တိကျတဲ့ရောဂါ နာမည်ရဖို့ စမ်းသပ်စစ်ဆေးမှုတွေ လုပ်လို့ရပါတယ်၊ ပြင်ပဆေးခန်း သေးသေးကလေးမှာတော့ လုပ်လို့မရဘူးပေါ့၊ ဒါပေမဲ့ ကိုယ့်ဆေးခန်းမှာ စမ်းသပ်လို့မရရင် ရတဲ့နေရာကို ညွှန်ပြီးလွှတ်ပေးရတယ်၊ ပန်ခရိယ အင်ဇိုင်းတွေမှာ စစ်ဆေးကြည့်လို့ရတယ်၊ သွေးထဲမှာ စစ်ကြည့်လို့ရတယ်၊ သွေးထဲမှာ မတွေ့ရင်တောင် နှစ်ဆယ့်လေးနာရီ စုဆောင်းထားတဲ့ ဆီးထဲမှာ လိုက်ရှာကြည့်ရတယ်၊

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

ခာတ်မှန်ရိုက်ကြည့်ရင် သိသာတဲ့ အချက်ကို တွေ့ရတယ်၊ အဲဒီလိုမှ မဟုတ်ရင် ဘေရီယမ်ဆိုတဲ့ဆေးကို မျိုခိုင်းပြီး ထပ်ရိုက်ကြည့်လို့ ရတယ်၊ စစ်ဆေးသိနိုင်တဲ့နည်းတွေ အများကြီးပါ နှောင်း ဘာမှစိတ်ပူစရာ မလိုပါဘူး"

သို့သော် ပန်ခရီယာတိုက်တစ်စ်တ် ရောဂါများ၏ သုံးပုံတစ်ပုံမှာ ခွဲစိတ်စင်ပေါ်ရောက်ပြီး ဗိုက်ဖွင့်ကြည့်ပြီးမှ တွေ့ရတတ်ကြောင်း နှောင်းကို သူပြောပြ၍ မဖြစ်ပါ။ ဤရောဂါသည် တခြားဗိုက်အောင့်ရောဂါများနှင့် ဆင်တူယိုးမှား ဖြစ်တတ်ကြောင်း သူမပြောချင်ပါ။ အစာအိမ်ပေါက်သာ ရောဂါနှင့် ဆင်တူတတ်ကြောင်းလည်း မပြောဘဲ ထားလိုက်သည်။

"တကယ်လို့များ မတော်တဆ... နှောင်း ဗိုက်နာဗိုက်အောင့်လာရင် အလွန်ပြင်းထန်လာရင် ဆရာ၀န်ဆီ အမြန်သွားပြပါ၊ ဆရာ ညွှန်ပေးလိုက်တဲ့ သမားတော်ကြီးကို မှတ်မိတယ်နော်..."

"ဟုတ်ကဲ့"

တစ်ဖက်က အသံက တိုးတိုးကလေး။ သိပ်တက်ကြွမှု မရှိပါ။

သူမီးဖိုဘက်သို့ နောက်တစ်ကြိမ် လှမ်းကြည့်လိုက်မိပြန်သည်။

"အဲဒီလူငယ်ကလေး ဘယ်မှာသေသွားသလဲ နှောင်း..."

"ဆေးရုံပေါ်မှာ ဆရာ"

ကံဆိုးတာပဲ၊ သူ ဘယ်လိုဖြေရှင်းပေးရပါ့မလဲ။

"သူ့ကို ခွဲခန်းထဲ ခေါ်သွားပြီး ဗိုက်ဖွင့်မှသိတာတဲ့ ဆရာ၊ ဒါနဲ့ ဆရာ... အက်ကျူပန်ခရီယာတိုက်တစ်စ်တ်ရောဂါဟာ မခွဲရဘူးဆို..."

"ဟုတ်တယ် နှောင်း"

"ဒါဖြင့် ခွဲလို့ သူ သေတာလား"

"ဟာ... မဟုတ်ဘူး နှောင်း၊ ဗိုက်ကိုဖွင့်ပြီး ဒီရောဂါမှန်း သိတာနဲ့ တစ်ပြိုင်တည်း ပြန်ပိတ်ကြပါတယ်၊ ခွဲစိတ်စရာ နောက်ဆက်တွဲရောဂါနဲ့ မတွေ့ရင် ဒီအတိုင်း ပြန်ပိတ်တာပါပဲ၊ ဗိုက်ကိုဖွင့်ပြီး ပြန်ပိတ်တာလောက်နဲ့ ဘယ်သူမှ မသေဘူးလေ"

"ဒါဖြင့် သူ ဘာဖြစ်လို့ သေသွားတာလဲ"

မိန်းကလေး၏ မေးခွန်းမှာ ပီသပြတ်သားလွန်းသဖြင့် သူ့နားထဲသို့ ကျယ်လောင်စွာ ထွင်းဖောက်ဝင်ရောက်သွားသည်။ သူ မသိမသာ ပခုံးတွန့်လိုက်မိ၏။

သတိထားစမ်း...၊ မင်းဖြေတဲ့အဖြေကြောင့် သူ့စိတ်ကို ပိုထိခိုက်မသွားစေနဲ့။

"နောက်ကျသွားလို့ပေါ့ နှောင်း"

"ဟင်... သုံးရက်ဆိုတဲ့ အချိန်ဟာ နောက်ကျသလား ဆရာ"

သူ စိတ်ထဲမှ တိတ်တိတ်ကလေး ဆဲရေးလိုက်မိ၏။

ဒီကလေးမက ထောင့်စုံအောင် လေ့လာထားပြီးနေပြီ။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"သုံးရက်ဆိုတာ နှစ်ရက်နဲ့စာရင် နောက်ကျတာပဲပေါ့၊ သိပ်ပြင်းထန်တဲ့ ရောဂါအခြေအနေတစ်ခုဟာ နာရီပိုင်းအတွင်း အကောင်းဘက်ကနေ အဆိုးဘက်ကို ပြောင်းသွားနိုင်တယ်၊ သူ့မှာ ပန်ခရိယရောင်ရမ်းရုံသာမကဘဲ သွေးယိုစီးမှုပါ ဖြစ်သွားပုံရတယ်"

ကံဆိုးလို့... ဟူသော စကားကို သူတခြားနေရာတွင် သုံး၍ ဖြစ်နိုင်သော်လည်း ဤနေရာတွင်တော့ မဖြစ်ပါ။

"အတွေ့အကြုံရှိပြီးသား ဆရာဝန်တစ်ယောက်ဆိုရင်တော့ ဒီရောဂါကို ထည့်တွက်မှာပဲ၊ ဆေးရုံအမြန်ပို့မှာပဲ၊ ဒါတောင်မှ လူနာဟာ အစာအိမ်ရောဂါ မကြာမကြာ ဖြစ်တတ်တဲ့ လူနာဆိုရင် ရောဂါခန့်မှန်းမှု မှားသွားနိုင်သေးတယ်၊ ဒါနဲ့ နှောင်းမှာ အစာအိမ်ရောဂါ မရှိပါဘူးနော်"

တစ်ဖက်မှ တိုးတိတ်သောရယ်သံကလေး ထွက်လာ၏။ သည်တစ်ခါ ရယ်သံမှာ စိတ်လွတ်လပ်မှု အရိပ်အငွေ့များ ပါလာသဖြင့် သူပျော်ရွှင်သွားလေသည်။

"ဟင့်အင်း...မရှိပါဘူး ဆရာ"

"ဒါဆိုရင် တကယ်လို့ ဒီရောဂါ ဖြစ်လာရင်တောင် ရောဂါအမှတ်မှားစရာ မလိုတော့ဘူး နှောင်း၊ ဆရာပြောတာ နားလည်တယ်နော်"

"ဟုတ်ကဲ့"

"နှောင်းခင်ဗျာ သိထားဖို့ ဆရာ ထပ်ပြောဦးမယ်၊ အက်ကျူပန်ခရီယာတိုက်တစ်စ်တ်ဟာ သေနိုင်လောက်တဲ့ရောဂါ ဖြစ်ခဲ့ပေမယ့် သေလေ့မရှိတဲ့ ရောဂါတစ်ခုပါ၊ ဒါ ဆရာတစ်ယောက်တည်း ယူဆချက်မဟုတ်ပါဘူး၊ လက်ရှိ မြန်မာနိုင်ငံမှာ ဖြစ်နေတဲ့ အတိုင်းအတာကို ပြောနေတာ၊ အခု မြန်မာနိုင်ငံမှာ ဒီရောဂါကြောင့် မသေကြတော့ဘူး... ဟုတ်ပြီလား"

"ဟုတ်ကဲ့ ... နှောင်း ကျေးဇူးတင်ပါတယ် ဆရာ၊ နှောင်းကြောင့် ဆရာ့အချိန်တွေ တော်တော်ကုန်သွားပြီ"

"မဟုတ်ဘူး၊ ဆရာ့မှာ မင်းကြောင့် ဘာမှ အနှောင့်အယှက် ဖြစ်မသွားပါဘူး၊ နှောင်လဲ ဆရာ့ဆီ ဖုန်းဆက်ပြီး မေးစရာရှိတာ မေးလို့ရပါတယ်၊ ဒါနဲ့ နှောင်း..."

သူ မိန်းကလေး၏ စိတ်ကို နောက်တစ်ကြိမ် စစ်ဆေးချင်သေးသည်။

"ဆရာ့ဆီ ဘယ်တော့လာဦးမလဲ"

တစ်ဖက်မှ ခဏငြိမ်သက်သွား၏။ သူ စိတ်ရှည်လက်ရှည် စောင့်သည်။

"နှောင်း လာဖို့ လိုသေးတယ်လို့ ဆရာ ပြောနေတာလားဟင်"

သေတော့မှာပဲ။ ဒီကောင်မလေး ဘာဖြစ်လို့ ဒီလောက်ပါးနပ်နေရတာလဲ။ သူ ပထမဆုံးအကြိမ် အသံထွက် ရယ်မောလိုက်၏။

"မဟုတ်ပါဘူး နှောင်း... နှောင်းနဲ့ မတွေ့ရတဲ့ နှစ်လလောက်အတွင်းမှာ နှောင်းဘာတွေ ပြောင်းလဲနေသလဲ၊ ဘာတွေ တိုးတက်နေသလဲ၊ ဘာစာအုပ်တွေ ဖတ်နေသလဲ၊ ဘယ်သင်တန်းတွေ တက်နေသလဲ... ဆရာသိချင်တယ်၊ ဆရာ့အတွက် မိနစ်ငါးဆယ် ခြောက်ဆယ်လောက် အချိန်ပေးနိုင်မယ် မဟုတ်လား"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

“ဟုတ်ကဲ့… နှောင်း လာခဲ့ပါမယ် ဆရာ”

“ဘယ်တော့လာမလဲ”

“အင်း… ဆရာ့ဆီလာဖို့ နာမည်စာရင်း ကြိုသွင်းရဦးမှာ ဆိုတော့ နောက်တစ်ပတ်လောက်…”

“နှောင်း… မင်း မနက်ဖြန်ညနေ လာလို့ရအောင် ဆရာ စီစဉ်ပေးလို့ရတယ်၊ မနက်ဖြန် ညနေ ငါးနာရီမှာ နှောင်း အားသလား”

“အို… အားတာပေါ့ ဆရာ”

“ဒါဖြင့် မနက်ဖြန်ညနေ ငါးနာရီမှာ နှောင်းအတွက် နာမည်စာရင်း ဆရာဖြည့်ထားလိုက်ပါ့မယ်၊ ရောက်တဲ့အခါ ဆရာမကြီးဆီမှာ ဆီရီယယ်လ်နံပါတ် တောင်းကြည့်ပေါ့…နော်”

“ဟုတ်ကဲ့… ကျေးဇူးအများကြီး တင်ပါတယ်ဆရာ’

နံနက်စာ စားသောက်ပြီးစီးချိန်တွင် ဆေးရုံသို့မသွားမီ သူဖိုင်တွဲတစ်ခုကို ဖွင့်ကြည့်လိုက်သည်။ ဤဖိုင်တွဲထဲတွင် နှောင်းခင်ဇော်၏ ရောဂါရာဇဝင် အကျဉ်းချုပ်ရှိသည်။

“လူနာမှတ်တမ်းအကျဉ်းချုပ်”

*** နှောင်းခင်ဇော်။**

မွေးသက္ကရာဇ်… ၉–၂–၆၈။

*** ဆေးခန်းသို့ လာရောက်ရခြင်းအကြောင်း။**

တဖြည်းဖြည်း တိုးတက်ဖြစ်ပေါ်လာသော စိုးရိမ်စိတ်နှင့် အားငယ်စိတ်၊ သေခြင်းကို စိုးရိမ်ထိတ်လန့်စိတ်။

*** မိသားစုရာဇဝင်။**

ဖခင် အသက်၅၁နှစ်အရွယ် လွန်ခဲ့သည့်သုံးလခန့်က ကွယ်လွန်သည်။ အိုးအိမ်ဦးစီးဌာန၊ အင်ဂျင်နီယာ။ လူနာနှင့် ဆက်ဆံရေး ပြေပြစ်ကောင်းမွန်ခဲ့သည်၊ ကြင်နာတတ်သည်၊ သားသမီးများကို ဂရုစိုက်ခဲ့သည်၊ မိသားစုအပေါ် တွယ်တာခဲ့သည်။

မိခင် အသက်၅၀နှစ်၊ အိမ်ရှင်မ၊ ကျန်းမာရေး ကောင်းသည်၊ နူးညံ့သိမ်မွေ့သည်၊ ဘာသာတရား ကိုင်းရှိုင်းသည်၊ လူနာအပေါ် ချစ်ခင်မှု အပြည့်အဝပေးသည်။

မွေးချင်း ‘မျိုးခင်ဇော်’ အသက်၂၆နှစ်၊ လူပျို၊ လက်ထပ်ရန် စီစဉ်ပြီး၊ ဂျပန်နိုင်ငံတွင် နေသည်၊ လူနာနှင့်ဆက်ဆံရေး အထူးကောင်းမွန်သည်။ ကျန်းမာရေးကောင်းသည်။ လူနာအား စိတ်ရောဂါကု ဆရာဝန်နှင့်ပြရန် နိုင်ငံခြားမှနေ၍ တိုက်တွန်းခဲ့သူ ဖြစ်သည်။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

*** အိမ်အခြေအနေ။**

လိုအပ်ချက်များအားလုံး ပြည့်စုံသောအိမ် ဖြစ်သည်။ ချစ်ခင်ယုယမှု ရှိသောအိမ်ဖြစ်သည်။

*** စိတ်ရောဂါဝေဒနာ။**

မိသားစုအတွင်း စိတ်ရောဂါ ဝေဒနာရှင်တစ်ဦးမျှမရှိ။

*** ကိုယ်ရေးကိုယ်တာ ရာဇဝင်။**

မွေးဖွားခြင်းနှင့် ကြီးပွားလူလားမြောက်ပုံမှာ သာမန်သာ ဖြစ်သည်။ ကလေးဘဝ ကျန်းမာရေးကောင်းသည်။ အသက်ငါးနှစ်မှ ယခုတိုင် ကျောင်းသူ ဖြစ်သည်။ သူငယ်ချင်း အသင့်အတင့် ရှိသည်။ ဆန့်ကျင်ဘက် ယောကျာ်းကလေးများအား စိတ်ဝင်စားမှု နည်းသည်။ ယောကျာ်းကလေးများအပေါ် အထင်သေးစိတ်ဝင်နေသည်။

***ပြီးခဲ့သော မကျန်းမာမှုများ။**

မရှိ။

***ပြီးခဲ့သော ကိုယ်ရည်ကိုယ်သွေး။**

သူငယ်ချင်း အတန်အသင့် ရှိသည်။ မိသားစုအပေါ် ချစ်ခင်တွယ်တာသည်။ ပြင်ပလောကကို စိတ်ဝင်စားသည်။ ဂျပန်ဘာသာ၊ ပြင်သစ်ဘာသာ၊ အင်္ဂလိပ်ဘာသာနှင့် ကွန်ပျူတာ ဘာသာရပ်များကို စိတ်ဝင်စားသည်။ နိုင်ငံရပ်ခြားသို့ သွားရန်စိတ်ကူးရှိသည်။ မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုအပြည့် ရှိသည်။ စိုးရိမ်ပူပန်တတ်ခြင်း နည်းပါသည်။ အလွယ်တကူ မနာလို ဖြစ်တတ်သည်။ အပြုအမူစွဲများ မရှိ၊ ဘာသာတရားအပေါ် ကိုင်းရှိုင်းမှု မရှိ။ သို့သော် ဆန့်ကျင်မှု မရှိ။ ဆေးလိပ်၊အရက် လုံးဝမသောက်။ မူးယစ်ဆေးစွဲမှု မရှိ။

***လက်ရှိကျန်းမာရေးရာဇဝင်။**

သုံးလကြာ စိတ်ထိခိုက်နေခဲ့သည်။ ဖခင်အသုဘ မြေကျသည့်နေ့မှ စ သည်။ လွန်ခဲ့သည့် တစ်နှစ်ကျော်က အမှတ်မထင် တွေ့ဆုံရသော သဘော်စီးခရီးသည် အမျိုးသမီး၏ ကြိုတင်နိမိတ်ဖတ်မှုကို စွဲလမ်းသွားသည်။ အသက်၂၄နှစ်အရွယ်တွင် အန္တရာယ်ဆိုးတစ်ခု ကျရောက်မည်၊ ၄င်းအန္တရာယ်မှာ သေခြင်းတရားဟု စွဲလမ်းနေသည်။ တဖြည်းဖြည်း တိုးတက်ဖြစ်ပေါ်လာသော စိုးရိမ်ပူပန်မှု၊ စိတ်ဓာတ်ကျမှုကြောင့် မကြာခဏငိုကြွေးသည်။ ညအိပ်ရာဝင်တွင် အိပ်မပျော်ဘဲဖြစ်သည်။ အစားအသောက် လျော့နည်းလာသည်။ ကိုယ်အလေးချိန် ငါးပေါင်ကျသည်။ ပညာရေး၊ လူမှုရေးများကို ပစ်ပယ်လာသည်။ တက်ကြွမှု မရှိတော့ဘဲ ဖြစ်လာသည်။ တစ်ခုခုကို အာရုံစူးစိုက်မှုမရဘဲ ဖြစ်လာသည်။

သူသည် နှောင်းဟူသော မိန်းကလေးကို ထင်ရှားသောပုံရိပ်အဖြစ် မြင်ယောင်လာသည်။ ဝိုင်းစက်တောက်ပသော မျက်လုံးကလေးများသည် အပြစ်ကင်းစင်လှသည်။ ချစ်စဖွယ်မိန်းကလေးဟု မြင်မြင်ချင်း သူကောက်ချက်ချမိခဲ့သည်။ ဤမိန်းကလေး၏ ရောဂါသမိုင်းမှာ သူ တွေ့ဖူးနေကျ မဟုတ်သော အဖြစ်အပျက်များဖြင့် စတင်ခဲ့သည်။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

အကြားအမြင်၊ ဗေဒင်၊ လက္ခဏာ။ ပေါက်တတ်ကရတွေ… သူတစ်ခုမျှ အရေးမထားခဲ့ပါ။ အကြားအမြင် အဟောတစ်ခုခုကြောင့် စိတ်ညစ်ငိုကြွေးသော လူနာတစ်ယောက်မျှလည်း သူ့ဆီ ရောက်မလာဖူးပါ။ ဤမိန်းကလေးသည် ပထမဆုံး ဖြစ်သည်။ တိုက်ဆိုင်မှုများကို ထည့်စဉ်းစားရန်တော့ လိုသည်။ သို့သော် နှစ်ခုတိုက်ဆိုင်တိုင်း သုံးခု လေးခု တိုက်ဆိုင်လိမ့်မည်ဟု သူ မယုံကြည်ပါ။ ခက်နေသည်က သူမ ယုံကြည်ခဲ့ပေမယ့် နှောင်းခင်ဇော်က ယုံကြည်နေသည်။

*  စစ်ဆေးတွေ့ရှိချက်များ။

*** ကိုယ်ခန္ဓာစစ်ဆေးချက်။**

အားလုံးပုံမှန်၊ ဘာရောဂါ အရိပ်အယောင်မျှ မရှိ။

*** စိတ်စစ်ဆေးချက်။**

စကားကို ဖြည်းညင်းစွာ ပြောသည်၊ စိတ်ထိခိုက် နာကြည်းနေသည်။ ဖခင်သေဆုံးမှုအတွက် နောင်တရနေသည်။ အပြုအမူပုံစံ သာမန်သာဖြစ်သည်။ မျှော်လင့်ချက် ကင်းမဲ့နေသည်။ သို့သော် ကိုယ့်ကိုယ်ကို သေကြောင်းကြံရန် စိတ်ကူးမရှိ၊ ထင်ယောင်ထင်မှား စွဲခြင်းမရှိ၊ လှုံ့ဆော်မှုမဲ့ အာရုံမှားအသံများ ကြားယောင်ခြင်းမရှိ၊ ဆက်စပ်တွေးခေါ်မှု ပြုမူမှု သာမန်အတိုင်း ဖြစ်သည်။ မှတ်ဉာဏ် ချွတ်ယွင်းမှုမရှိ၊ အတွင်းစိတ် ထင်မြင်ချက်မှာ သူမအသက်၂၄နှစ်အရွယ်တွင် သေဆုံးလိမ့်မည်…ဟူသော အတွေးရှိနေသည်။

*** အထူးစမ်းသပ်မှုများ။**

သမားတော် အထူးကုဆရာဝန်ကြီးထံမှ ခန္ဓာကိုယ်ရောဂါ ကင်းစင်ကြောင်း ဖော်ပြချက်ရယူသည်။ သွေးနှင့် ပတ်သက်သော စစ်ဆေးမှု၊ ဓာတ်မှန်၊ အာလ်ထရာဆောင်း၊ အီးစီဂျီ။ အားလုံးပုံမှန်။

*** ကုသချက်။**

ရီလီစင်ဆေး လိုအပ်လျှင် သောက်ရန်။

*** စိတ်ကုထုံးကုနည်း။**

တစ်ပတ်လျှင် တစ်ကြိမ်၊ တစ်ကြိမ်လျှင် တစ်နာရီ လူနာနှင့် စကားပြောခြင်း၊ ကုထုံးကာလ လေးပတ်။

*** နောက်ဆုံးနေ့၏ အခြေအနေ။**

အခြေအနေကောင်းသည်။ လူနာတွင် ရှိသည့် စိုးရိမ်ပူပန်မှု ပျောက်ကွယ်လုနီးပါး ဖြစ်သည်။ သို့သော် အနာဂတ်နှင့် ပတ်သက်သည့် မရေရာနိုင်မှု အနည်းငယ်ကို တွေ့ရသေးသည်။ ဆေးခန်းသို့ အနည်းဆုံး တစ်လတစ်ကြိမ် ပြန်လာပြရန်။

သူသည် ဖိုင်တွဲကို ပိတ်ပြီးသည့်တိုင်အောင် ကလေးမ၏မည်းနက်သော မျက်တောင်ကော့များတွင် စိုစွတ်တွဲခိုဖူးသော မျက်ရည်စက်များကို သတိရနေသေးသည်။ ညှိုးနွမ်းသော်လည်း အားတင်းသော

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

နူတ်ခမ်းပြည့်ပြည့်ကလေးများ။ နာကြည်းတောက်ပသော မျက်ဝန်းများ။ ချွန်လုံးရုံမျှမကဘဲ အဖျားကော့ချင်ချင် နှာခေါင်းကလေး။ ကော်ရုပ်ကလေးသဖွယ် ချစ်စရာကောင်းသော မိန်းကလေးသည် ပျော်ရွှင်စွာ ရယ်မောနေသည့်အခါ ဘယ်လောက်များ လန်းဆန်းလှပနေမှာပါလိမ့်။ ဤမိန်းကလေးကို သူ ပျော်ရွှင်စေချင်သည်။ မိမိထံလာသော လူနာတိုင်း ပျော်ရွှင်စွာ ပျောက်ကင်းကြမည်ဆိုလျှင် ဘယ်လောက်ကောင်းလိုက်မလဲ။

စိတ်ရောဂါကုဆေးခန်းသို့ လာရမှာ ရှက်ကြသော ဆွေမျိုးသားချင်းများ၊ စိတ်ရောဂါကုဆေးရုံသို့ ပို့လျှင် မိမိတို့လူနာ အခြေအနေ ဆိုးရွားစွာ သေဆုံးလိမ့်မည်ဟူသော တစ်ဖက်သတ် အထင်မှားမှုဖြင့် ကြောက်ရွံ့တွန့်ဆုတ်ကြသော ဆွေမျိုးသားချင်းများ၊ သူတို့အားလုံး စိတ်ရောဂါကု ဆရာဝန်များ၏ အသုံးဝင်မှုကို လျစ်လျူရှုထားကြဆဲဖြစ်သည်။ နှောင်းကဲ့သို့ သူ့ထံ တိုက်ရိုက်လာသော လူနာ မှာ အလွန်ရှားပါးသည်။

လူနာအားလုံးလိုလိုသည် အထူးကုဆေးခန်းများ၊ အထွေထွေရောဂါကု ဆေးခန်းများတွင် တဝဲလည်လည်ဖြစ်ပြီး နောက်ဆုံးမှ သူ့ထံရောက်လာကြသည်။ နှောင်းသည် သူတို့အားလုံးထဲမှာ ခြွင်းချက် ဖြစ်သည်။

"နှောင်း... သူတို့ကို မုန်းတယ်ဆရာ"

မိန်းကလေး၏ နာကြည်းသောစကားတစ်ခွန်းတစ်စကို သူပြန်သတိရသွား၏။ သူ့ထံမလာသော နှစ်လကာလအတောအတွင်း နှောင်း၏ရောဂါ လုံးဝပျောက်ကင်းနေပြီဟု သူယုံကြည်နေခဲ့သည်။

နှောင်းကို သူမေ့ပင်မေ့နေခဲ့သည်။

ယခုတော့ နှောင်းသည် နောက်တစ်ကြိမ် သူ့ထံ ဆက်သွယ်လာခဲ့ပြီ။ စိတ်ရောဂါကုဆရာဝန်တစ်ယောက်နှင့် ဘာမျှမပတ်သက်သော အက်ကျူပန်ခရီယာတိုက်တစ်စိတ်အကြောင်း မေးလာခြင်းဖြင့် သူ့ကို သတိပေးလာခဲ့ပြီ။

နှောင်းတို့အိမ်သားများ အားကိုးနေကျ မိသားစုဆရာဝန်ကို မေးလျှင်လည်း ဖြစ်နိုင်သည့်ပြဿနာကို သူ့ထံမှာ မေးမြန်းခြင်းသည် အဓိပ္ပာယ် တစ်စုံတစ်ရာရှိနေမှန်း သူ သတိထားမိသည်။

နှောင်း၏ မသိစိတ်မှာ စိတ်ရောဂါကု ဆရာဝန်ကိုသာ တိုင်ပင်သင့်ကြောင်း မှန်ကန်စွာ ကောက်ချက်ချထားပြီဟု သူယူဆသည်။

သည်အတိုင်းဆိုလျှင် ပန်ခရီယာတိုက်တစ်စိတ်ရောဂါ၏ နောက်ကွယ်မှာ နှောင်း၏ အားငယ်ကြောက်ရွံ့မှုများ မည်မျှ များပြားနေသည်ဆိုတာ သူတွေးယူ၍ ရပါသည်။

သူ ပင့်သက်တစ်ချက် လေးလေးပင်ပင် ရှိုက်ကာ ထိုင်ရာမှ ထရပ်လိုက်၏။

ဖဖဖဖဖ

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

## အခန်း(၈)

သူ့ရှေ့တွင် ငြိမ်သက်စွာ ထိုင်နေသော မိန်းကလေးကို သူ နူးညံ့စွာ ပြုံးပြလိုက်၏။

အရင်အခေါက်တွေတုန်းကထက် ဆံပင်ပိုရှည်လာသည်။ မည်းနက်ပျော့ပျောင်းသော ဆံပင်များသည် ပခုံးပေါ် မထိတထိ ဖြစ်နေသည်။ ကျယ်ပြန့်ဖြူဝင်းသော နဖူးပေါ်မှာ ဝဲကျနေသည့် ရှေ့ဆံပင်များက သာမန်ထက် ရှည်လျားနေသည်။ အဝတ်အစားကတော့ အရင်အတိုင်း သေသေသပ်သပ်၊ သို့သော် တောက်ပမှုလည်း မရှိ။ ခပ်ဖျော့ဖျော့ ပန်းနုရောင် ရှပ်လက်ရှည်လက်ပွနှင့် ထဘီက အညိုရင့်ရောင်…။ သူ့မျက်စိထဲတွင် ပန်းရောင်ဖျော့ဖျော့နှင့် အညိုရင့်ရောင် တွဲထားမှုကို ဘယ်လိုမှ ပြေလျော့လိုက်ဖက်သည်ဟု မမြင်နိုင်ပါ။

"တစ်ယောက်တည်းလား … နှောင်း"

"ဟုတ်ကဲ့"

စကားသံက တိုးညင်းသည်၊ လေးတွဲ့သည်။ ထိုင်နေပုံက သက်တောင့်သက်သာ မရှိ။ သတိထားနေသလို ခပ်မတ်မတ်။ လက်ချောင်းများ တစ်ခုနှင့်တစ်ခု ဖြန့်ယှက်ချိတ်ဆက်ထားသည်။ မျက်လုံးများ နက်မှောင်ဆဲ တောက်ပဆဲဖြစ်သည်။ မျက်တောင်ကော့များကို တဖျတ်ဖျတ်ခတ်၍ ဆေးခန်း ပတ်ဝန်းကျင်ကို လှည့်ကြည့်စူးစမ်းနေသော မိန်းကလေးသည် လှောင်အိမ်ထဲမှာ ထွက်ပေါက်ရှာနေသော အိမ်မွေး တိရစ္ဆာန်ကလေးနှင့် တူနေသည်။

"သင်တန်းတွေ ပြီးသွားပြီလား"

"ဟင့်အင်း၊ မပြီးသေးပါဘူး၊ ဒီနေ့တော့ ကလပ်စ် ရှိပါတယ်၊ နှောင်း မသွားဘူး"

Commercial use of this book will be at your own RISK! www.myanmarcupid.net

"ဆရာ့ဆီလာဖို့ ကလပ်စ်ဖျက်လိုက်ရသလား၊ ဆရာ စိတ်မကောင်းပါဘူး နှောင်း"

"မဟုတ်ပါဘူး၊ နှောင်း သွားကို မသွားတာပါ။ ကလပ်စ်က လေးနာရီ ဆင်းတာပဲ၊ အဲဒီက ဆင်းမှလာမယ်ဆိုရင် မီပါတယ်၊ ဒါပေမဲ့..."

စကားသံခဏ ပြတ်တောက်သွားသည်ကို သူစိတ်ရှည်စွာ စောင့်သည်။ သို့သော် မိန်းကလေးက ဆက်မပြောတော့ပါ။ သူ ခေါင်းတစ်ချက် ညိတ်လိုက်သည်။ သူ နားလည်ပါသည်။

"ကျောင်းသားဘဝမှာ ကျောင်းလစ်ရတာ အရသာပဲနှောင်းရဲ့၊ ကဲ... ပြောပါဦး၊ အတန်းထဲမှာ နှောင်းရဲ့အခြေအနေ ဘယ်လိုနေသလဲ"

မိန်းကလေးက သူ့ကို စူးရဲစွာ စိုက်ကြည့်သည်။ ရိုင်းစိုင်းသော အကြည့်မဟုတ်သော်လည်း ရန်လိုသော အကြည့်ဖြစ်သည်။ သူ ထိုအကြည့်ကို မသိချင်ယောင်ဆောင်ထား၏။

"နှောင်းက အတန်းထဲမှာ အညံ့ဆုံး မဟုတ်ပါဘူး ဆရာ"

သူခေါင်းညိတ်လိုက်၏။

"နှောင်း မညံ့ဘူးလို့ ဆရာ ယုံပြီးသားပဲ နှောင်း"

"ဒါပေမဲ့ အတော်ဆုံးလဲ မဟုတ်သေးဘူး ဆရာ"

သူ ပြုံးပြလိုက်ပြန်၏။

"တခြားလူတွေ အာရုံစူးစိုက်သလောက် နှောင်းသင်တန်းထဲမှာ အာရုံစူးစိုက်နိုင်ရင် သူတို့ထက် နှောင်းတော်လိမ့်မယ်ဆိုတာ ဆရာသိတယ်၊ သိပ်မခက်ပါဘူး နှောင်း၊ အရင်ကထက် နည်းနည်းပိုပြီး စိတ်ကိုစူးစိုက်ထားရုံပါပဲ၊ ဘာသာစကားတွေက ကိုယ့်မိခင်ဘာသာစကား မဟုတ်တော့ အာရုံစူးစိုက်မှု လေ့ကျင့်မှု နည်းရင်နည်းသလို ခံရတာပဲ"

ယခင်က နှောင်း ဂျပန်ဘာသာ တက်နေကြောင်း သတိရ၍ သူနည်းနည်း တွက်ဆပြီး နှစ်သိမ့်လိုက်ခြင်း ဖြစ်သော်လည်း လောလောဆယ် မိန်းကလေး ဘယ်ဘာသာ သင်နေသလဲ သူ အတိအကျ မသိပါ။

"ညတုန်းက အိပ်ပျော်ရဲ့လား"

"ချက်ချင်း အိပ်မပျော်ဘူး ဆရာ"

"စာကျက်ဖြစ်သလား"

"ဟင့်အင်း"

"ဘာတွေ တွေးနေသလဲ"

"အများကြီးပေါ့ ဆရာ"

သူ မသိမသာ ပြုံး၍ ခေါင်းညိတ်လိုက်ပြန်သည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"အဲဒီအတွေးတွေ မှတ်မိသလောက် ဆရာ့ကို ပြောပြပါ၊ နှောင်းရဲ့ စကားတွေကို ဆရာကလွဲပြီး ဘယ်သူမှ မကြားဘူး၊ မှန်တံခါးအပြင်ဘက်က ဆရာမကြီးလဲ မကြားဘူး၊ နှောင်း တွေးတာတွေ ဆရာသိရရင် ဆရာကကူပြီး စဉ်းစားပေးလို့ရတယ်"

နှောင်းက သူ့ကို မယုံသင်္ကာအကြည့်ဖြင့် ကြည့်သည်။

"နှောင်း မရူးသေးပါဘူး ဆရာ"

သူ အနည်းငယ် စိတ်မကောင်း ဖြစ်သွား၏။

"နှောင်း မရူးသေးပါဘူး၊ ဆရာ သိပါတယ်၊ နောက်ပြီး ဆရာ... ပြောလိုက်ဦးမယ်၊ နှောင်းဟာ ဘယ်တော့မှ မရူးနိုင်ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ နှောင်းရဲ့စိတ်ဓာတ်က အလွန်ခိုင်မာပြီး ကိုယ့်ကိုယ်ကို ယုံကြည်ချက်ရှိတာ ဆရာသိထားလို့ပဲ၊ နှောင်းဟာ စိတ်သောကဒဏ်ကို အားတင်းပြီး ခံနိုင်တယ်လေ"

မိန်းကလေးသည် သူ့စကားကို နားထောင်ရင်း နှုတ်ခမ်းထောင့်စွန်းကလေးများ တဖြည်းဖြည်း မဲ့ကွေးလာသည်။ ထို့နောက် ခေါင်းတစ်ချက် ခါယမ်းလိုက်လေသည်။

"မဟုတ်ဘူးဆရာ မဟုတ်ဘူး၊ နှောင်း အရင်ကလို ကိုယ့်ကိုယ်ကို မယုံကြည်တော့ပါဘူး၊ နှောင်းလေ... နှောင်း စိတ်ညစ်လှပြီ ဆရာ၊ နှောင်း ဒါထက်ပိုပြီး ခံနိုင်ပါတော့မလား မသိဘူး"

စကားပြောရင်း မျက်နှာကို အနည်းငယ်ငုံ့ကာ လက်နှစ်ဖက်ဖြင့် အုပ်ကွယ်လျက် တစ်ချက်နှစ်ချက် ရှိုက်ငင်လိုက်သော မိန်းကလေးကို သူတည်တည်ငြိမ်ငြိမ်ပင် စောင့်ကြည့်နေမိသည်။ နှောင်းသည် ကြာရှည်ရှိုက်ငိုခြင်း မရှိပါ။ ခဏအတွင်း ထိန်းချုပ်လိုက်ပြီး မျက်နှာကို ပြန်မော့လိုက်သည်။ နဖူးပေါ်နှင့် ပါးပေါ်တွင် ကပိုကရို ကျနေသော ဆံပင်တို့ကို လက်ဖျားကလေးများဖြင့် သပ်ဖယ်လျက် သူ့ကို ငေးမောကြည့်သည်။ ဤမျက်လုံးများတွင် နူးညံ့ပျော့ပျောင်းမှု၊ ကြေကွဲမှု၊ နာကျင်မှု၊ အားကိုးမှု အားလုံးလို သူတွေ့လိုက်ရသည်။ အဖျားကော့ကော့ နှာခေါင်းချွန်ချွန်ကလေးသည် နီရဲနေ၏။

"နှောင်း ခံနိုင်ရည်ရှိအောင်... နောက်ပြီး စိတ်ဆင်းရဲမှုကနေ မြန်မြန် ဖြတ်ကျော်နိုင်အောင် ဆရာကူညီနိုင်တယ်ဆိုတာ ဆရာကတိပေးပါတယ် နှောင်း"

နှောင်းက မပွင့်တပွင့် ပြုံးလေသည်။ မိန်းကလေး၏ အားငယ်မှုရောသော အပြုံးကလေးကို သူက ယုံကြည်စိတ်ချမှု အပြည့်ပါသော အားပေးပြုံးဖြင့် တုံ့ပြန်လိုက်သည်။ နှောင်း၏ နီမြန်းသော၊ ပြည့်ဖောင်းသော နှုတ်ခမ်းငုံကလေးမှာ စောစောကလောက် တုန်ယင်ခြင်း မရှိတော့ပါ။

"ဒါနဲ့ စောစောက နှောင်းကို ဆရာအမိန့်တစ်ခုခု ပေးလိုက်တယ် ထင်တယ်နော်...ဘာပါလိမ့်ဆရာ"

သူ သဘောကျစွာ ပြုံးရယ်လိုက်၏။

"အမိန့်မဟုတ်ပါဘူး နှောင်းရဲ့၊ အကြံပေးချက်တစ်ခုပါ၊ နှောင်း မှတ်ဉာဏ်ကောင်းသားပဲ၊ ဘာလဲဆိုတာ ပြန်စဉ်းစားပါဦး"

နှောင်း၏ မျက်လုံးများမှ အားငယ်မှု အရိပ်အယောင်မှာ ချက်ချင်း ပျောက်ကွယ်သွားပြီး မခံချင်သော မာနရိပ်ကလေးကို တွေ့ရသည်။ ထိုမာနရိပ်ကလေးကို သူကျေနပ်နှစ်သက်စွာ စောင့်ကြည့်နေ၏။ ဝိုင်းစက်သော မျက်လုံးကလေးများကို အနည်းငယ်ထောင့်ကပ်ကာ စဉ်းစားနေစဉ် နှောင်းသည် နှင်းဆီငုံကလေးသဖွယ် လှပကြောင်း သူပထမဦးဆုံးအကြိမ် သတိထားမိ၏။ အကယ်၍သာ သူတို့အိမ်ထောင်တွင် သမီးတစ်ယောက်

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

ထွန်းကားခဲ့မည်ဆိုလျှင် သမီးကလေးသည် နှောင်းလိုပင် ချစ်စရာကောင်းလိမ့်မည်။ သူ့အမေလို နက်မှောင်သန်စွမ်းသော ဆံပင်များနှင့် တောက်ပသော မျက်လုံးများ ရှိပေလိမ့်မည်။

သူ့အမေလိုတော့ အေးစက်မာကျောမှု မရှိစေရ။ သူ့လို နှလုံးသား နူးညံ့စေရမည်။ လူတစ်ယောက် ခံစားသင့်သည့် နာကျင်မှု၊ လောဘ၊ ဒေါသ၊ ပျော်ရွှင်မှုများကို မျှမျှတတ ခံစားစေရမည်။

သူသည် မသိမသာ ဘေးသို့ ချော်ထွက်သွားသော အတွေးများကို ချက်ချင်း ပြန်ရုပ်သိမ်းလိုက်နိုင်၏။ နှောင်းသည် မျက်နှာချင်းဆိုင်မှာ လက်နှစ်ဖက် ယှက်ဖြန့်ချိတ်ဆက်လျက် အနည်းငယ်ပြုံးရင်း ခေါင်းတစ်ချက် ဆတ်လိုက်လေသည်။

“နှောင်း မှတ်မိပြီဆရာ၊ ဆရာက နှောင်းကို မအိပ်ပျော်ခင် တွေးတဲ့အတွေးကို မေးနေတယ်”

သိပ်ချစ်စရာကောင်းတဲ့ ကလေး။ ပြီးတော့ သိပ်မှတ်ဉာဏ်ကောင်းတဲ့ ကလေးလည်း ဖြစ်သည်။ ဤကဲ့သို့ လူနာမျိုးကို အချိန်တိုတိုအတွင်း လျင်မြန်စွာ တိုးတက်ပျော်ရွှင်အောင် သူကုသပေးနိုင်ပါသည်။

“ကဲ… ဒါကြောင့် ဆရာပြောတယ် မဟုတ်လား၊ နှောင်း မှတ်ဉာဏ်ကောင်းပါတယ်လို့”

နှောင်းက ကျေကျေနပ်နပ် ပြုံးလိုက်ပြီးမှ ချက်ချင်း မျက်နှာတည်ကြည်သွားသည်။ နှောင်း၏ အာရုံမှာ ဤအခန်းထဲတွင် မရှိတော့ဘဲ တစ်နေရာသို့ စူးစိုက်သွားလေသည်။

“နှောင်း တွေးတာတွေ အကုန်ပြောရမှာလား ဆရာ”

“အကုန်ပြော… နှောင်းပြောသမျှတွေကို ဆရာနားထောင်မယ်၊ နားထောင်ရုံပဲ နားထောင်မယ်၊ နှောင်းကို ဆရာအကဲမဖြတ်ဘူး၊ ကောက်ချက်မချဘူး၊ အပြစ်မတင်ဘူး၊ မအံ့ဩဘူး၊ ဆရာ ကတိပေးတယ်… ဟုတ်ပလား”

သူ့မှတ်စုစာရွက်များကို မသိမသာ ပြင်ဆင်ထားလိုက်သည်။

“တကယ်လို့ နှောင်းသေသွားမယ်ဆိုရင် မေမေ ဘယ်လိုကျန်ခဲ့မလဲလို့ နှောင်း တွေးပူတယ်ဆရာ၊ ဖေဖေက ဆုံးသွားပြီ၊ ကိုကိုက ဂျပန်မှာ အိမ်ထောင်ပြုတော့မယ်၊ မေမေ့မှာ တွယ်တာရမယ့်လူ နှောင်းတစ်ယောက်ပဲ ရှိတော့တာဆရာ… မေမေ့ကို နှောင်း သနားတယ်”

အမှန်တရား ပါဝင်သော်လည်း ရာနှုန်းပြည့် အမှန်မဟုတ်နိုင်ပါ။ လူတစ်ယောက်သည် မိမိသေဆုံးပြီးနောက် ကျန်ရစ်ရမည့်သူကို သေဆုံးရမည့် မိမိကိုယ်တိုင်ထက် ပို၍သနားနေခြင်းသည် သဘာဝမကျပါ။

သို့သော် မိခင်ကို အလွန်တွယ်တာသည့် သမီးတစ်ယောက်အနေဖြင့် သူမ၏ မသိစိတ်ကို မေ့ထားကာ အသိစိတ်ဖြင့် အမှန်အတိုင်း ပြောနေခြင်း ဖြစ်ပါလိမ့်မည်။

“နှောင်းသူငယ်ချင်းတွေ၊ အသိမိတ်ဆွေတွေ၊ နှောင်းလောက်တောင် ရိုးသားမှု မရှိတဲ့လူတွေ၊ နှောင်းလောက် ကြိုးစားမှု မရှိတဲ့လူတွေက နှောင်း သေတဲ့အခါ မေမေ့ကို နှစ်သိမ့်ကြလိမ့်မယ် ဆရာ”

ဤစကားသည် ပထမဆုံး စ တွေ့သည့်နေ့က လူနာပြောပြီးသား စကားများဖြစ်သည်။

“နှောင်း အဲဒါကို မကျေနပ်ဘူး၊ နှောင်း သူတို့ကို မခံချင်ဘူး၊ သူတို့ကျန်နေခဲ့ပြီး နှောင်း သေသွားရမှာကို နှောင်း နည်းနည်းမှ မခံချင်ဘူး”

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

လူနာသည် ပတ်ဝန်းကျင်ကို အလွန်ဂရုစိုက်နေသည်။ မိမိ မသေဆုံးမီ ခံစားရမည့် ဝေဒနာကို ကြောက်ရွံ့ခြင်း မဟုတ်ဘဲ မိမိသေဆုံးသည့်အခါ ကျန်ခဲ့မည့်သူများကို မနာလို ဖြစ်နေသည်။

"အဲဒီတော့ နှောင်း ဘာတွေးသလဲဆိုတော့ နှောင်း သေရတော့မယ်ဆိုတာသာ နှောင်း ကြိုသိခဲ့ရင် နှောင်း ရန်ကုန်မှာ မနေတော့ဘူးဆရာ၊ ဘယ်သူမှ မသိနိုင်တဲ့ တစ်နေရာရာကို နှောင်း ထွက်ပြေးမှာပဲ"

စိတ်ကူးယဉ်လိုက်သည့် မိန်းကလေး။

"အဲဒီနေရာဟာ တောနယ်ကလေးတစ်ခု ဖြစ်ရမယ်ဆရာ၊ နှောင်းကို ဘယ်သူမှ မသိတဲ့ နယ်ဖြစ်ရမယ်၊ ဆရာဝန်ရှိနေရင်တော့ ပိုကောင်းမယ်"

သူ စိတ်ထဲက ပြုံးမိသွား၏။ ဆရာဝန်ကိုတော့ တော်တော်အားကိုးတတ်မည့် မိန်းကလေးပါလား။

"ဒါပေမဲ့လေ... မရှိချင်လဲ နေပါစေတော့၊ ဆေးတွေတော့ လုံလောက်အောင် သယ်သွားရမှာပေါ့၊ အရေးကြီးတာက နှောင်းအတွက် သက်သက်သာသာ လှဲအိပ်နိုင်မယ့် နေရာတစ်ခုပါပဲ၊ အင်း... မေမေ့ကိုတော့ အဲဒီနေရာလေးအကြောင်း ပြောမှဖြစ်မယ် ထင်တယ်နော်ဆရာ၊ ဘာဖြစ်လို့လဲဆိုတော့ သမီးအလောင်းတောင် မမြင်လိုက် မတွေ့လိုက်ရရင် မေမေပိုပြီး စိတ်ထိခိုက်မယ်၊ အရေးကြီးတာက နှောင်းသေပြီဆိုတာ ဘယ်သူမှမသိဖို့ပဲ၊ မေမေကလွဲပြီး ဘယ်သူမှ မသိစေရဘူး၊ ကမ္ဘာပေါ်မှာ တစ်နေရာရာမှာ နှောင်း အသက်ရှင်လျက် ရှိနေသေးတယ်လို့ အားလုံး ယူဆနေရမယ် ဆရာ၊ သူငယ်ချင်းတွေက နှောင်းအကြောင်း မေးလာရင် မေမေသင့်တော်သလို ဖြေဖို့ မေမေ့ကို တိုက်တွန်းထားတယ်"

"တိုက်တွန်းထားတယ်... ဟုတ်လား နှောင်း"

စကားမဖြစ်ဘူးဟု ဆုံးဖြတ်ထားသော်လည်း စကားမဖြတ်၍ မဖြစ်တော့ပါ။ နှောင်းက သူ့မေးခွန်းကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားပုံရသော်လည်း ပြေပြစ်စွာ ဖြေသည်။

"ဟုတ်တယ်ဆရာ၊ နှစ်ခါ သုံးခါရှိပြီ... နှောင်းအတွေးတွေ မေမေ့ကို ပြောပြခဲ့တာ"

"ဒီတစ်ရက်နှစ်ရက်အတွင်းလား..."

"ဟုတ်ကဲ့၊ အဲဒီအတွေးကို တွေးမိတာ နှစ်ရက်ပဲ ရှိသေးတယ်လေ"

နှောင်းမိခင်ကို သူတယ်လီဖုန်းဆက်၍ နှောင်းစကားနှင့် တိုက်ဆိုင်အတည်ပြုနိုင်ပါသည်။ သူ ပြေလျော့စွာ ထိုင်ရာမှ သက်သက်သာသာပင် ခေါင်းညိတ်ပြလိုက်သည်။

"အဲဒီလို နှောင်း တိုက်တွန်းတော့ နှောင်းမေမေက ဘာပြောလဲ"

"မေမေ ငိုတယ်ဆရာ"

နှောင်းမျက်နှာမှာ ယခုပင်လျှင် သူမမိခင်၏ မျက်ရည်ကို မြင်တွေ့နေရသလို ညှိုးငယ်သွားသည်။ မျက်လုံးများ နည်းနည်း ရီဝေသွားသောအခါကော့ညွတ်သော မျက်တောင်များက အလိုလိုစင်းကျသွား၏။ နီမြန်းသော နှုတ်ခမ်းငုံကလေး အနည်းငယ်စူလာသည်မှာ ရှေ့ဆက်ပြောရမည့် စကားများအတွက် အားယူလိုက်ခြင်း ဖြစ်ဟန်တူပါသည်။

"မေမေက အဓိပ္ပာယ်မရှိတာတွေ မပြောကောင်းတာတွေ ဘာဖြစ်လို့ ပြောနေရတာလဲ သမီးရယ်တဲ့၊ ဒါနဲ့... နှောင်းက မေမေ့ကို ပြန်ပြီး အားပေးရတယ်၊ မပြောကောင်းတာ မဟုတ်ပါဘူး... တစ်ချိန်ချိန် ကြုံတွေ့လာခဲ့ရင်

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

အဆင်သင့်ဖြစ်အောင်လို့ပါလို့၊ အဆိုးဆုံးကို ကြိုတွေးထားရင်း အကောင်းဆုံးကို မျှော်လင့်တာဟာ လူ့ဘဝမှာ အကောင်းဆုံး ရင်ဆိုင်နည်းပဲလို့ နှောင်းထင်တယ်ဆရာ၊ ဆရာရော ဘယ်လိုထင်သလဲ ဟင်..."

သူ စိတ်ပါဝင်စားစွာ ပြုံး၍ဖြေလိုက်သည်။

"ဒါဟာ အမှန်တရားပဲ နှောင်း၊ ဆရာတို့လဲ အဆိုးဆုံးကို ကြိုတင်ရင်ဆိုင်ဖို့ တွေးရင်းကနေ အကောင်းဆုံးကို ရယူခဲ့ကြတာချည်းပါပဲ၊ တစ်ခုပဲရှိတယ်၊ အဆိုးဆုံးကို ကြိုတွေးရင်း အဲဒီအဆိုးကို ရှောင်တိမ်းဖို့ နည်းလမ်းတွေကိုပါ ကိုယ်က အသင့်ပြင်ထားရမယ်၊ ဒါကိုရော နှောင်း လက်ခံတယ် မဟုတ်လား..."

မိန်းကလေးသည် စောစောကထက် တောက်ပလာသော မျက်ဝန်းများဖြင့် ပြုံးလေသည်။

"လက်ခံပါတယ်ဆရာ၊ နှောင်း အဲလိုပဲ ကျင့်သုံးနေပါတယ်၊ အဆိုးဆုံးက နှောင်းသေသွားမယ့်အဖြစ်... အဲဒါကို ရင်ဆိုင်ဖို့ နှောင်း ပြင်ဆင်ထားတယ်၊ တွေးထားတယ်၊ တွေးရင်းကနေ မျက်ရည်ကျတာကိုတော့ နှောင်းလဲ မတတ်နိုင်ဘူးဆရာ၊ ဒါပေမဲ့ အဲဒီအဆိုးဆုံး သေခြင်းဆိုတာကို နှောင်းတတ်နိုင်သမျှ တွန်းလှန်ချင်တယ်... ရှောင်တိမ်းချင်တယ်"

တွန်းလှန်ရှောင်တိမ်းလိုစိတ်ရှိနေခြင်းကပင် သူ့လူနာအတွက် အားတက်စရာ။ သူ ကျေနပ်ဝမ်းသာလှပါသည်။

"ကိုယ့်ကျန်းမာရေးကို အမြဲဂရုစိုက်နေရမယ်၊ ဘာစွန့်စားမှုမှ မလုပ်ဘူး၊ နည်းနည်းကျန်းမာရေး ချို့တဲ့မယ်ထင်ရင် ဆရာဝန်သွားပြမယ်... အဲဒီနည်းတွေ ဟုတ်ပါတယ်နော်... ဆရာ"

"ဟုတ်ပါတယ် နှောင်း၊ သိပ်ကောင်းတဲ့ စိတ်ကူးတွေပဲ"

"နှောင်း တတ်နိုင်သမျှ မသေစေရဘူး... သိလားဆရာ၊ နှောင်း ခံတိုက်မယ်၊ အဲဒီလို နှောင်းခံတိုက်ဖို့ ဆရာ နှောင်းကို ကူညီပါနော်၊ ဆရာ့ကို နှောင်း အားကိုးပါရစေ..."

မိန်းကလေးက သူ့ကို အားကိုးတကြီး မော့ကြည့်၍ တောင်းပန်လိုက်သောအခါ သူရင်နင့်စွာ ငေးမောရာမှ ခေါင်းညိတ်လိုက်၏။ မိမိတွင် အကူအညီ လိုနေကြောင်း မိမိကိုယ်တိုင် သိနေသည့် လူနာတစ်ယောက်ကို ဆေးကုသရသည်မှာ အလွန်လွယ်ကူပါသည်။

"ဆရာ ကူညီမှာပေါ့ နှောင်း... ဆရာ ကတိပေးပါတယ်၊ နှောင်း မသေစေရဘူး... ကြားလား၊ သေမယ့်လမ်းတွေကို ရှောင်တတ်ရင် အဲဒီလူဟာ သေဖို့ ခက်ခဲရမှာပေါ့၊ လူတစ်ယောက် သေဖို့ဆိုတာ လွယ်တဲ့ကိစ္စမှ မဟုတ်ဘဲ နှောင်းရယ်..."

နှောင်းက မသိမသာ ခေါင်းညိတ်ကာ သူ့ကို ငေးစိုက်ကြည့်နေ၏။

"နောက်ပြီး... နှောင်း ဘာတွေ တွေးမိသေးသလဲ၊ ပန်ခရီယာတိုက်တစ်စိတ် အကြောင်း တွေးမိသေးလား"

"ဟင့်အင်း"

နှောင်း၏ ရှက်ကိုးရှက်ကန်း ဟန်ကလေးမှာ ချစ်ခင်နှစ်သက်ဖွယ် ကောင်းလှသည်။

"ဆရာ့ဆီ ဖုန်းဆက်ပြီးကတည်းက... ပန်ခရီယာတိုက်တစ်စိတ်ကို နှောင်း မေ့ထားလိုက်ပြီလေ"

"သိပ်ကောင်းတယ်"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"နောက်ထပ် နှောင်းတွေးထားတာက ကားဒရိုက်ဘာတစ်ယောက် ရှာဖို့..."

သူ ကျေနပ်စွာ ခေါင်းညိတ်ပြလိုက်၏။

"အရင်တုန်းက ကားကို ဖေဖေမောင်းတယ်၊ နောက်ပိုင်း နှောင်း လိုင်စင်ရတော့ နှောင်းမောင်းတယ်၊ မေမေက ကားမောင်းဖို့ အရမ်းကြောက်တယ်လေ၊ အခု နှောင်းက အက်ဆီးဒင့် ဖြစ်မှာ အရမ်းစိုးရိမ်နေတာဆိုတော့ နှောင်း ကားမမောင်းရဲသလို ဖြစ်နေတယ်၊ ကားမောင်းကြည့်တယ်၊ အာရုံစူးစိုက်လို့ သိပ်မရဘူး၊ ဒီတော့ နှောင်းဒရိုက်ဘာ အလုပ်ကို စွန့်လွှတ်ပြီး... ဒရိုက်ဘာတစ်ယောက် ရှာမှဖြစ်မယ်၊ အဲဒီဒရိုက်ဘာကလည်း အရမ်းကျွမ်းကျင်ရမယ်လေ၊ ခက်တာက ဒရိုက်ဘာ ငှားထားပြန်တော့ သူ့အတွက် လစာလတိုင်း အပိုကုန်မယ်၊ နှောင်းတို့မှာ ဖေဖေမရှိတော့ ဝင်ငွေက မရှိသလောက်ပဲလေ၊ မေမေက ပစ္စည်းလေးဘာလေး အပေါင်ခံပြီး ပြဿနာတွေဖြေရှင်းရတာဆိုတော့... အင်း... နှောင်း အလုပ်တစ်ခုခု လုပ်ရမလား နှောင်း စဉ်းစားတယ်၊ ကိုကိုကတော့ သုံးလတစ်ကြိမ်လောက် ငွေပို့ပေးနိုင်ပါတယ်တဲ့၊ ဒါပေမဲ့ ကိုကို့ကျေးဇူးတွေလဲ များလှပါပြီ"

နှောင်း၏ အတွေးများသည် ယခုအချိန်ထိတော့ သာမန်တာဝန်သိတတ်သူ သမီးတစ်ယောက်၏ အတွေးများသာ ဖြစ်နေ၏။ မသင်္ကာဖွယ်ရာ တစ်စုံတစ်ခု မတွေ့မိသေးပါ။

"နှောင်း စဉ်းစားထားတာ ပထမတော့ ကားရောင်းပစ်ဖို့၊ ဒါပေမဲ့ မောင်းမယ့်သူ မရှိလို့ ကားရောင်းရတာလဲ အဖြစ်မခံနိုင်ပြန်ဘူး၊ ဒါ့ထက်ပိုဆိုးတာက နှောင်းတို့ကားရောင်းရင် ပတ်ဝန်းကျင်က သိပ်ကျေနပ်သွားကြလိမ့်မယ်၊ ဦးထွန်းဇော် သေသွားတော့ သူ့မိန်းမနဲ့သမီး ဇတ်ပြတ်သွားလို့ ကားတောင် ရောင်းပစ်ရတယ်လို့လဲ အထင်မခံနိုင်ပြန်ဘူး ဆရာရဲ့... ဆရာ မရယ်နဲ့နော်..."

ဩော်.. ဖြစ်မှ ဖြစ်ရလေ နှောင်းရယ်။ သူညင်ညင်သာသာ ပြုံး၍ ခေါင်းယမ်းပြလိုက်သည်။

"ဒါ ရယ်စရာ မဟုတ်ဘူးလေ နှောင်းရဲ့၊ ဆရာ မရယ်ပါဘူး"

"အခု နောက်ဆုံး အဖြေရသွားတာကတော့ ကားဒရိုက်ဘာလဲ မရှာဘူး၊ ကားလဲ ရောင်းမပစ်ဘူး၊ နှောင်းရော မေမေရော ဘတ်စ်ကား စီးကြမယ်"

"အဲဒါလဲ ကောင်းတာပါပဲ"

သူ စိတ်ပါလက်ပါ ထောက်ခံလိုက်တော့ နှောင်းက ပြုံးလေသည်။

"ဒါနဲ့ နှောင်း အလုပ်တစ်ခုလုပ်ဖို့ စိတ်ကူးထားတယ်၊ နှောင်း ယူထားတဲ့ မေဂျာနဲ့တော့ ဘာမှမဆိုင်ဘူး ဆရာ၊ အင်တာပရိုက်စ်တစ်ခုမှာ ရုံးစတပ်ဖ် ရာထူးနဲ့ လုပ်ရမယ်၊ နှောင်းက ဘွဲ့မရသေးဘူး မဟုတ်လားဆရာရဲ့..."

"ရုံးစတပ်ဖ်ဆိုတော့ တိုက်ပစ်စ်တ် ရာထူးလား"

"အဲဒီထက် နည်းနည်းပိုတယ် ဆရာ၊ လက်နှိပ်စက် ရိုက်စရာရှိရင် ရုံးမှာပဲ ထိုင်ရိုက်၊ တဲလက်စ်ရိုက်စရာရှိရင် ကြေးနန်းရုံးကို ပြေးလိုက်... ခြေမြန်တော် အလုပ်လဲ လုပ်ရတယ်ဆရာ"

"အရင်က လုပ်ဖူးသလား"

"ဟုတ်ကဲ့၊ မနှစ်က ခဏလုပ်ဖူးတယ်၊ အလုပ်ရှင်နဲ့ မတည့်တာနဲ့ ထွက်ပစ်လိုက်တယ်၊ နှစ်လပဲ ခံတယ်လေ"

နှောင်း ရယ်မောသဖြင့် သူကပါ သဘောကျစွာ ရယ်မောမိလေသည်။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

"ဒီတစ်ခေါက် ကျောင်းပြန်ဖွင့်ပြီးလို့ စာမေးပွဲပြီးရင်တော့ နှောင်း ဒီထက် မြင့်တဲ့အလုပ်တစ်ခုခု ရနိုင်ပါတယ်၊ ခက်တာက ဂျီယော်ဂရပ်ဖီ အတွက် အလုပ်က အပြင်မှာ နည်းနည်းရှားတယ်၊ ကိုယ့်မေဂျာနဲ့ မဆိုင်တဲ့ အလုပ်တွေပဲ များတယ်၊ အဆင်အပြေဆုံးကတော့ အီကိုကနေ ဆင်း၊ စီပီအေ အောင်… ဒါဆိုရင်တော့ ကုမ္ပဏီတွေမှာ အလုပ်လွယ်တယ်"

"အခု အလုပ်ကို လုပ်ဖို့ ဆုံးဖြတ်ပြီးပြီလား"

"အဲဒါ…"

နှောင်း မျက်နှာတွင် မရေမရာ အရိပ်ကလေးတစ်ခု ပေါ်လာသည်။

"အဲဒါ မသေချာသေးဘူးဆရာ၊ နှောင်းအခု တစ်ရက်နှစ်ရက်အတွင်း အရမ်း စိတ်လေနေတယ်၊ ဘာကိုမှ အာရုံစူးစိုက်လို့ မရဘူး၊ မတော်တဆ အလုပ်ဝင်ပြီးတဲ့အချိန်မှာ နှောင်းကိုယ်နှောင်း အစိုးမရရင် တာဝန်မကျေမှာ စိုးတယ် ဆရာ၊ အဲဒါ ဆရာ့ဆီက အကြံဉာဏ်လဲ လိုချင်တယ်… နှောင်း အလုပ်ဝင်လို့ ဖြစ်နိုင်ပါ့မလား"

သူ ထိုင်ရာမှ ထရပ်လိုက်သည်။ ဆက်တီနောက်မှီ၏ နောက်ဘက်တွင် မတ်တတ်ရပ်ကာ လက်ဖဝါးနှစ်ဖက်ကို နောက်မှီသစ်သားပေါင်ပေါ် ခပ်ဖွဖွတင်လျက် သူ့ရှေ့မှာ ငြိမ်ငြိမ်ကလေး ထိုင်နေသော မိန်းကလေးကို သနားကြင်နာမှုမပေါ်လွင်စေဘဲ ငုံ့ကြည့်လိုက်၏။

"လစာရော ကောင်းရဲ့လား…နှောင်း"

"ဟုတ်ကဲ့ မဆိုးပါဘူး ဆရာ၊ တစ်ထောင်ဆိုတော့ သိပ်မနည်းလှပါဘူး၊ လောလောဆယ် ဘွဲ့မရသေးခင် ဒီအလုပ်ပဲ လုပ်ထားရမလား စဉ်းစားနေတယ်၊ ဆရာ ဘယ်လိုထင်လဲဟင်… နှောင်း အလုပ်လုပ်နိုင်ပါ့မလား"

မိန်းကလေးအတွက် အလုပ်သည် အလွန်သင့်တော်သော ကုသမှုတစ်ခုလည်း ဖြစ်သည်။ သူ တိုက်တွန်းဖို့ မလိုဘဲ အလိုအလျောက် တိုက်ဆိုင်လာသောကြောင့် သူဝမ်းသာရပြန်သည်။

"ဘယ့်နှယ် မေးလိုက်ပါလိမ့် နှောင်းရယ်… သိပ်အလုပ်လုပ်နိုင်တာပေါ့၊ နှောင်းဟာ တာဝန်တစ်ခုကို လွယ်လွယ်နဲ့ မယူဘူးဆိုတာ ဆရာသိတယ်၊ ယူပြီးပြီဆိုရင်လဲ အဲဒီတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်မယ့်ဇွဲအပြည့်ရှိတာ ဆရာသိတယ်၊ အလုပ်တစ်ခု လုပ်တာနဲ့ သင်တန်းတစ်ခုတက်တာ တူသလိုလို ထင်ရပေမယ့် တကယ်တော့ မတူဘူး၊ အလုပ်လုပ်တဲ့လူဟာ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု အပြည့်အဝ ဝင်လာမယ်၊ အဲဒီအခါမှာ ခွန်အားလဲ လိုလာမယ်၊ လိုတဲ့ခွန်အားကို ကိုယ့်ဟာကိုယ် ဆောက်တည်တတ်လာမယ်၊ နောက်ပြီး နှောင်းက ကျန်းမာရေး ကောင်းတာပဲ၊ ကိုယ်ခန္ဓာ ကျန်းမာရေးလဲ ကောင်းတယ်၊ စိတ်ကျန်းမာရေးလဲ ကောင်းတယ်၊ နည်းနည်း စိုးရိမ်ပူပန်နေတာကလွဲရင်ပေါ့၊ နည်းနည်းပါးပါး စိုးရိမ်စိတ်ညစ်တာဟာ ရောဂါမဟုတ်ဘူး နှောင်းရဲ့၊ အဲဒါကို မြဲမြဲမှတ်ထား"

နှောင်း မျက်နှာတွင် စိတ်ပေါ့ပါးသွက်လက်မှုကို သိသိသာသာ မြင်လိုက်ရသည်။

"စောစောက နှောင်းပြောလိုက်တဲ့ စကားထဲမှာ နှောင်း အရင်ကလို ကိုယ့်ကိုယ်ကို ယုံကြည်မှု မရှိတော့ဘူးလို့ ပါတယ်… မှတ်မိတယ်နော်"

"ဟုတ်ကဲ့"

နှောင်းမျက်လုံးများ တောက်ပရာမှ မဆိုစလောက် သောကရိပ်များပင် လာပြန်သည်။ မတတ်နိုင်ပါ။

Commercial use of this book without your OWNRISK!
www.myanmarcupid.net

"အဲဒီစကား ကြားရတာ ဆရာစိတ်မကောင်းဘူး၊ နှောင်း ကိုယ့်ကိုယ်ကို ဘာတွေ မယုံမကြည် ဖြစ်နေသလဲ..."

နှောင်း မဖြေပါ။ သူ့ကိုလည်း မကြည့်ပါ။ ကိုယ်ကိုရှေ့သို့ အနည်းငယ် ငိုက်ကာ ကုလားထိုင်အစွန်းနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် မြဲမြဲစွာ ကိုင်လျက် ကြမ်းပြင်ကို ငုံ့ကြည့်နေသည်။

"ဥပမာ... နှောင်း အခု ဒီအလုပ်လုပ်မယ်လို့ ဆုံးဖြတ်ထားပြီးပြီ ဆိုပါတော့၊ အင်တာဗျူးဖြေရမယ်... အဲဒီအင်တာဗျူးမှာ နှောင်း မအောင်နိုင်ပါဘူးလို့ ကိုယ့်ကိုယ်ကို အားငယ်နေလို့လား"

သူမ ရုတ်တရက် သူ့ကို မော့ကြည့်၏။

"ဟင့်အင်း... အဲလိုတော့ အားမငယ်ပါဘူးဆရာ၊ နှောင်း လျှောက်လွှာတင်တုန်းက ပထမတစ်ကြိမ် အင်တာဗျူး ဖြေခဲ့ပြီးသားပါ၊ နောက်တစ်ပတ်မှာ ဒုတိယတစ်ကြိမ် အင်တာဗျူး ထပ်ဖြေရမယ်၊ နှောင်း အဲဒါကို မကြောက်ပါဘူး၊ သူတို့လိုချင်တဲ့ ကျွမ်းကျင်မှုတွေ နှောင်း ပေးနိုင်မယ်ဆိုတာ နှောင်း ယုံကြည်ပြီးသားပါ"

ဤစကား ကြားရသဖြင့် သူ့ဝမ်းမြောက်မှုမှာ အတိုင်းအဆမရှိပါ။

"အိုကေ...ဒါဖြင့် နှောင်း ကိုယ့်ကိုယ်ကို ယုံကြည်မှု ရှိနေတာပဲ ကလေးရဲ့၊ နှောင်း ပြောတဲ့ ယုံကြည်မှုမရှိဘူးဆိုတာ ဘာကိုပြောတာလဲ၊ ဂျပန်စာသင်ရတာ အရင်လို မလွယ်ဘူးထင်သလား"

"ဟင့်အင်း...အဲဒါလဲ ပြဿနာ မဟုတ်ပါဘူးဆရာ၊ နှောင်း ခန်းဂျီးအလုံး ရှစ်ရာလောက် ကောင်းကောင်းမှတ်မိပါတယ်၊ ရေးနိုင်ပါတယ်"

"သိပ်တော်တာပဲ နှောင်း... ဆရာချီးကျူးပါတယ်"

သူတကယ် လိုက်လှဲစွာ ချီးကျူးခြင်းဖြစ်ကြောင်း နှောင်း ခံစားရပါလိမ့်မည်။

"နှောင်း ဘာမဆို လုပ်ကြည့်ရင် ဖြစ်မယ်လို့ ယုံကြည်ပြီးသားပါ၊ နှောင်း မယုံတာက တစ်ခုတည်းပါ ဆရာ၊ နှောင်းလေ... နှောင်းရဲ့ကံကြမ္မာကို နှောင်းမယုံဘူး၊ နှောင်း မသေဘူးလို့ ကိုယ့်ကိုယ်ကို ယုံကြည်အောင် ဘယ်လောက်ပဲ ပြောပြော နှောင်း မယုံတော့ပါဘူးဆရာ၊ နှောင်း ဘယ်တော့မှ မသေဘူးလို့ နှောင်း ယုံကြည်ချင်လိုက်တာ ဆရာရယ်၊ နှောင်း ဘာလုပ်ရမလဲဟင်..."

နှောင်း ငိုချလိုက်မလားဟု သူစောင့်နေသော်လည်း နှောင်းမငိုပါ။ နှောင်း၏ မျက်နှာတွင် ယူကျုံးမရ နာကျင်မှု၊ အခံရခက်မှုတို့ကို တစ်ပြိုင်တည်း သူတွေ့နေရသော်လည်း မိန်းကလေးသည် မျက်ရည်ဝဲရုံမျှအပ မငိုပါ။ သူ ကုလားထိုင်ကို ကွေ့၍ လျှောက်လာပြီး စောစောကလို နှောင်းနှင့်မျက်နှာချင်းဆိုင် ပြန်ထိုင်လိုက်၏။

"နှောင်း..."

နှောင်းက သူ့ကိုမော့ကြည့်သည်။ မျက်ရည်များဖြင့် စိုလက်တောက်ပသော မျက်ဝန်းများသည် ဖြူဖွေးလွန်းသဖြင့် ပြာလဲ့နေကြသည်။ ကြယ်ပွင့်ကလေးများသဖွယ် တောက်ပပြိုးပြက်သော မျက်ဝန်းများတွင် အားကိုးမှုကို သူကောင်းကောင်း မြင်တွေ့ရသည်။

"နှောင်းရဲ့ ကံကြမ္မာကို နှောင်း ယုံလာအောင် ဆရာ နည်းလမ်းတစ်ခု ပေးမယ်"

"မေမေ ပေးတဲ့ နည်းလမ်းတော့ မဟုတ်ပါဘူးနော်...ဆရာ"

Commercial use of this book without your OWNERSK! www.myanmarcupid.net

သူ စိုးရိမ်မှု မပေါ်လွင်စေအောင် ထိန်းချုပ်၍ ပြုံးလိုက်၏။

"မဟုတ်နိုင်ပါဘူး၊ နှောင်း မေမေက ဘာနည်းလမ်းပေးသလဲ"

"နှောင်းကို ဘုရားရှိခိုးပြီး ပုတီးစိပ်ခိုင်းတယ် ဆရာ၊ ပုတီးစိပ်ကြည့်တော့ နှောင်း စိတ်ပိုတိုလာတယ်"

ငယ်ရွယ်သေးသော နှောင်းကို တစ်ချိန်ချိန်မှာတော့ နှောင်းမေမေ တိုက်တွန်းနိုင်လာပါလိမ့်မည်။

"နှောင်း ဗုဒ္ဓဘာသာနော်"

"ဟုတ်ကဲ့"

"ဗုဒ္ဓကို ယုံသလား"

"ဆရာရော..."

သူ သဘောကျစွာ ပြုံးလိုက်သည်။

"ဆရာ့ထင်မြင်ချက် ယုံကြည်ချက်ကို နောက်တော့ ပြောမယ်၊ အခု နှောင်းရဲ့ ယုံကြည်ချက်ကို ဆရာ သိချင်တယ်"

နှောင်း နှုတ်ခမ်းကလေး မသိမသာ စူသွားပြန်၏။ မကျေနပ်မှုကို သိမ်မွေ့စွာ ဖော်ပြခြင်းဟု သူနားလည်သည်။

"ဗုဒ္ဓ ရှိခဲ့ဖူးတယ်ဆိုတာ နှောင်းယုံတယ်ဆရာ၊ ဗုဒ္ဓရဲ့ တန်ခိုးတော်တွေကို အတိုင်းအတာတစ်ခုထိ နှောင်းယုံတယ်၊ ဒါပေမဲ့ ဆရာ... နှောင်း ပုတီးစိပ်ရုံနဲ့ နှောင်းကို လွန်ခဲ့တဲ့နှစ်ပေါင်း သုံးထောင်နီးပါးက ကွယ်လွန်သွားတဲ့ တန်ခိုးရှင်တစ်ယောက်က ဘာတွေများ ပြောင်းလဲပေးနိုင်မှာလဲ၊ နှောင်းမှာ ရောဂါတစ်ခုရှိရင် ဆရာဝန်ဆီ ခွဲစိတ်ကုသမှ နှောင်းပျောက်မှာပေါ့၊ ပုတီးစိပ်ရုံနဲ့ ပျောက်မလား၊ မေမေပြောတာက နှောင်း ပုတီးစိပ်ရင် နှစ်ဆယ့်လေးနှစ်မှာ သေမယ်ဆိုတဲ့ ကိစ္စကြီးတောင် မသေတော့ဘူး...တဲ့"

ကလေးသဖွယ် နှာခေါင်းရှုံ့လျက် မယုံသလို မဲ့ပြုံးပြုံးပြောတော့ သူရယ်ချင်လျက်ကပင် စိတ်မကောင်း ဖြစ်သွားသည်။

"အဲဒါတော့ နှောင်း မယုံနိုင်ဘူး ဆရာ"

"ဒါပေမဲ့ စိတ်ကြည်လင်သန့်စင်နေတဲ့လူဟာ နုပျိုတယ်၊ အသက်ရှည်တယ်၊ လောဘဒေါသများတဲ့လူက ရင့်အိုတယ်၊ အသက်တိုတယ်၊ အဲဒါရော နှောင်းယုံရဲ့လား"

"အဲဒါတော့ နှောင်း ယုံပါတယ် ဆရာ"

"အေးပေါ့၊ နှောင်းမေမေဆိုလိုတာလဲ အဲဒီနည်းပါပဲ၊ သူ ကောင်းကောင်း မရှင်းပြတတ်လို့ပါ၊ ဘာပဲဖြစ်ဖြစ် ပုတီးစိပ်တာထက် ကောင်းတဲ့နည်းကတော့ မက်ဒီတေးရှင်းပဲ"

"ဝိပဿနာအားထုတ်တာကို ပြောတာမဟုတ်လားဆရာ... သင်္ဘောပေါ်မှာ တွေ့တဲ့မိန်းမကလဲ နှောင်းကို အဲလိုပဲ ပြောတယ်၊ သူ ပြောလို့ကို နှောင်း အဲဒါကို မကြိုးစားချင်ဘူး"

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

"မဟုတ်ဘူး၊ နှောင်း... ကိုယ်ပြောတဲ့ မက်ဒီတေးရှင်းက စိတ်ကို စူးစိုက်နည်းတစ်မျိုးပါ၊ သမထဘာဝနာလို့ခေါ်ရင် ရမယ်၊ ဝိပဿနာဘာဝနာလောက် မခက်ပါဘူး၊ လွယ်လွယ်ကလေး၊ စိတ်ကို ဆောက်တည်ဖို့ အကောင်းဆုံးနည်းပဲ၊ အဲဒါ တဖြည်းဖြည်း နှောင်း ကျင့်ရမယ်နော်၊ လောလောဆယ် ဆရာပြောမယ့် နည်းလမ်းက အဲဒါမဟုတ်သေးဘူး၊ အဲဒီလောက်တောင် မခက်ဘူး၊ အင်္ဂလိပ်လို ဆပ်ဂျက်ရှင်းလို့ ခေါ်တယ်... နှောင်း ကြားဖူးလား"

"ဟုတ်ကဲ့၊ အဓိပ္ပာယ်က အကြံဉာဏ်ပေးခြင်း၊ ညွှန်းဆိုခြင်း..."

သူ သဘောကျစွာ ပြုံး၍ ခေါင်းညိတ်လိုက်၏။ တော်လိုက်တဲ့ကလေးမ။

"ဟုတ်တယ်၊ ဆရာတို့ ဆိုက်ခီယာထရီ ဝေါဟာရနဲ့ပြောရင် ညွှန်းခြင်းလို့ ပြောရမယ်၊ ဥပမာ လူတစ်ယောက်ကို မင်း မနက်လေးနာရီမှာ အိပ်ရာထလိမ့်မယ်၊ ဘယ်သူမှ မနှိုးရဘဲ အိပ်ရာက ထလိမ့်မယ်လို့ ညအိပ်ရာဝင်မှာ ညွှန်းရင် အဲဒီလူဟာ တကယ်ကို မနက်လေးနာရီမှာ အလိုအလျောက် နိုးလာတယ်... အဲဒါမျိုးပေါ့၊ ဆရာပြောချင်တာက ကိုယ့်ကိုယ်ကို ညွှန်းခြင်း၊ အဲဒါကို အော်တို ဆပ်ဂျက်ရှင်းလို့ ခေါ်တယ်"

"နှောင်း သိပြီဆရာ.. နှောင်း နှစ်ဆယ့်လေးနှစ်မှာ မသေဘူးလို့ ညအိပ်ရာဝင်တိုင်း ညွှန်းပေးရမယ်... ဒီလိုလား"

နှောင်းက သရော်တော်တော်ပြုံးလျက် မေးတော့ သူမခံချိမခံသာ ခေါင်းယမ်းပစ်လိုက်၏။

"ဆရာပြောမယ့်နည်းက အဲဒီလောက် တိုက်ရိုက်မကျပါဘူး နှောင်း"

နှောင်းမျက်နှာတွင် စိတ်ဝင်စားမှု အရိပ်အယောင်ကလေး သိသိသာသာ ပေါ်လာလေသည်။

"နှောင်းဘဝမှာ နှောင်းဖြစ်ချင်တဲ့ ရည်ရွယ်ချက်တွေ စိတ်ကူးတွေတော့ ရှိနေမှာပေါ့နော်"

"ရှိတာပေါ့ ဆရာ"

နှောင်းကဲ့သို့ တိုးတက်အောင်မြင်လိုစိတ် ပြင်းပြသော မိန်းကလေး တစ်ယောက်အတွက် သူ့နည်းမှာ များစွာ အသုံးဝင်နိုင်ပါသည်။

"ပထမဆုံး အဖြစ်ချင်ဆုံးအရာဟာ ဘာလဲ... ကိုယ့်ဟာကိုယ် တွေးရမယ်၊ တကယ်ဖြစ်ချင်တဲ့အရာပေါ့၊ တွေးပြီးရင် အဲဒါကို စာရွက်တစ်ခုပေါ်မှာ ချရေးရမယ်၊ အဲဒီနောက် ဒုတိယဖြစ်ချင်တဲ့အရာဟာ ဘာလဲ...တွေးရမယ်၊ တွေးပြီးတော့ အဲဒါကို ချရေးရမယ်၊ အဲဒီလို တွေးတဲ့အခါ ဖြစ်မှဖြစ်ပါ့မလားဆိုတဲ့ စိတ်မျိုးနဲ့ မတွန့်ဆုတ်မိစေနဲ့၊ ဖြစ်ချင်တာကို ဖြစ်အောင် လုပ်ဖို့က နှောင်းတာဝန်ပဲ မဟုတ်ဘူးလား၊ ဥပမာ... နှောင်းက ဆွစ်ဇာလန်တောင်တန်းပေါ်မှာ နှင်းလွှာလျှောစီးဖို့ အရမ်းမျှော်လင့်တောင့်တတယ်၊ နှောင်းက မြန်မာနိုင်ငံမှာ ရှိနေတဲ့အတွက် ဒီမျှော်လင့်ချက်က မဖြစ်နိုင်ဘူးလို့ မတွေးပါနဲ့၊ ချရေးလိုက်ပါ၊ ပြီးရင် နှောင်း ဆွစ်ဇာလန်ကို ရောက်အောင် သွားရမယ်.. ဟုတ်ပလား၊ လောကမှာ မဖြစ်နိုင်ဘူးဆိုတဲ့အရာ မရှိဘူးနှောင်း"

နှောင်း စိတ်ဝင်စားပုံ ပေါ်ပါသည်။

"အဲဒီလို ချရေးပြီးရင် နောက်တစ်ပတ်မှာ ဆရာ့ကို ပြရမယ်နော်၊ ဆရာ ဖတ်ကြည့်မယ်... ဆရာဖတ်မှာကို နှောင်းက ရှက်စရာ မလိုဘူး၊ နှောင်းရဲ့ မျှော်လင့်ချက်တွေ အဲင်မ်ဘီးရှင်းတွေကို ဆရာဖြစ်နိုင် မဖြစ်နိုင် ဝေဖန်မှာလဲ မဟုတ်ဘူး၊ ဥပမာ နှောင်းက ပစိဖိတ်သမုဒ္ဒရာထဲက ကျွန်းတစ်ကျွန်းကို အပိုင်ဝယ်ချင်တယ်... ဒါကို ဆရာ့အပေါ် ရှက်စရာမလိုဘဲ ရဲရဲတင်းတင်း ရေးချပါ၊ တစ်ခုတော့ ရှိတယ်၊ နှောင်း ရေးချတဲ့ မျှော်လင့်ချက်ကို ဖြစ်အောင်လုပ်ဖို့

Non commercial use of this book will be at your OWN RISK! www.myanmarcupid.net

နှောင်း တာဝန်ယူရမယ်နော်၊ တစ်နှစ်နဲ့ မဖြစ်ရင် ငါးနှစ်၊ ငါးနှစ်နဲ့ မဖြစ်ရင် ဆယ်နှစ်၊ တစ်ချိန်ချိန်မှာ ဖြစ်ရမယ်၊ နှောင်း ချရေးတဲ့ ရက်စွဲလဲ ရေးထားပါ၊ တစ်ခုပြီးတစ်ခု ရည်ရွယ်ချက်တွေ... အောင်မြင်သွားတဲ့ ရက်စွဲတွေရော ရေးမှတ်ထားပါ၊ အဲဒါ နှောင်းအတွက် ဒီတစ်ပတ်စာ အိမ်စာပဲ၊ နောက်တစ်ပတ် ဆရာ့ဆီလာတဲ့အခါ အဲဒီစာရွက်ယူလာခဲ့ပါ၊ နံပါတ်အစီအစဉ်တွေ ကန့်သတ်ချက်မရှိဘူးနော်၊ အချက်များရင် များသလို ငါးဆယ်တစ်ရာ ကြိုက်သလောက်ရေး"

နှောင်းမျက်နှာကလေး ကြည်လင်လာသည်။ စူးစမ်းသည့် အရိပ်အယောင်ကိုလည်း မြင်ရသည်။ သူပြုံးပြလိုက်၏။

"ဆရာ့အတွေ့အကြုံတစ်ခု ဆရာပြောပြချင်တယ်၊ အော်တိုဆပ်ဂျက်ရှင်းနဲ့ ပတ်သက်တာ တစ်ခုပါ၊ ဆရာငယ်ငယ်က ဆရာတို့မိဘတွေ အရမ်းနွမ်းပါးတယ်၊ ဒါထက် ဆိုးတာက မြို့ပေါ်မှာ မဟုတ်ဘဲ တောနယ်ကလေးတစ်ခုမှာ နေရတယ်၊ ဧရာဝတီမြစ်ရဲ့ အနောက်ဘက် ကမ်းရွာကြီးတစ်ခုပေါ့၊ ရှောက်တောဆိုတဲ့ ရွာကြီး၊ အလယ်တန်းကျောင်းတောင် မရှိသေးတဲ့အချိန်က ပွင့်ဖြူဆိုတဲ့ မြို့မှာ အလယ်တန်းကျောင်း သွားတက်ရတယ်၊ အဲဒီမှာ ဆရာ ခြောက်တန်းရောက်တော့ စိတ်ရောဂါနဲ့ ဆရာ စ တွေ့တယ်၊ ဆရာ့အမေရဲ့ အစ်မတစ်ယောက် အဲဒီဝေဒနာ ရတယ်၊ အဲဒီတုန်းကတော့ အရူးလို့ပဲ သတ်မှတ်ပြီး ဆေးကုတော့လဲ သာမန်ဆေးမှုးနဲ့ ကုတာပေါ့၊ နောက်တဖြည်းဖြည်းနဲ့ ဆရာ့အရီးလဲ စိတ္တဇဝေဒနာနဲ့ပဲ ဆုံးသွားတယ်၊ အရီး ဆုံးတော့ ဆရာရှစ်တန်း ရောက်ပြီ၊ အဲဒီအချိန်မှာ အရီးလိုလူမျိုးတွေကို ဆေးကုပေးချင်စိတ် အရမ်းပြင်းထန်နေခဲ့တယ်၊ ဒါနဲ့ ဆရာ့ဆရာတွေ၊ မြို့ကျောင်းက ဆရာတွေကို မေးတော့ ဆိုက်ခီယာထရီဆိုတဲ့ ဘာသာရပ်နဲ့ ဆိုက်ခီယားထရစ်စ်တ်ဆိုတဲ့ ဘာသာရပ်ကို သိရတယ်၊ ဆရာဝန်ဘဝကနေ ထပ်တက်ရတယ်ဆိုတာပါ သိလာခဲ့ရတယ်၊ အဲဒီညမှာ ဆရာ့စာကြည့်စားပွဲ နံရံမှာ စာရေးပြီးကပ်ထားလိုက်တယ်၊ ဆိုက်ခီယားထရစ်စ်တ်တစ်ယောက် ဖြစ်ရန်ဆိုတဲ့ ရည်မှန်းချက်ကိုပေါ့"

လိုသည်ထက်ပို၍ စကားများများ ပြောမိပြီလားဟု သူစိုးရိမ်ကာ မိန်းကလေးကို ငုံ့ကြည့်လိုက်၏။ မိန်းကလေး စဉ်းစားနေသည်။ သူ စိတ်ရှည်လက်ရှည် ထိုင်စောင့်နေ၏။

"ဘယ်နှယ့်လဲ နှောင်း၊ အဲဒီနည်းကို စိတ်ဝင်စားတယ် မဟုတ်လား"

"ဟုတ်ကဲ့ဆရာ... နှောင်း ကြိုးစားမယ် ဆရာ"

သူ ကျေနပ်သွား၏။

"ဒါနဲ့ စောစောက ဆရာ နှောင်းကို ဖြေဖို့ တစ်ခု အကြွေးကျန်သွားသေးတယ်"

"ဘာပါလိမ့် နှောင်း..."

သူ ရုတ်တရက် စဉ်းစားမရဘဲ ဖြစ်နေသည်။ နှောင်းက စူပုပ်ပုပ် ပုံစံကလေးဖြင့် ပြုံးလေသည်။

"ဗုဒ္ဓနဲ့ ပတ်သက်တဲ့ ဆရာ့ယုံကြည်ချက်..."

"သြော်... ဟုတ်သားပဲ"

သူ ပြုံးရယ်ကာ ခေါင်းညိတ်လိုက်၏။ သူ သတိထား၍ ဖြေပါသည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"ဗုဒ္ဓကို ဆရာက ဗီလိုဆိုဖာတစ်ယောက်အနေနဲ့ သိပ်လေးစားတယ်၊ ဗုဒ္ဓက ဆရာတို့လူသားတွေအတွက် ကိုယ်ကျင့်သိက္ခာ၊ သီလ၊ အားလုံး ညွှန်ကြားသွားတယ်၊ လောကကောင်းကျိုးအတွက် နောက်ဆုံးအချိန်အထိ တရားပြသွားတယ်၊ ဆရာ ဗုဒ္ဓကို သိပ်လေးစားပါတယ် နှောင်း…"

"ဗုဒ္ဓရဲ့ တန်ခိုးတော်တွေရော…"

နှောင်းက စိတ်ဝင်စားစွာ ထောက်မေး၏။ သူ နည်းနည်းတွန့်ဆုတ်သွားသည်။

"တန်ခိုးပြာဋိဟာဆိုတာ နိဗ္ဗာန်ရောက်ကြောင်း တရားလောက် ခက်ခဲတာမှ မဟုတ်ဘဲ နှောင်းရဲ့… ဖြစ်နိုင်ပါလိမ့်မယ်၊ စိတ်စွမ်းအင် ဆိုတာကို ယုံကြည်တဲ့လူဟာ ဗုဒ္ဓရဲ့ တန်ခိုးတော်တွေကိုလဲ ယုံကြည်လာတာပဲ၊ နှောင်းက မယုံလို့လား"

"အို… ယုံပါတယ် ဆရာ၊ နှောင်း ပြောပြီကော၊ အတိုင်းအတာ တစ်ခုအထိ ယုံပါတယ်လို့၊ အရင်က သိပ်မယုံချင်တာတစ်ခုတောင် အခုယုံသွားပြီ ဆရာရဲ့"

"ဘာများပါလိမ့်"

"ဗုဒ္ဓက ရောင်ခြည်တော်ခြောက်သွယ်လွှတ်တယ်ဆိုတာလေ၊ အရင်က အဲဒါကို နှောင်း သိပ်လက်မခံချင်ဘူး၊ အခုတော့ နှောင်း ဘယ်လိုတွေးသလဲဆိုတော့ ဗုဒ္ဓရဲ့ မျက်တော်ဟာ သန့်စင်မှုနဲ့ ကြည်လင်တောက်ပလွန်းလို့ အဲဒီတောက်ပမှုဟာ ပတ်ဝန်းကျင်မှာ ရောင်ခြည်အဖြစ် ပေါ်ထွက်လာတာ ဖြစ်နိုင်တယ်"

သူ မသိမသာ မျက်မှောင်တွန့်ပြုံးသည်။ ဆက်ပြောပဟူသော အဓိပ္ပာယ်ဖြင့် မေးဆတ်ပြလိုက်၏။

"လူသာမန်တစ်ယောက်ရဲ့ မျက်နှာမှာတောင် စိတ်နှလုံးသန့်စင် ကြည်လင်မှုကြောင့် ကြည့်ရတဲ့လူအတွက် အလင်းကို ခံစားရသလို ကူးစက်နိုင်သေးရင် အဆပေါင်းများစွာ မနှိုင်းယှဉ်သာအောင် သန့်စင်ကြည်လင်တော်မူတဲ့ ဗုဒ္ဓဆိုရင်တော့ ပြောစရာတောင် မလိုတော့ဘူးလေ ဆရာရဲ့"

"တယ်ဟုတ်ပါလား နှောင်း၊ အလင်းကို ခံစားရလောက်အောင် ကြည်လင်တဲ့ မျက်နှာမျိုး တွေ့ဖူးလို့လား"

"ဆရာ့မျက်နှာလေ"

ဘုရားရေ…။

သူ နှောင်းကို ဂရုတစိုက် ကြည့်မိတော့ မသင်္ကာဖွယ်ရာ စိတ်ပုံမမှန် ဖြစ်မှု တစ်ခုမှ မတွေ့ရ။ မသိမသာကလေး ပြုံးနေပုံက အပြစ်ကင်းစင် လှသည်။ ပြုံးမှန်းသိသိ ပြုံးပြနေခြင်း မဟုတ်ဘဲ ပြုံးမှန်း မသိစွာ ပြုံးနေမိသော မျက်နှာကလေး…။ ထိုမျက်နှာကလေးကို သူ သတိလက်လွတ် ငေးမောမိသွား၏။

ဖြစကလေး

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

## အခန်း(၉)

“ဆရာ မရယ်ရဘူးနော်”ဟု ပြောပြီးမှ သူ့ကို ပြခဲ့သော ဗလာစာရွက် နှစ်ရွက်တွဲကလေးကို သူ စိတ်ဝင်စားစွာ ကြည့်နေစဉ် မိန်းကလေး၏ မျက်လုံးများ သူ့ကို စူးစိုက်နေကြောင်း သူသိ၏။

ထို့ကြောင့် ပြုံးချင်သောစိတ်ကို မပြုံးမိအောင် ထိန်းချုပ်ထားရသည်။

နံပါတ်တစ် – မနုဿဗေဒပညာရှင်တစ်ယောက် ဖြစ်ရန်။

ပထဝီဝင်အခိက မိန်းကလေးတစ်ယောက် အတွက် အဖြစ်နိုင်ဆုံးသော တောင့်တချက်တစ်ခု ဖြစ်သည်။

နံပါတ်နှစ် – အမေရိကန် ရုပ်ရှင်မင်းသား ကီဗင်ကော့စ်နာ ကျင်းပသော ညစာစားပွဲသို့ တက်ရောက်ရန်။

ကြည့်စမ်း... ဘယ်လောက် အပြစ်ကင်းစင်တဲ့ မိန်းကလေးလဲ။

နံပါတ်သုံး – အာဖရိက ဘေးမဲ့တိရစ္ဆာန်ဥယျာဉ်သို့ ခရီးထွက်ရန်။

စွန့်စားမှုကို နှစ်သက်သော စိတ်ဓာတ်ရင်းခံ ရှိပုံရသည်။

နံပါတ်လေး – ဘာသာစကားသုံးမျိုး ကျွမ်းကျင်ရန်။ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်။

နံပါတ် ငါး – လေယာဉ်မောင်း သင်ရန်နှင့် လေ့ကျင့်ရန်။

နှောင်းခင်ဇော်ရယ်...။ အဆင့်က မြင့်လှချည်လားဗျာ။

နံပါတ်ခြောက် – ...

“ဆရာ ရယ်ချင်နေတယ်”

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

သူ ကမန်းကတန်း စာရွက်မှ မျက်နှာလွှဲလိုက်၏။ သူ့ကို စိုက်ကြည့်နေသော ကလေးမ၏ မျက်ဝန်းများမှာ စွပ်စွဲသော အရိပ်အယောင်ကို မြင်ရသည်။ သူ ဖွတ်မိုတ်၍ ငြင်းဆန်ရန် မတတ်နိုင်သောကြောင့် ခေါင်းတစ်ချက် ညိတ်ပြလိုက်၏။

“ရယ်ချင်နေတာ မဟုတ်ပါဘူး နှောင်း၊ ပြုံးချင်နေတာပါ၊ နှောင်းကို သဘောကျလို့၊ ဆရာ အသက်နှစ်ဆယ့်နှစ်နှစ် အရွယ်တုန်းက လိုချင်တာတွေက နှောင်းလောက် အဆင့်အတန်း မမြင့်ခဲ့ဘူး နှောင်းရဲ့”

“နှောင်းလိုချင်တာတွေ မဖြစ်နိုင်ဘူးလို့ ဆရာပြောနေတာလားဟင်”

သေတော့မှာပဲ။ ငါစကားပြောတာ ဘယ်နေရာများ လွဲချော်သွားခဲ့ပါလိမ့်။

“မဟုတ်ဘူး နှောင်း… နှောင်းမှာ နိုင်ငံတကာ အမြင်ရှိတယ်၊ ဆရာ သိပ်လေးစားပါတယ်၊ နှောင်း အဲဒါတွေကို ဖြစ်အောင် လုပ်မယ် မဟုတ်လား၊ နှောင်း ဆရာ့ကို ကတိပေးစမ်းပါ နှောင်း”

နှောင်း၏ ရှက်ကိုးရှက်ကန်း မျက်နှာကလေးမှာ နီထွေးထွေးကလေး ပြုံးနေ၏။

“ဟုတ်ကဲ့… နှောင်းဖြစ်အောင် လုပ်မယ်ဆရာ၊ အချိန်ကြာချင် ကြာမယ်”

“ကိစ္စမရှိဘူး နှောင်း၊ ဆရာ မသေခင် နှောင်း ဖြစ်အောင် လုပ်နိုင်မှာပါ၊ အဲဒီအချိန်တွေမှာ ဆရာ့ဆီ အကြောင်းကြားဖို့ မမေ့နဲ့… ကြားလား၊ နောက်ပြီး ဒီစာရွက်ကို ကော်ပီကူး၊ စာကြည့်စားပွဲရှေ့မှာ ချိတ်၊ အိပ်ခန်းနံရံမှာ ချိတ်… ဟုတ်ပြီလား”

ညအိပ်ရာမဝင်မီ အတွေးများကို ပြောပြစဉ်မှာတော့ မိန်းကလေးက နောက်ထပ် ပြဿနာအသစ်တစ်ခုကို တင်ပြလာသည်။

“နှောင်း စနေနေ့ညတုန်းက မေမေ့အခန်းထဲမှာ ခဏဝင်ပြီး လှဲအိပ်ရင်း မေမေနဲ့ စကားပြောမိတယ် ဆရာ၊ နောက်တော့ မေမေ အိပ်ပျော်သွားတော့ မေမေ ဖတ်လက်စ တရားစာအုပ်ကို ခဏကိုင်ပြီး နှောင်း ဟိုဟိုဒီဒီ လှန်လှောဖတ်မိတယ်၊ စာအုပ်က သဲကုန်းဆရာတော်ဘုရားရဲ့ တရားစာအုပ်၊ ‘ပရာဘဝသုတ္တန် တရားတော်’…တဲ့။

“…အဲဒီစာအုပ်မှာ ဘာသွားတွေ့လဲဆိုတော့ ဗုဒ္ဓက ရှေ့ဖြစ်ကြိုဟောတာ သွားတွေ့တယ် ဆရာ…”

နှောင်း မည်သည့်စကားသို့ ဦးတည်တော့မည်ဆိုတာ သူသိလိုက်ပြီ။ သို့သော် မျက်နှာထားကို ငြိမ်သက်စွာ ထား၍ နှောင်းကို ဂရုတစိုက် နားထောင်ပေးသည်။

မိန်းကလေးသည် အရင်တစ်ခေါက်ကလိုပင် ဘာမှမလိမ်းခြယ်ဘဲ ပြောင်းတင်း၍ ဝင်းမွတ်နေသော မျက်နှာကလေးဖြင့် ငြိမ်သက်နေသည်။ ဆံပင်က ဖြီးသင်ထားသော်လည်း လေကြောင့် အနည်းငယ် အနေအထား ပျက်ယွင်းနေသည်။ သို့သော် ဖြီးသင်ထားမှန်း သိသာပါသည်။ အခြေအနေ ကောင်းသည်။ အင်္ကျီက ရယ်ဒီမိတ် ဘလောက်စ်ခပ်ပွပွ၊ သို့သော် ကော်လာကို လည်ပင်းကြယ်သီး စေ့ပိတ်ထားသည်။ နှောင်း ကိုယ်တိုင် မီးပူတိုက်သလား။ နှောင်း၏မေမေကပဲ မီးပူတိုက်သလား။ အဝါနုရောင်ပေါ်တွင် ဇာပန်းပွင့်ကလေးများ ကပ်၍ချုပ်ထားသော ဘလောက်စ်အင်္ကျီသည် နှောင်း၏နုနယ်မှုကို သိသာထင်ရှားစွာ ဖော်ပြနေသလို ရှိသည်။

“ဂေါတမမြတ်စွာဘုရား လက်ထက်တုန်းက… အသိဉာဏ်နည်းတဲ့ သုနက္ခတ္တဆိုတဲ့ ရဟန်းတစ်ပါး ရှိတယ်၊ အဲဒီရဟန်းက ဘုရားရှေ့မှာ ခစားပြီး ဘုရားရဲ့တပည့်အဖြစ် ဝတ်ကြီးဝတ်ငယ် ပြုစုရင်းနဲ့ တစ်နေ့ကျတော့ သစ်တုံးပုံကြားထဲမှာ အဝတ်မပါဘဲ အိပ်နေတဲ့ တက္ကဒွန်းကြီးတစ်ယောက်ကို သွားမြင်တယ်၊ ဒီတော့ သူက ဘယ်လိုစဉ်းစားသလဲဆိုတော့ ဒီရဟန်းကြီးဟာ အလိုဆန္ဒ အလွန်နည်းပြီးတော့ ရှားပါးတဲ့ အကျင့်ကို ကျင့်နေတဲ့

Commercial use of this book is free at your OWN RISK!
www.myanmarcupid.net

ယောကျ်ားမြတ်ကြီးပဲလို့ စဉ်းစားတယ်၊ မြတ်စွာဘုရားကတော့ သူဌေးတွေ လှူဒါန်းထားတဲ့ သင်္ကန်းတွေ ဆင်မြန်းပြီး တင့်တင့်တယ်တယ် နေရတယ်၊ သူဌေးတွေ လှူဒါန်းတဲ့ဆွမ်းတွေ ဘုဉ်းပေးပြီး နေရတယ်၊ ရဟန်းဂေါတမဟာ ကိလေသာလောဘ တဏှာကုန်တယ်ဆိုတာ မဟုတ်နိုင်ဘူး၊ ဟို သစ်တုံးကြားက အဝတ်မဝတ်တဲ့ကိုယ်တော်ကြီးကသာ ကိလေသာကုန်တဲ့ မြင့်မြတ်သူ ဖြစ်မယ်လို့ တွေးတယ်၊ အဲဒီတော့ ဂေါတမဗုဒ္ဓကို စွန့်ခွာပြီး အဲဒီတက္ကဒွန်းကြီးမှာ တပည့်ခံနေလိုက်တော့တယ်တဲ့ ဆရာ၊ အဲဒီအကြောင်း ဆရာ ကြားဖူးသလား...ဟင်"

"မကြားဖူးသေးဘူး နှောင်း"

နှောင်းက အနည်းငယ်မဲ့ပြုံးကလေး ပြုံး၏။ ထို့နောက် မေးစေ့ကို လက်ထောက်ကာ သူ့ကိုမကြည့်ဘဲ သမံတလင်း ကြမ်းပြင်ကို ကြည့်ရင်း ဆက်ပြောသည်။

"ဗုဒ္ဓက အဲဒီအကြောင်းကို သိတယ်၊ ဒါပေမဲ့ သုနက္ခတ္တကို ဘာမှအပြစ် မတင်ဘူး၊ တစ်နေ့မှာတော့ ဗုဒ္ဓက သုနက္ခတ္တကို ပြောတယ်၊ သုနက္ခတ္တ... မင်းရဲ့ဆရာဖြစ်တဲ့ ရဟန်းဟာ အလွန်အစားကျူးသူဖြစ်တယ်၊ အဲဒီလို အစားကျူးမှုကြောင့်ပဲ သူဟာ ဒီနေ့ကစပြီး ခုနစ်ရက်ပြည့်တဲ့နေ့မှာ သေရလိမ့်မယ်....လို့ ဟောလိုက်တယ် ဆရာ"

သူ ပင့်သက် မသိမသာချကာ ခေါင်းညိတ်ပြလိုက်၏။

"သုနက္ခတ္တမှာ ဂေါတမနဲ့ပတ်သက်ပြီး ယုံကြည်တာတစ်ခု ရှိတယ်၊ အဲဒါကတော့ ရဟန်းဂေါတမ ပြောသမျှဟာ မှန်တတ်တယ်၊ ဂေါတမက ဖြစ်မယ်လို့ ပြောလိုက်ရင် တကယ်ဖြစ်လာတတ်တယ် ဆိုတဲ့ ယုံကြည်မှုပဲ၊ ဒီတော့ သူက သူ့ဆရာ ရဟန်းကြီးကို အဲဒီအကြောင်း ပြောပြတယ်၊ ခုနစ်ရက်အတွင်း အစားကို ခြိုးခြံချွေတာပြီး သင့်တင့်လျောက်ပတ်စွာ စားဖို့သင့်တယ်လို့ တိုက်တွန်းတယ်၊ ဒီအခါ ရဟန်းကြီးက ခုနစ်ရက်လုံး အစာအင်တော်ခံပြီး အစိဋ္ဌာန်ဝင်လိုက်တယ်၊ အစာလွန်ပြီး သေမှာစိုးလို့..."

နှောင်း၏စကား ဘယ်လိုအဆုံးသတ်မလဲဟု သူ ရိပ်စားမိပါပြီ။

"ဒီလိုနဲ့ ခုနစ်ရက်ပြည့်တဲ့နေ့ ရောက်သွားတယ်၊ မသေဘူး၊ သုနက္ခတ္တရဲ့ ဆရာဟာ အစားမစားရတာ ခုနစ်ရက်လဲ ပြည့်ပြီဆိုတော့ ငါစားချင်သမျှ အကုန်စားတော့မယ်၊ ကျွေးတော့ဆိုပြီး အငမ်းမရ မဆင့်မပြ စားလိုက်တယ်တဲ့ ဆရာ"

နှောင်းက သိသိသာသာ ပြုံးလိုက်သေး၏။ သို့သော် အပြုံးမှာ နာကြည်းမှု မသိမသာ ပါဝင်သည်။

"သူ ဘာဖြစ်သွားသလဲ နှောင်း"

"သူ ခုနစ်ရက်ပြည့်တဲ့နေ့မှာပဲ စားပိုးနင့်ပြီး သေသွားတယ် ဆရာ"

သူ ပင့်သက်ကို သိသိသာသာ ရှိုက်လိုက်၏။ နောက်မှီကို ပြေလျော့စွာ မှီနေရာမှ ရှေ့သို့ အနည်းငယ် ကိုယ်ကို ကိုင်းလိုက်သည်။

"နေဦး ဆရာ... နောက်ထပ် ဒါမျိုးဆင်တူတစ်ခု ရှိသေးတယ်၊ ဆရာ့ကို နှောင်း ပြောပြဦးမယ်"

"ပြောပါ နှောင်း... ဆရာစိတ်ဝင်စားပါတယ်"

"ဗုဒ္ဓရဲ့ ဆွေမျိုးတော်တဲ့ တစ်ယောက်ပဲဆရာ... နာမည်ဘယ်သူပါလိမ့်၊ နေဦး... ယသော်ဓရာရဲ့ အဖေလေ... ဆရာ"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

သူ အနည်းငယ် ပြုံးလိုက်၏။

"သုဗ္ဗဗုဒ္ဓမင်းလား"

"အဲ အဲ..ဟုတ်တယ် ဆရာ၊ ကြည့်စမ်း... ဆရာ ဘယ်လိုလုပ်ပြီး သိနေတာလဲဟင်၊ နှောင်းလို လောလောဆယ် စာအုပ်ဖတ်ထားတာလဲ မဟုတ်ဘဲနဲ့"

"သြော်... ဗုဒ္ဓကို ကိုယ်က စိတ်ဝင်စားတော့ ဗုဒ္ဓရဲ့ ယောကၡမကိုလဲ သိနေတာပေါ့ နှောင်းရဲ့၊ မဆန်းပါဘူး"

"အဲဒီ သုဗ္ဗဗုဒ္ဓမင်းကိုလဲ ဗုဒ္ဓက ခုနစ်ရက်အတွင်း သေလိမ့်မယ်၊ မြေမျိုပြီး သေလိမ့်မယ်လို့ ဟောလိုက်တယ်တဲ့ ဆရာ"

"စိတ်ဝင်စားစရာပဲ၊ သူကော ဒီအတိုင်း ငြိမ်မနေဘူး မဟုတ်လား"

"ဘယ်နေမလဲ ဆရာရယ်၊ သူက ဘုရင်ဆိုတော့ မြေနဲ့ဝေးရာ ဘုံခုနစ်ဆင့် အမြင့်မှာ တက်ပြီး စံမြန်းနေတာပေါ့ ဆရာရဲ့"

သူ အသံထွက်အောင် ရယ်လိုက်မိသည်။ နှောင်းကို ကြည့်တော့ နှောင်း မပြုံးပါ။ သူ ရယ်မိသည်ကို နည်းနည်း နှောင်တရသွားသည်။ သို့သော် ဤပြစ်မှုနှင့် ထိုက်တန်စွာ နှောင်းကို တစ်စုံတစ်ရာ နှစ်သိမ့်ပေးနိုင်မည်ဟု သူ ယုံကြည်ပါသည်။

"သူဟာ ခုနစ်ရက်လုံးလုံး အဲဒီပြသာဒ်နန်းတော်ပေါ်မှာ နေပြီး ခုနစ်ရက်ပြည့်တဲ့နေ့ ရောက်လာတယ် ဆရာ၊ အဲဒီနေ့ညမှာပဲ ဘုရင်ရဲ့ စီးတော်မြင်းက နှောင်ကြိုးလွတ်ပြီး နန်းတော်တစ်ခုလုံး ပြေးလွှားခုန်ပေါက် ဖျက်ဆီးနေတယ်၊ ဒီမြင်းကို ဘယ်သူမှ ဖမ်းလို့မရဘူး၊ ဒီတော့ သူက သူ့မြင်းကို ထိန်းဖို့ သတိလက်လွတ် ပြသာဒ်ပေါ်ကနေ ဆင်းရဲတော့တာပေါ့ ဆရာ"

"သူ သေသွားတယ် မဟုတ်လား... နှောင်း"

"ဟုတ်တယ်ဆရာ၊ သူ မြေမျိုပြီး သေသွားပါတယ်"

စကားဝိုင်းသည် မိနစ်အတော်ကြာကြာ တိတ်ဆိတ်ငြိမ်သက်နေ၏။ နောက်မီးကို မှီလျက် ထိုင်နေသော နှောင်း၏စိတ်များ ငြိမ်သက်မှု မရှိကြောင်း သူသတိထားမိပါသည်။ နှောင်း ပြောစရာ စကားများ ရှိသေးသလားဟု သူ စောင့်နေသော်လည်း နှောင်းက ဘာမျှမပြောပါ။ ထို့ကြောင့် နောက်ဆုံး တိတ်ဆိတ်မှုကို သူက ဖြိုခွဲလိုက်သည်။

"နှောင်း... နှောင်း ဘယ်လိုခံစားရမယ်ဆိုတာ ဆရာတွေးမိပါတယ်၊ ဒါပေမဲ့ ဆရာတို့ ဒီအထဲကနေ အချက်သုံးချက် ဆွဲယူလို့ရတယ် နှောင်း၊ ဆရာတို့ အကျိုးဖြစ်မယ့် အချက်သုံးချက် ရှိနေတယ်၊ နံပါတ်တစ်အချက်က အဲဒီရှေ့ဖြစ်တွေကို ဟောခဲ့သူဟာ ဗုဒ္ဓဂေါတမဖြစ်တယ်၊ ဒီဗ္ဗစက္ခုဉာဏ် ရတဲ့ ဗုဒ္ဓဂေါတမဖြစ်တယ်၊ နံပါတ်နှစ်အချက်က ဗုဒ္ဓက အဲဒီလူတွေ သေမှာကို နှစ်နှစ်သုံးနှစ်လောက် ကြိုဟောခဲ့တာ မဟုတ်ဘူး၊ တစ်ပတ်အလိုကျမှ ဟောခဲ့တာ၊ နံပါတ်သုံးအချက်က သေသမျှလူတွေဟာ ခုနစ်ရက်ပြည့်တဲ့နေ့မှာ သူတို့မဆင်ခြင်လို့ သေကုန်ရတာ ဖြစ်တယ်၊ သူတို့ဟာ ဘာကြောင့်များ ရှစ်ရက်အထိ မစောင့်နိုင်ခဲ့သလဲ..."

နှောင်း၏ဇဝေဇဝါ မျက်နှာကလေးကို ကြည့်ရခြင်းအားဖြင့် သူ့စကား အောင်မြင်လိမ့်မည်ဟု ယုံကြည်လာသည်။

Commercial use of this book will be at your OWN RISK! www.myanmarclassic.net

သူ အားတက်သွား၏။

"အခု နှောင်းခင်ဖော်ကို ဟောလိုက်တာက ဂေါတမဗုဒ္ဓ မဟုတ်ဘူး၊ ဘုရား မဟုတ်ဘူး၊ သာမန် မိန်းမတစ်ယောက်၊ မညှာမတာ ပြောရရင် ရှုးကြောင်ကြောင် မိန်းမတစ်ယောက်၊ သူ့နာမည်နဲ့ နေရပ်လိပ်စာတောင် ရဲရဲတင်းတင်း ပေးမသွားတဲ့ မိန်းမတစ်ယောက်၊ ဒီတော့ ကိုယ်တို့က ခုနစ်ရက်နဲ့မဆင်းဘဲ ရှစ်ရက်မြောက်နေ့မှ ဆင်းမယ်ကွာ၊ ကဲ... သူ ဘာတတ်နိုင်ဦးမလဲ နှောင်း"

ပြုံးရယ်လာသော မျက်နှာကလေးသည် လရောင်တစ်ချက် ပြက်သွားသလို လန်းဆန်းတောက်ပလှပါသည်။

နောက်တစ်ပတ် နှောင်း ရောက်လာသောအခါ နှောင်း၏ဆံပင်ပုံစံက တစ်မျိုးဖြစ်လာသည်။ ပခုံးမထိတထိ ဆံပင်များကို ဆံကျစ်တိုတိုကျစ်ပြီး ဆံပင်အဖျားတွင် ဖဲကြိုးရောင်စုံကလေးများဖြင့် စုပေါင်းချည်နှောင်ထားသည်။ ဤဆံပင်ပုံစံရအောင် ဘယ်နှမိနစ် အချိန်ယူရမည်ဟု သူမသိနိုင်သော်လည်း မှန်ရှေ့တွင် မိနစ်တော်တော်ကြာကြာ အချိန်ကုန်လိမ့်မည်ဟု သူ ခန့်မှန်းမိပါသည်။ အလှအပအပေါ်တွင် နှောင်းသည် ယခင်ကလို ပြန်လည် စိတ်ဝင်စားလာခြင်းလား၊ သို့မဟုတ် ယခင်ကထက် ပိုမိုလွန်ကဲစွာ စိတ်ဝင်စားလာခြင်းလား။

ဝတ်ပုံစားပုံကတော့ လှပသပ်ရပ်ရုံမျှအပ သာမန်သာဖြစ်၏။ လည်ပင်းမှာ ဇာနားတပ်ကော်လာ ချထားသည့် ရေညှိရောင်ဘလောက်စ်အင်္ကျီကြောင့် နှောင်း၏လည်တိုင်နှင့် မျက်နှာကလေးမှာ ဖြူဝင်းနေသည်။ နှုတ်ခမ်းမှာ နှုတ်ခမ်းဆိုးဆေး မသိမသာ ဆိုးထားသည်ဟု သူထင်သည်။ (မသေချာပါ)။ ထဘီက ရေညှိရောင်ရင့်ရင့် ပါတိတ်လုံချည်။ နှောင်းသည် တကယ့်မိန်းမကြီးတစ်ယောက်၏ ဝတ်ပုံစားပုံမျိုးဖြင့် အပျိုကြီးပုံစံ ဖမ်းလျက် ကလေးပုံစံ မပျောက်သေးသော မိန်းမငယ်ကလေး တစ်ယောက် ဖြစ်လေသည်။

"ဆံပင်ပုံစံက အဆန်းပါလား ... နှောင်းရဲ့"

သူ ပြုံးရွှင်စွာ ကြိုဆိုရင်း နှုတ်ခွန်းဆက်တော့ ပါးနှစ်ဖက် ရဲခနဲနီကာ နှောင်း ရှက်ရယ် ရယ်၏။

"ဒီဆံပင်ပုံက ညီညီလွင် မကြိုက်တဲ့ပုံလေ၊ ဒါကြောင့် အဲလို လုပ်လာတာ"

ညီညီလွင်...။ တစ်ခါမျှ နှောင်း၏စကားထဲတွင် ပါမလာဖူးသော နာမည်ဖြစ်သည်။ သူ သတိထား၍ မေးခွန်းမေးလိုက်သည်။

"ညီညီလွင်က ဘာဖြစ်လို့ ဒီဆံပင်ပုံကို မကြိုက်တာတဲ့လဲ"

နှောင်း နှုတ်ခမ်းသိသိသာသာ စူသွား၏။

"မသိပါဘူး ဆရာရယ်၊ နှောင်းက ကလေးပဲတဲ့၊ ဒီဆံပင်က အပျိုကြီးတွေ ပုံစံတဲ့၊ ဒါပေမဲ့ နှောင်းက ကလေးမှ မဟုတ်တော့တာ၊ နှောင်းက ချုပ်ချယ်တာ မကြိုက်ဘူးဆရာရဲ့၊ သူက ဒါမလုပ်နဲ့ဆိုရင် သိပ်လုပ်ချင်လာတယ်"

ညီညီလွင်နှင့် နှောင်း၏ ဆက်ဆံမှုကို သူ မေးကြည့်ရပါမည်။ သို့သော် တိုက်ရိုက်မေးလျှင် ကောင်းမှကောင်းပါ့မလား။

"ညီညီလွင်က အမြဲချုပ်ချယ်တတ်သလား..."

Commercial use of this book will be at your OWN RISK!
www.myanmarstupid.net

"ဟင့်အင်း..."

နှောင်းမျက်နှာမှာ နည်းနည်းကလေး ရှုံ့မဲ့သွား၏။ အဖျားချွန်ချွန် ကော့ကော့ နှာခေါင်းကလေး ရှုံ့မဲ့သွားပုံက လှပပါသည်။

"ချုပ်ချယ်လို့လဲ ဘယ်ရမလဲ ဆရာရဲ့၊ သူက နှောင်းအစ်ကိုမှ မဟုတ်တာ၊ နှောင်း ရည်းစားလဲ မဟုတ်ဘူးလေ... သူငယ်ချင်းပဲဥစ္စာ၊ သူ့မှာ ချုပ်ချယ်ခွင့် မရှိပါဘူး"

သူ နှောင်းမျက်နှာထားကို အလွတ်မပေးဘဲ စောင့်ကြည့်နေသည်။ နှောင်းသည် ကလေးဆန်ဆန် ပြောနေခြင်း ဖြစ်သော်လည်း သူမမျက်နှာထားကတော့ ခပ်တည်တည်ကလေးပဲ ဖြစ်သည်။ သူ့မျက်လုံးများကို စိုက်ကြည့်ခြင်း မရှိ။ သို့သော် သူ့မျက်နှာကို ဣန္ဒြေရရ လှမ်းကြည့်နေတာတော့ အမှန်ပဲ။

တစ်ယောက်ကချုပ်ချယ်ခွင့်မရှိဘဲ ချုပ်ချယ်၊ တစ်ယောက်က ချုပ်ချယ်တာကို အရွဲ့တိုက်ပြီး ပြုလုပ်။ အင်း... ကလေးအရွယ်တွေကတော့ အလွန်ရင်ခုန်ဖွယ်ရာ ကောင်းလှသည်။ နှောင်းမှာ အရွဲ့တိုက်ရမည့် ယောကျ်ားကလေးတစ်ဦး ရှိနေခြင်းအတွက် နှောင်းကို ကုသသည့် ဆရာဝန်တစ်ယောက် အနေနှင့် သူ ဝမ်းသာရမည်လား၊ စိုးရိမ်ရမည်လား သူ့ကိုယ်သူ မသေချာဘဲ ဖြစ်နေသည်။

"အရင်တစ်ပတ်က သူ နှောင်းအိမ်ကို ရောက်လာတယ်လေ၊ နှောင်း ဘရစ်တစ်ရှ်ကောင်စီလ်မှာ ကလပ်စ်ပျက်တာ များလို့တဲ့၊ စိတ်ပူလို့တဲ့၊ ဒါနဲ့နှောင်းက ဆရာ့ဆီကို အင်္ဂါနေ့ညနေတိုင်း လာပြနေတာ ပြောပြလိုက်တယ်လေ၊ ဒီတော့ သူက ဘယ်နှနာရီမှာ ပြရတာလဲတဲ့"

ထို့နောက် နှောင်း ခစ်ခနဲ ရယ်လိုက်သည်။ ကလေးတစ်ယောက် မလုံမလဲ ရယ်ဟန်မျိုး။

"ဒါနဲ့ ငါးနာရီဆိုတော့ သူက ကျူ(စ်)ဒေး တက်ဖြစ်အောင်တက်... ကလပ်စ်ပြီးရင် သူလိုက်ပို့မယ်တဲ့၊ ဒါနဲ့ ဒီနေ့ ကလပ်စ် သွားတက်တယ်လေ၊ အခု အပြန်မှာ ဆရာ့ဆီ လာတာပဲ၊ မေမေ့ကို ဘာလို့မခေါ်တာလဲလို့ သူက မေးနေသေးတယ်ဆရာ၊ မေမေ မအားဘူး၊ နောက်ပြီး မေမေပါလဲ သူနာပြုဆရာမကြီးနဲ့အတူ မှန်တံခါးနောက်မှာ စောင့်ကျန်ခဲ့တာပဲလို့ နှောင်းပြောတော့ သူ မကြည်ဘူး၊ သိလား...ဆရာ"

သူ နားလည်စွာ ပြုံးလိုက်ပါသည်။

စိတ်ကုထုံးဖြင့် ကုသရာတွင် အများအားဖြင့် လူနာစောင့်များ ပါလေ့ရှိသော်လည်း မလိုအပ်သော လူနာစောင့်များကို မှန်တံခါးအပြင်မှာ နေစေရန် ပို၍သင့်တော်သည်ဟု သူထင်သည်။ သူ့ဆေးခန်းတွင် အများအားဖြင့် လူနာကို ဆေးမထိုးရတတ်ပါ။ ထို့ကြောင့် စမ်းသပ်ခုတင် သေးသေးကလေးနှင့် ဆေးဗီရို၊ ဆေးစားပွဲသေးသေးကလေးများကို စကားပြောခန်း၏ နောက်ဘက်ခန်းဆီးနောက်တွင် ထားပါသည်။

သူ့စကားပြောခန်းသည် ဆက်တီတစ်စုံ ပူးကပ်ချထားရုံသာ ကျယ်ပြီး အခန်းအပြင်ဘက်က ဆရာမကြီးနှင့် မှန်နံရံဖြင့် ခြားထားပါသည်။ သူ့စားပွဲပေါ်မှာ တယ်လီဖုန်းတစ်ခု ရှိပြီး ဆရာမကြီး၏ စားပွဲမှာ တယ်လီဖုန်းရှိသည်။ မှန်တံခါးကို အတွင်းမှ သော့နှိပ်မထားသောကြောင့် သူလိုက်အပ်၍ ခေါ်လိုက်လျှင် ဆရာမက အခန်းထဲ ချက်ချင်း ရောက်လာနိုင်အောင် သူ စီစဉ်ထားပါသည်။

လူနာသည် သူပြောချင်သည့်စကားများကို အနှောင့်အယှက် မရှိ၊ အကြောက် အလန့်မရှိ သူ့အား ပွင့်လင်းစွာ တောက်လျှောက်ပြောသွားနိုင်ပါသည်။ တစ်ခါတစ်ရံ စားပွဲအောက်မှာ အသံဖမ်းကက်ဆက် သေးသေးကလေး ချထားတတ်သော်လည်း အများအားဖြင့် လူနာနှင့် တွေ့ဆုံမေးမြန်းခြင်းတွင် လူနာပြောစကားများကို လက်ရေးဖြင့် လိုက်ရေးသည်က များပါသည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"နောင်းကို ဆရာဝန် ဆေးကုတာ သူ ကြည့်လို့ရသလား... တဲ့၊ ရတာပေါ့လို့၊ မှန်တံခါးနောက်ကနေ ကြည့်ပေါ့လို့ ပြောလို့ သူ လိုက်လာတာ ဆရာ"

နောင်းက သူ့ကို ပြုံးပြုံးကလေးပြောရင်း နောက်ဘက်သို့ ချာခနဲ လှည့်ကြည့်လိုက်၏။ သူနှင့် မျက်နှာချင်းဆိုင်ဖြစ်နေသော မှန်တံခါး ရှိရာသို့ နောင်းနှင့်အတူတူ သူ လှမ်းကြည့်လိုက်သည်။

ရှည်သွယ်ဖြူနွဲ့သော ကောင်ကလေးတစ်ယောက်။ ဆရာမစားပွဲဘေးတွင် မတ်မတ်ရပ်လျက် သိသိသာသာပင် သည်ဘက်သို့ မျက်နှာချင်းဆိုင် လှမ်းကြည့်နေသည်။ ဆံပင်က ယခုခေတ်ကောင်လေးများ ထားလေ့ရှိသော ရှေ့ဆံပင်ရှည် နောက်ဆံပင်တိုကပ်ကပ်ပုံစံမျိုး။ နုနယ်ချောမောသော ကောင်ကလေးသည် သိမ်မွေ့ဟန်ရှိသော်လည်း သူ့ကို လှမ်းကြည့်နေသော မျက်ဝန်းများက မည်းနက်တောက်ပလှသည်။ ပါးလှစ်ကျယ်ပြန့်သော နှုတ်ခမ်းကို စေ့ထားပုံက သူ့ပြိုင်ဘက်တစ်ယောက်ကို လှမ်းကြည့်နေသလိုမျိုး။

နောင်းက ဘာအမူအရာ လုပ်ပြလိုက်သည်မသိ၊ ထိုလူငယ်ကလေးက ပခုံးတွန့်၍ ပြုံးလိုက်တာ မြင်ရသည်။ သူ့အပြုံးက နောင်းအတွက် သက်သက်သာ ဖြစ်၏။ နောင်း တစ်ဦးတည်းအတွက်သာ နွေးထွေးသော မျက်နှာဖြစ်သည်။ သူ အနည်းငယ် အောင့်သက်သက်ဖြင့် ပြုံးရယ်မိသွားသည်။

ကိုယ်သာ မင်းအသက်အရွယ်က အိမ်ထောင်ကျခဲ့ရင်၊ သမီးကလေး တစ်ယောက်လည်း ရခဲ့မယ်ဆိုရင် သမီးက နောင်းနဲ့ရွယ်တူ ဖြစ်နေမှာပါကွာ။

"သောကြာနေ့မှာ အလုပ်ရ မရ သိရမယ်လို့ အရင်တစ်ပတ်က နောင်းပြောသွားတယ်နော်၊ အခု ဘယ်နှယ့်လဲ... အိုကေလား"

နောင်း၏မျက်နှာတွင် ဆောင့်ကြွားကြွားဟန်ကလေး ပေါ်လာသည်။

"အိုကေတာပေါ့ဆရာ... နောင်း အလုပ်ရတယ်၊ ရှေ့လဆန်းက စပြီး အလုပ်ဝင်ရမယ်"

"ဂုဏ်ယူပါတယ် နောင်း... နောင်း အလုပ်ရတဲ့အတွက် ဆရာ နောင်းကို ဆုချမယ်"

"ဘာဆုလဲဟင်"

နောင်း၏ဟန်က တကယ်ကို စိတ်ဝင်စားမှုအပြည့်။

"နောက်တစ်ပတ်မှာ ရတော့ နောင်းသိမှာပေါ့"

နောင်းက ကျေနပ်စွာ ပြုံးလေသည်။

"ဆရာပေးတဲ့ဆေးတွေ စားရသေးလား"

"ဟင့်အင်း၊ မစားရဘူးဆရာ"

ဝမ်းသာပါသည်။

"နောင်းအရင်က ခဏခဏဖြစ်တဲ့ ဝေဒနာမျိုးကော ဖြစ်သေးလား၊ ရင်ထဲမှာ တင်းတင်းကျပ်ကျပ်ကြီး ဖြစ်နေတတ်တာ၊ နံ့ခွေပြီး မလှုပ်မရှားချင် ဖြစ်နေတာ..."

"ဟင့်အင်း၊ မဖြစ်တော့ပါဘူး ဆရာ"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

“ကောင်းတယ်”

သူ နှောင်းကို ကုသော စိတ်ကုထုံးများတွင် ကြွက်သားဖြေလျော့စေရန် မက်ဒီတေးရှင်းနည်းနှင့် ဆင်တူသော ဂျက်ကော့ဆင်၏ နည်းကို ညွှန်ကြား ခဲ့ပါသည်။ သမထနည်းကို အသုံးပြုခိုင်းလျှင် နှောင်း၏ မသိစိတ်က မုန်းတီးနေသော သဘော်ာစီးခရီးသည် အမျိုးသမီး၏ ဝိပဿနာ ညွှန်ကြားချက်နှင့် ဆင်တူနေမှာ စိုးသည်။

နှောင်းတွင် စိုးရိမ်လွန်စိတ်(ဗညထငနအပ) ရှိနေတတ်သော်လည်း အမြဲစိုးရိမ်လွန်ခြင်း မဟုတ်သောကြောင့် အစိုးရိမ်လွန်ခြင်း၏ ရောဂါလက္ခဏာ အတော်များများကို မတွေ့ရပါ။ ကြွက်သားတင်းလွန်းခြင်း၊ အသက်ရှူမမှန်ခြင်း၊ ခြေလက်တုန်ခြင်း စသည့်လက္ခဏာများကို မတွေ့ရပါ။ နှောင်း၏ ရောဂါက အလွန်နုနယ်သေးသောကြောင့် စိတ်ကုဆရာဝန်တစ်ဦး အနေဖြင့် ကုသပျောက်ကင်းခြင်း၏ အကျိုးအာနိသင်ကို ကျေနပ်စွာ ခံစားရပါလိမ့်မည်။

“ည ဘယ်အချိန်လောက် အိပ်ပျော်သလဲ”

“ည ဆယ်နာရီကျော်ကျော်လောက် ဖြစ်မယ်နဲ့တူတယ် ဆရာ၊ နှောင်း စာကျက်ရင်းနဲ့ စာအုပ်ဘေးမှာချပြီး အိပ်ပျော်သွားတယ်၊ အိပ်ရာက တစ်ရေးနိုးလာတော့ မနက်မိုးလင်းနေပြီ၊ အဲဒီအချိန်ကျမှ ကျောအောက်က ခုတုတုနဲ့ ဘာပါလိမ့်လို့ ကြည့်မိတော့ ဗလာစာအုပ်တစ်အုပ်”

ထို့နောက် နှောင်းက သူ့စကားသူ သဘောကျစွာ အသံထွက် ရယ်မောလေသည်။ နှောင်း၏ အခြေအနေ တိုးတက်မှုများအတွက် သူ အလွန်ဝမ်းသာပါသည်။

နောက်တစ်ပတ်တွင် နှောင်းအတွက် ဆုကို သူပေးအပ်သည်။

နှောင်းကို သူ ပေးသောဆုမှာ ရင်ခုန်စရာပစ္စည်းလည်း မဟုတ်၊ အနုပညာ ပစ္စည်းလည်း မဟုတ်၊ ပက်ကင်ထုပ် ပန်းစက္ကူတွေနှင့်လည်း လှပစွာ ပတ်ထားခြင်း မဟုတ်။

ပြင်သစ်–အင်္ဂလိပ် အဘိဓာန်စာအုပ်တစ်အုပ်၊ ပြင်သစ်ဘာသာ၏ ကြိယာ ပုံစံအမျိုးမျိုး ပါဝင်သော **French Verbs Conjucation** စာအုပ်တစ်အုပ်၊ စန်တက်ဇူပေရီ၏ ‘မင်းသားလေး’ဟု အမည်ပေးထားသော ပြင်သစ်ဘာသာ ဝတ္ထုစာအုပ်၊ ထိုဝတ္ထုကိုပင် အင်္ဂလိပ်ဘာသာဖြင့် တစ်အုပ်၊ ဂျာမန်ဘာသာပြန် တစ်အုပ်။

စာအုပ်များကို သည်အတိုင်း နှောင်းရှေ့မှာ ချ၍ပေးတော့ နှောင်း ပျော်ရွှင်စွာ ကျေးဇူးတင်ခဲ့သည်။ စာအုပ်တစ်အုပ်ချင်း ကောက်ယူ လှည့်ပတ်ကြည့်ရင်း ပျော်ရွှင်စွာ ခုန်ပေါက်မတတ် ဝမ်းသာနေသော ကလေးမကို သူကျေနပ်နှစ်သက်စွာ ငေးမောကြည့်နေမိခဲ့သည်။

ထို့နောက် နှောင်းက စာအုပ်အတွင်း စာမျက်နှာများကို လှန်ကြည့်ပြီး မသိမသာ နှုတ်ခမ်းစူသွား၏။

“ဟင်... ဆရာကလဲ ဒယ်ဒီကေးရှင်းလဲ မပါဘူး၊ ဘာလို့မရေးပေးတာလဲ ဆရာ...”

သူ ပြုံး၍ နှစ်သိမ့်ဖို့ ကြိုးစားသည်။

“ဒါက ဆုလေ နှောင်းရဲ့၊ လက်ဆောင်ပစ္စည်း မဟုတ်ဘူး၊ နှောင်း တော်လို့ ဂုဏ်ပြုတဲ့ဆု”

“အို... ဘာပဲဖြစ်ဖြစ် ဆရာတစ်ခုခု ရေးပေးရမယ်၊ ရေးပါနော် ဆရာ... အိမ်ရောက်ရင် မေမေ့ကို ကြွားရမယ်လေ”

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

သူ ခေါင်းတစ်ချက် ညိတ်ကာ ဖောင်တိန်ကို ထုတ်လျက် ရေးပေးလိုက်ပါသည်။

'နှောင်းခင်ဇော်သို့....
အောင်မြင်ပါစေ'

မြန်မာလက်ရေးသော့သော့များ အောက်တွင်တော့ အောင်စည်ဟူသော အင်္ဂလိပ်ဘာသာ လက်မှတ်ကြီးကြီး ရေးထိုးပေးလိုက်သည်။ နှောင်းက ကျေနပ်နှစ်သက်စွာ 'ကျေးဇူး' ဟု မပွင့်တပွင့် ပြောခဲ့လေသည်။

"ဆရာ ဖတ်တဲ့စာအုပ်တွေတော့ မဟုတ်နိုင်ဘူး၊ စာအုပ်တွေက အသစ်စက်စက်တွေ..." ဟု စပ်စုသေး၏။

သူ သဘောကျစွာ ရယ်လိုက်သည်။

"တယ်တော်တဲ့ စုံထောက်ကြီးပါလား နှောင်းရဲ့၊ ဟုတ်ပါ့ဗျာ... ဆရာ ဖတ်တဲ့စာအုပ်တွေ မဟုတ်ပါဘူး၊ ဆရာက ပြင်သစ်ဘာသာလဲ တစ်လုံးမှ မတတ်ပါဘူး၊ သူငယ်ချင်းတစ်ယောက်က အကြံပေးတဲ့ စာအုပ်တွေပါ"

"နှောင်းအတွက် သက်သက်ဝယ်ထားတာလားဟင်"

"ဆိုပါတော့၊ နှောင်း တော်တာတွေအတွက် ဆုပေးဖို့"

တကယ်တော့ နှောင်းအတွက် သူတခြားနိုင်ငံတစ်ခုက မှာပေးခြင်း ဖြစ်ပါသည်။ သို့သော် နှောင်းကို ဤမျှအသိပေးရန် မသင့်တော်ဘူးဟု သူထင်သည်။ လူနာမိန်းကလေးက သူ့အပေါ် လိုအပ်သည်ထက်ပို၍ စိတ်ဝင်စားမှာ၊ ကျေးဇူးတင်မှာကို မလိုလားပါ။

"တခြားလူနာတွေ တော်ရင်ကော ဆရာ ဆုပေးဖူးလားဟင်"

သူပါးနပ်လိမ္မာလွန်းသော ကလေးမကို သဘောကျစွာ ပြုံးကြည့်လိုက်၏။

"ပေးတာပေါ့ နှောင်း... မနေ့ကပဲ အသက်ဆယ့်နှစ်နှစ်အရွယ် ချာတိတ်လေး တစ်ယောက်ကို ဆရာဆုပေးလိုက်သေးတယ်၊ သူကလဲ နှောင်းလိုပဲ လေယာဉ်မောင်းဖို့ ဝါသနာပါတယ်တဲ့၊ သူ့ကိုတော့ စာအုပ်ပေးလို့ ဘယ်ဖြစ်မလဲ၊ သံပတ်ပေးရတဲ့ လေယာဉ်ကစားစရာလေး ပေးလိုက်တယ်"

မှတ်ဉာဏ်ချွတ်ယွင်းသော ရောဂါသည်ကလေးလေးကို ယခုပင် သူ ပြန်၍ သတိရနေသည်။ သူ့ကိုစစ်ဆေးသော စမ်းသပ်ချက်များ ခဏခဏ ကျသော်လည်း နောက်ဆုံးတစ်ကြိမ်မှာ သူအောင်မြင်သွား၏။ ၁၀၀ ထဲမှ ၇ ကိုတစ်ဆင့်ချင်း နုတ်သွားသော စစ်ဆေးချက်ကို သတ်မှတ်ထားသော အချိန်အတွင်း သူ အောင်မြင်စွာ ဖြေနိုင်သွားပါသည်။

"နှောင်းက ဖရဲင့်ချ်ကို ပထမနှစ်ပဲ အောင်သေးတာ ဆရာ၊ ဒီနှစ် ဆက်မတက်တော့ စာတွေ မေ့နေတယ်၊ နောက်နှစ်မှာ ပြန်တက်မှာပါ"

နှောင်း၏တက်ကြွသော စကားသံကို နားထောင်ရင်း သူပြုံး၍ ခေါင်းညိတ်လိုက်၏။

ဖဖဖဖ

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

# အခန်း(၁၀)

နှောင်းသည် တဖြည်းဖြည်း ပိုပိုလှလာသည်။

နှောင်းပိုပိုလှလာသောအခါ သူ နှောင်းအတွက် ပျော်ရွှင်ကျေနပ်ရသလို စိုးရိမ်စိတ်လည်း နည်းနည်းဝင်မိသည်။ နှောင်း ဘာကြောင့် ဒီလောက်လှ နေရသလဲ။ ရုံးကအပြန် သူ့ဆီ ချက်ချင်းလာရသည် ဖြစ်ရာ တစ်နေ့ခင်းလုံး ပင်ပန်းနွမ်းနယ်မှုဖြင့် နှောင်းမျက်နှာတွင် ခြယ်သထားသော မိတ်ကပ်၊ နှုတ်ခမ်း ဆိုးဆေး ပျက်ပြယ်နေဖို့ ကောင်းသည်။ သို့သော် နှောင်း မျက်နှာသည် ယခုလေးတင် ရေချိုးသနပ်ခါးလိမ်းပြီး ထလာသလို ဝင်းမွတ်ချောမွေ့နေလေသည်။

မိန်းကလေးတိုင်း ရုံးဆင်းချိန်တွင် နောက်တစ်ကြိမ် အလှပြင်ကြကြောင်း သူကြားဖူးထားသော်လည်း နှောင်း၏အလှပြင်မှု ပုံမှန်ဟုတ်ပါ့မလား၊ စိတ်ကျစိတ်ကြွ စိတ္တဇရောဂါ (**Manic Depressive Psychosis**) ဖြစ်ချင်လို့များလား... စသည်ဖြင့် သူ စိုးရိမ်ပူပန်နေခဲ့၏။

စကားပြော ယခင်ကထက် ပိုသွက်လာသလား။ ပုံမှန်အတိုင်းပဲ ဖြစ်သည်။ နှောင်း၏ အတွေးအလျှင်များကို သူ သတိထားဆက်စပ်ကြည့်သည်။ လုံးဝ မချွတ်ယွင်းပါ။

အကြောင်းအရာတစ်ခုမှ တစ်ခုသို့ သက်ဆိုင်မှု မရှိဘဲ ခုန်ကူးခြင်းမျိုး မတွေ့ရပါ။ နဂိုရှိသည့် အရည်အချင်းထက် ပိုပိုသာသာ ကိုယ့်ကိုယ်ကို အထင်ကြီးမှု ရှိလာသလား... သူသတိထား၍ မေးခွန်းများ မေးကြည့်သည်။ မရှိပါ။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"စာရင်းကိုင်အလုပ်ကို နှောင်းကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်မယ် ထင်သလား"...ဟု သူမေးတော့ နှောင်းက ဇဝေဇဝါ စဉ်းစားပြီးမှ မချိုပြုံးကလေး ပြုံးပြသည်။

"ဟင့်အင်း... အဲဒါတော့ မဖြစ်နိုင်ဘူး ထင်တယ် ဆရာ၊ သူတို့ စာရင်းကိုင် တစ်ယောက် ခဏခေါ်ပြီး စစ်ခိုင်းဖို့ နှောင်း အကြံပေးထားပါတယ်"

ဒါပုံမှန်ပဲ။ သူ ကျိတ်၍ ကောက်ချက်ချသည်။

"နှောင်း အရင်ကထက် ပိုပြီး ပျော်နေသလား၊ စိတ်ထဲမှာ အမြဲကျေနပ် အားရနေသလား" ဟု သူ မသိမသာ မေးကြည့်တော့လည်း နှောင်းက ခေါင်းခါယမ်းပါသည်။

"ဟင့်အင်း... မပျော်ပါဘူး၊ ဒါပေမဲ့ အရင်လောက်တော့ စိတ်မညစ်တော့ဘူး ဆရာ၊ နှောင်းမှာ စိတ်ညစ်ချိန် မရတော့တာနဲ့ တူတယ်၊ ညညဆို အိပ်ပျော်ပျော်သွားလို့ မနည်းအားတင်းပြီး စာဖတ်ရတယ်"

နှောင်းနှင့်သူ တစ်လတွင် နှစ်ကြိမ်သာ တွေ့ဖို့ သူ သတ်မှတ်လိုက်သည်။

"ဒါ... နှောင်း နေကောင်းသွားပြီဆိုတဲ့ အဓိပ္ပာယ်လား ဆရာ"

နှောင်း၏ မျက်နှာကလေးမှာ မျှော်လင့်ချက်ဖြင့် တောက်ပနေသင့်သော်လည်း အနည်းငယ်မှုန်နေခဲ့၏။ သူ ထိုမျက်နှာလေးကို သတိထား အကဲခတ်ရင်း ပြုံး၍ ခေါင်းယမ်းလိုက်သည်။

"နှောင်းဟာ ဘယ်တုန်းကမှ နေမကောင်း မဖြစ်ခဲ့ဖူးဘူးလေ... နှောင်း၊ စိတ်ညစ်တာ စိတ်ဓာတ်ကျတာ စိတ်အားငယ်တာတွေပဲ ရှိခဲ့တာ၊ အခု... နှောင်း အရင်လောက် စိတ်ဓာတ်မကျတော့ဘူးဆိုတာ ဆရာ တွေ့နေရပြီလေ၊ ဒီတော့ ဆရာ့အတွက် ပေးနေရတဲ့ တစ်ပတ်ကို မိနစ်သုံးဆယ်ဆိုတဲ့ အချိန်ဟာ နည်းနည်းများနေတယ်၊ ဒီအချိန်ကို နှောင်းအိမ်မှာ ကောင်းကောင်း အသုံးချလို့ရတယ်၊ ဗီဒီယိုကြည့်မလား၊ ကက်ဆက်နားထောင်မလား၊ စာဖတ်မလား... ကြိုက်တာလုပ်"

နှောင်းက မျက်နှာကလေး မော့လှန်ကာ ရယ်၏။

"အဲဒါတွေ တစ်ခုမှ လုပ်ဖြစ်မှာ မဟုတ်ဘူးဆရာ၊ နှောင်းဘာလုပ်မှာလဲ သိလား"

"မသိဘူး"

"အိပ်ရာပေါ်မှာ လှဲပြီး တွေးနေမှာ ဆရာရဲ့"

သူ ထိတ်ခနဲ စိုးရိမ်သွား၏။

"ဘာအကြောင်း တွေးမှာလဲ နှောင်း..."

"ဆရာ့အကြောင်းလေ"

နှောင်းအဖြေကြောင့် သူနည်းနည်းဖျားသွားသည်။

နှောင်းမျက်နှာကို မသိမသာ အကဲခတ်မိတော့ မပြောသင့်သည့်စကားကို ပြောမိသူတစ်ဦး၏ အိုးတိုးအမ်းတမ်း အမူအရာမျိုး မရှိပါ။ ပကတိ ရိုးသား သန့်စင်သော အပြုံးကလေး...။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

သူ ပင့်သက်ခိုးရှိုက်ကာ စကားလွှဲပစ်ရ၏။

စိတ်ကုထုံးဖြင့် ကုသမှုကို တစ်လနှစ်ကြိမ်မှ တစ်လတစ်ကြိမ်သို့ ပြောင်းရန် နောက်ထပ် ပြင်ဆင်သတ်မှတ်ပေးသောနေ့က နှောင်း သူ့ကို ကြည့်သော အကြည့်ကို သူ မမေ့နိုင်ပါ။

ချစ်ခင်မြတ်နိုးမှုအပြည့်ပါသော အကြည့်။ အားကိုးတွယ်တာမှု အပြည့်ပါသော အကြည့်...။

သည်မျှ လှပနူးညံ့သော မျက်လုံးအကြည့်မျိုး သူတစ်ခါမျှ မကြုံတွေ့ဖူး သောကြောင့် သူ့ရင်ထဲတွင် လှိုက်ခနဲ လှုပ်ရှားတုန်ယင်သွားသည်။

"ဆရာ့အိမ်က ဘယ်မှာလဲဟင်"

သူ့ကိုမေးလိုက်သည့် အသံပျော့ပျော့ကလေးသည် သူ့ရင်ထဲသို့ အရှိန်ပြင်းစွာ ထွင်းဖောက်ဝင်ရောက်သွားသည်။ နှောင်းခင်ဇော်သည် ချစ်စဖွယ် ကလေးတစ်ယောက်လည်း ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကြင်နာမြတ်နိုးဖွယ်ရာ မိန်းမသားတစ်ယောက်လည်း ဖြစ်သည်။

"ဆရာ့အိမ်က သိပ်ဝေးတယ် နှောင်း၊ မြောက်ဥက္ကလာမှာလေ"

သိပ်ဝေးတယ်.. ဟူသော သူ့စကားကို နှောင်း အတိအကျ အဓိပ္ပာယ်ပေါက်သွားဟန် တူ၏။ မျက်နှာကလေး မသိမသာ ညှိုးသွားသည်။ ထိုအခါ သူကပင် ကမန်းကတန်း နှစ်သိမ့်ရပြန်၏။

"ဒါပေမဲ့ နှောင်းပြဿနာတစ်ခုခုရှိရင်၊ အခက်အခဲ တစ်ခုခုရှိရင် ဆရာ့ဆီ အချိန်မရွေး ဖုန်းဆက်လို့ ရတယ်လေ နှောင်း၊ ဆရာ ညကိုးနာရီဆိုရင် အိမ်ပြန်ရောက်ပါတယ်"

သူ့ခွင့်ပေးမှုကို နှောင်း ကောင်းကောင်း အသုံးချခဲ့သည်။

တစ်ည ညသန်းခေါင်နီးပါး အချိန်တွင် တယ်လီဖုန်းမြည်သံကြောင့် သူ လန့်နိုးသွားသည်။ ပထမတော့ အိပ်ချင်မူးတူးရီဝေစွာ အိပ်မက်လိုလို ဘာလိုလို ထင်နေသေး၏။ မေးခနဲ ပြန်အိပ်ပျော်သွားသလို ရှိရာမှ အဆက်မပြတ် မြည်နေသော ဖုန်းသံကြောင့် သူ ကျိန်းစပ်နေသော မျက်လုံးများကို ပွတ်သပ်၍ အိပ်ရာမှ ဖြုန်းဆို ထထိုင်လိုက်သည်။ ဆေးရုံမှာ အရေးပေါ်လူနာရှိလို့များလား။ စိတ်ရောဂါကုဆေးရုံမှာ ညသန်းခေါင် ဆရာဝန်တစ်ယောက်ကို လှမ်းနှိုးရလောက်အောင် ခက်ခဲသော လူနာမျိုး သိပ်မရှိတတ်ပါ။

သို့သော် သူဧည့်ခန်းကို ခြေလှမ်း သုံးလေးလှမ်းဖြင့် အပြေးရောက်သွား၏။

"အမိန့်ရှိပါ... ကျွန်တော် အောင်စည်ပါ"

"ဆရာ..."

တစ်ဖက်မှ တိုးတိတ်သော အသံပျော့ပျော့ကလေးကြောင့် သူ့ချက်ချင်း မျက်လုံးကျယ်သွား၏။ ဤအသံကို သူသိပါသည်။

"နှောင်း..."

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

နှောင်း ဘာဖြစ်ပါလိမ့်။ ဘာပြဿနာများ ပေါ်ပါလိမ့်။ လက်မှမချွတ်ဘဲ ထားမိသော နာရီကိုကြည့်မိတော့ ၁၁နာရီခွဲပြီးနေပြီ။

"နှောင်း ဘာဖြစ်လဲ..."

သူ့အသံ၏ စိုးရိမ်မိတကြီးနိုင်မှုကို သူထိန်းချုပ်လိုက်ဖို့ မေ့သွားသည်။

"နှောင်း ဘာမှမဖြစ်ပါဘူး ဆရာ... နှောင်း သိချင်တာလေးတစ်ခု မေးလို့ ရမလားဟင်"

သူ ထိတ်ခနဲ စိုးရိမ်သွားပြန်၏။ ပန်ခရီယာတိုက်တစ်စ်တ် အကြောင်းကို ချက်ချင်း သတိရသွားသည်။

"ရပါတယ် နှောင်း... မေးလို့ရပါတယ်"

"ညအချိန်မတော်ကြီးမှာ ဖုန်းဆက်လို့ ဆရာ စိတ်မပူပါနဲ့ ဆရာ၊ နှောင်း ဘာမှမဖြစ်ပါဘူး၊ နောက်ပြီး အချိန်အခါကို မတွက်တတ်လောက်အောင်လဲ နှောင်း အူကြောင်ကြောင် ဖြစ်မနေပါဘူး၊ ဆရာ စိတ်မပူပါနဲ့...နော်"

သူ့ကို နှစ်သိမ့်သလို ခပ်ဖွဖွ ပြောနေသော အသံကလေးမှာ တိုးတိတ်လှ၍ သူနားစိုက်ထောင်ရသည်။

"မေမေ အိပ်ပျော်အောင် စောင့်နေတာမို့ ဒီလောက် အချိန်နောက်ကျ သွားတာပါဆရာ"

ဘာအဓိပ္ပာယ်လဲ။

သူအပြင်းအထန် စဉ်းစားသည်။

လွန်ခဲ့သည့် သုံးရက်ကမှ သူ့ဆေးခန်းက ပြန်သွားသော မိန်းကလေးသည် ဘာများ မေးစရာ ကျန်နေခဲ့ပါလိမ့်။ ထိုမေးခွန်းသည် သူမ၏မိခင်အား မကြားစေချင်သော မေးခွန်းလည်း ဖြစ်သည်။ သူ နည်းနည်း ဦးနှောက် ခြောက်သွား၏။

"ဆရာ နားထောင်နေပါတယ်နော်"

"နားထောင်နေတယ် နှောင်း... ပြောပါ၊ ဘာမေးချင်သလဲ"

တစ်ဖက်မှ အသံတော်တော်နှင့် ထွက်မလာ။ စက္ကန့်အနည်းငယ် ကြာသွား၏။

ထို့နောက် တိုးတိတ်သော အသံပျော့ပျော့ကလေး...။

"ဆရာဟာ မုဆိုးဖိုတစ်ယောက်လားဟင်"

ဘုရားရေ...။ သူ ခဏ ဆွံ့အသွား၏။

နှောင်းမေးသော မေးခွန်း၏ နောက်ကွယ်က အဓိပ္ပာယ်ပေါင်းများစွာကို သူတစ်ခဏအတွင်း နားလည်သွားသည်။ ထိုအချိန်မှာပင် သူ့ရင်ထဲမှာ ဆို့နင့်မှုတစ်ခုကို ခံစားလိုက်ရသည်။

ဖြစ်မှဖြစ်ရလေ နှောင်းရယ်...။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

ဤမေးခွန်းကို သူ့ကိုမေးရန် နှောင်း ဘယ်နှစ်ရက် ဘယ်နှစ်လ ကြိုးစား အားတင်းခဲ့ပါသနည်း။ သူ့ကို ဤမေးခွန်းမေးရန် နှောင်းသည် မိန်းကလေး တစ်ယောက်၏ ဖြစ်တည်မှုကို ဘယ်လိုလျစ်လျူရှုခဲ့ပါသနည်း။ မျက်နှာချင်းဆိုင် မေးဖို့ ရှက်ရွံ့စွာ တယ်လီဖုန်းဖြင့် မေးရသော နှောင်းကို သူကြင်နာစွာ နားလည်ပါသည်။ နှောင်း၏ ပါးပြင်နှစ်ဖက်မှာ ပန်းရောင်ရင့်ရင့် နီမြန်းနေပေလိမ့်မည်။

"ဆရာ..."

သူ ဒီထက်ပိုကြာကြာ ငိုင်နေဖို့ မကောင်းတော့ပါ။

"ဆရာ မုဆိုးဖို မဟုတ်ဘူး နှောင်းရဲ့"

တတ်နိုင်သမျှ လေသံကို ခပ်သွက်သွက်ဖြစ်အောင် ဖန်တီးယူလိုက်ရသည်။

"ဆရာ့မှာ ဇနီးရှိတယ်လေ"

ဇနီးနဲ့ ကွဲနေကြောင်း သူမပြောဘဲ ထားရန် ဆုံးဖြတ်လိုက်၏။ ဘာဖြစ်လို့ မေးတာလဲ နှောင်းဟု သူ မေးသင့်ပါ့မလား။ နှောင်း ပြန်ဖြေမည်ဟုရော ထင်ပါသလား။ ပြန်ဖြေမည်ဆိုလျှင်ကော... ထိုအဖြေကို သူကြားရက်ပါသလား။ သူ ခဏ တွေနေစဉ် တစ်ဖက်ကလည်း ငြိမ်သက်နေသည်။

"နှောင်း..."

နှောင်း ပြန်မထူးပါ။

သူ စိတ်ပူလာသည်။ မိန်းကလေး စိတ်ထိခိုက်သွားလေသလား။ မျက်ရည်ဝေ့လည်ကာ အံတင်းတင်းကြိတ်ထားမည့် နုနယ်သော မျက်နှာကလေးကို မြင်ယောင်လာသည်။ မငိုနဲ့ နှောင်း... ကျေးဇူးပြုပြီး မငိုလိုက်ပါနဲ့ နှောင်းရယ်...။

"နှောင်း..."

တစ်ဖက်မှ ရယ်သံတိုးတိုးကလေး ထွက်လာသည်။

"ဒါပါပဲ ဆရာ... နှောင်းသိချင်တာကလဲ ဒါပါပဲ"

"နှောင်း..."

သို့သော် တစ်ဖက်က လျင်မြန်စွာ ဖုန်းချသွား၏။

ဘုရား...ဘုရား။

ဘယ်လက်၏လက်မ၊ လက်ညှိုးတို့ဖြင့် သူ့နားထင်ကို ဖိညှပ်ထားလျက်က ညာဘက်က တယ်လီဖုန်းကို တင်းတင်းကျပ်ကျပ် ဆက်ကိုင်ထားမိသေးသည်။ ခဏကြာတော့မှ မျှော်လင့်ချက် ကင်းမဲ့စွာ ဖုန်းခွက်ကို ပြန်ချလိုက်၏။

လက်နှစ်ဖက်ဖြင့် ဆံပင်ကို ထိုးဖွပစ်လိုက်မိသည်။ ထို့နောက် အခန်းပတ်ဝန်းကျင်ကို မမြင်ဖူးသလို လှည့်ပတ်ကြည့်လိုက်သည်။ နေရတာ မွန်းကျပ်လာသလို ခံစားရသည်။ သူ့ဝရန်တာတံခါးကို ခပ်ကြမ်းကြမ်း

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

ဆွဲဖွင့်ပစ်လိုက်ပြီး ဝရန်တာသို့ ထွက်ရပ်လိုက်သည်။ အေးမြသောလေက သူ့မျက်နှာကို အရှိန်ပြင်းပြင်း ဖြတ်တိုက်လာ၏။ သူရှေ့ဆိုးသွားကာ ဝရန်တာ လက်ရန်းပေါ် လက်ထောက် အားပြုလိုက်သည်။

ဟိုတစ်ဖက်မှာ သစ်ရိပ်သစ်ခက်များကြားမှ ညမီးရောင် တစ်စွန်းတစ်စသည် တိတ်ဆိတ်စွာ ဖြာထွက်နေ၏။ ပတ်ဝန်းကျင်သည် ငြိမ်သက်လွန်းသည်။ သူ့ရင်ထဲမှာတော့ လှုပ်ခတ်လျက်ရှိသည်။

သူ့ဘဝတွင် မိန်းကလေးတစ်ယောက်အပေါ် သနားစိတ်ဖြင့် စိတ်မကောင်း ဖြစ်ရခြင်းမျိုးမှာ အထူးအဆန်း မဟုတ်ပါ။ ကုသပျောက်ကင်းရန် မျှော်လင့်ချက်နည်းသော လူနာမိန်းကလေးများ၊ စိတ်ဝေဒနာဒဏ်ကို မမျှတအောင် ခံစားရသော မိန်းကလေးများ များစွာတွေ့ကြုံဖူးပါသည်။

သို့သော် ဤတစ်ကြိမ် သူ၏စိတ်ခံစားမှုက ခါတိုင်းဖြစ်ပေါ်နေကျ စိတ်ခံစားမှုမျိုးနှင့် မတူပါ။ သူ့ရင်သည် စူးစူးအောင့်အောင့် ကြေကွဲစွာ နာကျင်နေရသည်။ တစ်ချိန်တည်းမှာပင် သနားကြင်နာမှုဖြင့် နှစ်သိမ့်ပေးဖို့ သူ ပထမဆုံးအကြိမ် တွန့်ဆုတ်စွာ ဝေခွဲမရ ဖြစ်နေရသည်။ သူ ဘာဆက်လုပ်ရမည်နည်း။

လူနာမိန်းကလေးတစ်ယောက်ကို ကာလကြာရှည်စွာ ကုသပေးသောအခါ စိတ်ရောဂါကုဆရာဝန်တစ်ယောက်အပေါ် မိန်းကလေးက အားကိုး ယုံကြည်လာခြင်းသည် ဖြစ်လေ့ဖြစ်ထရှိသော စိတ်ခံစားမှုပင် ဖြစ်ပါသည်။ အားကိုးယုံကြည်ရာမှ လွန်ကဲစွာ တွယ်တာနှောင်ဖွဲ့လာခြင်းသည်လည်း ဖြစ်လေ့ဖြစ်ထရှိသော အဖြစ်အပျက်သာ ဖြစ်သည်။ ထိုနှောင်ဖွဲ့မှုများကို သူ ပါးနပ်လျှင်မြန်စွာ ရှောင်တိမ်းနိုင်ခဲ့ပါသည်။ သို့သော် ဤတစ်ကြိမ်တွင်တော့ သူ့ရင်ထဲမှာ ပြည့်ကျပ်ဆို့နင့်နေသည်။ နှောင်း၏ နှောင်ဖွဲ့မှုမှာ စိတ်မမှန်သူ ဝေဒနာသည်တစ်ဦး၏ နှောင်ဖွဲ့မှုမျိုး မဟုတ်ပါ။

လူနာတစ်ယောက်က အားကိုးတွယ်တာခြင်းမှာ သူတို့ စိတ်ရောဂါကု ဆရာဝန်များအတွက် အောင်မြင်မှုတစ်ခုဖြစ်သည်ကို သူလက်ခံထားပါသည်။ သို့သော် တွယ်တာမှု လွန်ကဲလာလျှင်တော့ ကုထုံးကို အနှောင့်အယှက် ပေးနိုင်ရာသည်။ မည်သို့ဆိုစေ နှောင်းခင်ဇော်သည် လုံးဝကုသဖို့ မလိုတော့အောင် ပျောက်ကင်းလုနီးပါး ဖြစ်နေပြီ။ သူ ကုသမှုကို ရပ်လိုက်ရမည်လား။ သည်လိုတော့ မဖြစ်သေးပါ။ တစ်လတစ်ကြိမ် နှောင်း၏အခြေအနေများကို စောင့်ကြည့်ရန် လိုပါသေးသည်။ ဒါဖြင့်... သူ့လုပ်ဖော်ကိုင်ဖက် အမျိုးသမီး စိတ်ကုဆရာဝန်များနှင့် လွှဲပေးလိုက်ရမည်လား။ ဒါမှမဟုတ် ဆရာမကြီး ဒေါက်တာဒေါ်အုန်းရင်ဆီ ပို့ပေးရကောင်းမလား။ သည်လိုဆိုလျှင် လိမ္မာ ပါးနပ်သော နှောင်းက သူ့ကို နာကြည်းသွားလေမလား။ နှောင်း၏ စိုးရိမ် စိတ်ကျဝေဒနာကို ပိုမိုဆိုးရွားစေမည်လား။ သူကိုယ်တိုင်ပဲ ဆက်လက်ကုသလျှင်ရော... နှောင်း၏သံယောဇဉ်ကို ပို၍မြဲမြံအောင် ရစ်ငင်ဆွဲယူရာ ကျမည်လား။

သူသည် တစ်ခါမျှ မတုန်လှုပ်ဖူးသော ခံစားချက်မျိုးဖြင့် ဆောက်တည်ရာမရ စိတ်ထွေပြားလျက် ရှိလေသည်။

နောက်ရက်များတွင် နှောင်း တယ်လီဖုန်း ဆက်မလားဟု စောင့်ခဲ့သော်လည်း နှောင်းထံမှ လုံးဝအဆက်အသွယ် မရခဲ့ပါ။ နှောင်း၏ ဖုန်းနံပါတ်ကိုလည်း သူမသိ၊ နှောင်း၏ လိပ်စာကိုတော့ နှောင်း၏ ရောဂါမှတ်တမ်း အကျဉ်းချုပ်တွင် ထုံးစံအတိုင်း ရေးဖြည့်ထားသည်။

နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ သူဆေးရုံတွင် ရှိနေပြီး ညနေ ၅ နာရီမှ ညစနာရီခွဲအထိ မြို့ထဲဆေးခန်းတွင် သူရှိနေရသောကြောင့် နှောင်း၏မိခင်ဆီ သွားတွေ့ရန်လည်း မဖြစ်နိုင်။ နောက်ပြီး နှောင်းက မိခင်ကို မသိစေချင်သောအကြောင်းမျိုး သူဆွေးနွေးဖို့လည်း မဖြစ်နိုင်။

Commercial use of this book will be at your own risk! www.myanmarcupid.net

"ဒေါ်ခင်ရီခင်ဗျာ... အစ်မကြီးရဲ့သမီးနဲ့ ပတ်သက်ပြီး ကျွန်တော် နည်းနည်းလောက် သတိပေးချင်ပါတယ်"

မဖြစ်နိုင်ပါ။ ဘယ်နည်းနဲ့မျှ မဖြစ်နိုင်ပါ။

နှောင်း...။

အခုအချိန်မှာ မိန်းကလေး ဘာလုပ်နေမှာပါလိမ့်။ ရုံးမှာ ရောက်နေမလား။ အလုပ်ထဲမှာ အာရုံစူးစိုက်၍ ရပါ့မလား။ ရုံးမှာ ဘောင်ဒရီလမ်း၌ ရှိကြောင်း နှောင်း၏ရောဂါကုထုံး မှတ်စုများတွင် ရှာတွေ့သည်။ သို့သော် နံပါတ်မသိ။ သိလျှင်လည်း သူ ဘာမျှ တတ်နိုင်လိမ့်မည် မဟုတ်ပါ။

နောက်ဆုံးတော့ မိန်းကလေး ငယ်ငယ်ကလေးများ၏ စိတ်ကစားမှုကြောင့် သူသိပ်စိတ်ဆင်းရဲဖို့ မလိုကြောင်း ဆင်ခြင်မိသွား၏။ ဤအရွယ် မိန်းကလေးများသည် စိတ်ဝင်စားမှုတစ်ခုမှ တစ်ခုသို့ လွယ်ကူစွာ ကူးပြောင်းနိုင်ကြပါလိမ့်မည်။ နှောင်းသည် သူကြိုက်နှစ်သက်သော ရုပ်ရှင်များ၊ ဂီတနှင့် စာအုပ်များ၌ နစ်ဝင်ပျော်ရွှင်ဖို့ သိပ်ခက်ခဲမည် မဟုတ်ပါ။ နှောင်းသည် ပုံမှန်အတိုင်း အလုပ်နှင့်အိမ်အကြား လှုပ်ရှားသက်ဝင်နေပေလိမ့်မည်။ တစ်လပြည့်သည့် အင်္ဂါနေ့မှာတော့ သူမ၏ စိတ်ကုဆရာဝန်ဆီ ပုံမှန်အားကိုးမှုမျိုးဖြင့် ပြန်လည်ပြသလာပေလိမ့်မည်။

သို့သော် သူ့ထင်မြင်ချက်များ မှားသွားသည်။

တစ်လပြည့်သည့် အင်္ဂါနေ့ညနေတွင် နှောင်း ရောက်မလာခဲ့ပါ။

ညစနာရီခွဲပြီး လူရှင်းလင်းချိန်အထိ နှောင်းခင်ဇော် ရောက်မလာခဲ့ပါ။ လူနာ၏ ဒုတိယတစ်ကြိမ် ကုသသည့်ကာလအတွင်း ပထမဦးဆုံး အကြိမ် ပျက်ကွက်မှုပင် ဖြစ်သည်။ သူ စိတ်အနှောင့်အယှက် ဖြစ်နေသည်။ ညအပြန် ကားမောင်းရာတွင်လည်း အဆင်မပြေ။ ကားသော့ဖွင့်တာ၊ ကားတံခါး ဖွင့်တာကအစ လက်တွေချော်နေသလို ထင်ရသည်။ ချော်တွင်းကုန်းလမ်းဆုံ ရောက်တော့လည်း ပါရမီဘက်မှ အရှိန်ဖြင့် ကွေ့လာသော ကားနှင့် ဝင်အောင်းမိမလို ဖြစ်သွားသေး၏။

စိတ်မတိုစဖူး သူစိတ်တိုကာ တက်တစ်ချက် ခေါက်ပစ်လိုက်မိသည်။ ဟိုတစ်ဖက်က လက်ပြ၍ လှမ်းတောင်းပန်သည်ကို သူရိုင်းပျစွာပင် လျစ်လျူရှုခဲ့သည်။ ညစာစားရာတွင်လည်း အဆင်မပြေ။ ပေါင်မုန့်ကြော်တာလည်း တူးခြစ်သွား၏။ မုန်လာဥနီ လှီးတော့ လက်ကို ဓားရှသွားသည်။

နှောင်း ဘာဖြစ်လို့ မလာတာလဲ။

နှောင်း နေရတာ အဆင်ပြေရဲ့လား။ စိတ်တွေ တည်ငြိမ်ပါရဲ့လား။ လာစရာ မလိုလို့ မလာတာလား။ ဒါမှမဟုတ် ဆရာ့ကို နာကြည်းသွားလို့ လာသင့်မှန်း သိလျက်နဲ့ မလာတာလား။ ဒါမှမဟုတ် ငါ့အကြောင်း သိစေရမယ်ဆိုတဲ့ ကလေးစိတ်နဲ့ ဆရာ့ကို စိတ်ကောက်နေရုံပဲလား။

နံနက်လင်း၍ ရေချိုးချိန်တွင် ဖြစ်တောင့်ဖြစ်ခဲ မုတ်ဆိတ်ရိတ်ရင်း ဓားထိသွားသောအခါ သူ မချိပြုံး ပြုံးလိုက်မိလေသည်။

နှောင်း...။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

နှောင်းကို စိတ်ပူစေချင်တဲ့ ရည်ရွယ်ချက်မျိုးနဲ့ ပျက်ကွက်လိုက်တာဆိုရင်တော့ နှောင်း ရည်ရွယ်ချက် အောင်မြင်သွားပါတယ် နှောင်းရယ်။

နံနက် မိုးလင်းလျှင်လည်း နှောင်း၏ ခိုကိုးရာမဲ့သော မျက်နှာညှိုးညှိုးကလေးကို မြင်ယောင်ရင်း အိပ်ရာမှ နိုးလာခဲ့သည်။

ဆေးရုံမှာ လူနာတွေ ကြည့်တော့လည်း နှောင်း၏စကားများ ပဲ့တင်ထပ်နေခဲ့သည်။ ညနေ ဆေးခန်းတွင် နှောင်းပေါ်မလာသောအခါ ရင်ထဲမှာ ကျပ်သိပ်မွန်းနစ်စွာ စိတ်မကောင်းဖြစ်ရသည်။ ညအိပ်ရာဝင်ချိန်မှာတော့ အိပ်ရာပေါ်မှာ ငြိမ်သက်စွာ လဲလျောင်းရင်း စိတ်ထွေပြားခွင့်ရလေသည်။

တနင်္ဂနွေနေ့ကျလျှင်တော့ တစ်ယောက်ယောက်လွှတ်ပြီး မဖြစ်ဖြစ်တဲ့ နည်းနဲ့ နှောင်းရဲ့အိမ်ကို စုံစမ်းခိုင်းရမည်။ ဤဆုံးဖြတ်ချက်ဖြင့် ပူလောင်သော သောကများ နည်းနည်းတည်ငြိမ်သွား၏။

သို့သော် သူကံကောင်းသွားပါသည်။

သောကြာနေ့ ညနေ ၆ နာရီတွင်တော့ မမျှော်လင့်ဘဲ ဆေးခန်းသို့ နှောင်းရောက်လာသည်။

နှောင်း...။

မမြင်တွေ့ရသော တစ်လတာ ကာလအတွင်း နှောင်း သိသိသာသာ ပြောင်းလဲခြင်း မရှိပါ။ ပို၍ လှလာသည်တစ်ခုပဲ ပြောစရာရှိသည်။ ကျစ်ဆံမြီးလည်း ကျစ်မထားပါ။ ဆံပင်များ ပခုံးပေါ်တွင် ပျော့အိစွာ စင်းကျနေသည်။ နှောင်း၏ လက်ထဲတွင် ကိုင်နေကျ ပိုက်ဆံအိတ် ရှည်ရှည်လျားလျားလေးအပြင် အနီရောင်ဖော်မီကာပြားတပ် သော့တွဲကလေးတစ်ချောင်း ပါလာသည်။

နှောင်း ကားပြန်မောင်းနေပြီလား။ သူ တိတ်တခိုး ဝမ်းသာသွားသည်။

"လာ လာ နှောင်း... ဆရာ နှောင်းကို အင်္ဂါနေ့က မျှော်နေခဲ့တာ"

မိမိထံလာသော လူနာကို ကြိုဆိုသော နွေးထွေးလှိုက်လှဲသည့် ဆရာဝန်၏ ပုံမှန်စကားမျိုးဖြင့် သူ နှုတ်ခွန်းဆက်တော့ နှောင်း သူ့ကို မျက်နှာချင်းဆိုင်၍ မကြည့်ပါ။ မျက်လွှာချထားသော နှောင်း၏ မျက်တောင်များ ကော့ညွှတ်နေ၏။ မျက်ရည်ဖြင့် စိုစွတ်လေမလား သူစိုးရိမ်သော်လည်း နှောင်း မျက်ရည်ရစ်သီ ဝေ့လည်ခြင်း မရှိပါ။

"တစ်ယောက်တည်းလား... နှောင်း"

နှောင်းက ကုလားထိုင်တွင် ကျုံ့ကျုံ့ကလေး ဝင်ထိုင်ရင်း သူ့ကို မော့ကြည့်သည်။ နှောင်းမျက်ဝန်းများ သူထင်ထားသလောက် မညှိုးငယ်ပါ။ သူ ထင်ထားသလောက်လည်း လှုပ်ခတ်ဝန်းလည်ခြင်း မရှိပါ။

"နှောင်း အမြဲ တစ်ယောက်တည်းလာတာပဲ ဆရာ၊ ဘယ်သူပါမယ်လို့ မျှော်လင့်လို့လဲ ဆရာရဲ့"

ပါးနပ်လှချည်လား နှောင်း။

ညီညီလွင် ပါလိမ့်မည်ဟု သူမျှော်လင့်ထားခဲ့သည်။ မိန်းကလေး တော်တော်များများ ကျင့်သုံးတတ်သော အစွဲ့တိုက်တဲ့ပြန်မှုမျိုးပေါ့။ သို့သော် နှောင်းက သူထင်သည်ထက် လိမ္မာ၍ အသိဉာဏ် ရှိနေပါသည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

သူပြုံး၍ ခေါင်းယမ်းလိုက်သည်။

"ကဲ...တစ်လအတွင်း နှောင်းစိတ်ထဲမှာ ဘာတွေ မကျေနပ်ခဲ့သလဲ၊ ဘာတွေ မပြေလည်ခဲ့သလဲ၊ စိတ်ခံစားမှု ဘယ်လိုရှိသလဲ... ဆရာ့ကို ပြောပြပါဦး"

နှောင်းက လက်ဖျားများ တစ်ခုနှင့်တစ်ခု ပွတ်သပ်ကာ ခေါင်းငုံ့နေပြန်၏။ အစိမ်းနုရောင်ဖျော့ဖျော့ မိန်းမအင်္ကျီခါးတိုကလေးနှင့် နှောင်းသည် မိန်းမကြီးတစ်ယောက်၏ တည်ငြိမ်မှုမျိုး ပုံစံဖမ်းနေသည်။ နှုတ်ခမ်းဆိုးဆေး လုံးဝဆိုးမထားသော၊ လှပသော နှုတ်ခမ်းငုံကလေးသည် သူ့ကို ညို့ယူဖမ်းစားရန် မကြိုးစားဘဲ တင်းစေ့ထားသည်။

"အလုပ်မှာ အဆင်ပြေရဲ့လား... နှောင်း"

"ဟုတ်ကဲ့ ဆရာ"

နှောင်း ရှက်နေသလား။

သို့သော် နှောင်းသည် တစ်လအတွင်း ကြုံတွေ့ရသည့် အနှောင့်အယှက်များကို ပုံမှန်အတိုင်း အခက်အခဲမရှိ ပြောသွား၏။

ယခင်က သတင်းစာနာရေး ကြော်ငြာကို ဖတ်ရမှာ ကြောက်သော နှောင်း၊ မိမိနှင့် အသက်အရွယ်တူ နှစ်ဆယ်ကျော် အစိတ်တွင်း လူငယ်များ၏ နာရေးသတင်းကို ဖတ်တိုင်း ဆောက်တည်ရာမရ တင်းကျပ်ပူလောင်တတ်သော နှောင်း။

ထိုနှောင်းသည် သူမ၏ အခန်းဘေးက မိန်းကလေးတစ်ယောက်၏ နာရေးကို စိတ်မကောင်းမှု၊ သနားကြင်နာမှုထက် မပိုသော သာမန်မျှဝေခံစားမှုမျိုးဖြင့် ပြောပြနိုင်ခဲ့လေသည်။

"အရိုးကင်ဆာတဲ့ဆရာ... သိပ်ကြောက်စရာ ကောင်းတယ်နော်"

နှောင်းက ကြက်သီးထသလို ပုံစံလေး လုပ်ပြ၏။

"ကျောင်းသူကလေးလား...နှောင်း"

"ဟုတ်တယ်ဆရာ၊ ဒုတိယနှစ် ကျောင်းသူကလေး၊ သူ့ဘဝမှာ ဘာမှ ထူးထူးခြားခြား ဖြစ်မသွားဘဲ သေသွားရရှာပြီ၊ သူ့ရဲ့ လူ့ဘဝမှာ နေခွင့်က အနှစ်နှစ်ဆယ်ပဲနော်... တကယ်တရားကျဖို့ ကောင်းတယ်"

နှောင်း၏ မျက်ဝန်းများတွင် သေခြင်းတရားကို နာကြည်းစိတ်၊ ဆရာဝန်ကို နာကြည်းစိတ် အရိပ်အငွေ့ တစ်စုံမျှ မတွေ့ရသောကြောင့် သူစိတ်သက်သာရာ ရသွားသည်။

"အမှန်ကတော့ လူတွေဟာ မသေမီ ကိုယ်ကျင့်တရားပြည့်ဖို့ အရေးကြီးတာပဲနော်... ဆရာ၊ သေခါနီးအချိန်မှာ ဒေါသတွေ ကြောက်ရွံ့မှုတွေ မရှိအောင် အသက်ရှင်နေတုန်း ဖန်တီးယူရမှာ မဟုတ်လား"

ကိုယ့်နှောင်းက တော်တော်တိုးတက်လာပြီပဲ။

သူသည် သူ့လူနာကို ကျေနပ်စွာ ပြုံးကြည့်နေလိုက်၏။

Commercial use of this book will be at your OWN RISK!
www.myanmarmaid.net

"နှောင်း ကားပြန်မောင်းနေပြီလို့ ဆရာထင်တယ်"

သူ့ကို နှောင်းက မပြုံးမရယ် ငေးကြည့်သည်။

"ဟုတ်ကဲ့၊ ဒါပေမဲ့ တစ်ပတ်တစ်ခါလောက်ပဲ မောင်းပါတယ်၊ အလုပ်သွားတော့ နှောင်း ဘတ်စ်ကားနဲ့ပဲ သွားတာ ဆရာ"

"ကလပ်စ်တွေ မရှိတော့ဘူးပေါ့"

"ဟုတ်ကဲ့၊ အလုပ်နဲ့ဆိုတော့ ကလပ်စ်တွေ တတ်နိုင်သမျှ ဖြုတ်ပစ်လိုက်ရတယ်၊ ဒါပေမဲ့ လာမယ့်စက်တင်ဘာမှ ပြင်သစ်စာ ပြန်တက်မလို့ စဉ်းစားနေတယ် ဆရာ၊ ညနေသင်တန်းပေါ့"

တော်ပါသေးရဲ့။ နှောင်း၏စိတ်များ တည်ငြိမ်နေပါသည်။

သို့သော် တစ်ကြိမ်မှာတော့ နှောင်း သူ့မျက်နှာကို သတိလက်လွတ်ငေးကာ လွတ်ခနဲ စကားတစ်ခွန်း ပြောလိုက်၏။

"ဆရာက နှောင်းကို လိမ်နေတယ်"

ဘုရားရေ… ဘာအဓိပ္ပာယ်လဲ။

သူ လိုအပ်သည်ထက် မျက်ခုံးပင့်ကာ မျက်လုံးပြူးလိုက်၏။

"စွပ်စွဲမှုက ပြင်းထန်လှချည်လား…ကလေးရဲ့"

နှောင်းက ဆေးခန်းထဲ ဝင်လာကတည်းက တစ်ခါမျှ မပြုံးသေးသော ခပ်တည်တည်မျက်နှာဖြင့် သူ့ကို ခဏစိုက်ကြည့်သည်။

"နှောင်းကိုတော့ ဆရာက အမှန်အတိုင်းပြော၊ မလိမ်နဲ့၊ စိတ်ထဲရှိတဲ့ အတိုင်းပြော၊ မရှက်နဲ့၊ အားမနာနဲ့… အို စုံစေ့နေတာပဲ အမိန့်ပေးတာ၊ ဆရာ ကိုယ်တိုင်ကတော့ နှောင်းကို လိမ်နေတယ်"

"ဘာများ လိမ်လို့လဲ နှောင်း"

"ဆရာ့မှာ ဇနီးရှိတယ် ဆိုတာလေ…"

မြတ်စွာဘုရား…။ ဒီစကားဆီ ရောက်လာပြန်ပြီလား။ သူ ပင့်သက်ကို သိသာစွာ ရှိုက်လိုက်၏။

"ဆရာ မလိမ်ပါဘူး နှောင်းရာ၊ ဆရာ့မှာ ဇနီးရှိပါတယ်၊ သူ့နာမည်က မသီသီတဲ့"

"ဒါပေမဲ့ ဆရာ့ဇနီးနဲ့ဆရာ ကွဲသွားတာ နှစ်ပေါင်းနှစ်ဆယ်လောက် ရှိပြီဆို"

သူ အသံထွက် ရယ်လိုက်မိလေသည်။

"နှောင်းရယ်.. ဆရာတို့ လက်ထပ်တာတောင် နှစ်ပေါင်းနှစ်ဆယ် မပြည့်သေးဘဲနဲ့"

ထို့နောက် သူ နှောင်းကို အမှန်အတိုင်း ဝန်ခံလိုက်၏။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ်က ကိုယ်တို့လက်ထပ်တယ်၊ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်ကပဲ ကိုယ်တို့ကွဲသွားကြတယ်၊ ဒါပေမဲ့ အခုအချိန်ထိ တရားဝင် မကွာရှင်းရသေးဘူး နှောင်း၊ ကိုယ့်ဇနီးအကြောင်း နှောင်းက စိတ်ဝင်စားလို့လား"

"ဟင့်အင်း... နှောင်း မမြင်ဖူးတဲ့ အမျိုးသမီးကို နှောင်း စိတ်မဝင်စားပါဘူး၊ နှောင်း ဆရာ့ကိုပဲ စိတ်ဝင်စားတယ်"

ပြတ်သားလှချည်လား နှောင်းရဲ့။ သူ အူကြောင်ကြောင် ပြုံးလိုက်ရ၏။

"ဒါပေမဲ့ စပ်စုတဲ့အကျင့်က နှောင်းအကျင့်မှ မဟုတ်ဘဲ နှောင်း"

ထိုအခါ နှောင်းက ပထမဆုံးအကြိမ် ခစ်ခနဲ ရယ်မောလေသည်။ နှောင်း ရယ်မောလိုက်သောအခါ သူ ပျော်ရွှင်သွား၏။

"ဆရာနော်...ဆရာမြှောက်နေတာက ဖွတ်ကြီးပဲ၊ နှောင်း ရိပ်မိတယ် နော"

ထို့နောက် စကားဝိုင်းသည် ချက်ချင်း ခြောက်ကပ်တိတ်ဆိတ်သွားသည်။

နှောင်း တစ်ချက်တစ်ချက် မျက်လွှာပင့်ကြည့်လိုက်သောအခါ တွယ်ငြိတမ်းတရိပ်များစွာ ပါကြောင်း သူသတိထားမိ၏။ ထိုအခါ ရင်ထဲမှာ နွေးခနဲ လှုပ်ခတ်သွားကာ ဖြုန်းဆိုစာရွက်ဆီ မျက်နှာလွှဲလိုက်ရလေသည်။ သူ နှောင်း၏ အကဲခတ်မျက်ဝန်းများအောက်တွင် စာမေးပွဲရှုံးတော့မည်ဟု ကြိုသိနေသည်။ အေးစက်မာကျောသော မျက်လုံးများအဖြစ် သူ ဘယ်လိုမှ ဟန်ဆောင်၍ မရပါ။ နူးညံ့သိမ်မွေ့စွာ လှုပ်ရှားနေသော သူ့နှလုံးသားကိုလည်း သူလိမ်ညာ၍ အောင်မြင်မည် မဟုတ်ပါ။ သူ နှောင်းကို မေးခွန်းများမေးဖို့ စိတ်ကို စုစည်း၍မရဘဲ ဖြစ်နေသည်။

သူ၏အနေခက်မှု၊ ကျဉ်းကျပ်မှုကို နှောင်း ရိပ်မိဟန်တူသည်။

"နှောင်း ပြန်သင့်ပြီလား ဆရာ"ဟုမေးရင်း ဖြုန်းခနဲ ထိုင်ရာမှ ထလိုက်လေသည်။ သူ နှောင်းပြန်သွားမှာကို စိတ်လွတ်လပ်စွာ ဝမ်းလည်းသာလျက် တွယ်တာနှောင်ဖွဲ့စွာ စိတ်မကောင်း ဖြစ်နေမိပြီကို တစ်ပြိုင်တည်း ခံစားလိုက်ရသည်။ နာရီကို ငုံ့ကြည့်လိုက်တော့ နှောင်းဤအခန်းထဲရောက်တာ ၁၅မိနစ်ပဲ ရှိသေးသည်။ နှောင်းကဲ့သို့ စိတ်ကုထုံးလူမျိုးကို မိနစ်၅၀ အချိန်ပေးလေ့ရှိရာ ၁၅မိနစ်သည် မပြည့်စုံသေးမှန်း သူသိသလို နှောင်းလည်း သိပါလိမ့်မည်။

"ကောင်းပြီလေ... နှောင်း လုံးဝနေကောင်းနေတာပဲ"

လှည့်ထွက်တော့မည့်နှောင်းက တုံ့ခနဲ ရပ်သွား၏။ ထို့နောက် သူ့ကို မော့ကြည့်သည်။

"နောက်တစ်ခါ လာစရာမလိုတော့ဘူးလို့ ဆရာဆိုလိုတာလားဟင်"

ကြေကွဲသော နှောင်းမျက်ဝန်းများနှင့် ဆုံမိသောအခါ သူ့ရင်ထဲတွင် နာကျင်နင့်သည်းစွာ မောနွမ်းသွား၏။ နွဲ့နှောင်းသော၊ ပျောင်းအိသော ကိုယ်ခန္ဓာကလေးကို ယုယစွာ ထွေးပွေ့နှစ်သိမ့်ချင်သည့် စိတ်များဖြင့် တစ်လောကလုံးကို စိန်ခေါ်ပစ်လိုက်ချင်၏။ နှောင်း၏ မျက်ရည်တစ်စက် ပျောက်ကွယ်ဖို့အရေးအတွက် ကိုယ့်ဘဝတစ်ခုလုံး ဂုဏ်သိက္ခာ ညှိုးနွမ်းရမည် ဆိုလျှင်တောင် လဲရဲပါသည် နှောင်း။ လောကကြီးမှာ ကိုယ် အပျော်ရွှင်စေချင်ဆုံး လူက နှောင်းပါပဲ။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

သူ ခြေတစ်လှမ်း ရှေ့တိုးလိုက်၏။ မှန်တံခါးတစ်ဖက်တွင် နောက်ထပ် စိတ်ကုထုံး လူနာတစ်ယောက်ကို ရိပ်ခနဲ မြင်လိုက်ရသည်။

"နှောင်း..."

နှောင်းက သူ့ကို တည့်တည့်မျက်နှာချင်းဆိုင် ရပ်ကြည့်၏။ နှောင်းမျက်ဝန်းများတွင် ကြေကွဲမှုအရိပ်အယောင်ဖြင့် ရီဝေနေသည်မှတစ်ပါး နာကြည်းရိပ် ဒေါသရိပ် မရှိပါ။

"ကိုယ့်ဘဝမှာ ကိုယ်ကိုယ်တိုင်ရဲ့ ဆန္ဒဆိုတာ မရှိခဲ့တာ ကြာပြီ၊ ကိုယ်ဟာ လူသားတစ်ယောက်အဖြစ် ရပ်တည်ဖို့ မေ့နေခဲ့တယ်၊ ဆရာဝန် တစ်ယောက်အဖြစ် လူနာတွေရဲ့ အားကိုးခံဆေးကုထုံးတစ်ခုအဖြစ် ကိုယ်ရပ်တည်နေခဲ့တာ နေသားကျနေပြီ၊ ကိုယ်ကိုယ်တိုင်အတွက် အသက်ရှင်ရပ်တည်နေတာ မဟုတ်ဘဲ သူများအတွက် အသက်ရှင်ရပ်တည်ခဲ့တာ ကာလကြာနေပြီ နှောင်း၊ ဒါပေမဲ့ အခုအချိန်မှာတော့ ကိုယ်ကိုယ်တိုင်ရဲ့ ဖြစ်တည်မှု အသက်ရှင်မှုကို ကိုယ့်ဟာကိုယ် သိမြင်လာပြီ၊ လိုချင်လာပြီ၊ မိုက်မဲတယ်ဆိုတဲ့ ပြစ်တင်ကဲ့ရဲ့မှုမျိုးကို လုံးဝဂရုမစိုက်လောက်အောင် ကိုယ့်ခံစားမှုကို ရှေ့တန်းတင်ပြီး မိုက်မိုက်မဲမဲ စိန်ခေါ်ပစ်ချင်နေပြီ၊ တစ်ခါတစ်ခါမှာပေါ့လေ"

"ဆရာ ဘာပြောတာလဲဟင်... နှောင်း နားမလည်ဘူး"

"နှောင်း နားမလည်တာ ကိုယ်ဝမ်းသာပါတယ်၊ နှောင်း နားလည်မယ့် စကားတစ်ခုတော့ ဆရာပြောချင်တယ်၊ ကိုယ့်ကိုယ်ကို လူသားတစ်ယောက်အဖြစ် ခံစားရအောင် ဆရာ့ကို ကူညီပေးခဲ့တဲ့လူက နှောင်းပဲ"

"အို..."

နှောင်းက သူ့ကို မယုံနိုင်သလို ငေးမောတွေဝေသွား၏။ နည်းနည်းမှ မပြုံးသော၊ စိတ်တင်းကျပ်နေသော သူ့မျက်နှာကို နှောင်း အဓိပ္ပာယ် ဖော်ရန် ကြိုးစားနေလေသည်။

"ဒါပေမဲ့... တကယ်တမ်းတော့ ဒီခံစားမှုဟာလဲ အတိုင်းအဆ ပြင်းထန်သလောက် ဆရာ့အတွက် အသုံးမဝင်လှပါဘူး၊ အဲဒီအတွက် ဆရာ တကယ်ကို စိတ်မကောင်းဖြစ်ရတယ် နှောင်း"

သူ ခဏရပ်နား၍ နှောင်းမျက်နှာကို စိုက်ကြည့်သည်။ နှောင်း မပြုံးပါ။

"နောက်တစ်ခါ လာစရာ မလိုတော့ဘူးလို့ ဆရာ မပြောမချင်း နှောင်း ဆရာ့ဆီ တစ်လတစ်ခါ သို့မဟုတ် နှစ်လတစ်ခါ လာစေချင်တယ်၊ ဆရာ နှောင်းကို ကူညီဖို့ အမြဲရှိနေတယ်ဆိုတာ နှောင်း နားလည်ပါတယ်၊ နှောင်းရဲ့ ပျော်ရွှင်မှုဟာ ဆရာ့ပျော်ရွှင်မှုပါ၊ နှောင်းရဲ့ အောင်မြင်မှုဟာ ဆရာ့အောင်မြင်မှုပါ"

"ဆရာ ဘာဖြစ်နေတယ်ဆိုတာ နှောင်း နားလည်သွားပါပြီ ဆရာ"

သူ့စကားကို ဖြတ်ပြောလိုက်သော နှောင်းမှာ မဲ့ပြုံးကလေးတစ်ခု ရှိနေသည်။

"နှောင်း နားလည်လိုက်သမျှတော့ ဆရာ ပတ်ဝန်းကျင်ကို ကြောက်နေတယ်"

ထိုစကားသည် သူ့ရင်ထဲသို့ ပြင်းထန်သော အရှိန်ဖြင့် စူးနစ်ဝင်ရောက် သွားသည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"မကြောက်ပါနဲ့ ဆရာ… နောက်တစ်လ ဆရာ့ဆီလာရင် မေမေ့ကို နှောင်း ခေါ်လာခဲ့ပါ့မယ်"

နဂို အနာအပေါ် ထပ်ဆင့်ထိုးလိုက်သော ဓားချက်တစ်ခုပမာ အတိုင်းအဆ မရှိ နာကျင်သွား၏။ သူ ခေါင်းတစ်ချက် ယမ်းခါပစ်လိုက်ပြီး နေရာမှ ချာခနဲ လှည့်ထွက်ကာ ခန်းဆီးနောက်ဘက်သို့ ဝင်လိုက်သည်။ အမှောင်ခန်းကလေးထဲ၌ သူ့ကိုယ်သူ ရှက်ရွံ့ခြင်း၊ အားမလို အားမရဖြစ်ခြင်းနှင့်အတူ သူ တုန်လှုပ်စွာ ဒေါသထွက်နေ၏။

သူ ဘာလုပ်ရမှန်း မသိဘဲ လုပ်မိလုပ်ရာ လက်ဆေးစင်၌ လက်ဆေးနေလိုက်၏။ ဆပ်ပြာကို ဘယ်နှကြိမ် တိုက်မိသလဲ မသိတော့။ သူ စိတ်တည်ငြိမ်စွာ ထိန်းချုပ်ပြီး၍ ခန်းဆီး၏ အပြင်ဘက်သို့ ထွက်လာချိန်တွင် နှောင်း မရှိတော့ပါ။

စောစောက နှောင်း ထိုင်နေခဲ့သော ကုလားထိုင်တွင် စကီဇိုဖရီးနီးယား လူနာ အမျိုးသမီးကလေး ထိုင်နေသည်။

အမျိုးသမီးလေး၏ မျက်ဝန်းများမှာ ဝါကြင်ဖျော့တော့ကာ ဗလာသက်သက် ဖြစ်နေ၏။ သူသည် အမျိုးသမီးကလေးကို နွေးထွေးစွာ ပြုံးပြ နှုတ်ဆက်လိုက်သည်။

"နေကောင်းရဲ့လား… သမီး"

ထို့နောက် သူထိုင်လိုက်ပြီး စောစောက နှောင်း၏ စကားများကို လိုက်ရေးမှတ်ထားသော မှတ်စုစာရွက်ထပ်ကို ကောက်ကိုင်လိုက်သည်။

ထိုအချိန်မှာပင် မှတ်စုစာရွက်ပေါ်တွင် မင်နီဖြင့် လက်ရေးသော့သော့ ခပ်ကြီးကြီးကို ရေးခြစ်သွားသော စာကြောင်းကို သတိပြုမိသွားသည်။

"ည ဆယ်နာရီမှာ ဖုန်းဆက်ပါမယ်၊ ဆရာ ရှောင်ချင် ရှောင်နေပါ"

သူ ရှက်ရွံ့ နွေးထွေးစွာ ပြုံးလိုက်မိလေသည်။

ဖဖဖဖဖ

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

## အခန်း(၁၁)

တယ်လီဖုန်း မြည်သံသည် တိတ်ဆိတ်နေသော အခန်းထဲတွင် ခပ်ဖျော့ဖျော့ကလေး ပေါ်ထွက်လာခြင်း ဖြစ်သော်လည်း သူ့အတွက်တော့ ချောက်ချားစရာ အသံတစ်ခုဖြစ်၏။

သူ ထိုင်ရာမှ ခုန်ထလိုက်ပြီး တယ်လီဖုန်းရှိရာသို့ ခြေနှစ်လှမ်းဖြင့် ရောက်သွားသည်။

"ဟုတ်ကဲ့… ကျွန်တော် အောင်စည်ပါ"

"ဆရာ…"

တိုးတိတ်သော အသံကလေးသည် ခွန်အားပြင်းထန်စွာ သူ့ကို ဆွဲခါလှုပ်ယမ်း ပစ်လိုက်သလို ရှိ၏။

သူ ကြိုတင်ထိန်းချုပ်ထားပြီးသော တည်ငြိမ်မှုဖြင့် နှောင်းကို နှုတ်ဆက်လိုက်သည်။

"မင်္ဂလာပါ နှောင်း… နှောင်း နေလို့ကောင်းတယ်နော်"

"ကောင်းပါတယ် ဆရာ၊ ပုံမှန်အတိုင်းပါပဲ"

"နှောင်း ဘယ်အချိန် အိမ်ပြန်ရောက်သလဲ"

"ခုနစ်နာရီ"

"နှောင်း မေမေ အိပ်ပြီလား"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"မအိပ်သေးဘူး ဆရာ၊ နှောင်း အနားမှာ မေမေ စာဖတ်နေပါတယ်၊ ဆရာ မေမေ့ကို စကားပြောစရာ ရှိလို့လားဟင်"

"မရှိပါဘူး နှောင်း"

တစ်ဖက်မှ ရယ်သံနှင့်အတူ ဗလုံးဗထွေး စကားပြောသံသဲ့သဲ့ ကြားရသည်။ သူ အနည်းငယ် ထိန်းချုပ်ထားလျက်က စိတ်တိုသွား၏။ သို့သော် တစ်ဖက်မှ မိန်းကလေးသည် သူ့လူနာ ဖြစ်နေသည်။ ထို့ပြင် သူ ကြင်နာမြတ်နိုးရသူကလေးလည်း ဖြစ်နေ၏။ သူ့စိတ်ကို ထိန်းချုပ်ကာ စိတ်ရှည်လက်ရှည် စောင့်နေလိုက်သည်။

"ခွင့်လွှတ်ပါ ဆရာ... ဆရာ စိတ်အနှောင့်အယှက် ဖြစ်သွားပြီ"

သူ့စိတ်ကို လှမ်းသိချင်ယောင်ဆောင်နေသော ကလေးမကို အနားမှာသာ ရှိလျှင် ဆံပင်ဆွဲဖွပစ်လိုက်မိမည်။

"ဆရာ့ကို နှောင့်ယှက်ရာများ ကျမလား မသိဘူး၊ မနက်ဖြန် မနက် နှောင်းတို့အိမ်မှာ ဆွမ်းကျွမ်းရှိနေတယ် ဆရာ၊ မနက်ဖြန် ဖေဖေ ဆုံးတဲ့ နှစ်ပတ်လည်နေ့ပါ"

သူ ချက်ချင်း စိတ်မကောင်း ဖြစ်သွား၏။

"နှောင်း သိပ်စိတ်ထိခိုက်နေသလား"

"ဟင့်အင်း၊ နှောင်းတို့နှစ်ယောက်လုံး နေသားကျနေပါပြီ ဆရာ"

ခဏ တိတ်ဆိတ်သွားပြန်၏။

အရဏ်ဆွမ်း ကျွေးမှာဆိုတော့ မနက် ခုနစ်နာရီ ရှစ်နာရီလောက်မှာ ရပ်ကွက်ထဲက လူကြီးသုံးလေးယောက်ကို ထမင်းကျွေးဖို့ အစီအစဉ် ရှိပါတယ်၊ ဆရာ လာနိုင်မလား ဆိုတာ နှောင်း သိချင်ပါတယ်၊ မြောက်ဥက္ကလာနဲ့ စမ်းချောင်း သိပ်များ ဝေးလွန်းသလား ဆရာ"

သူ သက်ပြင်းချ၍ သင်ပုန်းရှိရာ လှမ်းကြည့်၏။

"ဆရာ့အတွက် အဝေးအနီးက ပြဿနာ မဟုတ်ပါဘူး နှောင်း၊ အားမအားက ပြဿနာပါ"

"ဆရာက မနက်ဘက်မှာရော အိမ်မှာ လူနာကုသလားဟင်"

"ဆရာ လေးဆယ့်ခြောက်လမ်းဆေးခန်းနဲ့ ဆေးရုံမှာကလွဲရင် ဘယ်မှာမှ လူနာ မကုပါဘူး၊ ဒါပေမဲ့ မနက်ဘက်မှာ မကင်းရာမကင်းကြောင်း အလုပ်ကိစ္စတွေ အပွိုင့်မင့်တွေ ရှိတတ်လို့၊ ခဏကလေး...နှောင်း"

သူ ဆော့ဖ်တ်ပင်ဖြင့် ရေးထားသော ခပ်သော့သော့ လက်ရေးများမှ နေ့စွဲများကို ကြည့်လိုက်သည်။

"ရတယ်... မနက်ဖြန် ဆရာ လာနိုင်ပါလိမ့်မယ်"

"ဟုတ်ကဲ့...နှောင်း လာကြိုရမလားဆရာ၊ ခရီးကဝေးတော့ နှောင်း အားနာတယ်"

"ဟာ... နေပါစေ နှောင်း၊ ဆရာ လာခဲ့ပါ့မယ်၊ ဆရာ့ကားက ဆီမစားဘူးလေ... အားမနာပါနဲ့"

"နှောင်း လိပ်စာလေး ပြောပြပါရစေ ဆရာ"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"မလိုဘူး၊ အရင်အိမ် မပြောင်းဘူးဆိုရင် ကိုယ့်ဆီမှာ နှောင်း လိပ်စာ ရှိနေပါတယ်"

တစ်ဖက်မှ အသံတိတ်သွား၏။ သူ ကမန်းကတန်း ဆက်ပြောလိုက်သည်။

"ကိုယ့်လူနာတွေအားလုံးရဲ့ လိပ်စာ ကိုယ့်ဆီမှာ စနစ်တကျ ရှိနေပါတယ်လေ"

တစ်ဖက်က ရယ်မောသံသဲ့သဲ့ကလေး ကြားရသည်။ သူ ပါးပြင်နှစ်ဖက် ရှိန်းခနဲ နွေးပူသွားကာ တယ်လီဖုန်းခွက်ကို အူကြောင်ကြောင် ကြည့်လိုက်မိ၏။ ဒါ ရယ်စရာလားကွာ။

"ဟုတ်ကဲ့... နှောင်း ကျေးဇူးတင်ပါတယ်ဆရာ၊ နှောင်း မျှော်နေမယ်နော်... ဂွဒ်နိုက်တ်"

တတ်လည်းတတ်နိုင်ပါရဲ့နှောင်း။

နှောင်း၏အိမ်သည် ကန်ထရိုက် တိုက်ခန်းတစ်ခုဖြစ်ပြီး ဒုတိယထပ်ဖြစ်သည်။ သူ့ကိုနှောင်းက ရှိသေလှိုက်လှဲစွာ ကြိုဆို နှုတ်ဆက် နေရာပေးလေသည်။

"ဆရာ ရက်တတ်မှန်း သိတယ်" ဟူသော စကားကို တိုးတိုးကလေး ပြောပြီး နှောင်းက သူ့အတွက် စားပွဲဝိုင်း သတ်သတ် ပြင်ကျွေးသည်။

တကယ်တော့ သူ့အနေဖြင့် မင်္ဂလာဆွမ်းကျွေး၊ အသုဘ ရက်လည်ဆွမ်းကျွေး၊ နှစ်ပတ်လည် ဆွမ်းကျွေးပေါင်းများစွာကို မရှောင်တိမ်းသာစွာ တက်ရောက် ခဲ့ပြီး ဖြစ်သောကြောင့် အူကြောင်ကြောင် သိပ်မနိုင်လှပါ။

နှောင်းတို့အခန်းမှာ ဧည့်ခန်းအပြည့် အဖြူရောင်ပေါ်တွင် ငွေရောင် ပန်းခက်မျှင်မျှင်ကလေးများ ပါသော ဖယောင်းပုဆိုး ပျော့ပျော့အစဖြင့် ခင်းထားသည်။ နံရံကို အစိမ်းနုဖျော့ဖျော့ ဆေးသုတ်ထားသဖြင့် တစ်ခန်းလုံး ဖြူဖွေးတောက်ပကာ လင်းလက်နေ၏။

"ဆရာ ဘာသား ရှောင်သလဲဟင်"

"ဆရာ ဘာမှမရှောင်ဘူး"

"နှောင်းနဲ့တူလိုက်တာ"

နှောင်းကရိပ်ရိပ်ကလေး ပြုံးလေသည်။

"မေမေကတော့ သတ်သတ်လွတ်စားတာ များတယ်ဆရာ၊ အသက်လွတ် စားတာကို ဆရာ ဘယ်လိုသဘောရသလဲဟင်"

နှောင်း လုပ်ကိုင်နေသော ပန်းကန်များ နေရာတကျ စီစဉ်ရာတွင် သူ ကူလုပ်ပေးနေရာမှ မျက်ခုံးပင့်လိုက်၏။

"ဆရာ ဘယ်လိုမှ သဘောမရပါဘူး... ကဲ့လဲ မကဲ့ရဲ့ဘူး၊ ဒါပေမဲ့ ချီးလဲ မချီးကျူးဘူး"

ထို့နောက် နှောင်းကို အမှန်အတိုင်း ဝန်ခံရန် အလွန်သင့်တော်သည့် အချိန်ပဲဟု စဉ်းစားမိသွားသည်။

"အင်း... ဒါပေမဲ့ တစ်ချိန်ကတော့ သတ်သတ်လွတ်စားတာကို ဆရာ ရှုတ်ချခဲ့ဖူးပါတယ်၊ ကြာပါပြီ... ဆရာ့ဇနီးက အမြဲသတ်သတ်လွတ် စားတယ် နှောင်းရဲ့"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

သူ ရယ်စရာ မဟုတ်ဘဲ တစ်ချက် ရယ်လိုက်ကာ နှောင်းကို အကဲခတ်လိုက်သည်။ နှောင်းက ထမင်းပန်းကန်ထဲ ထမင်းထည့်ပေးနေရာမှ လိုသည်ထက်ပို၍ ခေါင်းငုံ့ထားလိုက်လေသည်။

သူ ထမင်းစား၍ တစ်ဝက်လောက် ကုန်သွားချိန်တွင် သူ တွေးထင်မထားမိသော ဧည့်သည်တစ်ဦး အခန်းဝမှာ ပေါ်လာ၏။

ပွရောင်းရောင်း ဘောင်းဘီ အပြာဖျော့ဖျော့၏ ဘေးအိတ်နှစ်ဖက်ထဲ လက်များ ထိုးနှိုက်လျက် အခန်းဝမှာ မတ်တတ်ရပ်နေသော ဖြူနွဲ့နွဲ့ လူငယ်ကလေးကို သူ ကောင်းကောင်း မှတ်မိသည်။

ညီညီလွင်...။

နှောင်း၏ ရိုးသားဖြူစင်မှုကို သူ သံသယဝင်သွားသည်။ နှောင်းသည် သူနှင့် ဤချာတိတ်ကို ဆုံဖြစ်စေချင်သလား။ ဒါဆိုရင်တော့... မင်း သိပ်ကလေးဆန်သွားတာပေါ့ နှောင်းရယ်။

"ဟောတော်...ညီညီလွင်ပါလား၊ လာလာ... ကလေး၊ အထဲဝင်၊ မင်း သူငယ်ချင်း အံ့သြသွားမှာပဲ၊ တိုက်တိုက်ဆိုင်ဆိုင်ကွယ်၊ နှောင်းရေ... သမီးလေး၊ သမီး သူငယ်ချင်း လာတယ်"

သူ့ဘေးနားမှာ ဝင်ထိုင်သော ချာတိတ်ကို သူ တစ်ချက်သာ မော့ကြည့်ပြီး ထမင်းကို လက်စသတ် စားနေလိုက်၏။ စောစောက ဟင်းအရသာများ ဘယ်ပျောက်ကုန်မှန်း မသိတော့။ သူ ဒေါသထွက်သွားတာလား၊ ရယ်ချင်သွားတာလား၊ မခံချိမခံသာ ဖြစ်သွားတာလား ကိုယ်ကိုယ်တိုင် ဝေခွဲမရတော့ပါ။

"ဟာ...ညီညီလွင်၊ မင်္ဂလာနံနက်ခင်းပါ"

နှောင်း၏ အင်္ဂလိပ်စကားပြောသံကို သူ ပထမဆုံး ကြားရသည်။ ဘေးနားက ဝိုင်းမှ လူကြီးသုံးယောက်၏ ခပ်ကျိတ်ကျိတ် ငြင်းခုံသော စကားသံကို လွှမ်းသွားအောင် ချိုမြကြည်လင်သော အသံကလေး ဖြစ်သည်။

"မင်္ဂလာနံနက်ခင်းပါ နှောင်း... မင်း ဧည့်သည်တစ်ယောက် လိုနေသလား"

ချာတိတ်အသံက ပိုသွက်ပြီး ပို၍ အင်္ဂလိပ်သံဝဲသည်။

နှောင်းက ခပ်သွက်သွက် ရောက်လာပြီး သူ့ဘေးနားမှာ ဒူးထောက်ထိုင်လိုက်သည်။

"ဆရာ ထမင်းထပ်ထည့်မယ်နော်" မြန်မာလိုပြောရင်း တစ်ဆက်တည်း ချာတိတ်ဘက် လှည့်ကာ "ဟင့်အင်း၊ ဒါပေမဲ့ ငါမင်းကို မနက်စာ ပြုစုချင်ပါတယ်" ဟု အင်္ဂလိပ်လို ပြောလေသည်။

"နေပစေ နှောင်း... ဆရာ လုံလောက်ပါပြီ"

နှောင်းကို တားမြစ်ရင်း သူ့ဇွန်းခက်ရင်းကို ညင်သာစွာ ချသည်။

"ဟင့်အင်း... ကျေးဇူးပဲ၊ ကိုယ် မနက်စာ ပြီးခဲ့ပြီ"

နှောင်းက ကြည်စင်သော မျက်လုံးလဲ့လဲ့ကလေးဖြင့် သူ့ကို တောင်းပန်သလို ကြည့်၍ စကားစသည်။ သူ ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။

"ဆရာ... သူက နှောင်းနဲ့အတူ အင်္ဂလိပ်ဘာသာ သင်တန်းတက်ခဲ့တဲ့ သူငယ်ချင်းပါ ဆရာ၊ ညီညီလွင်တဲ့၊ အီးမေဂျာက၊ ညီညီလွင်... ဆရာ့နာမည်က ဒေါက်တာအောင်စည်တဲ့၊ နှောင်းရဲ့ဆရာလေ"

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

ချာတိတ်က တင်ပျဉ်ခွေထိုင်ရာမှ ချက်ချင်းဒူးထောက်ကာ သူ့ကို ရိုကျိုးစွာ လက်ကမ်းပေး၏။

"ဟုတ်ကဲ့... သိခွင့်ရတာ ဝမ်းသာပါတယ် ဆရာ" ဟု မြန်မာလို ယဉ်ကျေးသိမ်မွေ့စွာ ပြောရင်း လက်ဆွဲနှုတ်ဆက်တော့ စောစောက ထောင့်မကျိုးဘူးဟု ထင်ထားသော သူ့ထင်မြင်ချက်ကို တစ်ဝက် ရုပ်သိမ်းပစ်လိုက်၏။ မိုးမိလာသော ချာတိတ်၏ ဆံပင်များသည် စိုစွတ်နေပြီး ဆုပ်ကိုင်မိသော လက်ဖျားများလည်း အေးစက်နေလေသည်။

"ကျွန်တော် နှောင်းကို ပြင်သစ်သံရုံးမှာ လျှောက်လွှာတွေ လက်ခံနေပြီ ဆိုတဲ့အကြောင်း လာပြောတာပါ ဆရာ"

ချာတိတ်၏ မဆီမဆိုင် ဖြေရှင်းသလို စကားကြောင့် သူဘာပြောရမှန်း မသိအောင် ကြောင်သွားပြီး ခေါင်းညိတ်လိုက်၏။

သူအားလုံးကို နှုတ်ဆက်၍ ထပြန်တော့ နှောင်းက သူ့ကို လှေကားအောက်ခြေအထိ လိုက်ပို့သည်။ သူ နှောင်းကို စကားအနည်းငယ် ပြောချင်သောကြောင့် ကားတံခါးကို သော့ဖွင့်ရင်း နှောင်းကို လှည့်ကြည့်လိုက်သည်။ နှောင်းက တိုက်ခန်းလှေကား အောက်ဆုံးထစ်တွင် ရပ်လျက်ကျန်ခဲ့လေသည်။ လက်နှစ်ဖက် တင်းတင်းပိုက်ကာ လှမ်းကြည့်နေသော မျက်နှာလေးကို သူသိမ်မွေ့စွာ ပြုံးပြလိုက်ပြီး"နှောင်း...ခဏ"ဟု ခေါ်လိုက်သည်။

မိုးစက်သေးသေးမှုန်မှုန်ကလေးများသည် နှင်းပွင့်ကလေးများလိုပင် ကောင်းကင်မှ လွင့်ခနဲ လွင့်ခနဲ ကျနေသည်။

ချစ်စဖွယ်မိန်းကလေး၏ ဝတ်စုံအဖြူကလေး နံနက်ခင်း လေပြည်အောက်တွင် ညင်သာစွာ လွင့်ပါးလာ၏။

"နှောင်း ဘာမှားလို့လဲ ဆရာ"

"နှောင်း ဘာမှမမှားပါဘူး၊ နှောင်းကို သတိပေးစရာ ရှိလို့"

နှောင်းက ခပ်ခွာခွာတွင် ရပ်လျက်က ဇဝေဇဝါ ငေးကြည့်၏။

"ညီညီလွင်ကို နှောင်း ဖိတ်မထားဘူး ဆရာ၊ ဘုရားစူး မိုးကြိုးပစ်"

ချစ်သနားဖွယ်ရာ မျက်နှာကလေးကို သူ သတိလက်လွတ် ငေးကြည့်ပြီး ပြုံးလိုက်ပြန်၏။

"အဲဒါ ဘာမှပြဿနာမဟုတ်ပါဘူး နှောင်း၊ နှောင်း သူငယ်ချင်းကို နှောင်း ဖိတ်ကြားသင့်တာပဲ ဥစ္စာ၊ ဖိတ်လို့လဲ ဘာမှမဖြစ်ဘူး၊ မဖိတ်လို့လဲ ဘာမှမဖြစ်ဘူး၊ နှောင်းတို့ သူငယ်ချင်းနှစ်ယောက်ရဲ့ ချစ်ခင်ရင်းနှီးမှုကို ကိုယ်သိပ်ကျေနပ်ဝမ်းသာပါတယ် နှောင်း"

နှောင်းက ဇဝေဇဝါ ငေးနေဆဲ။

"သိမ်မွေ့တဲ့ လူငယ်ကလေးတစ်ယောက်ပါပဲ၊ကိုယ် အကဲခတ်မိသလောက်တော့ ထူးလဲထူးချွန်ပါလိမ့်မယ်၊ မိန်းကလေးတစ်ယောက် ထည့်စဉ်းစားသင့်တဲ့ လူငယ်ကလေးပဲ"

နှောင်း ခပ်မဲ့မဲ့ကလေး ပြုံးလာ၏။

"ဒါပေမဲ့ ဆရာ..."

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

သူ လက်ကာ၍ ပြုံးလိုက်သည်။

“ဆရာပြောချင်တာက နှောင်းတို့ ကလေးနှစ်ယောက်ကို ကြည့်ပြီး ဆရာကြည်နူးရတယ်၊ မုဒိတာဖြစ်ရတယ်၊ ဒါပေမဲ့ နှောင်းကို ဆရာတစ်ခု သတိပေးသင့်တယ် ထင်လို့”

“ဆရာထင်တာ မှားနေပြီဆရာ”

“မဟုတ်ဘူး နှောင်း၊ နှောင်းတို့ကို ဆရာ ဘာမှထင်မထားခဲ့ပါဘူး၊ အမှန်အတိုင်း ပြောနေတာပါ နှောင်း၊ ဆရာသတိပေးချင်တာက အချိန်ကာလ တွက်ချက်မှုပါ။ နှောင်း အခု အသက်နှစ်ဆယ့်နှစ်နှစ် ပြည့်သွားပြီဆိုတော့ နှစ်ဆယ့်သုံးနှစ်ထဲ ဝင်နေပြီ၊ ကိုယ်တို့ တိုက်ပွဲ မပြီးသေးဘူးနော် နှောင်း၊ ကိုယ်တို့ ဒီတိုက်ပွဲကို ပြီးအောင်နိုင်အောင် တိုက်ကြရမယ်ဆိုတာ မမေ့နဲ့”

နှောင်းရှေ့သို့ ခြေတစ်လှမ်း တိုးလာသည်။ သို့သော် ဘာမှ စကားမဆိုပါ။ ပြာလဲ့သော မျက်ဝန်းများဖြင့် ငေးကြည့်နေသည်။

“ဟိုခပ်ကြောင်ကြောင် မိန်းမရဲ့စကားတွေကို နှစ်ခုကတော့ တိုက်ဆိုင်လို့ ဖြစ်သွားခဲ့ပြီ၊ အဲဒီနှစ်ခုက နှောင်းတို့ ကိုယ်တို့ဆန္ဒနဲ့ ဘယ်လိုမှ ချုပ်ကိုင်လို့ မရတဲ့အဖြစ်အပျက်တွေလေ၊ အခု ဒီမိန်းမပြောသွားတဲ့ ရူးကြောင်ကြောင် အချက်ကြီးတစ်ချက် ကျန်နေသေးတယ်၊ အဲဒါ ဘာလဲဆိုတာ နှောင်း မှတ်မိမှာပါ”

နှောင်း ရုတ်တရက် မျက်လွှာချပစ်လိုက်လေသည်။

“ဘာပဲဖြစ်ဖြစ် ကိုယ်တို့ဟာ ရန်သူကို တိုက်တဲ့နေရာမှာ တစ်ကွက်မှ သတိမလစ်စေချင်ဘူး၊ တစ်ကွက်မှ အမှားမခံနိုင်ဘူး နှောင်း၊ နှောင်းဟာ နှစ်ဆယ့်သုံးနှစ်အရွယ်မှာ အိမ်ထောင်မကျရဘူး… လုံးဝမကျစေရဘူး၊ အဲဒါ နှောင်း ဖန်တီးချုပ်ကိုင်လို့ရတဲ့ အချက်လေ”

နှောင်းသည် စောစောကထက် ပို၍ ခေါင်းငုံ့ပစ်လိုက်၏။

“အခုအချိန်မှာ မုဆိုးဖိုပဲဖြစ်ဖြစ်၊ တစ်ခုလပ်ပဲဖြစ်ဖြစ်၊ အသက်ကြီးတဲ့ လူပဲဖြစ်ဖြစ်၊ ငယ်တဲ့လူပဲဖြစ်ဖြစ် နှောင်း ဘယ်ယောကျာ်းကိုမှ လက်မထပ်သင့်သေးဘူး၊ ဒီတစ်ချက် လွဲချော်မှ နောက်တစ်ချက် လွဲချော်မှာလားလို့တော့ မစိုးရိမ်နဲ့၊ အခိပ္ပာယ်မရှိတဲ့ ကိစ္စတစ်ခုဟာ ဘယ်တော့မှ ဖြစ်ပေါ်လာမှာ မဟုတ်ဘူး၊ ဒါပေမဲ့ ဆရာကတော့ ဆရာတို့ အောင်နိုင်မှုအတွက်၊ ဆရာတို့ မာနအတွက် ဒီတစ်ချက်ကို လုံးဝလွဲချော်စေချင်တယ်၊ ဆရာတို့ အပြတ်အသတ် နိုင်ကိုနိုင်မှ ဖြစ်မယ်နှောင်း၊ ဆရာပြောတာ နှောင်း သဘောပေါက်ရဲ့လား”

နှောင်း မျက်နှာမော့ကာ သူ့ကိုကြည့်သည်။

မိုးစက်ဖွဲ့ဖွဲ့ကြောင့်လား၊ မျက်ရည်စိုစွတ်မှုကြောင့်လား မသေချာဘဲ နှောင်း၏ အောက်မျက်တောင် အစွန်အဖျားမှာ ရေကလေးတစ်စက် ခိုတွဲဥနေသည်။

“နောက်ထပ်တစ်ချက် တိုက်ဆိုင်သွားရင် နှောင်း တစ်ချိန်ချိန်မှာ စိုးရိမ်စိတ်ပူမှု ဝင်ချင်ဝင်လာနိုင်တယ်၊ သာမန်အချိန်မှာ မဝင်လာရင်တောင် အလုပ်အဆင်မပြေတဲ့အခါ၊ လူမှုဒုက္ခတွေ တွေ့တဲ့အခါ၊ နေမကောင်းဖျားနာတဲ့အခါ…အဲဒီအခါမျိုးမှာ နှောင်း မတော်တဆ တွေးမိပြီး တစ်ရက်တလေ စိတ်ပူရမယ့် အဖြစ်မျိုးကိုတောင် ကိုယ်မလိုလားဘူး၊ နှောင်းဟာ အဲဒီအချက်နဲ့ လုံးလုံးကင်းရှင်းနေစေချင်တယ်၊ သူပြောသွားတဲ့ အချက်ကို လွဲချော်သွားအောင် ဖန်တီးပစ်လိုက်စေချင်တယ်၊ သတိထားပါ နှောင်းရယ်၊ နှောင်း လုပ်နိုင်ပါတယ်၊ ဆရာသိတယ်…နှောင်း ဒါကို လုပ်နိုင်ပါတယ်”

Commercial use of this book will be at your own RISK!
www.myanmarcupid.net

"ကျေးဇူးတင်ပါတယ်ဆရာ၊ နှောင်း ကြိုးစားပါ့မယ်၊ ဒါပေမဲ့ ဆရာ စိတ်ပူတာ မှားနေပါတယ်"

နှောင်း၏အပြုံးကလေးက အပြုံးနှင့် မတူဘဲ ငိုချတော့မည့် ကလေးငယ်တစ်ယောက်၏ မျက်နှာလှုပ်ရှားမှုနှင့် တူနေ၏။

"ဆရာ စိတ်ပူရမှာ ညီညီလွင်နဲ့ မဟုတ်ဘူး ဆရာ"

သူ စကားမပြောနိုင်ဘဲ နှောင်းကို တစ်ခဏ ငေးစိုက်ကြည့်မိ၏။ ထို့နောက် သိသိသာသာ စကားလွှဲပစ်လိုက်သည်။

"ကဲ...ဆရာသွားမယ် နှောင်း၊ နောက်လ တစ်ခါ ထပ်တွေ့ရအောင်"

နှောင်း အံ့ကြိတ်ကာ သူ့ကို ငေးကြည့်ဆဲ။ နှောင်း မျက်နှာမှ နာကြည်းမှုသည် သူသတိမထားဘဲ နေ၍မရလောက်အောင် ပြင်းထန်လာ၍ သူလန့်ဖျပ်သွား၏။

"နှောင်း...ဆရာက နှောင်းကို မဖြစ်သင့်တာ ရှောင်တိမ်းနိုင်အောင် ပြောမိတာပါ၊ အမှန်အတိုင်း ဝန်ခံရရင် နှောင်းကို ဘယ်သူနဲ့မှ ဆရာ စိတ်မပူပါဘူး နှောင်း၊ မုဆိုးဖိုနဲ့လဲ စိတ်မပူဘူး၊ တစ်ခုလပ်နဲ့လဲ စိတ်မပူဘူး၊ နှောင်းက အသိဉာဏ်ရှိတဲ့ မိန်းကလေးပဲ၊ အသက်နဲ့ မလိုက်အောင် ဆင်ခြင်တတ်တဲ့ မိန်းကလေးပဲ၊ မလုပ်သင့်တာ တစ်ခုကို ဘယ်တော့မှ လုပ်မှာမဟုတ်ဘူးဆိုတာ ဆရာသိပြီးသားပါ နှောင်းရယ်၊ နှောင်းကို ဆရာယုံတယ်လေ၊ ဆရာ့နှောင်းက သိပ်လိမ္မာတာ မဟုတ်လား"

နှောင်း၏ နာကြည်းသောမျက်နှာမှာ ကြေကွဲမှုဖြင့် ပြောင်းလဲသွားပြီး နောက် ခဏအကြာတွင် နှောင်း ပြုံးရယ်လာသည်။

ထို့နောက် ခေါင်းတစ်ချက် ဆတ်ခါပစ်ပြီး "ဆရာ သိပ်စကားတတ်တယ်" ဟုပြော၏။

"ဆရာ့ကို နိုင်အောင် ပြောနိုင်မှာ မဟုတ်ဘူး"

ထို့နောက် သူ့အတွက် ကားတံခါးကို သွက်လက်စွာ ဖွင့်ပေးလိုက်လေသည်

နှောင်း၏ သူ့အပေါ်ထားသော သံယောဇဉ်အတိုင်းအဆကို သူ အံ့ဩတုန်လှုပ်စွာ သိလိုက်ရသောနေ့က နှောင်းအတွက် သူတကယ်ပဲ ကြေကွဲသွားခဲ့သည်။

တစ်ရက်တော့ နှောင်း၏မိခင် သူ့ဆေးခန်းသို့ မမျှော်လင့်ဘဲ ရောက်လာ၏။ နှောင်း မပါဘဲ နှောင်းမိခင်ကို မြင်လိုက်တော့ သူတအံ့တသြ တုန်လှုပ်ကာ ထိုင်ရာမှ ဗြုန်းခနဲ ထရပ်လိုက်မိသည်။

စိုးရိမ်ပူပန်သော သူ့မျက်နှာကို ဒေါ်ခင်ရီက အကဲခတ်သလို စူးစမ်းကြည့်ရင်း ပြုံးပြသည်။ သို့သော် အပြုံးက တောက်ပခြင်း မရှိပါ။

"နှောင်း နေကောင်းပါတယ် ဆရာ၊ ဒါပေမဲ့ နှောင်းမသိအောင် ဆရာ့ကို တိုင်ပင်ချင်တာ တစ်ခုရှိလို့ပါ"

သူ စိတ်ကို ထိန်းချုပ်လျက် ပြုံးရွှင်စွာ ကြိုဆိုလိုက်၏။

"ဟုတ်ကဲ့... ထိုင်ပါခင်ဗျာ ထိုင်ပါ၊ ကျွန်တော့်ကို ဘာမှအားမနာဘဲ ပြောပြနိုင်ပါတယ်"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"ဒီတစ်ပတ် သားဆီကစာထဲမှာ နှောင်းရဲ့ နိုင်ငံခြားထွက်ဖို့ကိစ္စ အားလုံး အဆင်ပြေပြီလို့ပါတယ်ဆရာ၊ သူ ဟိုကနေ စပွန်ဇာ ပို့ပေးရုံပါပဲ၊ စပွန်ဇာလဲ သူ ရထားပါပြီတဲ့၊ အဲဒါ နှောင်း လိုက်ဖို့ အကုန်ဒီကနေ ပြင်ဆင်စရာ ရှိတာတွေ ပြင်ဆင်ဖို့ပဲ ကျန်တော့တယ်တဲ့၊ ပတ်စ်ပို့က ကျပြီးနေပြီ… ဆရာ သိတယ်နော်"

"တင်ထားတာတော့ ကျွန်တော်နှောင်းနဲ့ ပထမအကြိမ် အင်တာဗျူးတွေကတည်းက သိထားပါတယ်၊ ဒါပေမဲ့ ကျန်တာတော့ မသိသေးဘူး ခင်ဗျ"

နှောင်း၏ ပြဿနာသည် ဘာပါလိမ့်ဟု သူတွေးမရနိုင်ပါ။

"အဲဒါကို နှောင်းက မသွားချင်ဘူးလို့ ငြင်းနေတယ် ဆရာ"

ဗြုန်းခနဲ အံ့ဩစိတ်ဖြင့် သူ ဒေါ်ခင်ရီကို ငေးမိသွား၏။

"ဘယ်နိုင်ငံကိုလဲ ခင်ဗျ"

"ဂျပန်နိုင်ငံကို ဆရာ၊ သားက အခုအချိန်အထိ ဂျပန်မှာပဲ"

"နှောင်းက ဘာအကြောင်းနဲ့ ငြင်းပါသလဲ"

"သူ ပြောတာ နည်းလမ်းတော့ ကျပါတယ်ဆရာ၊ သူက အခုထွက်ရမှာ တိုးရိုဗီဇာနဲ့ ထွက်ရမှာ၊ အလွန်ဆုံးရရင် သုံးလပေါ့ဆရာ၊ ဒါ အာဏာကုန်ပဲ၊ အများအားဖြင့် နှစ်ပတ်…တစ်လ၊ အဲဒါကို နှောင်းက မကြိုက်ဘူး၊ သူက ကျောင်းသားဗီဇာနဲ့မှ ဝင်ချင်သတဲ့ဆရာ၊ ကျောင်းသားဗီဇာဆိုရင် နှစ်နှစ်၊ တစ်နှစ် စသဖြင့် ကျောင်းအမျိုးအစား ပေါ်လိုက်ပြီး နေခွင့်ရှိတယ်၊ အဲဒါမျိုး မဟုတ်ရင် သူ မသွားချင်ဘူးလို့ ငြင်းနေတယ်၊ တိုးရိုဗီဇာနဲ့ ထွက်သွားပြီး လေဆိပ်ကနေ ပြန်လွှတ်ခံရတဲ့ အဖြစ်မျိုးလဲ သူ မကြုံပါရစေနဲ့တဲ့"

သူ ကုလားထိုင် လက်ရန်းကို ခပ်ဖွဖွ ခေါက်လျက် ဒေါ်ခင်ရီ့စကားကို ခံစားမှုမပါဘဲ နားထောင်ဖို့ ကြိုးစားနေခဲ့သည်။

"ခက်တာက သူ စိတ်ပြောင်းသွားတာကို ကျွန်မသိနေတယ်၊ အရင်ကတော့ ကိုကိုရှိရာ လိုက်ဖို့ဆိုရင် ဘာဗီဇာနဲ့ပဲ ရရ သူသွားမယ်တဲ့၊ သုံးလမပြောနဲ့ တစ်ပတ်ရရင်တောင် လိုက်မှာတဲ့၊ အရေးကြီးတာက နာရီတလေဆိပ်ကနေ တိုကျိုမြို့ထဲ ဝင်ခွင့်ရဖို့ပဲတဲ့၊ မြို့ထဲ ရောက်တဲ့အခါမှာတော့ အိုဗာစတေးမကလို့ ဘာစတေးဖြစ်ဖြစ် သူဝင်နေမှာပဲ၊ ကိုကိုနှင်ရင်တောင် ကိုကို့အနားမှာ တွယ်ကပ်နေမှာပဲ ဘာညာ သူပဲပြောခဲ့တယ်ဆရာ၊ အခုတော့ သူက အိုဗာစတေး မနေချင်ဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ ငြင်းနေတယ်ဆရာ"

သူ ဖြည်းညင်းစွာ ခေါင်းညိတ်လိုက်၏။

"အဲဒါ… ဒီတစ်ခါ နှောင်း ဖုန်းဆက်ရင် မေးကြည့်ပြီး ဆရာတိုက်တွန်းဖို့ လိုရင် တိုက်တွန်းပေးစေချင်ပါတယ် ဆရာ"

သူ ဒေါ်ခင်ရီကို စူးစိုက်စွာ ကြည့်နေမိခဲ့သည်။ သူ့အကြည့်ထဲမှ ဘာကို သတိပြုမိသွားသည်မသိ၊ ဒေါ်ခင်ရီက သူ့ကို မျက်ရည်ဝဲ့လည်သော အပြုံးဖြင့် ဖြေရှင်းလေသည်။

"သမီးကလေးတစ်ယောက်တည်းကို ကျွန်မနဲ့ခွဲပြီး နိုင်ငံခြားကို လွှတ်ရက်တဲ့အမေလို့ မအံ့ဩပါနဲ့ ဆရာ၊ အပြစ်လဲ မတင်ပါနဲ့၊ ကျွန်မ သမီးကို မခွဲနိုင်ပါဘူး ဆရာ၊ ကျွန်မ သမီးကို ကျွန်မ အသက်ထက် ချစ်ပါတယ်၊ ဒါပေမဲ့ သမီးစိတ် ဒီလိုပြောင်းနေတာဟာ သမီးဝေဒနာ မပျောက်သေးလို့လား၊ သူ သေမယ်ဆိုတဲ့ အတွေးကြီး

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

ရှိနေသေးလို့လား... အဲဒါ ကျွန်မ နားမလည်ဘူးဆရာ၊ ဖြစ်နိုင်ရင် ကျွန်မသမီး စိတ်အမှန်ကို သိချင်ပါတယ်၊ သမီး စိတ်အမှန်ကို သိရလို့ သမီးတကယ်မသွားချင်သေးဘူးဆိုတာ မှန်ရင် သမီးရဲ့ဆန္ဒကို ကျွန်မ ပျော်ပျော်ရွှင်ရွှင်ကြီး လိုက်လျောမိမှာပါ ဆရာ၊ အဲဒါလေးတော့ ကျွန်မကို ကူပါဦးနော် ဆရာ"

နှောင်းနှင့် တွေ့ဆုံမေးမြန်းသောအခါမှာတော့ နှောင်းက ရိုးရိုးစင်းစင်း ကလေးဖြေခဲ့၏။

"လူ့ဘဝမှာ တန်ဖိုးဆိုတာ ပြောင်းလဲတတ်တာ သဘာဝပဲ မဟုတ်လား ဆရာ၊ နှောင်း အရင်က ကိုကို့ဆီ လိုက်ချင်တာ ရူးမတတ်ပဲ၊ ကိုကိုနဲ့ ခွဲပြီး နှစ်နှစ် နေရမယ်ဆိုတဲ့ အတွေးကို တွေးတောင် မတွေးဝံ့ဘူးဆရာ၊ နောက်ပိုင်းတော့ နှောင်းမှာ ဖေဖေ့ကို ဆုံးရှုံးရတယ်၊ ပြဿနာတွေ ရှုပ်ထွေးလာတယ်၊ ငြီးငွေ့လာတယ်၊ နှောင်း ဆုံးဖြတ်မှုတွေ ပြောင်းကုန်ခဲ့ပါတယ်၊ နှောင်း နိုင်ငံတကာ လှည့်ပတ် အလုပ်လုပ်ချင်တဲ့ ရည်ရွယ်ချက်ကတော့ ရှိနေတုန်းပါပဲ၊ ဒါပေမဲ့..."

နှောင်းက သူ့ကို ဆွေးဆွေးမြည့်မြည့် တစ်ချက်ကြည့်၏။

"နှောင်းသွားဖို့ အချိန်မဟုတ်သေးဘူးလို့ နှောင်းထင်တယ် ဆရာ၊ နှောင်းမှာ သိပ်ခိုင်လွန်းတဲ့ သံယောဇဉ်ကြိုးက နှစ်ကြိုးဖြစ်နေပြီဆရာ၊ တစ်ကြိုးက မေမေ့အပေါ်မှာ၊ မှုဆိုးမဖြစ်နေရတဲ့ မေမေ့အပေါ်မှာ ခိုင်မြဲတဲ့ ကြိုး၊ နောက်တစ်ကြိုးက ဘယ်သူ့အပေါ်မှာလဲလို့ ဆရာမမေးပါနဲ့... နှောင်း မဖြေနိုင်ဘူး၊ နှောင်းကို လူနာတစ်ယောက်အနေနဲ့ မေးရင်လဲ နှောင်း မဖြေနိုင်ဘူး၊ မိန်းမသားတစ်ယောက်အနေနဲ့ မေးရင်လဲ နှောင်း မဖြေနိုင်ပါဘူး"

နှောင်း မျက်လွှာချလိုက်သည်ကို သူရင်နာစွာ ငေးမောရာမှ မျက်နှာလွှဲပစ်လိုက်မိ၏။

"နှောင်း အသက်နှစ်ဆယ့်လေးနှစ် ကျော်တဲ့အထိ ဘာမှမဖြစ်ဘူးလို့ နှောင်း သေချာတဲ့အခါ၊ နောက်ပြီး နှောင်း မျှော်လင့်တာတစ်ခုလဲ မရတော့ဘူးလို့ သေချာတဲ့အခါ (ဒါမှမဟုတ်) ရပြီလို့ သေချာတဲ့အခါမှာ နှောင်းသွားပါ့မယ် ဆရာ... နှောင်း သွားမှာပါ၊ အခုတော့ နှောင်း နေပါရစေဦး ဆရာ၊ နှစ်ဆယ့်လေးနှစ်ကို ရင်ဆိုင်ဖို့ အားမာန်က မြန်မာနိုင်ငံမှာပဲ ရှိပါတယ်ဆရာ၊ နှောင်းလေ...နှောင်း ဘာမဆို သေချာချင်တယ် ဆရာ"

နှောင်းသည် စကားပြောရင်း အသံအနည်းငယ် အက်ကွဲလာကာ ရုတ်တရက် လက်ဖဝါးနှစ်ဖက်ပေါ် မျက်နှာမှောက်ချကာ ငြိမ်သက်တိတ်ဆိတ် သွား၏။ မှောက်ချထားသော မျက်နှာပေါ်သို့ ကပိုကရို ဝဲလွင့်ကျနေသော ဆံပင်ရှည်ကလေးများကို သူ မချင့်မရဲ ငေးမောကြည့်လျက် ရင်ထဲမှာ စူးစူးနစ်နစ် နာကျင်လာသည်။

နှောင်း၏ ရှိုက်သံတစ်ချက်နှစ်ချက် ထိန်းချုပ်ထားရာမှ ထွက်ပေါ်လာသောအခါ သူထိုင်ရာမှ ဖြုန်းခနဲ ထရပ်လိုက်၏။

သို့သော် နှောင်း၏ ဦးခေါင်း၊ ဆံပင်ကလေးကိုမျှ သူ မထိကိုင်ရဲ။ သူသည် စိတ်ဆင်းရဲခြင်းကြီးစွာဖြင့် မတ်မတ်ရပ်ကာ နံရံတစ်ဖက်သို့ လှမ်းငေးနေမိသည်။

"ကျေးဇူးပြုပြီး နှောင်းကို မတိုက်တွန်းပါနဲ့ ဆရာ၊ နှောင်း အသက်အစိတ် ပြည့်တဲ့အထိ မြန်မာနိုင်ငံမှာ နေချင်ပါတယ်၊ နှောင်းဘဝမှာ သေချာဖို့ သိပ်လိုနေလို့ပါ ဆရာ နှောင်းကို မတိုက်တွန်းပါနဲ့"

သူ တင်းကျပ်နေသော စိတ်များကို ငြိမ်သက်စွာ ပြေလျော့အောင် ထိန်းယူ ဖြေလွှတ်လိုက်ပြီး နှောင်းကို ကြည့်လိုက်၏။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"စိတ်အေးအေးထားပါ နှောင်း၊ နှောင်းကို ဆရာမတိုက်တွန်းပါဘူး၊ နှောင်း မေမေကလဲ မတိုက်တွန်းပါဘူး၊ သူ သိချင်တာက နှောင်း တကယ် မသွားချင်တာလားဆိုတာ သိချင်ရုံသက်သက်ပါ၊ နှောင်း မသွားချင်ရင် ကမ္ဘာပေါ်မှာ အပျော်ဆုံးက နှောင်းမေမေပဲ ဖြစ်ပါလိမ့်မယ် နှောင်း"

နှောင်းက ရုတ်တရက် ပြန်ထိန်းချုပ်လိုက်ဟန်ဖြင့် မျက်နှာမော့လာသည်။

မျက်ရည်စိုစွတ်သော နှာခေါင်းကော့ကော့၊ နီထွေးသော နှုတ်ခမ်းငုံကလေး မဲ့ကွေးသော နှောင်း၏ငိုပြီးခါစ မျက်နှာကလေးသည် သူ့အား ထိန်းချုပ်ထားသော သိက္ခာပုဒ်များ၊ ဣန္ဒြေများ၊ မဖြစ်သင့်မှုများအားလုံး ချိုးဖောက်ရန်းထွက်စေလောက်အောင် အစွမ်းထက်မည်ဖြစ်ကြောင်း သူချက်ချင်း သတိပြုမိသွား၏။ သူ အံကြိတ်ကာ မှတ်စုစာရွက်များကို ကောက်ယူလှန်လှောကြည့်သလိုနှင့် မျက်နှာလွှဲပစ်လိုက်သည်။

ဘုရား ဘုရား... ဒုက္ခပဲ နှောင်း၊ ကိုယ်တော့ အခုမှ ဒုက္ခရောက်တော့မယ်။

သူသည် ဆက်လက် ထိန်းချုပ်ရန် စွမ်းမှ စွမ်းပါ့မလားဟူသော သံသယဖြင့် ပထမဦးဆုံးအကြိမ် စိတ်ဓာတ်ကျ စိုးရိမ်ပူပန်လာ၏။

နှောင်း မျက်ရည်ကို သူ ဘယ်လို ရင်ဆိုင်ရမှာပါလိမ့်။

ဖဖဖဖဖ

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

## အခန်း(၁၂)

“ဆေးခန်းထဲမှာ မဟုတ်ဘဲ ဆရာ့ကို အပြင်မှာ တွေ့ရတာ နှောင်း သိပ်ပျော်တာပဲ”

နှောင်းသည် ဒူးဆစ်ထိဖုံးသော ဂျင်းစကတ်ဖားဖားကြီးကို ဝတ်ထားသဖြင့် ဆယ်ကျော်သက် မိန်းကလေးတစ်ယောက်၏ နုနယ်လန်းဆန်းမှုမျိုး ရှိနေသည်။ တီရှပ်အဖြူပွပွကြီးကို စကတ်ထဲ ထည့်ဝတ်ထားပြီး ခါးဆီတွင် ပြန်ဖွထား၏။ လက်ပွပွ ဖားဖားကြီးမှာလည်း သေးသွယ်သော ကိုယ်လုံးကလေးနှင့် မတန်တဆ ပွရောင်းနေသောကြောင့် လှပသော အရုပ်ကလေးတစ်ရုပ်နှင့်လည်း တူသေးသည်။

“နှောင်းပျော်တယ်ဆိုရင် ဆရာ ဝမ်းသာတယ်”

“တစ်ခါလောက် မေမေနဲ့ လာဦးမှပဲ၊ ကော်ဖီလဲ ကောင်းတယ်နော်... ဆရာ”

စိတ်လွတ်ပျော်ရွှင်စွာ ခြံဝင်းအကျယ်ကြီးကို ဟိုသည်ငေးမောစူးစမ်း နေသည့် နှောင်းသည် တကယ့်ကလေးမကလေးပဲ ဖြစ်နေသည်။

“ဆရာ့ဇနီးက ချောလားဟင်...ဆရာ”

သူ့ဇနီးအကြောင်း နှောင်း မေးသောကြောင့် သူ အနေမခက်တော့ပါ။ သူ ကရော်ကမယ် ဖြေလိုက်ဖို့ စဉ်းစားပြီးမှ တည်ကြည်စွာ ဖြေလိုက်၏။

“ကြည့်လို့ကောင်းရုံပါပဲ နှောင်း၊ မချောလှပါဘူး”

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

သီသည် ဣန္ဒြေရသော မျက်နှာထားတွင် စူးရှနက်မှောင်သော မျက်ဝန်းများ ရှိသည်။ နှစ်ပေါင်းများစွာ ကွဲကွာနေသော်လည်း သို့မျက်ဝန်း၏ တောက်ပမှုကို ယခုပြန်စဉ်းစားလျှင် ယခုပြန်မှတ်မိလာဆဲ ဖြစ်သည်။ အေးဆေး သိမ်မွေ့သည်ဟု သူ ထင်ခဲ့သောသီသည် တကယ်တော့ မထုံထက်တေး အေးစက်ခြင်းသာ ဖြစ်ကြောင်း တဖြည်းဖြည်း သိလာခဲ့ရ၏။

"ဆရာ သူ့ကို တော်တော်ပိုးခဲ့ရလားဟင်"

သောက်လက်စ ကော်ဖီပန်းကန်ကို ကမန်းကတန်း အောက်ပြန်ချ၍ နှောင်းကို မျက်လုံးပြူးကြည့်လိုက်တော့ နှောင်းက ခွက်ထိုးခွက်လန် ရယ်လေသည်။

နှောင်းသည် သူ့ဇနီးနှင့်ပတ်သက်၍ သိပ်မခံစားရတော့ဘူးဟု သူ ဝမ်းသာစွာ တွေးသည်။

နှောင်းသည် သူ့သံယောဇဉ်ကိုလည်း တဖြည်းဖြည်း နားလည်လာပုံရ၏။ ခါတိုင်းလို သူ့အပေါ် နာကြည်းရိပ်၊ ကြေကွဲရိပ်များ ပျောက်ကွယ်နေသည်။

"နှောင်း မမြင်ဖူးတဲ့ မိန်းမတစ်ယောက်ကို နှောင်း စိတ်မဝင်စားဘူးဆို… နှောင်း"

"အို… ဒါပေမဲ့ နှောင်းက ဆရာ့ခံစားချက်ကို သိချင်တယ်လေ"

"သိပ်မမှတ်မိတော့ပါဘူး နှောင်းရယ်၊ သိပ်တော့ မပိုးလိုက်ရဘူး ထင်ပါရဲ့"

"ဟုတ်မှာပါ၊ ဆရာက အရမ်းကြည့်လို့ကောင်းတာ၊ ငယ်ငယ်ကဆို ဆရာ ချောမှာနော်"

မေးစေ့တွင် လက်နှစ်ဖက်ထောက်၍ ကလေးသဖွယ် စိတ်ပါလက်ပါပြောရင်း သူ့ကို ကြည်စင်စွာ ငေးတော့ မနေတတ်စွာ ဟက်ခနဲ ရယ်မောလိုက်လေသည်။

"သိပ်မမြှောက်နဲ့ နှောင်း၊ ကိုယ်က နဂိုကတည်းက ဘဝင်က ခပ်ကိုင်ကိုင်ရယ်"

နှောင်းက သူ့ကို သတိလက်လွတ် ပွင့်လင်းစွာ ငေးနေပြန်သည်။ နှောင်း၏ ပြာလဲ့ဖြူစင်သော မျက်ဝန်းထဲမှ သိသိသာသာ မြတ်နိုးတွယ်တာရိပ်ကို နှောင်း ဖုံးဖိဖို့ မကြိုးစားခဲ့ပေ။

"ဆရာတို့ ဘယ်လို စ တွေ့တာလဲဟင်"

"ဗုဒ္ဓေါ… မေးခွန်းတွေက မဆုံးနိုင်တော့ဘူးလား နှောင်း၊ ဒါကိုယ့်ကို လက်စားချေတာလား"

"ဟုတ်တယ်၊ ဆေးခန်းမှာဆို ဆရာ မေးသမျှ နှောင်းဖြေရတယ်၊ အခု နှောင်း မေးသမျှ ဆရာဖြေအလှည့်၊ ဖြေလေ ဆရာ…"

"ကိုယ်တို့ကို မိဘပေးစားတာကွ"

သူ ခပ်တည်တည် လိမ်ဖို့ ကြိုးစားရင်း ရှေ့စကား နောက်စကား မညီညွတ်မှုကို သူ့ဟာသူ ပြန်သတိရသွားကာ အိုးတိုးအမ်းတမ်း ဖြစ်သွား၏။

"ဟင်…ဟုတ်လဲ မဟုတ်ဘဲနဲ့"

နှောင်းက မူနွဲ့စွာ ရယ်မောတော့ နှောင်း၏ နှင်းဆီငုံနှုတ်ခမ်းကလေး၏ ပွင့်အာမှုကို သူ ရင်ခုန်စွာ ငေးမောမိသွားလေသည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"နှောင်း ကော်ပြန့်သုပ် စားဦးမလား"

"ဆရာ နယ်ပေးရင် စားမယ်နော် ဆရာ"

ဘုရား… ဘုရား။

သူ့မျက်နှာ ရှိန်းခနဲ နွေးသွားသည်ကို နှောင်း မသိအောင် ရယ်မောလိုက်ရ၏။ သို့သော် ရင်ထဲမှာ နွေးထွေးသွားသည့် ခံစားမှုကလေးကိုတော့ ပျောက်ပျက်မှာ စိုးရွံ့မိပြန်သည်။

"ဘေးစားပွဲဝိုင်းတွေက သားအဖလို့ မထင်တော့ဘဲ ဖြစ်သွားမယ်လေ နှောင်း"

"ဘယ်လို ထင်ထင်…"

ချွဲနွဲ့သော နှောင်း စကားသံအဆုံးမှာတော့ သူ ကော်ပြန့်တစ်ပွဲ ထပ်မှာလိုက်၏။ နှောင်းအပေါ် မျက်လုံးဖြင့်၊ မျက်နှာအမူအရာဖြင့် သိသိသာသာ ဂရုမစိုက်မိအောင် သူမနည်းထိန်းချုပ်ထားရသည်။

"ဆရာတို့ ဘယ်လိုစတွေ့သလဲဆိုတာ နှောင်းကို မဖြေရသေးဘူး"

"အိုး…ဟုတ်ပါရဲ့၊ ဒီလိုပါပဲ နှောင်းရယ်၊ အဆန်းတကြယ် မဟုတ်ပါဘူး၊ ကိုယ်က အလုပ်သင်ဆရာဝန်ဘဝ မန္တလေးဆေးရုံကြီးမှာပေါ့၊ ကိုယ် စိတ်ကုဆေးရုံဘက်မှာ ခဏတာဝန်ကျတဲ့အချိန် သူကလဲ စိတ်ကုဆေးရုံကိုအလာ …"

"ဟင်…ဒါဖြင့် သူက နှောင်းလိုပဲ ဆရာ့လူနာပေါ့"

ကမန်းကတန်း ဖြတ်မေးသော နှောင်း၏ အားတက်သရော အမေးကို သူနားလည်ခံစား၍ ရသည်ဟု ထင်သည်။ အားတက်သရော အမေးကြောင့် သူ စိတ်မကောင်းလည်း ဖြစ်သွားသည်။

"ဟာ… မဟုတ်ဘူး နှောင်း၊ သူက မန္တလေးတက္ကသိုလ် စိတ်ပညာအဓိက နောက်ဆုံးနှစ် ကျောင်းသူလေ၊ ဆိုက်ကိုလိုဂျီ နောက်ဆုံးနှစ် ကျောင်းသားတိုင်း ဆိုက်ခီယာထရစ်ယူနစ်ကို လက်တွေ့လေ့လာဖို့ လာရတယ် နှောင်းရဲ့၊ အဲဒီမှာ ဆရာနဲ့ တွေ့တာပဲ၊ ရိုးရိုးကလေးပါပဲ နှောင်း၊ တစ်နှစ်ကြာတော့ ကိုယ်တို့ လက်ထပ်လိုက်ကြတယ်"

နှောင်းအတွက် ကော်ပြန့်သုပ်ကို တူဖြင့် ကျွမ်းကျင်စွာ (သို့သော် ရှက်ရွံ့မှုကြောင့် ခက်ခဲစွာ) နယ်ပေးနေခိုက် နှောင်းက မေးစေ့ကို လက်နှစ်ဖက် စုံထောက်လျက် ငေးစိုက်ကြည့်နေ၏။

"နောက်တစ်နှစ်ကြာတော့ ကိုယ်တို့ ကွဲသွားကြတယ်"

"ဘာဖြစ်လို့ ကွဲသွားတာလဲ ဟင်"

သူ နှောင်းရှေ့သို့ ပန်းကန်ကို ချပေးရင် ပြုံးလိုက်သည်။

"တစ်ယောက်လိုအပ်တာကို တစ်ယောက်က မပေးနိုင်ကြလို့ပေါ့၊ စားလိုက် နှောင်း… ပြီးမှ ဆက်မေးနော်"

နှောင်းက သူ့စကားကို သဘောကျစွာ ရယ်လေသည်။

၄ဖလမ်း ဆေးကုခန်း၏ပြင်ပတွင် တစ်ခါတစ်ရံ တွေ့ပြီး ဆေးကုခန်းတွင် တစ်ခါတစ်ရံ တွေ့ကြရင်းဖြင့် နှောင်းနှင့် သူ့အကြားက သံယောဇဉ်မှာ သန့်ရှင်းဖြူစင်စွာ ခိုင်မြဲလာခဲ့သည်။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

ထို့နောက် နှောင်း၏ ၂၃နှစ်မြောက် မွေးနေ့သို့ ရောက်လာသောအခါ ဆရာဝန်သည် သူ့လူနာကို ထူးဆန်းသော မွေးနေ့လက်ဆောင် ပေးလိုက်လေသည်။

တကယ် ကျားပေါက်စကလေးနှင့် ပုံသဏ္ဍာန် အရောင်အသွေး၊ အမွေးနုနုကအစ တူသော မွေးပွကျားရုပ်ကလေးတစ်ကောင်။ "အာဖရိက မသွားခင် နှောင်း မွေးထားဖို့"ဟု ကျားကလေးကို ပွေ့ချီ၍ ပေးလိုက်လေသည်။

နှောင်းသည် သူ့မွေးနေ့လက်ဆောင်ကို အသည်းတယားယား ကိုင်တွယ်ပွေ့ဖက်လိုက်၊ ပြန်ချလိုက်နှင့် ရယ်မောမဆုံး ရှိတော့သည်။ နှောင်း၏ ပျော်ရွှင်မှုသည် သူ့ထံသို့ ညီမျှစွာ ကူးစက်လာခဲ့၏။ နှောင်း ၂၄နှစ်ထဲသို့ ဝင်လာပြီဟူသော ရင်ထိတ်စိုးရွံ့မှုကို နှောင်းမေ့ပျောက်သွားအောင် သူ ကျိတ်၍ တာဝန်ယူလိုက်သည်။

"ဒီကျားလေးကို နှောင်း နာမည်ပေးဖို့ စဉ်းစားလိုက်ဦးမယ်၊ ဒါနဲ့ ဆရာ သူက အထီးလား အမလားဟင်"

သူ ရယ်ချင်စိတ်ကို ထိန်းချုပ်လျက် 'အထီး'ဟု ဖြေလိုက်၏။

"အင်း... အထီးဆိုရင်တော့ ဆီဇာရိုပေါ့"

"ဆရာရေ... ဆရာ့လူနာဖြစ်ခါမှ နှောင်း ကလေးပိုတောင် ငယ်တောင် ငယ်သွားသလိုပဲ၊ အခုတလော သမီးက အရမ်းကလေးဆန်တာပဲ ဆရာ၊ ဆရာ တော်တော် သည်းသည်းခံရမှာနော်"

နှောင်းမိခင်က နှောင်း မရှိခိုက် ခပ်တိုးတိုး ပြောဆိုပြုံးရယ်တော့ သူ့မျက်နှာ ဖြန်းခနဲ ပူနွေးသွားလေသည်။

တစ်ခါတစ်ခါကျတော့ နှောင်းက အရွယ်နှင့် မလိုက်အောင် တည်ငြိမ်စွာဖြင့် ဘဝအကြောင်းကို ဆွေးနွေးဖို့ ကြိုးစားတတ်သေး၏။

"ဆရာ့ဘဝကို ဆရာ သိပ်မြတ်နိုးလားဟင်"

သူ နှောင်းကို တအံ့တသြ ကြည့်မိသည်။

"ဘယ့်နှယ် မေးလိုက်တာလဲ နှောင်း၊ နှောင်း ဘာစိတ်ကူးပေါက်သွားတာလဲ"

"ဟင့်အင်း... နှောင်း သိချင်လို့ပါ၊ ဒေါက်တာအောင်စည်ဆိုတဲ့ ဆရာ့ဘဝကို ဆရာသိပ်တန်ဖိုးထားသလားလို့ နှောင်း သိချင်လို့"

နှောင်းမျက်ဝန်းတွင် နာကြည်းရိပ်များ ရှိလေမလားဟု သူ စိုးရိမ်စွာ ရှာဖွေသေး၏။ မတွေ့ပါ။

"ဆရာ ပြောပြီးပါပြီကောလား၊ တစ်ခါတစ်ခါ ဆရာ့ရဲ့ဖြစ်တည်မှုကို ဆရာကိုယ်တိုင် မေ့နေတယ်ဆိုတာ၊ ဆရာဟာ လူနာတွေအတွက် အသက်ရှင်နေတယ်လို့တောင် ထင်မိတယ်"

"မဟုတ်ဘူး... ဆရာဟာ လူနာတွေအတွက် အသက်ရှင်နေတာ မဟုတ်ပါဘူး၊ လူနာတွေက ဆရာ့ရဲ့ ဒေါက်တာအောင်စည်ဆိုတဲ့ အတ္တကို အရောင်တင်ပေးနေတဲ့ လူသားတွေပါ ဆရာရဲ့၊ တကယ်တော့ ဆရာ့ဘဝကို ဆရာ သိပ်မြတ်နိုးတယ်၊ သိပ်တန်ဖိုးထားတယ်၊ အက်သစ်ဆိုတဲ့ အရာကို ဆရာ အရာရာထက် တန်ဖိုးထားတယ်၊ ဆရာ့ရဲ့ ဘဝတန်ဖိုးက စိတ်ကုဆရာဝန်တစ်ယောက်ရဲ့ ကျင့်ဝတ်နဲ့ ကျွမ်းကျင်မှု..."

"မဟုတ်ဘူး နှောင်း"

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

"ဟုတ်ပါတယ်… ဆရာ မငြင်းပါနဲ့၊ နှောင်းလဲ နှောင်းအတွက်ပဲ အသက်ရှင်နေတာပါ ဆရာ၊ နောက်ပြီး ဆရာ့ထက်ပိုနေတာက နှောင်းက နှောင်းဘဝကို သိပ်ချစ်မြတ်နိုးတယ်၊ နှောင်းခင်ဇော်ဆိုတဲ့ ဖြစ်တည်မှုထက် ပိုကောင်းတဲ့ဘဝ ရှိရင်တောင် နှောင်း မလဲနိုင်ဘူး၊ နှောင်းအတွက် လောကကြီးက နေရထိုင်ရတာ ထိုက်တန်တယ်၊ နှောင်းလိုချင်တာ မရတဲ့စိတ်သောကတော့ ရှိတာပေါ့၊ အရင်ကတော့ စိတ်သောကကြောင့် ကြေကွဲတယ်၊ အားငယ်တယ်၊ စိတ်ဓာတ်ကျတယ်၊ အခုတော့ နှောင်း စိတ်ဓာတ်မကျတော့ဘူး…နှောင်း လိုချင်တာကို မဖြစ်ဖြစ်အောင် ယူမယ်လို့ စိတ်ဆုံးဖြတ်လိုက်ပြီ၊ ဘယ်နည်းနဲ့ ရရပေါ့ ဆရာရယ်"

"ဘုရား…ဘုရား"

နှောင်းက သူ၏ဟာသစွက်မှုကို မသိဟန်ဆောင်ထား၏။

"နှောင်းဘဝမှာ ဒုက္ခတွေလဲ ကြုံရပါရဲ့၊ ဒါပေမဲ့ ဘဝဟာ နှောင်းအတွက် ထိုက်တန်တယ်၊ နှောင်း မသေချင်သေးဘူး"

နှောင်းမျက်နှာတွင် ကြေကွဲထိတ်လန့်မှုတော့ မတွေ့ရပါ။ မာန်တင်းမှုသာ တွေ့ရ၏။

"ဘယ်လိုလူတွေဟာ ကိုယ့်ကိုယ်ကို သတ်သေကြသလဲ ဆရာ"

"စိတ်ရောဂါသည်တွေပေါ့"

သူကောက်ကာငင်ကာ ဖြေလိုက်တော့ နှောင်းက သူ့ကို ဇဝေဇဝါ ငေးနေ၏။

"နှောင်း ဖတ်ဖူးတဲ့ စာအုပ်တစ်အုပ်မှာတော့ လူ့ဘဝရဲ့ ရှုပ်ထွေးမှုကို နားမလည်လာတဲ့အခါမှာ ကမ္ဘာကြီးဟာ အသက်ရှင်နေဖို့အထိ မထိုက်တန်ဘူးလို့ ထင်လာကြတယ်တဲ့၊ အဲဒီအခါမှာ လူတွေဟာ ကိုယ့်ကိုယ်ကို သတ်သေကြသတဲ့ ဆရာ"

သူ တကယ်ပင် ဘုရား တ မိလျက် နှောင်းကို အလန့်တကြား ကြည့်လိုက်မိသည်။

"နှောင်း ဘယ်စာအုပ်ထဲကဟာတွေလဲ"

"ကာမျူးရဲ့စာအုပ်လေ ဆရာ၊ ဆရာ ကာမျူးကို သိလား"

နှောင်း၏မျက်နှာတွင် ကျားပေါက်စရုပ်ကလေးကို ဖက်ပွေ့စဉ်ကလို ကြည်လင်ရွှင်ပျမှု မရှိပါ။

"သူ့စာအုပ်တွေ ဆရာသိပ်မဖတ်ဘူး နှောင်း… ဆရာ့ကုထုံးအတွက်၊ ဆရာ့လူနာတွေအတွက် အသုံးမဝင်တဲ့ အတွေးအခေါ်တွေ ဆရာ မလိုချင်ပါဘူး"

"ဒါပေမဲ့ စီစီဖတ်စ်ရဲ့ ဒဏ္ဍာရီကတော့ သိပ်စိတ်ဝင်စားဖို့ ကောင်းပါတယ် ဆရာ၊ အဲဒီစာအုပ်ထဲမှာ သူက လူ့ဘဝကို ဒဏ္ဍာရီထဲက စီစီဖတ်စ်ရဲ့ အဖြစ်အပျက်နဲ့ နှိုင်းယှဉ်ပြထားတယ်၊ ဆရာ နားထောင်မယ်ဆိုရင် နှောင်း ပြောပြမယ်လေ"

"နားထောင်ချင်ပါတယ်"

"စီစီဖတ်စ်ဆိုတာ ဂရိနတ်ဘုရားတွေ ခေတ်က သူရဲကောင်းပဲ ဆိုပါတော့ ဆရာ၊ ဂရိစာဆိုကြီး ဟိုးမားရဲ့ကဗျာထဲကပေါ့၊ ကာမျူးက အဲဒီစီစီဖတ်စ်ကို စိတ်ဝင်စားလို့ သူ့ကို ဆန်းစစ်ဝေဖန်ထားတာ၊ စီစီဖတ်စ်ဟာ နတ်တွေရဲ့ ဒဏ်ပေးခြင်း ခံရတယ်၊ ဂျူပီတာက တခြားနတ်ဘုရားတစ်ယောက်ရဲ့ သမီးကို ယူသွားတဲ့ကိစ္စမှာ

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

စီစီဖတ်စ်ဟာ ကြံရာပါလို့ စွပ်စွဲခံရတယ်၊ အဲဒီအကြောင်းကို သိချင်ရင် သူတို့တိုင်းပြည်အတွက် ရေပေးရမယ်လို့ စီစီဖတ်စ်က အကျပ်ကိုင်တယ်၊ အဲဒီနောက်မှာတော့ သူကို အပြစ်ပေးခံရတယ်၊ အပြစ်ပေးပုံက ကမ္ဘာမြေအောက်မှာ သူ နေရမယ်၊ အင်မတန် ကြီးမားတဲ့ ကျောက်တုံးကြီးတစ်ခုကို မြင့်မားတဲ့ တောင်ထိပ်ပေါ်အထိ ရောက်အောင် တွန်းလှိမ့်တင်ရမယ်၊ တောင်ထိပ်ရောက်ရင် ဒီကျောက်တုံးက အောက်ခြေအထိ ပြန်လိမ့်ကျသွားမယ်၊ နောက်တစ်ကြိမ် ထပ်တင်ရမယ်… အဲဒီ သံသရာကို မဆုံးနိုင်အောင် လုပ်နေရမယ်တဲ့…။

"…ကာမျူးစိတ်ဝင်စားတာက တောင်ထိပ်ပေါ်ကနေ ပြန်ဆင်းလာရတဲ့ စီစီဖတ်စ်ရဲ့ အပြန်လမ်းပဲ၊ သူတောင်ထိပ်ကို တွန်းတင်နေတဲ့အခါ သူ့မှာ ရှိသမျှအားအင်နဲ့ မေးကြောတွေ တင်းကျပ်လာအောင် အားနဲ့မာန်နဲ့ တွန်းနေရတယ်၊ သူရည်ရွယ်တဲ့ တောင်ထိပ်ဆိုတဲ့ ပန်းတိုင် ရောက်သွားတဲ့အခါ သူ့မျက်စိအောက်မှာပဲ ကျောက်တုံးကြီး အောက်လိမ့်ကျသွားတာကို ကြည့်နေရတယ်၊ ဒီကျောက်တုံးကို သူ နောက်တစ်ကြိမ် ပြန်တင်ရဦးမယ်ဆိုတာ သိသိကြီးနဲ့ သူပြန်ဆင်းလာခဲ့ရတယ်၊ လေးကန်တဲ့ ခြေလှမ်းတွေနဲ့ ဘယ်တော့ ပြီးဆုံးမယ်လို့ မသိနိုင်တဲ့ လုပ်ငန်းခွင်ဆီ ပြန်လာရတယ်၊ သူ့အတွက် အဲဒီအခိုက်အတန့်ကလေးဟာ အသိစိတ်ရဲ့ နာရီပိုင်းပဲတဲ့၊ ကျောက်တုံးဆီကို ပြန်လာရတဲ့လမ်းမှာ သူဟာသူ့ကံကြမ္မာရဲ့ အရှင်သခင်ပဲ၊ သူဟာ သူ့ကျောက်တုံးထက် ပိုပြီး သန်မာတယ်တဲ့၊ အလုပ်ခွင်မှာ လုပ်နေတဲ့ အလုပ်သမားတွေရဲ့ ဘဝကို စီစီဖတ်စ်နဲ့ နှိုင်းယှဉ်ပြထားတယ်၊ ဒီပုံပြင်ဟာ ငိုကြွေးစရာ ပုံပြင်ဆိုရင် အလွမ်းဟာ အဲဒီရှားပါးလှတဲ့ အသိစိတ်ဝင်တဲ့ တစ်ခဏကလေးပဲ ရှိတယ်တဲ့၊ စီစီဖတ်စ်ရဲ့ အပြန်လမ်းမှာ သူ့ရဲ့ညှဉ်းပန်းခံ နှိပ်စက်ခံအဖြစ်ဟာ တစ်ချိန်တည်းမှာပဲ တောင်ထိပ်ကိုရောက်အောင် တွန်းတင်ဖို့ သူ့ရဲ့ အောင်မြင်မှုကို ဖြစ်စေတယ်တဲ့၊ နှောင်းတို့ဘဝဟာ အဲလောက် ဆိုးရွားနေလို့လား ဆရာ…"

သူ နှောင်းကို ကြင်နာစွာ ပြုံးပြလိုက်၏။

"ဆရာတို့ ကမ္ဘာကြီးက အဲလောက် မဆိုးပါဘူး နှောင်းရယ်၊ ကမ္ဘာကြီးမှာ အပြုံးတွေရှိတယ်၊ နှောင်း လက်ခံလား"

"ဟုတ်ကဲ့"

"မျှော်လင့်ခြင်းတွေ ရှိတယ်၊ အလိုဆန္ဒ ပြည့်ဝမှုဆိုတာတွေ ရှိတယ်၊ ရုပ်ဝတ္ထုပစ္စည်းတွေ၊ သိပ္ပံပညာတွေ ရှိတယ်၊ လှပတဲ့ ကြယ်တွေ၊ သစ်တောတွေ၊ နောက်ပြီး အကြင်နာတွေ၊ သံယောဇဉ်တွေ ရှိတယ်၊ ဆရာတို့အတွက် လူ့ဘဝကြီးဟာ သိပ်အဓိပ္ပာယ် ရှိပါတယ်၊ မသေချင်လောက်အောင်ကို အဓိပ္ပာယ် ရှိပါတယ်"

သူနှင့်နှောင်း တစ်ယောက်ကိုတစ်ယောက် စိုက်ငေးနေခဲ့ကြသည်။

မေလကုန် တက္ကသိုလ်များ ပြန်ဖွင့်သောအခါ နှောင်းကို တက်ကြွသော ကျောင်းသူတစ်ယောက်အဖြစ် တွေ့ရပြန်သည်။

၂၄နှစ်ဆိုသော အသက်အပိုင်းအခြားသို့ ရောက်လာချိန်ဖြစ်၍ နှောင်းကို သူ ယခင်ကထက်ပို၍ ကြင်နာယုယမှုပြဖို့ လိုနေပြီ။

"တွေ့လား နှောင်း… နှစ်ဆယ့်သုံးနှစ်မြောက် မွေးနေ့လွန်ခဲ့ပြီ၊ နှောင်း ဘယ်မှာ အိမ်ထောင်ကျလို့လဲ"

သူ ရယ်သလို မောသလို စ တော့ နှောင်းက သဘောကျစွာ ရယ်မောရင်း တစ်ချက်တော့ ငိုင်သွားသေး၏။

"နှောင်း နှစ်ဆယ့်လေးနှစ်ကို လန့်နေသေးတယ် ဆရာ"

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

"နှောင်းကလဲကွာ... နှစ်ဆယ့်လေးနှစ်မြောက်မွေးနေ့ကို အခမ်းနားဆုံး ကျင်းပဖို့ကို တွေးနေစမ်း၊ နှောင်း ဒီကြားထဲမှာ ဘာမှဆိုးဖို့နဲ့မှ မရခဲ့ဘူးလေကွာ၊ လာမယ့်မွေးနေ့မှာ နှောင်း ဘာလိုချင်သလဲ"

သူ ပြုံးရွှင်စွာ နှစ်သိမ့်သော်လည်း နှောင်းက တွေဝေစွာ ခေါင်းခါယမ်း၏။

"နှောင်းဘဝမှာ လိုချင်တာထက် ဖြစ်သင့်တာကိုပဲ ဦးစားပေးနေရလို့လား မသိဘူး၊ အခု နှောင်း ဘာလိုချင်မှန်းတောင် မသိတော့ပါဘူး ဆရာ"

လိမ္မာပါးနပ်လှသော နှောင်းကို လက်ဖျားလေး ထွေးဆုပ်ဆွဲယူ၍ ပိုးသားနက်ရောင် ဆံပင်ပျော့ကလေးများကို မချင့်မရဲ ထိတို့နှစ်သိမ့်ချင်စိတ်ဖြင့် သူ အားတင်းကာ မျက်နှာလွှဲပစ်လိုက်၏။

ကားမောင်းသူနေရာတွင် အသီးသီးထိုင်ပြီး တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်ပြီးသော်လည်း ကိုယ့်ခရီးကို မဆက်နိုင်ကြ။ ကားပြတင်းမှ သူ့ဘက်သို့ နှောင်း လှမ်းကြည့်နေသည်ကို မမြင်ချင်ယောင်ဆောင်ဖို့ ကြိုးစားရသည်မှာ ကြေကွဲစရာ အကောင်းဆုံး ခွဲခွာမှုပင် ဖြစ်သည်။

သူ ကားတံခါးဖွင့်ပြီး နှောင်းဆီ လျှောက်သွားချင်စိတ်ကို ဇွတ်အတင်း ထိန်းချုပ်ထားလိုက်၏။

"အက်သစ်ဆိုတဲ့ အရာကို ဆရာ အရာရာထက် ပိုတန်ဖိုးထားတယ်"

နှောင်း၏ မချင့်မရဲစွပ်စွဲမှုကို ပြန်ကြားယောင်မိလာသောအခါ သူ အံကြိတ်၍ ကားစက်နှိုးလိုက်၏။ ကိုယ့်ကို ခွင့်မလွှတ်ပါနဲ့ နှောင်းရယ်။

စာမေးပွဲဖြေပြီးသောနေ့က သူစွန့်စားခြင်းကြီးစွာဖြင့် နှောင်း၏ ဆန္ဒတစ်ခုကို လိုက်လျောလိုက်၏။ အင်းလျားသို့ နှောင်းနှင့်အတူ သွားပြီး ဘူးသီးကြော်စားခြင်း အမှုကိစ္စ ဖြစ်သည်။

"ဆရာ... ငါးနာရီအထိပဲ အချိန်ပေးနိုင်မယ်နော် နှောင်း၊ ဆရာ့လူနာတွေ..."

နှောင်းက စကားဖြတ်လျက် 'ဟုတ်ကဲ့' ဟု တိုတိုပြတ်ပြတ် သဘောတူပြီးမှ သူ့မျက်နှာကို တစ်ခဏ ငေးမောကာ ပင့်သက်တစ်ချက် ရှိုက်ရင်း ပြုံးလေသည်။

"နှောင်းရဲ့ ပျော်ရွှင်မှုအတွက် ဆရာစိတ်အနှောင့်အယှက် မဖြစ်စေချင်ပါဘူး ဆရာ၊ နှောင်း ဆရာ့အချိန်ကို နာရီဝက်ပဲ ယူမှာပါ"

ကန်ပေါင်ပေါ်သို့ ထိုင်ဖို့လည်း သူ့အသက်အရွယ်ကြီးနှင့် သည်မိန်းကလေး နုနုနယ်နယ်ကလေးနှင့် မသင့်တော်။ စားသောက်ဆိုင်တွေဘက် သွားထိုင်ရအောင်ကလည်း ပတ်ဝန်းကျင်က သူနှင့်နှောင်းကို သမားရိုးကျ သမီးရည်းစားတွဲများနှင့် တန်းတူထား၍ ကြည့်ကြလိမ့်ဦးမည်။ ကားရှေ့ခန်းထဲ ဘူးသီးကြော် ဝယ်စားဖို့လည်း မသင့်တော်။ သူ ဘာလုပ်ရမည်မှန်း မသိဘဲ အကြာကြီး တွန့်ဆုတ် စဉ်းစားနေသည်ကို နှောင်းက သဘောကျစွာ ငေးနေ၏။

နောက်ဆုံးတော့ ကျောက်ဖြူစားသောက်ဆိုင်၏ ကန်ရေစပ်စားပွဲတွင် နှောင်းနှင့်အတူ မျက်နှာချင်းဆိုင် ထိုင်မိသည်။ အနီးအနား မြင်မြင်သမျှ လူသားများမှာ ကျောင်းသားအရွယ် လူငယ်ကလေးများချည်း ဖြစ်သည်။ သူသည် ဣန္ဒြေရရ မျက်နှာထားကို နောက်ထပ် တင်းမာ၍ ထားလိုက်၏။

"ညီညီလွင် ရော စာမေးပွဲပြီးပြီလား"

"ဟုတ်ကဲ့ ပြီးပြီ ဆရာ၊ မနေ့က နှောင်းနဲ့ တွေ့တယ်၊ သူ နောက်လ စင်ကာပူ ထွက်တော့မယ်တဲ့ ဆရာ"

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

သူ ငြိမ်သက်စွာ နားထောင်နေမိသည်။

"နှောင်းရဲ့ နှစ်ဆယ့်လေးနှစ်မြောက် မွေးနေ့ကို သူ မတက်နိုင်တဲ့ အတွက် စိတ်မကောင်းပါဘူးတဲ့၊ ဒါပေမဲ့ မွေးနေ့လက်ဆောင် လှမ်းပို့လိုက်ပါမယ်တဲ့" နှောင်း၏မျက်နှာကလေးက ဣန္ဒြေရရကလေး ဖြစ်သောကြောင့် သူ စိတ်ဝင်စားသွား၏။ နှောင်း ညီညီလွင်ကို လွမ်းသလား။ ဤမေးခွန်းကို သူ မမေးပါ။ သို့သော် နှောင်းက ဖြေ၏။

"နှောင်း အတွက် ညီညီလွင် မလိုပါဘူး ဆရာ"

ထိုစကားကို ပြောခိုက် နှောင်း၏ မျက်လုံးများ သူ့ကို လှမ်းကြည့်အကဲခတ်ခြင်း မရှိသည့်အတွက် နှောင်းကို သူကျေးဇူးတင်ပါသည်။ သူတို့နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ဖို့ ခက်ခဲဝန်လေးစွာ ရေပြင်ဆီကိုသာ ငေးကြည့်နေကြသည်။ ထို့နောက် နှောင်းက စိတ်ပေါ့ပါးစွာ ပြုံး၏။

"အင်းလျားကို ဆရာ ဘယ်နှစ်ခါ လာဖူးလဲဟင်"

"တစ်သက်နဲ့တစ်ကိုယ် ဒါဟာ ပထမဆုံးအကြိမ် အင်းလျားကန်စောင်းမှာ ခြေချခြင်းပဲ နှောင်း"

"အို..."

နှောင်း သူ့ကို တအံ့တဩ ကြည့်၏။

"ဘယ်လောက် သနားစရာ ကောင်းလိုက်တဲ့ ဆရာလဲ၊ ဆရာ ရေပြင်ပေါ်က လေညင်းရဲ့အရသာကို မခံစားဖူးဘူး ထင်တယ်"

"ဆရာ့အလုပ်က ရေပြင်ကို ခံစားဖို့မှ မဟုတ်ဘဲ နှောင်းရဲ့၊ လူနာတွေရဲ့ စိတ်ကို ခံစားဖို့ပဲ"

နှောင်း၏ မျက်စောင်းလဲ့လဲ့ကလေးသည် သူ့ရင်ထဲသို့ လှုပ်ခတ်စွာပင် ရောက်သွားသည်။

"ဆရာ ငယ်ငယ်ကတော့ ရေပြင်ကျယ်ကျယ်မြင်ရင် ငါးမျှားချင်စိတ်သာ ပေါက်ပေါက်လာတော့တယ်"

နှောင်းက ခစ်ခနဲ ရယ်မောကာ 'အနုပညာ လုံးဝမရှိသော ဆရာပဲ' ဟု ဝေဖန်၏။

သူ မငြင်းပါ၊ ရေပြင်စပ်မှ ရေမှော်ပင်ကလေးများကို ငေးမောရင်း ငါးမျှားခြင်းနှင့် ပတ်သက်နေသော ဟာသစကားတစ်ခုကို သတိရမိသည်။ သူနှင့် သူ့ဇနီး တစ်ယောက်ကိုတစ်ယောက် သွေးအေးအေး တိုက်ခိုက်နေစဉ် ကာလတစ်ခုတွင် သူ့ဇနီးက သူ့ကိုပြောခဲ့သော စကားလည်း ဖြစ်သည်။

"ဒါနဲ့ နှောင်း... ကပ်ဖ်ကာကို သိမှာပေါ့"

"ဟုတ်ကဲ့၊ ဒါပေမဲ့ သူ့စာအုပ်တွေ သိပ်မဖတ်ဖူးဘူး ဆရာ"

သူ ရယ်မောလိုက်သည်။

"ဆရာလဲ တစ်အုပ်မှ မဖတ်ဖူးပါဘူး၊ ဆရာ့ဇနီးပြောဖူးတဲ့ စကားကို သတိရလို့ပါ၊ ဆရာ့ကို ချွတ်တဲ့စကားလေ၊ နားထောင်မလား နှောင်း"

"ဆရာ့ကို ချွတ်တဲ့စကားဆို နှောင်း စိတ်ဝင်စားပါတယ် ဆရာ"

"တော်တော်အားကိုးရမယ့် ကလေးပဲ"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

သို့သော် သူပြုံး၍ စကားဆက်ပါသည်။

"တစ်ခါက လူတစ်ယောက်ဟာ ရေချိုးတဲ့ကြွေကန်ထဲ ရေအပြည့်ဖြည့်ပြီး အဲဒီထဲမှာ ငါးမျှားနေသတဲ့၊ ဒါကို တခြားလူတစ်ယောက် အင်း... ဆရာ့ဇနီးရဲ့ လေသံအတိုင်း ပြောရရင် ကိုယ့်လို စိတ်ကုဆရာဝန် စိတ်ဓာတ်အပြည့်ရှိသူတစ်ယောက်က ဘေးကနေကြည့်ပြီး ဟေ့လူ... ငါးစာကို ငါးဟပ်နေပြီလား မသိဘူးလို့ ပြောလိုက်သတဲ့၊ အဲဒီတော့ ငါးမျှားနေတဲ့လူက ဘာပြန်ပြောလဲ သိလား၊ ခင်ဗျား ရူးလှချည်လား... ဘယ့်နှယ်လုပ် ဖြစ်နိုင်ပါ့မလဲ၊ ဒီဟာက ရေချိုးတဲ့ ကြွေကန်ဗျ...လို့ ပြောသတဲ့"

ထို့နောက် နှောင်းနှင့်သူ ရယ်မောကြသည်။

"အဲဒါနဲ့ ကပ်ဖ်ကာနဲ့ ဘာဆိုင်သလဲ ဆရာ"

"နားမလည်နိုင်တဲ့ စကြဝဠာကြီးထဲမှာ လူသားတစ်ယောက် ဖြစ်တည်နေရတဲ့ အဖြစ်ဟာ လူတစ်ယောက် သူ့ဟာသူ ရေချိုးကြွေကန်ထဲ ရေဖြည့်ပြီး ငါးမျှားနေတဲ့ အဖြစ်အတိုင်းပါပဲတဲ့၊ ဒီထဲက ဘာမှ ထွက်လာမှာ ရလာမှာ မဟုတ်မှန်း သိသိနဲ့ ရပ်တည်နေကြတဲ့ ဘဝကို ကပ်ဖ်ကာရဲ့ ဝတ္ထုတွေမှာ သရုပ်ဖော်ထားကြတယ်... တဲ့"

"အဲဒါရော ဘယ်သူက ပြောတာတဲ့လဲဟင်"

"ဘယ်သူက ရေးခဲ့သလဲတော့ ဆရာလဲ မသိပါဘူး၊ ဆရာ့ကို ပြန်ပြောခဲ့တာတော့ သီပဲ"

"သီ..."

နှောင်း၏နှုတ်ဖျားမှ ပထမဆုံးအကြိမ် နာကျင်စွာ ရေရွတ်လိုက်သော သီ ဆိုသည့် နာမည်သည် သူ့ကို နှောင်တများစွာဖြင့် ရက်ရွံ့သွားစေ၏။ သူ အားနာသွားကာ နှောင်း၏မျက်နှာကို ကြည့်ချင်လျက် မကြည့်ရက်ဘဲ ရေပြင်ကို လှမ်းကြည့် ငြိမ်သက်နေမိသည်။

"အဲဒီ သီ က ဘယ်လိုမိန်းမမျိုးလဲ ဆရာ"

သတ္တိရှိသော နှောင်းသည် ရင်ဆိုင်ရခက်ခဲသည့် မေးခွန်းကို ပြောင်မြောက်စွာ မေးနိုင်လေသည်။ သူကသာ နှောင်း၏ စိတ်ဆင်းရဲမှု ပမာဏကို ခန့်မှန်းရင်း အသက်သာဆုံးဖြစ်မည့် အဖြေကို ပေးလိုက်သည်။

"သူက ကမ္ဘာလောကမှာ မိန်းမတစ်ယောက်အဖြစ် မွေးဖွားလာပေမယ့် မိန်းမ မဖြစ်သင့်ဆုံးလူသားပဲ နှောင်းရဲ့၊ သီသီဟာ ကိုယ့်ဘဝရဲ့ မှားယွင်းမှု တစ်ခုပဲ"

ဖဖဖဖ

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

**မသိသိ**

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

## အခန်း(၁၃)

အခန်းကလေးသည် ကျဉ်းမြောင်းသော်လည်း ဖန်ချောင်းမီးရောင်ဖြင့် ထိန်လင်းနေ၏။ အခန်းထဲတွင် လူနှစ်ယောက် ရှိနေသည်။ ဆရာဝန်သည် လူနာခုတင်ဘေးတွင် မတ်တတ်ရပ်နေပြီး ခုတင်ပေါ်မှ လူနာအမျိုးသမီးကို ငုံ့ကြည့်စမ်းသပ်နေသည်။ ဖန်ချောင်းအလင်းရောင်၏ စူးရှမှုဒဏ်ကို မခံနိုင်သလို အမျိုးသမီးက မျက်စိစုံမှိတ်၍ မျက်ခုံးရှုံ့ထားသည်ကို ဆရာဝန်က ဂရုတစိုက် အကဲခတ်ကြည့်နေပြီးမှ နားကြပ်ကို နေရာရွှေ့သည်။ ရင်ညွှန့်ပေါ်မှ လည်ပင်းဘေးဘက်၊ ထိုမှတဆင့် အမျိုးသမီး၏ မှိတ်ထားသော မျက်လုံးပေါ် ရွှေ့ယူလိုက်သည်။ မကြားသင့်သော သွေးစီးသံမျိုး မကြားရပါ။ သူ နားကြပ်ကို နားမှ ဖြုတ်လိုက်၏။

"ခင်ဗျားရဲ့လက်ချောင်းတွေ တစ်ခါအကြောဆွဲရင် ဘယ်လောက်ကြာတတ်သလဲ"

အမျိုးသမီးက မျက်လုံးကို ကြိုးစားဖွင့်သည်။ ဆရာဝန်သည် ဤမျက်လုံးမျိုးနှင့် ရင်းနှီးဖူးသလိုလို ထင်နေ၏။

"တစ်ခါတစ်ခါတော့လဲ တစ်မိနစ်လောက်ပဲ၊ တစ်ခါတစ်ခါတော့လဲ ဆယ်မိနစ်လောက် ကြာတတ်ပါတယ်"

"အဲဒီအချိန်မှာ ခင်ဗျားလက်ချောင်းတွေ လှုပ်ရှားနိုင်သလား၊ အလုပ်လုပ်နိုင်သလား"

"မလုပ်နိုင်ဘူးဆရာ... တော်တော်ဆိုးဆိုးဝါးဝါး လှုပ်နေတာဆိုတော့ ဖိထိန်းထားလို့လဲ မရဘူး"

ညိုစိမ့်စိမ့် ပိန်သွယ်သော အမျိုးသမီး၏ မျက်နှာတွင် မှတ်မိလွယ်ဆုံးမှာ နှာခေါင်းဖြစ်၏။ နှာခေါင်းသည် သာမန်ထက် အနည်းငယ်ပို၍ ရှည်နေသည်။ မျက်နှာသွယ်သောကြောင့် ကြည့်ကောင်းရုံသာ ရှိသည်။ ဤနှာခေါင်းမျိုး သူမြင်ဖူးသည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"အဲဒါမျိုး ပုံမှန်ဖြစ်တတ်သလား၊ ဥပမာ... တစ်လတစ်ကြိမ် နှစ်ကြိမ် စသဖြင့်ပေါ့"

"ပုံမှန်တော့မဟုတ်ဘူး ဆရာ၊ တစ်ခါတစ်ခါတော့ တစ်လ တစ်ကြိမ်လောက်၊ တစ်ခါတစ်ခါလဲ ဘာမှမဖြစ်ဘဲ လေးငါးလ ကြာချင်ကြာတတ်တာ"

သူမသည် အမြဲတမ်း ခံစားနေရသည့် ပြင်းထန်စူးရှသော ခေါင်းကိုက်ဝေဒနာနှင့် ပျို့အန်ခြင်းကိုသာ အဓိကခံစားချက်အဖြစ် ပြောပြခဲ့ခြင်းဖြစ်သည်။ သို့သော် ဆရာဝန်က သူမ တစ်ခါတစ်ခါမှ ဖြစ်တတ်သည့် အကြောဆွဲခြင်းကို ဂရုတစိုက် မေးနေသောကြောင့် သူမ နားမလည်သလို ဖြစ်လာသည်။

"အဲဒါမျိုး ခင်ဗျား ငယ်ငယ်က မဖြစ်ဖူးတာ သေချာတယ်နော်"

"သေချာပါတယ် ဆရာ၊ ကျွန်မ အသက်သုံးဆယ်ကျော်မှ ဖြစ်လာတာပါ၊ အတိအကျပြောရရင်တော နှစ်နှစ်လောက်ပဲ ရှိပါသေးတယ်"

ဆရာဝန်က လူနာ၏ မျက်နှာနှင့်ဦးခေါင်းကို ဂရုတစိုက် စစ်ဆေးကြည့်ပြီး ခေါင်းတစ်ချက် ညိတ်လိုက်သည်။ သူ့စားပွဲဆီ ပြန်သွားကာ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး ယခင်တစ်ပတ်က စစ်ဆေးထားသည့် ဓာတ်မှန်များ၊ သွေးစစ်ဆေးမှုအဖြေများကို လှန်လှောကြည့်နေလေသည်။

"ခေါင်းကိုက်တာနဲ့ အန်တာနဲ့ အတူတူ ဖြစ်တတ်သလား"

"အဲ... ဟုတ်ကဲ့၊ ခေါင်းကိုက်တာက ပိုများတယ် ဆရာ"

"မနက်ပိုင်းနဲ့ ညနေပိုင်း ဘယ်အချိန်မှာ ပိုခေါင်းကိုက်သလဲ"

"မနက်ပိုင်း..."

ဆရာဝန်က ခေါင်းတစ်ချက် ညိတ်လိုက်ပြီး စာရွက်တစ်ခု ဆွဲဖြုတ်ကာ စာကြောင်းများကို ခပ်သွက်သွက် ရေးနေ၏။

"ခင်ဗျား ထ လို့ရပြီ၊ ဖြည်းဖြည်းထနော်"

အမျိုးသမီးက အိပ်ရာမှ ဖြည်းညင်းစွာထပြီး ခုတင်ပေါ်မှာ ခြေတွဲလောင်းချ၍ ထိုင်သည်။ ဆရာဝန်က သူမကို အပေါ်ယံ တစ်ချက်ရှုပ်၍ ကြည့်လိုက်ပြီး ဦးခေါင်းဓာတ်မှန်ကို စူးစိုက်ငုံ့ကြည့်နေ၏။

"ကျွန်တော်တို့ နောက်တစ်ဆင့် စစ်ဆေးဖို့ ကျန်သေးတယ်၊ ခင်ဗျား စိတ်ရှည်ရှည်ထားမှ ဖြစ်မယ်နော်"

အမျိုးသမီးက ဝေဒနာကြားမှ အားယူ၍ ပြုံးလိုက်သောအခါ ထိုအပြုံးသည် ဆရာဝန်အား တစ်စုံတစ်ယောက်ကို သတိရသွားစေသည်။ သို့သော် ဘယ်သူမှန်းလဲ မသဲကွဲဘဲ ဖြစ်နေ၏။

"ခင်ဗျားနဲ့အတူ တခြား ဘယ်သူပါသေးလဲ"

လူနာတစ်ယောက်ကို 'တခြားဘယ်သူပါသေးလဲ' ဟု မေးခြင်းတွင် ဝမ်းနည်းထိတ်လန့်ဖွယ်ရာ အဓိပ္ပာယ်များ ရှိနေနိုင်ကြောင်း သူမ သိပါသည်။ သူမ စိတ်တင်းထားလိုက်ရ၏။

"ကျွန်မ တည်းတဲ့အိမ်က ကလေးမလေးတစ်ယောက်ပဲ ပါတယ်ဆရာ၊ ဘာအခက်အခဲရှိလို့လဲဟင်၊ ကျွန်မကို အားမနာပါနဲ့ဆရာ... ကျွန်မ ဘာမဆို ရင်ဆိုင်ရဲပါတယ်"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

ဘာမဆို...။

ဤစကားကို ဆရာဝန် မယုံပါ။ လူနာတော်တော်များများသည် မိမိတို့ ရောဂါ၏ ဆိုးရွားသောအဖြေကို ရင်မဆိုင်နိုင်ကြပါ။

"မဟုတ်ပါဘူး၊ ခင်ဗျားကို ကျွန်တော်ဘာမှ အတိအကျ မပြောနိုင်သေးပါဘူး၊ ကျွန်တော်တို့ နောက်ထပ် စစ်ဆေးမှု တစ်ခု ကျန်သေးတယ်၊ အဲဒီအတွက် တနင်္လာနေ့မှာ ဦးနှောက်နှင့် အာရုံကြောဆေးရုံကြီးကို ခင်ဗျား လာရဦးမယ်"

အမျိုးသမီး၏ မျက်ဝန်းတောက်ပမှုမှာ ညှိုးဖျော့သွားသည်။ ဆရာဝန်က ကမန်းကတန်း ပြုံးပြလိုက်၏။

"ဘာမှခက်ခဲတဲ့ စစ်ဆေးမှု မဟုတ်ပါဘူး၊ ဟိုတစ်ပတ်က ခင်ဗျားကို ဦးနှောက်လှိုင်း စစ်ဆေးခဲ့သလောက်ပါပဲ၊ ခင်ဗျား ဘာမှလဲ နာစရာ မလိုဘူး၊ ကြောက်စရာလဲ မရှိဘူး၊ ခင်ဗျား ဦးနှောက်ကို ကျွန်တော်တို့က ကွန်ပျူတာနဲ့ ကြည့်ပေးမှာပါ၊ ခင်ဗျားက ခုတင်ပေါ်မှာ အသာကလေး အိပ်နေရုံပဲ၊ ဘာမှ မထူးဆန်းဘူး၊ မိနစ်ပိုင်းကလေး အိပ်ရုံနဲ့ ပြီးသွားမှာပါ"

ထို့နောက် ဆရာဝန်က မျက်မှောင်ကြုတ်၍ စဉ်းစားသည်။

"မန္တလေးမှာ မသီသီဆိုတဲ့ နာမည်ကို ကျွန်တော်ကောင်းကောင်း သိခဲ့ဖူးပါတယ်၊ နောက်ပြီး ခင်ဗျားကို ကျွန်တော် မြင်ဖူးသလိုပဲ"

ဆရာဝန်ကိုယ်တိုင်က စဉ်းစားနေသောအခါ သူမသည် အကဲခတ် ကြည့်နေရင်းက သူမ မှတ်မိနေကြောင်း အသိပေးလိုက်ရမလားဟု ချီတုံချတုံဖြစ်နေသည်။

"ကျွန်တော့်ကို ခင်ဗျား သိသလား"

နောက်ဆုံး ဆရာဝန်က ဖွင့်မေး၏။ သူမ မလိမ်မညာဘဲ အမှန်အတိုင်းဖြေရန် စိတ်ကူးလိုက်သည်။

"ဟုတ်ကဲ့... ဟိုလွန်ခဲ့တဲ့ နှစ်တော်တော်များများတုန်းက ကျွန်မတို့အိမ်ကို ဆရာလာလည်ဖူးပါတယ်"

"ဟာ... ဟုတ်လား၊ ခင်ဗျားတို့အိမ်..."

ဆရာဝန်သည် မျက်ရစ်သိပ်မထင်ရှားသော မျက်လုံးကို အစွမ်းကုန်အားစိုက်၍ ကြည့်၏။ ဤဆရာဝန်က သီ့ကို မမှတ်မိသော်လည်း သီက ဆရာဝန်ကို ကောင်းကောင်း မှတ်မိနေပါသည်။ အတန်ငယ်နီမြန်၍ ဝနေသော မျက်နှာပေါ်က အဆီနည်းနည်းနှင့် စုထွက်နေသော ပိုက်တို့ကို နုတ်ဖယ်လိုက်လျှင် ဤဆရာဝန်သည် လွန်ခဲ့သော ဆယ်နှစ်ကျော်က သီတို့အိမ်ကို လိုက်လာဖူးသော မောင့်သူငယ်ချင်း ဖြစ်သည်။

"စိတ်မရှိနဲ့နော်... ခင်ဗျား ဒေါက်တာအောင်စည်ရဲ့ဇနီး မသီသီများလား"

"ဟုတ်ကဲ့"

ဆရာဝန်က သူ့နှဖူးသူ လက်ဝါးနှင့် ဖျတ်ခနဲရိုက်ကာ ညည်းညူလေသည်။

"ဖြစ်မှဖြစ်ရလေဗျာ... ကျွန်တော် ဘယ်လောက်မှတ်မိဖို့ ကောင်းသလဲ"

ထို့နောက် ဆရာဝန်က သီ့ကို ငေးကြည့်နေသည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

လူတွေ၏စိတ်ကို ဖတ်ရာတွင် အသင့်အတင့် ကျွမ်းကျင်သော သီသည် မျက်နှာချင်းဆိုင်က ဆရာဝန်၏မျက်လုံးကို ခန့်မှန်း ဖတ်ရှုလိုက်သောအခါ ဆိုးရွားသော အဖြေတစ်ခုကို သွားတွေ့သည်။

"ဘာမှ စိတ်ပူမနေပါနဲ့ မသီသီ၊ အဆိုးဆုံးအနေနဲ့ ခွဲစိတ်ကုသမှု လုပ်ချင်လုပ်ရလိမ့်မယ်၊ ကံကောင်းရင်လဲ စားဆေးနဲ့ သက်သာသွားမှာပါ"

"ကျွန်မ သိပ်စိတ်မပူပါဘူးဆရာ၊ အဖြေကို မြန်မြန်ရင်ဆိုင်ပစ်လိုက်ချင်တာ တစ်ခုပါပဲ"

အဖြေသည် ဆရာဝန့်လက်ထဲက ဓာတ်မှန်စာရွက်များတွင် ရှိနေလောက်ပြီဟု ထင်သည်။

"အောင်စည်နဲ့ တွေ့သေးလား"

"မတွေ့ပါဘူး ဆရာ၊ သူနဲ့ မတွေ့တာ ဆယ့်ငါးနှစ်လောက် ရှိပါပြီ"

ဆရာဝန်က သီ့ထံမှ မျက်နှာလွှဲလိုက်၏။

"သူ အင်္ဂလန်က ပြန်လာပြီး တံတားလေး စိတ်ကုဆေးရုံမှာ လုပ်နေတယ်လေ"

"ဟုတ်ကဲ့၊ ကျွန်မ သတင်းကြားပါတယ်"

ထို့နောက် ဆရာဝန်က ခေါင်းတစ်ချက် လေးလေးညိတ်ကာ တနင်္လာနေ့ လာရမည့်အချိန်နှင့် နေရာကို ပြောပြပြီး သူ့ကို ပြန်ခွင့်ပေးလိုက်သည်။

တနင်္လာနေ့ စစ်ဆေးသည့် ကွန်ပျူတာဖြင့် ကြည့်ရှုခြင်းသည် လွယ်ကူစွာ ပြီးဆုံးသွား၏။ ထိုအဖြေကို ယူရန် ဆရာဝန်၏ဆေးခန်းသို့ မသွားမီ တစ်ရက်လုံးလုံး သီ့စိတ်တွေ လေးလံနေသည်။ ထို့အပြင် ရောဂါနှင့် မဆိုင်သော အဖြစ်အပျက် တစ်စုံတစ်ရာ ထူးခြားမှု တွေ့ရလိမ့်မည်ဟုလည်း ထင်နေသည်။ သီ့ထင်မြင်ချက် မှန်ပါသည်။

ဆရာဝန့်ဆေးခန်းထဲတွင် ဆရာဝန်နှင့်အတူ တခြားတစ်ယောက်ကိုပါ တွေ့လိုက်ရသည်။ သူက သီဝင်လာသောအခါ ထိုင်ရာမှ ထရပ်၍ လှည့်ကြည့်၏။ သူမ ခန်းဆီးကို ပြန်ချလျက် သူတို့နှစ်ယောက်လုံးကို ပြုံးပြကာ စားပွဲဆီသို့ လျှောက်သွားသည်။

သီ့မောင်သည် လွန်ခဲ့သော နှစ်များစွာကလိုပင် ကြင်နာတတ်သော မျက်လုံးများဖြင့် သိမ်မွေ့သော လူငယ်တစ်ယောက် ဖြစ်သည်။ ညိုဖျော့ဖျော့ လိုင်းတွန့် ဆံပင်ပါးပါးကို ယခင်ကလိုပင် နောက်ပြန်လှန်ဖြီးထားရာ ကျယ်ပြန့်သော နဖူးပြင်က ပိုမိုထင်ရှားနေသည်။ နားသယ်စပ် နှစ်ဖက်ဆီမှာတော့ လူငယ်ကလေး မဟုတ်တော့သော လူလတ်တစ်ယောက်၏ ဇရာ အရိပ်အယောင်အဖြစ် အဖြူစွက်သော ဆံမျှင် တစ်ခုတလေ မြင်ရသည်။

"မင်္ဂလာပါ ဒေါက်တာ"

သီ နှုတ်ဆက်တော့ ဒေါက်တာအောင်စည်က အိုးနင်းခွက်နင်း ပြန်ပြုံးပြ၏။ သူ့မျက်နှာဆီမှ စိတ်တင်းကျပ်မှုကြီးသည် သူမ၏ ရောဂါအဖြေကို ကံဆိုးရွားစွာ သိလိုက်ရလို့ပဲ ဖြစ်မည်။ သူမသည် မိမိဘာသာ ကောက်ချက်ချပြီး စိတ်လေးလံသွားလေသည်။ မြတ်စွာဘုရားကို အာရုံပြုထားရန် သီ ကြိုးစားရသည်။

"မင်္ဂလာပါ သီ... နေကောင်းရဲ့လား"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

မောင်ဟာ ဟိုတုန်းကလိုပဲ အူကြောင်ကြောင်နိုင်တုန်းကပဲဟု သီ တွေးလိုက်၏။ သို့သော် မောင့်မေးခွန်းကို သီကလည်း အူကြောင်ကြောင် အဖြေဖြင့် ပြန်ဖြေသည်။

"ဟုတ်ကဲ့… နေကောင်းပါတယ် ဒေါက်တာ"

ခွဲခွာပြီးသော ခင်ပွန်းသည်နှင့် ပြန်တွေ့ရသည်မှာ မင်္ဂလာဖြစ်သော်လည်း သူ့ထံမှတစ်ဆင့် သိရမည့်အဖြေမှာ အမင်္ဂလာ ဖြစ်သည်။ သူမသည် စိတ်အသိ ကင်းမဲ့သူလို ခပ်ကြောင်ကြောင် ရပ်နေ၏။

"ထိုင်ပါ မသီသီ၊ ဒီအချိန်က လူရှင်းတဲ့အချိန်ပါ၊ ကျွန်တော် အလုပ် မလုပ်တဲ့အချိန်လေ"

"အားနာလိုက်တာ ဆရာ"

သူမ တွန့်ဆုတ်စွာ ဝင်ထိုင်သည်။

"ဟာ… အားမနာပါနဲ့၊ ကျွန်တော် မသီသီကို တောင်းပန်ရဦးမှာ ၊ မသီသီကို ခွင့်မတောင်းဘဲ အောင်စည့်ကို ဖုန်းဆက်ခေါ်မိတဲ့အတွက်လေ၊ မသီသီ စိတ်မဆိုးပါနဲ့နော်၊ ကျွန်တော် လုပ်သင့်တယ် ထင်လို့ပါ၊ လူသားတစ်ယောက်ဟာ သူ့ရဲ့ အဆိုးရွားဆုံး ကံကြမ္မာကို ရင်ဆိုင်ရမယ့် အချိန်မှာ ဘေးမှာ အားကိုးတိုင်ပင်စရာ လူတစ်ယောက်ရှိဖို့ လိုတယ်လို့ ကျွန်တော်ထင်ပါတယ်"

မမြင်ရသော အမှောင်တိုက်ကြီးတစ်ခု သီ့မျက်နှာဆီသို့ ရုတ်တရက် ပြိုဆင်းလာသလို ခံစားလိုက်ရသည်။ အဆိုးရွားဆုံး ကံကြမ္မာ…။ သီ၏ အလွန်နွေးထွေးသော နှလုံးခုန်နှုန်းသည် ရုတ်တရက် ရပ်သွားတော့မည်ဟု ထင်လိုက်သည်။ စကားလုံးများကို ပြေပြစ်အောင် အာရုံကို မနည်းစုစည်းလိုက်ရ၏။

"ကျွန်မ နားလည်ပါတယ် ဆရာ၊ ဆရာ့လုပ်ရပ်ကို မှန်တယ်လို့ မပြောနိုင်ပေမယ့် လူသားအဆန်ဆုံး လုပ်ရပ်ပါပဲ၊ ဒေါက်တာ ဦးအောင်စည်အတွက် စိတ်မကောင်းဖြစ်မိတာက လွဲရင် ဆရာ့ကို ကျွန်မ ကျေးဇူးတင်ပါတယ်"

မောင်ကတော့ ထုံးစံအတိုင်း စကားနည်းတိတ်ဆိတ်စွာ ထိုင်နေလေသည်။

"ကျွန်မရောဂါက ဘာလဲဆရာ"

ဆရာဝန်က ချက်ချင်းမဖြေဘဲ မောင့်ကိုလှမ်းကြည့်၏။ မောင်က မသိမသာ ခေါင်းညိတ်လိုက်သည့်အခါ ဆရာဝန်က သီ့မျက်လုံးကို မကြည့်ဘဲ ဖြေသည်။

"ဘရိန်းကျူမာပဲ မသီသီ၊ ပြောရရင်တော့ ဦးနှောက်ဆဲလ်တွေထဲမှာ မူမှန်ဘဲ ကြီးထွားပွားနဲ့ အမြစ်တွယ်နေတဲ့ အနာအမျိုးအစားပါပဲ"

လေးပင်မှုတစ်ခုသည် နှလုံးဆီသို့ အရှိန်ပြင်းစွာ ထုနက် ခြေမွပစ်လိုက်လေသည်။ နှလုံးခုန် ရပ်သွား၏။ အမြင်အာရုံတွင် လျှပ်စီးလက်သလို ဝင်းခနဲ ပြိုးပြက်သွားကာ မြင်ကွင်းက ပြာဝေသွား၏။ နားထဲတွင် တီးတိုးသံများ ဆူညံနေသည်။

ကိုယ်ခန္ဓာရှိ သွေးအားလုံး အေးခဲကာ လှည့်ပတ်စီးဆင်းမှုများ ရပ်ဆိုင်းသွားသည်။

"သီ…"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

ဒေါက်တာအောင်စည်က ဘေးတွင် မတ်တတ်ရပ်နေရာမှ သီ့ကုလားထိုင်၏ နောက်သို့ လျင်မြန်စွာ ရပ်လိုက်သည်။ သီ့ပခုံးပေါ် ဖွဖွကလေး လက်တင်လိုက်၏။

"သီ… ကင်ဆာတိုင်းဟာ ကျူမာဖြစ်ပေမယ့် ကျူမာတိုင်းဟာ ကင်ဆာ မဟုတ်ဘူး၊ ကင်ဆာမဟုတ်တဲ့ ကျူမာဟာ ပျံ့နှံ့နှုန်း နှေးပါတယ်"

ရင်ထဲမှ ပူလောင်မှုကြီးနှင့် ဆန့်ကျင်စွာ သီ့နဖူး လည်ကုပ်တို့တွင် ချွေးစေးများဖြင့် အေးစက်စိုထိုင်းလာ၏။ လက်ဖျားတစ်ခုနှင့်တစ်ခု တင်းကျပ်စွာ ဆုပ်ကိုင်လျက် ရုတ်တရက် ဖြစ်ပေါ်လာသော ထိတ်လန့်တုန်လှုပ်မှု ဝေဒနာကို အားတင်း၍ ဖျောက်ဖျက်နေရသည်။

ကမ္ဘာလောကကြီးသည် သီ့ကို နှင်ထုတ်နေပြီ။ မမြင်နိုင်သော ခွန်အားများက သီ့ကို အမှောင်တိုက်အတွင်းသို့ ကြမ်းတမ်းစွာ တွန်းပို့နေပြီ။

ငြိမ်းချမ်းသော အရုဏ်ဦးများ၊ တိတ်ဆိတ်သော ညနေခင်းများ၊ အေးမြ လတ်ဆတ်သော လေညင်းများ၊ ဟိုတုန်းက သီ မက်မောဖို့ သတိမရခဲ့သော အရာတို့သည် သီ့ကို သရော်လှောင်ပြောင်ကြတော့မည်။ သီ၏ သည်းခံနိုင်စွမ်းကို စမ်းသပ်ကြတော့မည်။

ဖြုန်းခနဲ တုန်လှုပ်သွားသော စိတ်ကို တဖြည်းဖြည်း ထိန်းချုပ်ရန် ကြိုးစားမိသည်။

"မစိုးရိမ်ပါနဲ့ ဒေါက်တာ၊ သီ ဘာမှမဖြစ်ပါဘူး၊ စိတ်အေးအေးထားပါ"

ဘယ်လောက်ချစ်စရာကောင်းလိုက်သည့် စကားပါလိမ့်။ တကယ်တော့ သည်မျှ ချောက်ချားဖွယ် အဖြစ်မှန်ကြီးတစ်ခုကို ဘယ်သူက စိတ်အေးအေးထားပြီး ရင်ဆိုင်နိုင်ပါ့မလဲ။ ဝေ့ဝဲလာသော မျက်ရည်များကြောင့် သီ့အမြင်များ ဝါးသွားသည်။ လည်ချောင်းဆီမှ တင်းကျပ်သော ဆို့နင့်မှုကြီးသည် ဘယ်တော့မှ ပျောက်ကွယ်တော့မှာ မဟုတ်။ ဘုရား ဘုရား… သီ ဘာများ တတ်နိုင်ပါ့မလဲ။ မငိုနဲ့… ကိုယ့်စိတ်ကိုယ် နိုင်အောင်ထိန်းချုပ်ဖို့ ကြိုးစားနေတဲ့ မိန်းမတစ်ယောက်ဟာ ငိုဖို့မလိုဘူး။ ဒါ လူသားတိုင်း မလွဲမသွေ ရောက်ရမယ့် ခရီးဆုံးတစ်ခု မဟုတ်လား။

သီ ဇွတ်အားတင်း၍ ထိန်းချုပ်လေ၊ လည်ချောင်းထဲမှာ ပို၍ ပူပြင်းလောင်မြိုက်စွာ ကျပ်ဆို့လေ ဖြစ်နေသည်။ မငိုနဲ့ သီသီ… ဒါ မထူးခြားဘူး၊ ဘာမှမထူးခြားဘူး။

သို့သော် သီ့မျက်လုံးမှ မျက်ရည်များ လိမ့်ဆင်းကျလာလေသည်။

"သီ…"

သူ့ထံမှ ပင့်သက်ရှိုက်သံကို သိသိသာသာ ကြားလိုက်ရပြီး သီ့ဘေးက ကုလားထိုင်ကို သီ့ဘက် ပို၍တိုးကာ ထိုကုလားထိုင်မှာ သူဝင်ထိုင်လိုက်သည်။ ထို့နောက် အေးစက်တောင့်တင်းနေသော သီ့လက်ဖျားများကို နွေးထွေး ခိုင်မြဲသော လက်များဖြင့် ဆုပ်ညှစ်လိုက်၏။ ထိုအခါ သီသည် မိန်းမသားတစ်ယောက်၏ အားငယ်ကြေကွဲ့မှုဖြင့် တစ်ချက်ရှိုက်ငိုမိလေသည်။

အခန်းထဲသို့ တိတ်ဆိတ်သော ဝမ်းနည်းခြင်းက ရုတ်တရက် လွှမ်းမိုးဝင်ရောက်လာခဲ့သည်။ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ အထူးကုဆရာဝန်သည် မိမိရှေ့မှ ဝမ်းနည်းဖွယ်မြင်ကွင်းကို စိတ်မကောင်းစွာ ကြည့်ရင်း မသီသီ၏ အဖြေစာရွက်များကို တစ်ခုနှင့်တစ်ခု ညီညာအောင် စုထပ်ဖို့ အဓိပ္ပာယ် ကင်းမဲ့စွာ ကြိုးစားနေသည်။

Commercial use of this book will be at your OWN RISK!
www.myanmargroupid.net

ဒေါက်တာအောင်စည်ကတော့ သူ့ဇနီးဟောင်း၏ လက်များကို အားပေးသလို တင်းကျပ်စွာ ဆုပ်ထားရင်း ဆို့နင့်နေသော နှုတ်ခမ်းများဖြင့် စကားပြောဖို့ အားယူနေသည်။

ကင်ဆာရောဂါသည် လူနာအတွက် သေမိန့်ဖြစ်သည်။ သို့သော် လူဆိုသည်မှာ မွေးလာကတည်းက သေမိန့်ကျလာခဲ့ပြီးသား မဟုတ်ပါလား။ သေမိန့်နေ့ရက်ကို အတိအကျ မသိဘဲ ဝေးနေခြင်းဖြင့် မိမိနှင့်သေမိန့် ဘယ်လိုမှ မသက်ဆိုင်သလို ကိုယ့်ကိုယ်ကို လှည့်စားပျော်ရွှင်နေခဲ့ကြသည်။

"ဦးနှောက်ကျူမာဆိုတာ ကြောက်စရာ ရောဂါတစ်ခုပဲဆိုတာ ကိုယ်ဝန်ခံပါတယ် သီ၊ ဒါပေမဲ့ သို့အတွက် ကူကယ်ရာမဲ့တဲ့ အဖြစ်ကြီးထဲ ရောက်သွားတာ မဟုတ်သေးပါဘူး၊ ကံကောင်းထောက်မစွာ ကိုယ်တို့မှာ ကျူမာကို ရင်ဆိုင်ဖို့ နည်းလမ်းတွေ အများကြီးရှိတယ် သီ၊ အဓိက က ရောဂါကို ကိုယ်တို့ နားလည်ဖို့ပဲ၊ ရောဂါကို နားလည်ရင်း ရောဂါကို ရင်ဆိုင်ဖို့ နည်းလမ်းတွေကိုလဲ ကိုယ်တို့ နားလည်လာတာပါပဲ"

သီ သူ့ကို ဖြုန်းခနဲ လှည့်ကြည့်လိုက်၏။

"နားလည်ဖို့... ဟုတ်လား ဒေါက်တာ၊ သီ သိပ်နားလည်တာပေါ့၊ သို့ရောဂါဟာ ကုသလို့ မပျောက်တော့တဲ့ရောဂါ၊ သေဖို့ အမြန်ဆုံးရောဂါလေ"

သူ့မျက်နှာတွင် ကြေကွဲဝမ်းနည်းမှုကို တွေ့လိုက်ရသည်။

ချက်ချင်းပင် ဒေါသသည် မှားယွင်းကြောင်း သီရှက်ရွံ့စွာ ဝန်ခံလိုက်ရ၏။ မိမိ၏စိတ်ကို ချုပ်တည်းဖို့ အဆင့်များစွာ လိုနေသေးကြောင်း သီ သတိပြုမိသွားသည်။ သူ့လက်ထဲမှ မိမိ၏လက်ကို ဖြည်းညင်းစွာ ဆွဲယူလိုက်၏။

သူ့မျက်လုံးတွင် မျက်ရည်စိုစွတ်လျက် ရှိသည်။ စိတ်နှလုံးနူးညံ့သော၊ ဒေါသဖြစ်လွယ်၍ ပြေလွယ်သော၊ ကြင်နာတတ်သော်လည်း နာကြည်းတတ်သော မောင်သည် သို့ သေမိန့်သတင်းဆိုးအတွက် သို့ထက် မလျော့နည်းသော ဆုံးရှုံးတုန်လှုပ်မှုကို ခံစားရလိမ့်မည်ဟု သီသိပါသည်။

"ကျူမာလို့ ကိုယ့်ကိုယ်သိသွားတဲ့ လူနာတော်တော်များများဟာ မလိုအပ်ဘဲ မြန်မြန်သေသွားကြတယ် သီ... တော်တော်များများဟာ ကျူမာရဲ့ တိုက်ခိုက်မှုကို မတွန်းလှန်ဘဲ အလွယ်တကူ အရှုံးပေးလို့ သေသွားကြတာ၊ သူတို့ သေတာဟာ ကျူမာကြောင့် မဟုတ်ဘူး၊ စိတ်ပျော့ညံ့မှုကြောင့်..."

သူ့စကားကို သီ နားလည်သလိုလို ရှိသည်။ သူက သို့စိတ်ကို ညှတ်ကွေးနေရာမှ ပြန်မတ်အောင် တွန်းအားပေးလိုက်ခြင်းပင် ဖြစ်သည်။

"ကိုယ်တို့ ဒီရောဂါကို ရန်သူအဖြစ် သဘောထားပြီး တွန်းလှန်တိုက်ခိုက်ဖို့ သီ သဘောတူရဲ့လား"

သူ့ကို မော့ကြည့်လိုက်သော ဇနီးသည်၏ မျက်လုံးများတွင် တွေဝေသော အရိပ်အယောင်သည် တဖြည်းဖြည်းချင်း ပျောက်ကွယ်လာသည်။ သူ့ဇနီး၏ ယခင်က ရှိခဲ့ဖူးသော အားမာန်နှင့် စိတ်ချုပ်တည်းနိုင်စွမ်းများ ရှိနေလိမ့်ဦးမည်ဟု သူထင်ပါသည်။

"ဦးနှောက်ကျူမာကို အဆင့်လေးမျိုး ခွဲလိုက်ရင် သို့ရောဂါက အဆင့်သုံးဖြစ်နေတယ်၊ အဆင့်သုံးဟာ အဆင့်နှစ်ထက် ဆိုးရွားပေမယ့် အဆင့်လေးလို နောက်ဆုံးအဆင့် မဟုတ်ဘူး၊ သီ... ကိုယ်တို့မှာ အခွင့်အရေးတွေ ရှိနေတယ်"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

သူသည် သူပြောနေသော စကားများကို သူကိုယ်တိုင် ယုံရဲ့လားဟု မရေမရာ ဖြစ်နေ၏။ ဒေါက်တာ စောထွန်း ပြောသလိုဆိုလျှင် သီ၏ရောဂါ အဆင့်နှစ်သည် နှစ်နှင့်ချီ၍ ကြာခဲ့သည်။ ဝက်ရူးပြန်ရောဂါ၏ လက္ခဏာမျိုး တစ်ခါတစ်ရံ ပေါ်တတ်သော စောစောပိုင်း နှစ်တွေကသာ သိခဲ့လျှင်…။ သူသည် သူ့ဇနီးနှင့်သူ၏ ကာလကြာရှည်စွာ အဆက်အသွယ် ပြတ်တောက်ကွဲကွာမှုအတွက် ကံကြမ္မာကို အပြစ်တင်နေမိသည်။ သူမ အနီးမှာ သူရှိနေခဲ့လျှင် ရောဂါကို စောစီးစွာ သိနိုင်ပေလိမ့်မည်။ သူ မသိမသာ သက်ပြင်းချလိုက်၏။

စိတ်မကောင်းစရာထဲမှ စိတ်သက်သာဖွယ်ရာကို ရွေးထုတ်ရလျှင် သီ၏ ကျူမာတိုးပွားနှုန်းသည် သိပ်မမြန်လှပါ။ ထို့ကြောင့် သီ၏နေ့ရက်များကို လမှနှစ်အထိ ဆွဲဆန့်ပေးနိုင်လိမ့်မည်ဟု သူယုံကြည်ပါသည်။

“ဒီတော့ ကိုယ်တို့ ခွဲစိတ်ကုသတဲ့နည်းကို အားကိုးလို့ရတယ် သီ”

သူ့စကားကြောင့် သီသည် တွေဝေနေရာမှ အသိဝင်လာ၏။

“ဟင့်အင်း… သီဘာနည်းနဲ့မှ မကုတော့ပါဘူး ဒေါက်တာ၊ သီ မန္တလေးကို ပြန်ချင်ပါတယ်”

“မဖြစ်ဘူး သီ”

သီ သူ့ကို ဝမ်းနည်းကြေကွဲစွာ လှည့်ကြည့်လိုက်သည်။

“အဲဒီလို ခွဲစိတ်လိုက်ရင် အဲဒီဟာကြီး ပျောက်ရောလား”

“လုံးဝတော့ မပျောက်ဘူးပေါ့ သီရယ်”

သူအမှန်အတိုင်း ဖြေမည်ဟု သစ္စာ ဆိုလိုက်၏။

“ဒါပေမဲ့ ခေါင်းခွံကျဉ်းကျဉ်းကလေးထဲမှာ ဒီကျူမာလုံးကြီး နေရာယူပြီး တခြားတစ်သျှူးတွေအပေါ် ဖိနှိပ်၊ မချိမဆံ့ဝေဒနာပေးနေမှာနဲ့ စာရင် ဒါကြီးကို ဖယ်ထုတ်ပစ်လိုက်တော့ ဦးနှောက်ဆဲလ်အကောင်းတွေ သက်သာရာရမယ်၊ သူ့ကို ခွဲမထုတ်ရင် ခေါင်းခွံထဲမှာ ကျပ်သိပ်ပြီး နေမယ်၊ ဦးနှောက်တွင်း အရည်ရဲ့ဖိအားကြောင့် ခေါင်းခွံအောက်ခြေ အပေါက်ကနေ အောက်အထိ ကျသွားတတ်တယ်၊ ဒီအခါမှာ လူနာဟာ ကျူမာကြောင့် မဟုတ်ဘဲ အသက်ကိုထိန်းချုပ်တဲ့အင်္ဂါတွေကို ဖိအားပေးညှစ်ခံရလို့ ရုတ်တရက် သေတတ်တယ်”

သီ အနည်းငယ် ဇဝေဇဝါ ဖြစ်သွား၏။

အဲဒီလို ရုတ်တရက်ချက်ချင်း သေသွားတာ မကောင်းဘူးလား။ အသက်ရှင်နေသည့်ကာလ ကြာလျှင် ဝေဒနာခံစားရုံမှလွဲ၍ သီ့အတွက် ဘာရနိုင်မည်နည်း။

“ခွဲစိတ်ကုသလိုက်ခြင်းအားဖြင့် လုံးလုံးမပျောက်ကင်းရင်တောင်မှ အသက်ရှင်နေတဲ့ကာလကို နှစ်နဲ့ချီပြီး တားထားလို့ရတယ် သီ၊ အနည်းဆုံး သေလုမျောပါး နာကျင်ကိုက်ခဲတဲ့ ဝေဒနာကို ဆိုးဆိုးရွားရွား မခံစားရတော့ဘူးပေါ့”

ဝေဒနာ…။ ဝေဒနာကို လွန်မြောက်အောင် ဝိပဿနာတရားအသိက ကူညီနိုင်လိမ့်မည် ထင်သည်။ လူ့ဘဝမှာ အသက်ရှင်နေရခြင်းဖြင့် တရားအကျင့် ကျင့်နိုင်သည်။ တစ်လဆို တစ်လ၊ တစ်ရက်ဆို တစ်ရက် အားထုတ်သူအတွက် အကျိုးရှိနိုင်ပါလိမ့်မည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"သီတစ်ယောက်တည်း ရင်ဆိုင်ရမှာ မဟုတ်ပါဘူး၊ သို့ရောဂါကို ကိုယ်ပါ ဘေးကအတူဝင်ပြီး တိုက်ပေးမှာပါ သီ၊ သီ စိတ်ဓာတ်ခွန်အား ရှိနေဖို့ပဲ လိုတယ်၊ သို့ဘေးမှာ ကိုယ်ကူညီပေးမှာပါ၊ ကိုယ်တို့အတူတူ ရင်ဆိုင်ကြမယ်… ကြားလား"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

သို့စကားသံက တုန်ယင်ကာ မျက်ရည်တစ်စက် လိမ့်ဆင်းကျသွားလေသည်။

"သီ ဘယ်မှာ တည်းသလဲ"

သူ နူးညံ့စွာ မေးသည်။

"တောင်ဥက္ကလာမှာ တည်းပါတယ်"

"ကောင်းပြီ၊ အဲဒီကို ကိုယ်လိုက်ပို့မယ်"

ဆေးခန်းထဲက အထွက်တွင် သို့ကို ဖေးမရန် လိုမလားဟု အကဲခတ်တော့သီသည် ဣန္ဒြေမပျက် ထိန်း၍ လမ်းလျှောက်နိုင်တာ တွေ့ရသည်။

"အဲဒီအိမ်က လွတ်လပ်ရဲ့လား"

"ဒေါက်တာပြောတဲ့ လွတ်လပ်မှုက ဘယ်လိုလွတ်လပ်မှုမျိုးလဲ"

သူ သို့မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်တော့ သို့ထံတွင် ဟိုတုန်းက ငြိမ်သက်အေးစက်မှုမျိုးကို ပြန်တွေ့လိုက်ရသည်။ သူ့ဇနီး၏ အေးစက် တည်ငြိမ်မှုကို ဘယ်တုန်းကမှ မနှစ်မြို့ခဲ့သော သူသည် ယခုတစ်ကြိမ်မှာတော့ သို့တည်ငြိမ်မှုအတွက် စိတ်သက်သာရာရသွား၏။

"တရားကျင့်ဖို့အထိ လွတ်လပ်တာကို ပြောတာ မဟုတ်ပါဘူး၊ ဦးနှောက်ကျူမှာ ဝေဒနာသည်တစ်ယောက်ကို စိတ်အနှောင့်အယှက် မပေးတဲ့ လွတ်လပ်မှုကိုပဲ ပြောတာပါ"

သီ ဘာမှပြန်မပြောဘဲ ငြိမ်နေ၏။

သူ၏ လိပ်ခုံးကား သေးသေးကလေး နောက်ထိုင်ခုံပေါ်တွင် သီနှင့် သို့အဖော်ကောင်မလေး ထိုင်နိုင်အောင် သူစီစဉ်ပေးသည်။ သီတည်းသည့် အိမ်ကို လမ်းနံပါတ်နှင့် ရပ်ကွက်နံပါတ် ပြောပြတော့ သူနည်းနည်း မျက်မှောင်တွန့်သွားသည်။

"သို့ ဆွေမျိုးလား"

"သို့မှာ ဆွေမျိုး မရှိဘူးလေ ဒေါက်တာ"

"ကိုယ်သိပါတယ် သီ… ဒါပေမဲ့ ကိုယ် မသိရသေးတဲ့ နောက်ထပ် ဆွေမျိုး…"

သူမသည် ကြောက်ရွံ့ချောက်ချားမှုကြားကပင် စိတ်ထဲမှ ပြုံးလိုက်မိ၏။ ဖြစ်မှဖြစ်ရလေ။

"အလွန်သစ္စာရှိပြီး ကြင်နာတတ်တဲ့ ယောက်ျားတစ်ယောက်ဆီကတောင် ပြေးထွက်လာတဲ့ မိန်းမတစ်ယောက်ဟာ နောက်ထပ် ဘာမှငြိတွယ်စရာ မလိုပါဘူး ဒေါက်တာ၊ သို့ဘဝမှာ အေးချမ်းပါတယ်၊ ဒါက သို့ကို လေးစား အားကိုးတဲ့မိတ်ဆွေတစ်ယောက်ပါ"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

ကားလက်ကိုင်ဘီးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသော သူ့လက်များ တုန်ယင်နေကြသည်။

"မိတ်ဆွေဆိုရင်တော့ ကိုယ် သီ့ကို တောင်းဆိုချက်တစ်ခု ပြောခွင့်ရှိသွားပြီ၊ သီ ကိုယ့်အိမ်မှာ တည်းပါ"

"အို… နေပါစေ ဒေါက်တာ၊ ဒုက္ခမရှာပါနဲ့"

"ကိုယ့်ဒုက္ခက သီ့ဝေဒနာလောက် မပြင်းထန်ပါဘူး သီ၊ သီ့အတွက် အားလုံးအဆင်ပြေအောင် ကိုယ်စီစဉ်တာပါ၊ ဆယ့်ငါးနှစ်ကာလဟာ ကိုယ်တို့ ဘဝတွေကို ခြားခဲ့ပါပြီ၊ စိတ်ချပါ… သီ့ကို ကိုယ်ဇနီးတစ်ယောက်ကို ကြည့်တဲ့မျက်လုံးမျိုးနဲ့ အရင်လို မကြည့်တော့ပါဘူးလို့ ကတိပေးပါတယ်၊ သီ ကိုယ့်အိမ်မှာ လွတ်လွတ်လပ်လပ် နေလို့ရတယ်၊ ကိုယ့်အိမ်မှာ ကိုယ်တစ်ယောက်တည်းပဲ ရှိတယ်၊ မေမေက လွန်ခဲ့တဲ့ငါးနှစ်က ဆုံးသွားပြီ၊ သီ့ကို ကိုယ်ပြုစုရမှာ သီ အားနာရင် ဆေးရုံက အလုပ်သမားတစ်ယောက်ရဲ့ သမီးလေး ကိုယ်ခေါ်ပေးမယ်၊ ခွဲစိတ်ပြီးခါစ ရက်တွေမှာလဲ နာ့စ်ခေါ်ပေးထားမယ်"

သီ သူ့ကို နူးညံ့စွာ ငေးကြည့်လိုက်သည်။

သူ နောက်အိမ်ထောင်မပြုဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ့။ သူက သီ့မျက်နှာ အရိပ်အကဲကို ကျွမ်းကျင်စွာဖတ်၍ ပြုံးသည်။

"ကိုယ် အိမ်ထောင်မပြုဘူး သီ… သီ အံ့သြလားဟင်"

"ဟုတ်ကဲ့၊ အင်မတန်ရုပ်ဝါဒဆန်တဲ့၊ ကိုယ်ကာယ ခံစားမှုကို ရှေ့တန်းတင်တဲ့ ဒေါက်တာက နောက်အိမ်ထောင် မပြုဘူးဆိုတာ နည်းနည်းတော့ အံ့သြစရာပဲ"

သူ့မျက်နှာ ရဲခနဲ နီသွား၏။ နှုတ်ခမ်းတင်းတင်းစေ့ကာ ကားမှန်တည့်တည့်ကိုသာ စူးစိုက်ကြည့်၍ ငြိမ်သက်သွားသည်။

"ဒါဖြင့်… ဒေါက်တာရဲ့ စားသောက်မှုတာဝန်ကို ဘယ်သူယူခဲ့သလဲ"

သူ ပြုံးသည်။

"ဖြစ်သလိုပဲပေါ့၊ ဆိုင်မှာ ကြုံရင် ဆိုင်မှာစား… အိမ်မှာ စိတ်ကူးရရင် အိမ်မှာစား၊ ကိုယ်က မိန်းမရှိတုန်းကလဲ ဖြစ်သလို စားခဲ့ရတာပဲ မဟုတ်လား သီရဲ့၊ ကိုယ့်အတွက် အကျင့်ရနေပါပြီလေ"

သီ ခေါင်းညိတ်ကာ တိတ်ဆိတ်သွားသည်။

တကယ်တော့ သီသည် အိမ်ရှင်မတစ်ယောက်အဖြစ် မောင့်အပေါ် တာဝန် မကျေခဲ့သော မိန်းမဖြစ်သည်။ မောင့်ကို လက်ထပ်ဖို့ ဘာဖြစ်လို့ သီ သဘောတူခဲ့ပါလိမ့်။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

## အခန်း(၁၄)

မန္တလေးစိတ်ရောဂါကုဆေးရုံမှာ မောင်နှင့်သီ စတွေ့ကြတော့ မောင်က အလုပ်သင်ဆရာဝန်၊ သီက စိတ်ပညာ နောက်ဆုံးနှစ် ကျောင်းသူ။

မောင့်မျက်လုံးများကို သီ အလွန်သဘောကျခဲ့သည်။ မောင့်မျက်လုံးက ယောကျ်ားတစ်ယောက်၏ မျက်လုံးများ မဟုတ်ဘဲ ဆရာဝန်တစ်ယောက်၏ မျက်လုံးများ ဖြစ်သည်။ နူးညံ့သိမ်မွေ့သော၊ အာရုံစူးစိုက်သော မျက်လုံးများ ဖြစ်သည်။

သီတို့ စိတ်ပညာ နောက်ဆုံးနှစ် ကျောင်းသားအဖွဲ့ကို စိတ်ရောဂါ လူနာများဖြင့် ပြသ၍ ဆရာဝန်က လက်တွေ့ရှင်းလင်း သင်ကြားရာတွင် မောင်က လက်ထောက်အဖြစ် ကူညီရသည်။ မှတ်မှတ်ရရ ကွန်ဗားရှင်း ဟစ်စ်တီးရီးယားဟု ခေါ်နိုင်သည့် စိတ်ဝေဒနာကြောင့် လက်တစ်ဖက် အကြောသေသွားသည့် မိန်းကလေးတစ်ယောက်၊ ညစဉ် လူခြေတိတ် အိပ်မောကျနေချိန်တွင် နဲ့ကြီး ထထမှုတ်လေ့ရှိသည့် စိတ်စွဲဝေဒနာသည် ကောင်လေးတစ်ယောက်၊ ကိုယ့်ကိုယ်ကို သတ်သေဖို့ ကြိုးစားခဲ့သည့် စိတ်ဝေဒနာသည် အဘွားကြီး တစ်ယောက်၊ မိမိ၏သားကို မိမိကိုယ်တိုင် ပြန်သတ်ခဲ့သော စိတ်ကျဝေဒနာသည် မိန်းမတစ်ယောက်…။ ထိုမိန်းမကို လျှပ်စစ်ကုထုံးဖြင့် ကုတာကို ကြည့်ရသေး၏။

မောင်က လူနာအမျိုးသမီးကို ခုတင်ပေါ်တွင် ပက်လက်လဲလျောင်းစေပြီး နားထင်နှစ်ဖက်တွင် လျှပ်စစ်ကုထုံးကိရိယာ၏ အီလက်ထရုတ်များ တပ်ပေးခဲ့သည်ကို တစ်ဖွဲ့သားလုံး ကြက်သီးထစွာ ငေးကြည့်နေခဲ့သည်။

"ကြောက်စရာကြီးနော်"

အဲသည်တုန်းက အသက်၂၂နှစ်အရွယ် သီက ရုတ်တရက် လူနာရှေ့မှာ ရေရွတ်မိတော့ မောင်က သီ့ကိုပြုံးခနဲ လှည့်ကြည့်သည်။ မောင့်မျက်လုံးများက မှုန်တေတေ မာကျောကျော ဖြစ်နေ၏။



Commercial use of this book will be at your OWN RISK! www.myanmarcupid.net

"တစ်ဆိတ်ခင်ဗျာ... စကားမပြောပါနဲ့"

ထို့နောက် လျှပ်စစ်စီးစေသော ခလုတ်ကို ဖွင့်လိုက်သည့် မောင့်လက်များက ကျွမ်းကျင်လှ၏။ အမျိုးသမီး၏ ခန္ဓာကိုယ် တစ်ခုလုံး တဆတ်ဆတ် တုန်ခိုက်လာ၏။ ခြေလက်အင်္ဂါများ အကြောဆွဲကာ ခုတင်နှင့် တဖြန်းဖြန်း ရိုက်ပုတ်ထိခတ်သည်ကို သီတို့ ကြောက်ရွံ့စွာ ငေးကြည့်နေကြသည်။ ခဏအတွင်း အမျိုးသမီး ငြိမ်သက်သွားသည်။

အားလုံးပြီးတော့ မောင်က လျှပ်စစ်ကုထုံးနှင့် ပတ်သက်ပြီး သီတို့အဖွဲ့ကို စိတ်ရှည်စွာ ရှင်းပြသည်။

"ဒါ... ခင်ဗျားတို့ ထင်သလို ကြောက်စရာ မကောင်းပါဘူး၊ ကျွန်တော် လွှတ်ပေးတဲ့ လျှပ်စစ်ဗို့အားက တစ်ရာ့သုံးဆယ်၊ ဒါမှမဟုတ် တစ်ရာ့ငါးဆယ်လောက်ပဲ ရှိပါတယ်၊ လွှတ်တဲ့အချိန်ကလဲ တစ်စက္ကန့်ရဲ့ ဆယ်ပုံတစ်ပုံကနေ အများဆုံး စက္ကန့်ဝက်လောက် အထိပါပဲ၊ လျှပ်စစ်ဓာတ်ရဲ့ မြန်နှုန်းက နာ့ဗ်ကြော နှိုးဆွအားရဲ့ မြန်နှုန်းထက် ပိုပါတယ်၊ ဒီတော့ လူနာမှာ နာကျင်ရမှန်း လုံးဝမသိလိုက်ပါဘူး"

ထို့နောက် အနည်းငယ်ပြုံးကာ 'ခင်ဗျားတို့ စာကျက်ခဲ့မယ်လို့ ကျွန်တော် ထင်နေတာ' ဟု သိမ်မွေ့စွာ အပြစ်ဆိုသည်။

မောင်နှင့် သီ နှစ်ပတ်တိတိ ဆေးရုံတွင် တွေ့ရ၏။

စကီဇိုဖရီးနီးား ဝေဒနာသည် အမျိုးသမီးကလေး တစ်ယောက်အကြောင်း ဆရာဝန်က ရှင်းပြနေစဉ် မောင်လည်း အနားမှာ ရှိသည်။ သူမအား အထက်ကောင်းကင်ဆီမှ အသံများက အမိန့်ပေးသည့်အတိုင်း ပြုမူဆောင်ရွက်ရခြင်း ဖြစ်ကြောင်း၊ ထိုအထက်ပုဂ္ဂိုလ်များသည် သူမအား အစွမ်းသတ္တိထူးတစ်ခု ပေးအပ်တော့မည်ဟု ပြောကြောင်း၊ ထိုအစွမ်းသတ္တိမှာ လူတွေရဲ့ အနာဂတ်ကို ကြိုမြင်နိုင်စွမ်းဖြစ်ကြောင်း တတွတ်တွတ်ပြောရင်း မအိပ်နိုင် မစားနိုင် ဖြစ်လာသော မိန်းကလေးဖြစ်သည်။ ထိုမိန်းကလေးသည် သူမ၏ အန္တရာယ်မှန်သမျှအား အထက်ပုဂ္ဂိုလ်များက ညွှန်ပြဖယ်ရှားပေးမည်ဟု ယုံကြည်နေ၏။ ဆေးရုံရောက်ရခြင်း အကြောင်းရင်းမှာ မိန်းကလေးသည် ရွာထဲတွင် သူမနှင့်အတူ ဈေးရောင်းနေသော အမျိုးသမီးတစ်ဦးအား ထန်းသီးမှန့်လှီးသည့်ဓားဖြင့် ထိုးမှုဖြစ်သည်။ မိန်းကလေး၏ အပြောအရ အထက်ပုဂ္ဂိုလ်များက ထိုမိန်းမကို သတိထားရန်၊ ထိုမိန်းမမှာ မိန်းကလေး၏ အသက်ကို လုပ်ကြံမည့်သူ ဖြစ်သောကြောင့် သူမက အလျင်ဦးအောင် လုပ်ရန် သတိပေးသည်...တဲ့။

ထိုမိန်းကလေး၏ မျက်နှာမှာ မျက်နှာသေ။ ဗလာသက်သက် မျက်လုံးများ ဖြစ်၏။

အတန်းပြီးသွားတော့ သူငယ်ချင်း အချင်းချင်း စ နောက်ကြသည်။

"ဒီကောင်မလေး ရူးတယ်ဆိုတာ ဟုတ်ချင်မှဟုတ်မှာ၊ အထက် ပုဂ္ဂိုလ်ဆိုတာ တကယ်ရှိလားမှ မသိ၊ ငါ စိတ်ဝင်စားတယ်ဟ"

သီ ရယ်မောနောက်ပြောင်ချိန်တွင် မောင်က ဘေးက ဖြတ်သွားရင်းကြားကာ ဖျတ်ခနဲ လှည့်ကြည့်၏။

"ဘာလဲ... ဒေါက်တာက ကျွန်မပါ ရူးသွားပြီ ထင်သလား"

ပြုံး၍ သီမေးတော့ မောင်မဖြေဘဲ သီ့ကို ခပ်တည်တည် စူးစိုက်ကြည့်နေခဲ့သည်။ သီ ကမန်းကတန်း မျက်နှာတည်လိုက်၏။

"ရှေ့ဖြစ်ကြိုမြင်ခြင်းဆိုတဲ့ ပရီကော့ဂ်နေးရှင်းအတတ်ကို ဒေါက်တာ ဘယ်လိုမြင်ပါသလဲ"

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

မောင် ပြုံးလာသည်။

"ကျွန်တော် မယုံဘူး"တဲ့။

"အဲဒီ ဘာသာရပ်ကို ကျွန်မသိပ်စိတ်ဝင်စားတယ် ဒေါက်တာ၊ ဒါကြောင့် ကျွန်မ ဆိုက်ကိုလိုဂျီ ယူခဲ့တယ်၊ ဒါပေမဲ့ ဒီဘာသာရပ်က ပါရာဆိုက်ကိုလိုဂျီ ဖြစ်နေတယ်"

"ကျွန်တော် ခင်ဗျားကို အကောင်းဆုံး အကြံဉာဏ်တစ်ခု ပေးရမလား"

"ဟုတ်ကဲ့၊ ကျေးဇူးအများကြီး တင်ပါတယ် ဒေါက်တာ၊ ဒေါက်တာပေးမယ့် အကြံက ဘာများပါလိမ့်"

မောင်က သို့အနားမှာ သီနှင့်အတူ ဖြည်းဖြည်းလိုက်လျှောက်ရင်း စကားပြောသည်။

"လွန်ခဲ့တဲ့လက ကျွန်တော့်ဆရာဆီ ကျွန်တော်လာလည်တော့ ဆရာ လူနာသစ်တစ်ယောက်ကို စိတ်အခြေအနေ စစ်ဆေးနေတယ်၊ အဲဒီလူနာက သူ့ကိုယ်သူ ထွက်ရပ်ပေါက်ဝိဇ္ဇာဆိုပြီး ရူးနေတဲ့လူပဲ၊ သူက ဝိညာဉ်တွေရဲ့ စကားကိုတောင် ကြားနိုင်သတဲ့၊ သူ ဒီဝိဇ္ဇာပညာကို လေ့လာနေတာ ကြာလှပြီတဲ့၊ ဆေးရုံကို ရောက်လာတော့ အဲဒီဝိဇ္ဇာကြီး ပုဆိုးတောင် မကပ်ဘူး"

သို့ပါးပြင်များ နွေးခနဲ ဖြစ်သွား၏။

"ဒေါက်တာ ဆိုလိုတာက..."

သူ သို့စကားမဆုံးခင် ဖြတ်လျက် 'မသီသီကို ကျွန်တော်မရူးစေချင်ဘူးဗျာ' ဟု ခပ်တည်တည်ပြောပြီး သွက်လက်စွာ ရှေ့ဆက်လျှောက်သွား၏။

သီ သူ့ကို သဘောလည်းကျ၊ ဒေါလည်းပွကာ အူကြောင်ကြောင် ကျန်ရစ်ခဲ့သည်။

စိတ်ပညာကို ဝါသနာပါသူ၊ ကျောင်းသင်ခန်းစာ၏ ပြင်ပဖြစ်သော ပရစိတ်ပညာများကို လေ့လာလိုသူ သို့အတွက် စိတ်ရောဂါကု ဆရာဝန်ဖြစ်ရန် စိတ်ထက်သန်လှသော မောင်နှင့်တွေ့ဆုံ လက်ထပ်ခဲ့ခြင်းမှာ သိပ်တော့ အံ့သြဖွယ်ရာ မရှိပါ။

မောင့်ကို ချစ်မြတ်နိုးသည်ဟု သီထင်ခဲ့သည်။ မောင်နှင့် လက်ထပ်ရလျှင် သီပျော်ရွှင်ရမည်ဟု ထင်ခဲ့သည်။ ကုထုံးဆိုင်ရာ စိတ်ပညာ (**Clinical Psychology**) ကို သီက ဆက်တက်မည်။ သီ စိတ်ဝင်စားသော ပရစိတ်ပညာကို မောင့်အကူအညီဖြင့် ဆက်လက်လေ့လာမည်။ မောင်က စိတ်ရောဂါကုဆရာဝန်၊ မောင်နှင့်သီ နှစ်ယောက်အတူ လူတွေ၏စိတ်ကို ခွဲခြမ်းစိတ်ဖြာ ကုသကြမည်။ သို့စိတ်ကူးနှင့် မောင့်စိတ်ကူး ပေါင်းစပ်ကာ သီတို့ နှစ်ယောက် လက်ထပ်ဖြစ်ခဲ့ကြသည်။

တကယ်တမ်း လက်ထပ်ပြီးသည့်အခါမှာတော့ သီသည် အိမ်ထောင်ရှင်မကောင်းတစ်ယောက် ဘယ်တော့မှ မဖြစ်နိုင်ကြောင်း သိလာရလေသည်။

လက်ထပ်ခြင်းသည် သို့ဘဝတွင် အကြီးမားဆုံးသော မှားယွင်းမှု ဖြစ်သည်။ ထိုမှားယွင်းမှုကြောင့် သို့အတွက် လောကီဆိုင်ရာ ဆုံးရှုံး နစ်နာမှု မရှိခဲ့ရသော်လည်း မောင့်အတွက်တော့ ဘဝတစ်ခုလုံး ထိခိုက်နာကျင်စေခဲ့သည်။

ဤအတွက်လည်း သို့ကိုယ်သီ မှားလိုက်တာဟု ယူကျုံးမရ ဖြစ်ရုံမှတစ်ပါး မောင့်ဘက်က စဉ်းစားပေးရန် အလွန်နောက်ကျသွားခဲ့ပြီ။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

မောင် မြတ်နိုးသော၊ မောင် မက်မောသော အိမ်ထောင်ရေး ခံစားမှု၊ အိမ်ထောင်သည်ဘဝ ဆက်ဆံရေး ပျော်ရွှင်မှု စသည်တို့ကို သီက ရက်စွဲ့သည်။ မနှစ်မြို့ဖွယ်ရာဟု သတ်မှတ်၍ တတ်နိုင်သမျှ တိမ်းရှောင်သည်။ စိတ်ပညာကို ဝါသနာပါ၍ ဆရာဝန်ပီပီ လက်တွေ့ကျသော မောင်သည် သီ့အတွက် အကောင်းဆုံးဖြစ်ရန် ကာလအတန်ကြာ စိတ်ပူပန်စွာ ကြိုးစားခဲ့လေသည်။ နောက်ဆုံးတော့ မောင့်ဆရာ (စိတ်ရောဂါ အထူးကု) ဆီသွား၍ ပြသအကူအညီ တောင်းခဲ့သည်အထိ မောင် သီ့ကို ပြုပြင်ပေးခဲ့သည်။ ဆရာဝန်က သီ့ရောဂါကို ရှာဖွေစစ်ဆေးသော်လည်း စိတ်ရောဂါမရှိဟု မှတ်ချက်ချခဲ့သည်။

မောင်နှင့်ပဋိပက္ခ ဖြစ်ရသော အကြောင်းများအနက် အထင်ရှားဆုံးတစ်ခုမှာ သီ သတ်သတ်လွတ်စားမှု ဖြစ်သည်။

"သီ ပညာတတ်မဟုတ်ဘူးလား သီရဲ့၊ ကမ္ဘာပေါ်မှာ သက်ရှိသတ္တဝါမျိုးစိတ်တွေ အများကြီး၊ မျိုးစိတ်တစ်ခု အသက်ရှင် ရပ်တည်ဖို့ နောက်မျိုးစိတ်တစ်ခုက အသက်သေနေရတာပဲ၊ ဒါ သဘာဝတရားရဲ့ ဖန်တီးချက်ပဲ သီ၊ သူတို့ဟာ မောင်တို့လူသားတွေ စားသုံးရမယ့် အာဟာရတွေ၊ အာဟာရကို အာဟာရအဖြစ် သဘောထားပြီး စားမှပေါ့"

"ဟင့်အင်း... သီ သနားတယ်၊ သီ အဆောင်နေ ကျောင်းသူဘဝတုန်းက ဘယ်လိုမှ အဆင်မပြေလို့ မွေးနေ့တစ်ခုပဲ သတ်သတ်လွတ်စားပြီး ကျန်တဲ့ရက်တွေမှာ အသားငါးတွေ မျိုချနေရတယ်၊ သီ မစားရက်ဘူး၊ အခု မောင့်ဆီ ရောက်တော့ စားပါရစေတော့နော်"

"ဘုရားရေ... အဲဒါမှ ဒုက္ခပဲ သီ"

နောက်ပိုင်းမှာ နေ့တိုင်း အသားလွတ် မစားရလျှင် မျိုမကျသော အကျင့်ရလာသည်။ မောင်က သီ့ကို စိတ်ပျက်လက်ပျက် ဖြစ်လာသည်။

"သီ ဗုဒ္ဓဘာသာအကြောင်း ဘယ်လောက်နားလည်လို့လဲ"

ညအိပ်ရာဝင်တိုင်း ဘုရားမရှိခိုးသော၊ မဟာမြတ်မုနိဘုရား ရောက်တိုင်း သီတိုက်တွန်းမှ ဘုရားကန်တော့ရန် သတိရသော မောင်သည် သီ့တွင် ဗုဒ္ဓဘာသာ စစ်စစ်မဟုတ်သည့် မိရိုးဖလာဗုဒ္ဓဘာသာစွဲ ရှိနေသည်ဟု စွပ်စွဲ၏။

"ဗုဒ္ဓက အသားဘုဉ်းပေးတာ သီသိတယ်နော်"ဟု တစ်မျိုး...

"ဗုဒ္ဓက သတ်သတ်လွတ်စားဖို့ ဘယ်တုန်းကမှ ပညတ်ခဲ့တာ မဟုတ်ဘူး"ဟုတစ်မျိုး...

"သတ်သတ်လွတ်စားတာ ဗုဒ္ဓဘာသာ မဟုတ်ဘူး၊ ဗြဟ္မဏဘာသာ" ဟု တစ်မျိုး သီ့ကို သိမ်းသွင်းပြုပြင်ဖို့ ကြိုးစား၏။

"ရဟန်းတွေ သတ်သတ်လွတ် ဘုဉ်းပေးဖို့ ဗုဒ္ဓကို ဝိနည်းသတ်မှတ် ပေးခိုင်းတာ ဒေဝဒတ်ကွ၊ ဗုဒ္ဓက ဒေဝဒတ်ရဲ့ တောင်းဆိုချက်ကို ငြင်းခဲ့တယ်"

"ဗုဒ္ဓက သတ်သတ်လွတ်စားဖို့ ဘယ်တုန်းကမှ အားမပေးခဲ့တာ သီ သိပါတယ်၊ ဗုဒ္ဓ ကိုယ်တော်တိုင်လဲ အသားဟင်း ဘုဉ်းပေးခဲ့တာ သီ သိပါတယ်၊ ဒါပေမဲ့ ရဟန်းဆိုတာ ဒကာ ဒကာမတွေ လှူသမျှဆွမ်းကို သပိတ်တစ်လုံးနဲ့ စုဆောင်းခံယူပြီး ဘုဉ်းပေးရတာဆိုတော့ ဘယ်ဒါယကာကိုမှ သတ်သတ်လွတ်အတွက် ဒုက္ခပေးခိုင်းဖို့ မဖြစ်ဘူး၊ လူတွေလာလှူတဲ့ အသားဟင်းတွေကို ရဟန်းတွေ ရှောင်နေရရင် နိဗ္ဗာန်ရောက်ကြောင်း တရားကို အားထုတ်နိုင်တော့မှာလဲ မဟုတ်ဘူး၊ ရဟန်းတွေမှာ သတ်သတ်လွတ် ဘုဉ်းပေးဖို့ အခွင့်အရေးလဲ မရှိဘူး၊

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

ဒါပေမဲ့ သီတို့မှာ အဲဒီအခွင့်အရေး ရှိနေတယ်၊ သီကိုယ်တိုင် စားဖို့ သီကိုယ်တိုင် စီစဉ်ပြီး ချက်ရတာဆိုတော့ သို့မှာ အဲဒီအခွင့်အရေး ရနေတယ်"

သည်တော့ မောင်က တစ်မျိုးသိမ်းသွင်းဖို့ ကြိုးစား၏။

"သီ အားနည်းလိမ့်မယ်၊ ကိုယ်ခန္ဓာမှာ တစ်နေ့ကို အသားဓာတ် ဘယ်လောက်လိုသလဲ ... သိလား"

"ရပါတယ် မောင်ရယ်၊ အသားဓာတ်ဟာ ပဲနဲ့အသီးအရွက်ထဲမှာ ပါပါတယ်၊ သီ ပရိတ်ရင်းကို မျှမျှတတတွက်ပြီး စားတတ်ပါတယ်၊ သီ ညတိုင်း ပရိတ်ရွတ်ပြီးရင် မေတ္တာပို့ အမျှဝေတယ်လေ၊ မေတ္တာပို့တဲ့ သတ္တဝါတွေထဲမှာ ဖြစ်ပြီးသတ္တဝါမကဘူး ဖြစ်ဆဲသတ္တဝါလဲ ပါတယ်၊ မေတ္တာပို့တဲ့အခါ သို့စိတ်ရှင်းနေချင်တယ်၊ သူတို့ ကျန်းမာချမ်းသာပြီး အသက်နဲ့ကိုယ် တည်မြဲနေဖို့ သီက မေတ္တာပို့နေတဲ့အချိန်မှာ သို့ပယောဂကြောင့် သတ္တဝါတွေ သေနေတာကို သတိရရင်..."

"သီ... သို့ကြောင့် ဘယ်သတ္တဝါမှ မသေဘူး၊ သေပြီးသား သတ္တဝါကွ၊ သီ မစားလဲ သူတို့ သေမှာပဲ"

သီ မောင့်ကို အရှုံးမပေးခဲ့ပါ။

"ဒါပေမဲ့ အသားအားလုံးဟာ သတ်လို့သေရတဲ့ သတ္တဝါချည်းပဲ၊ သီလို လူမျိုးတွေ များလာရင် သတ္တဝါတွေ အတော်များများ အသက်ချမ်းသာရာ ရမယ်မောင်ရဲ့"

မောင်က 'ရှစ်ထ်' ဟု တစ်လုံးတည်း ဆဲရေးခဲ့လေသည်။

မောင်က သို့ကို ရူးနေပြီထင်ကာ နှစ်ယောက်သား အေးအေးဆေးဆေး စကားပြောရအောင်ဟု မှတ်စုစာရွက်တစ်ထပ်နှင့် သို့ကို အင်တာဗျူး လုပ်လေသည်။ သီရယ်လည်းရယ်ချင်၊ ဝမ်းလည်းနည်းကာ မောင် ဒေါသထွက်မှာလည်း ကြောက်ကြောက်နှင့် မောင်မေးသမျှ ဖြေရသည်။ မောင် ပြောခိုင်းသမျှ သို့ငယ်ဘဝကအစ ဘဝဖြစ်စဉ်အားလုံး ပြောပြခဲ့ရသည်။

လေးငါးရက် ဆက်လုပ်သော အင်တာဗျူး အပြီးမှာ မောင် ဦးနှောက် ခြောက်နေပြန်၏။

"မောင်... သီ ရူးလားဟင်"

မောင်က ဖြုန်းခနဲ ရယ်မောကာ သို့ကို ပွေ့ဖက်နမ်းရှုပ်သည်။

"ဟင့်အင်း ... မရူးဘူး သီရေ၊ မောင်တော့ ဒုက္ခပဲ"

"ဟင်... မရူးဘူးဆိုရင် ဘာဒုက္ခရှိမလဲ"

"ရူးရင် ကုလို့ရတယ် ကျောင်းအမရဲ့၊ အခု မရူးတော့ မောင်က ဘာသွား ကုလို့ ရမှာလဲ"

သီ ညစဉ်ဘုရားရှိခိုး၊ ပရိတ်ရွတ်သည်ကို မောင်က မလိုတမာ စောင့်ကြည့်ကာ တွန့်လိမ်ပြ၍ ရယ်မောသည်။ သူတစ်ပါးအပေါ် သိတတ်ပြီး အကျင့်သိက္ခာ တည်ကြည်သောမောင်သည် သို့သီလကို ဆွဲဆောင်မှုဖြင့် ညစ်နွမ်းအောင် ဖျက်ဆီးဖို့ ကြိုးစားသည်အထိ ရုပ်ဝါဒဆန်သူလည်း ဖြစ်သည်။ ထိုအခါမျိုးတွင် သီ မျက်ရည်ကျရ၏။ သို့မျက်ရည်ကို မြင်ပြန်တော့ မောင်သည် ဖြုန်းခနဲ ဆုတ်ခွာကာ ခြံထဲဆင်း၍ တစ်ယောက်တည်း ဒေါသတကြီး လမ်းလျှောက်နေတတ်သည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

အိမ်မှာကိုးပါးသီလကို အဓိဋ္ဌာန်ဖြင့် ဆောက်တည်သည့်ရက်များ၊ မဟာစည် ဝိပဿနာ တရားစခန်းသို့ သွားရောက်တရားမှတ်သည့် ရက်များတွင် တော့ မောင်ဖွင့်ဟ ညည်းညူလေသည်။

“ဘုရား ဘုရား... မောင်က သို့ကို မိန်းမတစ်ယောက်မှတ်လို့ လက်ထပ်ခဲ့တယ်၊ လက်စသတ်တော့ သီက သီလရှင်တစ်ယောက်ပဲ”

သီ ဖတ်ဖတ်နေတတ်သော ပါရာဆိုက်ကိုလိုဂျီဆိုင်ရာ စာအုပ်များကို မောင် ဘယ်တော့မျှ တန်ဖိုးမထားခဲ့ပါ။

“သိပ္ပံပညာဟာ ထာဝရမှန်ကန်တဲ့ ပရမတ္ထသစ္စာတရား မဟုတ်ဘူးဆိုတာ မောင် တစ်ချိန်ချိန်ကျ လက်ခံလာမှာပါ”

သီ ပြောသောအခါ မောင်က မှုန်တေတေမျက်နှာဖြင့် ခေါင်းယမ်းနေခဲ့၏။ မောင့်ကို ကြည့်ရသည်မှာ သို့အတွက် စိတ်မကောင်းဖြစ်နေပုံပဲ။

ဒေါက်တာသန်းထွန်း ဘာသာပြန်သော ‘တတိယမျက်လုံး’ စာအုပ်ကို မောင့်ကို ဖတ်စေချင်ခဲ့သည်။ တိဗက်ဘုန်းတော်ကြီးတစ်ပါး ဖြစ်သော ဆေးပညာဘွဲ့လည်း ရသော ‘ဒေါက်တာ လော့ဗ်ဆန်ရမ်ပါ’ ဆိုသည့် ပုဂ္ဂိုလ်၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိပုံစံစာအုပ် ဖြစ်သည်။ စိတ်စွမ်းအင်အကြောင်း ကိုယ်တိုင် လေ့လာကျင့်ကြံခဲ့သူတစ်ဦးက ရှင်းပြသောစာအုပ် ဖြစ်သည်။ မောင်က သိပ်ဖတ်ချင်ပုံ မရသောအခါ သီက ဖတ်ပြခဲ့သည်။

“ရုပ်ခန္ဓာကို ချုပ်ထားတော့ စိတ်တန်ခိုးဟာ ပိုပြီး အားကောင်းလာတယ်၊ စိတ်ကို လွှတ်ပြီး ပတ်လို့ရရင် စကြဝဠာအနန္တကို ပတ်နိုင်တယ်၊ အတွေးစိတ်ကူးရဲ့ အကူအညီနဲ့ အရာများစွာကို ကြံဆနိုင်တယ်၊ အတွေးဆိုတာလဲ လှုပ်ရှားမှုလှိုင်းတစ်မျိုးပဲလို့ ကျွန်တော်တို့ နားလည်တယ်၊ ရုပ်ဝတ္ထုက လှုပ်ရှားမှုအားလုံးကို အစိုင်အခဲ လုပ်ထားတာသာ ဖြစ်သည်၊ ဒီတော့ အတွေးတွေကို စေခိုင်းနိုင်မယ်၊ တစ်စိတ်တစ်ဒေသ အစိုင်အခဲဖြစ်အောင် ခိုင်းနိုင်မယ်ဆိုရင် စိတ်နဲ့ပဲ အရာဝတ္ထုတစ်ခုကို လှုပ်ရှားစေနိုင်ပါတယ်၊ အတွေးကိုပဲ နောက်တစ်မျိုး ထိန်းသိမ်းစေနိုင်မယ်ဆိုရင် မနောနဲ့ မေးမြန်း ပြောဆိုခြင်း ပြုလုပ်နိုင်တယ်၊ ကွာလှမ်းတဲ့ နေရာမှာ နေသူကိုပဲ အမှုကိစ္စတစ်ခု ပြုရလေအောင် ဒီက မနောနဲ့ စေခိုင်းနိုင်တယ်”

မောင်က သိမ်မွေ့စွာ ပြုံးနေခဲ့သည်။

“နှစ်ပေါင်း ထောင်ပေါင်းများစွာကတည်းက သူတို့ တိဗက်နိုင်ငံသားတွေဟာ ဒိဗ္ဗသောတ ဒိဗ္ဗစက္ခုဆိုတဲ့ အကြားအမြင်ပညာတို့၊ မနောအာရုံနဲ့ အပြန်အလှန်ပြောဆိုတဲ့ ပညာတို့ကို ကောင်းကောင်းတက်ကျွမ်းခဲ့တယ်”

“အဲဒါတွေ ကိုယ်စိတ်မဝင်စားဘူး”

မောင်က ဆေးစိတ်ပညာစာအုပ်များနှင့် လူနာများအကြားတွင် နစ်မြုပ် ပျော်ဝင်နေခဲ့သည်။

“ဂျီးန်ဒစ်က်ဆင်တဲ့ မောင်ရေ... သိပ်စိတ်ဝင်စားဖို့ ကောင်းတာပဲ၊ သမ္ဘတ ကနေဒီ အသတ်ခံရမှာကို သူအစောကြီး ကြိုသိခဲ့တာ၊ မောင် နည်းနည်း ဖတ်ကြည့်စမ်းပါ”

ရု(သ်)မောင်ဂိုမာရီရေးသော ဂျီးန်ဒစ်က်ဆင်စာအုပ်ကို မောင့်အား ပေးဖတ်ခဲ့သည်။ မောင်က နည်းနည်းပါးပါး လှန်လှောကာ မျက်နှာညိုနေ၏။ ဂျီးန်ဒစ်က်ဆင်၏ ရှေ့ဖြစ်ဟောကိန်းများသည် ပရစိတ်ပညာကို မောင် စိတ်ဝင်စားလာအောင်တော့ မတတ်နိုင်ပါ။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"သီ ရူးမယ်နော်... သီ"

ရှ(သ်)မောင်ဂိုမာရီ၏ 'အမှန်တရားကို ရှာဖွေခြင်း' ဟူသော စာအုပ်ကို ပေးပြန်တော့ မောင်မဖတ်တော့ပါ။

"မောင် တယ်လီပသီဆိုတာကို မယုံဘူးလား၊ တယ်လီပသီဆိုတာ လူ့ဦးနှောက်က ဖြာထွက်နေတဲ့ လျှပ်စစ်သံလိုက်လှိုင်းတွေ တစ်ခုနဲ့တစ်ခု ဆက်သွယ်မှုတဲ့ မောင်ရဲ့"

လျှပ်စစ်သံလိုက်စက်ကွင်း မရှိသော သံလိုက်လှောင်အိမ် (ဖာရာဒေးလှောင်အိမ်) ထဲမှာ ထည့်ထားသော သတ္တဝါအား တယ်လီပသီနည်းဖြင့် အမိန့်ပေးရာ လုံးဝမလိုက်နာကြောင်း၊ လှောင်အိမ်တံခါး ဖွင့်ပြီး အမိန့်ပေးတော့မှ လိုက်နာကြောင်း သီ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ရတာကို ပြန်ပြောသည့်အခါ သူ ခေါင်းညိတ်ရုံသာ ညိတ်ခဲ့၏။

"သီတို့ ကမ္ဘာဂြိုဟ်နဲ့ တခြားဂြိုဟ်တွေ တစ်ခုနဲ့တစ်ခု ဆွဲငင်အား ရှိနေတာတော့ မောင် ယုံတယ်မဟုတ်လား"

"အဲဒါနဲ့ ဘာဆိုင်သလဲ... သီရဲ့"

"ဆိုင်တာပေါ့ မောင်ရဲ့၊ မောင် ယုံနိုင်တဲ့ အရှင်းဆုံးဥပမာကို သီ ပေးမယ်၊ ပင်လယ်ဒီရေဟာ ဘာကြောင့်ဖြစ်သလဲ မောင်သိတယ် မဟုတ်လား၊ လရဲ့ဆွဲငင်အားဆိုတာ မောင်သိတယ် မဟုတ်လား"

နောက်ပိုင်းတော့ ဖာရာဒေးလှောင်အိမ်ထဲမှ လူကို လှောင်အိမ်ပြင်ပမှ လူက တယ်လီပသီနည်းဖြင့် အိပ်မွေ့ချနိုင်သည်ဟူသော စမ်းသပ်ချက် ပေါ်ပေါက်လာ၏။

"တယ်လီပသီဆိုတာ လျှပ်စစ်သံလိုက်လှိုင်းကြောင့် ဖြစ်တယ်ဆိုတာ မဟုတ်ပြန်ဘူး မောင်ရေ"

သီက ပြောင်းလဲမှုကို သတိပေးပြောပြပြန်တော့ မောင်က သူ့ဆေးစာအုပ်ထူကြီးမှ မျက်နှာမခွာဘဲ 'ဟုတ်လား သီ' စု ဝတ္တရားမပျက် စကားထောက်ရုံသာ ဖြစ်သည်။

'ခရွာဆက်' ဟူသော စိတ်တန်ခိုးပညာရှင်ကြီးက သူ့အမြင်ဓာတ် **(Clairvoyance)** နည်းဖြင့် လူသတ်မှုများ ဖော်ထုတ်ပေးခဲ့ပုံကို မောင့်အား စိတ်ဝင်စားစွာ ပြောပြခဲ့သည်။

'အိပ်နေသော အကြားအမြင်ပုဂ္ဂိုလ် အက်ဒ်ဂါကေ့စ်' ဟူသော စာအုပ်ကို သီ အဖန်တလဲလဲ ဖတ်ကာ သဘောကျမဆုံး ရှိခဲ့သည်။

သီ့မှာသာ စိတ်တန်ခိုးရှိလျှင် ကေ့စ်လိုပင် လူနာများအတွက် အချိန်အားလုံး ပုံပေးပြီး မေတ္တာဖြင့် ကုမည်ဟု သစ္စာဆိုမိပြန်သည်။

"စိတ်တန်ခိုးဆိုတာကို မောင် မယုံလို့မရဘူး မောင်ရဲ့၊ မောင်လဲ သိပ္ပံသမားပဲ၊ လက်တွေ့ကျကျဖြစ်ထားတဲ့ ဥပမာတွေ မောင် မကြားဖူးဘူးလား၊ ခပ်လှလှမ်းလှမ်းက သံချောင်းကို မျက်စိနဲ့ညို့ပြီး ကွေးပြတာ၊ အခန်းထဲမှာ ရှိတဲ့ စားပွဲတွေ ကုလားထိုင်တွေ လေထဲ တစ်ပေလောက် မြင့်တက်လာအောင် လုပ်ပြတာ၊ ဓာတ်ပုံတွေတောင်..."

သီ့စကားဆုံးအောင် မောင် နားမထောင်ဘဲ လက်ကာပြ၏။

"ပါရာ ဆိုက်ကိုလိုဂျီကို မောင် လက်မခံဘူးလို့ မောင် မပြောပါဘူး၊ အီးအက်စ်ပီ အပိုစိတ်တန်ခိုးအာရုံဆိုတာ ရှိမှာပဲ၊ တယ်လီပသီ ဆိုတာလဲ ရှိမှာပဲ၊ ကုလားထိုင်တွေ စားပွဲတွေ လေထဲမှာ

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

တစ်ပေလောက် မြင့်တက်အောင် လုပ်နိုင်တာလဲ ဟုတ်မှာပါပဲ၊ ဒါကို မောင် မငြင်းပါဘူး၊ ဒါပေမဲ့ မောင် လုံးဝမချီးကျူးနိုင်ဘူး၊ လုံးဝလဲ စိတ်မဝင်စားပါဘူး သီ၊ မောင် စိတ်ဝင်စားတာက ဆိုက်ကိုလိုဂျီနဲ့ ဆိုက်ခီယာထရီပဲ။

"… ကုလားထိုင်တွေ လေထဲ မြောက်ပြတာ၊ သံချောင်းတွေ ကွေးပြတာထက် အရေးကြီးတဲ့ အချက်တစ်ခု မောင့်ခေါင်းထဲမှာ အမြဲရှိနေတယ်၊ ဒါဘာလဲဆိုတော့ မောင်တို့ဆီမှာ လူနာတွေဟာ စိတ်ရောဂါကုဆေးရုံကို အချိန်လွန်မှ ရောက်လာကြတယ်၊ ပယောဂယောင်ယောင်၊ အကြားအမြင် ယောင်ယောင်၊ ဝိဇ္ဇာယောင်ယောင် ဆရာတုတွေလက်ထဲမှာ ပျော့ဖတ်နေပြီးမှ လူရုပ် မပီတော့မှ ကုလို့မရတော့မှ ဆေးရုံကို ရောက်လာကြတယ်။

"… စိတ်ရောဂါကုဆေးရုံက ကုပေးလို့ ပျောက်သွားရင် ကံကောင်းလို့… လို့ ယူဆကြတယ်၊ စိတ်ရောဂါကု ဆေးရုံမှာ ကုရင်း မပျောက်ဘဲ သေဆုံးသွားရင် ဆေးရုံက ဆရာဝန်တွေ ညံ့လို့… လို့ ယူဆကြတယ်"

မောင့်မျက်နှာမှာ တင်းကျပ်မှုဖြင့် မှုန်မှိုင်းနေ၏။

"လူ့ဘဝမှာ ဘာအရေးကြီးသလဲလို့ တွေးစမ်းပါ သီ၊ တကယ် လက်တွေ့ လိုအပ်နေတာ ပါရာဆိုက်ကိုလိုဂျီ မဟုတ်ဘူး၊ ဆိုက်ခီယာထရီကို လူနာတွေ နားလည်ဖို့၊ အသုံးပြုတတ်ဖို့၊ အားကိုးတတ်ဖို့က အရေးကြီးတယ်"

သီတို့၏ မတူညီသော တန်ဖိုးထားမှုများ အကြားတွင် သီတို့ အိမ်ထောင်သည်ဘဝကို ဒရွတ်တိုက် ဆွဲခေါ်ဖို့ ကြိုးစားခဲ့ကြသည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

## အခန်း(၁၅)

ဦးနှောက်ကင်ဆာ ရောဂါများအကြောင်း ရေးထားသည့် စာအုပ်တစ်ခုကို ဖတ်ချင်သည်ဟု သူ့ဇနီးက ပြောလာသောအခါ ဆရာဝန်သည် တစ်ခဏ ဆွံ့အသွားလေသည်။

သူ့ဇနီး၏ မျက်နှာတွင် ဆုံးဖြတ်ချက် ခိုင်မာစွာ ချပြီးသော သေချာမှုများကို မြင်တွေ့ရသည်။ ခိုင်မာသော မေရိုးသည် လွန်ခဲ့သည့်နှစ်များကထက် ပို၍လေးထောင့်ကျနေ၏။ သူမ ပိန်သွယ်သွားသည်ကို သိသာစွာ မြင်နေရသည်။ သို့သော် မျက်လုံးများတွင် သွေးရူးသွေးတန်း ဖြစ်မှုကို မတွေ့ရ။ နက်မှောင်သော်လည်း ယခင်ကလို တောက်ပမှု မရှိတော့သော မျက်ဝန်းများသည် လုံးဝမညှိုးငယ်ဘဲ တည်ငြိမ်ရင့်ကျက်နေကြသည်။

"ဖြစ်ပါ့မလား သီ၊ ဆေးပညာဆိုင်ရာ အခေါ်အဝေါ်တွေကို သီ ဘယ်လိုလုပ် နားလည်မှာလဲ၊ သိချင်တာမှန်သမျှ ကိုယ့်ကိုမေးပါ၊ ကိုယ် ပြောပြမယ်"

သီက မပြုံးမရယ်ဘဲ သူ့ကို စိုက်ကြည့်သည်။

"နားမလည်တာ ရှိရင် ဒေါက်တာ့ကို မေးလို့ရနိုင်တယ် မဟုတ်လား"

"ရပါတယ်... ကိုယ့်ကို မေးလို့ရပါတယ်၊ ဒါပေမဲ့ သီ့ရဲ့ ဦးနှောက်ကို ဘာမှမခိုင်းဘဲ ငြိမ်ငြိမ်ကလေး အနားပေးထားရအောင်၊ သီ ဘာသိချင်သလဲ"

သီ မျက်လွှာချလိုက်'။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"ဦးနှောက်ကင်ဆာ ကုထုံးနဲ့ ကုထုံးတွေရဲ့ ဆုံးရှုံးမှု အတိမ်အနက်..."

အောင်မြင်မှု အတိမ်အနက်ဟု မပြောသောကြောင့် သူ ရင့်နင့်သွားသည်။ သူ သူ့ဇနီးထံမှ မျက်နှာလွှဲ၍ စားပွဲပေါ်မှ စာအုပ်များကို ငေးကြည့်နေလိုက်သည်။

သူ့ဇနီးဖတ်ရန် သူပေးထားသော စာအုပ်များမှာ တော်ရုံတန်ရုံ စိတ်ပျော့ညံ့သူများ ကောက်ကိုင်ကြည့်ရဲမည် မဟုတ်သည့် စာအုပ်များ ဖြစ်သည်။

ကင်ဆာကို စိန်ခေါ်ခြင်း **(Challenging Cancer)**နှင့် ကင်ဆာကြောက်ရွံ့မှုကို ဖယ်ထုတ်ကြစို့ **(Let's Get The Fear Out of Cancer)** စာအုပ်ဖြစ်သည်။

"ကောင်းပြီ... သီ့ကို ကိုယ်စာအုပ်တွေ ပေးဖတ်ပါမယ်၊ သီ ဆေးရုံမတက်မီမှာ နားနားနေနေ ဖတ်ပေါ့၊ ညတွေ ကိုယ့်ဆေးခန်းက ပြန်လာတဲ့အခါ သီနားမလည်တာ ရှိရင် ရှင်းပြပေးမယ်၊ သီ့သတ္တိကို ကိုယ်ယုံပြီးသားပါ"

"အဲဒီကိစ္စက ကြာမှာလား... ဒေါက်တာ"

သူ သီ့ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။ သီက မွေ့ရာပေါ် ပက်လက်လဲလျောင်းရာမှ တစ်ဖက်သို့ စောင်းလိုက်သည်။

သီ့မျက်နှာကို သူ မမြင်ရတော့ပါ။

"ဘာကိစ္စကိုမေးတာလဲ"

"ခွဲစိတ်တဲ့ကိစ္စ"

သူ သက်ပြင်းတစ်ချက် ချသည်။

"ဦးနှောက်ခွဲစိတ်မှုက တော်တော်ကြာတယ် သီ၊ ရောဂါဖြစ်တဲ့နေရာပေါ်မှာ မူတည်တယ်၊ ခေါင်းခွံဖွင့်တာကလဲ ကြာတတ်တယ်၊ သွေးထွက်များလွန်းလို့ သွေးကြောတွေ ထိန်းရတာလဲ ကြာတတ်တယ်၊ ဒါပေမဲ့ ဦးနှောက်အပေါ်ယံပိုင်းမှာ ဖြစ်တာမျိုးဆိုရင်တော့ လေးငါးခြောက်နာရီ လောက်နဲ့ ပြီးသွားနိုင်ပါတယ်။"

သီ ဖြုန်းခနဲ သူ့ဘက် လှည့်ကြည့်၏။ သီ့မျက်လုံးများမှာ မျက်ရည်များ ဝေ့လည်လျက် ကြောက်ရွံ့ထိတ်လန့်မှုကို သိသိသာသာ မြင်ရသည်။

"အပေါ်ယံမှာတောင် လေးငါးခြောက်နာရီ... ဟုတ်လား ဒေါက်တာ"

သူသည် စိတ်ကုဆရာဝန်တစ်ယောက်၏ အဖြစ်ကို မေ့လျော့သွားခဲ့သည်။ ထို့အတွက်လည်း သူ့ကိုယ်သူ ဒေါသထွက်သွားမိသည်။ သို့သော် အခုမှတော့ မထူးတော့ပါ။

"ဟုတ်တယ် သီ... အတွင်းကျကျ နက်ရှိုင်းတဲ့နေရာမှာ ရောက်နေရင်တော့ သိပ်ကြာတတ်တယ်"

တစ်ခါတစ်ရံ နာရီပေါင်းများစွာ ကြာတတ်ကြောင်းတော့ သူ မပြောဘဲထားမှ ဖြစ်မည်။

"သီ့ကျူမာက ဘယ်လိုအခြေအနေ ရှိသလဲ"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

သူ့မျက်လုံးများကို သီက စိုက်ကြည့်မေးတော့ သူအာခေါင်တွေ ခြောက်သွေ့ကာ တွန့်ဆုတ်သွား၏။ သို့ကျူမာအလုံးသည် ဦးနှောက်၏ အတွင်းကျကျ အောက်ဘက်နေရာ **(Temporal lobe)** တွင် ရှိနေကြောင်း **(CT Scan)**ဖြင့် သိထားသည်။ သို့သော် ဤကိစ္စကို သီ့အား ဘယ်လိုရက်စက်မှုမျိုးဖြင့် သွေးအေးအေး ဆွေးနွေးနိုင်ပါမည်နည်း။ သူ့ငြိမ်သက်မှုက လိုသည်ထက် ပို၍ကြာသွားသောအခါ သီက မချိတရိ ပြုံးလိုက်လေသည်။

"မဖြေပါနဲ့တော့ ဒေါက်တာ၊ ရပါတယ်"

သူ သို့လက်ဖျားများကို ခပ်ဖွဖွ ဆုပ်ညှစ်လိုက်၏။

ပျောင်းနွဲ့မှုမရှိသော၊ သန်မာခိုင်မြဲသော သီ့လက်ချောင်းများသည် ယခုအခါ ပို၍ပိန်သွယ် ရှည်လျားနေသည်။ လက်ဖျားမှာ ချွေးစေးများဖြင့် အေးစက် စိုကပ်နေ၏။

"ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်တို့ ရင်ဆိုင်ကြတာပေါ့၊ အကောင်းဆုံးကိုရဖို့ ကိုယ်တို့ မျှော်လင့်ထားရင်း အဆိုးဆုံးဖြစ်မလာအောင် ကာကွယ်ရမယ်၊ ခွဲစိတ်ပြီးတဲ့အခါ လောကကြီးရဲ့ အပြုံးကို သီ ပြန်တွေ့ရမယ်၊ ကိုယ့်သူငယ်ချင်းတွေ ကိုယ့်ဆရာတွေ နျူရိုလိုဂျီမှာ အများကြီး ရှိတယ်၊ အားလုံး တိုင်ပင်ကြတာပေါ့၊ ကိုယ်ပေးထားတဲ့ စာအုပ်နှစ်အုပ်ရော ဖတ်ကြည့်ဖြစ်ရဲ့လား၊ စာဖတ်ရင် ခေါင်းသိပ်ကိုက်တုန်းပဲလား"

ဦးနှောက်တွင်း အရည်ဖိအားကျစေမည့် ဆေးဝါးကို သီ့အား သူ ပေးထားသည်။

"ကြာရှည်မဖတ်ဘဲ နားနားဖတ်ရင် ရပါတယ်၊ သီ တစ်အုပ်တော့ စ ဖတ်နေပြီ၊ စိတ်ဝင်စားဖို့ ကောင်းပါတယ်"

ထိုအခိုက် အပြင်ဘက် ဧည့်ခန်းမှ တယ်လီဖုန်းသံ မြည်လာသည်။ ဖုန်းမြည်သံသည် လူနာအတွက် အနှောင့်အယှက် ဖြစ်မလားဟု သူ စိုးရိမ်သွား၏။

တယ်လီဖုန်းကို အောက်ထပ်သို့ ရွှေ့ယူလိုက်မည်။ အပေါ်ထပ်သည် သူ့ဇနီးအတွက် လုံးဝ အနှောင့်အယှက်မရှိသော နေရာဖြစ်ရမည်။ အစားအသောက်များ လာပို့သောအချိန်ကလွဲ၍ မိန်းကလေးကို သို့အခန်းတွင်းမဝင်ရ...ဟု သူ တားမြစ်ပေးထားသည်။

"ခဏနော်...သီ"

သူ ခပ်သွက်သွက် ထရပ်ပြီး ဧည့်ခန်းသို့ လျှောက်သွားသည်။

"အမိန့်ရှိပါခင်ဗျာ"

နူးညံ့သိမ်မွေ့သော သူ့အသံကို ကြားနေရသော သီသည် သူ့အသံဖြင့် လူနာတစ်ယောက်၏ ရောဂါကို တစ်ဝက်ပျောက်စေမည်ဟု ယုံသည်။

"နှောင်း... နေကောင်းတယ်နော်"

သူ့အသံသည် စောစောကထက် ပို၍ချိုမြသွားသည်။ သီသည် စားပွဲပေါ်မှာ တင်ထားသော စာအုပ်အနှောင့်မှ ကင်ဆာဟူသော အင်္ဂလိပ်စကားလုံးကို အဓိပ္ပာယ်ကင်းမဲ့စွာ ငေးကြည့်နေမိသည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"ဟုတ်တယ် နှောင်း... ကိစ္စမရှိပါဘူး၊ မတွေ့ရတာ နည်းနည်းကြာသွားလို့ နှောင်းနဲ့ စကားပြောရရင် ကောင်းမလားလို့ ဆက်ခဲ့တာပါ၊ ဘာအကြောင်းမှ မရှိဘူး၊ အကြောင်းရှိရင် ကိုယ်ဖုန်းလက်ခံတဲ့လူကို မှာထားခဲ့မှာပေါ့"

သူ ဘာဖြစ်လို့ ၁၅နှစ်လုံးလုံး အိမ်ထောင်မပြုခဲ့ပါလိမ့်။

"နှောင်းရယ်... ဆရာ သတိမရဘဲ နေပါ့မလား၊ နှောင်း မွေးနေ့ကို ဆရာဘယ်တုန်းကမှ မမေ့ခဲ့ဘူးလေ၊ အခုလာမယ့် မွေးနေ့ကိုတော့ ဆရာက ပန်းတိုင်မြင်နေရတဲ့ အပြေးသမားလို အားတက်သရော စောင့်နေတာပါ"

နှောင်း...။

ဘယ်လိုအမျိုးသမီး ဖြစ်မှာပါလိမ့်။ လန်းဆန်းတက်ကြွသော၊ လူသားဆန်စွာ နှလုံး ပူဆွေးသော အမျိုးသမီးတစ်ယောက် ဖြစ်ပါစေ။

"ဘာကြောက်စရာမှ မရှိဘူးလေ နှောင်း... တစ်လဆိုတာ ခဏကလေးပါ နှောင်းရဲ့၊ တစ်လကြာတဲ့အခါ ကိုယ်တို့ရဲ့ အောင်နိုင်မှု ဖြစ်လာတော့မယ်၊ နှောင်း ဒီကြားထဲ ဘာမှမတွေးနဲ့၊ နှောင်း မွေးနေ့ကို အခမ်းနားဆုံး ဘယ်လိုကျင်းပမလဲဆိုတာ တွေးနေရမှာပေါ့"

သီသည် ဖြူဖွေးသော မွေ့ရာခင်းစကို လက်ဖြင့် တင်းကျပ်စွာ ဆုပ်ထားသော်လည်း လက်ချောင်းများထဲတွင် အင်အားမရှိတော့သည်ကို ခံစားသိဖြင့် သိနေသည်။ သို့မှာ ရှိခဲ့သော ခွန်အားများကို ကင်ဆာက ဖယ်ထုတ်ပစ်လိုက်ပြီလား။ ဟင့်အင်း... ဒီလိုတော့ မဖြစ်စေရပါ။ သီ အားတင်းရမည်။

"ရတယ်လေ နှောင်း... ဆရာလိုက်ပို့မှာပေါ့၊ လိုက်ရုံပဲနော်၊ အင်္ကျီစ အမျိုးအစားတွေ ဈေးနှုန်းတွေ ဆရာ ဝေဖန် အကဲဖြတ်ပေးနိုင်မှာ မဟုတ်ဘူး"

အလိုလိုက်သော အစ်ကိုတစ်ယောက်၏ နှစ်သိမ့်မှုမျိုးဖြင့် သူ့အသံက ညင်သာ သိမ်မွေ့သည်။ သီသည် မျက်စိစုံမှိတ်လိုက်ပြီး မျက်စိထဲတွင် မြင်နေရသော အနီရောင် အပြာရောင် ရောင်စုံစက်ဝိုင်းများကို တတ်နိုင်သမျှ မေ့ပျောက်ဖို့ ကြိုးစားနေရသည်။ ခေါင်းက တစစ်စစ် ထိုးနက်ကိုက်ခဲနေသည်။

"နှောင်း ဘာလိုချင်လဲ"

"နှောင်း... ဆရာစိတ်မကောင်းဖြစ်မှ နှောင်း ပျော်မှာလား"

လွန်ခဲ့သည့် နှစ်ပေါင်းများစွာက အမှတ်မထင် ဖတ်ခဲ့ရသော အယ်လင်ဟူသည့် မိန်းကလေး၏ အဖြစ်အပျက်မှန် ဝတ္ထုတစ်ပုဒ်ကို သီ သတိရနေသည်။ ထိုမိန်းကလေးသည် ငယ်ရွယ်သော ကလေးမတစ်ဦးဖြစ်ပြီး အရိုးကင်ဆာ ဝေဒနာကို သတ္တိရှိရှိ ရင်ဆိုင်သွားလေသည်။ သီ အမှတ်ရနေသော စကားမှာ မထူးဆန်းသော်လည်း အင်အားအပြည့်ပါသည်။

"ကျွန်မရဲ့ကင်ဆာက ပိုပိုပြီး ကြီးထွားနေတယ်ပေါ့နော် ဒေါက်တာ"

"ဟုတ်တယ်"

"ကျွန်မ ဘယ်လောက်ကြာကြာ အသက်ရှင်နိုင်ဦးမလဲ"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"ခြောက်လကနေ နှစ်နှစ်"

ဘယ်လောက် သတ္တိရှိသည့် မိန်းကလေးပါလိမ့်။ သို့မျက်ရည်များကို ခြောက်ခန်းအောင် အားစိုက်တင်းထားလိုက်သည်။

"ကိုယ် စိတ်ကြည်နူးခြင်းများစွာနဲ့ လိုက်လျောပါမယ် နှောင်း... ဆရာ့ဘဝမှာ ရွှေတိဂုံဘုရားကို ဘယ်မိန်းမနဲ့မှ မသွားခဲ့ဖူးပါဘူး၊ နှောင်းနဲ့အတူ ဆုတောင်းကြတာပေါ့"

ဆုတောင်းခြင်းကို စိတ်စွမ်းအား ဖြည့်ဆည်းခြင်းဟု ယူဆသည်က လွဲ၍ ဘယ်တုန်းကမှ မယုံကြည်ခဲ့သော ဆရာဝန်သည် ယခုတော့ အမျိုးသမီးတစ်ယောက်နှင့် ကြည်နူးစွာ ဆုတောင်းတော့မည်။

"နှောင်းမွေးနေ့ကျတော့ ဆရာ ဘာဆုတောင်းတယ်ဆိုတာ နှောင်းကို ပြောပြပါ့မယ်၊ ကတိ... ကတိ..."

မောင့် ဆုတောင်းတွေ ပြည့်ပါစေ။

သူ အခန်းထဲ ဝင်လာသောအခါ ဖန်ချောင်းမီးရောင်အောက်တွင် သူ့ရှက်ပြုံးက တောက်ပလွန်းသဖြင့် လူငယ်ကလေး တစ်ယောက်နှင့် တူနေသည်။

"အိပ်တော့မလား သီ"

"မအိပ်သေးပါဘူး ဒေါက်တာ"

"ခေါင်းထဲက ဝေဒနာ သက်သာရဲ့လား"

"နည်းနည်းတော့ ကျန်သေးတယ်၊ ဒါပေမဲ့ ခဏနေရင် ကောင်းသွားမှာပါ"

"ဆေးထိုးလိုက်ဦးမလား"

"ဟင့်အင်း... ကျေးဇူးပဲ ဒေါက်တာ၊ လိုရင် သီပြောပါ့မယ်"

"မနက်ဖြန်ကျရင် သို့ကို ဒရစ်ပုလင်း သေးသေးကလေးတစ်ခု သွင်းပေးဦးမယ်၊ ခွဲစိတ်ဖို့ ဆေးရုံတက်တဲ့အခါ သို့ဦးနှောက်တွင်း အရည်ဖိအား သိပ်များမနေမှ ဖြစ်မယ်"

သူက ခုတင်ဘေးကုလားထိုင်တွင် ဝင်ထိုင်သည်။ သီ ပက်လက်လဲလျောင်းနေရာမှ သူ့ဘက်သို့ တစောင်းလှည့်လိုက်၏။ ထို့နောက် သူ့ကို ခပ်ဆဆ ကြည့်သည်။

"ဒေါက်တာ၊ သို့ကို တိုင်ပင်စရာတစ်ခုခုများ ရှိနေသလား"

မောင်က ဖြုန်းဆို ရှက်ကိုးရှက်ကန်း ရယ်လေသည်။ ထို့နောက် မျက်နှာ တည်ကြည်သွား၏။

"ဘာမှတိုင်ပင်စရာ မရှိပါဘူး သီ၊ ကိုယ့်ဘဝမှာ ကိုယ် ဘာလိုချင်တယ်ဆိုတာ ကိုယ် သိပါတယ်၊ ဘာဖြစ်သင့်တယ် ဘာမဖြစ်သင့်ဘူး ဆိုတာလဲ ကိုယ်သိပါတယ်၊ တစ်ခုပဲ စိတ်ဆင်းရဲရတယ်၊ ကိုယ့်ဘဝဟာ ကံမကောင်းတတ်ဘူး၊ အခုအချိန်အထိလဲ ကံမကောင်းဘူး"

www.myanmarcupid.net
Commercial use of this book will be at your OWN RISK!

သီ သူ့ကို ငေးမောနေခိုက် နှစ်ယောက်လုံး တိတ်ဆိတ်စွာ ငိုင်နေကြသည်။ စားပွဲတင်နာရီ တချက်ချက် မြည်သံကလေးသည်သာ နှစ်ဦးကြားမှ ဆက်သွယ်မှုတစ်ခု ဖြစ်သည်။

ဒီဇင်ဘာ ဆောင်းလေက သုတ်ခနဲ တိုက်ခတ်လိုက်သောအခါ ကြက်သီးမြမြထအောင် အေးစိမ့်သွားသည်။ စပို့ရှပ်လက်တိုကလေး ဝတ်ထားသော သူက မချမ်းဘဲ အနွေးထည် ဝတ်ထားသော သီက ချမ်းနေသည်။ သီ ဖျားများ ဖျားနေသလား။ မနက်က မောင် အဖျားတိုင်း ကြည့်သေး၏။ ပြဒါးတိုင်ကို သို့အား မပြဘဲ မဖျားပါဘူး သီဟုသာ ပြောသွားသည်။ သူက သူ့တစ်ပါး စိတ်ချမ်းသာအောင် ညာတတ်သေး၏။

"သီ... သို့ရဲ့ ဆယ့်ငါးနှစ်တာ ဘဝအတွေ့အကြုံကို ကိုယ့်ကို ပြောပြမလား"

"ဒေါက်တာ အချိန်ရလို့လား"

သူက စိတ်ကူဆရာဝန်ပီသစွာ ပြုံးသည်။

"အချိန်ရပါတယ်၊ နောက်ပြီး စိတ်ဝင်စားတယ်"

"ဒေါက်တာ ရန်ကုန်ပြောင်းသွားပြီးတော့ ပထမပိုင်းမှာ ခြံထဲ ပန်းပင်စိုက်ပြီး ပန်းရောင်းဖို့ ကြိုးစားသေးတယ်၊ နောက်တော့ နှင်းဆီက ပိုးအရမ်းကျတယ်၊ ပိုးသတ်ဆေး သုံးမှရမယ့် အခြေအနေ ဖြစ်လာတယ်၊ သီ နှင်းဆီပင်တွေကို ခုတ်ပစ်လိုက်တယ်"

သူက ပြုံးရွှင်စွာ စကားထောက်သည်။

"အဲလို ခုတ်ပစ်တော့ နှင်းဆီပင်ပေါ်က ပိုးတွေ မသေတော့ဘူးပေါ့နော်"

သီ အားတင်း၍ ရယ်မောလိုက်ပါသည်။

"ဒေါက်တာ ဆင်ထားခဲ့တဲ့ ဆွဲကြိုးနဲ့ လက်စွပ်တွေကို ရောင်းပြီး ပုသိမ်ကြီးဘက်မှာ ခြံမြေကလေးဝယ်၊ အိမ်သေးသေးကလေး ဆောက်နေလိုက်တယ်၊ ဒေါက်တာ မှတ်မိမလား မသိဘူး... ခြေရင်းအိမ်မှာ လာကူလုပ်နေတဲ့ ကြီးကြီးပုလေ.. သူ့သား အရက်သောက်တိုင်း အိမ် လာလာငိုတဲ့ တစ်ယောက်"

သူ ဇဝေဇဝါ ခေါင်းညိတ်၏။

"အဲဒီ ကြီးကြီးရဲ့သားက သေသွားပြီ၊ ကြီးကြီးပုနဲ့ ကျွန်မ နှစ်ယောက်အတူ ပုသိမ်ကြီးမှာ နေကြတယ်၊ သရက်ပင်သုံးပင် ရှိတယ်၊ ဒီလိုပဲ ရာသီစာကလေးတွေ စိုက်ပြီး စားကြတာပေါ့၊ ပုသိမ်ကြီး တွဲဖက်ကျောင်းတစ်ကျောင်းမှာ သီဆရာမဝင်လုပ်လိုက်သေးတယ်"

ချို့တဲ့သောဘဝကို စိတ်ညစ်ချိန်မရ။ ကျောင်းတစ်ဖက်၊ ခြံတစ်ဖက်၊ တရားဓမ္မတစ်ဖက်နှင့် သို့ဘဝကို အေးဆေးငြိမ်သက်စွာ ဖြတ်သန်းလာခဲ့သည်။ ကြီးကြီးကပါ သီနှင့်အတူ သတ်သတ်လွတ်စားတော့ နှစ်ယောက်အဆင်ပြေစွာ လိုက်ဖက်ညီကြ၏။ ဘုရားသောက်တော်ရေချမ်း၊ ဆွမ်း၊ သစ်သီးတို့ကို မပြတ်ကပ်လှူ၊ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ဘုရားဝတ်ပြု၊ ညစဉ်ပရိတ်တော်များကို ရွတ်ဖတ်၊ မေတ္တာပို့အမျှဝေ။ သီတို့အိမ်ကလေးသည် တိုးတိတ်စွာ စကားပြောသံ၊ ကြေးစည်သံ၊ ပရိတ်ရွတ်သံတို့ဖြင့် အမြဲအေးချမ်းခဲ့သည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

သီ တရားမှတ်ဖို့ထိုင်တိုင်း စိတ်မသက်သာစွာ သက်ပြင်းချလေ့ရှိသော မောင်၏ ရုပ်ဝါဒ နှောင်ဖွဲ့မှုမှ လွတ်ကင်းခဲ့ပြီဖြစ်ရာ မောင့်ကို လွမ်းစိတ်သည် လွတ်မြောက်စိတ်အောက်မှာ မှေးမှိန်သွားခဲ့သည်။ ဤအကြောင်းများ ပြောပြနေတော့ မောင် မသိမသာ ပြုံးလေသည်။

“ကိုယ် ဒီလောက် ရုပ်ကြမ်းဝါဒ မဆန်ခဲ့ပါဘူး သီရယ်၊ သို့ကို ကိုယ်အားမရတာ တစ်ခုပါပဲ၊ ဘာသာရပ်ဆိုင်ရာ လေ့လာမှုတစ်ခုမှာ ဖောက်ထွင်းသိမြင်လွယ်တဲ့ ကျွမ်းကျင်တဲ့ သီတစ်ယောက် ပျော့ပျောင်းငြိမ်သက်သွားမှာ ကိုယ်အားမရခဲ့တာပါ၊ ဒါနဲ့ သီ ပါရာဆိုက်ကိုလိုဂျီကို ယုံတုန်းပဲလား”

ပရစိတ်ပညာကို သီ ပို၍ ယုံကြည်ခဲ့သည်။ သို့သော် ပရစိတ်ပညာနှင့် စိတ်ဝိညာဉ်ဝါဒကို တကယ်ဖြစ်နိုင် မဖြစ်နိုင် လက်တွေ့လေ့လာလိုသော စိတ်က လျော့နည်းလာပြီး စိတ်အေးငြိမ်း ကြည်လင်မှုကို တောင့်တသော စိတ်က ပိုမိုအားကောင်းလာသည်။ ဘာဝနာမယ ပညာကို ရရှိဖို့ နေ့စဉ်တရား ကျင့်မှတ်ရသည့်ရသကို ခံစားနှစ်သက်လာသည်။ တရားကျင့်တိုင်း ရလာသည့် စိတ်ကြည်လင်အေးချမ်းမှုကို နှစ်သက်စွဲလမ်းစိတ်သို့ ပြောင်းမသွားအောင် ခက်ခဲပင်ပန်းစွာ အားထုတ်ရလေသည်။ သည်လိုနှင့် ဆယ်နှစ်ကျော်ကာလတွင် သမားရိုးကျ ဘဝလေးကို ထပ်တလဲလဲ ကျော်ဖြတ်လာခဲ့၏။

ပြိတ္တာဟု သတ်မှတ်သော အထူးထူးအပြားပြား ရုပ်ခန္ဓာရှိသော သက်ရှိအမျိုးအစားများ တကယ်ရှိကြောင်း ကိုယ်တိုင်ခံစားသိဖြင့် သိလာခဲ့သည်။ ထိုစကားကို ပြောနေချိန်က သူက ရုတ်တရက် စကားဖြတ်၏။

“သီ...”

သူ အလန့်တကြား တားမြစ်လိုက်သောအခါ သီမြည့်မြည့်ကလေး ပြုံးလိုက်၏။

“သီ မရူးပါဘူး ဒေါက်တာ၊ လောကမှာ သိပ္ပံနည်းနဲ့ ဖြေရှင်းလို့မရတဲ့ ပြဿနာတွေ အများကြီး ရှိပါတယ်၊ ပညတ်နယ်ထဲမှာ ရှိနေတဲ့အချိန်ဆိုတဲ့ အရာဟာ ပရမတ္ထသစ္စာနယ်ထဲကို ရောက်သွားတဲ့အခါ အနာဂတ်နဲ့ပစ္စုပ္ပန်ဟာ အတူတူလောက်နီးပါးပါပဲ၊ ကလဲရ်ဗွိုင်းယင့်စ်ဆိုတဲ့ အမြင်အာရုံကို ရတဲ့လူတွေဟာ အနာဂတ်နဲ့ ပစ္စုပ္ပန်ဆိုတဲ့ ပညတ်ချက်တွေကို လွန်မြောက်သွားကြလို့ပါ၊ အမြဲတမ်း မြင်နိုင်တာလဲ မဟုတ်ပါဘူး၊ တစ်နှစ်တစ်ခါ၊ တချို့က တစ်သက်မှာ တစ်ခါ...”

သူ ပါးစပ်အဟောင်းသား ငေးမော၍ စိတ်ပျက်နေဟန် တူပါသည်။

“လောကမှာ ကိုယ့်မျက်စိနဲ့ မမြင်နိုင်တဲ့အရာကို မရှိဘူးလို့ တွက်လို့မရဘူး၊ ဒီပြဿနာဟာ ဗုဒ္ဓလက်ထက်၊ ဗုဒ္ဓရဲ့ တပည့်သာဝကတွေ လက်ထက်ကတည်းက အခုအချိန်အထိ အစဉ်အဆက် ရှိနေမှာပါ၊ ရဟန်းတော်တွေ ပေးနေကျ ဥပမာတစ်ခုကိုပဲ ဒေါက်တာ့ကို ပြောပြချင်တယ်၊ အောက်ခံမျက်နှာပြင်တစ်ခုပေါ်မှာ ဝလုံးကြီးကြီးတစ်ခု ဆွဲလိုက်ပါ၊ အဲဒီဝလုံးကို ခပ်ဝေးဝေးက သွားကြည့်ပါ၊ ဒါ့ထက်ဝေးတဲ့နေရာကို ဆုတ်ခွာပြီး ကြည့်လိုက်ပါ၊ နောက်ဆုံးတစ်ချိန်မှာ လူ့မျက်စိရဲ့ မြင်နိုင်စွမ်းရှိတဲ့ အကွာအဝေးကို ကျော်သွားမယ်၊ အဲဒီလူဟာ အဲဒီဝလုံးကို မမြင်ရတော့ဘူး၊ ဒါပေမဲ့ ဒီဝလုံး မရှိဘူးလား ဆိုတော့ ရှိမှန်းလဲ ကိုယ်သိနေတယ်၊ ဒါပေမဲ့ မမြင်ရဘူး၊ မမြင်ရတဲ့အတွက် ဒီဝလုံးမရှိပါဘူးလို့ ဒေါက်တာငြင်းရင် ဒေါက်တာမှားမှာပေါ့”

သို့စကားများကို သူငြင်းချင်နေသည်။ သို့သော်အံကြိတ်၍ နားထောင်နေခဲ့၏။

“သေပြီးတဲ့နောက်မှာ လူဟာ ဂူထဲ ရောက်သွားတာတော့ မှန်ပါရဲ့၊ သူ့ခန္ဓာကိုယ်ထဲက နာမ်ဟာ တစ်ဖက်ဘဝရဲ့ နာမ်နဲ့ရုပ်ကို အကျိုးပြုရင်း ကံအကျိုးဆက်ကြောင့် တခြားတစ်ခုအဖြစ် ဆက်တည်သွားခဲ့တယ်၊

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

အုတ်ဂူဟာ လူတစ်ယောက်ရဲ့ ခရီးဆုံးပန်းတိုင် မဟုတ်ပါဘူး ဒေါက်တာ၊ လူတွေဟာ ဘဝဟောင်းကနေ ဘဝသစ်တွေ ကူးပြောင်းနေကြပါတယ်၊ ဒေါက်တာ နောက်ဘဝကို ယုံသလား"

သူ မဖြေပါ။

"ပဋိဆိုတာ တစ်ဖန်၊ သန္ဓိဆိုတာ ပြန်၍ဆက်ခြင်း၊ ဒီတော့ ပဋိသန္ဓိဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ပဲ၊ အဘိဓမ္မာကို လေ့လာထားရင် ဒါကရှင်းရှင်းကလေးပဲ ဒေါက်တာရဲ့၊ သတ္တဝါသေခါနီး မရဏာသန္န ဝီထိ၊ အဲဒီနောက်မှာ ပဋိသန္ဓိဝီထိ၊ အဲဒီနောက်မှာမှ ဘဝနိကန္တိကဝီထိ ဆိုပြီး အစဉ်လိုက် ဖြစ်သွားတယ်၊ ဘဝချုပ်တယ် ခေါ်တယ်"

"သီက နောက်ဘဝကို ယုံတယ်ပေါ့"

သူက ခပ်ဆဆ မေး၏။

"ဟုတ်ကဲ့ ယုံတယ်"

"သီ ပြောသလိုဆိုရင် လူတစ်ယောက် သေတဲ့အခါ ရုပ်ကြီးက သေသွားပြီး နာမ်ခန္ဓာက မသေဘဲ ကျန်နေတယ်၊ အဲဒီ နာမ်ခန္ဓာက တခြားရုပ်တစ်ခုဆီကို ပြောင်းသွားတယ်၊ အဲဒီလိုလား"

"အဲဒီလိုတော့ မဟုတ်သေးဘူး ဒေါက်တာ၊ နာမ်က နာမ်နဲ့ရုပ်ကို အကျိုးပြုပြီး တစ်ဖက်မှာ အသစ်တွေ ဖြစ်သွားတဲ့သဘော၊ အသစ်လဲ မဟုတ်ဘူး၊ အဟောင်းလဲ မဟုတ်ဘူး၊ နာမ်ကနေ နာမ်နဲ့ရုပ်ကို အကျိုးပြုတဲ့သဘောကို ဘိလိယက် ဘောလုံးကလေးတွေနဲ့ နှိုင်းပြီးပြထားတဲ့ စာအုပ်တစ်အုပ် ဖတ်ဖူးတယ်၊ ပဲ့တင်သံ၊ ဆီမီး၊ မြစ်ရေ အဲဒီလို ဥပမာတွေ အများကြီး ပေးခဲ့ကြတယ်၊ ဒေါက်တာ့ကို သီ အရှင်းဆုံး ဥပမာနဲ့ ပြောမယ်၊ လူသေပြီး နောက်ထပ် ပဋိသန္ဓိနေတယ်ဆိုတာ ဒေါင်းတံဆိပ်စတဲ့ တံဆိပ်တစ်ခုကို ထန်းရွက်ပေါ်မှာ တင်ပြီး နှိပ်လိုက်သလိုပဲတဲ့၊ တံဆိပ်နှိပ်လိုက်တဲ့အခါမှာ ထန်းရွက်ပေါ်မှာ ဒေါင်းရုပ်ကလေး ပေါ်လာတယ်၊ ဒါပေမဲ့ ထန်းရွက်မှာ ပေါ်လာတဲ့ ဒေါင်းရုပ်တံဆိပ်ဟာ နှိပ်လိုက်တဲ့ တံဆိပ်တုံးကြီး ထန်းရွက်ပေါ် ကပ်ပါလာလို့ မဟုတ်ဘူး၊ ဒါပေမဲ့ အဲဒီဒေါင်းရုပ်နဲ့ ကင်းကွာပြီး ထန်းရွက်ပေါ်မှာ ပေါ်တာလဲ မဟုတ်ဘူးတဲ့"

သီ သူ့ကို အကဲခတ်တော့ သူ စိတ်ဝင်စားပုံပြ၏။

"ဘဝဟောင်း၌ အကျုံးဝင်သော တစ်စုံတစ်ခုသော တရားသည် ဘဝသစ်သို့ ကူးပြောင်းခြင်း မဟုတ်၊ သို့သော် ဘဝသစ်သည် ဘဝဟောင်း၌ အကျုံးဝင်သော အဝိဇ္ဇာ တဏှာ ဟူသော အကြောင်းတို့နှင့်လည်း မကင်းတဲ့"

သူ ဖြည်းညင်းစွာ ခေါင်းယမ်းသည်။

"လူတစ်ယောက်ရဲ့ ကံအကျိုးဆက်ကို လက်ခံယုံကြည်ဖို့ စိတ်စွမ်းအင်လဲ အရေးကြီးပါတယ်၊ တစ်ခါတစ်ခါမှာ သီတို့ မြင်နေသားပဲ၊ မြင်တာကို ဘာလဲလို့ ဆုံးဖြတ်တတ်ဖို့ အရေးကြီးပါတယ်၊ သီ တစ်ခါတစ်ခါမှာ မြင်လိုက်သလိုလို ကြားလိုက်သလိုလို ရှိတယ်၊ ဘာမှန်း မသိဘူး၊ ဘာလို့ မခွဲခြားတတ်ဘူး၊ နောက်ပိုင်းမှာတော့ မြင်တာကို အဓိပ္ပာယ်ကောက်တတ်သွားတယ်၊ သီ့ဘဝမှာ သေချာတဲ့ စောင့်စည်းမှုတစ်ခုက သီ့အမြင်အာရုံကို ငွေကြေးနဲ့ ဘယ်တော့မှ မညစ်နွမ်းစေခဲ့ဘူး၊ ဒီအမြင်အာရုံတွေအပေါ်မှာလဲ သာယာစိတ် မဝင်ခဲ့ဘူး၊ ဘာအခွင့်အရေးမှလဲ မယူခဲ့ဘူး၊ တစ်ခါတစ်ရံမှာ သနားကြင်နာမှုကြောင့် သတိပေးစရာရှိရင်တော့ ပေးခဲ့ဖူးတယ်"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"...သီ လိုချင်တဲ့ဘဝက ဒီဘဝမဟုတ်ဘူး၊ နှစ်သက်စရာကောင်းတဲ့ အာရုံကို ကျော်လွန်အောင် ဖြတ်ရတာဟာ ဝိပဿနာရဲ့ အခက်ခဲဆုံး အားထုတ်မှုပဲ၊ ဦးနှောက်ကင်ဆာဆဲလ်တွေကြောင့် အမြင်အာရုံ ကောက်ချက်ချတာတွေ ချွတ်ယွင်းကုန်တယ်လို့ တွက်ချင်တွက်ပါ၊ တစ်နှစ်နေလို့ တစ်ခါမှ အာရုံမထူးခြားတဲ့ကာလတွေလဲ အများကြီး ရှိပါတယ်၊ ဒါပေမဲ့ ဆယ့်ငါးနှစ်လုံးလုံး ပရိတ်တွေ မပြတ် ရွတ်ဖတ်ခဲ့တယ်၊ အဖြဟ္မစရိယကို ရှောင်ကြဉ်ခဲ့တယ်၊ အသားလွှတ်စားပြီး မေတ္တာပို့အမျှဝေခဲ့တယ်၊ တရားကျင့်မှတ်ခဲ့တယ်၊ ဒါရဲ့အကျိုးအမြတ်ကတော့ သီ့ဘဝ နောက်ဆုံးအချိန်မှာ ကောင်းမှုကုသိုလ်တွေ အများကြီးလုပ်နိုင်ခဲ့ပြီ"

"ဘာကုသိုလ်တွေလဲ သီ"

"ဒေါက်တာ ယုံနိုင်စရာ မရှိတဲ့ ကုသိုလ်တွေပေါ့၊ မေတ္တာတန်ခိုး၊ သစ္စာတန်ခိုး၊ ပရိတ်တန်ခိုးနဲ့ ဝေဒနာသည်တွေကို ကုတာပေါ့၊ ဝေဒနာကို ရာတွေ့ပြီး ဆေးရုံမှာ ကုနိုင်ဖို့ ကူညီခဲ့တယ်၊ ဒါတွေကို ဒေါက်တာ ယုံမှာ မဟုတ်ဘူး"

သူ ထိန်းချုပ်ထားသည့်ကြားမှ သရော်တော်တော်ပြုံးမိသွား၏။

"သီ မန္တလေးမှာ လူနာတွေ အများကြီး ကုပေးနိုင်ခဲ့တယ်၊ သီ ဆေးကုခ တစ်ပြားမှ မယူခဲ့ဘူး၊ ဝေဒနာ ပျောက်သွားတဲ့ လူနာတွေကို ဘုရား တရား သံဃာနဲ့ ပတ်သက်တဲ့ ဒါနကောင်းမှုတွေ သူတို့ဟာသူတို့ ပြုလုပ်စေခဲ့တယ်၊ ဒါ... သီ သူတို့ဆီက တောင်းတဲ့ ဆေးကုခပဲ၊ အင်း... မပျောက်ဘဲနဲ့ သက်သာရုံသက်သာတဲ့ ဝေဒနာသည်တွေလဲ ရှိပါတယ်၊ တစ်ခုရှိတယ်၊ သီ ဆေးကုတာဟာ အဲဒီဝေဒနာသည်တွေရဲ့ ကံအကျိုးဆက်ကို ပြောင်းလဲပစ်ဖို့တော့ အစွမ်း မထက်ပါဘူး၊ သူ့ကံအကျိုးဆက်ကြောင့် ဒီဘဝမှာ သူ ဝေဒနာ ခံစားရတာဆိုရင် ဒီဝေဒနာကို လျော့နည်းအောင် သက်သာအောင်ပဲ ကူညီပေးနိုင်တယ်"

သူ မယုံပါ။

"တစ်ခါတစ်ခါမှာ ခရီးဝေးဒေသတွေအထိ သီလိုက်သွားပြီး ကုပေးရတတ်တယ်၊ ဒါပေမဲ့ ဝေဒနာသည်ကို လူကိုယ်တိုင် မတွေ့ရတဲ့အခါမှာ စိတ်နဲ့လဲ ကုလို့ရပါတယ်၊ ဆေးရုံတက်တဲ့ လူနာဆိုရင် အခန်းနံပါတ်၊ အခန်း အနေအထား၊ သူ့နာမည်၊ အသက်၊ မွေးနေ့ အဲဒါတွေနဲ့ ဆုံပြီး ကြည့်လိုက်တဲ့အခါ မှန်ဘီလူးဆုံတာမှာ ပေါ်သလို ပေါ်လာတယ်၊ ဆေးက ထူးထူးခြားခြားလဲ မဟုတ်ဘူး၊ မေတ္တာနဲ့ ပရိတ်ရေပါပဲ"

ထူးဆန်းသော လူတစ်ယောက်ကို သူ ကြည့်နေရသလို ရှိသည်။ သူ့မိန်းမသည် ဦးနှောက်ကင်ဆာ ရောဂါသည် ဖြစ်၏။ ကင်ဆာသည် **Temporal lobe** တွင် ရှိ၏။ ထို့ကြောင့် ထိုနေရာနှင့် ပတ်သက်သော ပုံမှန်မဟုတ်မှုများ၊ ရောဂါလက္ခဏာများ ရနေသည်။ တကယ်မရှိသော အသံများကို ကြားမည်၊ တကယ်မရှိသော အရာများကို မြင်နေမည်၊ တကယ်မရှိသော အနံ့များကို ရနေမည်။

"ဒါဖြင့် သီ့ရောဂါကို သီ မကုနိုင်ဘူးလား"

သူ ရိုးသားစွာ မေးလိုက်သည်။

"ဟုတ်ကဲ့... သီ့ကံအကျိုးဆက်ကို သီပြောင်းလဲလို့ ဘယ်ရပါ့မလဲ၊ အရေးကြီးတာက ဒီဘဝ နောက်ဆုံးအချိန်မှာ သီ့ဝိညာဉ်ကို သီ ချုပ်တတ်ချင်တယ်၊ သီ ခဏခဏ သေကြည့်ဖူးပါတယ်၊ သီ ကြိုးစားရင် ရနိုင်ပါလိမ့်မယ်၊ ဒါနနဲ့သေလို့ရတယ်၊ သီလနဲ့ သေလို့ရတယ်၊ ဒါပေမဲ့ သီကတော့ ဘာဝနာနဲ့ သေဖို့ ကြိုးစားမယ်"

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

သူက မျက်မှောင်ကြုတ်၍ ကြည့်သည်။ သူ့မျက်လုံးမှာ မယုံသင်္ကာရိပ်သည် တဖြည်းဖြည်း ပျောက်ကွယ်သွားကာ စိတ်မကောင်းဖြစ်မှုသာ ကျန်နေ၏။

"သီ မကြောက်ဘူးလို့ မညာပါဘူး၊ သီသေရမှာ သိပ်ကြောက်ပါတယ်၊ ကင်ဆာဆိုတဲ့ နာမည်တစ်ခုကို ရင်ဆိုင်ရတဲ့ လူတစ်ယောက်ရဲ့ ချောက်ချားမှုကို သီခံစားနေရတာပါပဲ၊ ဒါပေမဲ့ ဘယ်လိုမှ မလွတ်မြောက်နိုင်တဲ့ အဖြစ်ဆိုးတစ်ခုကို ကြောက်လန့်နေရင် အဲဒါက ကိုယ့်ကို ဝါးမျိုသွားမှာပေါ့၊ သီက စကြဝဠာကြီးထဲကို သိ့စိတ်ကူးနဲ့သွားပြီး အပြင်လူတစ်ယောက် အနေနဲ့ သိ့ကိုပြန်ကြည့်လိုက်တယ်၊ ဒါဟာ ဘာမှမထူးခြားဘူး၊ သီ သေသွားတဲ့အခါ ကမ္ဘာကြီးမှာ မြူမှုန်လေးတစ်ခုစာတောင် ပြောင်းလဲသွားမှာ မဟုတ်ဘူး၊ သီရှိစဉ်ကနဲ့ သီ မရှိတာနဲ့ ဘာမှမကွာခြားဘူး၊ စကြဝဠာကြီးကတော့ ပုံမှန်အတိုင်း ဖြစ်တည်နေတာပါပဲ၊ ဒီကမ္ဘာဂြိုဟ်ပေါ်မှာ သန်းပေါင်းထောင်ချီနေတဲ့ လူသားတွေ ရှိမြဲရှိကျန်နေခဲ့မယ်၊ လူ့အတ္တဆိုတာ ဘယ်ရောက်သွားသလဲ"

အခန်းသည် ရုတ်တရက် တိတ်ဆိတ်သွားပြန်သည်။ တရုတ်ကပ်မှန်ပေါ်တွင် သီ၏အရိပ်က သွားထင်နေသည်။ ထိုအရိပ်သည် ပိန်သွယ်သော ဦးခေါင်းဘေးတိုက်မြင်ကွင်းအရိပ် ဖြစ်သည်။ ဖြောင့်စင်းရှည်လျားသော နှာခေါင်းရိပ်ကို သူ ငေးကြည့်နေ၏။

သူ ချစ်ခဲ့ဖူးသော မိန်းမဖြစ်သော်လည်း ယခုတော့ ထိုမိန်းမသည် သူ နှင့် အဝေးကြီး ဝေးခဲ့ပြီ။

ဖဖဖဖဖ

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

# အခန်း(၁၆)

သူ့ရှေ့မှာ အရုပ်ကလေးတစ်ရုပ်လို ငြိမ်သက်စွာထိုင်နေသော နှောင်းသည် နုပျိုလန်းဆန်းစွာ လှပလျက်ရှိ၏။ နှောင်းနှင့် မတွေ့ရတာ ကြာပြီ။ ပြာလဲ့သော မျက်ဝန်းကလေးများနှင့် မဆုံရတာ ကြာပြီ။ သူနှင့် မတွေ့ရသည့် ကာလအတွင်း နှောင်းသည် လောကကို ပုံမှန်အတိုင်း ရင်ဆိုင်ကျော်ဖြတ်လျက် ရှိသည်။

"ဘယ်လောက်ကြာမှာလဲ နှောင်း"

နှောင်းက သူ့ကို ကြည်စင်သော မျက်ဝန်းကလေးများဖြင့် စိုက်ကြည့်၏။

"နှောင်းမှာလဲ အလုပ်က ခွင့်ယူရမှာဆိုတော့ မေမေနေသလောက် ကြာကြာနေနိုင်မှာ မဟုတ်ဘူး ဆရာ၊ လေးငါးရက်တော့ ကြာမယ်ထင်တယ်"

"ကိုယ့်သဘောကို ပြောရရင်တော့ မွေးနေ့မတိုင်ခင် ခရီးမသွားရဘူးဆိုတဲ့ အယူအဆတွေ ကိုယ် လက်မခံဘူး၊ နှစ်ဆယ့်လေးနှစ်မြောက် မွေးနေ့ကို နှောင်း အပျော်ရွှင်ဆုံး ဖြတ်သန်းရမှာ ကိုယ် အသေအချာ သိတယ်၊ ဒါပေမဲ့ နှောင်း စိတ်ထဲမှာ ဘယ်လိုရှိသလဲ"

နှောင်း၏ ပန်းနုရောင်နီထွေးသွားသော ပါးပြင်ကလေးနှစ်ဖက်ကို သူ သတိလက်လွတ် ငေးကြည့်မိသည်။

"နှောင်း နည်းနည်းတော့ လန့်တယ်ဆရာ၊ ဒါပေမဲ့ ဘွားဘွားက နှောင်းကို သိပ်မြင်တွေ့ချင်နေတယ်၊ သူ့ခမျာ မြေးနှစ်ယောက်မှာ တစ်ယောက်က နိုင်ငံခြားရောက်နေတော့ ဒီမှာကျန်တဲ့မြေးကို မသေခင်တွေ့ချင်ရှာမှာပဲ၊ နှောင်း စိတ်မကောင်းဘူး ဆရာ၊ ဘွားဘွား လာနိုင်တဲ့ အချိန်တွေတုန်းက ရန်ကုန်ကို ခဏခဏလာခဲ့တာ၊ အခု သူ

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

အိပ်ရာထဲ လဲချိန်မှာ နောက်ဆုံးအချိန်မှာ နှောင်း သွားမတွေ့ရင် သူ အသေမှ ဖြောင့်ပါ့မလား၊ နောက်ပြီး နှောင်းရော ကျန်တဲ့ဘဝမှာ နှောင်တမရဘဲ နေပါ့မလား"

ဤကိစ္စမျိုးသည် သာမန်အခြေအနေ အတိုင်းသာဆိုလျှင်တော့ ဘေးလူဝင်ပြီး ဆုံးဖြတ်ပေးစရာ မလိုသော ကိစ္စမျိုးဖြစ်သည်။ သို့သော် ယခုကိစ္စမှာတော့ နှောင်း၏အသက်ရှင်မှုကို တာဝန်ယူထားသော စိတ်ကုဆရာဝန် တစ်ယောက်၏ အနေအထားဖြစ်နေသည်။ နှောင်းကို လွတ်လပ်စွာ ဆုံးဖြတ်ခွင့် ပေးလိုက်ခြင်း၏ အကျိုးအပြစ်များကို သူစဉ်းစားရမည်။ တစ်ချိန်တည်းမှာပင် သူမကံကြမ္မာအပေါ် နှောင်းကိုယ်တိုင် ယုံကြည်အောင် ခွန်အားဖြည့်ပေးဖို့လည်း သူ့မှာ တာဝန်ရှိနေပြန်သည်။

"နှောင်း မော်လမြိုင် လိုက်သွားဖို့ ဆရာ စိတ်ချသလားဟင်... နှောင်း လိုက်ရမလား"

သူ အနည်းငယ် စိတ်ကျဉ်းကျပ်သွား၏။ တာဝန်ယူမှုဟူသော စကားလုံးသည် သူ့အတွက် ကြီးလေးလှသော ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေ၏။ သို့သော် သူ မိုက်မဲဖို့ လိုအပ်နေပြီ။

"ဆရာ စိတ်ချပါတယ် နှောင်း၊ နှောင်း ဘာမှမဖြစ်ဘူးဆိုတာ ဆရာ ယုံကြည်တယ်၊ အကြောင်းမဲ့ သက်သက် ဖွတ်ယုံတာ မဟုတ်ဘူး၊ ယုံကြည်လောက်တဲ့ အခြေအနေတွေ ဖြစ်အောင် နှောင်း ဖန်တီးနိုင်မယ်လို့ ဆရာယုံတာပါ၊ လမ်းခရီးမှာ စိတ်ချရဖို့က နှောင်း အမြဲသတိရှိနေမှ ဖြစ်မယ်၊ အဲဒါက နှောင်း တာဝန်ပဲ"

နှောင်းက မဝံ့မရဲ ပြုံးလိုက်သောအခါ ထိုအပြုံးကလေးကြောင့်ပင် သူ နှောင်း၏ ကံကြမ္မာကို စိန်ခေါ်ပစ်ချင်လောက်အောင် ရဲရင့်လာသည်။ တတ်နိုင်လျှင် နှောင်း၏ခရီးစဉ်မှာ နှောင်းကို မျက်စိအောက်မှ အပျောက်မခံဘဲ စောင့်ကြည့်သတိထား ကူညီလိုက်ချင်သည်။ နှောင်းကို လိုက်ပို့ပြီး နောက်တစ်ခါ ပြန်သွားကြိုချင်သည်။ ဤကလေးမ၏ စိတ်ငြိမ်းချမ်းမှု၊ ပျော်ရွှင်မှု၊ ရဲဝံ့မှုအားလုံးကို သူ ပြုပြင်ဖန်တီးပေးချင်သည်။ နှောင်း၏ သဘာဝတရားကို ရင်ဆိုင်နေစဉ် နှောင်းအနားမှာ အမြဲတမ်းမားမားရပ်လျက် သတိပေး တည့်မတ်ပေးနေချင်သည်။

သို့သော် သူသည် နှောင်း၏ ဆရာဝန်သာဖြစ်ပြီး နှောင်း၏ချစ်သူလည်း မဟုတ်၊ နှောင်း၏ ခင်ပွန်းလည်း မဟုတ်ပါ။ ထို့အပြင် နောက်တစ်ပတ်ကြာလျှင် သူ့ဇနီးကို ခွဲစိတ်ကုသကြတော့မည်။ မသေချာသော ပူပင်မှုကို မေ့ပျောက်တွန်းဖယ်ထားဖို့ ဖြစ်နိုင်သော်လည်း ဒီဘက်မှာ အသက်အန္တရာယ်အတွက် သေချာလွန်းသော ပူပန်မှုကို သူ ရင်ဆိုင်ရဦးမည်။ ဤကိစ္စတွင် နှစ်ခုမှတစ်ခုကို ရွေးချယ်ရမည် မဟုတ်ဘဲ နှောင်းဘက်မှာ သတိပေး စောင့်ရှောက်ခွင့်က အလိုလိုပင် ကင်းမဲ့ပြီးသား ဖြစ်နေ၏။ သူ့တွင် တစ်ခုတည်းသော အခွင့်အရေးမှာ သီ၏ခွဲစိတ်ချိန်တွင် သူရှိနေရမည့် အဖြစ်မှန်ပင် ဖြစ်သည်။

"လမ်းခရီးမှာ အိပ်ပျော်မနေဘဲ အမြဲသတိရှိမယ်ဆိုတာ ဆရာ့ကို ကတိပေးပါ နှောင်း"

"ဟုတ်ကဲ့၊ နှောင်း ကတိပေးပါတယ် ဆရာ"

"သံလွင်မြစ်ကို ဖြတ်ကူးတဲ့အခါ ဇက်နဲ့ကူးရမှာ၊ ရေထဲ ဘာထဲ ချော်ပြုတ်ကျသွားနိုင်တဲ့ အစွန်းတွေမှာ မနေမိစေနဲ့နော်"

နှောင်းက ခစ်ခနဲ ရယ်မောသောအခါ သူ့မျက်နှာ နွေးပူသွား၏။

"ဆရာကလဲ နှောင်း ကလေးမှ မဟုတ်တာ"

"ဒါပေမဲ့ နှောင်း... ဘက်စုံထောင့်စုံကနေ ကာကွယ်ရမယ်လေ၊ ဆရာတို့ နှစ်ယောက်လုံးရဲ့ အောင်မြင်မှုအတွက် နှောင်း အစစအရာရာ သတိထားနေဖို့ လိုတယ်၊ အန္တရာယ်ဆိုတာ အသေးအဖွဲရယ်လို့

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

သတ်မှတ်ပြီး ခပ်ပေါ့ပေါ့ မနေရဘူး၊ သတိရှိတဲ့လူအတွက် ခရီးသွားရင်လဲ လုံခြုံနေတတ်တယ်၊ သတိမရှိတဲ့လူအတွက် ကိုယ့်အိမ်မှာကိုယ် နေရင်းလဲ ဒဏ်ရာရနိုင်တာပဲ”

နှောင်းက သူမ၏ ရုပ်အင်္ကျီလက်ကြယ်သီးကို ဖြုတ်လိုက် ပြန်တပ်လိုက်ဖြင့် အလုပ်ရှုပ်ရင်း မျက်နှာငုံ့ကာ မသိမသာ ပြုံးနေသည်။ သူ၏ ဂရုစိုက်မှု၊ ပူပင်မှုအတွက် ကျေနပ်နေသော မျက်နှာကလေးကို နှောင်း မထိန်းချုပ်နိုင်ပါ။

“အပြန်မှာ နှောင်းတစ်ယောက်တည်းဆိုရင် လေယာဉ်နဲ့ပြန်ခဲ့မယ် မဟုတ်လား၊ လေယာဉ်နဲ့ ပြန်ခဲ့ နှောင်း”

“ဟုတ်ကဲ့ပါ ဆရာ”

“နေမကောင်း ဖျားနာဖြစ်မယ့်ကိစ္စတွေကို နှောင်း အတတ်နိုင်ဆုံး သတိထားစေချင်တယ်၊ ဥပမာ ရေချိုးမမှားဖို့၊ အချိန်မတော် ခေါင်းမလျှော်မိစေဖို့၊ အပူငွေ့ပေးတဲ့ ကိရိယာမရှိဘဲ အရဲကိုးပြီး ခေါင်းလျှော်ပစ်တာမျိုး မလုပ်နဲ့... ကြားလား”

နှောင်း၏ ပျော့အိနက်မှောင်သော ဆံပင်များက ပခုံးထိရုံမျှ တိုနေသော်လည်း သူ စိတ်ပူမိသည်။ နှောင်း၏ပန်းသွေးနုတ်ခမ်းများနှင့် ဝင်းမွတ်လန်းဆန်းသော ပါးပြင်များက နှောင်း၏ကျန်းမာမှုကို ဖော်ပြနေသလို ရှိ၏။ သူ နည်းနည်း စိတ်သက်သာရာရကာ ပြုံးလိုက်သည်။

“မာလကာသီးတွေလဲ သိပ်စားမနေနဲ့ဦး၊ မာလကာစေ့တွေ ဘာတွေက အစာမကြေတော့ အူအတက်ထဲ ရောက်သွားရင် အူအတက်ရောင်တတ်တယ်၊ နှောင်း သိတယ် မဟုတ်လား၊ နှောင်း သတိထားစားနော်”

နှောင်းက သူ့ကို မျက်စချီ၍ ပြုံးသည်။

“ဆရာကလဲ... ရှိသမျှ လူတွေအကုန်လုံး မာလကာသီးကို အစေ့တွေပါ ဝါးစားနေကြတာ၊ ဒီလိုသာဆိုရင် အားလုံး အူအတက်ရောင်ကုန်တော့မှာပေါ့”

“မဟုတ်သေးဘူးလေ၊ စွန့်စားမှုတစ်ခု လုပ်လိုက်မှာထက် မလုပ်တာက ပိုပြီးအန္တရာယ်ကင်းတာပဲ နှောင်းရဲ့၊ ကံကြမ္မာကို ကိုယ်တိုင်ယုံကြည်ဖို့ ကိုယ်တိုင် သတိထား ရှောင်ရမယ်”

နှောင်းက သူ့ပူပင်မှုကို သဘောကျစွာ ငေးမောပြုံးနေ၏။

“ခြံဝန်းထဲမှာ သစ်ပင်တွေ စိုက်ဖို့ မြေဆွဖို့ စိတ်မကူးနဲ့၊ သံမစူးစေနဲ့၊ သံပြားတွေ ဝါးတွေ မရှစေနဲ့၊ တစ်ခုခု အနာတရဖြစ်ရင်လဲ ဆေးခန်းသွားပြီး မေးခိုင်ရောဂါ ကာကွယ်ဆေးထိုးဖို့ မမေ့နဲ့၊ အဲဒီလို ထိုးရပြီဆိုရင်လဲ ဆရာဝယ်ပေးထားတဲ့ တစ်ခါသုံးအပ်ချောင်းကလေးတွေ ယူသွား၊ နှောင်းဆီမှာ ရှိသေးလား၊ မရှိရင်...”

“ရှိပါသေးတယ် ဆရာ၊ နှောင်း တစ်ခါမှ ဆေးမထိုးရသေးဘူးလေ”

“နှောင်း အဘွားအိမ်မှာ ဖုန်းရှိသလား”

“မရှိဘူးဆရာ၊ ဒါပေမဲ့ အဘွားဟိုဘက်ခြံမှာ ရှိတယ်၊ အဲဒီနံပါတ် ဆရာယူမလား”

“ကောင်းသားပဲ နှောင်း၊ နှောင်းဆီကို ဆရာ ဖုန်းဆက်ပြီး နှောင်းအသံကို ကြားရတဲ့အခါ နှောင်း ကျန်မာရေးအတွက် အခုထက်ပိုပြီး ဆရာ စိတ်ချနိုင်တာပေါ့”

Commercial use of this book will beat your OWN RISK!
www.myanmarcupid.net

နှောင်း၏အပြုံးသည် ကိုယ့်ကံကြမ္မာကိုယ် ယုံကြည်စိတ်ချသူ၏ အပြုံးမျိုးဖြစ်သည်။

နှောင်းရှိရာ မော်လမြိုင်သို့ သူဖုန်းဆက်သော ညသည် သီခွဲစိတ်ကုသမှုအတွက် ဆေးရုံမတက်မီည ဖြစ်သည်။ သူ ဖုန်းဆက်နေချိန်တွင် ဧည့်ခန်းမှာ သီပက်လက်ကုလားထိုင်ဖြင့် စာအုပ်တစ်အုပ် ဖတ်လျက်ရှိသည်။ တကယ်တော့ သီ စာဖတ်သည် ဆိုခြင်းထက် သီက စာအုပ်ကိုင်ထားပြီး သူက ဘေးက ဖတ်ပြနေရခြင်း ဖြစ်သည်။ သီ့အမြင်များ ဝေဝါးနေပြီး စာလုံးများကို မမြင်ရဘဲ စူးရှသော အလင်းတန်းများသာ မြင်မြင်နေရသည်။ စာတစ်ကြောင်း ဖတ်ဖို့ထက် မြင်အောင်ကြည့်ဖို့ကိုပဲ သွေးရူးသွေးတန်း ကြိုးစားနေရသည်။

ခွဲစိတ်ပညာစာအုပ်မှ 'ဦးနှောက်ကင်ဆာ ခွဲစိတ်ခြင်း' ခေါင်းစဉ်ကို သီ ဖတ်ဖို့ ကြိုးစားနေသည်။

သူ နှောင်းဆီ တယ်လီဖုန်း ဆက်သည့် ခဏတွင် သီက စာအုပ်ထဲမှ ခွဲစိတ်မှုဆိုင်ရာ ပုံများကို ငေးကြည့်နေ၏။ နာကျင်မှု ဝေဒနာ လုံးဝခံစားရမှာ မဟုတ်ကြောင်း သူ မကြာခဏ ဖြေသိမ့်ပေးပြီးသား ဖြစ်သည်။

"ဆရာ..."

နှောင်း၏ ကြည်လင်သော အသံကလေးကို ကြားလိုက်ရချိန်မှာတော့ မနက်ဖြန် ရင်ဆိုင်ရမည့် သူ့ဇနီး၏ အန္တရာယ်ကို တစ်ခဏမေ့လျော့ကာ စိတ်တင်းကျပ်မှု ပျောက်သွား၏။ အမှန်အတိုင်း ဝန်ခံရလျှင် သူ ပျော်ရွှင်အားတက်သွားပါသည်။

"နှောင်း နေကောင်းတယ်နော်"

"နေကောင်းပါတယ် ဆရာ"

"နှောင်း ဘွားဘွားရော..."

"ဘွားဘွားကို အသက်ကယ်ဆေး ထိုးပေးထားတယ် ဆရာ၊ ခြောက်နာရီခြား တစ်ကြိမ် ဆေးထိုးပေးနေတယ်၊ ဘွားဘွားရဲ့ နောက်ဆုံးအချိန် ရောက်နေပြီ"

နှောင်း၏ စကားသံက အနည်းငယ် တွန့်ဆုတ်သွား၏။ မိမိနှင့် သက်ဆိုင်သူများ၏ နောက်ဆုံးအချိန်အကြောင်း ပြောရသည်ကို ဘယ်သူမှ မဖြစ်ချင်ကြပါ။

"နှောင်းကို စကားပြောနိုင်ရဲ့လား"

"ဟုတ်ကဲ့... စကားပြောလိုက် သတိလစ်လိုက်ပဲ၊ ဘွားဘွားက နှောင်းကို သိပ်ချစ်တာ ဆရာ"

သူ သီရှိရာသို့ ခဏ အကဲခတ်ကြည့်လိုက်ပြီး စကားကို ထိန်းချုပ်ပြောလိုက်သည်။

"ဘွားဘွားကို ဂရုစိုက်ပါ နှောင်း၊ နှောင်းမှာရှိတဲ့ ခွန်အားတွေကို ဘွားဘွားကို မျှဝေပေးလိုက်ပါ၊ ဆရာဝန်တွေ ဘယ်လိုခန့်မှန်းသလဲ"

"မနက်ဖြန်ညနေ လေးနာရီ နောက်ဆုံးပဲတဲ့"

နှောင်းအသံတွင် ငိုသံစွက်လာ၏။ နှောင်းသည် အဘွားအတွက် ကြေကွဲမှုတွင် ဖခင်ကို သတိရမှုပါ ဖြည့်စွက်ခံစားနေရလိမ့်မည်ဟု သူထင်သည်။

"နောက်ဆုံးတော့ အရာရာဟာ ပြီးဆုံးသွားမှာပါပဲ နှောင်း၊ ဆရာတို့ အားလုံး မရှိရင်လဲ ကမ္ဘာကြီးကတော့ ရှိနေဦးမှာပါပဲ၊ နောက် သက်ရှိတွေ ဖြစ်လာဖို့ ဆရာတို့အားလုံး သေပေးရတယ်၊ ကမ္ဘာကြီးပေါ်မှာ

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

လူသားတွေ ပြည့်ကျပ်ပြီး စားနပ်ရိက္ခာ မရှားပါးဖို့ ကမ္ဘာစစ်ကြီးတွေ ဖြစ်ပေးနေရတယ်၊ ဒါတွေဟာ ဖြစ်ရိုးဖြစ်စဉ်ပါ နှောင်း... နှောင်းတို့ သင်ရတဲ့ မနုဿဗေဒလိုပေါ့"

တစ်ဖက်မှ နှောင်းအသံ မကြားရပါ။ နှောင်း တိတ်တဆိတ် ငိုကြွေးနေပြီလား။

"နှောင်း ငိုနေသလား"

"ဟင့်အင်း"

ဟင့်အင်းဟူသော စကားသံသည် ရှိုက်သံပင်ဖြစ်နေသည်။ သူ ပင့်သက်တစ်ချက် ရှိုက်လိုက်၏။

"နှောင်း မေမေနဲ့မှ ပြန်လာတော့မယ် ဆရာ... သိပ်ကြာကြာ စောင့်ရမယ် မထင်ဘူး၊ နှောင်းအတွက် မထူးတော့ပါဘူး ဆရာ၊ ဘွားဘွား တွေ့ချင်တဲ့အချိန် နှောင်းကို တွေ့နိုင်ဖို့ အချိန်ကာလက သိပ်နည်းသွားပါပြီ"

"ကောင်းပါပြီ နှောင်း၊ နှောင်း ဘာပဲလုပ်လုပ် နှောင်း ကျန်းမာရေးကို ဂရုစိုက်ပါ၊ နှောင်း ကျန်းကျန်းမာမာနဲ့ ဆရာ့ဆီပြန်လာမှာကို ဆရာကြိုနေပါ့မယ်၊ နှောင်း ပြန်လာရင် ဆရာတို့ ဘုရားကို တစ်ခါထပ်သွားကြမယ်နော်"

သူ တယ်လီဖုန်း ချလိုက်သောအခါ သူ့ကို စိုက်ကြည့်နေသော သူ့ဇနီး၏ မျက်လုံးများနှင့် ရင်ဆိုင်လိုက်ရသည်။

သူ သီ့ထံသို့ ဖြည်းညင်းစွာ လျှောက်သွားလိုက်သည်။

"ဒေါက်တာ မုဆိုးဖိုဘဝနဲ့ နှောင်းကို လက်ထပ်ဖို့များ စိတ်ကူးနေရင် အဲဒီစိတ်ကူးကို ပယ်လိုက်တော့"

သူ ဇဝေဇဝါ ဖြစ်သွား၏။

"ဘာလို့တုံး... သီရဲ့"

"သြော်... မနက်ဖြန် သီ့ဦးနှောက်ကို ခွဲစိတ်ကြလိမ့်မယ်၊ ခွဲစိတ်မှုဟာ ဆယ်နာရီပဲကြာကြာ၊ နာရီနှစ်ဆယ်ပဲကြာကြာ နှောက်တစ်ရက်မှာတော့ သီ့ကင်ဆာအခဲကြီး ရှိတော့မှာ မဟုတ်ဘူး၊ သီ နေကောင်းသွားတော့မယ်၊ ဒီအတိုင်း အောင်မြင်သွားရင် သီတော်တော်နဲ့ သေမှာ မဟုတ်ဘူး ဒေါက်တာ၊ မုဆိုးဖိုဖြစ်မှ လက်ထပ်မယ်ဆိုရင် ဒေါက်တာ အရွယ်လွန်သွားလိမ့်မယ်၊ တစ်ခုလပ်ဘဝနဲ့သာ လက်ထပ်ဖို့ ကြိုးစား..."

သူ့အိမ်သို့ သီရောက်လာချိန်မှစ၍ ပထမဦးဆုံးအကြိမ် သီ့ဟာသစကားကို သူသဘောကျစွာ ရယ်မောလိုက်ပါသည်။ ဦးနှောက် ရောင်ရမ်းမှု လျော့ကျစေသည့် ထိုးဆေးစားဆေးများဖြင့် သီ့ဝေဒနာများ အနည်းငယ်သက်သာလျက် ရှိသည်။ အခါတိုင်းထက်လည်း စိတ်ရွှင်လန်းနေပုံ ရသည်။ သူ ဝမ်းသာသွား၏။

"ဒေါက်တာ လက်ထပ်ဖို့ ဘာခက်ခဲနေသလဲဟင်... သီ့ဆီက ကွာရှင်းလက်မှတ် လိုသေးလို့လား၊ ဆယ့်ငါးနှစ် မပေါင်းသင်းရင် တရားဝင်ကွဲတယ်... မဟုတ်ဘူးလား"

သီ တကယ် နားမလည်စွာ မေးတော့ သူ သီ့ထံမှ မျက်နှာလွှဲလိုက်သည်။ သီ ဖွင့်လက်စ စာမျက်နှာတွင် ဦးနှောက်ခွဲစိတ်ပုံ ဓာတ်ပုံတစ်ခု ရှိနေ၏။ သူ ထိုဓာတ်ပုံကို ငေးနေမိသည်။

"သီ အထင်မှားနေတယ်... ကိုယ် နှောင်းကို လက်မထပ်ပါဘူး"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"ဟင်..."

သီ စကား တွန့်ဆုတ်စွာ ငြိမ်သက်သွားသည်။ သူ့အချစ်ကိုစွာကို သီ ထပ်မေးဖို့ မကောင်းတော့ပါ၊ မေးလည်း မမေးသင့်ကြောင်း သီသိသည်။ သို့သော် မောင်က သို့ကုလားထိုင်ဘေးတွင် ရပ်လျက် တစ်လုံးချင်း ဖြေရှင်းပြောပြသည်။

"ဆရာဝန်တစ်ယောက်ရဲ့ ကျင့်ဝတ်ကို ထိန်းသိမ်းတယ်လို့ ပြောချင်ပြောပါ၊ ဒါပေမဲ့ နှောင်းရဲ့ဘဝကို မတိမ်မြုပ်စေချင်တာလဲ ပါပါတယ်၊ နှောင်းက သိပ်ထက်မြက်တယ် သီ၊ စိတ်ကုဆရာဝန်တစ်ယောက်ရဲ့ ဇနီးအဖြစ် မယားဝတ္တရားနဲ့အညီ ပြုစုပြီး သမားရိုးကျဘဝမျိုးနဲ့ အချိန်ကုန်သွားဖို့ သိပ်နှမြောစရာကောင်းတဲ့ သွက်လက်ထက်မြက်မှုမျိုး ရှိတယ်၊ အသိဉာဏ်လဲ သိပ်ကောင်းတယ်၊ သူက အမ်ဘီးရှုပ်စ်လဲ ဖြစ်တယ်၊ သူ့မှာ တိုးတက်ဖို့ နည်းလမ်းတွေလဲ အများကြီး ရှိတယ်၊ သူ့ကို ကိုယ်လက်ထပ်ရင် သူ့ဘဝကို ကိုယ့်ဘဝထဲ နှစ်မြုပ်ပစ်လိုက်သလို ဖြစ်မယ်"

"ဒါပေမဲ့ ဒီလို နှစ်မြုပ်ပစ်ဖို့ သိပ်ကျေနပ်မှျော်လင့်နေရင်ကော... ဒေါက်တာ၊ သူ့ဘက်ကို ဒေါက်တာ ထည့်တွက်ဖို့ ကောင်းတယ်၊ ဒေါက်တာတို့ ယောကျ်ားတွေဟာ မိန်းမတွေကို အသိစိတ် မပါတဲ့ အရုပ်တွေလို သဘောထားကြတယ်၊ မိန်းမတွေရဲ့ ခံစားချက်ကို ဘယ်တော့မှ ထည့်မတွက်ကြဘူး၊ ကိုယ့်ဟာကိုယ် ပြဿနာရှာ၊ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချ၊ မိန်းမတွေဟာ ဒီဆုံးဖြတ်ချက်ကြောင့် ဘယ်လိုခံစားရမလဲလို့ ထည့်မစဉ်းစားဘူး"

ထူးဆန်းလှသော စကားကြောင့် သူသူ့ဇနီးကို အထိတ်တလန့် ငုံ့ကြည့်လိုက်၏။ သို့မျက်လုံးများတွင် ဘာအရိပ်အယောင်မျှ မရှိပါ။ သီသည် ဤစကားကို သို့အနေဖြင့် ပြောခြင်း မဟုတ်ဘဲ နှောင်းအနေဖြင့် ပြောခြင်းဖြစ်သည်။ တကယ်တမ်းတော့ သူနှင့်သီ၏ အဖြစ်အပျက်တွင် ဆုံးဖြတ်ချက်စ၍ ချခဲ့သူက သီသာ ဖြစ်သည်။

"ဟုတ်ပြီလေ... ဒါကို ကိုယ်ဝန်ခံပါတယ်၊ ဒါပေမဲ့ အကျိုးနဲ့အမြတ်ကို တွက်တဲ့အခါမှာ အကျိုးရဲ့ပမာဏနဲ့ အပြစ်ရဲ့ပမာဏကို နှိုင်းယှဉ်ရတာပဲ မဟုတ်လား၊ ပမာဏနည်းတဲ့ဘက်ကို လျစ်လျူရှုရမယ်လို့ ကိုယ်ယုံကြည်တယ်၊ သီ ငြင်းမလား"

သီက ပက်လက်ကုလားထိုင်နောက်မှီကို ခွန်အားမဲ့စွာ မှီလျှောကာ မျက်စိမှိတ်လိုက်လေသည်။

"သီ မငြင်းပါဘူး ဒေါက်တာ၊ ဒေါက်တာဟာ ဘာပဲလုပ်လုပ် ဆရာဝန်ဘဝနဲ့ ပြုလုပ်တယ်ဆိုတာ သီ သိပါတယ်"

သူ ခဏ တိတ်ဆိတ်သွားပြီးနောက် မချိပြုံး ပြုံးလိုက်မိသည်။

"သီ ပြောဖူးတဲ့စကားတစ်ခုကို ကိုယ်ပြန်ပြောချင်တယ်၊ သီ ဒီစကားကို မမေ့သေးဘူးလို့လဲ ထင်ပါတယ်၊ လောကမှာ လူနှစ်ယောက်ရဲ့ ပျော်ရွှင်မှုထက် ဘာကများ အရေးကြီးမှာလဲလို့ ကိုယ်မေးတုန်းက သီဖြေခဲ့တဲ့ စကားလေ၊ သီ မှတ်မိလား"

သီက မျက်လုံးဖွင့်ကြည့်သည်။ သို့နှုတ်ခမ်းမှာ အနည်းငယ်ပြုံးယောင်သန်းနေသောကြောင့် သီ မှတ်မိမည်ဟု သူထင်သည်။

"ပျော်ရွှင်မှုထက် ပိုပြီးအရေးကြီးတာကတော့ မြင့်မြတ်မှုပဲတဲ့၊ အဲဒီစကားကို သီကိုယ်တိုင် ပြောခဲ့တယ်၊ ဒီစကားကို သီပြောတုန်းက ကိုယ်နားမလည်ခဲ့ဘူး၊ အခု ကိုယ်ပြောရမယ့် အလှည့် ဖြစ်နေပြန်ပြီ၊ လောကကြီးက မဆန်းဘူးလား သီ"

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

သီ သူ့ကို ငေးမောနေခဲ့သည်။

"ထားပါတော့၊ ဒါက နှောင်းခင်ဇော်နဲ့အောင်စည် နှစ်ဦးတည်းရဲ့ ကိုယ်ရေးကိုယ်တာ ပြဿနာအဖြစ်ပဲ ထားလိုက်ပါတော့၊ ဒါပေမဲ့ ကိုယ်တို့နှစ်ယောက်ရဲ့အပြင်မှာ လူတွေ အများကြီး ရှိသေးတယ်၊ အဲဒီအပြင်ဘက်က လူသားတွေအနေနဲ့ ကြည့်ပြန်တော့ စိတ်ကုဆရာဝန်တစ်ယောက်နဲ့ သူ့လူနာတစ်ယောက် လက်ထပ်တဲ့အဖြစ်ဟာ လုပပေမယ့် မကောင်းဘူး၊ မဖြစ်သင့်ဘူး၊ ဆန့်ကျင်ဘက်လိင် စိတ်ကုဆရာဝန်တစ်ယောက်ဆီ ဆန့်ကျင်ဘက်လိင် လူနာတစ်ယောက် လာတဲ့အခါ ဆရာဝန်အပေါ်မှာ လုံးဝယုံကြည် အားကိုးဖို့ လိုတယ်၊ စိတ်ကိုကုမယ့် ဆရာဝန်ဟာ ကိုယ်တိုင်က ဖြူစင်အပြစ်ကင်းနေရင် ပိုကောင်းမယ်၊ သာမန်ဆရာဝန်နဲ့ သူ့လူနာ ဆက်ဆံရေးဟာ သာမန်ပဲ သီရဲ့၊ ဒါပေမဲ့ စိတ်ကုဆရာဝန်နဲ့ သူ့လူနာရဲ့ ဆက်ဆံရေးကတော့ သိပ်အရေးကြီးတယ်၊ စိတ်ဝေဒနာသည်တစ်ယောက် သူ့ဆရာဝန်ကို ယုံကြည်ကိုးစားဖို့က သိပ်ကိုအရေးကြီးပါတယ်၊ စိတ်ကုဆရာဝန်အပေါ် လုံးဝစိတ်ချဖို့ ပိုပြီး လိုအပ်တယ်၊ လူနာရှင်တွေကိုယ်တိုင်က သူတို့လူနာကို ဆန့်ကျင်ဘက်လိင် ဆရာဝန်ရဲ့ လက်ထဲကို ယုံကြည်စိတ်ချစွာ အပ်နှံရဲဖို့ လိုတယ်သီ..."

သီ နားလည်ပါသည်။ သို့သော် နည်းနည်းတော့ ဝေဖန်စရာ ရှိသေးသည်။ သူ့ကို ဝေဖန်ရမှာ သီ နည်းနည်းအားနာ၏။ သို့သော် သူသိထားသင့်သည့် အချက်များ ရှိနေသေးသည်။

"ဒါပေမဲ့ ဒေါက်တာ... သီနည်းနည်း ပြောပါရစေဦး၊ လူမှုကိစ္စ တော်တော်များများနဲ့ ကင်းကွာနေတာ ကြာပေမယ့် သီ့အတွေးဟာ မိန်းကလေးတွေကို ကိုယ်စားပြုလိမ့်ဦးမယ် ထင်ပါတယ်၊ ဒေါက်တာ သူ့ကို ကုခဲ့တာ ဘယ်လောက်ကြာပြီလဲ"

"နှစ်နှစ်နီးပါး၊ ကုလိုက် ပြတ်လိုက်ပဲ၊ အခုတော့ သူ ကိုယ့်လူနာ မဟုတ်တော့တာ တစ်နှစ်လောက် ရှိပြီ"

"ဒီတော့ ဒီတစ်နှစ်လုံးမှာ လူနာ ဆရာဝန် ဆက်ဆံရေးထက် သာမန်မိတ်ဆွေဆက်ဆံရေးပဲ ရှိခဲ့တယ်ပေါ့နော်"

သူ ခဏတွေဝေပြီး ခေါင်းညိတ်၏။

"သာမန်မိတ်ဆွေ ဆက်ဆံရေးထက် ပိုမယောင်ယောင် ရှိခဲ့တယ်"

"ဒေါက်တာတို့နှစ်ယောက် တွဲသွားတွဲလာ လုပ်တဲ့အခါ ပတ်ဝန်းကျင်က ဒေါက်တာတို့ နှစ်ယောက်ကို သာမန်မိတ်ဆွေတွေလို့ ထင်နိုင်ပါ့မလား"

သူ မဖြေပါ။

"သူ့အိမ်ဝန်းကျင်ကို ဒေါက်တာ သွားဖူးတယ်၊ ဘုရားအတူသွားဖူးတယ်၊ ဈေးအတူ သွားဖူးတယ်၊ အကြိမ်အရေအတွက် သိပ်နည်းနေရင်တောင်မှ ဆရာဝန်နဲ့လူနာဟာ ဘယ်တော့မှ အဲလိုမတွဲဘူးဆိုတာ ဒေါက်တာသိပါတယ်"

"ဒါပေမဲ့ ကိုယ်တို့ အလွန်ရိုးသားသန့်စင်ခဲ့ပါတယ် သီ၊ စကားလဲ မကျွံခဲ့ပါဘူး၊ အမူအရာနဲ့လဲ ဘောင်မကျော်ခဲ့ပါဘူး၊ လက်ဖျားချင်းတောင် မထိခဲ့ကြဘူး"

သီ မောင့်ကို ယုံကြည်စိတ်ချပါသည်။ မောင်သည် ကာမပိုင် ဇနီးကိုသာ ကိုယ်ကာယ ခံစားမှုကြောင့် ဆွဲဆောင်ညှို့ယူမည်၊ လူနာတစ်ယောက်အပေါ်မှာ ဘယ်နည်းနဲ့မျှ အခွင့်အရေး မယူနိုင်ပါ။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

"ဒါကို သီနားလည်ပါတယ် ဒေါက်တာ၊ ဒေါက်တာတို့ရဲ့ ဖြူစင်သန့်ရှင်းမှုကို ဒေါက်တာတို့ နှစ်ယောက် အသိဆုံးပဲပေါ့၊ ဒါပေမဲ့ စိတ်ရောဂါက ဆရာဝန်တစ်ယောက်နဲ့ သူ့လူနာရဲ့ ဆက်ဆံရေးကို ဒီနှစ်ယောက် သိနေရုံနဲ့ မပြီးဘူး ဒေါက်တာရဲ့၊ ဖြူစင်သန့်ရှင်းတာကို ဘေးပတ်ဝန်းကျင်အားလုံးသိဖို့ လိုပါတယ်၊ နှစ်ယောက်သိဖို့ထက် ပတ်ဝန်းကျင်သိဖို့ လိုနေတယ်၊ အခု ကုနေဆဲ ဒေါက်တာ့လူနာတွေ၊ နောက်ထပ် ကုလာမယ့် လူနာတွေ၊ မြန်မာနိုင်ငံက စိတ်ဝေဒနာသည်တွေအားလုံး သိဖို့က ပိုအရေးကြီးပါတယ်"

သူ သီ့ကို မျက်နှာချင်းဆိုင် ငုံ့၍ အကြာကြီး ကြည့်နေ၏။

"သီ ကိုယ့်ကို ဘာပြောချင်နေသလဲ"

"ဒေါက်တာ နှောင်းကို လက်မထပ်ဘဲ ထားရင် မိန်းကလေးတစ်ယောက်အနေနဲ့ ပိုပြီး နစ်နာတယ်လို့ သီ ထင်တယ်၊ ဒါ မိန်းကလေးတွေဘက်က တွေးကြည့်တာပါ"

သူ ငိုင်ကျသွားသည်။

"ပတ်ဝန်းကျင်က နှောင်းကို ဘယ်လိုမျက်လုံးမျိုးနဲ့ ကြည့်ကြမလဲ၊ ဒေါက်တာ တွဲရုံတွဲပြီး လက်မထပ်ဘဲ ထားရစ်ခဲ့တဲ့ မိန်းကလေး တစ်ယောက်အဖြစ် မြင်လိမ့်မယ်၊ ဒေါက်တာ လက်ဖျားနဲ့တောင် မထိရက်တာကို ပတ်ဝန်းကျင် မသိဘူး ဒေါက်တာ၊ ဆရာဝန်ကျင့်ဝတ်ကြောင့် ဆိုတာ ပတ်ဝန်းကျင်က သိမှာမဟုတ်ဘူး၊ ဒေါက်တာ့ကို ကြည့်တဲ့ မျက်လုံးတွေထဲမှာလဲ ဒီဆရာဝန်ဟာ သူ့လူနာကို လက်မထပ်ရက်လို့ ဆရာဝန်ကျင့်ဝတ်ကို ထိန်းချုပ်လို့ ကျန်တဲ့ လူနာတွေရဲ့ အားကိုးစိတ်ကိုငဲ့လို့... လို့ မြင်မှာမဟုတ်ဘူး၊ လူနာတစ်ယောက်ကို အခွင့်အရေးယူပြီး တွဲခဲ့တဲ့..."

"တော်ပါပြီ သီ... ဒီလောက်ဆို ကိုယ်သဘောပေါက်ပါပြီ၊ ကျေးဇူးပြုပြီး..."

သီ့အနီးမှ ဖြုန်းခနဲ ခွာကာ ဝရန်တာဘက်သို့ ထွက်သွားသော သူ့ကို သီ ခဏစိုက်ကြည့်နေပြီးနောက် သီ မျက်စိမှိတ်လိုက်၏။ သီ မှားသွားသလား၊ ဤစကားမျိုး သီ ပြောသင့်ပါသလား။ ဇနီးဟောင်းတစ်ယောက် အနေနှင့် ပြောပိုင်ခွင့် ရှိပါရဲ့လား။ မိမိဘဝ၏ လွတ်မြောက်မှုကို ရှာဖွေနေသူ တစ်ယောက်အနေဖြင့် ဤစကားမျိုး ပြောသင့်ပါသလား။ သူ ဆုံးဖြတ်ရခက်သွားအောင် သီ လုပ်လိုက်မိပြီ ထင်သည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာတုန်းကလည်း သူ ဆုံးဖြတ်ရခက်အောင် သီလုပ်ခဲ့ဖူးပါသည်။

သီနှင့်မောင် ကွဲကွာဖို့ သီကစ၍ အကြံပေးခဲ့သည်။ သီ့စကားကို ကြားရတော့ မောင် မယုံကြည်နိုင်စွာ ကြောင်ကြည့်နေခဲ့၏။

"သီနဲ့မောင် ကွာရမယ်... ဟုတ်လား၊ ဘယ်လောက် အဓိပ္ပာယ် မရှိတဲ့ စကားလဲ"

မောင့်မျက်နှာမှာ တဖြည်းဖြည်း ဒေါသရိပ်ဖြင့် တင်းမာလာ၏။ သီ မောင့်ကို အလျှော့မပေးဘဲ မောင့်မျက်နှာကို စေ့စေ့ကြည့်၍ တိုက်တွန်းခဲ့သည်။

"သီ နေချင်တဲ့ဘဝနဲ့ မောင်နေချင်တဲ့ဘဝနဲ့ မတူဘူး၊ မောင့်အလိုဆန္ဒတွေကို သီ မဖြည့်စွမ်းနိုင်ဘူး"

"ဒါပေမဲ့ သီ မောင့်ကို ချစ်တယ် မဟုတ်လား၊ ဒီတစ်ခုပဲ ဖြေပါ၊ မောင့်ကို ချစ်တယ် မဟုတ်လား"

သီ မျက်ရည်တွေတွေကျကာ အံကြိတ်နေခဲ့၏။ သူက ဒေါသမျက်နှာမှ ကြေကွဲမှုမျက်နှာ အဖြစ် တဖြည်းဖြည်း ပြောင်းသွားသည်။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

"မောင် သို့ဆိုက သီမပေးနိုင်တာတွေ မတောင်းတော့ပါဘူး၊ မောင့်အနားမှာ လက်တွဲပြီး မောင်နဲ့အတူ လောကကို ရင်ဆိုင်မယ်ဆိုရင် မောင် ကျေနပ်မှာပါ၊ သီ မပါဘဲ မောင့်ဘဝမှာ မောင် ဘယ်လိုပျော်ရွှင်နိုင်တော့မှာလဲ ပြောပါဦး သီရဲ့၊ မောင်မပါဘဲနဲ့ သို့ဘဝ ဘယ်လိုလုပ်ပြီး ငြိမ်းချမ်းနိုင်ပါ့မလဲ၊ စဉ်းစားပါဦး သီ... အိမ်ထောင်ရေးဟာ ကလေးကစားသလို ခုထလုပ် ခုထဖျက် လုပ်လို့မရဘူး"

သီ ခေါင်းမာစွာပင် တင်းခံနေခဲ့သည်။

"မောင်နဲ့အတူနေရတာ သီ မပျော်ဘူးလား"

အဓိကကျသောအချက်ကို မောင်က ထောက်၍မေးလိုက်သောအခါ သီတုန်လှုပ်သွား၏။ မောင်နှင့် အတူနေရတာ သီပျော်ပါသည်။ သို့သော် သီကြောက်သည်။ ဘဝသံသရာကိုလည်း သီကြောက်သည်၊ ဤဘဝ၏ ဆင်းရဲဒုက္ခများကိုလည်း သီကြောက်သည်။ အကြောက်ဆုံးမှာ မောင့်အချစ်ဖြစ်သည်။ မောင့်အချစ်ကို သိလေ သီလျှောက်ရမည့် လမ်း၏ ခက်ခဲမှုကို သီ နားလည်လေ ဖြစ်သည်။

သို့ကို ယူမိသောကြောင့် မောင် စိတ်ဆင်းရဲဒုက္ခရောက်ရတာကို မြင်ရပြန်တော့ သီ၏တရားဓမ္မများကို အပြီးအပိုင် စွန့်ပြီး မောင့်ကို မယားဝတ္တရားနှင့်အညီ ပြုစုစောင့်ရှောက်ကာ အိမ်ထောင်ရေးဒုက္ခ၊ အိမ်ထောင်ရေးသုခများတွင် ရဲဝံ့စွာ နှစ်မြုပ်ဇာတ်သိမ်းလိုက်ရတော့မလားဟု တွေဝေရပြန်သည်။

သို့သော်...။

"ပျော်တယ် မပျော်ဘူးဆိုတဲ့ ပြဿနာကို ဒီအချိန်မှာ ပြောဖို့မလိုတော့ဘူးလို့ သီထင်တယ်လေ"

"ဘာကွ..."

သူဒေါသဖြင့် မျက်နှာနီရဲသွား၏။

"ကိုယ်တို့နှစ်ယောက်ရဲ့ ပျော်ရွှင်မှုကို ကိုယ်ပြောဖို့ မလိုဘူး... ဟုတ်လား"

"လောကမှာ ပျော်ရွှင်မှုက သိပ်အဓိက မကျပါဘူး မောင်"

သူ ဖြုန်းခနဲ ရယ်မောလိုက်တော့မလို ဖြစ်သွားပြီးမှ မျက်နှာ ချက်ချင်း တင်းမာသွားပြန်သည်။

"ကိုယ်တို့နှစ်ယောက်ရဲ့ ပျော်ရွှင်မှုထက် အရေးကြီးတာ ဘာများ ရှိသေးလို့လဲ ... သီ"

"ရှိတာပေါ့ မောင်... မြင့်မြတ်မှုလေ"

သူ ငိုင်ကျသွားသည်။

ဆံပင်တွေကြားထဲ လက်ချောင်းများ ထိုးသွင်းဖွကာ ခေါင်းငိုက်စိုက်ကျသွားသော မောင့်ကို သီ ငေးမောလျက်က အံတင်းတင်း ကြိတ်ထားလိုက်မိသည်။ မိနစ်ပေါင်းများစွာ ငြိမ်သက်နေပြီးနောက် တော်တော်ကြာတော့ မောင် ခေါင်းမော့လာကာ သို့ကို ကြည့်သည်။

"ဒါဖြင့် သီ ဘာဖြစ်လို့ မောင့်ကို လက်ထပ်ခဲ့သေးလဲ"

ထိုစကားသည် သို့ကို အရှက်ရစေဆုံးသော စကားဖြစ်သည်။ သီ မခံနိုင်ဆုံးသော စကားလည်း ဖြစ်သည်။ နဂိုအနာပေါ် ရက်စက်စွာ ကျလာသည့် တုတ်ချက်လိုပင် နင့်ခနဲ စူးရှနာကျင်စိတ်ဖြင့် သို့နောင်တများအကြား၌ သီ ငြိမ်သက်စွာ နစ်မြုပ်နေတော့သည်။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

သူက ဒေါသတကြီး တက်တစ်ချက် ခေါက်လျက် သို့ပခုံးကို ဆွဲယမ်းလှုပ်ခါပစ်လိုက်၏။

"သီ... မင်းဟာ ကိုယ့်ကို ဆင်းရဲဒုက္ခခံစားစေဖို့ သက်သက် လူဖြစ်လာတာလား"

ထိုစကားကြောင့် သီ စိတ်ဆင်းရဲကြီးစွာဖြင့် ငိုချလိုက်သည်။ သီ ငိုတော့ မောင်က ဒေါသကို ချုပ်တီးကာ ထထွက်သွားလေသည်။

ရက်ပေါင်းများစွာ သို့ကို နာကြည်းသွားသော မောင်သည် သို့အနား မကပ်ဘဲ ခပ်ဝေးဝေးနေဖို့ ကြိုးစားခဲ့သည်။ သီ ညစဉ် ဘုရားရှိခိုး၊ ပရိတ်ရွတ်နေသည်ကို ဧည့်ခန်းပက်လက် ကုလားထိုင်မှာ ထိုင်ရင်းက ခပ်စိမ်းစိမ်း လှမ်းကြည့်နေတတ်သည်။ မောင့်အကြည့်များသည် စိမ်းကားသလို သရော်ဟန်လည်း အပြည့်။ မောင် ကြည့်နေမှန်း သိသိကြီးနှင့် ဥပေက္ခာပြုရသည်မှာ အလွန်ခက်ခဲလှသည်။ ထိုရက်များသည် သီတို့နှစ်ယောက်လုံးအတွက် စိတ်ကျဉ်းကျပ်မှုများဖြင့် ပြည့်လျှံနေတော့သည်။

ထမင်းစားပွဲမှာ ဝင်ထိုင်လျှင် မောင်က သို့ကို ရိလေ့ရှိသည်။

"ပဲဆီပြန်၊ ငရုတ်သီးဆားထောင်း၊ ဆူးပုပ်ရွက်ဟင်းချို၊ အင်း... ဒီနေ့လဲ မောင် ကုသိုလ်တွေ အများကြီး ရလိုက်ပြန်ပြီပေါ့နော်၊ ဒါပေမဲ့ သီ... သီ ကျိုချက်တဲ့ ရေထဲမှာ မျက်စိနဲ့ မမြင်ရတဲ့ အသက်ရှိသတ္တဝါလေးတွေ ဘယ်လောက်ပါလဲ စဉ်းစားမိလား၊ ဟောဒီမှာ ဆန်ထဲက ဆန်ပိုးလေး တစ်ကောင်သေနေရှာပြီ၊ သနားပါတယ်နော်.. သီ၊ မောင့်ပါးစပ်ထဲ ထမင်းနဲ့ ရောပြီး ဝင်သွားရင် မောင်ငရဲကြီးတော့မှာပဲ"

ထိုအခါ သီက မောင့်ကို အံကြိတ်ကြည့်ရင်း ငြိမ်သက်နေခဲ့သည်။

"မောင် အသက်လွတ်မစားနိုင်ရင် သီက ဟင်းသတ်သတ်စားပါ့မယ်၊ မောင့်အတွက် ထမင်းချက်မယ့် လူတစ်ယောက်လောက် ရှာရအောင်၊ သီ အသားငါးတွေ မကိုင်ချင်ဘူး၊ ဩ်... ဟိုကလေးမလေးဆိုရင် အဆင်ပြေမယ်"

လေသံအေးအေးဖြင့် တင်ပြလာသော ပြဿနာကို မောင်က ပြတ်ပြတ်သားသား ငြင်း၏။

"မောင် သီနဲ့ပဲ အတူစားမယ်၊ သီ ဆားနဲ့စားရင် မောင်လဲ ဆားနဲ့ပဲ စားမယ်၊ သီ ချက်ကျွေးတဲ့ ဟင်းပဲ မောင်စားချင်တယ်၊ ဘယ်ထမင်းချက်မှ မလိုဘူး၊ လင်မယားဆိုတာ တစ်ယောက်အပူကို တစ်ယောက်က မျှယူ၊ တစ်ယောက်ရဲ့ ပျော်ရွှင်မှုကို တစ်ယောက်က မျှယူရမှာပေါ့၊ အခု သီက မောင့်ကို ကုသိုလ်တွေ မျှပေးနေတာပဲ၊ မောင် သာဓုခေါ်ရမှာပေါ့"

ရိမှန်းသိသိ မောင့်စကားများကို နာလိုခံခက် အမြဲနားထောင်ခဲ့ရတိုင်း သို့ကိုယ်သီသာ နားကြည်းဒေါသ ဖြစ်ခဲ့ရ၏။ ငါ ဘာလို့ မောင့်ကို လက်ထပ်ခဲ့မိပါလိမ့်။ သည်လိုကိစ္စမျိုးတွေ ကြုံတွေ့ဖို့ သို့စိတ်တွေ ပြောင်းလဲလာလိမ့်မည်ဟု သီ ဘယ်တုန်းကမှ မသိခဲ့ပါ။

"သီက မောင့်ရဲ့ ပါရမီဖြည့်ဘက်အစစ်ပဲ သီရဲ့၊ မောင့်ရဲ့ သည်းခံနိုင်စွမ်း ခန္တီပါရမီတွေကို စမ်းသပ်ဖြည့်စွက်ပေးတဲ့ ပါရမီဖြည့်ဘက်ကလေး"

နာကြည်းသော မောင့်အပြုံးက ချွန်ထက်သော လက်နက်သဖွယ် သို့ရင်ကို စူးစူးရှရှ ထိုးနှက်သေး၏။ အစစအရာရာ အသွင်မတူသော ဘဝမျိုး၊ လိုချင်တာ မရတတ်သော ဘဝမျိုးဖြင့် မောင်ဘယ်လောက် သို့အပေါ် သည်းညည်းခံနိုင်မည်နည်း။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

"သီက အဖြဟ္မစရိယာ ရှောင်ကြဉ်ဖို့ စိတ်ဆန္ဒရှိတယ်ဆိုတော့ တော်တာပေါ့နော် သီ၊ မောင်တို့ရဲ့ ဗုဒ္ဓမြတ်စွာဘုရားတောင် သိဒ္ဓတ္ထမင်းသားဘဝမှာ နှစ်ဆယ့်ကိုးနှစ်အထိ လောကီကာမဂုဏ်စည်းစိမ်ကို ဖက်တွယ်နေခဲ့တာ သားတစ်ယောက်ရတဲ့အထိ ယသော်ဓရာ့အပေါ်မှာ အိမ်ထောင့်တာဝန်ကျေခဲ့တာ၊ သီက နှစ်ဆယ့်သုံးနှစ်နဲ့ အဖြဟ္မစရိယာ ရှောင်ချင်စိတ် ရှိနေတယ်ဆိုတော့ မောင် သာဓုခေါ်ပါတယ်"

နာကြည်းသော မောင့်သရော်စကားများကြောင့် မောင့်ကို မကြည့်ဘဲ မျက်လွှာချထားခဲ့ရသည်။

သီတို့နှစ်ယောက်၏ နောက်ဆုံးအချိန်သည် သိမ်မွေ့စွာ ချဉ်းကပ်ရောက်ရှိလာခဲ့သည်။ လင်မယားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မုန်းတီးမှုမရှိဘဲ ကွဲခဲ့ကြသော အိမ်ထောင်ရေးမျိုး ဖြစ်သည်။ မောင် ရန်ကုန်ကို ပြောင်းသွားသောအခါ သီလိုက်မသွားဘဲ ကျန်နေခဲ့ခြင်းဖြင့် အပြီးအပိုင် နားလည်စွာ ကွဲခဲ့ကြသော အိမ်ထောင်ရေးဖြစ်သည်။

နောက်ဆုံးအချိန်အထိ သီ့ကို မောင် တောင်းပန်ခဲ့သည်။

"သီ... မောင် ဘာမှားနေလို့လဲဟင်"

သီ ရင်နင့်နာကျင်စွာပြုံး၍ မောင့်ကို နှစ်သိမ့်ခဲ့သည်။

"ဟင့်အင်း... သီ မှားသွားတာပါ"

မောင်နှင့် အပြီးအပိုင် ခွဲခွာရန် ဆုံးဖြတ်ပြီးနောက် မောင် ရန်ကုန်ပြောင်းသောအခါ မောင့်ကို ဘူတာအထိ သီ လိုက်ပို့ခဲ့သည်။ ရထားထွက်ခါနီးတော့ သီ့ကို နှုတ်ဆက်သည့် မောင့်အသံများ ခြောက်သွေ့တွန့်ဆုတ်နေခဲ့သည်။

"မောင်သွားမယ်၊ သီလိုတာရှိရင် အားမနာနဲ့၊ မောင့်ဆီကို ဆက်သွယ်နော်၊ သီ့ကျန်းမာရေးကို ဂရုစိုက်... ကြားလား၊ သီဘာပဲလုပ်လုပ် အောင်မြင်ပါစေလို့ မောင်ဆုတောင်းပါတယ်"

ပြောရင်းပြောရင်း သူ့အသံများ တိမ်ဝင်ကာ ဖြုန်းခနဲ မောင် မျက်နှာ လွှဲပစ်လိုက်လေသည်။ မောင့်မျက်ရည်တစ်စွန်းတစ်စသည် သီ့ရင်ထဲသို့ နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်သွား၏။

တစ်လလောက် သီ စိတ်လေလွင့်၍ ကျန်ရစ်ခဲ့သည်

"သီကတော့ ကိုယ့်ကို ဘယ်လိုမြင်သလဲဟင်"

ရုတ်တရက် သူက ဝရန်တာမှ လှမ်းမေးတော့ သီ သူ့ကို လှမ်းကြည့်သည်။ စိတ်ရှုပ်ထွေးနေသော သူ့မျက်နှာမှာ အမှောင်တစ်ဝက် အလင်းတစ်ဝက်ဖြင့် မှုန်မှိုင်းနေ၏။

"ဘာကို ပြောတာလဲဟင်"

စောစောက သီတို့ ဘာခေါင်းစဉ် ပြောခဲ့ကြမှန်း မသိတော့ပါ။

"နှောင်းနဲ့ ပတ်သက်လို့လေ"

"သြော်..."

သီ သူ့မျက်လုံးထဲကို စိုက်ကြည့်တော့ သူက သီ့ကို စူးစိုက်စွာ ပြန်ကြည့်နေသည်။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

"ကိုယ် နှောင်းကို ကြောရရုံ ကြံတယ်လို့များ..."

"အို... သီ မထင်ပါဘူး ဒေါက်တာ၊ သီနားလည်ပါတယ်"

"မဟုတ်ဘူး၊ နှောင်းက အဲဒီလို ထင်သွားနိုင်သလားလို့"

သီ ပင့်သက်တစ်ချက် ရှိုက်ကာ ထိုင်ရာမှ ဖြည်းညင်းစွာ အားယူ ထရပ်လိုက်၏။

"သူ ဒီလောက် အမြင်တိမ်မယ် မထင်ပါဘူး ဒေါက်တာ"

တိတ်ဆိတ်သော ညလယ်တွင် ဆရာဝန်နှင့် သူ့ဇနီးသည် တစ်ယောက်ကိုတစ်ယောက် ငြိမ်သက်စွာ ငေးကြည့်နေ၏။ သူတို့နှစ်ယောက်လုံး၏ အတွေးများမှာ အမျိုးအစား ကွဲပြားသော်လည်း သူတို့ တွေးနေကြသည်မှာ နှောင်းအကြောင်း ဖြစ်သည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

## အပိုင်း(၁၇)

ဖေဖော်ဝါရီလ ၉ရက်နေ့သည် တနင်္ဂနွေနေ့ ဖြစ်သည်။ နွေဦး၏ လေညင်းများ၊ ပန်းရနံ့များ၊ ကျေးငှက်တို့၏ ချိုသာသော အသံများဖြင့် လှပခမ်းနားသော နေ့တစ်နေ့ ဖြစ်သည်။

သူ တွေ့ဖူးသမျှ နှောင်း၏ အပြုံးများတွင် ထိုနေ့က အပြုံးသည် အလှဆုံး၊ အတောက်ပဆုံးဖြစ်၏။ နှောင်း၏ နှစ်ဆယ့်လေးနှစ်မြောက် မွေးနေ့သည် သူ့အတွက် အောင်မြင်မှုဆုလာဘ်တစ်ခု ဖြစ်သည်။ နှောင်းအတွက်ကတော့ ဘဝမှာ အကြီးမားဆုံးသော ပျော်ရွှင်မှုကြီးပင် ဖြစ်လေသည်။

မွေးနေ့ပွဲကို နှောင်း၏တိုက်ခန်းတွင် နံနက်ဘုန်းကြီးဆွမ်းကျွေးခြင်းဖြင့် အစပြုခဲ့သည်။

နှောင်း၏ စိတ်လွတ်ကိုယ်လွတ် ပြုံးရွှင်နေသော မျက်နှာကလေးကို ငေးကြည့်ကာ နှောင်းအပြုံးက သူ့ထံသို့ အလိုလိုကူးစက်၍ သူပါ ပြုံးရွှင်လာခဲ့၏။

အဖြူရောင် ပိုးပျော့နိုင်လွန် လက်ရှည်အင်္ကျီက နှောင်း၏ ကလေးဆန်မှု၊ နုနယ်မှုများ အားလုံးကို စုပ်ယူပစ်လိုက်သောအခါ နှောင်းသည် ကြွန္ဒြေရသော မိန်းမပျိုတစ်ယောက် ဖြစ်သွားသည်။ ဇင်းမယ်ချိတ်အဖြူလုံချည်မှ ငွေရောင်တောက်လက်သော အချိတ်ကြိုးများကြောင့် နှောင်း၏ သွယ်နွဲ့သော ကိုယ်ခန္ဓာကလေးက လင်းလက်တောက်ပနေသည်။ ဆံထုံးမြင့်မြင့်ကလေး ထုံးထားပြီး ထိုဆံထုံးတွင် ရွှေနားကွပ် ပုလဲဆံထိုးကလေး ထိုးထားသောအခါ သူ နှောင်းကို မြင်လျှင်မြင်ချင်း အသက်ရှူမှားသွား၏။

သူ တစ်ခါမှ သတိမထားမိသော ကျက်သရေရှိသည့် အလှကို နှောင်းမျက်နှာတွင် မြင်နေရသည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"ဆရာတို့ ဆေးရုံက လူနာတွေတော့ နှောင်းကိုမြင်ရင် ဒုက္ခရောက်ကြတော့မယ်"

"ဟင်...ဘာဖြစ်လို့လဲ ဆရာ"

"သြော်... ဆရာတို့ လူနာအမျိုးသမီးတချို့က အလှအပကို သိပ်စိတ်ဝင်စားတာ၊ မိန်းကလေး လှလှလေးတွေ မြင်ရင် အင်္ကျီကလေး ကိုင်ကြည့်၊ ထဘီကလေး ကိုင်ကြည့်၊ ကလစ်ကလေး တောင်း၊ ဖဲကြိုးကလေး တောင်း"

"သနားပါတယ်နော်၊ ဒါပေမဲ့ စိတ်မပူပါနဲ့ ဆရာ... ဆေးရုံသွားရင် နှောင်း ဝတ်စုံကို လဲပစ်မှာပါ ဆရာရဲ့"

တနင်္ဂနွေနေ့လယ်တွင် နှောင်းက နှစ်ဆယ့်လေးနှစ်မြောက် မွေးနေ့ အထိမ်းအမှတ်အဖြစ် စိတ်ရောဂါကုဆေးရုံမှ လူနာများကို အုန်းနို့ခေါက်ဆွဲ ကျွေးချင်သည်ဟု အဆိုပြုတုန်းက သူ့မှာ နှောင်းအတွက်လည်း ဝမ်းသာဂုဏ်ယူပြီး သူ့လူနာများအတွက်လည်း ကျေနပ်သွားလေသည်။

"ဆေးရုံက လူနာတွေကို ကျွေးမွေးပြုစုရတဲ့ အရသာကို နှောင်း ကျေနပ်မှာပါ၊ ပြောရရင်တော့ သူတို့ဟာ လူတွေရဲ့ အမေ့ခံသတ္တဝါတွေပဲ၊ သူတို့ရှိနေကြတာကို ဘယ်သူမှ သတိမရကြဘူး နှောင်း၊ နှောင်းရဲ့ စေတနာအတွက် လူနာတွေရဲ့ကိုယ်စား နှောင်းကို ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်ရင် နှောင်းကို ဆရာတစ်ခု လိုက်လျောရမယ်"

သူ ဒိတ်ခနဲ ရင်ခုန်ထိတ်လန့်သွား၏။ နှောင်းရယ်... ကိုယ်မပေးနိုင်တာ တစ်ခုကို တောင်းတော့မှာလား။ ကိုယ်တို့ အချိန်တွေ အများကြီး ကျန်ပါသေးတယ်။

"ဘာများလဲ နှောင်း"

"ဆရာ့အိမ်ကို နှောင်း လိုက်ခဲ့ချင်တယ်"

ဘုရား...ဘုရား။

"ဆရာက မွေးနေ့မှာ ဘာလိုချင်သလဲလို့ နှောင်းကို မေးခဲ့တယ် မဟုတ်လားဆရာ၊ နှောင်း လိုချင်တာ ဒီတစ်ခုတည်းပဲ၊ ဆရာ့အိမ်ကို လိုက်လည်ခွင့်ပေးပါနော်၊ ညနေစာကို ဆရာဆေးခန်း မသွားခင် နှောင်းနဲ့ဆရာ အတူစားကြရအောင်လေ... ဆရာ"

သီ...။

သီ့ကို မျက်စိထဲမှာ မြင်ယောင်ကာ သူ အဖြေရကျပ်သွား၏။ ခွဲစိတ်ပြီးခါစ သီသည် အောက်ထပ်သို့ လုံးဝမဆင်းနိုင်သေးပါ။ နံနက်တိုင်း ဆေးရုံမသွားမီ သီ့ဦးခေါင်းပတ်တီးများကို သူလဲလှယ်စည်းနှောင်း ပေးနေရသည်။ မနက်စွပ်ပြုတ်၊ ညစွပ်ပြုတ်ကို အေးအေးလှဆိုသည့် ကလေးမက အခန်းထဲအရောက် ပြုစုကျွေးမွေးနေရသည်။ နှောင်းသည် သီ့အတွက် အနှောင့်အယှက် လုံးဝမဖြစ်နိုင်မှန်း သူသိသည်။ သို့သော် နှောင်းက သူ့အိမ် ရောက်သည့်အခါ အိမ်ထဲခြံထဲ အကုန်လျှောက်ပတ်ကြည့်ချင်စိတ် ပေါ်လာလိမ့်မည်။ အပေါ်ထပ်သို့ တက်ကြည့်လိုသည်ဟု အဆိုပြုလျှင် သူ ဘယ်လိုငြင်းဆန်ရမည်နည်း။ သီ့ကို တွေ့သွားလျှင် သူ ဘယ်လို မိတ်ဆက်ပေးရမည်နည်း။

"နှောင်း... သူက ကိုယ့်ဇနီး သီလေ"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

ဒီလောက်နှင့် ပြဿနာ မဟုတ်သေးပါ။ နှောင်း၏ စူးရှပါးနပ်သော မျက်လုံးများက ဦးခေါင်းတစ်ခုလုံး အထပ်ထပ် ဖုံးလွှမ်းထားသော ပတ်တီးများကို မြင်လျှင် ခွဲစိတ်ထားသော လူနာ၏ အခြေအနေကို ခဏအတွင်း ရိပ်မိသွားမှာပဲ။ လူနာတွင် ဦးနှောက်ကင်ဆာ ရှိနေကြောင်း မသိသည့်တိုင်အောင် သူ့အား မေးတော့မှာပဲ။ သူ လိမ်ညာနိုင်ပါ့မလား။

"ဟာ... ဘာမှဖြစ်တာ မဟုတ်ပါဘူး၊ ခုတင်နဲ့ ဆောင့်မိလို့ ခေါင်းကွဲသွားတာ နှောင်းရဲ့"

သူ့လိမ်ညာမှုသည် ဘယ်လောက်အောင်မြင်နိုင်မလဲ။ အကယ်၍ သီသည် လပိုင်းအတွင်း လောကထဲက ထွက်ခွာသွားရတော့မည်ဆိုတာ နှောင်းသိလျှင် နှောင်းသည် သို့အတွက် ကြေကွဲဖို့ထက် သူမကိုယ်တိုင် မေ့ပျောက်နေခဲ့သော တစ်စုံတစ်ရာအတွက် ကြောက်ရွံ့ထိတ်လန့်ပေတော့မည်။

သည်လိုတော့ လုံးဝအဖြစ်မခံနိုင်ပါ။ သူ အနှစ်နှစ် အလလ ကြိုးစားလာသမျှ နှောင်း၏ စိတ်တည်ငြိမ်မှုတို့သည် မကြာခင်ပျောက်လွင့်သွားတော့မည့် အဖြစ်မျိုးကို လုံးဝအဖြစ်မခံနိုင်ပါ။

"ဟင်... ကြည့်ပါဦး၊ ဒါလေး ပြောမိတာနဲ့ ဆရာ့မျက်နှာက မှုန်သွားလိုက်တာ၊ နှောင်းကို အိမ်လာလည်ခွင့်ပေးဖို့ ဆရာ သိပ်ခက်ခဲနေသလားဟင်... ဆရာ"

နှောင်း၏ စူစူကလေး ညှိုးငယ်နေသော နှုတ်ခမ်းလေးကို သူ မချင့်မရဲကြည့်ကာ မျက်နှာလွှဲပစ်လိုက်ရ၏။

"မဟုတ်ဘူး... နှောင်း"

"မခက်ခဲရင် နှောင်းလိုက်ခဲ့မယ်"

"အိမ်မှာက ဆရာတစ်ယောက်တည်း ဖြစ်သလို ချက်စားနေတာ နှောင်းရဲ့၊ ထမင်းချက်တဲ့ ကောင်မလေးက လာလိုက် ပြန်လိုက်၊ ဟင်းချက်လဲ ညံ့ပါတယ်၊ ဆရာတို့ အပြင်မှာပဲ စားကြတာပေါ့ နှောင်း"

"နှောင်း ချက်ကျွေးချင်လို့ပါ ဆရာရဲ့၊ နှောင်းကျွေးတဲ့ ထမင်းဟင်းကို ဆရာ စားစေချင်လို့ပါ၊ ဆရာ့ခြံက ကျယ်တယ်ဆို၊ ဆရာ့ခြံထဲမှာ သစ်ပင်တွေ အများကြီး ရှိတယ်ဆို၊ အဲဒီလို ညနေခင်း အေးအေးဆေးဆေးကလေး နေချင်တယ်"

သူ အဖြေရကျပ်သွား၏။

"နောက်တော့ အဲလို အေးအေးဆေးဆေး နေရမှာပေါ့ကွာ၊ အခုတော့ မဖြစ်သေးဘူး၊ ဆရာ ခြံထဲကို ရှင်းလင်းထားပါ့မယ်"

"နောက်တော့ဆိုတာ ဘယ်တော့လဲ ဆရာ"

"နောက် သုံးလေးလလောက်ပေါ့"

သူသည် သီ၏ တည်ငြိမ်သော မျက်လုံးများကို ရုတ်တရက်မြင်ယောင်သွားပြီး အချိန်ကာလ ခန့်မှန်းမှုအတွက် နောင်တရသွား၏။ သူ ဤစကားကို မပြောသင့်ပါ။ သုံးလေးလဟု သူ မခန့်မှန်း သင့်ပါ။ သို့ကို မြန်မြန်သေစေချင်ရာ ကျသော အတွေးမျိုးမှ ထွက်ပေါ်လာသည့် စကားလုံးမဟုတ်ဟု သူ ဘယ်လိုငြင်းဆန်နိုင်ပါမည်နည်း။ ယခုအချိန်ဆိုလျှင် သီသည် ခေါင်းအုံးနှစ်လုံး ထပ်ထားသော အိပ်ရာပေါ်တွင် သတိလစ်တစ်ချက်၊ သတိလည်တစ်ချက်နှင့် နေ့ရက်များကို ခက်ခဲစွာ ကျော်လွှန်နေရဆဲ ဖြစ်သည်။

ကိုယ့်ကို ခွင့်လွှတ်ပါ သီ...။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"ဆရာသိပ်စိတ်ညစ်သွားရတဲ့အတွက် နှောင်း တောင်းပန်ပါတယ် ဆရာ၊ နှောင်းကို ခွင့်လွှတ်ပါနော်၊ နှောင်း မလိုက်တော့ပါဘူး ဆရာ"

သူ့ကို အကဲခတ်ရင်း ဝမ်းနည်းသည့်မျက်နှာထားဖြင့် နှောင်းညိုးငယ်စွာ တောင်းပန်တော့ သူ ပင့်သက်တစ်ချက် ရှိုက်ကာ ဆုံးဖြတ်ချက်တစ်ခုကို မိုက်မိုက်မဲမဲ ချလိုက်၏။

"ကောင်းပြီ… အဲဒီနေ့ကျရင် ဆေးရုံကအပြန်မှာ ဆရာ့အိမ် နှောင်းလိုက်ခဲ့"

"အို… ပျော်စရာကြီးပဲ"

နှောင်း၏ ပျော်ရွှင်ကျေနပ်သွားသော မျက်နှာနုနုကလေးကို မြင်ရသောအခါ သူ့ဆုံးဖြတ်ချက် မှန်သည်ဟု ကောက်ချက်ချလိုက်သည်။

တစ်မနက်လုံး နှောင်း မမောမပန်း လှုပ်ရှားတက်ကြွနေသည်ကို သူကျေနပ်နှစ်သိမ့်စွာ ငေးကြည့်နေမိသည်။ ခြယ်သထားသော ပန်းသွေးရင့် ပါးပြင်မို့မို့ကလေး၏ ပြောင်လက်မှုသည် သူ့ကို ရစ်ငင်ဆွဲယူနေ၏။ ငုံအာသော နှင်းဆီနီကလေးလို ရဲရင့်တောက်ပသော နှုတ်ခမ်းကလေးသည် ပြုံးရယ်နေသောအခါ ကျက်သရေရှိသော အလှတစ်ပါးဖြစ်သည်။

နှောင်း၏ ကျောင်းနေဘက် သူငယ်ချင်းများ၊ နှောင်း အလုပ်လုပ်သော ကုမ္ပဏီမှ ဝန်ထမ်းများ၊ နှောင်း သင်တန်းတက်ရာ သံရုံးများက အတန်းဖော် သူငယ်ချင်းများ… အားလုံးကို ပျော်ရွှင်စွာ စကားပြောရယ်မောနေသည့် နှောင်းမျက်နှာတွင် မာန်မာနကို မသိမသာ တွေ့ရသည်။ အောင်နိုင်မှုကို တွေ့ရသည်။ နှောင်း မိတ်ဆက်ပေးသမျှ မိန်းကလေး ယောကျ်ားကလေးများကို သူက လူကြီးဆန်ဆန် ဣန္ဒြေရရ ပြုံးရယ်နှုတ်ဆက်နေသည်ကို နှောင်းမိခင်က ပြုံးကြည့်နေ၏။ ဒေါ်ခင်ရီ၏ မျက်လုံးအကြည့်များသည် ဆရာဝန်တစ်ဦးကို ကြည့်သော မျက်လုံးများ မဟုတ်တော့ဘဲ ဆွေမျိုးရင်းချာတစ်ယောက်ကို ကြည့်သော မျက်လုံးများ ဖြစ်သည်။

"တွေ့လား ဆရာ… မွေးနေ့လက်ဆောင်တွေ အများကြီးပဲ၊ ဝမ်းနည်းစရာကောင်းတာက အဲဒီထဲမှာ ဆရာ့လက်ဆောင် မပါဘူး"

နေ့လယ် ၁၁နာရီလောက် ဧည့်သည်ရှင်းသွားချိန်မှာ နှောင်းက မကျေနပ်သလို မျက်နှာထား လုပ်ပြပြီး ပြောတော့ နှောင်းမေမေက အားနာသွား၏။

"ဟဲ့… သမီးရယ်၊ ဆရာ့ကို အဲလို မပြောရဘူးလေ၊ ဆရာ လက်ဆောင်တွေ ပေးခဲ့တာ နှစ်နှစ်ဆက်တိုက် ရှိနေပြီ၊ ဆရာ့ကို ဒုက္ခမပေးချင်ပါနဲ့"

သူ သိမ်မွေ့စွာ ပြုံးပြလိုက်ရုံမှတစ်ပါး ဘာစကားမှ မပြောဘဲ ငြိမ်သက်နေလိုက်ပါသည်။

တကယ်တော့ နှောင်းအတွက် မွေးနေ့လက်ဆောင် သူ ယူလာခဲ့ပါသည်။ နေ့လယ် လူရှင်းချိန်ကျမှ ပေးမည်ဟု စဉ်းစားထားခဲ့သော်လည်း ဆေးရုံကအပြန် သူ့အိမ်သို့ နှောင်းလိုက်လာမည် ဖြစ်သောကြောင့် အိမ်ကျမှပဲ ပေးတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ သိပ်အဖိုးတန်လှသော လက်ဆောင် မဟုတ်သော်လည်း သူ့မိခင်ထားရစ်ခဲ့သော တစ်ခုတည်းသော အမွေပစ္စည်းဖြစ်သည်။ ကျောက်စိမ်းလည်ကပ်ကလေး ဖြစ်သည်။ အလှအပ အဆင်တန်ဆာ မက်မောသော အမေ့အတွက် နှစ်ပေါင်းများစွာ ဆင်းဆင်းရဲရဲ စုဆောင်းပြီးမှ အဖေက ဆင်ပေးနိုင်ခဲ့သော လည်ကပ်ကလေး ဖြစ်သည်။

အစွဲအလမ်း ကြီးတတ်လွန်းသော အမေသည် ဆုံးခါနီး လပိုင်းအလိုမှာတော့ သူ့အား ထိုပစ္စည်းကလေးကို ပေးသွားခဲ့၏။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"တကယ်လို့များ မင်းအိမ်ထောင်ပြုဖြစ်ဦးမယ်ဆိုရင် မင်းရဲ့ဇနီးကို ဒါလေး ပေးလိုက်ပါ"

အမေသည် နှစ်ပေါင်းများစွာ အမြတ်တနိုး သိမ်းထားခဲ့သော အဖေ့လက်ဆောင်ကလေးကို သူ့အား ပေးရင်း မသိမသာ နှောင်ကြိုးချည်နှောင် သွားသေး၏။ သည်တုန်းကတော့ အမေ့စကားကို အဓိပ္ပာယ်မရှိတာဟု သူ တွေးခဲ့သည်။ တကယ်တော့ နှောင်းသည် ရင့်ကျက်သော သူ့ဘဝတွင် သိမ်မွေ့နူးညံ့သောအချစ် ဖြစ်သည်။

"ဆရာ... ဆေးရုံရောက်ရင် နှောင်းအနားမှာပဲ နေနော်၊ နှောင်း ကြောက်တယ်"

သူ မျက်မှောင်ကြုတ်လိုက်မိပြီးမှ ပြုံးပြလိုက်၏။

"လူနာတွေက ကြောက်စရာ မကောင်းပါဘူး နှောင်းရဲ့... သနားစရာ ကောင်းတာပါ"

နှောင်းနှင့်အတူ အေးချမ်းစွာ ညနေစာ ချက်ပြုတ်စားခွင့်၊ စကားပြောခွင့် ရသော မွေးနေ့ညနေခင်းသည် သူ့ဘဝတွင် အပြည့်စုံဆုံးသော ကျေနပ်မှုတစ်ခု ဖြစ်သည်။

သူ စိုးရိမ်သလို နှောင်းက အပေါ်ထပ်ကို လုံးဝစိတ်မဝင်စားပါ။ အောက်ထပ် မီးဖိုနှင့် အောက်ထပ်ဧည့်ခန်းတွင် ဟိုသည်သွားလာ ယောက်ယက်ခတ်နေခဲ့သည်။ လွတ်လပ်သော ရှပ်အင်္ကျီအပွကြီးက ဒူးကောက်ကွေးနားအထိ ရှည်နေသည်။ ထဘီကတော့ ခြေသလုံးတစ်ဝက်ခန့် ရောက်သော နီညိုရောင်ဘီဘဲလ်လုံချည်။ ပန်းနုရောင် သန်းသည် ဆိုရုံကလေး သန်းနေသော အင်္ကျီပွပွကြီးအောက်မှာ နှောင်း၏ကျစ်လျစ်သွယ်နွဲ့သော ကိုယ်လုံးကလေး ပျောက်ကွယ်နေ၏။

"ဆရာ့အိမ်က ဖျော်ရည်စက်လဲ မရှိဘူး"

သူ သဘောကျစွာ ပြုံးရယ်၍ နှောင်းကို ငေးကြည့်နေခဲ့သည်။

"ဆရာဝန်အိမ် ဖြစ်နေပြီး ရေခဲသေတ္တာလဲ မရှိဘူး"ဟု မှတ်ချက်ချခဲ့သောအခါမှာတော့ သူ အသံထွက်၍ ရယ်မောမိတော့သည်။

"နှောင်း ဘာချက်ချင်လို့လဲ၊ ဆရာ သွားဝယ်ပေးမယ်လေ"

"နေပါစေတော့ ဆရာ၊ ရှိတဲ့ပစ္စည်းတွေနဲ့ပဲ နှောင်း ဖြစ်အောင် ချက်တော့မယ်၊ ဒါနဲ့ ဆရာ့ အာလူးတော့ လှီးတတ်ပါတယ်နော်"

သူ ပြုံးရယ်ရင်း ခေါင်းညိတ်လိုက်၏။

"အို... ဟုတ်တာပေါ့၊ ဆရာက အိမ်မှာ တစ်ယောက်တည်း ချက်စားနေတာပဲ၊ ဆရာက နှောင်းထက်တောင် ကျွမ်းကျင်ဦးမှာ"

နှောင်းတစ်ယောက် တကယ့်အိမ်ရှင်မတစ်ယောက်သဖွယ် ချက်ပြုတ်လုပ်ကိုင်နေသည်ကို သူက ဘေးမှာ ထိုင်ကြည့် ကြည်နူးနေမိသည်။ မိမိ လက်ထပ်ယူဖို့ တွန့်ဆုတ်ရသော မိန်းကလေး တစ်ဦးထံမှ ပျော်ရွှင်ကြည်နူးမှုကို တစ်ကိုယ်ကောင်းဆန်စွာ ယူမိနေပြန်ပြီဟု သူ တွေးမိသွားသောအခါမှာတော့ ကြည်နူးမိသော အပြစ်နှင့် ထိုက်တန်စွာပင် ဆို့နင့်ကြေကွဲမှုကို ခံစားလိုက်ရသည်။ နှောင်းအပေါ်မှာ သူ မတရားရာ ကျနေပြီလား။

သူ့ကို အားမနာဘဲ ဝေဖန်သွားခဲ့သော သီ့စကားလုံးများကို သူ သတိရသွား၏။ အင်း... သည်တစ်ကြိမ်မှာတော့ ကိုယ်မိုက်မဲတော့မယ်နဲ့ တူပါရဲ့ သီ။ နှောင်း၏ အပြုံးကလေးကို ရဖို့အတွက် ကမ္ဘာလောကမှာ ရှိသမျှ ကဲ့ရဲ့မှုတွေကို ကိုယ်လက်ခံနိုင်ပါတယ်။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

ညနေ ၄ နာရီအချိန်တွင် သို့ကို ဆေးတိုက်ရန် အေးအေးလှ တက်လာသောအခါ မနိုးရသေးမီ သီ နိုးနေခဲ့ပြီ။

ခွဲစိတ်ပြီးခါစ နေ့ရက်များတွင် သီသည် နေ့မှန်း ညမှန်း မသိဘဲ အချိန်အားလုံး ပြာဝေသော အမှောင်ကာလများသာ ဖြစ်နေ၏။ မထူးတော့ပါဘူး ဟူသောစိတ်ဖြင့် ဘယ်တော့မှ မနိုးအောင် အိပ်ပစ်လိုက်ချင်ခဲ့သည်မှာ အမှန်ပင် ဖြစ်သည်။ သို့သော် သီသေလို့ မဖြစ်သေးပါဘူးဟု အားတင်းကာ ဇွတ်ပြန်နိုးယူရသည်။ သို့မျက်ခွံများ လေးလံပိတ်ဆီးလာလျှင် သီ အားစိုက်၍ ဖွင့်သည်။ ကြိုးစားရင်း ကြိုးစားရင်း သတိလက်လွတ် အိပ်ပျော်သွားပြန်၏။ သို့သော် နောက်ဆုံးတော့ သို့ကိုယ်ခန္ဓာ ထိန်းချုပ်မှုကို သို့စိတ်က အောင်နိုင်သွားခဲ့သည်။

သီ နိုးလာသောအခါ အောက်ထပ်မှ ရယ်မောသံများကို ကြားလိုက်ရ၏။ ပထမတော့ မောင် အေးအေးလှနှင့် ရယ်မောနေတာဟု ထင်သည်။ သို့သော် သို့ကို ဆေးတိုက်ရန် အခန်းထဲ ဝင်လာချိန်မှာ ချိုမြနူးညံ့သော ရယ်သံကလေးကို ကြားရသည်။ သီ အံ့သြတကြီး ဖြစ်သွား၏။ သို့သော် ချက်ချင်းပင် သီ နားလည်လိုက်သည်။ နှောင်းပဲ ဖြစ်ရမယ်။ အေးအေးလှကို သီ ဘာမှ မမေးသော်လည်း နှောင်းအကြောင်းကို အေးအေးလှ ပြောပြနေ၏။

"သိပ်လှတာပဲ မမသီ၊ ဒါပေမဲ့ သွက်လွန်းတယ်"

အေးအေးလှက သို့ကို အိပ်ရာပေါ်တွင် ခေါင်းအုံးတစ်ထပ်ဖြင့် မှီထိုင်နိုင်အောင် ညင်သာစွာ မထူ၏။ ကုန်ခန်းသွားသော ခွန်အားများကို ပြန်ရအောင် သီ ကြိုးစားရဦးမည်။ ဘာဝနာဖြင့် သေမည့် မိန်းမတစ်ယောက် ယခုလို ခဏခဏသတိလစ်အိပ်ပျော်သွားဖို့ မဖြစ်သင့်ပါ။ မိန်းမောစွာ မသေဘဲ ငြိမ်းချမ်းစွာသေဖို့ သီ ကြိုးစားရမည်။

သူကတော့ ပြောခဲ့သားပဲ၊ ဦးခေါင်းခွဲအနာ ပြန်ကျက်အောင် စိတ်ရှည်ရှည် စောင့်ဆိုင်းရမတဲ့။ သို့ဘဝမှာ စိတ်ရှည်ခဲ့ရပေါင်း များလှပြီ။ စိတ်ရှည်ခြင်းနှင့် အကျွမ်းတဝင် ဖြစ်နေတာလည်း ကြာလှပြီ။ အခုထိလည်း သို့သေမင်းကို သီ စိတ်ရှည်စွာ ရင်ဆိုင်နေရဆဲ ဖြစ်သည်။

နေရောင်သည် သစ်ပင်ကြိုကြားမှ ကွက်တိကွက်ကျားလင်းကာ ပြတင်းခန်းဆီးကို ထိုးလျက်ရှိသည်။ အပြင်ဘက်မှာ ကျေးငှက်သံများ ကြားရသည်။ သစ်ရွက်လှုပ်ခတ်သံများ၊ အဝေးမှ ဂီတသံများ၊ ထို့အပြင် အောက်ထပ်ဆီမှ မောင်တို့၏ ရယ်မောသံများ။ နုပျိုသော ရယ်မောသံများကို ကြားမှ သို့ဘဝ၏ ရင့်ရော်မှုကို ပို၍မြင်သာလာ၏။ သို့သော် ဤရင့်ရော်မှုမျိုး ရအောင် နှစ်ပေါင်းများစွာ သီ ကြိုးစားအားထုတ်ခဲ့ရသည်။ သီ၏ ရင့်ရော်သော မျက်ဝန်းများသည် တည်ငြိမ်ရုံမျှမက ကျေနပ်ခြင်းဖြင့် အေးချမ်းလျက်ရှိသည်။

"အဲဒီ ခန်းဆီးလေး မ,လိုက်ပါလား ညီမရယ်"

ခန်းဆီးကို မ,လိုက်ချိန်တွင် လန်းဆန်းသော လေနှင့်အတူ သို့မြင်ကွင်းထဲသို့ တက်ကြွပျော်ရွှင်သော လူသားနှစ်ဦး ဝင်ရောက်လာသည်။ တစ်ယောက်က လင်ပန်းပေါ်မှာ ဖန်ခွက်များ၊ မုန့်ပန်းကန်ပြားများ တင်လျက် သယ်ဆောင်လာပြီး တစ်ယောက်က အလျူမီနီယမ် ခေါက်ကုလားထိုင်နှစ်လုံးကို သယ်လာ၏။ သူတို့နှစ်ယောက်သည် ပုန်းညက်ပင်၏ အရိပ်အောက်မှာ ခင်းထားသော စားပွဲကလေးဆီသို့ လျှောက်သွားနေကြသည်။ နွေဦးရာသီ၏ ရွက်ကြွေများသည် သူတို့၏ ခြေဖဝါးအောက်တွင် လှပသော ရွက်ကြွေတောတစ်ခုအဖြစ် ခင်းကျင်းပေးထားသည်။ နွေ၏ ငှက်သံများက သူတို့နှစ်ယောက် အနီးတွင် ချိုမြအေးချမ်းစွာ ဖွဲ့ဆိုလျက်ရှိကြသည်။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

မြင်ကွင်းကို ငေးကြည့်နေသော သီသည် မျက်လုံးဟောက်ပက်၊ ပါးပြင်ခွက်ခွက်နှင့် ဝေဒနာ၏ နှိပ်စက်မှုကို ခံစားနေရသော သက်ရှိသတ္တဝါတစ်ဦးဖြစ်သည်။ သီနှင့် ဘာမှမဝေးလှသော နေရာမှာတော့ ဘဝ၏ခဏတာ အိပ်မက်လှလှကလေးတစ်ခု မက်နေသော လူသားနှစ်ဦး ရှိသည်။ တစ်ယောက်ကို တစ်ယောက် ငေးမောကြည့်လိုက်၊ ဖန်ခွက်ထဲမှ အနီရောင် စထရော်ဘယ်ရီ ဖျော်ရည်များကို သောက်လိုက်၊ စကားပြောဆို ရယ်မောလိုက်နှင့် ညနေခင်း၏ နွေးထွေးမှုကို ပြည့်စုံစွာ ခံယူလျက်ရှိကြသည်။ သူတို့သည် မနက်ဖြန်အကြောင်းကို မေ့ထားကြသလား၊ သို့မဟုတ် မနက်ဖြန်၏ မျှော်လင့်မှုဖြင့် ပျော်ရွှင်နေကြသလား သီသဲကွဲစွာ မသိ။ သို့အတွက်တော့ မနက်ဖြန်ဆိုသည်မှာ ပို၍ငြိမ်းချမ်းသော ပျောက်ကွယ်မှုဖြစ်သည်။

မိန်းကလေးက သည်ဘက်သို့ မျက်နှာငဲ့စောင်းကာ ပြုံးနေတော့ သီ ကြာရှည်အကဲခတ်ဖို့ အခွင့်ရသွား၏။ စိတ်နှလုံး ဖြူစင်သော မိန်းကလေးဖြစ်သည်။ ကောက်ကျစ်မှု၊ လိမ်ညာမှု လုံးဝမရှိသော မိန်းကလေးဖြစ်သည်။ မိန်းကလေးသည် ဝမ်းနည်းမှုကို ခံစားနေသည်နှင့် တစ်ပြိုင်နက်တည်းမှာပင် ပျော်ရွှင်ကျေနပ်ခြင်းကိုလည်း ခံစားနေရပြန်သည်။ အံ့ဩစရာ ကောင်းသည်မှာ မိန်းကလေးသည် သီထင်ထားသည့်အသက်ထက် များစွာငယ်နေသည်။ ခဏကြာတော့ မည်းနက်ပျော့အိသော ပိုးသားဆံပင်ကလေးများကို ဝဲသွားအောင် ခေါင်းငဲ့၍ စကားပြောနေပြန်သည်။ တစ်ချက် သည်ဘက်ဝေ့ကြည့်ပြီး မျက်နှာမော့ရယ်လိုက်ပြန်တော့ အပြစ်ကင်းစင်နူးညံ့မှုကို သီ ခံစားလိုက်ရသည်။ ဖြူဝင်း၍ လှပသော မျက်နှာ၊ မည်းနက်သော မျက်ဝန်းများ၊ အဖျားလုံးချွန်ပြီး ကော့မယောင်ယောင် နှာခေါင်းကလေး၊ ပိရိသော်လည်း ပြည့်ဖြိုးစုဝန်းသည့် နီမြန်းသော နှုတ်ခမ်းများ။

ငယ်တော့ငယ်လွန်းသေးသည်။ ချွဲလည်း ချွဲတတ်မည့်ပုံပဲ။ သို့သော် ဆရာဝန်တစ်ယောက်အတွက် လိုက်ဖက်သော ဇနီးကောင်းတစ်ယောက် ဖြစ်မည်။ လောကီအာရုံခံစားမှုကို အလွန် စိတ်ဝင်စားမည့် မိန်းကလေး။ ညဏ်ပညာ ထက်မြက်မည့် မိန်းကလေး။ မဆုတ်မနစ် ဇွဲလုံ့လဖြင့် မိမိ လိုချင်တာကို ရအောင်ယူမည့် မိန်းကလေး။

ထိုအခိုက် မောင်က လက်ထဲမှ အရာတစ်ခုကို မြှောက်ကိုင်ကာ မိန်းကလေးကို တစ်စုံတစ်ခု ပြောလိုက်သည်။ သူ့လက်ထဲက ပစ္စည်းသည် အစိမ်းရောင်ကြိုးတစ်ကုံး ဖြစ်သည်။ မိန်းကလေးက တစ်ချက် လွှတ်ခနဲ အော်ကာ ပျော်ရွှင်ရင်း သူ့ရှိရာသို့ ခပ်နွဲ့နွဲ့ လျှောက်သွားလေသည်။ ဤလို လမ်းလျှောက်ပုံနွဲ့နွဲ့မျိုးကို သီ မြင်ဖူးသည်။ ဤဆံပင်ကုပ်ဝဲမျိုး၊ အားမာန်ရှိသော မျက်ဝန်းမျိုး...။ ဘယ်မှာ မြင်ဖူးပါလိမ့်။ သို့ဦးနှောက်များ တော်တော်ဆိုးဆိုးရွားရွား ချွတ်ယွင်းကုန်ပြီ။

မောင်က ဦးညွှတ်ထားသော မိန်းကလေး၏ လည်ပင်းတွင် အစိမ်းရောင်ကြိုး တိုတိုကလေးကို ကြည်နူးရက်ရွှ့စွာ တပ်ဆင်ပေးလိုက်လေသည်။ ဘယ်လောက် ညံ့လိုက်သည့်လူလဲ။ ငုံ့ထားသော လည်ကုပ်ပေါ်မှာ ဆွဲကြိုးတစ်ကုံး ဆွဲပေးဖို့ လုံးဝမကျွမ်းကျင်သောလူ ဖြစ်သည်။ အကြာကြီး ကြိုးစားဆွဲပေးရာက သူတို့နှစ်ယောက်လုံး မျက်နှာမော့လှန်ကာ ရယ်မောလိုက်လေသည်။

သီ တွေ့ဖူးသမျှ မောင့်မျက်နှာများတွင် အတောက်ပဆုံးဖြစ်သည့် အပြုံးမျက်နှာကို သီ ငေးမောကြည့်နေမိ၏။ သာမန် ပျော်ရွှင်သည့် အပြုံးမျက်နှာမျိုး မဟုတ်ဘဲ တစ်ခုခုကို အောင်မြင်သည့် ကျေနပ်ပြုံးဖြစ်သည်။

သူတို့နှစ်ယောက် အလွန်နီးကပ်စွာ တစ်ယောက်ကိုတစ်ယောက် ငေးမောနေကြ၏။ ကမ္ဘာလောကသည် သူတို့နှစ်ယောက်အား ဘယ်တော့မှ ကွဲကွာစေနိုင်မည် မဟုတ်သော သေချာမှုမျိုးဖြင့် ပေါင်းစပ်တွယ်ငြိစေလျက် ရှိသည်။ ခြံဝန်းတစ်နေရာတွင် ပျော်ရွှင်မှုရှိပြီး အခြားတစ်နေရာတွင် မချိမဆံ့နာကျင်မှု ရှိနေသည်။ တစ်နေရာတွင် ချစ်မြတ်နိုးမှုများ ရှိနေပြီး တစ်နေရာတွင် ကြောက်ရွံ့မှုများ ရှိနေသည်။ တစ်နေရာတွင် နှပျိုတက်ကြွမှုများ ရှိနေပြီး အခြားတစ်နေရာတွင် ရင့်ရော်ဆုတ်ယုတ်မှုများ ရှိနေသည်။

Commercial use of this book will be at your OWN RISK! www.myanmarcitizid.net

သို့မျက်လုံးများမှ မျက်ရည်များ လိမ့်ဆင်းကျလာ၏။ ဘဝတဏှာပေါ်တွင် မောင်၏ အောင်မြင်ချိန်သည် သီ၏ ကျရှုံးချိန် ဖြစ်နေသည်။ မောင်၏ ရစ်ငင်တိုးဝင်ချိန်သည် သီ၏ ရုန်းထွက်ပြတ်တောက်ချိန် ဖြစ်သည်။ သီ လိုချင်သောဘဝကို မောင့်မျက်ရည်ဖြင့် ရင်းနှီး၍ ယူခဲ့ဖူးသော သီသည် မောင်ပျော်ရွှင်ချိန်တွင် မျက်ရည်များဖြင့် ပေးဆပ်နေရပြီ ဖြစ်သည်။

သို့သော် ထိုစဉ်က မောင့်မျက်ရည်သည် သီတို့နှစ်ယောက်၏ မှားယွင်းမှုကြောင့် ဖြစ်ပြီး ယခု သီကျရသော မျက်ရည်မှာ ကံကြမ္မာ၏ မုန်ကန်မှုကြောင့် ဖြစ်သည်။

ဖဖဖဖဖ

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

## အခန်း(၁၈)

ဆရာဝန်သည် ဝရန်တာ ထောင့်ချိုးတွင် ခွေလျော့စွာ ရပ်နေသော သူ့ဇနီးသည်ကို အားမလို အားမရ စူးစိုက်ကြည့်လျက်ရှိသည်။ သီ ခေါင်းမာမှန်း သူ သိသော်လည်း သူမ၏ကျန်းမာရေး အခြေအနေကို အလောင်းအစား လုပ်ရလောက်အောင် ခေါင်းမာလိမ့်မည်ဟု မထင်ခဲ့ပေ။ ဦးနှောက်ထဲမှ မူမမှန်သော ကျူမာလုံးကြီးကို တတ်နိုင်သမျှ ခွဲထုတ်ပြီး ဖြစ်သော်လည်း တစ်ဝက်လောက် ကျန်နေသေးကြောင်း သူ ဘယ်လိုပြောပြရမည်နည်း။

သီ၏ညိုစိမ့်စိမ့် အသားအရေသည် ယခုအခါ ပိုမိုခြောက်သွေ့ ညိုမောင်းလျက်ရှိသည်။ ပါးပြင်များ၏ တင်းရင်းမှုသည် တဖြည်းဖြည်းချင်း လျော့နည်းလာကာ အခုအချိန်မှာတော့ အရိုးပေါ်မှာ တင်ထားသော အရေပြားသာ ဖြစ်တော့သည်။ ရှည်လျားသော နှာခေါင်းက ပို၍ချွန်ကာ သေးသွားသည်။ ဟိုတုန်းကနှင့် မကွာခြားသော အရာအဖြစ် သီခန္ဓာကိုယ်ပေါ်မှာ မျက်လုံးသာ ကျန်ခဲ့တော့သည်။ မျက်လုံးများကတော့ ယခင်ကလို ကြည်လင်တောက်ပမြဲ အေးစက်မြဲဖြစ်သည်။ ထိုမျက်လုံးများကြောင့်ပင် မန္တလေးသို့ပြန်ဖို့ ဆုံးဖြတ်ချက် ချနိုင်ခြင်း ဖြစ်မည်ဟု သူထင်သည်။

"သို့အိမ်မှာ သို့ကို ပြုစုမယ့်သူ ဘယ်သူရှိလို့လဲ၊ ရောဂါဒဏ်ကို အလူးအလဲ ခံရတဲ့အခါ သို့ကို ဘယ်ဆရာဝန်က အရေးပေါ် ပြုစုပေးနိုင်မလဲ၊ သီ ခေါင်းမမာပါနဲ့၊ ကိုယ့်အတွက်က သီတစ်ယောက်ကြောင့် ဘာမှ အနှောင့်အယှက်ဖြစ်တာ မဟုတ်ပါဘူး၊ ခင်ပွန်းဟောင်းတစ်ယောက် အိမ်လို့ သဘောမထားနဲ့ သီ… ဆရာဝန်တစ်ယောက်ရဲ့အိမ်လို့ သဘောထားပါ"

သီ၏ အေးစက်သော မျက်ဝန်းများ အရောင်မပြောင်း။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

"သို့ကို ခွဲတုန်းက ဦးခွံအရိုးကို ပြန်မပိတ်ဘဲ ဦးရေအရေပြားနဲ့ပဲ ပြန်ပိတ်ထားတာ သီသိတယ်နော်၊ လိုအပ်ရင် အဲဒီနေရာကနေပြီး ဓာတ်ရောင်ခြည် ပေးသင့်ရင် ပေးရမယ် သီ၊ မန္တလေးမှာ ဦးနှောက်အထူးကုဆေးရုံ မရှိဘူး"

သီက ငြိမ်သက်စွာ ရပ်နေဆဲ ဖြစ်သည်။ ဆုံးဖြတ်ချက်ကို မပြင်လိုသော ဟန်ပန်ပင် ဖြစ်သည်။

"အဲဒီနေရာမှာ ဦးရိုးခွံအကာမရှိတော့ သီ မတော်တဆ ထိခိုက်မှုဖြစ်လို့ လုံးဝမရဘူး၊ တစ်ခုခုနဲ့ တိုက်မိတာ လဲကျတာ မဖြစ်စေရဘူး၊ အဘွားကြီးတစ်ယောက်က သို့ကို ဘာတွေများ ပြုစုနိုင်မှာမို့လဲ... သီ"

ခွဲစိတ်ထားသော ဦးနှောက်တစ်သျှူးကို စစ်ဆေးကြည့်၍ သိရသောအဖြေမှာ သို့အတွက် အလွန်ဆိုးရွားကြောင်း သူ ဘယ်လိုပြောပြရပါမည်နည်း။ သို့ကျူမှာသည် ပွားများပျံ့နှံ့မှုနှုန်း အလွန်မြန်သော ကြောက်မက်ဖွယ် ဂလီယိုးမား **(Glioma)** ကင်ဆာတစ်မျိုးဖြစ်ကြောင်း သို့ကို ဘယ်လို အသိပေးရက်ပါမည်နည်း။

"သို့ခြံမြေကို သီ မက်မောလို့ ပြန်ချင်တာလား"

ဤကဲ့သို့ မဟုတ်မှန်း သူသိလျက်နှင့် မေးလိုက်သည်။ သီ ဒေါသမထွက်ပါ။ ပြုံးလည်း မပြုံးပါ။

"သီ ဒီမှာ တရားကျင့်လို့ မရဘူးလား၊ ကိုယ့်အိမ်လောက် လွတ်လပ် အေးဆေးတဲ့အိမ် သီ ရှာတွေ့နိုင်ဦးမှာလား"

ဘယ်အိမ်ကိုမျှ သီ ရှာဖွေတော့မည် မဟုတ်ပါ။ ဒါကိုလည်း သူ သိပါသည်။ နောက်ဆုံး သူ သက်ပြင်းချကာ လက်လျှော့လိုက်၏။

"ကောင်းပြီ သီ၊ သီ ဒီလောက်ပြန်ချင်ရင် ပြန်ရမယ်၊ ဒါပေမဲ့ ကိုယ် လိုက်ပို့မယ်... ဟုတ်လား"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

အေးဆေးသော အသံသည် ဝေဒနာကို လွန်မြောက်လျက် ထွက်ပေါ်လာသည်။

ယခုတစ်ပတ် စနေ၊ တနင်္ဂနွေ တွင် သို့ကို မန္တလေးသို့ လိုက်ပို့နိုင်အောင် သူ စီစဉ်ရမည်။ သို့အတွက် လေယာဉ်ခရီးက အဆင်ပြေနိုင်စေမလား၊ သို့မဟုတ် ကားငှားပြီး ပို့ပေးနိုင်မလား။ ခရီးရှည်ကို သီ ဒဏ်ခံနိုင်ပါ့မလား။ နောက်ဆုံးတော့ သို့ကို လေယာဉ်စီးစေသည်က ခရီးပိုမို မြန်ဆန်မည်ဟု တွက်လိုက်၏။ သူ လေယာဉ်လက်မှတ် ကြိုးစားရမည်။ ထို့ပြင် စနေနေ့တွင် နှောင်းနှင့် ချိန်းထားသည်ကို ဖျက်ရမည့်အတွက် သူ နှောင်းကို ကြိုတင်တောင်းပန်ရမည်။

အတွေးအဆုံးတွင် သူချက်ချင်း တယ်လီဖုန်းနား ရောက်သွား၏။ နှောင်း ရုံးသွားခါနီး အချိန် ဖြစ်နိုင်သည်။ သူ နံပါတ်များကို နှိပ်နေစဉ် သူ့ဇနီးက ဝရန်တာက ပက်လက်ကုလားထိုင်၌ အသက်ရှူလေ့ကျင့်ခန်းဖြင့် ရောဂါသက်သာမည့် အတွေးကုထုံးကို ကြိုးစားအာရုံစိုက်လျက် ရှိသည်။

ဤနည်းမှာ သူ ပေးဖတ်ခဲ့သော ကင်ဆာတွန်းလှန်နည်း စာအုပ်ထဲမှနည်း ဖြစ်သည်။

"ဟယ်လို..."

နှောင်းမိခင်၏ အသံ။

"အစ်မရေ... ကျွန်တော် အောင်စည်ပါ၊ နှောင်း ရုံးသွားပြီလား"

Commercial use of this book will be at your own RISK!
www.myanmarcomic.net

"မသွားဘူး ဆရာ၊ နှောင်း နည်းနည်းနေမကောင်းလို့ ဖုန်းဆက်ပြီး ခွင့်တိုင်ထားတယ်၊ ခဏလေးနော်... ခေါ်ပေးမယ်"

နည်းနည်းနေမကောင်းလို့။ ဤစကားသည် သာမန်အခြေအနေတွင် စိုးရိမ်ပူပန်စရာ မရှိသော်လည်း နှောင်းအတွက်တော့ သူ စိတ်ပူရလေသည်။

"ဆရာ..."

သူ စိတ်ပူပန်မှုများ လျော့ကျသွား၏။ နှောင်းအသံက ကျန်းမာရေး မကောင်းသူတစ်ဦး၏ အသံမဟုတ်ပါ။

"နှောင်းရေ... နေမကောင်းဘူးဆို"

"ဟုတ်ကဲ့... နည်းနည်းပါ ဆရာ၊ ကိုယ်တွေလက်တွေ ကိုက်ခဲပြီး လည်ချောင်း နာချင်သလို ဖြစ်နေတယ်၊ ချောင်းနည်းနည်းဆိုးတော့ ရုံးမှာသူများတွေ ကူးမှာအားနာလို့ပါ"

သူ သက်ပြင်းခိုးရှိုက်ကာ ပြုံးလိုက်၏။

"ညနေ ဆေးခန်းသွားလိုက်ပါမယ် ဆရာ၊ ဒါနဲ့ ဆရာ ဘာအကြောင်း ထူးလို့လဲဟင်"

"သြော်... ဆရာတို့ စနေနေ့တွေ့ဖို့ကိစ္စကို ရက်ရွှေ့ရအောင် တောင်းပန်ချင်လို့ပါ၊ ဆရာ မန္တလေးကို သွားစရာကိစ္စ ပေါ်လာလို့"

"သြော်... ဒါများ ဆရာရယ်၊ နှောင်းကို တောင်းပန်စရာမှ မဟုတ်ဘဲနဲ့"

ဘာအတွက် သွားမှာလဲဟု မမေးသည့်အတွက် နှောင်းကို ကျေးဇူးတင်ပါသည်။ အကယ်၍ နှောင်းက မေးလျှင် သူ လိမ်ရတော့မည်။ နှောင်း၏ စိတ်ချမ်းသာမှုအတွက် လိမ်ရမည် ဖြစ်သော်လည်း ထိုလိမ်ညာခြင်းကို သူကိုယ်တိုင် ရှက်ရွံ့နေရဦးမည်။

"ဒါနဲ့ နှောင်း... ဆေးထိုးတဲ့အခါ ဂရုစိုက်ပါနော်၊ မစမ်းဘဲ ဆေးထိုးမခံပါနဲ့"

တစ်ဖက်မှ ရယ်မောသံသဲ့သဲ့လေး ကြားရသည်။

"နှောင်း ပနယ်စလင် တည့်ပါတယ် ဆရာရဲ့"

"မဟုတ်ဘူး နှောင်း... တစ်ခါတည့်တိုင်း အမြဲတည့်ရမယ်လို့ ပုံသေနည်းမရှိဘူး၊ မမှားအောင် ဂရုစိုက်ပါနော်"

"စိတ်ချပါ ဆရာ"

"ဆေးထိုးအပ်ကို တစ်ခါသုံးအပ်နဲ့ ထိုးပစေနော်၊ ဆရာဝန်နဲ့ ရင်းနှီးတယ် မဟုတ်လား"

သူကိုယ်တိုင်ပင် အခုချက်ချင်း နှောင်းကို ဆေးကုသပေးချင်လှသည်။

"ဟုတ်ကဲ့ ဆရာ... ရင်းနှီးပါတယ်၊ နှောင်း ပြောရဲပါတယ်"

သူ့စကားကို နှောင်း နားထောင်လိမ့်မည်ဟု သူယုံကြည်ပါသည်။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

"ဒါနဲ့ ဆရာ ဘယ်တော့သွားမှာလဲဟင်"

"စနေနေ့"

"သြော်... အဝေးကြီး လိုပါသေးတယ်၊ ဒီကြားထဲ နှောင်း ဖုန်းဆက်မယ်လေ"

လောက၏ ဆန်းကြယ်မှုသည် လူတို့ လိုက်မမီသော ဘာသာရပ်တစ်ခု ဖြစ်သည်။ ဆေးပညာ မည်မျှ တိုးတက်သည်ဖြစ်စေ၊ သဘာဝတရားသည် လူသားများအပေါ်တွင် နိုင်မြဲတိုင်း နိုင်နေခဲ့သည်။

နောက်တစ်နေ့ည နှောင်းထံ ဖုန်းဆက်ချိန်အထိ ဤအဖြစ်အပျက်ကြီး ဖြစ်သွားလိမ့်မည်ဟု နည်းနည်းမျှ သူ သံသယ မဝင်ခဲ့မိပါ။ သူ သိလိုက်ချိန်တွင် အရာရာသည် နောက်ကျသွားခဲ့ပြီ ဖြစ်သည်။

"နှောင်း... နေကောင်းလား"

တစ်ဖက်မှ တော်တော်နှင့် မဖြေဘဲ ခဏကြာမှ တိုးညင်းသော လေသံဖျော့ဖျော့ကလေး ထွက်ပေါ်လာသည်။

"မသက်သာသေးဘူး ဆရာ"

ဤစကားသံလေး နောက်ကွယ်မှ နှောင်း၏ နွမ်းလျမှု၊ အင်အားစိုက်ထုတ်မှုတို့ကို သူ ခန့်မှန်း၍ ရသည်။ သူ စိတ်မကောင်း ဖြစ်သွား၏။

"ဆေးမထိုးဘူးလား"

"မထိုးဘူး ဆရာ၊ နှောင်း ဆေးထိုးမှားမှာ ကြောက်တာ ဆရာဝန်က သိတယ်"

"ဟာ... နှောင်းရယ်"

သူ မချင့်မရဲ ညည်းညူလိုက်၏။ ပြီးမှ နှောင်းမှ စိတ်မကောင်းဖြစ်သွားမည့်အရေးကို တွေးကာ ပြန်၍ ထိန်းချုပ်လိုက်သည်။

"အေးလေ... ထိုးဆေးရဲ့အာနိသင်နဲ့ ညီမျှတဲ့ စားဆေးတွေ ရှိနေတာပဲ၊ သိပ်တော့ မလိုပါဘူး၊ ဆရာဝန်ပေးတဲ့ ဆေးတွေ မှန်မှန်သောက်ရဲ့လား"

"ဟုတ်ကဲ့ သောက်ပါတယ်ဆရာ၊ ဒါပေမဲ့ လည်ချောင်းနာတာ ပိုဆိုးလာတယ်၊ အနီလဲ အန်ချင်တယ်"

သူ့တစ်ကိုယ်လုံး စိုးရိမ်မှုဖြင့် ပူထူသွား၏။ သူ နှောင်းကို ကြည့်ပေးဖို့ လိုအပ်နေပြီ။

"ဆရာဝန်က ဘာဆေးပေးသလဲ"

"ပါရာစီတမောလ်ရယ်၊ ဆက်ပ်ထရင်ရယ်၊ ဘားပလက်ကစ်ရယ်"

"နှောင်း ဆာလ်ဖာ တည့်ရဲ့လား"

သူ ဖြတ်မေးလိုက်၏။

"ဟုတ်ကဲ့၊ ငယ်ငယ်တုန်းက စားဖူးပါတယ်"

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"နှောင်း နေရတာ ဘယ့်နှယ်လဲ၊ ဘယ်လို ခံစားရသလဲ"

"နှောင်း ဖျားလာတယ် ဆရာ၊ ဘာမှလဲ မစားချင်ဘူး၊ ခုတင်ပေါ်ကကို မထချင်ဘူး၊ နှောင်း တစ်ခါမှ အဲလိုမဖြစ်ဖူးဘူး ဆရာ၊ နှောင်း အန်ချင်နေတယ်"

"နှောင်း... ဆရာလာခဲ့မယ်နော် နှောင်း"

နာရီကြည့်လိုက်တော့ ၁၀နာရီ ခွဲခါနီးပြီ။ သို့သော် သူ နှောင်းထံ မသွားရလျှင် ယနေ့ည အိပ်လို့ရမှာ မဟုတ်ပါ။

"မိုးသိပ်ချုပ်နေပြီ ဆရာ"

"ကိစ္စမရှိဘူး နှောင်း... ကိုယ် အခုလာခဲ့မယ်"

နှောင်းဆီသို့ သူ ရောက်သွားချိန်မှာ ၁၁နာရီထိုးရန် ၁၅မိနစ်လိုသေး၏။

နှောင်း၏ မျက်နှာသွင်ပြင်ကို မြင်လိုက်သောအခါ သူ့ရင်ထဲသို့ မီးတောက်တစ်ခု အရှိန်ပြင်းပြင်း ဝင်ရောက်သလို ပူလောင်သွားသည်။ ဆံပင် ကပိုကရိုနှင့် ဖြူဖပ်ဖြူရော် ဖြစ်နေသော နှောင်းသည် အဝတ်ရုပ်ကလေး တစ်ခုလို အိပ်ရာပေါ်မှာ ခွေလျက်ရှိသည်။

"မနက်က ဒီလောက် အခြေအနေ မဆိုးသေးဘူး ဆရာ၊ အခုညမှ ဆိုးလာတာ"

နှောင်း မိခင်က တိုးတိတ်စွာ အသိပေး၏။

နှောင်း၏ မျက်ခွံအစပ်များ ဖြူဖျော့လျက် မျက်လုံးများကလည်း ဖန်ချောင်းမီးရောင်အောက်တွင် ဝါမယောင်ယောင် ထင်နေရသည်။ နှောင်း၏ အာခေါင်တွင် အမြှေးပါးပေါ်၌ အနာကလေးတွေ တွေ့ရသည်။ ပြည်တည်သည့် အရိပ်အယောင်များ တွေ့နေရသည်။

"ချမ်းသလား နှောင်း"

"ဟုတ်ကဲ့၊ တစ်ခါတစ်ခါကျတော့ တုန်တယ်ဆရာ၊ မနေ့က ဆေးခန်းသွားပြတုန်းက ဆရာဝန်ကို ချမ်းတဲ့အကြောင်း ပြောတော့ ဆရာဝန်က ဆီးအောင့်ရင် ဒီလိုပဲ ချမ်းတုန်တတ်တယ်တဲ့"

ဒေါ်ခင်ရီက နှောင်းကိုယ်စား ဝင်ဖြေပေးချိန်မှာ နှောင်းသည် သူမ မြတ်နိုးတွယ်တာသူကို မျက်လုံးဖွင့်၍ မကြည့်နိုင်ဘဲ မောပန်းစွာ ငြိမ်သက်နေခဲ့သည်။

"ဆီးအောင့်တယ်... ဟုတ်လား"

"ဟုတ်တယ် ဆရာ... ဒီမှာ ဆရာဝန်ပေးတဲ့ ဆေးတွေ၊ ကျွန်မတို့ ဝယ်ရတာ"

သူ့ကိုပြသော ဆက်ပ်ထရင်မှာ တရုတ်ပြည်ဖြစ် မဟုတ်ဘဲ အင်္ဂလန်ပြည်ဖြစ်ဆေးဖြစ်သည်။

သူသည် ဖြစ်နိုင်ခြေကို ကမန်းကတန်း စဉ်းစားပြီး ဆေးရုံတင်ရန် ဆုံးဖြတ်ချက် ချလိုက်သည်။

ဖြစ်ပျက်သွားသော အဖြစ်အပျက်များမှာ လျင်မြန်လွန်းသောကြောင့် အိပ်မက်တစ်ခုလို ထင်ရသည်။ အိပ်မက်မဟုတ်သော ချောက်ချားဖွယ် အဖြစ်ဆိုးကြီးကို ရင်ဆိုင်ရချိန်တွင် သူ့အသိစိတ်များ၊ ခွန်အားများ ပျောက်ကွယ်နေပြီကို ဝမ်းနည်းစွာ သိလိုက်ရလေသည်။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

လောရင့်စ်၏ဆေးဝါးဗေဒ **(Clinical Pharmacology)** မှာ ညွှန်းထားသော စာကြောင်းတစ်ခုက သူ့ကို အရှိန်ပြင်းပြင်း ထိုးနက်တိုက်ခိုက်လိုက်ပြီ ဖြစ်သည်။

*"မနေ့က ကျွန်ုပ်၏ ရောဂါ ကုသသက်သာခဲ့သည်၊ ယနေ့ည ကျွန်ုပ်၏ ဆရာဝန်ကြောင့် ကျွန်ုပ် သေဆုံးရပြီ"*

သူသည် ထိုစာကြောင်းမှ 'သေဆုံးရပြီ' ဟူသော စကားလုံးကို ခေါင်းထဲမှ ဖယ်ထုတ်ဖို့ ကြိုးစားသော်လည်း မရခဲ့ပါ။

နှောင်း…။

နှောင်း၏ ကံကြမ္မာသည် သဘာဝတရား၏ လက်ဖဝါးပေါ်တွင် ရောက်နေပြီ။ ဆေးပညာက နှောင်းကို ဘယ်လောက်ထိ ကယ်မနိုင်ပါမည်နည်း။ ရောဂါအတွက် ပေးသော ဆေးဝါးများသည် ကိုယ်တိုင်က ရောဂါဖြစ်စေသော ဆေးဝါးများ ဖြစ်နေလေ့ရှိသည်။ ဆေးဝါးတစ်ခုကို မသုံးစွဲမီ လူနာ၏ လုံခြုံမှုအတွက် ဘာအာမခံချက် ရှိပါသနည်း။

နှောင်းကို သူ အဆုံးရှုံးမခံနိုင်ပါ။

နှောင်းရောဂါ ပျောက်ကင်းဖို့အတွက် ဆေးဝါးဗေဒကို အားကိုးရင်း ဆေးဝါးဗေဒကို ပြန်တိုက်ခိုက်ရမည်။ သဘာဝတရားကို ရင်ဆိုင်ရာ၌ သဘာဝသည် မထင်မှတ်သော တိုက်ကွက်များ သုံးလေ့ရှိကြောင်း သူ နောက်ကျမှ သတိရမိသည်။

သူသည် နှောင်း၏ဝေဒနာအတွက် သူ့ကိုယ်သူ အပြစ်တင်မိသည်။ ထိုနေ့ နံနက်ကသာ နှောင်းဆီသို့ သူ ရောက်ခဲ့လျှင် နှောင်း ဤမျှ ဝေဒနာ ခံစားရမှာ မဟုတ်။ အခုတော့ သူ့နှောင့်နှေးမှု၊ တွေဝေမှုကြောင့် နှောင်းသည် ပြင်းထန်သော ဝေဒနာကို ခံစားနေရပြီ။

ဆေးရုံရောက်ရောက်ချင်း နှောင်းကို သွေးထုတ်ယူ စစ်ဆေးကြည့်ကြသည်။ နှောင်း၏ သွေးအဖြေသည် မျှော်လင့်ချက်ဖြင့် အသက်ရှင်နေသော လူသားအားလုံးအတွက် သရော်လှောင်ပြောင်မှုတစ်ခု ဖြစ်သည်။ နှောင်း၏ သွေးဖြူဥများ ပုံမှန်အတိုင်း မဟုတ်တော့ပါ။ နျူထရိုဖီးလ်ခေါ်သော သွေးဖြူဥများ ဆိုးဆိုးရွားရွား လျော့နည်းနေပြီ။

သွေးနမူနာဖန်ပြားကို မိုက်ကရိုစကုပ်ဖြင့် သူကိုယ်တိုင် ကြည့်ခွင့် ပေးခဲ့သဖြင့် သူကြည့်ရပါသည်။ ထိုအဖြေသည် သူ့ကို အလဲထိုးလိုက်သော ကံကြမ္မာ၏ ရိုက်ပုတ်ချက်တစ်ခု ဖြစ်သည်။

တိတ်ဆိတ်သော ညကို ဖြိုခွဲလျက် ဆေးရုံက ဆရာဝန်တွေ၊ သူနာပြုဆရာမတွေ ပျာယီးပျာယာ ပြေးလွှားကြိုးစားနေကြချိန်တွင် သူသည် နှောင်း၏ အနီးတွင် မတ်မတ်ရပ်လျက် နှောင်း၏ လက်ဖျားကလေးကို ဆုပ်ကိုင်ထားခဲ့သည်။

ဆုတောင်းခြင်းကို ဘယ်တုန်းကမှ မယုံကြည်ခဲ့သောသူသည် နှောင်းကို အချိန်မီ ကုသနိုင်ပါမည့်အကြောင်း ဗုဒ္ဓမြတ်စွာဘုရားအား အားကိုးတကြီး တိုင်တည်ဆုတောင်းမိသည်။ နှောင်းကို ဆက်ပ်ထရင် တစ်ကတ် ဝယ်သောက်ခိုင်းသော ဆရာဝန်ကို အတွေးဖြင့် စွဲချက်တင်လျက် အပြစ်ပေးနေမိသည်။ ဤကဲ့သို့ အန္တရာယ်ရှိသော ဆေးမျိုးကို သူ ပေးတော့မည် ဆိုလျှင် လူနာကို ကြိုတင်သတိပေးထားသင့်သည်။ ဤဆေး၏ ဆိုးရွားသော မကောင်းကျိုး အန္တရာယ်တစ်စွန်းတစ်စ ပေါ်လာလျှင် ဆေးကို ချက်ချင်းရပ်ဆိုင်း၍ ဆေးခန်းသို့ ပြန်လည် အကြောင်းကြားရန် ပြောပြသင့်သည်။ သူသည် သွေးရှူးသွေးတန်း အပြစ်ဆို

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

ဒေါသကြီးလျက် နာကျင်နေရာမှ ဖြုန်းခနဲ ပြန်လည်ငြိမ်သက်သွားပြန်၏။ သူ၏ ငြိမ်သက်ခြင်းသည် တည်ငြိမ်သော ငြိမ်သက်ခြင်း မဟုတ်၊ ကြမ္မာဆိုးကို ဒူးထောက်အရှုံးပေးလိုက်သူ၏ ငြိမ်သက်ခြင်း ဖြစ်သည်။

ဆေးထိုးမှားမည်ကို ကြောက်ရွံ့သော လူနာတစ်ယောက်ကို ဆေးမထိုးဘဲ စားဆေးညွှန်သော ဆရာဝန်။ ဆက်ပ်ထရင်ဆေး ပေးခါနီးတွင် ဆာလ်ဖာ တည့်မတည့် မေးစမ်းပြီးမှ ပေးခဲ့သော ဆရာဝန်။ ဤဆရာဝန်ကို သူဘာအပြစ်တင်ဖို့ လိုပါသနည်း။ သူသည် အပြစ်တင်လျှင် နှောင်း၏ ကြမ္မာကိုသာ အပြစ်တင်ရပေမည်။

ဤဆေးမတည့်သူ လူနာများ၏ ရောဂါလက္ခဏာများမှာ လည်ချောင်းနာခြင်း၊ ဖျားခြင်း၊ မအီမသာဖြစ်ခြင်း။ နှောင်းသည် နဂိုကတည်းက လည်ချောင်းနာ ဝေဒနာ ရှိနေခဲ့ရာ ဆေးကြောင့် ဟု သူမ ဘယ်လိုလုပ်ပြီး သိနိုင်ပါမည်နည်း။ စနစ်တကျအကွက်ဆင်ထားသော ကံကြမ္မာ၏ ထိုးနှက်မှုအောက်တွင် သူသည် နှောင်း၏ မချိတရိမျက်နှာလေးကို ငုံ့ကြည့်ကာ နှောင်းကို အားပေးသလို လက်ဖျားထွေးဆုပ်ထားရုံမှတစ်ပါး ဘာများတတ်နိုင်ပါမည်နည်း။

ဆရာဝန်များအားလုံးက တညီတညွတ်တည်း 'ဆေးမတည့်၍ဖြစ်သော အေဂရမ်နျူလို ဆိုက်တိုးဆစ်စ်ရောဂါ' **(Agranulocytosis)** ဟု သတ်မှတ်လိုက်ကြတော့သည်။

"ဆရာ… နှောင်းရောဂါက ဘာဖြစ်တာလဲဟင်"

လေသံသဲ့သဲ့ကလေးဖြင့် နှောင်းကမေးတော့ သူအားတင်း၍ ဖြေရသည်။

"ဆေးကြောင့် ဖြစ်တဲ့ သွေးအားနည်းရောဂါလေ နှောင်းရဲ့၊ သူတို့နှောင်းကို သွေးသွင်းပေးကြတော့မယ်၊ အဲဒီအတွက် ဖြေဆေးတွေလဲ ထိုးပေးနေတယ်လေ၊ စိတ်မပူနဲ့ နှောင်း… ဒီကိစ္စက ဆရာတို့ ဆေးပညာအတွက် အသေးအဖွဲ ကိစ္စပါ၊ နောက်တစ်ရက် နှစ်ရက်ကြာရင် နှောင်း ခံစားရတဲ့ဝေဒနာတွေ ပျောက်သွားမှာ"

ဘယ်လောက်ရင်နာဖို့ ကောင်းသော လောကလဲ။

ဤစကားများကို သူ မယုံကြည်ဘဲ နှုတ်ဖျားမှ ထစ်ငေါ့စွာ ထွက်လာခြင်းသည် အလွန်ရက်စွဲ့ဖွယ် ကိစ္စတစ်ခု ဖြစ်သည်။ ဖြေဆေး…။ ဤဖြစ်ရပ်တွင် ဖြေဆေး မရှိကြောင်း နှောင်းကို သူ ဘယ်လိုမှ မပြောနိုင်။ နှောင်း သိမသွားအောင်လည်း အတတ်နိုင်ဆုံး ကြိုးစားရမည်။

"ဆရာ… နှောင်းကို ပစ်မထားပါနဲ့နော်၊ နှောင်း ကြောက်တယ်"

သူ မျက်ရည်ဝဲလျက် ကလေးမကို ပြုံးပြလိုက်သည်။

"ဆရာ နှောင်း ဘေးနားမှာ ရှိနေမှာပါ နှောင်း၊ နှောင်း ဘာမှကြောက်စရာ မရှိဘူး၊ အခု နှောင်းသွေးကြောထဲကို သွေးအသစ်တွေ ထည့်ပေးမှာ နှောင်းရဲ့"

သူ့အပြုံးအတု ဘယ်လောက်ပီပြင်သလဲ သူမသိတော့။ သူ့စကားကို နှောင်း ဘယ်လောက်ယုံသလဲ သူ မသိတော့ပါ။ သူ သိသည်က နှောင်း၏ မချိတင်ကဲ အပြုံးကလေး။ ထိုအပြုံးကလေး၏ နောက်ကွယ်မှ ကြောက်ရွံ့ထိတ်လန့်မှု၊ ဝမ်းနည်းအားငယ်မှု၊ နာကြည်းကြေကွဲမှု။

နှောင်းမိခင်က မျက်ရည်တွေတွေကျလျက် ခုတင်ခြေရင်းမှာ ယိုင်နွဲ့စွာ ရပ်နေသည်။ သူ မျက်နှာရိပ် မျက်နှာကဲဖြင့် မငိုသင့်ကြောင်း တားမြစ်လိုက်၏။ နှောင်း၏ ဆုံးရှုံးသွားသော သွေးဆဲလ်များကို နှောင်းကိုယ်တိုင်၏ ခွန်အားဖြင့် တင်းခံရမည် ဖြစ်ရာ နှောင်းအတွက် အင်အားလိုပါသည်။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

သေမင်းက တစ်ဖက်၊ ဆေးပညာက တစ်ဖက် ရင်ဆိုင်တိုက်ခိုက်သည့်ပွဲတွင် ကာယကံရှင်လူနာ၏ ခံနိုင်ရည်စွမ်းအား အလွန်အရေးကြီးပါသည်။ **Septicaemia** သွေးဆိပ်တက်အဖျားကြောင့် တစ်ညလုံး နှောင်း သတိလစ်မလို ဖြစ်ဖြစ်သွားသည်။ ကယောင်ကတမ်း ဖြစ်နေချိန်များတွင် သူ ဘာမှမတတ်နိုင်ဘဲ ငေးနေရပြီး နှောင်း အသိစိတ်ဝင်လာသည်နှင့် တစ်ပြိုင်တည်း နှောင်းကို တွန်းအားပေးရသည်။

"နှောင်း... ကိုယ်တို့ ဒီရောဂါကို ခံတိုက်ကြမယ်နော်၊ ကိုယ်တို့ ဆေးဝါးတွေ ကိရိယာတွေ အစုံအလင်ရှိတယ်၊ လူအင်အားလဲ အများကြီး ရှိတယ်၊ နှောင်း စိတ်ကိုတော့ လျှော့ချ မပစ်နဲ့နော်၊ နှောင်းရဲ့ ခုခံစွမ်းအားက ကိုယ်တို့အတွက် ဆေးဝါးတစ်ခုပဲ"

"ဒီမှာကြည့်စမ်း နှောင်း... နှောင်း စကြဝဠာအကြောင်း ဆရာ့ထက် ပိုသိပါတယ်၊ စကြဝဠာထဲက ဂြိုဟ်တွေ တစ်ခုနဲ့တစ်ခု ဆွဲငင်အား စီးဝင်မှုကို နှောင်းသိတယ် မဟုတ်လား၊ နှောင်း အဲဒီ သိပ္ပံပညာဘာသာကို အသုံးပြုရအောင် နှောင်းလက်ဖျားတွေကို ဖြန့်ချထား"

လိမ္မာလှသော နှောင်းသည် မျက်ရည်ဝဲလျက်က သူ့စကားကို နားထောင်ရှာသည်။

"နှောင်းရဲ့လက်ဖျားထိပ်ကလေးတွေဟာ လျှပ်စစ်သံလိုက်လှိုင်း စီးဝင်ဖို့ အီလက်ထရုတ်ကလေးတွေပဲ နှောင်း၊ စကြဝဠာထဲက ရောင်ခြည်တန်းတွေဟာ လှိုင်းတွေအဖြစ် ကမ္ဘာ့လေထုထဲကို စီးဝင်လာနေကြတယ်၊ အဲဒီလှိုင်းတွေမှာ ခွန်အားတွေ ပါတယ်၊ အသစ်ပွားအောင် ဖန်တီးပေးနိုင်တဲ့ ခွန်အားတွေ ပါတယ်၊ အဲဒီလှိုင်းတွေဟာ နှောင်းရဲ့ လက်ထိပ်တွေထဲကနေ သွေးကြောတွေထဲ ဝင်လာကြတယ်။

"... နှောင်း မျက်စိမှိတ်ထား... အသက်ကို ဖြည်းဖြည်းချင်း ကြာကြာရှူ ... ဟုတ်ပြီနော်၊ အဲဒီလှိုင်းတွေ နှောင်းရဲ့ လက်ထိပ်ကလေးတွေ ခြေဖျားထိပ်ကလေးတွေဆီ ရောက်လာရင် နှောင်းက အသက်ရှူလိုက်၊ နှောင်းရဲ့ အသက်ရှူဆွဲအားကြောင့် သူတို့သွေးကြောထဲကို ဝင်လာကြလိမ့်မယ်"

နှောင်းသည် သူမ၏ ကိုယ်ခန္ဓာထဲ ဝင်ရောက်လာမည့် ခွန်အားများကို စောင့်နေသလို မျက်နှာမော့လျက်...။ ညှိုးငယ်သော နှုတ်ခမ်းလေးကို မချိတရိ ပြုံးလျက် မမြင်နိုင်သော ကံကြမ္မာကို စိန်ခေါ်ရင်ဆိုင်လျက်ရှိသည်။

"သွေးထဲမှာ သွေးနီဥတွေ သွေးဖြူဥတွေ ရှိတယ်၊ နှောင်းမှာ သွေးဖြူဥအမျိုးအစား တစ်မျိုး လျော့နည်းနေတယ်"

အမှန်ကတော့ သူလိမ်ညာနေခြင်း ဖြစ်သည်။ နှောင်းမှာ ထိုအမျိုးအစား သွေးဖြူဥ လျော့နည်းရုံမျှ မကတော့ဘဲ မရှိသလောက် ပျောက်ဆုံးကုန်ပြီ။

"အဲဒီသွေးဖြူဥက အထဲမှာ ဂရိုင်နျူးလို့ ခေါ်တဲ့ အလုံးအပြောက်ကလေး တွေနဲ့၊ အဲဒီသွေးဖြူဥ အသစ်ကလေးတွေကို နှောင်းရဲ့ ရိုးတွင်းခြင်ဆီကနေ ထုတ်ပေးနေတယ်၊ ဒါပေမဲ့ နှေးကွေးနေတယ်၊ ဟုတ်ပြီနော်..."

ဒါလည်း သူ ညာနေခြင်းသာ ဖြစ်သည်။ သူ သက်ပြင်း မသိမသာ ခိုးရှိုက်လိုက်၏။

"အဲဒီနှေးကွေးမှုကို မြန်ဆန်လာအောင် အခု နှောင်းကိုယ်ထဲကို ဝင်လာတဲ့ ရောင်ခြည်လှိုင်းတွေကနေ ပြုပြင်ပေးနေတယ်၊ နှောင်း အဲဒီအဖြစ်ကို မျက်စိထဲမှာ မြင်လာရဲ့လား..."

"ဟုတ်ကဲ့"

စကားသံသည် အားရကျေနပ်ဖွယ်ရာ ခပ်မာမာကလေး ထွက်ပေါ်လာ၏။ သူ ဝမ်းသာသွားသည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"အိုကေ ... ဒီအတိုင်း ဆက်ပြီး အာရုံစိုက်ထားပါ၊ နောင်းမှာ ခွန်အားတွေ ပြည့်လာလိမ့်မယ်၊ စိတ်ရှည်ရှည်ထားပါ နောင်း"

နက်ရှိုင်းသောညသည် ထူးခြားမှုမရှိဘဲ တစ်မိနစ်ပြီးတစ်မိနစ် တစ်သမတ်တည်း ရှည်လျားလျက်ရှိသည်။ သွေးပုလင်းထဲမှ သွေးစက်တစ်စက်ချင်း ကျသံသည် လက်ပတ်နာရီမှ နာရီစက်သံများကြားတွင် ပြတ်တောင်းပြတ်တောင်း ရောပါလျက်ရှိသည်။ ပေါင်းတင်ထားသော ပိုးသတ်ပြီး ဝတ်စုံစိမ်းကြီးများကို ဝတ်ထားသော ဆရာဝန်များသည် အခန်းထဲသို့ တစ်ယောက်ပြီးတစ်ယောက် တိတ်ဆိတ်စွာ ဝင်ရောက်စစ်ဆေးလျက်ရှိသည်။ သူတို့မျက်နှာ အောက်ပိုင်းတွင် အဖြူရောင် နှာခေါင်းစည်း အဝတ်စကလေးများ စည်းထားသောကြောင့် ဝတ်ရုံစိမ်းပွပွကြီးနှင့် တွဲဖက်လိုက်သောအခါ တခြားကမ္ဘာက လာသည့် သက်ရှိတွေနှင့် တူနေသည်။ အားလုံးသည် တိတ်ဆိတ်စွာ ဝင်ရောက်ပြီး တိတ်ဆိတ်စွာ ပြန်ထွက်သွားကြသည်။ အနီးက သူနာပြုဆရာမကို ညွှန်ကြားချက်တစ်စုံတစ်ရာ ပေးလျှင်လည်း နှာခေါင်းစည်း အဝတ်အောက်မှ ပါးစပ်အရာကလေးသာ မသိမသာ လှုပ်သွားပြီး အသံကလည်း တိုးညင်းလှသည်။

သူသည် ဤဆေးရုံတွင် အပြင်လူတစ်ယောက်သာ ဖြစ်သည်။ သူတို့လုပ်ကိုင်နေသမျှကို ကြည့်ကာ ရင်တထိတ်ထိတ် စိတ်စောနေသော လူနာရှင်တစ်ယောက်သာ ဖြစ်သည်။ သူ့ဇနီးကို ခွဲစိတ်စဉ်ကလည်း ခွဲစိတ်ခန်း၏ အပြင်ဘက်စင်္ကြံမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လိုက်၊ တစ်နေရာတွင် တိတ်ဆိတ်ငြိမ်သက်စွာ ရပ်လိုက်နှင့် ရှစ်နာရီလောက် စောင့်ခဲ့ရသည်။ ထိုကာလများအတွင်း သူ့စိတ်၏ ယောက်ယက်ခတ်မှုမှာ နောက်ထပ် သူ့ဘဝအတွက် ဆောက်တည်ရာ မရဖြစ်ရသည့် ဖြစ်ရပ်ဟူ၍ မကျန်တော့ဘူးဟု ထင်ရလောက်အောင် ပြင်းထန်ဆိုးရွားခဲ့သည်။ ခွဲစိတ်ခန်းထဲမှ သွေးပုလင်းတန်းလန်းနှင့် နက်ရှိုင်းစွာ အိပ်ပျော်လျက် သယ်ဆောင်လာသော သူ့ဇနီးကို မြင်ရစဉ်က သူ့ခံစားချက်သည် ဘဝတွင် အချောက်ချားဆုံး တစ်ခဏဟု ထင်ခဲ့သည်။ သူငယ်ချင်းဆရာဝန်ကို အိုကေရဲ့လားဟု မမေးဝံ့လောက်အောင် ပူပင်သောကဖြင့် တုန်လှုပ်လျက်ရှိသည်။

ယခုတော့ သူသည် အဆိုးရွားဆုံးသော တုန်လှုပ်ချောက်ချားမှုကို နောက်တစ်ကြိမ် ရင်ဆိုင်နေရပြန်ပြီ။ သူ့ဇနီး ခွဲစိတ်နေစဉ်က သူ့ဆရာများ၊ သူငယ်ချင်းများ၏ ကျွမ်းကျင်မှုအပေါ် သူ အားကိုးနိုင်ခဲ့သေး၏။ ယခုကိစ္စမှာတော့ သူ့မှာအားကိုးစရာ လူမရှိ၊ ဆေးဝါးမရှိ။ ကံကြမ္မာ၏ လက်ဖဝါးပေါ်တွင် နောင်း ရောက်နေပြီ။

ကောင်းမွန်သော ကံကြမ္မာဆိုလျှင် သူ့ထံသို့ နောင်းအား ပြန်ပေးမည်၊ ကောက်ကျစ်ယုတ်မာသော ကံကြမ္မာဆိုလျှင် သူ့ထံမှ နောင်းကို ဆွဲခေါ်ဖျက်ဆီးပစ်မည်။

နောက်တစ်ကြိမ် နောင်း၏ သွေးကို ဖောက်စစ်သောအခါတွင်လည်း ယခင်ထက် ထူးခြားခြင်း မရှိ။ သို့သော် ယခင်သွေးအဖြေထက် ပိုမိုလျော့ပါးသွားခြင်းလည်း မရှိ။ သွေးဖြူဥ ပျက်စီးနှုန်းသည် နေးကွေးနေသည့်သဘော (သို့မဟုတ်) ပျက်စီးနှုန်းတန့်နေသော သဘောရှိသည်။

သူသည် ရေးရေးကလေး မြင်လာရသော မျှော်လင့်ချက်ကြောင့် အားတက်သွားသည်။

နံနက်မိုးလင်းခါနီးအချိန်တွင် အဖျားနည်းနည်းကျသွားသည်။ ပင်ပန်းနွမ်းနယ်စွာ အိပ်ပျော်သွားသော မျက်နှာလေးကို စောင့်ကြည့်နေခိုက် အခန်းထဲသို့ အလင်းရောင် တစ်စတစ်စ ဝင်ရောက်လာခဲ့သည်။

နံနက် ၇နာရီတွင် သူ အိမ်ခဏ ပြန်လာသောအခါ သီသီ့ကို အောက်ထပ် ဧည့်ခန်းလယ်တွင် မတ်မတ်ရပ်လျက် ကြိုဆိုသည်။ တစ်ညလုံး မအိပ်ခဲ့ရသော သူ့မျက်လုံးများ နီကြင်ကျိန်းစပ်လျက်၊ အမြဲသပ်ရပ်နေတတ်သည့် ညိုဖျော့ဖျော့ဆံပင်တို့သည် မသေမသပ် ပွရောင်းလျက်၊ ကိုယ်ခန္ဓာက ယိမ်းယိုင်လျက် အခန်းတွင်းသို့ တစ်လှမ်းချင်း ဝင်လာသည်။

Commercial use of this book will be at your OWN RISK! www.myanmarcupid.net

သီ တစ်ညလုံး တယ်လီဖုန်းစင်ဘေးမှာ ပက်လက်ကုလားထိုင်ဖြင့် စောင့်နေခဲ့ကြောင်း သူ့ကို ပြောမပြဘဲထားရန် စိတ်ကူးသည်။ သူသည် စိတ်ပူပန်မည့် ဇနီးတစ်ယောက် အိမ်မှာ ကျန်ခဲ့ကြောင်း သတိရချင်မှ ရမည်။ သို့မဟုတ် သီသည် လောကီဆိုင်ရာကိစ္စများကို ပူပန်မှုမှ ကင်းဝေးခဲ့ပြီဟု သူထင်ချင်ထင်နေမည်။

"ဒေါက်တာ ကော်ဖီသောက်မယ်မဟုတ်လား၊ သီ ဖျော်လိုက်မယ်"

ဖြုန်းခနဲ လှမ်းကြည့်လိုက်သော သူ့မျက်လုံးများတွင် ဒေါသအရိပ်အငွေ့ကို မြင်ရ၏။ သို့သော် သီ၏ အေးချမ်းသော အပြုံးကို မြင်ရသည့်အခါ သူ့မျက်နှာမှာ ဒေါသက ချက်ချင်း ပျောက်ကွယ်သွားသည်။ သူ ဇဝေဇဝါ ခေါင်းညိတ်၏။

ခဏကြာတော့ သူသည် သီဖျော်ပေးသော ကော်ဖီကို ဆေးတစ်ခွက်သောက်သလို သောက်ရင်း နှောင်း၏ ရောဂါအကြောင်း ပြောပြနေတော့သည်။

"ဒီတော့ နှောင်းအတွက် နောက်ထပ်ဘာမှမလုပ်ပေးနိုင်တော့ဘူးဆိုတဲ့ အဓိပ္ပာယ်လားဟင်"

သူ မဖြေပါ။ ကြားဟန်လည်း မပြုပါ။ သူသည် ထိုင်နေရင်းက ဆေးရုံအခန်းတွင်းသို့ ပြန်ရောက်သွားသလို ရှိသည်။ သူ့မျက်နှာမှာ နက်ရှိုင်းသော အကြောက်တရားကို သူ ဖုံးဖိရန် မကြိုးစားပါ။ မိနစ်အနည်းငယ် ကြာသွားသည်။ ထို့နောက် သူ့ကိုယ်သူ ပြောသည့် စကားသံမျိုးဖြင့် ခပ်တိုးတိုး ရေရွတ်သည်။

"သူ့မှာ မျှော်လင့်ချက်တွေ အများကြီးရှိတယ်၊ သူ လုပ်စရာအလုပ်တွေ အများကြီး ကျန်သေးတယ်၊ သူက အဲင်န်သရိုပေါလ်ဂျစ်စိတ်တစ်ယောက် ဖြစ်ချင်သတဲ့ သီ၊ ဘယ်လောက် ရယ်စရာကောင်းလိုက်တဲ့ လောကလဲ"

သီတို့အားလုံးသည် စကြဝဠာကြီးထဲမှာ များပြားလှသော ဂြိုဟ်တွေထဲမှာ တစ်ခုအပါအဝင် ဖြစ်သည့် ကမ္ဘာဂြိုဟ်ပေါ်တွင် သေးငယ်မှုန်မွှားသော သက်ရှိသတ္တဝါတွေ ဖြစ်နေသည်။ ထိုအဖြစ်ကြောင့်ပင် ကမ္ဘာလောကကြီး ရယ်စရာကောင်းနေခြင်း ဖြစ်သည်။

"သူ လုပ်ချင်တဲ့ အလုပ်တွေကို ဘဝမှာ ပြီးအောင် လုပ်သွားဖို့ အချိန်ကာလ လိုတယ်"

ဘယ်လူသား၏ဘဝတွင်မှ အချိန်ကာလ လုံလောက်မှုဆိုတာ မရှိပါ။ လူသားအားလုံးသည် မိမိဆန္ဒများ ပြည့်ဝသည်အထိ လူ့လောကမှာ နေထိုင်ဖို့ အခွင့်အရေး မရကြပါ။

သေခြင်းတရားသည် ဘာကိုမျှ မစောင့်၊ ဘယ်သူ့ကိုမျှ မစောင့်ပါ။

"သီတို့ လူ့သက်တမ်း အချိန်ကာလနဲ့ ယှဉ်တော့ လူ့ဘဝဟာ ကြာလိုက်တာလို့ ထင်ရတယ်၊ စကြဝဠာနဲ့ ယှဉ်ပြီး ကြည့်လိုက်တော့ လျှပ်တစ်ပြက်အချိန်ကာလပါ"

သူ သီ့ကို ဒေါသတကြီး လှည့်ကြည့်၏။ ငြိမ်သက်သော သီ့မျက်လုံးကို ရင်ဆိုင်သောအခါ သူ့မျက်နှာမှ ဒေါသသည် ကြေကွဲမှုအဖြစ် ပြောင်းသွားသည်။

"ဒီစကားကို တခြားတစ်ယောက်ယောက်က ပြောတာဆိုရင် ကိုယ်ပြောတဲ့လူကို ဆွဲထိုးပစ်လိုက်မိမှာပဲ၊ ဒါပေမဲ့ ဒီစကားကို သီကပြောတော့ သီ့ကို ကိုယ်စိတ်မဆိုးရက်ပါဘူး၊ စိတ်မဆိုးရက်တဲ့အပြင် ကိုယ်လေးစားပါတယ် သီ..."

သီပြုံး၍ခေါင်းတစ်ချက်ညိတ်၏။ ခွဲစိတ်ခါနီးနေ့ရက်များက သီ ကြုံတွေ့ရသော အတွေ့အကြုံမှာ လူသားတော်တော်များများ မယုံကြည်နိုင်လောက်အောင် ဆင်းရဲဒုက္ခကြီးသော ရက်စက်မှုများဖြစ်သည်။ ထိုကာလ၏

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

နောက်ပိုင်းတွင် သည့်ထက် ရက်စက်သော ဝေဒနာများ ထပ်မံရရှိလာမည်ဆိုတာ သီ သိထားပါသည်။ ဝေဒနာပြီးတော့ နောက်ထပ်ဝေဒနာ... ကြောက်လန့်မှုပြီးတော့ နောက်ထပ်ကြောက်လန့်မှု၊ အဆိုးဆုံး ချောက်ချားမှုအပြီးမှာ နောက်ထပ်မံ၍ အဆိုးဆုံး ချောက်ချားမှု..။ ဘယ်တော့မှ ပြီးဆုံးမည် မဟုတ်တော့သော ဝေဒနာများ။

"နှောင်းက သူ့ဘဝကို သိပ်ချစ်တယ်၊ သိပ်တွယ်တာတယ်၊ သူတော်တော်နဲ့ အရှုံးပေးမှာ မဟုတ်ဘူး၊ ကိုယ်တို့ သူ့ခွန်အားပေါ်မှာ အများကြီး အားကိုးလို့ရတယ်"

ထိုစကားကို ပြောနေသော သူ့မျက်နှာတွင် မှော်လင့်ချက် အရိပ်အယောင်ကလေး လွှမ်းမိုးလာ၏။ ဤစကားကြားရတာ ဝမ်းသာစရာ ကောင်းပါသည်။

"ဘဝကို သိပ်တွယ်တာတဲ့ နှောင်းအတွက် ဘဝကို ဆက်ပြီး တွယ်တာနိုင်ဖို့ သီတို့ ဆုတောင်းကြရအောင် ဒေါက်တာ"

နောက်ထပ် ရင်ဆိုင်ရသော ၄စနာရီသည် သူတို့အားလုံးအတွက် ဘဝတွင် အခက်ခဲဆုံး နာရီများထဲတွင် ပါဝင်နေသည်။

နှောင်း၏မိခင်နှင့် သူသည် လူနာကို စောင့်ရန် တစ်လှည့်စီ အနားယူအိမ်ပြန်ဖို့ လုံးဝသဘောတူညီချက် မရဘဲ ဖြစ်နေ၏။ နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက်က သက်ညှာစွာ အနားယူစေချင်သည်။ သို့သော် အထူးကြပ်မတ်ကုသဆောင်ရှေ့ခုံတန်းနှင့် ကုသဆောင် အခန်းထဲသို့ တစ်ယောက်တစ်လှည့် နေရာလဲလှယ်ရန် သဘောတူလိုက်ကြသည်။

သီကတော့ အိမ်မှာ ဘုရားစင်ရှေ့မှ မခွာဘဲ ပရိတ်ရွတ်၊ မေတ္တာပို့ ဆုတောင်းလျက် နာရီများစွာ ကျော်ဖြတ်လာခဲ့ကြသည်။

နှောင်းသည် တစ်ချက်တစ်ချက် သွေးရူးသွေးတန်း ရန်းကန်ငိုကြွေးသော်လည်း နာရီပေါင်းများစွာ တည်ငြိမ်နေတတ်ပြန်၏။ နှောင်း၏ လည်ချောင်းမှာ ဆိုနင့်အက်ကွဲလျက် အသံအက်အက်ကလေးကို အားယူကာ သူ့ကို စကားပြောရလေသည်။

"ဆရာ... နှောင်းရဲ့သွေးကို သူတို့ ဖောက်ကြပြန်ပြီ"

"ဟုတ်တယ် နှောင်း... နှောင်းသွေးထဲမှာ ချူထရိုဖီးလ်တွေ ဘယ်လောက် ပြန့်ပွားနေတယ်ဆိုတာ သိဖို့အတွက်ပါ၊ နှောင်း မနာပါဘူးနော်"

နှောင်းက အားယူ၍ပြုံးပြသည်။

"မနာပါဘူး ဆရာ"

ခဏတိတ်ဆိတ်စွာ မျက်စိမှိတ်ငြိမ်သက်သွားပြန်သည်။ ထို့နောက် မျက်လုံးဖွင့်ကာ စူးစိုက်ကြည့်ပြီး မေးခွန်းတစ်ခု မေး၏။

"ဒီတော့ အဖြေက ဘာတဲ့လဲ ဆရာ"

ထိုမေးခွန်းသည် သူ့ဘဝတွင် နှောင်းမေးသမျှ မေးခွန်းများအနက် သူ ဖြေဖို့ အထိတ်လန့်ဆုံး မေးခွန်းဖြစ်သည်။ သူ ရင်ဆိုင်ဖို့ အကြောက်လန့်ဆုံး မေးခွန်းဖြစ်သည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

"အဖြေက ဝမ်းသာစရာပဲ နှောင်းရဲ့၊ နှောင်းရဲ့ ရိုးတွင်းခြင်ဆီက ထုတ်ပေးတဲ့ သွေးထဲမှာ နျူထရိုဖီးလ်တွေ အများကြီး ပါလာပြီလေ"

လုံးဝမမှန်ကန်သော မုသားများကို သူ ပိပိရိရိ ပြောနေသည်။ သူ့မျက်နှာကို အကဲခတ်နေသော နှောင်း၏ မျက်ဝန်းများတွင် မျှော်လင့်ချက် ရောင်ခြည်လေး သန်းလာ၏။ ဆို့နင့် ကြေကွဲသော မျက်ရည်များကို နှောင်း မမြင်နိုင်မီ သူ နောက်နည်းနည်းဆုတ်၍ ရပ်လိုက်၏။

"နှောင်းက သိပ်တော်တာပဲ နှောင်း၊ ဒီလို ပြန်ကောင်းလာဖို့ နှောင်း အကူအညီတွေ အများကြီးပါတယ်၊ ကိုယ်တို့ဆက်ကြိုးစားကြဦးစို့ နှောင်း"

ဘယ်လောက် မိုက်မဲလိုက်သည့် လိမ်ညာမှုပါလိမ့်။

နှောင်း၏သွေးထဲတွင် နျူထရိုဖီးလ်များ လုံးဝမရှိတော့ချိန်တွင် သူ ဤစကားကို မိုက်မိုက်မဲမဲ ပြောနေသေးသည်။ နောက်ဆုံးအချိန်အထိ အရှုံးမပေးဖို့ နှောင်းကို ဆွဲဆောင်နေပြန်သေးသည်။

"နှောင်း ကြိုးစားမယ် ဆရာ၊ နှောင်းလုံးဝ မသေစေရဘူး ... သိလား"

နှောင်း၏ မချိတင်ကဲ အပြုံးကလေးကို မြင်ရသည့်အချိန်တွင် သူ့ရင်ထဲမှာ ပူပြင်းလောင်မြိုက်မှုနှင့် အေးစက်ချောက်ချားမှုကို တစ်ပြိုင်တည်း ခံစားလိုက်ရသည်။

နောက်ထပ် နာရီအနည်းငယ်ကြာလာတော့ နှောင်း ကယောင်ချောက်ချား ဖြစ်လာပြန်သည်။ ဖြန့်ထားသော လက်များကို ဆုပ်ညှစ်ရန်းကန်လျက် ရင်ထဲကပူတယ်... ဟု အဆက်မပြတ် အော်နေလေသည်။ နှောင်း လည်ချောင်းထဲ ပါးစပ်ထဲမှာ ပြည်တည်သည့်အနာကလေးများ ပိုမို များပြားလျက် သွေးဆိပ်သင့်အဖျားဖြင့် တစ်ကိုယ်လုံး ပူခြစ်လျက်ရှိပြန်သည်။

"ဆရာ..."

အသိစိတ်ကင်းမဲ့စွာ ခေါ်လိုက်သော နှောင်းအသံသဲ့သဲ့ကလေးသည် တိတ်ဆိတ်ငြိမ်သက်လှသော အခန်းတွင်း၌ ကြေကွဲဖွယ်ရာ တိုးတိတ်လှသည်။

သူ နှောင်း၏ လက်ဖျားများကို ဆုပ်ညှစ်လိုက်၏။

"နှောင်းကို ကယ်ပါဦး ဆရာ..."

သူ ဘယ်လိုမှ သည်းခံနိုင်စွမ်း မရှိသော စကားတစ်ခွန်းကို နှောင်း ပြောပြန်လေသည်။ သူ အံကြိတ်ကာ နှောင်း၏ ဖြူဖျော့သော ကိုယ်ခန္ဓာကလေးကို ငေးကြည့်နေမိသည်။ ပန်းနုရောင် အမြဲသန်းလျက်ရှိသော နှုတ်ခမ်းများသည် ယခုအခါ ဖြူရော်ရော်အရောင်မှ ပြာနှမ်းနှမ်း အရောင်သို့ စတင်ပြောင်းလဲစ ပြုလာပြီ။ လက်မောင်းတစ်လျှောက် သွေးသွင်းသည့် နေရာတို့မှ သွေးခြည်ဥသည့် အပြာကွက်များ တစ်စတစ်စ များပြားလာပြီ။ သွေးသွင်းသည့်အပ်၏ လုံးပတ်ကို မခံနိုင်လောက်အောင် နှောင်း၏သွေးကြောများ တဖြည်းဖြည်း ကျဉ်းမြောင်းလာကြပြီ။

"နှောင်း..."

သူသည် တစ်ချက် လွှတ်ခနဲ ခေါ်ပြီးနောက် ဘာစကားမှ မပြောနိုင်ဘဲ တစ်ခဏ ဆွံ့အနေလေသည်။

Commercial use of this book online at your OWN RISK!
www.myanmarclassic.net

ဆရာမတစ်ယောက် နှောင်းကို ဆေးလာထိုးပေးပြန်၏။ ဆေးထိုးသည့် ဝေဒနာကို နှောင်းက သိနေသည်။ တွန့်ခနဲ တစ်ချက် ဖြစ်သွားပြီးနောက် မျက်လုံးပွင့်လာလေသည်။ အနားတွင် မတ်မတ်ရပ်နေသော သူ့ကို နှောင်းက အတန်ကြာ အားယူ၍ စိုက်ကြည့်နေပြီး နှုတ်ခမ်းကလေးက တဖြည်းဖြည်း ပြုံးပြဖို့ ကြိုးစားသည်။ သို့သော် ဝေဒနာကြောင့် ထောင့်စွန်းကလေးများ ကွေးရုံသာ လှုပ်ရှားနိုင်လေသည်။

နှောင်းသည် တစ်စုံတစ်ခု ပြောလျက် အသံမထွက်ဘဲ ဖြစ်နေသည်။ သူ နှောင်းအနီးသို့ တိုးကပ်သွားလိုက်၏။ သို့သော် နှောင်းက အားယူကာ အသံအက်အက်ကလေးဖြင့် ပီသစွာ စကားပြောနိုင်ပါသည်။

"ဆရာ... နှောင်းတို့ ရှုံးပြီနဲ့ တူတယ် ဆရာ"

သူ ငေးမောနေရာမှ ကမန်းကတန်း ပြုံးပြလိုက်၏။

"ကိုယ်တို့ တိုက်ပွဲမပြီးသေးဘူး နှောင်း... ကိုယ်တို့ နိုင်အောင် တိုက်ကြမယ်"

နှောင်း သည်တစ်ခါ ပီပီပြင်ပြင် ပြုံးနိုင်သွား၏။

"ဟိုဘက်မှာ ဘာရှိတယ်ဆိုတာ နှောင်း မသိဘူး"

ဟိုဘက်...။ သူ ရုတ်တရက် နားမလည်ဘဲ ဖြစ်သွား၏။

"နှောင်း မြင်နေရတဲ့ နံရံကြီးရဲ့ အပြင်ဘက်လေ၊ အဲဒီမှာ ဘာရှိလဲဟင်"

နှောင်း၏ မျက်လုံးများတွင် အမြင်အာရုံ မရှိသလို တွေဝေနေ၏။ သူ စကားတစ်ခွန်းမှ မပြောနိုင်ပါ။ အခန်းသည် တိတ်ဆိတ်သွားပြန်သည်။ တိတ်ဆိတ်မှုသည် နက်ရှိုင်းလွန်းသောကြောင့် ဘယ်တော့မှ မပြီးဆုံးနိုင်သော တိတ်ဆိတ်ခြင်းဟု ထင်ရသည်။

လှုပ်ရှားမှုမရှိဘဲ အသက်ကို ဖြည်းညင်းစွာ ရှူနေရသော နှောင်းကို ကြည့်လျက် နှောင်း အိပ်ပျော်နေပြီဟု သူထင်သည်။ သို့သော် သူ့ထင်မြင်ချက် မှားသွား၏။

နှောင်း၏ မှိတ်ထားသော မျက်လုံးအစုံထောင့်စွန်းများမှ မျက်ရည်စက်များ တစ်စက်ချင်း လိမ့်စင်းကျနေလေသည်။

**ဇာတ်သိမ်း**

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

အဆုံး

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

ကမ္ဘာလောကတစ်ခုလုံးသည် သဲသဲမဲမဲ ရွာသွန်းနေသော မိုးစက်များ အောက်တွင် နစ်မြုပ်လျက် ရှိသည်။ ပထမတော့ မိုးသံကြောင့် သီ တစ်ရေးနိုးလာသည်ဟု ထင်သည်။ သို့သော် ကားဟွန်းသံကဲ့သို့ အသံတစ်ခုကြောင့် နိုးလာသည်ဟုလည်း ထင်သည်။

ရီဝေသော မျက်လုံးများကို ပွတ်သပ်လျက် အာရုံစူးစိုက်ပြီး နားထောင်ကြည့်သည်။ မိုးရွာသွန်းသံ... တံစက်မြိတ်အောက်မှ ပန်းအိုးထဲသို့ ရေကျသံ... ကားဟွန်းသံ။

သူမ ဖြည်းညင်းစွာ ထထိုင်ကာ ခန်းဆီးကို သိမ်းဖယ်လိုက်၏။ တရုတ်ကပ်မှန်အကြားမှ မြင်ကွင်းတွင် ကားမီးရောင်တစ်ခု။ သူ ပြန်လာပြီ။ ကားဟွန်းသံသည် အရှည်ကြီး ထွက်ပေါ်နေ၏။ စိတ်တိုတိုဖြင့် ဟွန်းကို ဖိနှိပ်ထားသော အသံရှည် ဖြစ်သည်။

သီ မီးခလုတ်ဖွင့်လိုက်စဉ်မှာပင် အောက်ထပ်ဆီမှ သံဆွဲတံခါး ဖွင့်သံကြားရ၏။ သီ ခုတင်ပေါ်မှ ဆင်းလိုက်သည်။ ဘယ်ဘက်ခြေထောက်သည် ထုံးစံအတိုင်း သွားလိုရာ မရောက်ဘဲ ခပ်ဆဆ ဖြစ်နေပြန်၏။ သီ ကြိုးစားအားတင်းကာ အခန်းတွင်းမှ ထွက်ခဲ့သည်။

ခြံထဲသို့ ကားဝင်လာသံမှာ ခါတိုင်းထက် ပိုမိုကြမ်းတမ်းနေသည်။ သီသည် လှေကားမှ ခြေချော်မကျအောင် လက်ရန်းကို အားပြုလျက် တစ်ထစ်ချင်း ဆင်းလာသည်။ အရင်ကလို အချိန်နာရီ

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

ခန့်မှန်းရာတွင် မှန်ကန်မှု မရှိတော့သော်လည်း ဤအချိန်သည် ညသန်းခေါင်ကျော်ပြီဟု ထင်သည်။ လှေကား အောက်ဆုံးထစ်ရောက်တော့ အခန်းတံခါး ပိတ်သံတစ်ခု ကြားရသည်။

အောက်ထပ်ရောက်သောအခါ သံဆွဲတံခါး ပြန်ပိတ်နေသော အေးအေးလှကို မြင်တွေ့ရ၏။ သူ ဧည့်ခန်းမှာ မရှိပါ။ စောစောက တံခါးပိတ်သံမှာ သူ့အခန်းတံခါးပိတ်သံပဲ။

သီ ခပ်သွက်သွက် လျှောက်သွားလိုက်၏။ အိပ်ခန်းတံခါးကို စေ့ရုံစေ့ထားသည်အထင်ဖြင့် တွန်းဖွင့်ကြည့်၏။ မရပါ။ သီ ခဏ ငြိမ်သက်စွာ စဉ်းစားနေပြီးနောက် တံခါးခေါက်သည်။

"ဒေါက်တာ..."

အခန်းထဲမှာ လူမရှိသလို ငြိမ်သက်နေ၏။ သို့သော် အခန်းထဲမှာ သူ ရှိနေပါသည်။ သူ ဘာဖြစ်လာသနည်း။ အဖြေသည် ကြေကွဲဖွယ်ရာ အဖြေတစ်ခု ဖြစ်သည်။

နှောင်း...

နှောင်း၏ ချစ်စဖွယ်အပြုံးကလေးသည် အာရုံထဲမှာ ဖျတ်ခနဲ ပေါ်လာ၏။ ထို့နောက် အမှောင်သည် ထိုအပြုံးကလေးကို ဝါးမျိုသွားသည်။ အသက် ၂၅နှစ်၊ ဘုရား... ဘုရား... လူ့လောကထဲက ထွက်ခွာသွားဖို့ အလွန်ငယ်လှသေးသည့် အရွယ်။

"သီ အခန်းထဲ ဝင်ပါရစေ ဒေါက်တာ၊ ခဏကလေး ဖွင့်ပေးပါ"

ဧည့်ခန်း ပျဉ်တံခါး ပိတ်သံကြားရပြီးနောက် တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်သွားပြန်သည်။ ခဏစောင့်ပြီး သီ တံခါး ထပ်ခေါက်လိုက်သည်။

"ဒေါက်တာ..."

အခန်းထဲမှ လှုပ်ရှားသံ ကြားရသည်။ ထို့နောက် ခပ်ပြင်းပြင်းခြေသံ၊ တံခါး မင်းတုပ်ဖွင့်သံ။

ထို့နောက်...။

တံခါးရွက်ပွင့်သွားသောအခါ သူ့ကို မြင်ရသည်။ သူ့ကို မြင်လိုက်လျှင် မြင်လိုက်ချင်း အားလုံးကို နားလည်လိုက်ပါသည်။

မိုးစက် စိုထိုင်းသော ဆံပင်များသည် ပွရောင်းနေ၏။ အင်္ကျီကော်လာအထက်ဆုံး ကြယ်သီးနှစ်လုံး ပြုတ်နေသည်။ မျက်လုံးများမှာ နီကြင်ရီဝေလျက် တစ်စုံတစ်ခုကို နင့်နင့်သီးသီး ဆုံးရှုံးလိုက်ရသူ တစ်ဦး၏ မျက်လုံးမျိုး ဖြစ်သည်။ သီ အခန်းထဲသို့ ခြေတစ်လှမ်း တိုးဝင်လိုက်သောအခါ သူ နောက်ဆုတ်၍ ချာခနဲ ပြန်လှည့်သွား၏။ စာကြည့်စားပွဲရှိရာ လျှောက်သွားပြီး စားပွဲပေါ် လက်ထောက်ကာ ခေါင်းငိုက်စိုက်ချ ငြိမ်သက်နေသည်။ သူ့အသက်ရှူနှုန်းမှာ မြန်ဆန်လှ၏။ သီ တွန့်ဆုတ်ခြင်း ကင်းမဲ့စွာ သူ့ထံ လျှောက်သွားလိုက်သည်။

စားပွဲပေါ်တွင် စာရွက်များဖြင့် ရှုပ်ပွနေ၏။ အင်္ဂလိပ်လက်ရေး သော့သော့များ ပါဝင်သော လူနာမှတ်တမ်းစာရွက်များ ဖြစ်သည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

သူ့နောက်နားမှာ သီ ရပ်လိုက်သည်။ သူ ကျောပေးကာ အကြာကြီး ငြိမ်သက်နေခိုက် သီ သူ့ကို တစ်ခုခု ပြောမှဖြစ်မည်ဟု စဉ်းစားသည်။ သို့သော် ဘာစကားမျှ ထွက်မလာ။

နှောင်းရော…။ နှောင်း ဘယ်လိုနေသလဲ။ ဤမေးခွန်း မေးရန် မလိုပါ။ အဖြေကို သီ သိပြီးပါပြီ။

အပြင်ဘက် တိုင်ကပ်နာရီမှ နံနက် ၃နာရီထိုးသံသည် တိတ်ဆိတ်မှုကို ဖြိုခွဲပေးလိုက်၏။

"ဒေါက်တာ…"

သူ့ပခုံးကို ခပ်ဖွဖွ သီ လှမ်းဆုပ်လိုက်သောအခါ ဖြုန်းခနဲ သူလှည့်လာသည်။ သူ့မျက်နှာတွင် တုန်လှုပ်ချောက်ချားမှုနှင့် နာကြည်းကြေကွဲမှုကို မြင်တွေ့နေရသည်။ သူ တစ်ခုခု ပြောတော့မလို ပါးစပ်ပြင်လျက် ဘာစကားသံမျှ ထွက်မလာဘဲ သီ့ကိုသာ ခပ်တင်းတင်းဖက်ပွေ့လိုက်လေသည်။ သီသည် ကမ္ဘာလောကမှာ အကြင်နာရဆုံးသော လူသားတစ်ယောက်ကို နွေးထွေးစွာ နှစ်သိမ့်လိုစိတ်ဖြင့် သူ့ကို ပြန်ပွေ့ဖက်ထားလိုက်၏။ သူသည် ဆုံးရှုံးရမှာ ကြောက်သော အရာတစ်ခုကို နောက်ဆုံးဖက်တွယ်ခြင်းမျိုးဖြင့် သူမကို ဖက်တွယ်ထားခြင်း ဖြစ်လေသည်။

"ကိုယ် ရှုံးသွားပြီ သီ"

သီ့ပခုံးပေါ်မှာ သူ့မျက်ရည်၏ စိုစွတ်မှုကို ခံစားရသည်။ သူ့ကိုယ်ခန္ဓာမှာ စိတ်ထိခိုက်မှုကို ချုပ်ထိန်းထားရသဖြင့် တုန်ခိုက်နေလေသည်။

အပြင်ဘက်မှာ တရှဲရှဲ တိုက်ခတ်နေသော လေပြင်းများ၊ သစ်ကိုင်းပွတ်တိုက်သံများသည် မိုးစက်ပြေးသံနှင့် ပေါင်းစပ်လိုက်သောအခါ အသက်ငင်နေသော လူသားတစ်ဦး၏ ငိုညည်းသံနှင့် တူနေ၏။ သေခြင်းတရားအပေါ် အယူခံဝင်နေသည့် တီးတိုးသံများနှင့် တူနေ၏။ ထို့နောက်မှာတော့ ငြိမ်သက်မှုသည် အခန်းတွင်းမှာ ထာဝရတည်ရှိနေတော့မလို ထင်ရသည်။ ငြိမ်သက်ခြင်း၏ နောက်ကွယ်မှာ ကြေကွဲခြင်း၊ နက်ရှိုင်းသော တိတ်ဆိတ်ခြင်း၏ နောက်ကွယ်မှာ ဆုံးရှုံးမှုကို လက်ခံယူလိုက်ခြင်း…။

တဖြည်းဖြည်း သူ ငြိမ်သက်သွားသည်။ သူ့လက်များကို ရုပ်သိမ်းပြီး နောက်သို့ ဆုတ်လိုက်၏။ သူ့မျက်နှာသည် အေးစက်လျက်ရှိသည်။ သေခြင်းတရား၏ မာကျောအေးစက်သော မျက်နှာကို လောလောဆယ် တွေ့မြင်ခဲ့ရသူ၏ မျက်လုံးမျိုးဖြင့် အေးစက်လျက်ရှိသည်။ နောက်ထပ် ရင်ဆိုင်ရဦးမည့် ကြိုတင်ပြင်ဆင်အားယူမှုမျိုးဖြင့် အေးစက်တည်ငြိမ်လျက် ရှိသည်။

"သီ သိရဲ့လား နှောင်းက ကိုယ့်ကို ချစ်ခဲ့တယ်"

သူ့အသံသည် မာကျောအေးစက်စွာ ထွက်ပေါ်လာသည်။ သီ သူ့ကို ငေးကြည့်နေ၏။

"ကိုယ်ကတော့ပညာတတ်ကြီး… ကျင့်ဝတ်သိက္ခာကို ပိုတန်ဖိုးထားခဲ့တဲ့ ဆရာဝန်ကြီးလေ၊ နှောင်း အသက်ငင်နေတဲ့အချိန်ကလေးမှာတောင် နှောင်း စိတ်ချမ်းသာမှုအတွက် နှောင်းကို ချစ်တယ်… လို့ဖွင့်မပြောရဲခဲ့တဲ့ လူလိမ္မာကြီးပေါ့ သီရဲ့… အခုတော့ ကိုယ်ဘာဆက်လုပ်ရတော့မလဲ၊ ကိုယ် ရှုံးပြီလေ… ကိုယ်အားလုံးကို ရှုံးသွားပါပြီ သီရယ်"

နာကြည်းသော မျက်နှာဖြင့် တစ်ဖက်သို့ ဖြုန်းခနဲ လှည့်သွားသော ခင်ပွန်းဖြစ်သူကို သီ တိတ်ဆိတ်စွာ ငေးနေသည်။

Commercial use of this book will be at your own RISK!
www.myanmarcupid.net

တကယ်တော့ လူတွေဆိုတာ ခံစားမှု ရှိနေလို့သာပါ။ သဘာဝတရားကို မလွန်ဆန်နိုင်သည့်နေရာမှာတော့ ရုပ်ဝတ္ထုပစ္စည်းများနှင့် သိပ်မထူးခြားလှပါ။ ပျောက်ပျက်သွားသော ပစ္စည်းတစ်ခုအစား နောက်အသစ်တစ်ခုရောက်၊ သေသွားသော လူတစ်ယောက်အစား နောက်လူတစ်ယောက် မွေးဖွား။ သို့တိုင် ချစ်ခင်တွယ်တာနေသော ကမ္ဘာ့ဂြိုဟ်ကလေးသည် စကြဝဠာကြီးထဲမှာတော့ သေးငယ်မှုန်ပျသော အစိတ်အပိုင်းတစ်ခုမျှသာ ဖြစ်သည်။

ဂျူး

ဦးအေးမောင်၏ 'လူ့စိတ်သဘာဝ' စာအုပ်ကိုဖတ်ပြီး ဤဝတ္ထုကို ရေးသားဖန်တီးပါသည်။

Commercial use of this book will be at your OWN RISK!
www.myanmarcupid.net

ဈ ၊ ၊ း   စ ၁ ၄ ပ

နားမလည်နိုင်တဲ့ စကြဝဠာကြီးထဲမှာ
လူသားတစ်ယောက် ဖြစ်တည်နေရတဲ့အဖြစ်ဟာ
လူတစ်ယောက် သူ့ဟာသူ
ရေချိုးကြွက်ကန်ထဲ ရေဖြည့်ပြီး
ငါးမျှားနေတဲ့အဖြစ်အတိုင်းပါပဲ။
အဲဒီထဲက
ဘာမှ ထွက်လာမှာ၊ရလာမှာ မဟုတ်မှန်းသိသိနဲ့
ရပ်တည်နေရတဲ့ ဘဝကို . . .

cover : po po
photo : artist